ထိုသို့သော ''ဏ်အင်္ဂါမျှားနှင့်လျှပ်စ္ဆာပင်၊အရှင်နာဂသိန်သည် ကြီးပွားလိုကြ၊လိမ္မာလိုကြ၊ နှားထောင် လိုကြ သူအပေါင်းတို့အား၊ တရားမီးရှူးတန်ဆောင်ကိုစိုက်ထောင်ထွန်းညှိလျက်၊ တရားစည်ကြီးကို ခေါ်ယမ်းရိုက်ခတ်လျက်၊ သနားကရုဏာ ရေအလျင်ဖြင့် ပြည့်လျှံသော တရားတည်းဟူသော အမြှိုက်ဖြင့်၊ လူအပေါင်းတို့ကို သောက်ချိုး သုံးဆောင်ချင့်ရဲတင်းတိမ်စေလျက်၊ရှာနိုင်းမင်းနေပြည်တို့မှသည်၊ သာဝတ္ထိမြို့သို့တိုင်ရောက်တော်မူလာ၍ ရဟန်းတော်အပေါင်းရှစ်သောင်းနှင့် ကကုသန္ဓေယပရိဝုဏ်တွင် သီတင်းသုံး နေတော်မူလျက်ရှိ၏။

ထိုကြောင့်ပင်လျှင် ဒေဝဒတ္တိယာအမတ်သည်၊မိလိန္ဒမင်းအား ''မင်းမြတ် ခေတ္တမျှဆိုင်းငံ့တော်မူပါဦး၊မျှားစ္ဆာသော အသိပညာတို့ဖြင့်လည်းကောင်း၊ လေးနက်ခိုင်ကျည်စ္ဆာသော ထိုးထွင်းဉာဏ်တို့ဖြင့် လည်းကောင်း၊ ပြည့်ဝကုံလုံသောအားဖြင့် ရဲရင့်ပြောင်မြောက်ရှိမျှသာမဟုတ်သေး၊ ပဋိသမ္ภိဒါလေးပါးတို့၌လည်း အထွဋ်အထိပ်ဘုံရောက်တော်မူပြီးသော၊ နာဂသိန်အမည်ရှိသော မထေရ်သည်ရှိပါ၏။ ထိုမထေရ်သည် ယခုအခါ သခေါ်ယပရိဝုဏ်၌ သီတင်းသုံးလျက်ရှိပါသည်။

"မင်းမြတ်...အရှင်မင်းမြတ်သည်၊ လိုမလေရိုမြတ် အကဲသို့သားတော်မှုပါ၊လော့။ ထိုနာဂသိန်မလေရိသည့် အရှင်မင်းကြီးနှင့်အတူ ယှဉ်ပြိုင်၍ ပြောဆိုရန်လည်းကောင်း၊ မျှားစာသောအသိဝည္ဘာတိုဖြင့်လည်းကောင်း၊ လေးနှက်ခိုင်ကျည်စာ ထိုးထုင်းဘဏ်ဖြင့်လည်းကောင်း၊ ပြည့်ဝကုံလုံသောအားဖြင့် ရဲရင့်ပြောင်မြောက်ခုံမျှသာ မဟုတ်သေး၊ အရှင်မင်းကြီး၏ ယုံမှားတွေးတောမှုမှန်သမျှကိုတစ်စမကျန်ပယ်ဖျောက်၍ ပကတိသောဖြောင့်မှန်ရာကို ညွှန်ပြခြင်းဟုလည်းကောင်း ကောင်းစွာ စွမ်းဆောင်နိုင်ပါ၊လတ္တံ့"

မိလိန္ဒမင်းသည်၊ ထိုကဲ့သို့ 'နာဂသိန်' ဟူသောအမည်ကို ကြားလိုက်ရသည့်အခါ၊ အဆောတလျင်ပင် ဖျားချင်နာချင်သကဲ့သို့ အသိအသာ တုန်လှုပ်ချောက်ချားသွားလည်း။ ကြက်သီးမျှားပင်တဖြန်းဖြန်းထ လာမိသည်။ သို့သော် မင်းတို့၏ ရာဇကုန်ဖြင့် သတိထိန်းချုပ်တော်မူကာ၊ ဒေဝမန္တိယ၊ အမတ်အား "အချင်းဒေဝမန္တိယ... နာဂသိန်ဆိုတဲ့ ရဟန်းဟာ၊ငါနှင့် ဖက်ပြိုင်ပြောနိုင်ပါ့မလား" ဟု မေးတော်မူ၏။

ဒေဝမန္တိယ။ ။"မင်းမြတ် အရှင်နာဂသိန်သည်၊ အရှင်မင်းကြီးကို မဆိုထားနှင့်၊ နတ်တော့၊ သိကြားတော့၊ ဗြဟ္မာကြီးတော့နဲ့လဲ ဖက်ပြိုင်ပြောဆိုဖို့ စွမ်းနိုင်ပါ့တယ်"

မိလိန္ဒမင်း။ ။"ကောင်းလှပြီ ဒေဝမန္တိယ ဤကိုဆိုလျှင် သင်သည်မထေရ်မြတ်ထံတမန်စေလွှတ်လော့"

ဒေဝမန္တိယ အမတ်လည်း၊ အရှင်နာဂသိန်ထံသို့ တမန်စေလွှတ်၍ 'အရှင်ဘုရား....မိလိန္ဒမင်းသည် အရှင်ဘုရားကို ဖူးမြင်လိုပါသည်ဟု' လျှောက်ထားပေ၏။

အရှင် နာဂသိန်ကလည်း "ကောင်းပြီ၊ မိလိန္ဒမင်း လာလို့ က လာပါစေ"ဟု မိန့်တော်မူ၏။

မိလိန္ဒမင်းသည် ထိုအခါ၌ ယောနက အမတ်ငါးရာ ခြံရံ လျက် မြတ်သောရထားကိုစီး၍ မျှားစ္ဆာသော စစ်သည်ဗိုလ်ပါ အပေါင်းတို့နှင့် အတူ သခင်္ဂျယ ပရိဝုဏ်ရှိ အရှင်နာဂသိန်ထံ သွားလေ၏။

အရှင်နာဂသိန်သည် ရှစ်သောင်းခဲသော ရဟန်းသံဃာများ နှင့်အတူ စည်းဝေးရာ ကန်ဓဆောင်း၌ နေတော်မူ၏။

မိလိန္ဒမင်းသည် အရှင်နာဂသိန်၏ ကြီးစွာသောပရိသတ်ကို အဝေးကပင် လုမ်း၍မြင်ရသောကြောင့် ဒေဝမန္တိယ အမတ် အား "ဒေဝမန္တိယ... ပရိသတ်တွေ့ မျှားလှပါကလား၊ ဘယ်သူ့ ပရိသတ်လဲ"ဟု မေးတော်မူ၏။

"မင်းမြတ် အရှင်နာဂသိန်၏ ပရိသတ်ဖြစ်ပါတယ်"

မိလိန္ဒမင်းသည် ထိုအခါ၌ ကြောက်စိတ်ဝင်လာပြန်သည်။ တုန်လှုပ်လာပြန်သည်။ ကြက်သီးတွေ....ဖြန်းခနဲ ဖြန်းခနဲထ လာပြန်သည်။

ပမာအားဖြင့်ကား မိလိန္ဒမင်းသည် ထိုလတ်တလောအချိန် ပိုင်း၌ ဂ,ိသတ္တဝါများ အဝိုင်းခံထားရသော ဆင်ပြောင်ကြီး ကဲ့သို့လည်းကောင်း၊ ဂဠုန်များအဝိုင်းခံထားရသော နဂါး ကြီးကဲ့သို့လည်းကောင်း၊ စပါးကြီးမြေ အပတ်ခံထားရသော သားကောင် ကဲ့သို့လည်းကောင်း၊ လွန်ကဲစွာတုန်လှုပ်ချောက် ချားနေခဲ့သည်။ အရှင်နာဂသိန်ကိုသာမဟုတ်၊ ကြီးစွာသော ပရိသတ်ကိုပါ စိုးရိုမ်ထိတ်လန့်မှု ဖြစ်နေခဲ့သည်။

သို့ပြုခြင့် ဒေဝမန္တိယ အမတ်အား "အရှင်း ဒေဝမန္တိယ၊ ငါ့ကို ဘယ်ရဟန်းဟာ နာဂသိန်ဆိုတာမပြောနဲ့၊ ငါကိုယ်တိုင် ပစ်လျှင် နာဂသိန်ကို သိအောင် လုပ်မယ်" ဟု ဆိုတော်မူ၏။ ဒေဝမန္တိယအမတ်လည်း' မင်းမြတ်... ကောင်းပါပြီ၊ မင်းမြတ် ကိုယ်တော် တိုင်ပင် သိအောင် လုပ်တော်မူပါလေ...' ဟု လျှောက်၏။

အရှင်နာဂသိန်သည် ရှစ်သောင်းသော သံဃာ့ပရိသတ်ကြီး ဝယ် ရှေ့လေးသောင်းသော ရဟန်းတော်တို့အောက် ယမ်၍၊ နောက် လေးသောင်းထက်ကြီးတော်မူလေသည်။

မိလိန္ဒမင်းသည် ရဟန်းအားလုံးတို့ကို ရှေ့နောက် ဝဲယာ လှည့်ပတ်ကြည့်ရှုပြီး ရဟန်းအပေါင်းတို့၏ အလယ်ဌာနသရော ဘခြေသော့မင်းကဲ့သို့၊ ကြောက်ရွံ့ထိတ်လန့်ခြင်းမရှိ၊ ကြက်သီး မွေးညှင်းမျှမထတဲ့ ထိုင်တော်မူသော၊ အရှင်နာဂသိန်ကိုအဝေး မှ မြင်ရ၍ ဟန်ပန်အမူအရာအားဖြင့်ပင်လျှင် ပရိသတ်အလယ်မှ ရဟန်းသည် အရှင်နာဂသိန် တည်းဟု သိလေ၏။

မိလိန္ဒမင်းသည် ဒေဝမန္တိယအမတ်အား "ဒေဝမန္တိယ.... ပရိသတ်အလယ်က ရဟန်းဟာ အရှင်နာဂသိန်ပဲ" ဟု ဆိုတော် မူ၏။ ဒေဝမန္တိယလည်း မင်းမြတ်၊ ဟုတ်ပါသည်။ အရှင် မင်းမြတ်သည် အရှင်နာဂသိန်ကို ကောင်းစွာသိပါပေ၏" ဟု ပြန်လည်လျှောက်ထား၏။

မိလိန္ဒမင်းသည် သူတစ်ပါး မပြောပါဘဲလျက်၊ ငါ့အလို အလျောက်သာလျှင် အရှင်နာဂသိန်ကို သိပေသည်ဟု မျှားစွာ ပင်း ဝမ်းမြောက်ဝမ်းသာဖြစ်နေသည်။ သို့ရာတွင် ယင်းကဲ့သို့

အရှင်နာဂသိန်ကို သိမြဲရခြင်းကြောင့်ပင်လျှင်၊ မိလိန္ဒမင်းဘို ကြောက်ရွံ့ တုန်လှုပ်မှုများသည် ပြင်းစွာဖြစ်ပေါ် ခံစားလာရ ပြန်သည်။

ထိုအခါ၌ မိလိန္ဒမင်းသည်၊ မချမ်းမြေ့သောစိတ်အားလျှင် စွာ၊ ဤသို့ပင် ညည်းညူရေရွတ်မိလေသည်။

"ငါသည် ပညာရှိများစွာတို့နှင့်လည်း တွေ့ဆုံခဲ့ဖူးပြီ။ ဆွေးနွေးပေးကြပြန်ခြင်းကိုလည်း အကြိမ်ကြိမ် ပြုခဲ့ဖူးလှပြီ၊ သို့ရာတွင် ယခုကဲ့သို့ တစ်ကြိမ်တစ်ခါမျှကြောက်ရွံ့ဘုန်လှုပ်ခြင်းမရှိ ခဲ့စဖူး။ အရှင်နာဂသိန်နှင့်တွေ့ကြုံရသောဤတစ်ကြိမ်တွင်ကား၊ ငါ၏ ချောက်ချားမှုအတွက်၊ အရှင်နာဂသိန် သည်ပင်လျှင်၊ စင်စစ် ငါ့အပေါ်တွင် အောင်နိုင်သူ ဖြစ်ချေတော့မည် တကား"

မိလိန္ဒမင်းနှင့် ရှင်နာဂသိန် အပြန် အလှန်ဆွေးနွေးခြင်း

မိလိန္ဒနှင့် အရှင်နာဂသိန်တို့သည် လောကဝတ်အားလျှင် စွာ အချင်းချင်း အပြန်အလှန် နှုတ်ဆက်ကြသည်။ အရှင် နာဂသိန်၏ ရင်းနှီးစွာသောဆက်ဆံမှုအတွက်လည်း မိလိန္ဒမင်း မှာ စိတ်ချမ်းသာရသည်။

ဘုံအမည်ကိုမေးခြင်း

ထိုနောက်မူ၊ မိလိန္ဒမင်းသည် သင့်တော်ရာ အရပ်တွင်ထိုင် နေလျက်၊ အရှင်နာဂသိန်အား ဤသို့စတင်မေးမြန်း၏။

မိလိန္ဒမင်း ။ ။"အရှင်ဘုရား... အရှင့်ကို အ ဘယ် သို့ သိအပ်ပါသနည်း။ အ ရှင် ဘု ရား သည် ဘယ်အမည်ရှိပါသနည်း"

အရှင်နာဂသိန်း။ ။" မင်းမြတ်...ငါ့ကို နာဂသိန်ဟု သိအပ်တယ်။ မင်းမြတ်... သီတင်းသုံးဖော်တွေက၊ ငါ့ကို နာဂသိန်လို့ခေါ်ကြတယ်။ မိဘတွေကတော့ နာဂသိန်၊ သူရသိန်၊ ဝီရသိန်၊ သီဟသိန်လို့ အမျိုးမျိုး နာမည်မှည့်ကြတယ်။

"မင်းမြတ်...ဘယ်လိုပဲ နာမည်တွေ မှည့်မှည့်၊ စင်စစ်တော့ နာဂသိန်ဆိုတဲ့အမည်ဟာ ရေတွက်ဖို့ ခေါ်ဝေါ်ဖို့ပဲ ဖြစ်တယ်။ ခေါ်လို့ဖြစ်အောင် အသိအမှတ်ပြုထားခြင်း၊ ပညာတ်သားခြင်းသာဖြစ်တယ်။ဝေါဟာရ အမည်မျှသာဖြစ်တယ်။ နာဂသိန်ဆိုတဲ့နေရာမှာ ပုဂ္ဂိုလ်ကို ဉာဏ်မျက်စိနှင့် ကြည့်လို့ မဖြစ်နိုင်ဘူး။ မရနိုင်ဘူး" ဟု မိန့်တော်မူ၏။

ထိုအခါ မိလိန္ဒမင်းသည်၊ ပရိသတ်အား ဤနည်းတိုင် တည်ပြောဆိုသည်။ "ယောနကအမတ် ငါးရာနှင့် သံလေးတော် အပေါင်း ခုစ်သောင်းတို့ တပည့်တော်၏ စကားကို နားတော်တော်မူကြပါကုန် ဘုရား။"

အရှင်နာဂသိန်က၊ နာဂသိန်ဆိုတဲ့ နေရာမှာ ပုဂ္ဂိုလ်ကို ဉာဏ်မျက်စိဖြင့် ကြည့်လို့မရနိုင်ဘူး လို့အမိန့်ရှိပါတယ်။ အရှင်ဘုရားမျှားသည်၊ ဤအဆိုအမိန့်ကို နှစ်သက်သဘောကျလက်ခံ၍ လျှောက်ကန်သင့်မြတ်ပါသလော"

ထိုနောက် မိလိန္ဒမင်းက အရှင်နာဂသိန်အား အောက်ပါစကားများကို ထပ်မံလျှောက်ထားပြန်သည်။

"အရှင်ဘုရား... အကယ်၍၊ အရှင်ဘုရား မိန့်တော်မူတဲ့ အတိုင်း၊ ပုဂ္ဂိုလ် သတ္တဝါမရှိဟူးဆိုရင်...

၁။ ဘယ်သူတွေက အရှင်ဘုရား တို့အား ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ဆိုတဲ့ ပစ္စည်းလေးပါးကို လှူဒါန်း၊ ပါသနည်း။

၂။ ဘယ်သူတွေက အဲဒီလူတဲ့ ပစ္စည်းတွေကို သုံးဆောင်ပါသနည်း။

၃။ ဘယ်သူတွေက သီလကို စောင့်ထိန်းပါသနည်း။

၄။ ဘယ်သူတွေက ဝိပဿနာ ဘာဝနာကို ပွားများအားထုတ်ပါသနည်း။

၅။ ဘယ်သူတွေက မဂ်ဖိုလ် နိဗ္ဗာန်ကို မျက်မှောက်ပြုပါသနည်း။

၆။ ဘယ်သူတွေ သတ္တဝါကို သတ်ပါသနည်း။

၇။ ဘယ်သူတွေက အရှင်မင်းတဲ့ သူတစ်ပါးပစ္စည်းကို ခိုးယူပါသနည်း။

၈။ ဘယ်သူတွေ သူတစ်ပါးသားမယား၊ ကို ပြစ်မှားကျူးလွန်ပါတယ်။

၉။ ဘယ်သူတွေ မဟုတ် မမှန်တဲ့ စကားကို ပြောဆိုပါသနည်း။

၁၀။ ဘယ်သူတွေ အရက်သေစာ သောက်စား ပါသနည်း။

၁၁။ ဘယ်သူတွေ မိဘသတ်တဲ့ ကံစတဲ့ ကံကြီးငါးပါးကို ကျူးလွန်သနည်း။

"ထိုပြောင့် ကုသိုလ်မရှိ၊ အကုသိုလ်လဲမရှိ၊ ကုသိုလ်ကံ-အကုသိုလ်ကံကို လုပ်တဲ့လူလဲ မရှိ၊ အလုပ်ခိုင်းတဲ့လူလဲ မရှိတော့ပြီ၊ ကောင်းဒကာင်းမှန်မှန် လုပ်တဲ့ကံ၊ မကောင်းမကန်း လုပ်တဲ့ ကံတွေမှာ အကျိုးကျေးဇူးလဲ မရှိတော့ပြီ"

"အရှင်ဘုရား... လူတစ်ယောက်ဟာ ဘဝယ်၌ အရှင်ဘုရား ဟိုကို သတ်တယ်ဆိုပါတော့ အဲဒီ သတ်တဲ့လူဟာ ပါဏာတိပါတကံ မရှိတော့ပြီ၊ အရှင်နာဂသိန်... အရှင်ဘုရား တို့အား ဆရာမရှိ၊ ဥပဇ္ဈာယ်မရှိ၊ ပဉ္စင်းအဖြစ် မရှိတော့ပြီ။ မင်းမြတ် သီတင်းသုံးဖော်တွေက ငါ့ကို နာဂသိန်ခေါ်တယ်လို့ ပြောဆိုတဲ့ အရှင်ဘုရားစကားမှာ ဘာကိုနာဂသိန်လို့ ခေါ်ပါသလဲ၊ ဆံပင်ကို ခေါ်သလား ဘုရား" ဟု အမေးပုဏ္ဏား ပြုသနာပေါင်းများစွာကို တစ်ဆက်တည်း မေးလျှောက်လိုက်လေသည်။

အရှင်နာဂသိန် ဖြေရှင်းချက်

အရှင်နာဂသိန်။ ။ ၁။ "မင်းမြတ် ဆံပင်သည် နာဂသိန် မဟုတ်ပါ"

မိလိန္ဒမင်း ။ ။ ၂။ 'မေးညွှန်းတော်ပင်နာဂသိန်လော"

အရှင်နာဂသိန်။ ။ "မေးညွှန်းတော်လဲ နာဂသိန်မဟုတ်ပါ'

မိလိန္ဒမင်း ။ ။ ၃။ "ခြေးသည် လက်သည်။

၄၊ သွား။ ၅၊ အဝရုတ္တ အရေးပါ။ ၆၊ အသား၊ ၇၊ အကြော။ ၈၊ အရိုး။ ၉၊ ခြေဆီ။ ၁၀၊ အညို့။ ၁၁၊ နှလုံး။ ၁၂၊ အသဲ။ ၁၃၊ အမြှေး။ ၁၄၊ အုဖျဉ်း။ ၁၅၊ အဆုပ်။ ၁၆၊ အူမ။ ၁၇၊ အူသိမ်။ ၁၈၊ အစာသစ်။ ၁၉၊ အစာဟောင်း။ ၂၀၊ ဦးနှောက်။ ၂၁၊ သည်းခြေ။ ၂၂၊ သလိပ်။ ၂၃၊ ပြည်။ ၂၄၊ သွေး။ ၂၅၊ ချေး။ ၂၆၊ အဆီခဲ။ ၂၇၊ မျက်ရည်။ ၂၈၊ ဆီကြည်။ ၂၉၊ တံတွေး။ ၃၀၊ နှပ်။ ၃၁၊ အဓေး။ ၃၂၊ ကျောင်ယပ်။ ဤသည်တို့မှ တစ်မျိုးစီ ကစ်မျိုးစီသည်ပင်လျှင် နာဂသိန်လော"

ကျွန်နာဂသိန် ။ ။"မင်းမြတ် ... ဤတစ်ခုစီ - တစ်ခုစီတို့ သည်လည်း နာဂသိန်မဟုတ်ပါ"

မိဘိန္ဒမင်း ။ ။"အရှင်ဘုရား .. အသင်သို့ ပါနည်း ထိုသို့ ဆိုလျှင် (၁) ရုပ်သည်ပင်လျှင် နာဂသိန်မည်ပါသလော"

အရှင်နာဂသိန် ။ ။"မင်းမြတ် ... ရုပ်သည် နာဂသိန် မဟုတ်ပါ"

ဖေး ။ ။(၂)"ဝေဒနာသည် နာဂသိန် မည်ပါသလား"

ဖြေ ။ ။"ဝေဒနာသည် နာဂသိန်မဟုတ်ပါ"

ဖေး ။ ။(၃)"သညာသည်နာဂသိန် ဟုတ်ပါသလား"

ဖြေ ။ "သညာသည် နာဂသိန် မဟုတ်ပါ"

ဖေး ။ ။(၄)သင်္ခါရသည် နာဂသိန် မည်ပါသလား"

ဖြေ ။ "သင်္ခါရသည် နာဂသိန် မဟုတ်ပါ"

ဖေး ။ (၅)"ဝိညာဉ်သည် နာဂသိန် မည်ပါသလား"

ဖြေ ။ ။"ဝိညာဉ်သည် နာဂသိန်မဟုတ်ပါ"

မိဘိန္ဒမင်း ။ "အရှင်ဘုရား....သို့ဆိုလျှင်ရုပ်ဝေဒနာ သညာ၊သင်္ခါရ၊ဝိညာဉ်တို့သည်ပင်လျှင် နာဂသိန်မည်ပါသလာ"

အရှင်နာဂသိန် ။ ။"မင်းမြတ်...ဤသို့လည်းမဟုတ်ပါ"

မိလိန္ဒမင်း ။ ။"အရှင်ဘုရား... ဆရာယ်လိုပါနည်း၊ ရှင်ပေါ်ဝေနှင့်ပတ်သက်လျှင် ဝိညာဉ်ကို ကိုယ်လည်နှင့်ဂဃဏီမဟုတ်ခဲ့လျှင်ထိုသည့်တို့မှ တစ်ပါးသောတရား မျိုးသည်ပင်လျှင် နှာဂသိန်းမည်ပါသေး..."

အရှင်နာဂသိန်း ။ ။"မဟုတ်ပါ"

မိလိန္ဒမင်း ။ ။"အရှင်ဘုရား... ဆရာ့ကိုယ်ကိုယ်သည် တပည့်တော်မေးတိုင်းပေးတိုင်းမှာပင် နှာဂသိန်းကို မမြင်ရပါ။ နှာဂသိန်းမဟုတ်ကြောင်း ပြောကြားခဲ့ပြီးသာ ပြောနေပါသည်။ သို့ဆိုလျှင် နှာဂသိန်းဆိုတဲ့အသံတည်းပင်လျှင် နှာဂသိန်းမည်ပါသလား ဘုရား"

အရှင်နာဂသိန်း ။ ။"မင်းမြတ် အသံသည်လည်း နှာဂသိန်းမဟုတ်ပါ"

ထိုအခါ၌ မိလိန္ဒမင်းသည် အရှင်နာဂသိန်း၏ အကြောင်းမျိုးကို နှစ်သက်ကျေနပ်နိုင်ခြင်းမရှိသည်ပမာ

"အရှင်ဘုရား... ဤသို့ဆိုလျှင် နှာဂသိန်းဟူသည်ကား အဘယ်မှာ ကျွန်ုပ်ရှာသေးပါတော့သနည်း။ အရှင်ဘုရား... သည် မဟုတ်မှန်သည့်တို့ကိုချည်းသာ ဆိုနေဟန်ရှိသည်။ စင်စစ်နှာဂသိန်းဟူ၍သည်လုံးပပင် မရှိလေယောင်တကား" ဟု လျှောက်ထား၏။

ထိုအခါ၌ အရှင်နာဂသိန်းသည် ဤသို့ လျှောက်ပြန် မြတ်ဟု တော်မူ၏။ "မင်းမြတ် သင်မင်းမြတ်သည် ပင်းချိုးမင်းနှယ်ကြစ်၍ အသားအရေ အလွန်နူးညံ့ဟုမ်မေ့လေပေတယ်။ မင်းမြတ်လာ ရောက်တဲ့အချိန်ကလည်း မှန်းတည့်ရှိန်ရှိန် အပူချိန်ကြင်းပြလှတဲ့ အခါကြီးတယ်။ လမ်းခရီးကလဲ ကျောက်ကုန်း တောတက်ခဲ့ အုတ်တုံးအုတ်အစရှိတာတွေနဲ့ညီညာ ဖြောင့်ဖြစ်ခြင်းမရှိကြပ်နေတယ်။

ထိုပြင် မင်းမျိုးဆိုတာ မြေကြီးဆို.... ထွာညှိမ္ပ လှမ်းဖူးတာ မဟုတ်လေကော့ ယခုလာခဲ့တဲ့လမ်းမှာ သင်မင်းမြတ်ဟာရထား စီးရှိ လာခဲ့လေသလော....သို့တည်းမဟုတ် ခြေလျင်ပင်လာခဲ့ သလော"

အရှင်ဘုရား တပည့်တော် ခြေလျင်မဟုတ်ပါ၊ရထားစီးရှိ လာခဲ့ပါသည်"

"ကောင်းပြီ .. မင်းမြတ်၊ သင်မင်းမြတ်အား ရထားနှင့် စပ် လျဉ်းရှိမေးစမ်းပါရစေ .. ရထားပြုလုပ်ထားအပ်သော 'သံ' သည် ရထားပေလော"

"မဟုတ်ပါ အရှင်ဘုရား"

"ရထားဝန်ရိုးသည် ရထားပေလော"

"မဟုတ်ပါ အရှင်ဘုရား"

"ရထားဘီးသည် ရထားပေလော"

"မဟုတ်ပါ အရှင်ဘုရား"

"ရထားအိမ်သည် ရထားပေလော"

"မဟုတ်ပါ အရှင်ဘုရား"

"ရထားဒေါက်သည် ရထားဖေလော"

"မဟုတ်ပါ အရှင်ဘုရား"

"လမ်းပိုးတုံးသည် ရထားပေလော"

"မဟုတ်ပါ အရှင်ဘုရား"

"ကြိုးမျှင်းသည် ရထားပေလော"

"မဟုတ်ပါ အရှင်ဘုရား"

"နှင်ကံကြိမ်လုံးသည် ရထားပေလော"

"မဟုတ်ပါ အရှင်ဘုရား"

"မင်းမြတ်.... အဘယ်သို့ပါနည်း။ ထိုကို တင်ခုစီတို့သည် ရထားမဟုတ်ခဲ့လျှင် ရထားသံ၊ ဝန်ရိုး၊ ဘီး၊ ရထားအိမ်၊ ရထားဒေါက်၊ထမ်းပိုးတုံး၊ ကြိုး၊ ကြိမ်လုံးတို့သည်ပင် ရထားလော"

"မဟုတ်ပါ အရှင်ဘုရား"

"မင်းမြတ်....အဘယ်သို့ပါနည်း။ဤသို့ဆိုလျှင် ရထားသံ၊ ဝန်ရိုး၊ ဘီး၊ရထားအိမ်၊ရထားဒေါက်၊ ထမ်းပိုးတုံး၊ ကြိုး၊ ကြိမ်လုံး စသည်တို့ကို အပယောဇဉ်သော် ရထားဟူ၍ ရှိသေးသလော"

"မရှိပါ အရှင်ဘုရား"

"မင်းမြတ်....မှီးတိုင်း မေးတိုင်းမှာပင်လျှင် ရထားကို မမြင်တွေ့ရပြီ။ မင်းမြတ်....ထိုသို့ဆိုလျှင် ရထားလို့ခေါ်ခေါ်ပြောဆိုနေတဲ့ အသံသည်ပင်လျှင် ရထားလော"

"မဟုတ်ပါ အရှင်ဘုရား"

"သို့ဆိုလျှင် ဘာကို ရထားလို့ခေါ်ပါသလဲ မင်းမြတ်။ မင်းမြတ်....သင်သည် မမှန်တဲ့စကားတွေကိုချည်းပြောဆိုနေပုံရသည်။ စင်စစ် ရထားဆိုတာပင် ရှိဟန်မတူပါတကား...."

"မင်းမြတ် ...သင်မင်းမြတ်ဟာ ဇမ္ဗူဒီပ် တစ်ကျွန်းလုံးကို အစိုးရသော ကေရာဇ်မင်း ဖြစ်ပါတယ်။ သို့ပါလျက် ဘယ်သူတွေကိုကြောက်လို့ မဟုတ်တဲ့ မမှန်တာတွေကို ဤသို့လျှင် လျှောက်ပြောနေရပါသလဲ"

အရှင်နာဂသိန်သည် မိလိန္ဒမင်းတစ်ဦးတည်းကို ဤသို့လျှင် ဦးတည်၍ပြောနေကုမ္ပဏီ"ယောနကအမတ်များနှင့် ရှစ်သောင်းသော ရဟန်းသံဃာ အပေါင်းတို့....ဟပည့်တော်၏ စကားကို

နှားထောင်တော် မူကြပါကုန်။ ဤမိလိန္ဒမင်းသည် တပည့်တော် ရထားနှင့် လာခဲ့တယ်လို့ ပြောပါတယ်။ သို့သော် မင်းမြတ်....သင် တကယ်လို့ ရထားနှင့် လာခဲ့တယ်ဆိုရင် ငါ့အား ရထားကို ပြောပြပါဆိုတော့ အပြည့်အစုံ မပြောပြနိုင်ပါဘူး၊ ရထားဆိုတာ ဘာလဲရယ်လို့ အတိအကျ မပြောနိုင်ခဲ့ပါဘူး။ ဤသို့ ရေရာတိကျခြင်းမရှိ ဆိုအပ်လေသော မိလိန္ဒမင်း၏ စကားကို သင်ပရိသတ် အပေါင်းတို့ နှစ်ခြိုက်သဘောကျဖို့ ကောင်းပါသလော''ဟု ပရိသတ်ကိုပါတိုင်တည်ထည့်သွင်း၍ မိန့်ဆိုတော် မူလိုက်၏။

ထိုအခါ၌ ငါးရာကုန်သော ယောနက အမတ်တို့သည် အရှင်နာဂသိန်အား လက်ခုပ်တီး၍ ကောင်းချီးသြဘာ ပေးလိုက်ကြသည်မှာ ဘဝဂ်လျှံမျှ ဆူညံ၍ သွား.လေသည်။

မိလိန္ဒမင်းကိုလည်း ''အရှင်မင်းမြတ်....စွမ်းနိုင်လျှင် ထပ်၍ မေးပါဦး''ဟု လျှောက်ထားကြကုန်၏။

မိလိန္ဒသည် အရှင်နာဂသိန်ကို ဤသို့ လျှောက်၏။

''အရှင်ဘုရား.... တပည့်တော် မမှန်တာတွေ့ ပြောဆိုနေသည် မဟုတ်ပါ။ ရထားသံ၊ ဝန်ရိုး၊ ဘီး၊ ဒေါက် စသည်ကို အစဲပြု၍ ရထားဆိုတဲ့အခေါ်၊ ရထားဆိုတဲ့ အရေအဘွက်၊ ရထားဆိုတဲ့ ပညတ်၊ ရထားဆိုတဲ့ အမည်နာမမျှား ဖြစ်ပေါ်လာရပါတယ်။ ထို့ကြောင့်သာလျှင် ရထားနှင့်လာသည်ဟု လျှောက်ထားခြင်း ဖြစ်ပါသည် အရှင်ဘုရား''

''ကောင်းလှပြီ မင်းမြတ် ... ဤသို့ဆိုလျှင် မင်းမြတ်သည် ရထားကို ကောင်းစွာ သိအပ်ပြီ၊ မင်းမြတ်....နာဂသိန်ဆိုသည်မှာလည်း ထို့အတူသာ ဖြစ်တော့သည်။ ဆံပင် မွေးညှင်းစတဲ့

သုံးဆယ့်နှစ် ကောင်္ဘာသကို အစဲ့ပြု၍ဖြစ်စေ၊ ရုပ်၊ ဝေဒနာ၊ သညာ၊ဘာခ်ါရ၊ဝိညာဉ်ဆိုတဲ့ ခန္ဓာငါးပါးကို အကြောင်းပြု၍ ဖြစ်စေ ခေါ်ဝေါ် သုံးနှုန်း ရေတွက်အပ်သော အမည် ပညတ်မျှသာ ဖြစ်တယ်။ စင်စစ်ကတော့ နာဂသိန်ခေါ်တဲ့ နေရာမှာ၊ မဖောက်မပြန် မှန်ကန်တဲ့ အနုတ်အဓိပ္ပာယ်အနေနဲ့ပုဂ္ဂိုလ်ရယ်၊ သတ္တဝါရယ်၊ အကောင်အထည်ရယ်ဆိုတာ မရှိပေဘူး။

"ဒါကြောင့်ပေါ့...ဝဇီရာ ဘိက္ခုနီမက၊ မြတ်စွာဘုရား၏ မျက်မှောက်တော်မှာ ...

"ရထား၊သံ၊ဝန်ရိုး၊ဘီး စတဲ့ ရထား၏ အစိတ်အပိုင်းတွေကြောင့် ရထားဆိုတဲ့ အခေါ်အဝေါ် အသုံးအနှုန်းဖြစ်ပေါ်လာသလို၊အဲသည့်နည်းတူပဲ ရူပကွန္ဓာစတဲ့ ခန္ဓာတွေ ရှိလာပြီလား၊ဆိုရင် ပုဂ္ဂိုလ်သတ္တဝါရယ်၊ဃာတျိုးရယ်၊မိန်းမရယ် ဆိုတဲ့ အခေါ်အဝေါ် အသုံးအနှုန်းတွေ ဖြစ်ပေါ်လာရတယ်လို့ မြှက်ဆိုကျူးရင်ခဲ့ဖူ့်းတယ် သင် မင်းမြတ်"

ထိုအခါ၌ မိလိန္ဒမင်းသည် အလုံးစုံသော သဘောသဘာဝနှင့်တကွ အကြောင်းအကျိုး ဆက်စပ်စွာသော အရှင်နာဂသိန်း၏ အဖြေ(ရှင်းလင်းချက်)ကို လွန်စွာပင် နှစ်သက် အားရခြင်းရှိလှသဖြင့်....

"အရှင်ဘုရား....တပည့်တော် မျှားစွာပင် အံ့သြချီးကျူးမိပါတယ်။ အရှင်ဘုရားသည် အလွန် ဆန်းကြယ်စွာသော မေးခွန်းကို ထူးခြားရုံမျှသာ မဟုတ်ဘဲ၊ ကြောင်းကျိုးဆက်စပ်မှုနှင့် တကွ၊ ဖြောင့်မှန်စွာ ဖြေဆို နိုင်ခဲ့ပါသည်။ မှတ်ချက်-ပဲ့ဦးထွက် အကျယ်ရေးသား၍ နောက်ပိုင်း၌ အတို အကျဉ်း လိုရင်းလောက်သာ ရေးသားပါမည်။

ဝါအရေအတွက်ကို မေးခြင်း

မိလိန္ဒမင်း ။ ။"အရှင်ဘုရား....အရှင်ဘုရားသည် ဘယ်နှစ်ဝါ ရှိပါပြီလဲ ဘုရား"

အရှင်နာဂသိန်။ ။"မင်းမြတ်.... ငါသည် ခုနစ်ဝါ ရှိပြီ"

မိလိန္ဒမင်း ။ ။"အရှင်ဘုရား.... ခုနစ်ဝါဆိုတာ ဘာတွေပါလဲ ဘုရား။ အရှင်ဘုရားကပဲ ခုနစ်ဝါလား၊ ဒါမှမဟုတ် အရေအတွက် ဂဏန်းတွေကပဲ ခုနစ်ဝါလား ဘုရား...."

ဤသို့ မေးမြန်းနေစဉ်၌ မိလိန္ဒမင်းကြီး၏ အရိပ်သည် အနားမှ ရေအိုးနှင့် ကြမ်းပြင်ပေါ်တွင် ထင်ဟပ်၍နေသည်။ သို့ဖြင့် အရှင်နာဂသိန်က....

"မင်းမြတ်.... သင့်အရိပ်ဟာ ရေအိုးနှင့် ကြမ်းပြင်အခင်းတွင် ထင်ဟပ်နေသည်။ မင်းမြတ်-မေးစမ်းပါရစေ.... အသင်သည်ပင် မိလိန္ဒမင်းလော၊ သို့မဟုတ် အရိပ်သည်ပင် မိလိန္ဒမင်းလော"

မိလိန္ဒမင်း ။ ။"အရှင်ဘုရား....တပည့်တော် သည်သာ မိလိန္ဒမင်း ဖြစ်ပါသည်။ အရိပ်သည် မိလိန္ဒမင်း မဟုတ်၊ စင်စစ်သော်.... တပည့်တော်ကို မှီ၍သာ လျှင် အရိပ်ဖြစ်လာရပါတယ် ဘုရား...."

အရှင်နာဂသိန်။ ။"မင်းမြတ်.... 'ဝါ'ဟူသည်လည်း ထို အတူသာ ဖြစ်တော့သည်။ အရေအတွက် အားဖြင့်သာ ခုနစ်ဝါဟူ ဆိုအပ်တယ်။ လူကတော့ ခုနစ်ဝါ

မဟုတ်ပေဘူး။ သို့သော် လူကိုအမှီပြုမှသာ ဂဏန်းအရေအတွက် ဖြစ်ပေါ်လာရတယ်။ အခုပ်- ဥပမာ... အတိုင်းပေါ့

စုံစမ်းခြင်း

မိလိန္ဒမင်း ။ ။"အရှင်ဘုရား.... ဘယ်ဘက်နှင့် တိုင်ပင် ဆွေးနွေးနိုင်ပါ့မလား...."

အရှင်နာဂသိန်။ ။"မင်းမြတ်.... ပညာရှိများ တိုင်ပင်တဲ့ ပုံစံဆိုရင် တိုင်ပင်နိုင်ပါတယ်။ မင်းများ တိုင်ပင်တဲ့ ပုံစံမျိုးဆိုရင်တော့ မတိုင်ပင်နိုင်ဘူး...."

မိလိန္ဒမင်း ။ ။"ပညာရှိတွေက ဘယ်လိုများ တိုင်ပင်ပါသလဲ ဘုရား...."

အရှင်နာဂသိန်။ ။"မင်းမြတ်.... ပညာရှိများ၏ တိုင်ပင်နည်းကတော့ စကားနှင့် ချိသင့်လဲချိုရတယ်၊ ဖြေသင့်လဲ ဖြေရတယ်၊ နှိပ်သင့်လဲ နှိပ်ရတယ်၊ ခြောက်သင့်လဲ ခြောက်ရတယ်၊ ရင်းနှီးခင်မင်အောင် လုပ်သင့်လဲလုပ်ရတယ်၊ သူ၏ ရင်းနှီးမှုကိုလဲ ယူသင့် ယူရတယ်၊ သို့သော် ဘယ်လို ပြောပြော ဘယ်လိုဆိုဘို့ မနာကြဘူး၊ စိတ်မဆိုးကြဘူး၊ အမျက်မဟုတ်ကြဘူး၊ တစ်ဦးနဲ့တစ်ဦး ရှုံးတာ-နိုင်တာ တပည့်ဖြစ်တာ၊ ဆရာဖြစ်တာ အပယာဒပြီး အမှန်တရား ရရှိ ဖြစ်ပြောက်ရေးကိုသာ ရှေ့ရှုဦးတည်ကြတယ်၊ ဒီလို သည်းခံပြီး ဆွေးနွေးတိုင်ပင်ကြတာဟာ ပညာရှိတို့ ဆွေးနွေး တိုင်ပင်တဲ့ သဘောပဲ"

မိလိန္ဒမင်း ။ ။"မင်းတွေ့ကကော၊ ဘယ်လိုမျှားဆွဲနေ့ ပါသလဲဘုရား"

အရှင်နာဂသိန်။ ။"မင်းတွေ့ကတော့၊ အကြောင်း တစ်ခုကို တိုင်ပင်တဲ့အခါ၊ သူတို့ အလိုဆန္ဒအတိုင်း ဟုတ်ပါတယ်၊ မှန်ပါတယ်လို့ ဝန်ခံမှ ကြိုက်ကြတယ်၊ ဒီလိုမှ မဟုတ်ရင် ဖမ်းလား၊ ဆီးလား၊ အပြစ်ပေးလား လုပ်တတ်ကြတယ်၊ အဲဒါတွေဟာ မင်းတို့ရဲ့ တိုင်ပင်နည်း တိုင်ပင်ဟန်ပါပဲ မင်းမြတ်...."

မိလိန္ဒမင်း ။ ။"အရှင်ဘုရား.... တပည့်တော် သည် ပညာရှိတို့ ဆွေးနွေး တိုင်ပင်နည်းဖြင့် ပင် တိုင်ပင်ပါမည်။ မင်းထုံးစံကို မကျင့်သုံးပါ။ အရှင်ဘုရား မည်သို့မျှ ကြောင့်ကြရန် မရှိပါဘုရား"

အရှင်နာဂသိန်။ ။"ကောင်းလှပြီ မင်းမြတ်၊ သို့ဆိုလျှင် မင်းမြတ် ဆန္ဒရှိရာ တိုင်ပင်ပါလော့"

ပညာစမ်းခြင်း

မိလိန္ဒမင်း ။ ။"အရှင်ဘုရား....တပည့်တော် မေးပါရစေ"

အရှင်နာဂသိန်။ ။"ကောင်းပြီ မင်းမြတ်.... မေးလော့"

မိလိန္ဒမင်း ။ ။"အရှင်ဘုရား မေးပြီးပါပြီ"

အရှင်နာဂသိန်။ ။"မင်းမြတ်....ငါလဲ ဖြေပြီးပြီ"

မိလိန္ဒမင်း ။ ။"အရှင်ဘုရား ဘာတွေ ဖြေပါသလဲ"

အရှင်နာဂသိန်။ ။"မင်းမြတ်.... ဘာတွေ မေးပါသလဲ"

ထိုအခါ၌ မိလိန္ဒမင်းသည် ဤသို့တုံ့မိ၏။

"ဤရဟန်းသည် ပညာရှိသည်၊ ငါနှင့် ယှဉ်ပြိုင်၍ ပြော ဆို တိုင်ပင်နိုင်စွမ်းရှိသည်။ မေးမြန်း တိုင်ပင်စရာတွေ့ကလည်း မျှားစ္ဆာ ရှိသေးသည်။ သို့သော်.... ယနေ့ အဖို့မူ နေဝင်တော့ မည်။ နက်ဖြန် နံနက်မှ နန်းတော်သို့ ပင့်ဖိတ်၍ ဆက်လက် တိုင်ပင်ရသော်-ကောင်းအုံ..."

သို့ဖြင့်.... အနီးရှိ ဒေဝမန္တိယ အမတ်အား....

"အချင်း ဒေဝမန္တိယ၊ အရှင်နာဂသိန်အား ဤသို့ လျှောက်ထားလေ၊ ကျွန်ုပ်တို့၏ အရှင်မင်းကြီးသည် နက်ဖြန် နံနက်၌ အရှင်မြတ်နှင့်အတူ ဆွေးနွေး တိုင်ပင်ပဲ့ ဆက်လက် ပြုပါမည်။ အရှင်မြတ်သည် နန်းတော်သို့ ကြွတော်မူပါ ဘုရား"

မိလိန္ဒမင်းသည် ထိုကဲ့သို့ တစ်ဆင့် မိန့်မှာပြီးသော်၊ အရှင် နာဂသိန်ကို ရှိခိုးနှုတ်ဆက်ကာ၊ နန်းတော်သို့ ပြန်ကြွတော်မူ၏။ ရထား:ထက်၌လည်း အရှင်နာဂသိန်၏ ပညာဂုဏ်ကို ချီး မွမ်း အောက်မေ့မိသောအားဖြင့် 'နာဂသိန်....နာဂသိန်' ဟူ၍ သာလျှင် တတွတ်တွတ် ဆိုမြည်တမ်းတ နေတော်မူ၏။

ဒေဝမန္တိယ အမတ်လည်း မင်းကြီး မှာတော် မူခဲ့သော အတိုင်း အရှင်နာဂသိန်ကို လျှောက်ထားပင့်ဖိတ်ရာ အရှင်မြတ် က "ကောင်းပြီ" ဟု လက်ခံတော်မူလိုက်၏။

နံနက် မိုးသောက်လတ်သော် အမတ် လေးယောက်တို့ သည် မိလိန္ဒမင်းအား ဤသို့ မေးလျှောက်ကြ၏။

"အရှင်မင်းမြတ် ... အရှင်နာဂသိန် ကြွလာစေအုံးလော"

"ကြွလာပါစေ"

"သံဃာတော် ဘယ်လောက်နှင့် ကြွလာစေရုပါမည်လဲ"
"အလုံရှိသလောက်နှင့် ကြွလာပါစေ"
"ဆယ်ပါးလောက်နှင့် ကြွလာစေရုပါမည်လော"
"ကြွချင်သလောက်နှင့် ကြွလာပါစေ"
သို့သော်သဗ္ဗဒိန္နအမည်ရှိသောအမတ်သည် မင်းကြီး၏ဆန္ဒကို တိကျစွာမသိသောအနေဖြင့် ထိုမေးခွန်းကိုပင်သုံးကြိမ်တိုင်အောင် ထပ်မံမေးလျှောက်မိ၏။ မင်းကြီးသည် သဗ္ဗဒိန္နအပေါ် အလိုမကျဖြစ်ကာ "အားလုံး လှုဖို့ တန်းဖို့ စီစဉ်ပြီးပြီ၊ ကြွချင်သလောက် ကြွလာပါစေဆိုလျှက်နဲ့ ဒီအမတ်က ဘာတွေမျှားလပ်ပြီးလျှောက်နေတယ် မသိဘူး၊ ငါ့မှာ လှုစရာမရှိလို့လား" ဟု မိန့်တော်မူလိုက်ရာ သဗ္ဗဒိန္နအမတ်လည်း မျက်နှာညိုးနွမ်းသွားရလေသည်။

ကျန်အမတ်သုံးယောက်တို့သည် အရှင်နာဂသိန်ထံသွားပြီး "အရှင်ဘုရား....မင်းကြီးက ကြွချင်သလောက်သံဃာနှင့် ကြွတော်မူပါရန် အကြောင်းကြားခိုင်းပါသည် ဘုရား...." ဟု လျှောက်ထားကြ၏။ အရှင်နာဂသိန်လည်း သံဃာတော် ချစ်သောင်းနှင့်အတူ နန်းတော်သို့ ကြွလာတော်မူပေ၏။

အဒုန္ဒကာသဒအမတ် မေးလျှောက်ခြင်း

သို့သို့ ကြွလာစဉ် အနုန္ဒကာသဒအမတ်သည် အရှင်နာဂသိန်ကို အမိုက်ရှု....

"အရှင်ဘုရား ဘယ်လောက်မေးပါရစေ၊ နာဂသိန်လို့ပြောတဲ့စကားမှာ ဘယ်ဟာသည် နာဂသိန်ဖြစ်ပါသနည်း" ဟု မေးလျှောက်၏။

"ဒါယကာ....သင်ကဲကော ဘာကို နာဂသိန်လို့ထင်သလဲ"

"တပည့်တော်ကတော့ ဗိုက်ထဲက ထွက်လေ ဝင်လေဟာ အသက်ဖြစ်ပါတယ်၊ အဲဒီလေကို နာဂသိန်ဟု ထင်ပါတယ် ဘုရား"

'ဒါယကာ.... သင်ထင်တဲ့ ထွက်လေ ဝင်လေဆိုတဲ့ အသက်ဟာ ထွက်ပြီးလို့ ပြန်မဝင်ရင်၊ ဝင်ပြီးလို့ ပြန်မထွက်ရင် အဲဒီလူဟာ မသေဘူးလား"

"သေပါတယ် ဘုရား"

"ဒီတို့ဆိုရင် ခရုသင်း မှုတ်တဲ့လူ၊ နဲပလေ့မှုတ်တဲ့ လူတွေရဲ့ ထွက်လေဟာ ပြန်ဝင်သေးသလား"

"မဝင်ပါဘူး ဘုရား"

"ဒါဖြင့် ဘာဖြစ်လို့မသေသလဲ"

"တပည့်တော် အရှင်ဘုရားလို စကားကတ်ပြောတဲ့ ဘူနဲ့ ပြောဖို့မစွမ်းနိုင်ပါ၊ အရှင်ဘုရား သဘောထားကိုသာ မိန့်တော်မူပါ ဘုရား"

"ဒါယကာ.... သင်ပြောတဲ့လေဆိုတာ အသက်မဟုတ်ဘူး၊ အဲဒီလေတွေဟာ ရုပ်ဟာရုပ်ကြီးက ပွေ့ပြင်စီမံပိုက်တဲ့ ထွက်လေ ဝင်လေမျိုးသာဖြစ်ပါယ်" ဟု ယမိုက်ကျမ်းလာ အဘိဓမ္မာ စကားကို မိန့်ကြားတော်မူ၏။

အနုဋ္ဌကာယအမတ်လည်း အရှင်မြတ်၏ အဆုံးအဖြတ်ဟူ၍ ကျေနပ်နှစ်သိမ့်သောအားဖြင့် ဗုဒ္ဓဘာသာဝင်အဖြစ် ခံယူခဲ့ပြီး ပြုရန် လျှောက်ထားလေ၏။

ရဟန်ပြုခြင်း ပြဿနာ

အရှင်နာဂသိန် နန်းတော်သို့ ကြွလာတော်မူသည့် အခါ မိလိန္ဒမင်းသည် ကိုယ်တော်တိုင် ဆွမ်းလုပ်ကျေးခြင်း ပြုသည်။ သံဃာတစ်ပါးလျှင် သက်နှံ့ တစ်ဇုံစီလည်း လှူဒါန်းလေသည်။ အရှင်နာဂသိန်ကိုမူ သက်နှံ့သုံးထည်ဆက်ကင်လှူဒါန်း၍ "အရှင်ဘုရား.... အရှင်ဘုရားနှင့်တကွ သံဃာတော် ဆယ်ပါး နေရစ်တော်မူခဲ့ပါ၊ ကျန် သံဃာတော်များအား ပြန်ကြွပါစေ ဘုရား"ဟု လျှောက်ထား၏။

မိလိန္ဒမင်းသည် အရှင်နာဂသိန် ဆွမ်းစားပြီးသောအခါ သင့်တော်ရာတွင် ထိုင်နေလျက် "အရှင်ဘုရား...မည်သို့သော အကြောင်းအရာကို ဆွေးနွေးရလျှင် ကောင်းပါမည်လဲ"ဟု စတင် မေးလျှောက်၏။

အရှင်နာဂသိန်။ ။"မင်းမြတ်....ငါတို့သည် အကျိုးစီးပွား ကို လိုလားအပ်သည် ဖြစ်၍ အကျိုးစီးပွား ရှိရာရှိကြောင်းကိုပင် ဆွေးနွေးကြကုန်အံ့"

မိလိန္ဒမင်း။ ။"အရှင်ဘုရား.... အရှင်ဘုရား တို့၏ သက်နှံ့ဝတ်ခြင်း အမှုသည် ဘာများ အကျိုးစီးပွား ရှိပါသလဲ"

အရှင်နာဂသိန်။ ။"မင်းမြတ် ငါဘုရားသည် သံသရာ ဝဋ်ဆင်းရဲမှဘယ်နည်းနဲ့ လွတ်မြောက်မလဲ၊ ယခုခံစားနေရတဲ့ ဒုက္ခတွေဟာ ဘယ်နည်းနဲ့ ချုပ်ငြိမ်းမလဲဆို

တာ မျှော်မှန်းပြီး သက်နှံ့:ဝတ်ခဲ့ကြခြင်း ဖြစ်ပါတယ်၊ ငါတို့ အလိုလား:အပ်ဆုံ: အကျိ:ကတော့ သံသရာဝဋ်မှ လွတ်ဖို့ပင် ဖြစ်တယ်''

မိလိန္ဒမင်: ။ ။''အရှင်ဘုရား:.... တပည့်တော် ထပ်မံပြီ: မေ:လျှောက်ပါရစေ၊ သက်နှံ့:ဝတ်တဲ့ ရဟန်:အာ:လုံ: ဒီအကျိ:တွေ မြင်လို့ ရဟန်:ဝတ်ခြင်: ဖြစ်ပါသလာ:''

အရှင်နာဂသိန်။ ။''မင်:မြတ်....မင်:နှိပ်စက်လို့၊ သူခို:ဝေ:ပြ နှိပ်စက်လို့၊ ကြေ:ထူလို့၊ အစာ:ချောင်လို့ ရဟန်:ဝတ်ကြသူတွေလဲ ရှိပါတယ်၊ တချို့ကတော့ စင်စစ် သာသနာတော်ကို ကြည်ညိုခြင်:ဆိုတဲ့မှန်မြတ်သော သဒ္ဓါစိတ်နဲ့ ကောင်:မွန်စွာ ရဟန်:ပြုကြခြင်:ဖြစ်တယ်၊ အဲ့ဒီရဟန်:မျိ:တွေကျတော့ အထက်ဆိုခဲ့ပြီ:ဖြစ်တဲ့ အကျိ:တရား:တွေကို အလိုရှိလို့ ရဟန်:ပြုကြပါတယ်''

မိလိန္ဒမင်: ။ ။''အရှင်ဘုရား:.... တပည့်တော် မေ:လျှောက်ပါရစေဦ:၊ အရှင်ဘုရား: ကိုယ်တိုင်ကော ဘယ်လိုရည်ရွယ်ချက်နဲ့ ရဟန်:ဝတ်ခြင်: ဖြစ်ပါသလဲ''

အရှင်နာဂသိန်။ ။''မင်:မြတ်....ငါတို့ အဖို့မှာ ငယ်စဉ်ကဲ့ ရဟန်:ဝတ်ခြင်: ဖြစ်တဲ့အတွက် နိဗ္ဗာန်ဆိုတာကို ငါနား:မလည်ခဲ့ဘူ:၊ သို့သော်ဘုရား:သာ:တော်ဖြစ်တဲ့ ရဟန်:တွေဟာ ပညာဖတ်တယ်၊ ငါ့ကို သင်ကြား:ပေ:ကြ လိမ့်မယ်လို့ ယုံကြည်တယ်၊ ဤယုံကြည်ချက်ဖြင့်ပင် သက်နှံ့:ဝတ်ခြင်:၊ ရဟန်:ပြုခဲ့ခြင်: ဖြစ်တယ်၊ ယုံကြည်သည့် အား

လျှော်စွာလဲ ဘုရားသားတော်တွေက ငါ့ကို သင်ကြားပေးလို့ ယခုဆိုရင် နိုဗ္ဗာန်၏ အကြောင်း အကျိုးကို သိလဲ သိလာတယ်၊ မြင်လဲ မြင်လာတယ်၊ နိုဗ္ဗာန်၏ အကျိုးဌာ ရဟန်းပြုခြင်းလဲ ဖြစ်တယ်''

ပဋိသန္ဓေ နေ မနေ

မိလိန္ဒမင်းသည် သို့လျှင် သက်နုပ်ခြင်း(ရဟန်းပြုခြင်း)၏ ရည်ရွယ်ချက်နှင့် အကျိုးတရားကို သိရပြီးသောအခါ ဤသို့ ဆက်လက်မေးလျှောက်ပြန်၏။

မိလိန္ဒမင်း	။	။အရှင်ဘုရား.... သေပြီးတဲ့ လူတွေဟာ၊ နောက်တစ်ဖန် ပဋိသန္ဓေ မနေတဲ့ သူများ ရှိပါသလား''
အရှင်နာဂသိန်း	။	။''ပဋိသန္ဓေ နေတဲ့သူလဲ ရှိတယ်၊ မနေတဲ့သူလဲ ရှိပါတယ်''
မိလိန္ဒမင်း	။	။''ဘယ်သူတွေက တစ်ဖန် ပဋိသန္ဓေနေပြီး ဘယ်သူတွေက ပဋိသန္ဓေ မနေရတော့ပါသလဲ ဘုရား''
အရှင်နာဂသိန်း	။	။''မင်းမြတ်.... ကိလေသာ ရှိသူတွေမှာ တစ်ဖန် ပဋိသန္ဓေနေ၍ ကိလေသာ မရှိသူတွေမှာ နောက်ထပ် ပဋိသန္ဓေ မနေတော့ဘူး မင်းမြတ်''
မိလိန္ဒမင်း	။	။အရှင်ဘုရားကော ပဋိသန္ဓေ နေရဦးမှာလား ဘုရား''

အရှင်နာဂသိန်။ ။"မင်းမြတ် ... ငါ့မှာ ဥပါဒါန် ဆိုတဲ့ စဲ့လမ်းမှု ရှိရင် ပဋိသန္ဓေ နေရဦးမယ်၊ စဲ့လမ်းမှု မရှိရင်တော့ မနေရတော့ဘူး"

နှလုံးသွင်းမှု

မိလိန္ဒမင်း ။ ။"အရှင်ဘုရား.... ပဋိသန္ဓေ မနေရတဲ့ သူမျှားသည် မှန်မှန် ကန်ကန် နှလုံးသွင်းတတ်လို့ ပဋိသန္ဓေ မနေရတာ မဟုတ်ပါလား ဘုရား"

အရှင်နာဂသိန်။ ။"မင်းမြတ်-နှလုံးသွင်းမှန်လို့ဖြစ်စေ၊ ဉာဏ် ပညာကြောင့် ဖြစ်စေ၊ သဒ္ဓါစတဲ့ကုသိုလ်တရားတို့ကြောင့်ဖြစ်စေ၊ ပဋိသန္ဓေမနေရခြင်း ဖြစ်တယ်"

မိလိန္ဒမင်း ။ ။အရှင်ဘုရား.... နှလုံးသွင်း မှန်တာနဲ့ အသိဉာဏ် ပညာဟာ အတူတူပဲ မဟုတ်ပါလား ဘုရား"

အရှင်နာဂသိန်။ ။မင်းမြတ်.... နှလုံးသွင်း မှန်တာနဲ့ အသိဉာဏ် ပညာဟာ တခြားစီ ဖြစ်တယ်၊ မင်းမြတ် အမှန်တော့ ဆိတ်၊ သိုး၊ ကျွဲ၊ နွား စတဲ့ တိရစ္ဆာန်သတ္တဝါတွေမှာလဲ နှလုံးသွင်း မှန်မှုကိုဟာ ရှိတာပဲ၊ သို့သော် အဲဒီ တိရစ္ဆာန်တွေမှာ အသိဉာဏ်ပညာတော့ မရှိပေဘူး"

နှလုံးသွင်းခြင်း၏ သဘောလက္ခဏာ

မိလိန္ဒမင်း ။ ။"အရှင်ဘုရား.... နှလုံးသွင်း မှန်ခြင်းဆိုတဲ့ သဘောလက္ခဏာက ဘယ်လိုပါလဲ။ ဉာဏ်ပညာရဲ့ သဘောလက္ခဏာက ဘယ်လိုပါလဲ ဘုရား"

အရှင်နာဂသိန်။ ။"မင်းမြတ် နှလုံးသွင်းမှန်တယ်ဆိုတာက စုရုံးတဲ့ သဘောလက္ခဏာရှိတယ်၊ ပညာဆိုတာက ပိုင်းဖြတ်တဲ့ သဘောလက္ခဏာရှိတယ်"

မိလိန္ဒမင်း ။ ။"ပိုပြီး သိသာထင်ရှားလေအောင်၊ဥပမာ ဆောင်၍ ပြတော်မူပါ ဘုရား"

အရှင်နာဂသိန်။ ။"မင်းမြတ်.... ကောက်ရိတ်တဲ့ လူတွေကို မြင်ဖူးတယ် မဟုတ်လား၊ အဲဒီ ကောက်ရိတ်သမား:တွေဟာ ကောက်ပင်ကို ဘယ်လို ရိတ်ကြသလဲ"

မိလိန္ဒမင်း ။ ။"အရှင်ဘုရား: ဘယ်လက်က ကောက်ပင်တွေကို စုရုံး: ဆုပ်ကိုင်ပြီး၊ ညာလက်က တံစဉ်နဲ့ တစ်ခါတည်:ဖြတ်ချလိုက်ပါတယ် ဘုရား:"

အရှင်နာဂသိန်။ ။"မင်းမြတ်....အဲဒီအတူပဲပေါ့၊ ကောက်ရိတ်သမား:ဟာ ဘယ်လက်နဲ့ ကောက်ပင်ကို စုရုံးဆုပ်ကိုင်ပြီး၊ ညာလက်က တံစဉ်နဲ့တိခနဲ ဖြတ်ချလိုက်သလို၊ ကမ္မဋ္ဌာန်:အာ:ထုတ်တဲ့ ပုဂ္ဂိုလ်တွေဟာလဲ နှလုံ:သွင်:မှုနဲ့ စိတ်ကိုဖမ်:ထာ:လိုက်ပြီး ဉာဏ်ပညာနဲ့ ကိလေသာကို တိခနဲနေအောင် ဖြတ်ချလိုက်တယ်၊ ဒါကြောင့် နှလုံ:သွင်:မှုဆိုတာ စုရုံ:ခြင်:လက္ခဏာရှိပြီး ဉာဏ်ပညာက ပိုင်:ဖြတ်ခြင်:လက္ခဏာရှိတယ်"

မိလိန္ဒမင်:သည် တစ်ဆင့်တက်၍ မေ:လျှောက်ပြန်၏။

သီလ လက္ခဏာ

မိလိန္ဒမင်း ။ ။"အရှင်ဘုရား .... နှလုံးသွင်းမှုနဲ့ ဉာဏ်ပညာမှ တစ်ပါး၊ အခြား ကုသိုလ်တွေကြောင့်ဆိုတဲ့စကား မိန့်တော်မူခဲ့ပါတယ်။ အဲဒီ ကုသိုလ်တွေဟာ ဘာတွေပါလဲ ဘုရား"

အရှင်နာဂသိန်။ ။အဲဒါတွေကတော့ သဒ္ဓါ၊ သီလ၊ဝိရိယ သတိ၊သမာဓိ ဆိုတဲ့ တရားတွေ ဖြစ်တယ် မင်းမြတ်"

မိလိန္ဒမင်း ။ ။"အရှင်ဘုရား.... သီလက အဘယ် သဘောလက္ခဏာ ရှိပါသလဲ"

အရှင်နာဂသိန် ။ ။မင်းမြတ်....သီလဆိုတာကုသိုလ်ကောင်းမှု အားလုံးရဲ့ တည်ရာ မှီရာဖြစ်တယ်၊ သီလသည် ဂျန္ဒေး၊ဗိုလ်၊ဗောဇ္ဈင်၊ မဂ္ဂင် စတဲ့ ဗောဓိပက္ခိယ တရားတွေရဲ့ ဘည်ရာ မှီရာ ဖြစ်ရာ ဖြစ်တယ်၊ မင်းမြတ်....သီလ လုံလုံခြုံခြုံနဲ့ တရားအားထုတ်တဲ့ ပုဂ္ဂိုလ်တွေဟာ သီလကို အမှီပြု ပြီး ဂျန္ဒေါ်းပါ်းတို့ကို ပွားများနိုင်တယ်၊ဘယ်အခါမှကုသိုလ်တရားတွေ လျော့မသွားဘူး၊ တိုးသာ လာကြတယ်"

မိလိန္ဒမင်း ။ ။"ဥပမာ ပေးတော်မူပါဦး ဘုရား"

အရှင်နာဂသိန်။ ။"မင်းမြတ်....အာလုံး မျိုးစေ့တွေဟာ မြေကြီးပေါ်မှာ စိုက်မှ၊ မြေကြီးကို အမှီပြုရမှ ကြီးပွား ထွန်းကားနိုင်သလို တရားအားထုတ် ပုဂ္ဂိုလ်တွေဟာလဲ သီလကို အမှီပြုမှ၊ သီလကိုလုံအောင်ထိန်းမှ တရားရနိုင်တယ်"

မိလိန္ဒမင်း ။ ။"ဒါထက် ကောင်းတဲ့ ဥပမာကို အမိန့်ရှိတော် မူပါဦးဘုရား"

အရှင်နာဂသိန်း။ ။"မင်းမြတ်....မြို့ရွာကို တည်ဆောက်တဲ့ ပိသုကာများသည် (၁) ရှေးဦးစွာ မြေနေရာကို သုတ်သင် ရှင်းလင်းရတယ်။ (၂) ဆူးညောင့်ခလုတ်ကိုဖယ်ပြီး မြေညှိရတယ်။ (၃) လမ်း၀သည် သတ်မှတ်ရာထား ရတယ်။ ပြီးမှ မြို့-ရွာကို တည်ဆောက်ရတယ်။ အဲ့ဒီ ဥပမာလိုပဲ နိဗ္ဗာန်လိုလား၊ပြီး တရား၊အား၊ထုတ်တဲ့ ယောဂီများ၊ဟာ ရှေးဦးစွာ သီလကို လုံခြုံအောင် ပိန်းသိမ်း၊ရတယ်။ ပြီး၊တော့ သမာဓိ တည်အောင် လုပ်ရတယ်။ နောက် ဝိပဿနာ ပွား၊ရတယ်။ ဝိပဿနာညာဏ် ရင့်သန်လာတဲ့အခါ မဂ်ဖိုလ်ကို ကေန်ရတော့တာပဲ"

"မင်းမြတ်.... ပညာညာဏ် ထက်သန်ပြီး သံသရာ၀ဋ်မှ အလွတ်ရုန်း၊လိုတဲ့သူများသည် (၁)ဂီလရှိရမယ်။ (၂)သမာဓိ ဟာ၊ရမယ်။ (၃) ဝိပဿနာအား၊ထုတ်ရမယ်။ အဲ့ဒီလိုကြိုးစား အား၊ထုတ်လျှင် အတွင်းအပ နှစ်၀သောအရှုပ်ကို ဖြေရှင်းနိုင်တယ်လို့ ဝိသုဒ္ဓိမဂ်ကျမ်း မှာ လာတယ်"

"မြေကြီးဟာ သတ္တ၀ါတို့ရဲ့ တည်ရာဖြစ်သကဲ့သို့ သီလဟာလဲ ကုသိုလ်တရား အား၊လုံး၊တို့၏ အရင်းအမြစ်လဲ ဖြစ်တယ်။ မြတ်စွာဘုရား၊အဆုံး၊အမတော်အား၊လုံး၏ အခြေခံ၊ ၊ လည်း ဖြစ်တယ်လို့ သံယုတ်မှာ ဟောတော်မူထား၊တယ်"

အရှင်နာဂသိန်း၏ ကျေးဇူးသော ဂုဏ်းလင်း ညွှန်ပြမှုများကို ကြား၊နာရသောအခါ မိလိန္ဒမင်းသည် ကြည်နူး ဂမ်းမြောက်ခြင်းကြီးစွာ ဖြစ်ရသည်၊ အရှင်မြတ်ကိုလည်း ထပ်ဆင့်ပြီး

ကြည်ညိုလေးစားလာသည်။ မိမိ၏ အမေးပုစ္ဆာများ အတွက်လည်း အရှင်မြတ်အား အားနာသည့်နှယ် ရှိသည်။ သို့သော် မေးချင် သိချင်သည်များကလည်း ကျန်ရှိ နေသေးရကား အရှင်မြတ်ကို အားနာလျက်ပင် ဆက်လက် မေးလျှောက်ရပြန်လေသည်။

သဒ္ဓါဆိုတဲ့ ကြည်လင်မှု လက္ခဏာ

မိလိန္ဒမင်း ။ ။"အရှင်ဘုရား.... တပည့်တော် ဆက်ပြီး မေးပါရစေဦး၊ သဒ္ဓါသည် အဘယ် လက္ခဏာ ရှိပါသလဲ"

အရှင်နာဂသိန်။ ။"မင်းမြတ်....သဒ္ဓါဆိုဟာ (၁) ကြည်လင်ခြင်း လက္ခဏာ ရှိတယ်။ (၂)ကုသိုလ်ဘက်ကို ဦးပြုဝင်ခြင်း လက္ခဏာလဲ ရှိတယ်"

မိလိန္ဒမင်း ။ ။"အရှင်ဘုရား....သဒ္ဓါက ဘယ်လိုများ ကြည်လင်စေခြင်း လက္ခဏာ ရှိပါသလဲ"

အရှင်နာဂသိန်။ ။"မင်းမြတ်... သဒ္ဓါတရား ဖြစ်လာတဲ့ အခါ ပိတ်ဆို့တတ်ဟဲ့ နိဝရဏတရားတွေကင်းတယ်၊ နိဝရဏကင်းတဲ့ စိတ်ဟာ ကြည်လင်တယ်၊ အထူးသဖြင့် သန့်ရှင်းတယ်၊ မနောက်ကျုံ့ဘူး၊ ဒါကြောင့် သဒ္ဓါဟာ ကြည်လင်စေခြင်း လက္ခဏာ ရှိတယ်"

မိလိန္ဒမင်း ။ ။"ဥပမာကို မိန့်မြွက်တော်မူပါဦးဘုရား"

အရှင်နာဂသိန်။ ။"မင်းမြတ်.... စကြဝဠာတမ်းမင်းဟာ စစ်အင်္ဂါ မျိုးစုံနဲ့ ခရီးရှည်သွားတဲ့အခါ ချောင်းတစ်ခုကို ဖြတ်ကူးရတယ်၊ ဒီအခါမှာ ရေတွေဟာ

နောက်သွားတယ်။ ရှိုးနှစ်တော့ ဖြစ်သွားတယ်။သို့သော် စကြာဝဠာတေးမင်းက ရေကြည်ဘော်သောက်လိုတယ်လို့ မိန့်တော်မူတဲ့အခါ ရေကိုကြည်လင်စေနိုင်တဲ့ ပတ္တမြားလဲ ရှိတယ်ဆိုကြပါစို့။ ဒီတော့ ပတ္တမြားကိုယူပြီး ရေထဲချလိုက်တဲ့အခါ မှော်ကင်းသွားတယ်၊ အနုယ်ထိုင်သွားတယ်၊ ရေကြည်လာတယ်၊ သန့်ရှင်းလာတယ်၊ ညစ်နောက်နောက် မဟုတ်တော့ဘူး။ အဲဒီအခါကျမှ သောက်တော်ရေ ဆက်ကြတယ်။

"မင်းမြတ်.... ဒီဒီ ဥပမာအတိုင်းပဲ၊ စိတ်ကို ရေကဲ့သို့ မှတ်ရမယ်။ တရားအားထုတ်သူကို စစ်သည် ရဲမက်တွေကဲ့သို့ မှတ်ရမယ်။ ကိလေသာကို မှော်အညစ်အကြေးကဲ့သို့ မှတ်ရမယ်။ သဒ္ဓါတရားကို ပတ္တမြားကဲ့သို့ မှတ်ရမယ်။ ပတ္တမြားကို ရေထဲထည့်ရိုးနှင့် မှော်တွေ ရှိညှိုတွေ ကင်းစင်သွားသလို၊ သန့်ရှင်းသွားသလို သဒ္ဓါတရား ဖြစ်လာတဲ့အခါမှာ နိဝရဏကင်းတယ်။ နိဝရဏကင်းတော့ စိတ်ကြည်တယ်။ စိတ်သန့်ရှင်းတယ်။ စိတ်မညစ်နွမ်းဘူး။ သို့ဏတ္တက် သဒ္ဓါဟာ ကြည်လင်စေခြင်း လက္ခဏာရှိတယ်"

သဒ္ဓ ၏ ပြေးဝင်ခြင်း လက္ခဏာ

မိလိန္ဒမင်း ။ ။"အရှင်ဘုရား.... သဒ္ဓါသည် ဘယ်လို မျိုး ပြေးဝင်တဲ့လက္ခဏာ ရှိပါသလဲ"

အရှင်နာဂသိန်း။ ။"မင်းမြတ်.... တရား အားထုတ်တဲ့ ယောဂီမျိုးသည် သူတစ်ပါး တရားတွေရတာ ကြည်ပြီး အားကျ၍ မင်ဖိုလ် တရားထူးရအောင် အားထုတ်ဖို့ စိတ်တက်သန်တယ်။ ကြိုးစားတယ်။ မရုသေးတဲ့

မင်ဖုံ၏ ရှေအောင်လဲ ကြိုးစားအားထုတ်တယ်။ အဲ့ဒါကို ပြေးဝင်တဲ့ လက္ခဏာ ရှိတယ်လို့ ခေါ်တယ်''

မိလိန္ဒမင်း။ ''ဥပမာ ပေးတော်မူပါဦး ဘုရား''

အရှင်နာဂသိန်း။ ''မင်းမြတ်... ရေပြည့်လျှံနေတဲ့ မြစ်ကို လူတွေ တွေ့တဲ့အခါ အတိမ် အနုက်ကို မသိဘဲ ကြောက်လန့်ပြီး မကူးဝံ့ဘဲ ကမ်းစပ်မှာရပ်နေကြတယ်။ လူတစ်ယောက်က မိမိရဲ့ကိုယ်စွမ်း ကိုယ်စကို ယုံကြည်ပြီး မြစ်ထဲ ဆင်းကူးတယ်။ အဲ့ဒီ့လူ ကူးသွားတာ မြင်တော့ နောက်က လူတွေလဲ ကူးလိုက်ကြတယ်။

''အဲ့ဒီ့လိုပဲ. တရားအားထုတ်တဲ့ ယောဂီမျိုးဟာ သူ့တစ်ပါးတွေ အားထုတ်လို့ မဂ်ဖိုလ်ရတာ တွေ့ရ မြင်ရပြီး ကြားရပြီး အားကျပြီး မိမိကိုယ်တိုင်ကြိုးစားအားထုတ်လိုက်တဲ့ အခါ မဂ်ဖိုလ်ရတယ်။ မရသေးတဲ့ မဂ်ဖိုလ်ကိုလဲ ရအောင် ကြိုးစား အားထုတ်ရတယ်။ မင်းမြတ်.... အဲ့ဒါတွေဟာ ကုသိုလ်ဘက်ကို သဒ္ဓါက ပြေးဝင်တဲ့ လက္ခဏာတွေပဲ''

အရှင်နာဂသိန်သည် ဤသို့မိန့်တော်မူပြီးနောက် နိဂုံးချုပ်သဘောမျိုးလည်း ဆက်လက် မိန့်မြွက်တော်မူပြန်၏။

''ဒကာတော် မင်းမြတ်.... သဒ္ဓါတရားဖြင့် ဝဋ်ဆင်းရဲ ဝဲသြဃ သမုဒ္ဒရာကြီးကို ကူးခတ်လွှန်မြောက်နိုင်တယ်''

''သတိတရားဖြင့် သံသရာကြီးမှ လွတ်မြောက်နိုင်တယ်''

''ကြိုးစား အားထုတ်ခြင်းဖြင့် ဆင်းရဲဟူသမျှ လွတ်မြောက်နိုင်တယ်''

''ပညာဖြင့် စင်ကြယ်နိုင်တယ်လို့ ဗုဒ္ဓက သုံ့ယုတ်မှာ ဟောတော် မူခဲ့တယ်''

ဝိရိယ လက္ခဏာ

မိလိန္ဒမင်း ။ ။အရှင်ဘုရား....ဝိရိယသည် ဘယ်သဘော လက္ခဏာမျိုး ရှိပါသလဲ''

အရှင်နာဂသိန်း။ ။''မင်းမြတ်.... ဝိရိယဟာ ထောက်ကန်ခြင်း လက္ခဏာ ရှိတယ်။ ဝိရိယနှင့် ထောက်ကန်တားမယ်ဆိုရင် ဘာမျှ မပြိုပျက်နိုင်ဘူး''

မေး ။ ။''ဥပမာ ဆောင်တော်မူပါဦး ဘုရား''

ဖြေ ။ ။''မင်းမြတ်.... အိမ်တွေ ပြိုကျမယ်ကြံရင် လူတွေဟာ သစ်ဝါးတွေနဲ့ ထောက်ကန် ထားကြတယ်။ အဲဒီလို ထောက်ကန်ထားရင် မပြိုတော့ဘူးပေါ့။ အဲဒီလို ဝိရိယဟာ ထောက်ခြင်း လက္ခဏာ ရှိတယ်။ ဝိရိယနဲ့ ထောက်ကန်ထားမယ်ဆိုရင် ကုသိုလ်တရားတွေဟာ မပျက်စီးတော့ဘူးပေါ့''

မေး ။ ။ဒါ့ထက် အဖိုးတန်တဲ့ ဥပမာကိုဆောင် တော်မူပါဦး ဘုရား''

ဖြေ ။ ။''မင်းမြတ်.... စစ်သည် နည်းနည်း ကလေးကို စစ်သားအများကဝိုင်းတိုက် လို့ မခံနိုင်တဲ့အခါ ရှင်ဘုရင်က နောက်ထပ် စစ်ကူလွှတ်လိုက်ရင် နိုင်ရောပေါ့။ အဲဒီလိုပဲ ဝိရိယဟာ ထောက်ကန်ခြင်း လက္ခဏာ ရှိတယ်။ ဝိရိယနဲ့ ဇွဲနဲ့ ထောက်ကန် ထားလိုက်မယ်ဆိုရင် ဘာမှ မဆုတ်ယုတ်နိုင်ဘူး၊ မပျက်စီးနိုင်ဘူး''

''ဝိရိယနှင့် ကြိုးစားအားထုတ်လျှင် အကုသိုလ်ကို ပယ်နိုင်တယ်။ ကုသိုလ်တွေ ပွားထောတယ်။ အပြစ်ကို ပယ်နိုင်

တယ်။ အပြစ်ကင်းတာ မျှားလာတယ်။ ကိုလေသာမှ စင်ကြယ်အောင် မိမိကိုယ်ကို ပြုကျင့်နိုင်ကြောင်း ဗုဒ္ဓကိုယ်တိုင်က မိန့်တော်မူခဲ့တယ်။"

သတိလက္ခဏာ

မိလိန္ဒမင်း ။ ။"အရှင်ဘုရား သတိက ဘယ် လက္ခဏာမျှား ရှိပါသလဲ"

အရှင်နာဂသိန်း။ ။"မင်းမြတ် .. သတိက (၁) မပျောက်ပျက်စေခြင်း၊ (၂) သိမ်းဆည်းခြင်း လက္ခဏာရှိတယ်"

မေး ။ ။"အရှင်ဘုရား.... သတိက ဘယ်လိုမျှား မပျောက်ပျက်စေပါသလဲ"

ဖြေ ။ ။"မင်းမြတ်.... သတိရှိလာတဲ့ အခါမှာ ဒါက အကုသိုလ်၊ ဒါက အပြစ်ရှိတယ်၊ ဒါက မရှိဘူး၊ ဒါက ယုတ်တယ်၊ ဒါက မြတ်တယ် စသည်ဖြင့် ဒါတွေက ဗောဓိပက္ခိယတရား၊ ဟောဒါက သမထ၊ ဟောဒါက ဝိပဿနာ၊ ဟောဒါက အဝိဇ္ဇာ၊ဟောဒါက ဝိဇ္ဇာတည်းဟု မှတ်ပျောက်ပျက်စေတတ်ဖူး။ အဲဒါလို သတိတရားနဲ့ ကြိုးစားတဲ့ ယောဂီဟာ ရှောင်သင့်တာ ရှောင်တယ်၊ ဆောင်သင့်တာ ဆောင်တယ်၊လုပ်သင့်တာလုပ်တယ်၊ အဲဒီလို သတိကမပျောက်ပျက်အောင် လုပ်ဖတ်တဲ့လက္ခဏာရှိတယ်"

မေး ။ ။"ဥပမာပေးတော်မူပါဦး ဘုရား"

ဖြေ ။ ။"မင်းမြတ် .... စကြဝဠာတောင်းမင်းရဲ့ သက္ကာစိုးကာနန်းတိုင်း၊ညနေတိုင်း၊ စစ်သည်က ဣန္ဒြေ၊ ဆင်၊မြင်း၊ရထား၊ခြေ ဣန္ဒြေ၊ ရတနာတွေ

ကဏ္ဍာ ရှိပါသည်ဘုရားဟု မင်းကြီးကို သတိပေးတဲ့အခါ၊ မင်းကြီး သတိရမှတ်မိသလို၊ ဒီလိုပဲထားပြီး ရှေ့တော် ပွဲသဘောလျှင် ဒါက ကုသိုလ်၊ ဒါတွေက အကုသိုလ်တွေပဲ စသည်ဖြင့် သတိကရာ ရလာသောကြောင့် တရားအားထုတ်တဲ့ ယောဂီများဟာ မကောင်းတာ ရှောင်ပြီး ကောင်းတာ ဆောင်၍၊ မဆည်းကပ်သင့်တာ မဆည်းကပ်ဘဲ ဆည်းကပ် သင့်တာတွေ ဆည်းကပ်တယ်၊ အဲဒါကြောင့် သတိဆိုတာ မပျောက်ပျက်အောင် စောင့်ရှောက်တတ်တဲ့ လက္ခဏာရှိတယ်''

မေး ။ ''အရှင်ဘုရား....သတိဟာ ဘယ်လိုမျိုး သိမ်းဆည်းခြင်း လက္ခဏာ ရှိပါသလဲ''

ဖြေ ။ ''မင်းမြတ်.... သတိရှိလာရင် အကျိုး ရှိတာ-မရှိတာ၊ ကျေးဇူး မျိုးတာ-မမျိုးတာတွေ ဆင်ခြင် စဉ်းစားတတ်တယ်၊ အဲဒီလို ဆင်ခြင်တတ်လို့ တရားအားထုတ်တဲ့ ယောဂီဟာ အကျိုးမရှိတာတွေ ပယ်ပြီး အကျိုးရှိတာတွေ သိမ်းဆည်းတယ်။ အကျိုးမရှိတာတွေ ပယ်ပြီး ကျေးဇူးရှိတာတွေ သိမ်းဆည်းတယ်။ဒါကြောင့် သတိဟာ သိမ်းဆည်းခြင်း လက္ခဏာရှိတယ်လို့ ဆိုရခြင်းဖြစ်တယ် မင်းမြတ်''

မေး ။ ''အရှင်ဘုရား.... ဥပမာ ပြုစေချင်ပါသေးသည်''

ဖြေ ။ ''မင်းမြတ်....စကြဝဠာမင်းရဲ့ သားကြီး သြရသ်ဟာ၊ ဒီလူတွေက မင်းကြီးမှာ အကျိုးစီးပွားရှိတယ်၊ ဒီလူတွေက မရှိဘူး စသည်ဖြင့် ခွဲခြားပြီး သိကောင်းတယ်။ အဲဒီလိုသိတဲ့အတွက် အကျိုးစီးပွား

မရှိသူတွေကို ဖယ်ထုတ်ပြီး အကျိုးရှိတဲ့ လူတွေကိုသာ သိမ်းဆည်းတယ်။ အဲဒီလိုပဲ မင်းမြတ် ...သတိသာ:ရင် ကောင်း-မကောင်း ဆင်ခြင်မိဘယ်။ ဆင်ခြင်တဲ့အတွက် တရား အာ:ထုတ်တဲ့ ယောဂီမျာ:ဟာ မကောင်:တာကို ပယ်ပြီ: ကောင်:တာကို သိမ်:ဆည်:တယ်၊ ကျင့်ကြံအာ:ဘုတ်တယ်။

"အဲဒါကြောင့်လဲ သတိတရာ:ဟာ နေရာတိုင်:မှာလိုအပ်တယ်လို့ ဗုဒ္ဓကိုယ်တော်တိုင်က မိန့်တော်မူခဲ့ခြင်: ဖြစ်တယ် မင်:မြတ်"

သမာဓိလက္ခဏာ

မိလိန္ဒမင်:	॥	॥"အရှင်ဘုရား- သမာဓိသည် အဘယ် လက္ခဏာ ရှိပါသလဲ"
အရှင်နာဂသိန်	॥	॥"မင်းမြတ်...သမာဓိတရား:ဟာကြီ:မှု: ပြဋ္ဌာန်:ခြင်: လက္ခဏာရှိတယ်၊ကုသိုလ်တရား:အာ:လုံ:ဟာ သမာဓိကာ ပြဋ္ဌာန်:တယ်။ သမာဓိကိုပဲ ဦ:တည်ရတယ်။ သမာဓိမှာ ညွှတ်ကိုင်: ပေါင်:စည်:ခြင်: သဘော ရှိပေတယ်"
မေ:	॥	॥"ဥပမာ သဘောကို ကြာ:ပါစေဦ: ဘုရား:"
ဖြေ	॥	॥"မင်းမြတ် ... အင်္ဂါ လေ:ပါ:နှင့် စစ်စစ်ထွက်တဲ့ မင်:မျာ:ဟာ စစ်သည် တပ်သာ: ဘယ်လောက်ပင်မျာ:မျာ: မင်:သာလျှင် အကြီ:အမှု: ဖြစ်တယ်။ မင်:ရဲ့ အမိန့်အာဏာကိုပဲ နာခံရတယ်။ အာ:လုံ:ဟာ မင်:နှင့် ဆက်သွယ်ပေါင်:စည်:ခြင်:၊ မင်:ထံသို့ သက်

ရောက် ညွှတ်ကိုင်းခြင်းလာလျှင် ပြုကြတယ်။ တိုနည်းအတူပဲ ကုသိုလ်တရား အားလုံးဟာလဲ သမာဓိ တရားသာ ပြဋ္ဌာန်းတယ်။ အားလုံး သမာဓိပေါ်မှာ အခြေခံတယ်။ သမာဓိကိုပဲ စုပေါင်း ဝိုင်းအုံကြရတယ်။ သမာဓိဟာ ဤကဲ့သို့ပင် ကြီးမှူး ပြဋ္ဌာန်းခြင်း လက္ခဏာရှိတယ် မင်းမြတ်။

"ဗုဒ္ဓကိုယ်တော်တိုင်က ချစ်သားတို့ သမာဓိ တည်အောင် ပွားများ အားထုတ်ကြ၊ သမာဓိ တည်တဲ့သူဟာ အမှန် တရားကို သိနိုင်တယ်-ဟု မိန့်မြွက်ခဲ့ခြင်းဟာ ယခု ဆိုခဲ့ပြီး သားတော်ကြောင့်ပင် ဖြစ်ပေတယ် မင်းမြတ်"

ပညာ၏ လက္ခဏာ

မိလိန္ဒမင်း	။	။"အရှင်ဘုရား.... တပည့်တော် မေးပါရစေဦး၊ ပညာသည် အဘယ် လက္ခဏာ ရှိပါသလဲ"
အရှင်နာဂသိန်	။	။"မင်းမြတ် .. ငါသည် မနသိကာရ ပုစ္ဆာ ကတည်းက ပညာဟာ ပိုင်းဖြတ်ခြင်း လက္ခဏာ ရှိတယ်လို့ ဖြေခဲ့တယ်။ တစ်နည်းက တော့ ပညာဟာ ထွန်းလင်းတောက်ပြောင်ခြင်း လက္ခဏာ ရှိတယ်"
မေး	။	။"အရှင်ဘုရား....ပညာက ဘယ်လို ထွန်းလင်း တောက်ပြောင်ခြင်း လက္ခဏာ ရှိပါသလဲ"

ဖြေ ။ ။"မင်းမြတ်.... ပညာ ရှိလာတဲ့ အခါ အဝိဇ္ဇာ အမိုက်မှောင်ကို ဖြိုခွင်းဖျက်ဆီးတယ်။ ဝိဇ္ဇာဉာဏ် အလင်းရောင်ကို ဖြစ်စေတယ်။ ပညာဉာဏ် အရောင်အလင်းကယွန်းပြလိုက်တဲ့အခါ အရိယသစ္စာတွေဟာ ထင်ရှား ပေါ်လွင်လာကြတယ်။ ထင်ထင်ရှားရှားကြီး သိမြင်ရခြင်းအားဖြင့် တရားအားထုတ်တဲ့ ယောဂီဟာ 'အားလုံးဖြစ်ပြီး ပျက်နေကြတယ်။ ဘာမှ မြဲတာမရှိဘူး။ ဒီလို မမြဲတဲ့ သင်္ခေါတရားတွေဟာ ဆင်းရဲဒုက္ခတွေသာ ဖြစ်တယ်။ ဘာမှ တယ်တာ မက်မောစရာ အနှစ်သာရ မရှိ။ ငါပိုင် ငါဆိုင်တယ် လို့ ထင်နေတာ တစ်ခုမှ မဟုတ်ဘူး။ အားလုံး သူ့သင်္ခေါနဲ့သူ ဖြစ်နေတဲ့ အနတ္တ တရားတွေပဲ'လို့ အသိမှန် အမြင်မှန်တဲ့ ဉာဏ်နဲ့ ဆင်ခြင် သုံးသပ်နိုင်တယ်"

မေး ။ ။"ဥပမာဆောင်တော်မူပါဦး ဘုရား"

ဖြေ ။ ။"မင်းမြတ်.... အိမ်ထဲမှာ မှောင်နေလို့ မီးထွန်းလိုက်ရင် အမှောင်ပျောက်သွားတယ်။ အလင်းရောင် ပေါ်လာတယ်။ အဲဒီ့ အလင်းရောင်ကြောင့် အရာဝတ္ထု အားလုံးဟာ ထင်ရှား ပေါ်လွင်လာကြတယ်။ မင်းမြတ်.... အဲဒီ့ ဥပမာလိုပဲ ဉာဏ်ပညာ ဖြစ်ပေါ်လာတဲ့အခါ အဝိဇ္ဇာ အမိုက်မှောင်ကို ဖြိုခွင်းပစ်လိုက်တယ်။ ဝိဇ္ဇာဉာဏ် အရောင်အလင်းကို ဖြစ်ပေါ်စေတယ်။ အဲဒီ့ ဝိဇ္ဇာ အလင်းရောင်က ထွန်းပြလိုက်တဲ့အခါ အရိယ သစ္စာတရားများဟာ ပေါ်လွင် ထင်ရှားလာတယ်။ အဖြူအမည်းကွဲပြားကြတယ်။ အဲဒီ့လို ပညာဉာဏ် အလင်းရောင်က ထွန်းပြလိုက်တဲ့အခါ တရားအားထုတ်ကဲ့ ယောဂီပုဂ္ဂိုလ်ဟာ "ဒုက္ခ

ကြီးမှာ ဘာမှ အမြဲမရှိပါကလား....၊ ဒီလိုမမြဲတာတွေဟာလဲ အားလုံး ဆင်းရဲဒုက္ခတွေချည်းပါကလား....၊ ဒါတွေဟာ ဘာမှ သာယာဖို့ ဇာတ်မက်တွယ်တာဖို့ အနှစ်သာရ မရှိပါကလား....၊ ငါပိုင် ငါဆိုင်လို့ ဟင်နေတာဟာ စင်စစ်မဟုတ်ပါကလား....'လို့ မှန်ကန်တဲ့အသိဉာဏ်နဲ့ ရှုမြင် သုံးသပ်နိုင်တယ်။ ဒါ့ကြောင့် ပညာအရောင်ဟာ ထွန်းပြောင်ခြင်း လက္ခဏာ ရှိတယ်''

ဇာရားတွေက အမျှားကြီး၊ အကျိုးတရားက တစ်ခုထဲ

ဤသို့လျှင် ပုစ္ဆာပေါင်းများစွာ၏ အဖြေကို ကြားသိရသည့်အခါ မိလိန္ဒမင်းသည် တရားပေါင်းများစွာ အကြောင်း အချက်ပေါင်း များစွာဖြစ်သော်လည်း နောက်ဆုံး သက်ရောက် ပေးစွမ်းအပ်သော အကျိုးတရားမှာမူ တစ်ခုတည်း သာလျှင် ဖြစ်ပါကလားဟု တွေးတင်လာမိ၏။ ဆင်ခြင် သုံးသပ်မိ၏။ သို့ဖြင့် အရှင်နာဂသိန်အား တသီးတသန့် မေးလျောက်ရပြန်သည်။

မိလိန္ဒမင်း ။ ။''အရှင်ဘုရား.... အရှင်ဘုရား မိန့်ဆိုခဲ့သည့် တရားများမှာ အတော်ပင် များသွားပါပြီ။ သို့သော်- အကျိုးတရားကိုမူ တစ်ခုတည်းသာ တွေ့ရပါသည်။ ဘာ့ကြောင့် ဤသို့ဖြစ်ရပါသလဲဘုရား''

အရှင်နာဂသိန် ။ ။''မင်းမြတ်....တရားတွေ အများကြီး ဖြစ်ပေမယ့် ကိလေသာကို သတ်တဲ့ အကျိုးတရား တစ်ခုတည်းသာ ရှိတယ်ဆိုတာ မှန်တယ်''

မေး ။ ။"အရှင်ဘုရား... တရားတွေများပြီး အကျိုးတရားက ဘာကြောင့် တစ်ခု တည်း ရှိပါသလဲ။ ဥပမာ ပြတော်မူပါဦး ဘုရား"

ဖြေ ။ ။"မင်းမြတ်... ဆင်တပ်၊ မြင်းတပ်၊ ရထားတပ်၊ ခြေလျင်တပ်၊ ဒီစစ်တပ်တွေ တစ်ပုံတမကြီး ရှိသော်လည်း ရည်ရွယ်ချက်ကတော့ တစ်ဖက် ရန်သူကို နိုင်အောင်တိုက်ဖို့၊ အပြတ်အသတ် နှိမ်နင်းဖို့ပဲ မဟုတ်လား။ အဲဒီဥပမာအတိုင်းပဲ မင်းမြတ်၊ တရားတွေ ဘယ်လောက်များများ ကိုယ်လသာကိုသတ်ဖို့ အကျိုးတရား တစ်ခုတည်းပဲ ရှိပေတယ်"

လျော်ကန်သော ဥပမာနှင့်ဘက္ခု ကြောင်းကျိုးဆက်စပ်စွာ ရှင်းပြအပ်သည်များကို ကြားနာရသောအခါ မိလိန္ဒမင်းသည် အရှင်နာဂသိန်အား ဆထက်တိုး၍ ကြည်ညိုမြတ်နိုးခြင်း ဖြစ်ရပြန်သည်။ အဖြေပေါင်းများစွာအတွက် အရှင်မြတ် ပင်ပန်း နှမ်းနယ်တော်မူမည်ကိုလည်း ဆင်ခြင် သတိရမိသည်။ သို့သော် ပညာရှိ သူတော်ကောင်းတို့၏ စကားကို ကြားနာမှုခြင်း ဟူသည့် ရောင့်ရဲတင်းတိမ်ခြင်းငှာ မစွမ်းသာသည်မျိုး ဖြစ်ရကား မိလိန္ဒမင်းသည် သိလိုကြားလိုသည်များကို ဆက်လက်ပြီး မေးလျှောက်ပြန်လေသည်။

တရားအစဉ် ဆက်စပ်ပုံ

မိလိန္ဒမင်း ။ ။"အရှင်ဘုရား.... လူတစ်ဦး တစ်ယောက်ဟာ နောက်ဘဝမှာ ပဋိသန္ဓေပြန်နေရဦးမည်ဆိုပါဘာ့ အဲဒီလူဟာ ရှေးဘဝကလူပဲလား ..

ဒါမှမဟုတ် တခြားလူပဲလား ဘိုးဘဘကို ခဲခြားပြီး အမိန့်ရှိ ပါဦး ဘုရား''

အရှင်နာဂသိန် ။ ။''မင်းမြတ်.... ပဋ္ဌိသင်္ခေါ် တစ်ဖန် ပြန် ဖန်သူဟာ ရှေးဘဝက လူလဲ မဟုတ်ဘူး၊ တစ်ခြားလူလဲ မဟုတ်ဘူး''

မေး ။ ။''ဥပမာ-ပေးတော်မူပါဦးဘုရား''

ဖြေ ။ ။မင်းမြတ်.... ဒီအချက်ကို မင်းမြတ် ဘယ်လို ယူဆထားပါသလဲ၊ မင်းမြတ်ဟာ နှစ်ကိုအရွယ် ငယ် စွာ သော နောက်နောက် အခါက ပက်လက်အိပ်တတ်တဲ့ ကလေးဘဝ ဖြစ်ခဲ့ဘူးတယ် မဟုတ်လား၊ အဝုလို ကြီးပြင်းလာတဲ့ မင်းမြတ်ဟာ အဲဟို ကလေး ငယ်ပင် ဖြစ်သလား''

မိလိန္ဒမင်း ။ ။''အရှင်ဘုရား.... ဤသို့ မဟုတ်ပါ။ ထိုစဉ် ပက်လက်အိပ်တဲ့ ကလေး သူ ငယ်က တခြား၊ ယခုကြီးပြင်းလာတဲ့ တပည့်တော်က တခြား ဖြစ်ပါတယ်''

အရှင်နာဂသိန် ။ ။''မင်းမြတ်.... ဒီလို ငယ်တဲ့ လူက တခြား၊ ကြီးပြင်းလာတဲ့လူကတခြား ဆိုရင် အပေါ၊ အဖေ၊ ဆရာသမား၊ အတတ်တတ်သူ၊ သီလရှိ သူ၊ ပဉ္ဇာရှိသူ ဟူ၍ ဖြစ်နိုင်တော့မည် မဟုတ်''

''မင်းမြတ်.... ဘယ်လိုပါလဲ၊ ကလလ ရေကြည်တည်တုန်း က အမေတစ်ယောက်၊ အမြုပ်ကျတော့ အမေတစ်ယောက် လား၊ ပဋ္ဌိသင်္ခေါ် နေတုန်းက အမေတစ်ယောက် မွေးလာတော့ အမေတစ်ယောက်လား''

"ငယ်ငယ်တုန်းက အမေတစ်ယောက်၊ ကြီးလာတော့ အမေတစ်ယောက်လား၊ ပညာသင်တာက တစ်ယောက်၊ တတ်တာက တစ်ယောက်လား၊ မိုက်မဲ ဆိုးသွမ်းတာက တစ်ယောက်၊ လက်ခြေ အဖြတ်ခံရတာက တစ်ယောက်လား၊ မင်းမြတ်.... စဉ်းစားပါဦး"

မိလိန္ဒမင်း ။ ။"အရှင်ဘုရား.... ဒီလိုပေါ့ မဟုတ်ပါ။ အရှင်ဘုရားကို ဒီလိုပဲ သူတစ်ပါးတွေက မေးလာရင် အရှင်ဘုရား ဘယ်လို ဖြေဆိုပါ့မည်လဲ"

အရှင်နာဂသိန် ။ ။"မင်းမြတ်.... ငါ့ကိုမေးရင် ဟိုငယ်ငယ် ကလေးလေ ငါပဲဖြစ်၍ အခုကြီးလာတာလဲ ငါပဲဖြစ်တယ်။ အာဝုံးလုံး ငါ့ကို အကြောင်းပြု၍ အရွယ်အမျိုးမျိုး ဖြစ်ရတယ်။ အာဝုံးသိမ်းကြုံးပြီး ငါလို့ပဲ သတ်မှတ်ရတယ် ခေါ်ဆိုရတယ်"

မိလိန္ဒမင်း ။ ။"ဥပမာ သဘောအာဝုံးဖြင့် သိပါရစေဦး ဘုရား"

အရှင်နာဂသိန် ။ ။"မင်းမြတ်.... လူတစ်ယောက်ဟာ မီးတိုင် လွှန်းလိုက်မယ် ဆိုပါတော့ အဲဒီမီးဟာ တစ်ညလုံး လင်းပါ့မလား"

မိလိန္ဒမင်း ။ ။"အရှင်ဘုရား.... လင်းနေပါလိမ့်မည်"

အရှင်နာဂသိန် ။ ။"ဒါဖြင့် မင်းမြတ်.... ညဉ့်ဦးယံ မီးတောင်ပေါ်ဟာ သန်းခေါင်ယံက မီးတောက်လား၊ သန်းခေါင်ယံမှာ တောက်နေတဲ့ မီးတောက်ဟာ ညဉ့်ဦးယံက မီးတောက်လား၊ မိုးသောက်ယံမှာ တောက်နေတဲ့ မီးတောက်ဟာ သန်းခေါင်ယံက မီးတောက်လား"

မိလိန္ဒမင်း ။ ။"မဟုတ်ပါ ဘုရား"

အရှင်နာဂသိန် ။ ။"မင်းမြတ် ဘယ်လို တခြားစီပဲလဲ"

မိလိန္ဒမင်း ။ ။"တခြားစီလဲ မဟုတ်ပါ ဘုရား.... ညဉ့်ဦးယံ မီးတောက်ကို အကြောင်းပြု၍ တစ်ညလုံး တောက်ပနေခြင်းသာ ဖြစ်ပါတယ် ဘုရား"

အရှင်နာဂသိန် ။ ။"ထို့အတူပဲမင်းမြတ်....တရား အစဉ်အဆက်ဆိုတာ ရှေနောက် ဆက်စပ်နေတယ်။ တစ်ခုက ဖြစ်ပေါ်လာတယ်။ တစ်ခုက ချုပ်ငြိမ်းသွားတယ်။ မရှေးမနှောင်း တစ်ပြိုင်နက် ရှေနောက် ဆက်စပ်နေတယ်။ ဒီလို တစ်ပြိုင်နက် သဘောမျိုး ရှေနောက် ဆက်စပ်နေတဲ့အတွက် ရှေးဘဝက လူလဲ မဟုတ်ဘူး၊ တခြားလူလဲ မဟုတ်ဘူး၊ ရှေးဘဝက ဝိညာဉ်ဟာ နောက်ဘဝက ဝိညာဉ် တရားမှာ လာပြီး ပေါင်းစုံခြင်းသာ ဖြစ်တယ်"

မိလိန္ဒမင်း ။ ။"ဒါထက် စိတ်ဝင်စားဖွယ် ဥပမာ ပြပါဦး ဘုရား"

အရှင်နာဂသိန် ။ ။"မင်းမြတ်.... အခု လောလောဆယ် ညှစ်ထားတဲ့ နွားနို့ဟာ အချိန်ကြာလာရင် နို့ဓမ်း၊ နို့ဓမ်းကနေ ဆီဦး၊ ဆီဦးကနေ ထောပတ် ဖြစ်သွားတယ်။

''ဒဲ့ဒီအခါမှ နွားနို့ကိုပဲ နို့ခမ်း၊ ဆီဦး၊ ထောပတ်လို့ ပြောရင် မှန်တယ်လို့ ဆိုနိုင်ပါ့မလား''

မိလိန္ဒမင်း ။ ။''မဆိုနိုင်ပါ ဘုရား၊ နို့ကိုအကြောင်း ပြု၍သာ ဖြစ်တယ်လို့ ပြောနိုင်ပါတယ် ဘုရား''

အရှင်နာဂသိန် ။ ။''မင်းမြတ်... ဒီနည်းအတူပဲ။ တရား အစဉ်အဆက် ဆိုတာ ရှေ့နောက် ဆက်စပ်နေတယ်။ တစ်ခုက ဖြစ်လာတယ်၊ တစ်ခုက ချုပ်သွားတယ်။ အဲဒီလို ဖြစ်လိုက် ချုပ်လိုက်နဲ့ မရှေးမနှောင်း တစ်ပြိုင်နက်လို့ ရှေ့နောက် ဆက်စပ်နေတယ်။ ဤကဲ့သို့ ဖြစ်ပျက် ဆက်စပ်နေတဲ့အတွက်ကြောင့်ပဲ၊ ရှေးဘဝက လူလဲမဟုတ်၊ ရှေးဘဝက လူမှတစ်ပါး တခြားလူလဲ မဟုတ်၊ ရှေးဘဝက ပိညာဉ်ဟာ နောင်ဘဝ ဝိညာဉ်မှာလာပြီး ပေါင်းဆုံခြင်းသာ ဖြစ်ပေတယ်''

ပဋ္ဌိသန္ဓေ မနေရတာကြောင်း သိ-မသိ

မိလိန္ဒမင်း ။ ။''အရှင်ဘုရား.... နောက်တစ်ဖန် ပဋ္ဌိသန္ဓေ မနေရမယ်လို့ဟာ ဘယ်ပါ ပဋ္ဌိသန္ဓေ မနေရတော့ဘူး ဆိုတာ သိပါသလား''

အရှင်နာဂသိန် ။ ။''မင်းမြတ်....အကြောင်းအာဒီးလျှော်စွာ နောက်တစ်ဖန် ပဋ္ဌိသန္ဓေ မနေရတော့မည့် သူဟာ ဘယ်ပါ ပဋ္ဌိသန္ဓေ မနေရတော့ဘူး ဆိုတာကို အသေအချာ သိပါတယ်''

မိလိန္ဒမင်း ။ ။"ဘယ်လိုနည်းနဲ့ သိနိုင်ပါသလဲ ဘုရား"

အရှင်နာဂသိန်း။ ။"မင်းမြတ်.... ပဋိသန္ဓေ နေရမယ့်အလုပ် တွေကို နောက်ထပ် မလုပ်လို့ဘဲ ဖြစ်တယ်"

မိလိန္ဒမင်း ။ ။"ဥပမာ ယုဇဉ်စပ်တော် မူပါဦးဘုရား"

အရှင်နာဂသိန်း။ ။"မင်းမြတ်....လယ်သမား တစ်ယောက်ဟာ လယ်ထဲကထွက်တဲ့စပါးတွေကို ကျီတဲသွင်းထားပြီး ထိုင်စားနေမယ်၊ ပေးချင်လဲ ပေးပစ်မယ်၊လှူချင်လဲ လှူပစ်မယ်ဆိုရင် အဲဒီလူဟာ ငါ့ကျီထဲမှာ စပါးတွေအပြည့်ရှိတော့မှာ မဟုတ်တော့ဘူးလို့ အတတ်မသိနိုင်ပေဘူးလား"

မိလိန္ဒမင်း ။ ။"မှန်ပါ၊ သိနိုင်ကြောင်းပါဘုရား"

အရှင်နာဂသိန်း။ ။"ဘာ့ကြောင့် သိနိုင်ပါသလဲ မင်းမြတ်"

မိလိန္ဒမင်း ။ ။"နောက်ထပ်ပြီး စပါး မထည့်သွင်းလို့ ပါ ဘုရား"

အရှင်နာဂသိန်း။ ။"မှန်ပေတယ် မင်းမြတ်....ပဋိသန္ဓေ နေရာ အောင် သို့မဟုတ် ပဋိသန္ဓေနေရစေမယ့် အလုပ်တွေကို တစ်ခါတစ်ခါ မလုပ်တော့ဘူးဆိုရင် နောက်တစ်ဖန် ထပ်မံဖြည့်သွင်းခြင်း မရှိတဲ့အတွက် ကျီထဲမှာရှိထားနှင့်ပြီး စပါးတွေကုန်သွားသလို ပဋိသန္ဓေနေရမှာ အကြောင်းတွေလဲ ကုန်သွားတယ်! ဘိုကြောင့်ပင် ငါသည် နောက်တစ်ဖန် ပဋိသန္ဓေ မနေရတော့ဘူးဆိုတာကို အသေအချာသိနိုင်ခြင်း ဖြစ်ပေတယ်"

မိလိန္ဒမင်း ။ ။"အရှင်ဘုရား.... အသိဉာဏ်ရှိတဲ့ လူတိုင်း ပညာ ရှိကြပါသလား"

အရှင်နာဂသိန်။ ။"မင်းမြတ်.... အသိဉာဏ်ရှိတဲ့ လူတိုင်း ပညာရှိကြပါတယ်"

မိလိန္ဒမင်း ။ ။"ဉာဏ်နှင့် ပညာမှာ အတူတူပင် ဖြစ်ပါသလား ဘုရား"

အရှင်နာဂသိန်။ ။"မှန်ပေတယ် မင်းမြတ်....ဉာဏ်လဲပညာ၊ ပညာလဲဉာဏ်ဖြစ်၍ ဉာဏ်နှင့် ,ပညာသည် အတူတူပင် ဖြစ်ပေတယ်"

မိလိန္ဒမင်း ။ ။"အရှင်ဘုရား....ပညာရှိမျှား၊ အသိဉာဏ် ပညာရှင်မျှားသည် တွေ့ဝေ ကြခြင်း ရှိ-မရှိ သိပါရစေဘုရား"

အရှင်နာဂသိန်။ ။"မင်းမြတ်.... ပညာရှိမျှားသည် အချို့အရာမှာ တွေ့ဝေ၍၊ အချို့အရာမှာ တွေ့ဝေခြင်း ကင်းကြပေတယ်"

မိလိန္ဒမင်း ။ "ဘယ်အရာမျှားမှာ တွေ့ဝေခြင်းဖြစ်ကြပါသလဲ ဘုရား"

အရှင်နာဂသိန်။ ။"မင်းမြတ်-မသိဘူး မတတ်ဘူးသေးတဲ့ အတတ်ပညာ၊မရောက်ဘူးသေးတဲ့အရပ်၊ မကြားဘူးသေးတဲ့အမည် ပညတ်မျှားမှာ တွေ့ဝေကြပါတယ်"

မိလိန္ဒမင်း ။ ။"ဘယ်အရာမျှားဌ် မတွေ့ဝေပါသလဲ ဘုရား"

အရှင်နာဂသိန်။ ။"မိမိကိုပြုလုပ် အားထုတ်ထားတဲ့ ဘာဝနာ ကံများကျတော့ မတွေ့ဝေတော့ဘူး မင်းမြတ်"

မိလိန္ဒမင်း ။ ။"မှန်ပါ.... ဘာဝနာ ကံကို ပြုလုပ်အားထုတ်ထားတဲ့ ပညာရှိတွေကျတော့ အဲဒီတွေ့ဝေမှုမျိုးဟက ဘယ်ရောက်သွားပါသလဲ ဘုရား"

အရှင်နာဂသိန်။ ။"မင်းမြတ်.... အသိဉာဏ်ပညာ ဖြစ်ပေါ်လာတဲ့အခါ မောဟဟာ တစ်ခါတည်း ထွက်ပြေးတော့တာပဲ"

မိလိန္ဒမင်း ။ ။"အရှင်ဘုရား....ဥပမာသဘောကို သိပါရစေဦး"

အရှင်နာဂသိန်။ ။"မင်းမြတ်....လူတွေဟာ မှောင်လာရင် မီးမထွန်းကြပေဘူးလား"

မိလိန္ဒမင်း ။ ။"မှန်ပါ.... ထွန်းကြပါတယ် ဘုရား"

အရှင်နာဂသိန်။ ။"အဲဒီလိုမီးထွန်းလိုက်တဲ့အခါ အမှောင်ပျောက်သွားတယ်၊ အလင်းရောင်ပေါ်လာတယ်၊ သည်လို အလင်းရောင် ပေါ်လာတိုင်း အမှောင်ပျောက်သွားရသလို အသိဉာဏ်ပေါ်လာတိုင်းမှာလဲပဲ တွေ့ဝေမှု မောဟဟာ ထွက်ပြေး ကိမ်းရှောင် သွားရပေတယ် မင်းမြတ်"

မိလိန္ဒမင်း ။ ။"အရှင်ဘုရား.... သို့ဆိုလျှင် ပညာကလော ဘယ်ရောက်သွားပါသလဲ"

အရှင်နာဂသိန်။ ။''မင်းမြတ်....ပညာကတော့ မိမိလုပ်ကိုင်ဆောင်ရွက်စရာတွေ ပြီးတဲ့အခါ သူလဲ ပျောက်သွားတာပဲ၊ သို့သော် ပညာနဲ့လုပ်ထားတဲ့ အလုပ်ကတော့ ပျောက်မသွားပေဘူး''

မိလိန္ဒမင်း။ ။''အရှင်ဘုရား....ပညာကတော့ လုပ်စရာကိုင်စရာတွေ လုပ်ကိုင်ပြီး ပျောက်သွားတယ်။သူလုပ်ထားတဲ့အလုပ်ဘာဝနာကံတွေကတော့မပျောက်ဖူးလို့ အမိန့်ရှိတယ်၊ အဲဒါကို ဥပမာပေးပါဦး ဘုရား''

အရှင်နာဂသိန်။ ။''မင်းမြတ်.... လူတစ်ယောက်ဟာ စာပေးစရာရှိလို့ ညအခါ မီးထွန်းပြီး စာရေးတယ်၊ စာရေးပြီးတော့ မီးကိုငြိမ်းလိုက်တယ်၊ မီးငြိမ်းသွားပေမယ့် ရေးထားတဲ့စာကတော့ ပျောက်မသွားကူး၊ ဒီလိုပဲ မင်းမြတ်.... ပညာက သူလုပ်စရာရှိတာ လုပ်တယ်၊ လုပ်ပြီး ပျောက်သွားတယ်၊ ဒါပေမယ့် သူလုပ်ထားတဲ့အလုပ်တွေကတော့ ထင်ထင်ရှားရှား ကျန်ခဲ့တယ်။ ပျောက်မသွားပေဘူး''

မိလိန္ဒမင်း။ ။''နောက်ထပ် စိတ်ဝင်စားဖွယ် ဥပမာကိုဆောင်ကော်မူပါဦး ဘုရား''

အရှင်နာဂသိန်။ ။''မင်းမြတ်.... ဆေးဆရာ တစ်ယောက်ဟာ ဆေးမြစ်ငါးခုကို ယူပြီး လူနာထံသွားတယ်။ အဲဒီအမြစ်တွေ ကြိတ်တိုက်လို့ ရောဂါ ပျောက်သွားတယ်။ မင်းမြတ်.... ဘယ်လိုလဲ၊ အဲဒီ ဆရာဟာဆေးမြစ်တွေကို ထပ်ပြီး အသုံးချဖို့ လိုသေးသလား''

မိလိန္ဒမင်း။ ။''မလိုဘူးပါဘုံ ဘုရား....''

အရှင်နဲ့ဂဃသိန်။ ။"မှန်တယ်မင်းမြတ်၊ အသုံး မလိုတော့ ဘူးပေါ့၊ ရောဂါက ပျောက်သွားပြီ ကိုး။မင်းမြတ် ဆေးမြစ်ငါးပါးကို ဂျွန်ဒြေငါးပါးလို့မှတ်သား ရမယ်။ ဆေးဆရာကို တရားအာဝုတ်သူလို့ မှတ်သား့ရမယ်။ အနာရောဂါကို ကိလေသာလို့ သဘောထား့ရမယ်။ ပုထုဇဉ်လို့ လူနဲ့ကဲ့သို့ မှတ်သားရမယ်။

"ဆေးမြစ်ကြောင့် ရောဂါပျောက်၊ ရောဂါ ပျောက်ခြင်းကြောင့် လူနာမရှိ ကျန်းမာရဘိသကဲ့သို့ ဂျွန်ဒြေငါးပါးဖြင့် ကိလေသာကို ဖျက်ဆီးပစ်ရမယ်။ အဲ့ဒီလို ဖျက်ဆီးပစ်လိုက်ရင် နောက်ထပ် ကိလေသာ မဖြစ်တော့ဘူး မင်းမြတ်၊ ဒါကြောင့် ပညာဟာ မိမိပြုလုပ်စရာများကို ပြုလုပ်ပြီး ချုပ်ပျောက်သွားသော်လည်း ပညာနဲ့ ပြုလုပ်ထား့တဲ့ ဘာဝနာ-ကံတွေကတော့ မပျောက်မပျက် ရှိနေခြင်း ဖြစ်ပေတယ်"

"မင်းမြတ်.... နောက်ထပ် ဥပမာ တစ်ခုကတော့ မြားငါးစင်းယူပြီး စစ်တိုက်သွား့တဲ့ ယောဂျားဟာ စစ်မြေပြင်ရောက်တဲ့အခါ အဲ့ဒီ မြားငါးစင်းနဲ့ တစ်ဖက်စစ်သည်တွေကို အနိုင်ဖြိုခွင်းပစ်လိုက်တယ်၊ မင်းမြတ်.... အဲ့ဒီ စစ်သည်သူရဲ့ ကောင်းဟာ ပစ်လွှတ်ပြီးသား မြားတွေကို လိုက်ကောက်ပြီး ပြန်အသုံးချဖို့ စိတ်ကူးပါဦးမလား"

မိလိန္ဒမင်း ။ ။"မှန်ပါ.... စိတ်မကူးတော့ပါ၊ အဲ့ဒီ မြားတော့ဟာ အသုံးလဲ့ မဝင်တော့ပါ ဘူး ဘုရား"

အရှင်နာဂသိန်။ ။"မင်းမြတ်...မြား ငါးစင်းကဲ့သို့ ဤနေ့ငါးပါးကို မှတ်ပါ၊ စစ်သည် သူ့ရဲ့ဆောင်းကဲ့သို့ ဟရုံးအားထုတ်သူကို မှတ်ပါ၊ ရန်သူစစ်သည်ကဲ့သို့ ကိုယ်လေသာကို မှတ်ပါ၊ မြား ငါးစင်းကြောင့် တစ်ဖက်စစ်သည်မျှား ပျက်စီးသွားရသကဲ့သို့ ဤနေ့ငါးပါးကြောင့် ကိုယ်လေသာတော့ ပျက်စီးသွားရတယ်၊ ပျက်စီးသွားတဲ့ ကိုယ်လေသာကြောင့်ဟာ နောက်ထပ် မဖြစ်ကြတော့ဘူး၊ ဒီနည်းအတိုင်းပဲ မင်းမြတ်.... ပညာက မိမိလုပ်စရာရှိတာ လုပ်ပြီးပြီးချင်း ချုပ်ပျောက်သွားတယ်၊ ပညာအားလျော်စွာ လုပ်ကိုင်အားထုတ်ထားတဲ့ ဘာဝနာတွေကတော့ မပျောက်ပျက်ပေဘူး"

ပဋ္ဌသန္ဓေ မနေရတော့သူမျှား ဝေဒနာ ခစားမှုခစား

မိလိန္ဒမင်း ။ ။"အရှင်ဘုရား... နောက်ထပ် ပဋ္ဌိသန္ဓေ မနေံရတော့တဲ့ ရဟန္တာ အရှင်မြတ်တွေဟာ ဝေဒနာ တစ်ခုခုမျှား ခံစားရပါသေးသလား"

အရှင်နာဂသိန်။ ။"မင်းမြတ်.... တချို့ဝေဒနာကို ခံစားရ၍ တချို့ဝေဒနာကိုတော့မခံစားရပေဘူး"

မိလိန္ဒမင်း ။ ။"အရှင်ဘုရား....ဘယ်ဝေဒနာတွေခံစားပြီး ဘယ်ဝေဒနာတွေကို မခံစားရပါသလဲ"

အရှင်နာဂသိန်။ ။"မင်းမြတ်.... ကိုယ်မှာဖြစ်တဲ့ ဝေဒနာတွေကို ခံစားကြရပြီး စိတ်မှာဖြစ်တဲ့ ဝေဒနာကိုတော့ မခံစားရတော့ဘူး"

မိလိန္ဒမင်း ။ ။"အရှင်ဘုရား . ကိုယ်မှာဖြစ်တဲ့ဝေဒနာ ကို ဘယ်လို ခံစားရပါသလဲ၊ စိတ်မှာ ဖြစ်တဲ့ဝေဒနာကိုတော့ ဘာကြောင့် မခံစားရပါသလဲ" အရှင်နာဂသိန်။ ။"မင်းမြတ်.... ရောဂါဝေဒနာ တစ်ခုခု စံကပ်လာမယ်၊ ထိခိုက်မယ် စသည်ဖြင့် ခန္ဓာကိုယ်မှာ တစ်ခုခု ဖြစ်လာရင်တော့ ဘယ်ပုဂ္ဂိုလ်ပဲဖြစ်ဖြစ် ကိုယ်၏ ဆင်းရဲခြင်းဆိုတဲ့ ရောဂါဝေဒနာကို ခံစားကြရပါတယ်"

"စိတ်မှာဖြစ်ပေါ်တဲ့ ဆင်းရဲခြင်း စိတ်ဝေဒနာ ဆိုတာက တော့ ဖြစ်ပေါ်စရာအကြောင်း မရှိတော့ဘူး။ အဲဒီလို အကြောင်းမရှိတဲ့အဘွဲ့ စိတ်ဝေဒနာ မခံစားရခြင်း ဖြစ်တယ်"

"ရဟန္တာ ပုဂ္ဂိုလ်များဟာ ကိုယ်တွင်းရောဂါ ဝေဒနာ များကိုလာ ခံစားကြရသည်။ စိတ်၏ ဆင်းရဲ စိတ်ဝေဒနာ များကိုမူ မခံစားကြရတော့ဟု ဂုဏ်ကိုယ်တော်တိုင် ဟော ကြားတော်မူခဲ့ပါတယ် မင်းမြတ်"

မိလိန္ဒမင်း ။ ။"အရှင်ဘုရား . ရဟန္တာ ပုဂ္ဂိုလ်တွေဟာ ခုကျဝေဒနာကို ခံစားကြရတယ် ဆိုရင် ဘာကြောင့်ပရိနိဗ္ဗာန် မပြုကြပါသလဲ"

အရှင်နာဂသိန်။ ။"မင်းမြတ်...ရဟန္တာ ပုဂ္ဂိုလ် တွေမှာ ချစ်ခင်မှုတဏှာနဲ့ငြိုငြင်ထိပါးမှု ဒေါသ မရှိကြတော့ဘူး၊ ရဟန္တာမျိုးဟာ ပညာရှိသူများဖြစ်၍ မရှင်တဲ့အသီးကို မချေကြဘဲ ရင့်အောင်သာ စောင့်တော် မူကြပါတယ်"

'သေမှာကို ငါမနှစ်သက်၊မသေဘဲ အသက်ရှည်နေ
မှာကိုလဲ ငါမနှစ်သက်၊ အသိဉာဏ်ပညာ ဦးစီးပြီး
သတိတရားနဲ့ ရှုမှတ်ပြီး သေရမည့်အချိန်ကိုသာ ငါ
စောင့်မျှော်နေတယ် မင်းမြတ်'

"သေတာကိုလဲ ငါမနှစ်သက်ဘူး၊ မသေဘဲ အသက်ရှင်နေတာကိုလဲ ငါမနှစ်သက်ဘူး၊ အမှန်ကတော့ နေ့စားအလုပ်သမားဟာ နေ့တွက်လုပ်ခကို စောင့်မျှော်သလို ငါတို့လဲ သေရမည့် အခါကိုသာ စောင့်မျှော်နေတယ်ဟု တရားစစ်သူကြီး အရှင်သာရိပုတ္တရာက မိန့်တော်မူခဲ့တယ်"

"ဒါ့ကြောင့် သေမှာကို ငါမနှစ်သက်၊ မသေဘဲ အသက်ရှည်နေမှာကိုလဲ ငါမနှစ်သက်၊ အသိဉာဏ်ပညာဦးစီးပြီး သတိတရား နဲ့ ရှုမှတ်ပြီး သေရမည့်အချိန်ကိုသာ ငါစောင့်မျှော်နေတယ် မင်းမြတ်"

မိလိန္ဒမင်း	။	။"အရှင်ဘုရား.... သုခ ဝေဒနာသည် ကုသိုလ်လား, အကုသိုလ်လား၊ အဗျာကတပါလား ဘုရား"
အရှင်နာဂသိန်း	။	။"မင်းမြတ်....တချို့က ကုသိုလ်၊ တချို့က အကုသိုလ်၊ တချို့က အဗျာကတဖြစ်တယ်"
မိလိန္ဒမင်း	။	။"အရှင်ဘုရား.... သုခ ဝေဒနာဟာ ကုသိုလ်ဖြစ်ခဲ့ရင်ဒုက္ခဖြစ်စရာအကြောင်း မရှိပါ၊ ဒုက္ခဖြစ်ခဲ့ရင်လဲ ကုသိုလ် မဖြစ်နိုင်ပါ"
အရှင်နာဂသိန်း	။	။"မင်းမြတ်....လူတစ်ယောက်ဟာ ဘယ်လက်မှာသံတွေ့ခဲ၊ ညာလက်မှာ ရေခဲကို ကိုင်ထားတဲ့ အခါ အပူအအေး နှစ်ခုစလုံးဟာ တစ်ပြိုင်နက် မလောင်မြိုက်ပေဘူးလား"
မိလိန္ဒမင်း	။	။"မှန်ပါ....လောင်မြိုက်ပါတယ် ဘုရား"

အရှင်နာဂသိန်။ ။"မင်းမြတ်.... ထိုကဲ့သို့ နှစ်ခုလုံးက တစ်ပြိုင်နက် လောင်မြိုက်တယ်ဆိုရင် နှစ်ခုလုံးဟာ အပူတွေ့ချည်းလား"

မိလိန္ဒမင်း ။ ။"မဟုတ်ပါဘုရား"

အရှင်နာဂသိန်။ ။"အအေးတွေ့ချည်းလား"

မိလိန္ဒမင်း ။ ။မဟုတ်ပါ ဘုရား"

အရှင်နာဂသိန်။ ။"ဒါယကာတော်မင်းကြီး- သတိထား ပါ။ ရဲရဲတောက်ပူတဲ့ သံတွေ့ခဲကြောင့် ဆိုရင်အောင်လဲ အပူချည်းသက်သက် မဟုတ်၊ ရေခဲကြောင့်ဆိုရင်အောင်လဲ အအေးချည်း သက်သက်မဟုတ်၊ ဒီလို အပူချည်းသက်သက်၊ အအေးချည်းသက်သက် မဟုတ်တဲ့အတွက် အပူကြောင့်လောင်တယ်၊ အအေးကြောင့် လောင်တယ်လို့ တစ်ထစ်ချ ပြောလို့မဖြစ်နိုင်ဘူး။ အပူရော အအေးပါ နှစ်ခုစလုံး တစ်ပြိုင်နက် လောင်မြိုက်ဘယ်လို့သာ ဆိုဆိုက်မနေပေဘူးလား"

မိလိန္ဒမင်း ။ ။"အရှင်ဘုရား .... တပည့်တော်သည် အရှင်ဘုရားနှင့် ယှဉ်ပြိုင်ပြောရန် မစွမ်းနိုင်တော့ပါ။ အရှင်ဘုရား မိန့်မြွက်လိုရင်း အခိုပ်ပွားယ်ကိုသာ သိပါရစေ ဘုရား"

ထိုအခါ အရှင်နာဂသိန်သည် မိလိန္ဒမင်းကြီးအား ဤသို့ လျှင် သေချာကဲ့ပြားစွာ ရှင်းပြတော်မူပေ၏။

အရှင်နာဂသိန်။ ။"ဒါယကာတော် မင်းမြတ်.... ဝေဒနာ ဆိုသည်မှာ အကြောင်းအာဝလျှော်စွာ အမျိုးအမည် ကွဲပြားခြားနားမှုတွေ ရှိနေသေးတယ်။ ကာမ

ဂုဏ်ကို အမှီပြုတဲ့ သောမနဿ ဝေဒနာက ခြောက်ပါး။ ကာမ ဂုဏ်မှ လွတ်မြောက်ပြီး မဂ်ဖိုလ်ကိုမှီတဲ့ သောမနဿဝေဒနာ က ခြောက်ပါး။ ကာမဂုဏ်ကိုမှီတဲ့ ဒေါမနဿ ဝေဒနာက ခြောက်ပါး။ ကာမဂုဏ်မှ လွတ်မြောက်ပြီး မဂ်ဖိုလ်ကို မှီတဲ့ ဒေါမနုဿဝေဒနာကခြောက်ပါး။ ကာမဂုဏ်ကိုမှီတဲ့ဥပေက္ခာ ဝေဒနာက ခြောက်ပါး။ ကာမဂုဏ်မှ လွတ်မြောက်ပြီး မဂ်ဖိုလ် ကိုမှီတဲ့ ဥပေက္ခာဝေဒနာက ခြောက်ပါး။ အဲဒီလိုခြောက်မျိုး ခြောက်ထွေ ကဲပြားနေမှုကို အရင်းတည်ပြီး ဝေဒနာတစ်မျိုး လျှင် ခြောက်ပါးကျစီနှင့်မြောက်လိုက်ရာ အားလုံးပေါင်း သုံးဆယ့်ခြောက်ပါးဖြစ်လာတယ်။ ထိုသုံးဆယ့်ခြောက်ပါးကို ကာလ သုံးပါးနှင့်ထပ်မြောက်လိုက်ပြန်တော့ ဝေဒနာပေါင်း တစ်ရာနှင့်ရှစ်မျိုး ဖြစ်လာရပေတယ်။ ဒါ့ကြောင့် ဝေဒနာဟူ သည့် သုခဝေဒနာ၊ ဒုက္ခဝေဒနာရယ်လို နှစ်မျိုးနှစ်စား တည်း သာ တစ်ထစ်ချ ယူမှတ်ထားလို့ မဖြစ်နိုင်ပေဘူး မင်းမြတ်"

မိလိန္ဒမင်းသည် အရှင်နာဂသိန်၏ ရှင်းပြမှုအတွက် မျှား စွာပင် ကျေနပ်ဝမ်းမြောက်သွားရသည်။ ပုစ္ဆာလစ်မျှားကို လည်း ထပ်မံမေးလျှောက်ပြန်၏။

နာမ်ရုပ် တူ မတူ

မိလိန္ဒမင်း ။	။"အရှင်ဘုရား....ဘယ်တရားက ပဋိသန္ဓေ နေပါသလဲ"
အရှင်နာဂသိန်။	။"မင်းမြတ်.... ရုပ်နာမ်နှစ်ခုစလုံးပင်လျှင် ပဋိသန္ဓေနေအပ်တယ်"

မိလိန္ဒမင်း ။ ။''အရှင်ဘုရား.... ပစ္စုပ္ပန် ရုပ်နာမ်က ပဋိသန္ဓေနေပါသလား''

အရှင်နာဂသိန်။ ။''မင်းမြတ်.... ပစ္စုပ္ပန် ရုပ် နာမ် သည် ပဋိသန္ဓေမနေ၊ ထိုပစ္စုပ္ပန် ရုပ် နာမ်က လုပ်လိုက်တဲ့ ကုသိုလ်က်ံ, အကုသိုလ်ကံတွေကြောင့် နောက်ရုပ် နာမ်က ပဋိသန္ဓေနေခြင်းဖြစ်တယ်''

မိလိန္ဒမင်း ။ ။''အရှင်ဘုရား.... အကယ်၍ ပစ္စုပ္ပန် ရုပ် နာမ်က ပဋိသန္ဓေမနေဘူးဆိုရင် အဲဒီ့ လူဟာ မကောင်းတဲ့ အကုသိုလ်ကံတွေ လွတ်ပါသလား''

အရှင်နာဂသိန်။ ။''မှန်တယ် မင်းမြတ်... အဲဒီ့ လူဟာ နောက်ထပ် ပဋိသန္ဓေမနေတော့ဘူးဆိုရင် မကောင်းတဲ့ အကုသိုလ်ကံတွေမှ လွတ်တယ်၊ နောက်တစ်ဖန် ပဋိသန္ဓေနေရဦးမယ်ဆိုရင်ကော့ မလွတ်ပေဘူး''

မိလိန္ဒမင်း ။ ။''ဥပမာပြတော်မူပါဦးဘုရား''

အရှင်နာဂသိန်။ ။''မင်းမြတ်-လူတစ်ယောက်ဟာ တခြား လူတစ်ယောက်ရဲ့သရက်သီးကိုခိုးယူမယ်၊ အဲဒီ့ သူခိုးကိုဖမ်းပြီး ''အရှင်မင်းကြီး ဤသူသည် ကျွန်ုပ်၏ သရက်သီးကိုခိုးယူပါသည်''ဟု သရက်ပင်ပိုင်ရှင်ဖြစ်သူက တိုင်တန်းတယ်၊ဒီအခါမှာ သူခိုးက 'ကျွန်ုပ်သည် သူ့သရက်သီးကို မခိုးပါ၊ သူစိုက်တဲ့သရက်ပင်က တခြား၊ ကျွန်ုပ်ခိုးယူတဲ့သရက်သီးက တခြားဖြစ်ပါသည်၊ကျွန်ုပ်မှာအပြစ်မရှိပါ'ဟု မင်းကြီး အား လျှောက်ထားခဲ့ရင် မင်းကြီး ဘယ်လိုသဘောရပါသလဲ၊ သူခိုးမှာ အပြစ်မရှိဘူးလား''

မိလိန္ဒမင်း ။ ။"အရှင်ဘုရား....အပြစ်ရှိပါသည်၊ သူခိုးက ဘယ်လိုပင်ပြောပြော၊ ပိုင်ရှင်ဖြစ်သူ စိုက်ထားတဲ့အပင်ကသီးတဲ့သရက်သီးဖြစ်တဲ့အတွက်သရက်သီး သူခိုးမှာ အပြစ်ဒဏ်ခံရပါမည်"

အရှင်နာဂသိန်။ ။"မှန်ပေတယ် မင်းမြတ်.... ဒီသဘော အတိုင်းပဲ၊ ပစ္စုပ္ပန်ရုပ်နာမ်က လုပ်ခဲ့တဲ့ကောင်းမှုမကောင်းမှုကံတွေကြောင့် တခြားရုပ်နာမ်က ပဋိသန္ဓေနေတယ်၊ ဒါ့ကြောင့်လဲ ယုတ်ညံ့တဲ့ အကုသိုလ်ကံတွေက မလွတ်နိုင်ဖြစ်ပေတယ်"

မိလိန္ဒမင်း ။ ။"အရှင်ဘုရား.... နောက်ထပ် ဥပမာကို ကြားသိပါရစေ"

အရှင်နာဂသိန်။ ။"ဒကာတော်မင်းမြတ်၊ ဆောင်းတွင်းမှာ လူတစ်ယောက်က မီးလှုံပြီး မီးမသတ်ဘဲ ထွက်သွားတယ်၊ အဲဒီမီးကြောင့် လူတစ်ယောက်ရဲ့လယ်ကိုသွားလောင်တယ်ဆိုပါတော့၊ အဲဒီ လူမှာ အပြစ်မရှိပေဘူးလား"

မိလိန္ဒမင်း ။ ။"မှန်ပါ ရှိပါတယ်ဘုရား၊ ဘာပြုလို့လဲ ဆိုတော့သူလှုံတဲ့မီးကကူးစက်ပြီးလောင်ထားတဲ့အတွက် ဖြစ်ပါတယ်"

အရှင်နာဂသိန်။ ။"အဲဒီ ဥပမာလိုပါ မင်းမြတ်၊ ပစ္စုပ္ပန်ရုပ်-နာမ်နဲ့ မကောင်းတဲ့ကံတွေလုပ်မယ်၊ အဲဒီ ကံကြောင့် နောက်ရုပ်-နာမ်က ပဋိသန္ဓေနေတယ်၊ ဒီလိုနေတဲ့အခါ ပဋိသန္ဓေနေတဲ့ရုပ်နာမ်က တခြား ဖြစ်ပေမယ်လို့ ရှေးကုသိုလ်ကံကြောင့် နေရတဲ့သန္ဓေဖြစ်တဲ့အတွက် မကောင်းမှု အကုသိုလ်ကံမှ မလွတ်နိုင်ပေဘူးပေါ့"

'ဘာကြောင့် ငါ့မယား၊ကို ပေါင်းသင်းရသလဲ'

'မင်းမယား၊ကို ငါမယူဘူး၊ မင်း ဌေးကြီး၊တင်ပြီး တောင်း၊ရမ်း၊တာက ဟို....ငယ်ငယ်ကလေး၊ကပဲ ခု ငါ တောင်း၊ရမ်း လက်ထပ်တာက အရွယ်ရောက်နေပြီ၊ တခြား၊စီပဲ'

မိလိန္ဒမင်း ။ ။အရှင်ဘုရား-ရှင်းသည်ထက် ရှင်းအောင် ဥပမာဆောင်တော်မူပါဦး''

အရှင်နာဂသိန် ။ ။မင်းမြတ်....လူတစ်ယောက်ဟာ အရှယ် မရောက်သေးတဲ့ မိန်းကလေး တစ်ယောက်ကို ငွေကြေးနဲ့တကွ တောင်းရမ်းလက်ထပ်ပြီး တခြား ရပ်ရွာကိုထွက်ခွာသွားခဲ့တယ်၊ အဲဒီ့မိန်းကလေးအရွယ်ရောက် လာတဲ့အခါ နောက်တစ်ယောက်က ငွေကြေးတင်တောင်းပြီး လက်ထပ်လိုက်ပြန်တယ်၊ အဲ့ဒီ့အခါမှာ ပထမလူပြန်လာပြီး ဒုတိယလူကို 'ဘာ့ကြောင့် ငါ့မယား၊ကိုပေါင်းသင်းရသလဲ'လို့ မေးတယ်။

''အဲဒီ့အခါမှာ ဒုတိယလူက 'မင့်မယား၊ကို ငါမယူဘူး၊ မင်း ငွေကြေးတင်ပြီး တောင်းရမ်းတာက ဟိုယောယောကလေး ကပဲ၊ ခု ငါတောင်းရမ်းလက်ထပ်တာက အရွယ်ရောက်နေပြီ၊ တခြား၊စီပဲ'လို့ ပြန်ဖြေတယ်။

''မင်းမြတ်.... အဲဒီ့နှစ်ယောက်မှာ မင်းမြတ် ဘယ်သူ့ကို အနိုင်ပေးမလဲ''

မိလိန္ဒမင်း ။ ။အရှင်ဘုရား တပည့်တော် ပထမလူကို အနိုင်ပေးပါမည်''

အရှင်နာဂသိန်။ ။''ဘာ့ကြောင့်လဲ မင်းမြတ်.... ဆိုစမ်း ပါဦး''

မိလိန္ဒမင်း ။ ။မှန်ပါ.... ဒုတိယလူက ဘယ်လိုလျှောက် လဲချက်ပေးစေကာမူ အရွယ်ရောက်လာ သော မိန်းကလေးသည် ဟို....ယောရှယ်စဉ်က လက်ထပ်ထားခဲ့ ပြီး မိန်းကလေးဖြစ်နေလို့ပါ ဘုရား''

အရှင်နာဂသိန်။ ။"မှန်ပေတယ် မင်းမြတ်....! အဲဒီ ဥပမာ နှင့်တူစွာပဲသော်လည်း တဲ့ရုပ်နာမ်ကတစ်ခု၊ နောက်တစ်ဖန် ပဋိသန္ဓေနေတဲ့ ရုပ်နာမ်ကတစ်ခု ဖြစ်စေကာမူ နောက်ရုပ်နာမ်သည်ရှေးရုပ်နာမ်ကိုအမှီပြု၍သာလျှင်ဖြစ်ပေါ်လာရသည့်အတွက် မကောင်းတဲ့အကုသိုလ်ကံမှ မလွတ်မြောက်နိုင်ခြင်း ဖြစ်ပေတယ်"

နောက်တစ်ခု ဥပမာ

"မင်းမြတ်.... လူတစ်ယောက်ဟာ နွားကျောင်းသားထံမှ နွားနို့ဝယ်တယ်၊ ထိုနွားနို့ကို သူနှင့် တစ်ပါတည်း ယူမသွားဘဲ နွားကျောင်းသားထံမှာထားခဲ့ပြီး ပြန်သွားတယ်၊ နောက်နှစ်ရက် သုံးရက်လောက်ကြာတော့ သူထားရစ်ခဲ့တဲ့ နွားနို့ကို လာတောင်းတယ်၊ နွားကျောင်းသားက ဒီနှင်ချဉ်တွေကို ထုတ်ပြလိုက်တယ်။

"ဒီတော့ ... 'ငါထားခဲ့တာက နွားနို့၊ မင်း ပေးတာက ဒီနှင်ချဉ် ငါမယူနိုင်ဘူး။' 'နွားနို့ကိုပဲ ပေးရမယ်'လို့ ပြောတယ်၊ နွားကျောင်းသားက 'ခင်ဗျားမရှိတုန်း နွားနို့တွေဟာ ဒီနှင်ချဉ်တွေ ဖြစ်ကုန်တယ်'လို့ ပြန်ပြောတယ်။ အဲဒီ နှစ်ယောက်မှာ မင်းမြတ် ဘယ်သူ့ကို အနိုင်ပေးမလဲ"

မိလိန္ဒမင်း ။ ။"အရှင်ဘုရား.... တပည့်တော် နွားကျောင်းသားကို အနိုင်ပေးပါမည်"

အရှင်နာဂသိန်။ ။"ဘာကြောင့်လဲ မင်းမြတ်"

မိလိန္ဒမင်း ။ ။"မှန်ပါ... နွားနို့က ဒီနှင်ချဉ်ဖြစ်သွားလို့ပါ ဘုရား"

အရှင်နာဂသိန်း။ ။"အဲဒီ အတူပဲ မင်းမြတ်....သေသူ့ဘုံတဲ့ ရုပ်နာမ်ကတခြားဖြစ်သော်လဲ ပဋိသန္ဓေနေတဲ့ ရုပ်နာမ်နှင့် ရှေနောက် ဆက်စပ်နေတဲ့အတွက် အကုသိုလ်ကံမှ မလွတ်မြောက်နိုင်ပေဘူး"

မိလိန္ဒမင်း ။ ။"မှန်ပါ....သဘာဝကျလှပါတယ်အရှင်ဘုရား"

အရှင်နာဂသိန်း-ပဋိသန္ဓေ နေ-မနေ

မိလိန္ဒမင်း ။ ။"အရှင်ဘုရား... အရှင်ဘုရားသည် ပဋိသန္ဓေ နေရဦးမည် ဖြစ်ပါသလား"

အရှင်နာဂသိန်း။ ။"မင်းမြတ်.... ဒီမေးခွန်းအဘွက် မင်းမြတ်မှာ ဘာအကျိုး ရှိမှာလဲ၊ ဒီမေးခွန်းနဲ့ စပ်လျဉ်းလို့ ရှေးမဆွကပင် ဖြေခဲ့ပြီး မဟုတ်လား။ ငါ့မှာ ဥပါဒါန် ရှိသေးလျှင် ပဋိသန္ဓေ နေရဦးမယ်။ ဥပါဒါန် မရှိလျှင် ပဋိသန္ဓေ မနေရတော့ဘူး"

မိလိန္ဒမင်း ။ ။"ဥပမာ ပြတော်မူပါဦး ဘုရား"

အရှင်နာဂသိန်း။ ။"ဒါယကာတော် မင်းမြတ်.... လူတစ်ယောက်က သင်မင်းမြတ်ကို တစ်စုံတစ်ရာ ကျေးဇူးပြုတယ် ဆိုပါတော့၊ မင်းမြတ်က ဒါကိုသဘောကျပြီး ကျေးဇူးတုံ့ပြန်တဲ့ အနေနဲ့ ထိုသူအား သင့်လျော်သလို ချီးမြှင့် မြှောက်စား တယ်။ ထိုသူဟာ မင်းကခချီးမြှောက်တဲ့အတွက် စည်းစိမ်ဥစ္စာနဲ့တကွ ဂုဏ်ရှိန်ကြီးမြင့်စွာ နေရတယ်။ အဲဒီ လူက "မင်းကြီးဟာ ငါ့ကို ဘာမျှ ကျေးဇူးတုံ့ပြန် မဆပ်ဖူးလို့ ပြောခဲ့ရင် မှန်တယ်လို့ဆိုနိုင်ပါ့မလား"

ခိုလိန္ဒမင်း ။ ။"မဆိုနိုင်ပါဘူး ဘုရား"

အရှင်နာဂသိန်။ ။"အဲ့ဒီ့အတူပဲ။ မင်းမြတ်၊ ဒီမေးခွန်း အတွက် မင်းမြတ်မှာ ဘာမျှအကျိုးမရှိ ပါဘူး။ ငါဟာ ဥပါဒါန်ရှိသေးလျှင် ပဋိသန္ဓေ နေ့ရဦးမယ်။ မရှိတော့ဘူးဆိုလျှင်လဲ ပဋိသန္ဓေ မနေရဘူးလို့ဆဲ မှတ်ပေ တော့ မင်းမြတ်"

မှတ်ချက်။ ။ အရှင်နာဂသိန်သည် ရဟန္တာပုဂ္ဂိုလ် ဖြစ်တော်မူပြီးသဖြင့် နောင်တစ်ဖန် ပဋိသန္ဓေ မနေရတော့ပြီ။ နိဗ္ဗာန်ကို မျက်မှောက် ပြုရန်သာရှိတော့သည်။ သို့သော် ပဋိသန္ဓေ မနေရတော့ဟု တိုက်ရိုက် ဖြေဆိုခဲ့လျှင် မိမိ ကိုယ် မိမိ ရဟန္တာပါဟု ထုတ်ဖော် ပြော ဆိုရာ ရောက်သည်။ ရဟန်းတော်များ သည် မိမိတို့ ရရှိသော စျာန် မဂ်ဖိုလ်တရား ကို မိမိကိုယ်တိုင်ထုတ်ဖော် မပြောကောင်း ပေ။ သို့အတွက် သိက္ခာပုဒ်ကို လေးစား သော အားဖြင့် တိုက်ရိုက်မဖြေဆိုခြင်းဖြစ် သည်။ အလွန်ပင် ကြည်ညိုလေးစားဖွယ် အတုယူဖွယ်ကောင်းလှတော့သည်။ သည် မေးခွန်းကို မမေးပါနှင့် ဆိုခြင်းမှာ သိက္ခာပုဒ်ကို ရည်ညွှန်းပြီး ဆိုတော်မူခြင်း ဖြစ်သည်။

နာမ်-ရူပ်နှင့် ပဋ္ဌိသန္ဓေနေမှု

၈ ၀ ၄ ‘‘ ‘‘ ‘‘
မလိန္ဒမင်း ။ ။ အရှင် ဘုရား.... အရှင် ဘုရားသည် နာမ်-ရူပ်ဆိုတဲ့ စကားလုံးကို သုံးစွဲသွားပါတယ်။ နာမ်-ရူပ် နှစ်ပါးတို့တွင် ဘယ်ဟာက နာမ်၊ ဘယ်ဟာက ရူပ်ဖြစ်ပါသလဲ’’

အရှင်နာဂသိန်း။ ။‘‘မင်းမြတ်.... နာမ် ရူပ် နှစ်ပါးတို့တွင် ကြမ်းတမ်းတဲ့ သဘော၊ ထင်ရှားတဲ့ သဘောက ရူပ်။ သိမ်မွေ့တဲ့ သဘော၊ နူးညံ့တဲ့သဘောက နာမ်ဖြစ်ပေတယ်’’

မိလိန္ဒမင်း ။ ။‘‘အရှင်ဘုရား.... ကြမ်းတမ်းတဲ့သဘောက ရူပ်၊ သိမ်မွေ့တဲ့ သဘောက နာမ်လို့ မိန့်တော်မူပါတယ်။ ဘာပြုလို့ နာမ်ချည်းသက်သက် ရူပ်ချည်း သက်သက် မဖြစ်ပါသလဲ’’

အရှင်နာဂသိန်။ ။‘‘မင်းမြတ်.... နာမ် ရူပ် နှစ်ပါးတို့တွင် နာမ်နှင့်ရူပ်နှစ်ခုစလုံးသည်ပင်လျှင် တစ်ခုနဲ့တစ်ခု မှီတွယ်ဆက်စပ်ပြီး တစ်ပေါင်းတည်း ဖြစ်နေကြပေတယ်’’

မိလိန္ဒမင်း ။ ။‘‘ဥပမာ ပြတော်မူပါဦး ဘုရား’’

အရှင်နာဂသိန်။ ။‘‘မင်းမြတ်.... ကြက်မမျှားဥ ကလလ ရေကြည်မှ မဖြစ်သေးလို့ရှိရင် ဥ,မဥ နှိုင်ပေဘူး။ ကလလရေကြည်နှင့် ဥဟာ တစ်ခုနဲ့တစ်ခု ဆက်စပ် မှီတွယ်ပြီး တစ်ပေါင်းတည်း ဖြစ်နေကြတာ ထင်ရှားသလို နာမ်နှင့်ရူပ်ဟာလဲ အချင်းချင်း တစ်ခုနဲ့တစ်ခု မှီတွယ်

ဆက်စပ်ပြီး တစ်ပေါင်းတည်း တစ်လုံးတည်းဖြစ်နေခြင်းဟာ အင်မတန် ထင်ရှားပါတယ်။ အဲဒါလို နာမ် ရုပ်နှစ်ပါး တစ်ပေါင်းတည်း တစ်လုံးတည်း ဖြစ်နေတဲ့ အကွက်ကြောင့်လဲပဲ သတ္တဝါတွေဟာ ကာလ ရှည်စွာ ကျင်လည်ပြေးလွှားနေကြရပေါ့။"

ကာလပြဿနာ

မိလိန္ဒမင်း	။	။"အရှင်ဘုရား.... ကာလရှည်စွာ ဆိုတဲ့ စကားကို မိန့်တော်မူပါတယ်။ အဲဒီ ကာလဆိုတာ ဘာပါလဲ ဘုရား"
အရှင်နာဂသိန်။	။	"မင်းမြတ်.... အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်ဆိုတာ ကာလတွေပဲဖြစ်တယ်"
မိလိန္ဒမင်း	။	။"အရှင်ဘုရား.... အဲဒီ ကာလသုံးပါး ဟာ စင်စစ်ရှိပါသလား"
အရှင်နာဂသိန်။	။	"မင်းမြတ်....တချို့ ကာလက ရှိတယ်။ တချို့ ကာလက မရှိဘူး"
မိလိန္ဒမင်း	။	။"အရှင်ဘုရား.... ဘယ်ကာလတွေ ရှိ၍ ဘယ်ကာလတွေ မရှိပါသလဲ"
အရှင်နာဂသိန်။	။	"မင်းမြတ်.... တချို့ သန်းရေ တရာ၊ တွေ ဟာ အတိတ်မှာ ကျန်ခဲ့ကုန်ပြီ။ ပစ္စုပ္ပန် မှ ကင်းကွာသွားပြီ၊ ဖောက်ပြန် ပျက်စီးသွားပြီ၊ အဲဒီကာလ တွေဟာ မရှိကြတော့ဘူး၊ တချို့ကာလတွေကတော့ အကျိုးတရား

ပေးနေ

မျှားဖြစ်တယ်။ ဒဲဒီ့ တရားတွေဟာ အကျိုးတရားကို ဖြစ်စေတတ်တဲ့ အကြောင်းတရားတွေ ဖြစ်တယ်။ အဲဒီအကြောင်းတရားတွေဟာ နောက်ဘဝမှာ ပဋိသန္ဓေကို ပေးဆဲဆိုရင် အဲဒီ့ ကာလ သုံးပါးဟာ ရှိပေတယ်''

''တစ္ဆေ သတ္တဝါတွေဟာ သေပြီးနောက်ဘဝမှာ ပဋိသန္ဓေ နေရဦးမယ်ဆိုရင် အဲဒီ့ သတ္တဝါတွေရဲ့ ကာလဟာလဲ့ ရှိသေးတာပဲ။ တချို့ကျတော့ သေပြီး ပြန်မဖြစ်တော့ဘူး။ အဲဒီ သတ္တဝါတွေမှာတော့ ကာလဆိုတာ မရှိတော့ဘူး။ သတ္တဝါတွေဟာ ဘဝက လွတ်မြောက်သွားရင် ကာလဆိုတာ မရှိတော့ဘူး။ ဘာ့ကြောင့်ဆိုတော့ ခန္ဓာဇာတ်သိမ်း အေးငြိမ်းသွားလို့ပဲ ဖြစ်ပေတယ် မင်းမြတ်''

ကာလ၏ အရင်းမူလ

ပိုလိန္ဒမင်း ။ ''အရှင်ဘုရား....အတိတ်ကာလ၏အရင်းမူလသည် ဘာပါလဲ၊ အနာဂတ်ကာလ၏ အရင်းမူလသည် ဘာပါလဲ၊ ပစ္စုပ္ပန်ကာလ၏ အရင်းမူလသည် ဘာပါလဲ''

အရှင်နာဂသိန်။ ''မင်းမြတ်.... ကာလ သုံးပါးတို့၏ အရင်းမူလသည်သစ္စာလေးပါးကို မသိတဲ့ အဝိဇ္ဇာပဲဖြစ်တယ်၊ မင်းမြတ်.... အဝိဇ္ဇာကြောင့် သင်္ခါရ၊ သင်္ခါရကြောင့် ဝိညာဉ်စသည်ဖြင့် ပဋိစ္စသမုပ္ပဒေ သံသရာစက်ရဟတ်ကြီး လည်နေတဲ့အတွက် အလုံးစုံသောကာလတို့၏ ရှေ့အစွန်းဟာ မထင်ရှားဘဲ ဖြစ်နေတယ်''

ရှေ့အစုန်း

မိလိန္ဒမင်း ။ ။"အရှင်ဘုရား... ရှေ့အစုန်း အပိုင်း အခြား ဆိုသည်ကို လည်းကောင်း၊ မထင်ရှားခြင်း ဆိုသည်ကို လည်းကောင်း တပည့်တော် နားမလည်တတ်ပါ။ ဥပမာ နည်းအားဖြင့် ရှင်းပြတော်မူပါဦး ဘုရား"

အရှင်နာဂသိန်။ ။"မင်းမြတ်.... ဥပမာအားဖြင့် လူတစ် ယောက်ဟာ မျိုးစေ့ကို မြေကြီးမှာ စိုက်လိုက်တယ်။ အဲဒီ မျိုးစေ့က အပင်၊ အပင်က အညွှန့်၊ အညွှန့်ကနေ တဖြည်းဖြည်းကြီးပြီး အသီး သီးလာတယ်၊ တစ်ဖန် အဲဒီ အသီးထဲက မျိုးစေ့ယူပြီး အပင်စိုက်ပြန်ရော၊ ရေးနည်းအတူပဲ ပထမဦးစွာ အပင်၊ အပင်က အညွှန့် စသည်ဖြင့် အသီးသီးတဲ့အထိ ရောက်လာပြန်ရော။ အဲဒီလို လုံးလည်လိုက်နေတဲ့အတွက် မျိုးစေ့အစဉ်၏ အစွန်း အပိုင်း အခြားဟာ ကုန်နိုင်ပါဦးမလား"

မိလိန္ဒမင်း ။ ။"မကုန်နိုင်ပါ ဘုရား"

အရှင်နာဂသိန်။ ။"မှန်ပေတယ်မင်းမြတ်၊ ထိုနည်းအတူ၊ ကာလသုံးပါးဟာ လည်ပတ် ဆက်စပ်နေတဲ့အတွက် ကာလ၏ ရှေ့အစွန်းဟာ မထင်ရှား မပိုင်းခြား မကွဲပြားဘဲ ဖြစ်နေရပေတယ်"

မိလိန္ဒမင်း ။ ။"နောက် ထပ် .... ဥပမာ ပြပါဦး ဘုရား"

အရှင်နာဂသိန်။ ။"မင်းမြတ် ကြက်မမှာ ကြက်ဥက သားပေါက်၊ အဲ့ဒီပေါက်တဲ့ ကြက်မက ပြန်ဥ၊ နောက်ပြီး သားပေါက်၊ အဲဒီလို အဆင့်ဆင့် လည်ပတ် နေရင် ရွှေအစ္စန်းဆိုတာ ရှိပါဦးမလား"

မိလိန္ဒမင်း ။ ။"မရှိနိုင်ပါ ဘုရား"

အရှင်နာဂသိန်။ ။"မင်းမြတ်...မြေကြီးမှာ စက်ဝိုင်း တစ်ခု ရေးကြည့်ပါ။ အဲ့ဒီ စက်ဝိုင်း၏ အစကို သိနိုင်ပါ့မလား"

မိလိန္ဒမင်း ။ ။မသိနိုင်ပါ ဘုရား"

အရှင်နာဂသိန်။ ။"အဲဒီလို မသိနိုင်ရင် ရှည်ကြာလှတဲ့ ကာလရဲ့ အစ္စန်း အပိုင်းအခြား ဆိုသည်မှာလဲ အယ်လိုလုပ်ပြီး ထင်ရှားနိုင်ကောမှာလဲ မင်းမြတ်"

ရွှေအစ္စန်း ထင်-မထင်

မိလိန္ဒမင်း ။ ။"အရှင်ဘုရား.... အရှင်ဘုရား မိန့်တော်မူတဲ့စကားထဲမှာ ရွှေအစ္စန်းဆိုတဲ့စကား ပါလာပါတယ်။ အဲဒီ ရွှေအစ္စန်းဆိုတာ ဘာပါလဲ ဘုရား"

အရှင်နာဂသိန်။ ။"မင်းမြတ်.... အတိတ်ကာလကို ရွှေအစ္စန်းလို့ ခေါ်ပါတယ်"

မိလိန္ဒမင်း ။ ။"အရှင်ဘုရား.... ရွှေအစ္စန်း အာဝုံးပင် လျှင် မထင်မရှား ဖြစ်ပါသလား"

အရှင်နာဂသိန်။ ။"မင်းမြတ်... တချို့ ရွှေအစ္စန်းက ထင်ရှားတယ်။ တချို့ ရွှေအစ္စန်းက မထင်ရှားပေဘူး"

မိလိန္ဒမင်း ။ ။"အရှင်ဘုရား ..ဘယ်ရွှေအစွန်းက ထင်ရှားပြီး၊ ဘယ်ရွှေအစွန်းက မထင်ရှားဖြစ်ရပါသလဲ"

အရှင်နာဂသိန်။ ။"မင်းမြတ်....အဝိဇ္ဇာ တရားသည် မဖြစ်ဟူ၍ မရှိ။ အစဉ်တစိုက် ဖြစ်ပေါ်နေခဲ့သည်။ ထိုထို ကာလများမှ အစွန်းသည် မထင်အပ်ပေဘူး။ အကြင်တရားသည် ထင်ရှားခြင်း မရှိဘဲ ထင်ရှားလာတယ်။ ပြီးတော့ ချုပ်ပျောက်သွားတယ်။အဲဒီ ရှေ့အစွန်းသည် ထင်အပ်ပေတယ်"

မိလိန္ဒမင်း ။ ။"အရှင်ဘုရား.... အကြောင်း တရားထင်ရှားခြင်း မရှိဘဲ ထင်ရှားဖြစ်ပေါ်လာတယ်။ ပြီးတော့ ချုပ်ပျောက်သွားဘယ်။ အဲဒီတရားရဲ့ ရှေ့နောက် အစွန်းနှစ်ခုစလုံး ပြတ်ပြီးတော့ ချုပ်ပျောက်သွားတာ မဟုတ်ပါလား ဘုရား"

အရှင်နာဂသိန်။ ။"မင်းမြတ်.... ရှေ့နောက် အစွန်း နှစ်ခုစလုံး ပြတ်ပြီးတော့ ချုပ်ပျောက်သွားတယ်လို့ထင်ရင် ရှေ့နောက် အစွန်းနှစ်ခုစလုံး ပြတ်သွားတဲ့အတွက် ဆက်စပ်လို့ ဖြစ်နိုင်ပါဦးမလား"

မိလိန္ဒမင်း ။ ။"အရှင်ဘုရား....အစွန်းနှစ်ခုစလုံး ပြတ်သွားသော်လည်း ဆက်ပွားဖို့ ဖြစ်နိုင်ပါသေးတယ်။ ဒီလိုဖြစ်နိုင်သော်လည်း တပည့်တော် နှစ်ခုစလုံး ပြတ်တာကို မမေးပါ။ ရှေ့နောက် အစွန်းဆက်ဖို့ ဖြစ်နိုင်ပါသေးသလားဟုသာ မေးပါသည်"

ထိုအခါ အရှင်နာဂသိန်သည် သစ်ပင်ကို ဦးပမာပြု၍...
"မင်းမြတ်....ခန္ဓာငါးပါးသည် ဒုက္ခတရားအားလုံးတို့၏ မျိုးစေ့ဖြစ်တယ်" ဟု မိန့်ကြားတော်မူ၏။

ဖြစ်ဆဲ သင်္ခါရ ရှိ-မရှိ

မိလိန္ဒမင်း	။	။အရှင်ဘုရား.... ဖြစ်ဆဲ ဖြစ်တဲ့ တချို့ သင်္ခါရတရားများ ရှိပါသလား"
အရှင်နာဂသိန်။	။	"ရှိပေတယ် မင်းမြတ်"
မိလိန္ဒမင်း	။	။"အရှင်ဘုရား.... ဖြစ်ဆဲ သင်္ခါရတွေဟာ ဘာတွေပါလဲ ဘုရား"
အရှင်နာဂသိန်။	။	"မင်းမြတ်....မျက်စိပဲ ရှိမယ်၊ အဆင်း ရှုပါရုံလဲ ရှိမယ်ဆိုရင် စက္ခု ဝိညာဉ် စိတ်ဖြစ်တယ်။ (အမြင်ဓာတ် ဖြစ်ပေါ်လာတယ်)။ အဲဒီ အမြင်ဓာတ် ဖြစ်လာရင် ဖဿဖြစ်တယ်။ ပြီးတော့ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ၊ ဇာတိ၊ ဇရာ၊ မရဏ၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသ- အဲဒါတွေ စဉ်တိုက် ဖြစ်ပေါ်ကြတော့တာပဲ၊ မင်းမြတ်.... အဲဒီလို ဆင်းရဲအား လုံး ဖြစ်လာရခြင်းဟာ ထင်ရှားလှပေတယ်"

"မင်းမြတ်.... မျက်စိလဲ မရှိဘူး၊ အဆင်းလဲ မရှိဘူးဆိုရင် အမြင်ဓာတ် ပေါ်မလာနိုင်ဘူး၊ အဲဒီလို အမြင်ဓာတ် ပေါ်မလာရင် ဖဿစတဲ့ တရားတွေ မဖြစ်ပေါ်နိုင်ဘူး၊ အဲဒီလို ဖြစ်ပေါ်မလာလို့ရှိရင် အလုံးစုံသော ဒုက္ခတွေ ချုပ်ငြိမ်းပြတ်စဲသွားတာလဲ ထင်ရှားပါတယ်"

ဖြစ်စရာမရှိဘဲ ဖြစ်-မဖြစ်

မိလိန္ဒမင်း ။ ။"အရှင်ဘုရား.... ထင်ရှားဖြစ်စရာ ဘဝ မရှိဘဲ ဖြစ်ကြတဲ့ အခွဲ့ သင်္ခါရမျှား ရှိပါသလား"

အရှင်နာဂသိန်။ ။"မင်းမြတ် .. ထင်ရှားဖြစ်စရာ ဘဝမရှိ ဘဲ ဖြစ်တဲ့ သင်္ခါရမျိုးဆိုတာ မရှိနိုင်ဘူး မင်းမြတ်။ ဥပမာကတော့ သင်မင်းမြတ် နေထိုင်တဲ့နန်းတော် ဟာ အကြောင်းမဲ့ ပေါ်လာသလား"

မိလိန္ဒမင်း ။ ။"အရှင်ဘုရား.... အကြောင်းမရှိဘဲ ဖြစ် ပေါ်လာတဲ့ အရာဝတ္ထုတစ်ခုမှမရှိပါ။ ထိုင်နေတဲ့ သစ်သား၊တွေ့ဟာ သစ်တောကဖြစ်ပါတယ်၊ လိမ်း ခြယ်ထား၊တဲ့ဆေး၊တွေက မြေကြီး၊ကဖြစ်ပါတယ်၊ နန်း၊တော်ကို လူများ၊က ဆောက်လုပ်ကြရပါတယ် ဘုရား"

အရှင်နာဂသိန်။ ။"မင်းမြတ် .... ဒီအကိုင်း၊ပဲ၊ပေါ့....၊ အကြောင်း မရှိဘဲ ဖြစ်ပေါ်လာရတဲ့ သင်္ခါရတချုပ်ဆိုတာ"မရှိပါဘူး၊နောက်-ဥပမာတစ်ခုကတော့ မင်းမြတ်မှာ"မှန်လဲမရှိဘူး၊ အလင်းရောင်လဲမရှိဘူး၊မျက်နှာလဲ မရှိဘူး၊ဆိုရင် မျက်နှာအရိပ်ပေါ်လာနိုင်၊့မလား"

မိလိန္ဒမင်း ။ ။"မပေါ်နိုင်ပါ ဘုရား"

အရှင်နာဂသိန်။ ။"ထိုအတူပဲ မင်းမြတ်.... မှန်လဲ ရှိမယ်၊ အလင်းရောင်လဲရှိမယ်၊ မျက်နှာလဲရှိမယ် ဆိုရင် အရိပ်ဟာ ဖေါ်လာမယ်တာပဲ၊ ဖြစ်စရာအကြောင်း

ထင်ရှားမရှိဘဲ ဖြစ်လာလဲ သခင်ဂရတရားရယ်လို့မရှိပါဘူး၊ ဖြစ်စရာအကြောင်း ထင်ရှားရှိလို့သာ သခင်ဂရတရားတော့ ဖြစ်ပေါ်လာကြရပေတယ်''

ဝေဒဂူခေါ်-ဇီဝဆိုတဲ့-အသက်ကောင်-လိပ်ပြောကောင်

မိလိန္ဒမင်း ။ ။''အရှင်ဘုရား.... ဝေဒဂူခေါ်တဲ့ အရာဟာ ပရမတ်တရားပါလား''

အရှင်နာဂသိန်။ ။မင်းမြတ်....မင်းမြတ် ပြောတဲ့ ဝေဒဂူဆိုတာ ဘာလဲ''

မိလိန္ဒမင်း ။ ။''အရှင်ဘုရား ... ကိုယ်မှာရှိတဲ့ ဇီဝဆိုတဲ့ အသက်ကောင်၊ လိပ်ပြာကောင်ဟာ မျက်စိနဲ့အဆင်းကိုမြင်တယ်၊ နားနဲ့အသံကိုကြားတယ်၊ လျှာနဲ့အရသာက လျှက်တယ်၊နှာခေါင်းနဲ့အနံ့ကို နမ်းရှူတယ်၊ကိုယ်နဲ့အတွေ့အထိကိုတွေ့ထိတယ်၊ စိတ်နဲ့သဘောတရားကို သိတယ်၊ ဥပမာအားဖြင့် တပည့်တော်နေတဲ့ နန်းပြာသာဒ်ထက်မှာ အရှေ့-အနောက်-တောင်-မြောက် ဝဲ-ယာကို မိမိအလိုရှိသလို ပြုတင်းပေါက်များဖြင့် ကြည့်မြင်နိုင်သလို ကိုယ်ထဲမှာရှိတဲ့ ဇီဝခေါ်တဲ့ လိပ်ပြာကောင်ဟာလဲ မျက်စိစသည်ဖြင့် အလိုရှိရာ ကြည့်ရှုသိမြင်နိုင်ပါတယ်၊ အဲဒီ ဇီဝခေါ်တဲ့အသက်လိပ်ပြာကို ဝေဒဂူလို့ ခေါ်ပါတယ် အရှင်ဘုရား''

အရှင်နာဂသိန်။ ။''ဒကာတော်မင်းမြတ်၊ မျက်စိစတဲ့ ငါးဒွါရကို အသေအချာခွဲပြမယ်၊ ဂရုစိုက်နာားထောင်ပါ၊ နှလုံးသွင်းပါ၊ ကိုယ်တွင်းမှာရှိတဲ့ ဇီဝဆိုတဲ့

အသက်လိပ်ပြာသည် မျက်စိနဲ့အဆင်းကို အကယ်၍ မြင်တယ် ဆိုရင်...,

"မင်းမြတ်-ဥပမာအားဖြင့် ငါတို့ဟာ နန်းပြာသာဒ်ထက် မှာထိုင်ပြီးကြည့်လိုတဲ့လေသာပြတင်းဖြင့်အဆင်းကိုမြင်ရတယ်၊ အရှေ-အနောက်-တောင်-မြောက် တံခါးလေးပေါက်၊ ဘယ် တံခါးကကြည့်ကြည့် အဆင်းရูပါရုံကိုသာ မြင်ကြရတယ်၊ သို့ သော် သင်မင်းမြတ်ပြောတဲ့ ဇီဝဆိုတဲ့ အသက်လိပ်ပြာကောင် ကျတော့ နားဖြင့်လဲ အဆင်းကို မြင်၊ နှာခေါင်းဖြင့်လဲ မြင်၊ လျှာနဲ့လဲမြင်၊ ကိုယ်နဲ့လဲမြင်၊ စိတ်နဲ့လဲမြင်သလို ဖြစ်မနေပေ ဘူးလား"

ပြီးတော့ တစ်ခါမျက်စိနဲ့လဲ အသံကိုကြား၊ နှာခေါင်းနဲ့ လဲ ကြား၊ လျှာနဲ့လဲကြား၊ ကိုယ်နဲ့လဲကြား၊ စိတ်နဲ့လဲကြား ဆိုသလို အားလုံးကြားမနေဘူးလား၊ အားလုံးနမ်း အားလုံး လျက်၊အားလုံးဝေ့ထိ၊ အားလုံးသိရှိသလိုချည်း ဖြစ်မနေပေ ဘူးလား"

မိလိန္ဒမင်း ။ ။"အရှင်ဘုရား-ဣတိသို့လည်းမဟုတ်ပါ" အရှင်နာဂသိန်း။ ။"မင်းမြတ် ...ရှေးကာလနဲ့ နောက်စကား မညီပါလား၊ နောက်-ဥပမာ တစ်ခုက နန်းပြာသာဒ်ထက်မှာ လေသာပြတင်းကိုဖွင့်ပြီး ဟင်းလင်းပြင် ကောင်းကင်ကို ကြည့်မယ်ဆိုရင် အလွန်ထင်ရှားတဲ့ အဆင်း ရูပါရုံတွေကို မြင်ရသလို မင်းကြီးပြောတဲ့ ကိုယ်လဲက ဇီဝ အသက် လိပ်ပြာကောင်ဟာလဲ လဟာပြင် ကောင်းကင်ကြီး တစ်ခုလုံးကို ထင်ထင်ရှားရှား မြင်နိုင်လိမ့်မယ်၊ တစ်ခုစီ တင်ခု

စီ ဖုဝ်ထား:မယ်ဆိုရင် အလွန်ထင်ရှား ကျယ်လောင်တဲ့ အသံ လေးကို ကြား:နိုင်လိမ့်မယ်၊ အရသာတွေ လျက်နိုင်လိမ့်မယ်၊ အတွေ့အထိတွေ ရှိထိနိုင်လိမ့်မယ်မဟုတ်ပေဘူး:လား:''

မိလိန္ဒမင်း ။ ။''အရှင်ဘုရား....ဒီလိုလဲမဟုတ်ပါ''

အရှင်နာဂသိန်။ ။''မင်းမြတ်....ဤသို့ဆိုလျှင် သင်မင်းမြတ် စကား:သည်ရှေနောက်မညီပါတကား၊ မင်းမြတ်.... ခုဒီဘုန်း:မှာရှိတဲ့ ဒီနွားမတ်ဟာ တံခါ:အပြင်ဘက်မှာ သွား:ရပ်နေမယ်ဆိုရင် ဒီနွားမတ်ဟာ တံခါ:အပြင်ဘက်မှာ သွား:ရပ်နေတယ်လို့ မင်းမြတ် ဒီကနေ့ပြီ:တော့ သိနိုင်ပါသလား:''

မိလိန္ဒမင်း ။ ။''မှန်ပါ.... သိနိုင်ပါတယ် ဘုရား:''

အရှင်နာဂသိန်။ ။''ကောင်:လှပြီ ဒကာတော် မင်းမြတ်၊ အကယ်၍ ဒီနွားမတ်ဟာ အတွင်:ကို ပြန်ဝင်လာပြီ: မင်းမြတ်ရှေမှာ ရပ်နေရင်ကော ဒီနွားမတ် ငါ့ရှေမှာ ရပ်နေတယ်လို့ မင်းမြတ် သိပါ့မလား:''

မိလိန္ဒမင်း ။ ။''မှန်ပါ.... သိပါတယ် ဘုရား:''

အရှင်နာဂသိန်။ ။''သင်မင်းမြတ်ပြောတဲ့ အသက်လိပ်ပြာ ကောင်ကရော လျှာပေါ်မှာ တင်ထား:တဲ့ အရသာတွေကို သိနိုင်ပါသလား:''

မိလိန္ဒမင်း ။ ။''မသိနိုင်ပါ ဘုရား:''

အရှင်နာဂသိန်။ ။''မင်းမြတ်.... သို့ဆိုလျှင် နောက်တစ်ခု ထပ်မံ မေး:ရဦ:မည်။ လူတစ်ယောက်ကို ပါ:စပ်ပိတ်ပြီ: ပျား:ရည်တွေထဲ စိမ်ထား:ခဲ့ရင် အဲဒီ့လူဟာ ပျား:ရည်ရဲ့ ချိုမြိန်တဲ့ အရသာကို သိနိုင်ပါ့မလား:''

မိလိန္ဒမင်း ။ ။"မှန်ပါ.... မသိနိုင်ပါဘူး ဘုရား"

အရှင်နာဂသိန်။ ။"ဘာကြောင့်မသိနိုင်ပါသလဲမင်းမြတ်"

မိလိန္ဒမင်း ။ ။"ပါးစပ်ထဲကို ပျားရည်မဝင်ရောက်နိုင်လို့ပါ ဘုရား"

အရှင်နာဂသိန်။ ။"မင်းမြတ်.... ဤသို့ဆိုလျှင် သင်မင်းမြတ်၏ စကားသည် ရှေးနှင့်နောက် မညီတော့ပါတကား"

မိလိန္ဒမင်း ။ ။"အရှင်ဘုရား-တပည့်တော်သည် အရှင်ဘုရားနှင့် စကား ယှဉ်ပြိုင်ပြောရန် မစွမ်းနိုင်တော့ပါ၊ လိုရင်းကိုသာ အမိန့်ရှိပါရန် တောင်းပန်အပ်ပါတယ် ဘုရား"

အရှင်နာဂသိန်။ ။"ဒါယကာတော် မင်းမြတ်.... လောကကြီးမှာ မျက်စိဖြင့် အဆင်းကို အစဲပြု၍ မြင်စိတ်ရယ်လို့ ဖြစ်ပေါ်လာအပ်တယ်။ ထိုမြင်စိတ်နှင့်အတူ သို့မဟုတ် မြင်စိတ်ကို အစဲပြု၍ပင်လျှင် တွေ့ထိမှုဖဿ၊ ခံစားမှုဝေဒနာ၊ မှတ်သားမှု သညာ၊ စေ့ဆော်မှု စေတနာ၊ တည်ကြည်မှု ဧကဂ္ဂတာ၊ ထိုပြင် သဟဇာတ တရားတွေကို စောင့်ရှောက်တဲ့ ဇီဝိတိန္ဒြေ၊ နှလုံးသွင်းမှု မနသိကာရ ဆိုတဲ့ တရားရှစ်ပါး ဆက်လက် ဖြစ်ပေါ်လာပြန်တယ်၊ ဒီလို ဖြစ်ပေါ်ရတာဟာ မျက်စိနဲ့ အဆင်းတွေ့ထိမှုက တစ်ဆင့် ဆက်စပ်ပြီး ပေါ်ပေါက်လာရခြင်း ဖြစ်တယ်"

"သည်နေရာမှာ ဇီဝခေါ်တဲ့ အသက်လိပ်ပြာကောင် ဆိုတာ လုံးဝ မရှိဘူး။ ထိုပြင် နှာခေါင်းနဲ့အနံ့၊ နှားနဲ့အသံ၊ လျှာနဲ့အရသာ၊ ကိုယ်နဲ့အတွေ့အထိ၊ မနောဒွါရနဲ့ ဖဿ၀ဏ္ဏ

စသည်တို့ကို အစဉ်ပြုပြီး ဆိုင်ရာဆိုင်ရာမြင်မှု-နှိုင်းမှု စတဲ့ ဝိညာဉ်ကွေ ဖြစ်ပေါ်လာပြန်တယ်။ ဒါတွေကလဲ ပထမဆုံးခဲ့ပြီးဖြစ်တဲ့ ဖဿ-ဝေဒနာ၊ သညာ-စေတနာ ဆိုတာတွေနဲ့ တစ်စပ်တည်း တစ်ပေါင်းတည်းပဲ ဖြစ်တယ်၊ ဒါ့ကြောင့် သင်မင်းမြတ် ပြောခဲ့တဲ့ ဇီဝခေါ် အသက်ကောင် လပ်ပြ ကောင် ဆိုတာဟာ ခန္ဓာကိုယ်ထဲမှာ စင်စစ်မရှိပေဘူး။ လုံ့မှားသော အယူအစဉ်မျှသာ ဖြစ်ပေတယ် မင်းမြတ်''

မြင်စိတ် စသည် ဖြစ်ပေါ်ပုံ

မိလိန္ဒမင်း ။ ။''အရှင်ဘုရား.... ယခု မိန့်တော်မူခဲ့တာမှာ မျက်စိနဲ့အဆင်း တွေ့ဆုံရင် မြင်စိတ် ဖြစ်တယ်လို့ သိရပါတယ်၊ အဲဒီမြင်စိတ်ဖြစ်တဲ့ နေရာမှာ မနောဝိညာဉ်ခေါ်တဲ့ အသိစိတ် ဖြစ်ပါသလား ဘုရား''

အရှင်နာဂသိန်။ ။''မှန်တယ်.... မင်းမြတ်၊ မြင်စိတ် ဖြစ်တဲ့ နေရာမှာ အသိစိတ် ဖြစ်ပေါ်ပေတယ်''

မိလိန္ဒမင်း ။ ။''အရှင်ဘုရား....မြင်စိတ်က ရှေးဦးစွာ ဖြစ်ပြီး အသိစိတ်က နောက်မှ ဖြစ်ပါသလား၊ သို့မဟုတ် အသိစိတ်က ရှေးဦးစွာဖြစ်ပြီး မြင်စိတ်က နောက်မှဖြစ်ပါသလား''

အရှင်နာဂသိန်။ ။''မဟုတ်ပေဘူး မင်းမြတ်... မြင်စိတ်က ရှေးဦးစွာဖြစ်ပြီး အသိစိတ်က နောက်မှ ဖြစ်ပေတယ်''

မိလိန္ဒမင်း ။ ။"အရှင်ဘုရား.... ဤသို့ဆိုလျှင် မျက်စိမှာ ဖြစ်ပေါ်သည့် မြင်စိတ်က အသိစိတ်ကိုလည်း မျက်စိမှာ ဖြစ်ပေါ်စေရန် စေခိုင်းပါသလား၊ သို့မဟုတ် အသိစိတ်က မြင်စိတ်ကို ငါ့ကဲ့သို့ပင် မြင်စိတ်မှာ ဖြစ်ပေါ်လေဟု စေခိုင်းပါသလား ဘုရား"

အရှင်နာဂသိန်။ ။"မဟုတ်ဘူး မင်းမြတ်၊ စေခိုင်းခြင်းလဲ မရှိဘူး၊ တိုင်ပင် သိုင်းခြင်းလဲ မရှိပေဘူး"

မိလိန္ဒမင်း ။ ။"အရှင်ဘုရား.... သို့ဆိုလျှင် မျက်စိမှာ မြင်စိတ် ဖြစ်ပေါ်သကဲ့သို့ အသိစိတ်ကလည်း ဘာ့ကြောင့် မျက်စိမှာပင် ဖြစ်ပေါ်ရပါသလဲ ဘုရား"

အရှင်နာဂသိန်။ ။"ဒကာတော် မင်းမြတ်.... ဤသို့ ဖြစ်ရခြင်းမှာ အချင်းချင်း သွတ်ကိုင်းမှုကြောင့် လည်းကောင်း၊ တံခါးပေါက်သဖွယ် ဖြစ်နေခြင်းကြောင့် လည်းဟောင်း အလွန် လေကျင့်ထားသည်မျိုးကဲ့သို့ လည်းကောင်း ဖြစ်ပေတယ်"

မိလိန္ဒမင်း ။ ။"အရှင်ဘုရား.... အချင်းချင်း သွတ်ကိုင်းမှု ဆိုသည်ကို ဥပမာ ပြတော်မူစေချင်ပါသည်"

အရှင်နာဂသိန်။ ။"ကောင်းလှပြီ မင်းမြတ်၊ သည်အတွက် မင်းမြတ်ကိုပင် ပြန်လည် မေးရပေဦး တော့မည်၊ ပုံးရှာသည့်အခါ ရေမျှား ဘယ်နေရာကို စီးအင်းပါမလဲ"

မိလိန္ဒမင်း ။ ။"မှန်ပါ.... နိမ့်ရာကို စီးဆင်းပါသည် ဘုရား"

အရှင်နာဂသိန်။ ။"နောက်တစ်ဖန် ရွှာပြန်ရင်ကော ဘယ်ကို စီးဆင်းမလဲ မင်းမြတ်"

မိလိန္ဒမင်း ။ ။"ပထမဦးစွာ စီးဆင်းရာကိုပင် စီးကျမည် ဖြစ်ပါသည် ဘုရား"

အရှင်နာဂသိန်။ ။"သို့ဆိုလျှင် ပထမ မိုးရေက ဒုတိယ မိုးရေကို ငါဒီနေရာသို့ စီးဆင်းမည်၊ မင်းလဲ ငါ့နေရာသို့ပင် စီးဆင်းပါဟု စေခိုင်းပါသလား မင်းမြတ်"

မိလိန္ဒမင်း ။ ။"မခိုင်းပါ အရှင်ဘုရား"

အရှင်နာဂသိန်။ ။"ကောင်းပြီ မင်းမြတ်.... ပထမမိုးရေက ထိုကဲ့သို့ မခိုင်းခဲ့လျှင် ဒုတိယ မိုးရေကကော ငါလဲ မင်း စီးဆင်းရာသို့ပင် တစ်ထပ်တည်း လိုက်ခဲ့မည်ဟု တိုင်ပင် ညွှန်ကြားပါသလား"

မိလိန္ဒမင်း ။ ။"အရှင်ဘုရား.... ဤသို့လည်း တိုင်ပင် ညွှန်ကြားခြင်း မရှိခဲ့ပါ"

အရှင်နာဂသိန်။ ။"ဒကာတော် မင်းမြတ်....! မြင်စိတ်နှင့် သိစိတ် သို့မဟုတ် မြင်ခြင်းနှင့် သိခြင်း ဆိုသည်မှာလည်း ထို့အကျင့်သာ ဖြစ်ပေတယ်၊ အချင်းချင်း အပြန်အလှန် စေခိုင်းမှုလဲ မရှိဘူး၊ တိုင်ပင် ညွှန်ကြားခြင်းလဲ မရှိဘူး၊ ကြောင်းကျိုးဆက်စပ်မှု အားလျော်စွာ တစ်ခုနှင့်တစ်ခု ဟင်းလင်းဖြစ်သော တံခါးပေါက်သဖွယ်၊ အလေ့အကျင့်သဖွယ် တစ်လျှောက်တည်း ယှက်သွယ် ညှိတ်ကိုင်းမှုသာ ဖြစ်ပေတယ် မင်းမြတ်"

အရှင်နာဂသိန် မယေရိမြတ်၏ ဒေဝေါမှာ လျှော်ကန့် ပြုလို့ စုံပြီ ဖြစ်သည်။ သို့သော် မိလိန္ဒမင်းသည် ဤသို့ ထပ်ဆင့် မေးလျှောက်ပြန်၏။

တံခါးပေါက်

မိလိန္ဒမင်း ။	။"အရှင်ဘုရား... တံခါးပေါက်မှာပဲ မြင်စိတ်ဖြစ်တယ်၊ တံခါးပေါက်မှာပဲ သိစိတ်ဖြစ်တယ် ဆိုတာနဲ့ ပတ်သက်လို့ ဥပမာအားလျှော်စွာ ရှင်းပြုတော် မူပါဦး ဘုရား"
အရှင်နာဂသိန်။	။"မင်းမြတ်.... တစ်ခုသော မြို့မှာ မြို့တွင်း မြို့ပြင် ထွက်ဝင်သွားလာရာ တံခါးပေါက်သည် တစ်ခုတည်းသာလျှင် ရှိတယ် ဆိုပါစို့၊ သည် အခါ မြို့တွင်းက ထွက်ချင်တဲ့ လူတစ်ဦးဟာ ဘယ်နေရာက ထွက်ရမလဲ"
မိလိန္ဒမင်း ။	။"အရှင်ဘုရား.... တစ်ပေါက် တည်းသော တံခါးမှ ထွက်ရပါမည်"
အရှင်နာဂသိန်။	။"အကယ်၍ နောက်တစ်ဦး ထွက်ခဲ့ရင် ကော မင်းမြတ်"
မိလိန္ဒမင်း ။	။"မှန်ပါ၊ ထိုတံခါးမှပင် လွှတ်ရပါမည်" ဘုရား
အရှင်နာဂသိန်။	။"ကောင်းပြီမင်းမြတ်၊ သို့ဆိုလျှင် သည် ကိစ္စမှာ ပထမလူနှင့် ဒုတိယလူဟာ ငါ ဒီတံခါးက ထွက်မယ်၊ မင်းလဲ ဒီတံခါးကပဲ ဟုက်ပါဟု အချင်းချင်း အပြန်အလှန် ညှိနှိုင်းတိုင်ပင် ထားကြသလား"

မိလိန္ဒမင်း ။ ။"အရှင်ဘုရား.... ဤသို့ မဟုတ်ပါ၊ တံခါးပေါက် ဖြစ်နေလျှိုသာ ထွက်ကြရခြင်း ဖြစ်ပါသည်"

အရှင်နာဂသိန်။ ။"ဒါယကာတော် မင်းမြတ်၊ မြင်စိတ်နှင့် သိစိတ် ဆိုသည်မှာလည်း စင်စစ် ထို သဘောအတိုင်းသာ ဖြစ်ပေတယ်၊ ဟင်းလင်း ပွင့်နေသော တံခါးပေါက်ပမာ ယှက်သွယ် ကူးသန်းရာအကြောင်းအကျိုး ဆက်စပ်နေမှုကြောင့် အပြန်အလှန် သက်ဝင် ညွှတ်ကိုင်းကြခြင်း ဖြစ်ပေတယ်"

အလွန် လေ့ကျင့်ထားခြင်း

မိလိန္ဒမင်း ။ ။"အရှင်ဘုရား.... အလွန် လေ့ကျင့်ထားသကဲ့သို့ လည်းကောင်း.... ဆိုသည်ကို ဥပမာ အားဖြင့် ကြားသိပါရစေဦး"

အရှင်နာဂသိန်။ ။"မင်းမြတ်.... အတွက် အချက်၊ အရေး အဖတ် စတဲ့ ပညာတွေဟာ ပထမဦးစွာ သင်ယူ လေ့ကျင့်စမှာတော့ ဖင့်နှေး ကြန့်ကြာတာဟာ ဓမ္မတာပဲ၊ သို့သော် တဖြည်းဖြည်း ကျင့်သားရလာတော့ သိပ်ပြီး လေ့ကျင့်သားလေ မြန်လေ ဖြစ်မလာပေဘူးလား"

မိလိန္ဒမင်း ။ ။"မှန်ပါ ဖြစ်လာကြောင်းပါ ဘုရား"

အရှင်နာဂသိန်။ ။"မြင်စိတ်နှင့် သိစိတ်သည်လည်းထိုကဲ့သို့ ပင် ဖြစ်ပေတယ် မင်းမြတ်၊ အလွန် ကျင့်သား ရပြီးသောအတတ်ပညာ တစ်ခုသည် လျင်မြန်စွာ

ဖြစ်မြောက်ဘိသကဲ့သို့ မြင်မှုနှင့် သိမှုသည်လည်း လျင်မြန်စွာ ဆက်စပ် ဖြစ်ပေါ်အပ်ပေတယ်။

"နှားဖြင့် ကြားအပ်သော အသံ၊ နှာခေါင်းဖြင့် ရအပ်သော အနံ့၊ ကိုယ်ဖြင့် တွေ့အပ်သောအာရုံတို့ဆည်လည်း မြင်စိတ်နှင့် သိစိတ်ကဲ့သို့ပင် ဖြစ်ပေတယ်၊ တွေ့ဆုံ ထိခိုက်မှုနှင့် အသိတရား၊သည် ကြိုတင်တိုင်ပင်ထား၊ခြင်း၊ ညှိနှိုင်း၊ထား၊ခြင်းပင် မရှိလင့်ကစား အလွန်လျင်မြန်စွာ ဆက်စပ် ဖြစ်ပေါ်အပ်ပေတယ် မင်း၊မြတ်"

မိလိန္ဒမင်း ။ ။"အရှင်ဘုရား.... မြင်စိတ်ဖြစ်တဲ့ နေရာတိုင်း၊မှာ ဖဿ (တွေ့ထိမှု) ဝေဒနာ (ခံစား၊မှု)တို့ဟာလဲ ဖြစ်ကြပါသလား"

အရှင်နာဂသိန်း။ ။"မှန်တယ် မင်း၊မြတ်၊ ဖြစ်ကြပါတယ်၊ မြင်စိတ်ဖြစ်တဲ့ နေရာတိုင်း၊မှာ ဖဿ-ဝေဒနာ၊ သညာ- စေတနာ- ဝိဟက်-ဝိစာရ အစရှိတဲ့ ဖဿ အမှု၊ပြုသော တရား၊အား၊လုံး ဖြစ်ကြပါတယ်"

ဖဿလက္ခဏာ

မိလိန္ဒမင်း ။ ။"အရှင်ဘုရား.... ဖဿဟူသည် အဘယ်လက္ခဏာ ရှိပါသလဲ"

အရှင်နာဂသိန်း။ ။"ဒါယကာတော် မင်း၊မြတ်၊ ဖဿသည် တွေ့ထိ၊ခြင်း လက္ခဏာ ရှိတယ်၊ ဥပမာ အား၊ဖြင့်မှု ဆိတ်နှစ်ကောင် ၂၇.(၂၇.)ကြတယ်ဆိုပါတော့။ သည်အခါမှာ မျက်စိအကြည်ဓာတ်ကို ဆိတ်တစ်ကောင်ပေါ်မှာ

မှတ်ရမယ်! အဆင်းကို ကျွန်ပိတ်တစ်ကောင်ပမာမှတ်ရမယ်၊ တွေ့ထိမှုတည်း ဟူသော ဖယောကို ဆိတ်နှစ်ကောင် ဝှေ့တဲ့အခါ ထိတွေ့မှုကဲ့သို့ သိမှတ်ရမယ်။

"လိုရင်းအချုပ် သဘောမှာတော့ ဆိတ်နှစ်ကောင်ပမာ ဖြစ်တဲ့ မျက်စိအကြည်ဓာတ်နဲ့ အဆင်းဟာ ဆိတ်နှစ်ကောင် ဝှေ့သလိုပဲ တွေ့ဆုံထိခိုက်မှု ဖြစ်တဲ့အခါ ဖယောတည်းဟူသော ထိတွေ့မှုကလည်း တစ်ပြိုင်နက်တည်း ပေါ်ပေါက် ဖြစ်ပွားလာရခြင်း ဖြစ်ပေတယ် မင်းမြတ်"

မိလိန္ဒမင်း ။ ။"အရှင်ဘုရား.... ဝေဒနာ၏ သဘောလက္ခဏာကို သိချင်ပါသေးသည်"

အရှင်နာဂသိန်။ ။"ဝေဒနာဟူသည်ခံစားခြင်း လက္ခဏာရှိပေတယ် မင်းမြတ်၊ ဥပမာ အကြင်သူတစ်ဦးတစ်ယောက် မင်းကြီးအပေါ်မှာ ကျေးဇူးတရားရှိနေတဲ့အတွက် မင်းကြီးက ဘိုသူ့အား တုံ့ပြန်ကျေးဇူးဆပ်သောအားဖြင့် လျှော်ကန်သလို ချီးမြှင့်မြှောက်စားတဲ့အခါ ထိုသူဟာ မင်းပေးစည်းစိမ်နဲ့ ဂုဏ်ရှိန်ကြီးမြင့်ခြင်း ဖြစ်မလာပေဘူးလား"

မိလိန္ဒမင်း ။ ။"မှန်ပါ.... ဖြစ်လာပါတယ် ဘုရား"

အရှင်နာဂသိန်။ ။"ကောင်းပြီ မင်းမြတ်၊ ဤကဲ့သို့ဖြစ်ရတဲ့အခါ ထိုသူက "ငါဟာ မင်းကြီးကို ပြုခဲ့ဖူးတဲ့ ကျေးဇူးအရ မင်းကြီးက ငါ့ကို တုံ့ပြန်ပြီး ကျေးဇူးပြုပေလိုသော ယခုလို စည်းစိမ်ချမ်းသာနဲ့ပြည့်စုံခံစားရတာပဲ"လို့ ဆင်ခြင်တွေးတောမိတယ်။

"နောက်တစ်နည်း ထပ်မံပြောရဦးမယ် လူတစ်ယောက်ဟာ ကုသိုလ်ကောင်းမှုတွေ များစုလုပ်ပြီး သေလွန်သွားတယ်၊ ထိုကုသိုလ်များအရ နတ်ပြည်မှာ နတ်သားအဖြစ်နဲ့ နတ်သမီးပေါင်း များစွာ အခြံအရံရှိရှုံသာ မကသေးဘူး ကြီးစွာသော စည်းစိမ်များကိုလည်း ခံစား စံစားရတယ်။

"အဲဒီအခါမှာ ဘိုနတ်သားက 'ငါဟာ.... ယခုကဲ့သို့သော စည်းစိမ်ချမ်းသာများကို ခံစား စံစားရသည်မှာ လူ့ပြည်၌ ရှိစဉ် သိမဟုတ် လူ့ဘဝက ကုသိုလ် ကောင်းမှုတွေ များစွာပြုလုပ်ခဲ့လို့သာ ဖြစ်ပါသလား' လို့ပြန်လည်တွေးတောမိမယ် မဟုတ်ဘူးလား"

မိလိန္ဒမင်း ။ ။"မှန်ပါ တွေးတောမိပါမည် ဘုရား"

အရှင်နာဂသိန်။ ။"ဒုကာဝေါ် မင်းမြတ်....၊ ဝေဒနာ၏သဘော လက္ခဏာသည် သည်ဥပမာ အတိုင်းသာ ဖြစ်ပေတယ်၊ ခံစားခြင်း စံစားခြင်း ဒုက္ခသည် ပင်လျှင် ဝေဒနာ၏ သဘော လက္ခဏာ ဖြစ်ပေတယ် မင်းမြတ်"

သညာလက္ခဏာ

မိလိန္ဒမင်း ။ ။"အရှင်ဘုရား....သညာဟူသည် အဘယ် လက္ခဏာ ရှိပါသလဲ"

အရှင်နာဂသိန်။ ။"မင်းမြတ်.... သညာသည် မှတ်သားခြင်း လက္ခဏာရှိတယ်၊ ဘဝရှင်အဆင်းနဲ့ စပ်လျဉ်းတဲ့အခါ အဖြူ၊ အနီ၊ အပြာ၊ အဝါ စသဖြင့် သိမှတ်ခြင်းသည် လည်းကောင်း၊ ရှုပ်ဝတ္ထု ပုံပန်းသဏ္ဌာန်နဲ့ စပ်

လျှဉ်းလာတဲ့အခါ ဇရပ်၊ တန်ဆောင်း၊ ဂူ၊ ကျောင်း၊ ဘုရား စသဖြင့် သီမှတ်ခြင်းသည် လည်းကောင်း သည်တို့၏ သဘော လက္ခဏာများ ဖြစ်ပေတယ်။

"ဒကာတော် မင်းမြတ်... နိုးစပ်စွာသော ဥပမာ အားဖြင့် ဒကာတော် မင်းမြတ်၏ ဘဏ္ဍာစိုးဖြစ်သူသည် ဘဏ္ဍာတိုက်လဲဝင်ပြီး မည်သည့် ရတနာက မည်ရွှေ့ မည်မျှ၊ မည်သည့် ဝတ္ထုပြစ္စည်းက မည်ရွှေ့ မည်မျှ ဟူ၍ ရေတွက် မှတ်သား အပ်ခြင်းသည် သည်၏သဘောလက္ခဏာ ဖြစ်ခဲပေတယ်။

"ထို့ပြင် မည်သည့်အမှုကို မည်သို့ပြုရသည်၊ မည်သည့် အနာကို မည်သည့်ဆေးဖြင့် ကုစားရသည်ဟူ၍ သီမှတ်ထား ခြင်းမျိုး သည်လည်း သည်၏သဘောလက္ခဏာများပင် ဖြစ်ပေတယ် မင်းမြတ်"

စေတနာလက္ခဏာ

မိလိန္ဒမင်း ။	။"အရှင်ဘုရား.... စေတနာ၏ သဘော လက္ခဏာ ကိုလည်း ဥပမာပါသော သည်"
အရှင်နာဂသိန်း။	။"မင်းမြတ်.... စေတနာ ဟူသည် စေ့ ဆော် အားထုတ်ခြင်း၊ ပြုပြင် စီရင် ခြင်း လက္ခဏာ ရှိပေတယ်၊ သို့သော် အကြောင်းအားလျော် စွာ ကဲ့ပြား ခြားနားမှုလဲ ရှိသေးတယ်၊ ဥပမာ အကြင်သူ တစ်ဦးဟာ အဆိပ်ဆေးကို ပြုပြင်စီရင်ပြီး မိမိကိုယ်တိုင်လဲ သောက်တယ်၊ သူတစ်ပါးကိုလဲ သောက်စေတယ် ဆိုရင် နှစ်ဦးစလုံးပင် ဒုက္ခမရောက်ပေဘူးလား;"

မိလိန္ဒမင်း ။ ။"မှန်ပါ...ရောက်ရင်ကြောင်းပါဘုရား"

အရှင်နာဂသိန်။ ။"ဘိုအတူ မင်းမြတ်... အချို့ဟာ မကောင်းသော စေတနာ စေ့ဆော်နဲ့ တိုက်တွန်းမှုဖြင့် မကောင်းသော အလုပ်တွေ လုပ်တယ်၊ သေလွန်တဲ့အခါ ထိုမကောင်းမှု အကုသိုလ်အရ ငရဲကိုကျရောက်ရတယ်၊ သူ့နည်းတူပဲ အားကျလို ကောင်းတယ်ထင်လို့ လိုက်လုပ်ကြတဲ့ သူတွေဟာလဲ သေလွန်တဲ့အခါ အကုသိုလ်အကျိုးပေး အားလျော်စွာ ငရဲကို ကျရောက်ရပြန်တယ်"

"တချို့ကျတော့လဲ ထောပတ်၊ ပျားရည်၊ တင်လဲ အစရှိသည်မျှားနဲ့ စတုမဓုကဲ့သို့သော ဆေးအစာ အဟာရကို စေတနာ စေ့ဆော် တိုက်တွန်းမှု အားလျော်စွာ စီရင်ပြုလုပ်ပြီး မိမိကိုယ်တိုင်လဲ စားသုံးတယ်၊ သူတစ်ပါးကိုလဲ စားသုံးစေတယ်၊ သည်စေတနာမျိုး ပြုလုပ်အားထုတ်မှုမျိုး ကျတော့ နှစ်ဦးလုံးပင်လျှင် ချမ်းသာသုခ မဖြစ်ပေဘူးလား"

မိလိန္ဒမင်း ။ ။"မှန်ပါ... ဖြစ်ရကြောင်းပါ ဘုရား"

အရှင်နာဂသိန်။ ။"စေတနာဟူသည် အားလုံးသောအရာ တိုင်းမှာပင်လျှင် ထိုအတူသာ ဖြစ်ပေတော့တယ် မင်းမြတ်၊ ကောင်းစွဲသော စေတနာနဲ့ ကောင်းတဲ့ အလုပ်တွေ လုပ်တဲ့လူကျတော့ နတ်စည်းစိမ်၊ ကြက္ကာစည်းစိမ် စသဖြင့် ခံစား စံစားရတယ်၊ သူတစ်ဦး[illegible] သေးဘူး၊ သူ့ကို အားကျလို သူ့လို [illegible] လိုက်လုပ်ကြသူတွေဟာလဲပဲ သူကဲ့သို့ပင် ကောင်းကျိုးချမ်းသာကို ရရှိ ခံစားကြရတယ်၊ ကိုယ်ကြောင့် စေတနာဟူသည်

ကောင်းခြင်း မကောင်းခြင်းကိုအုပထား၍ စေ့ဆော် ကိုက်တန်းတက်သော သဘော၊ ကြံစည် အားနှုတ်တတ်သော သဘောဖြစ်သည်ဟုမှတ်ခုပေမယ် ဒကာတော်မင်းမြတ်''

ဝိညာဉ် လက္ခဏာ

မိလိန္ဒမင်း ။ ။''အရှင်ဘုရား.... ဝိညာဉ်၏ သဘော လက္ခဏာကို ကြားနာပါရစေဦး''

အရှင်နာဂသိန်။ ။''မင်းမြတ်.... ဝိညာဉ် ဟူသည် အာရုံကို သိခြင်း လက္ခဏာရှိပေတယ်၊ ပမာအား ဖြင့်မူ မြို့ကို စောင့်ကြပ်ရသူကဲ့သို့ ဖြစ်ပေတယ်၊ မြို့စောင့်ဖြစ်သူဟာ လမ်းဆုံ၊ လမ်းမ၊ လမ်းလေးခွက နေ့ဖြိုး လာလာသမျှသောလူအပေါင်းကို ကြည့်ရှုတွေ့မြင်ရသကဲ့သို့ ဝိညာဉ်ကလဲ အာရုံဟူသမျှကို သိတတ်ခြင်း ရှိပေတယ်''

''ဒကာတော် မင်းမြတ်.... မျက်စိက အဆင်းကို တွေ့လိုက်တယ်၊ ထိတွေ့မှုတည်း ဟူသော အာရုံကို- ဝိညာဉ်က သိအပ်တယ်၊ သိခြင်းသဘော ရှိတယ်၊ ထို့အတူပဲ နားကြားသမျှ၊ နှာခေါင်းက နံသမျှ၊ မွေးသမျှ၊ လျှာက လျှက်လိမ်းသမျှ၊ ကိုယ်က တွေ့ထိသမျှ အားလုံးကိုပင်လျှင် ဝိညာဉ်က သိတတ်သော သဘောရှိတယ်၊ ထို့ကြောင့် ဝိညာဉ်ဟူသည် သာရုံကို သိတတ်ခြင်း သဘောလက္ခဏာ ရှိသည်ဟု မှတ်ရပေမယ် မင်းမြတ်''

မိလိန္ဒမင်း ။ ။''အရှင်ဘုရား.... ဝိတက် ဟူသည်မှာ လည်း အဘယ် သဘော လက္ခဏာကို ဆောင်ပါသနည်း''

အရှင်နာဂသိန်။ ။"ဒကာ တော် မင်းမြတ်.... သူတို့သွင်းခြင်း၊ သိမ်းဝည်း ဆက်စပ်ခြင်း သဘောလက္ခဏာကို 'ဝိဘက်'ဟု သိမှတ်အပ်တယ်၊ အကြင်လက်သမား တစ်ဦးဟာ တစ်စုံတစ်ခုသော ရုပ်ဖြစ် အရာဝတ္ထု အလို့ငှာ.... ကောင်းမွန်စွာ လုပ်ထားအပ်ပြီးသော သစ်သားမျှားကို တစ်ခုနှင့်တစ်ခု ဆက်စပ်ခြင်း၊ သွတ်သွင်းချည်းကပ်စေခြင်းကဲ့သို့ဖြစ်ပေတယ်"

ဝိစာရ လက္ခဏ

မိလိန္ဒပင်း ။ ။"အရှင်ဘုန်း... ဝိစာရ၏ သဘောလက္ခဏာကို မိန့်တော်မူ စေချင်ပါတော်သည်"

အရှင်နာဂသိန်။ ။"မင်းမြတ်...ဝိစာရဟူသည်ကား အဖန်ဖန် သုံးသပ်ခြင်း သဘောလက္ခဏာပင် ဖြစ်တော်သည်။ ခြေကြီးစည်ကို တီးလိုက်တဲ့အခါ တီးခတ်လို့ လည်ပတ်သွားရတဲ့အခိုန် အသံလျှပ်စီး၊ အသံလဲ အဆက်မပြတ် ပေါ်ထွက်မြဲဟုသိုးနေးခပ်ကဲကဲဖြစ်တယ်၊ ပထမဦးစွာ တီးခတ်လိုက်လို့ ကြည်ဟည်းပေါ်လာ အသံကို ဝိဘက် ဝိစာရလို့ သဘောကားနိုင်တယ် မင်းကြီး၊ ဒါပေမယ့... ဝိစာရနဲ့ နောက်မှလိုက်၍ မြည်ဟည်းလိုက်လာ အသံကိုကား စပ်လျဉ်းလို့ အလွယ်ဆုံးသော ဥပမာပေါ့"

အရှင်နှာဂသိန်။ ။"လူမျှားသည်လဲ ထိုအတူပေပဲ....ဒကာ တော် မင်းမြတ်၊ မိမိတို့ပြုလုပ်အား၊ထုတ်ခဲ့တဲ့ ကံချင်းမတူလို့၊ ကံကွဲပြားခြားနားနေလို့ ဤသို့ဖြစ်ကြရပေတယ်။

မင်းမြတ်....ကံတရား၊နဲ့ ပတ်သက်လို့ ဗုဒ္ဓမြတ်စွာဘုရား၊ မိန့်တော်မူခဲ့တာ ရှိတယ်၊ သတ္တဝါတွေဟာ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာဖြစ်တယ်၊ ကံသာလျှင် အဆွေအမျိုး၊ ကိုးကွယ်ရာ၊အာ၊ယာ၊ရာ ဖြစ်တယ်၊ ကံကပေး၊တဲ့ ဆိုး၊မွေ့ ကောင်း၊မွေ့ကိုပဲ ခံစား စံစား၊ကြရမယ်၊ သတ္တဝါတို့ရဲ့ အဆိုး၊အကောင်း၊မှန်သမျှဟာ ကံကြောင့်သာ ဖြစ်ပေါ်လာရတယ်၊ မိမိပြုခဲ့သော ကောင်းမှု မကောင်းမှု အား၊လျှော်စွာသာလျှင် ကံအကျိုး၊ပေးလိမ့်မယ်လို့ ဟောတော်မူခဲ့တယ် မင်းမြတ်"

လုံ့လဝီရိယ

မိလိန္ဒမင်း ။ ။"အရှင်ဘုရား....ဆင်း၊ရဲ့ဒုက္ခဟူသမျှ ချုပ်ငြိမ်း၊လေအောင် နောင် တစ်ဖန်လည်း မဖြစ်ရလေအောင် ကျင့်ကြံကြိုး၊ပမ်း၊ခြင်း၊ကြောင့် ငါတို့ ရဟန်း အဖြစ်သည် အကျိုး၊ရှိ၏ဟူ၍ အရှင်ဘုရား....ရှေ့၊မဆွက် မိန့်တော်မူခဲ့ဖူး၊ပါသည်။ အခါအခွင့်မသင့်မီ လုံ့လထုတ်ခြင်း အား၊ဖြင့် အဘယ်မှာ အကျိုး၊ရှိပါအုံ့နည်း။ လုံ့လဝီရိယဟူသည် အခါအခွင့်သင့်ချိန်တွင်သာ ကြိုး၊ပမ်း အား၊ထုတ်ထိုက်သည် မဟုတ်ပါလား"

မိလိန္ဒမင်း ။ ။"မှန်ပါ....ဖြစ်နိုင်ပါကယ် ဘုရား"

အရှင်နာဂသိန်။ ။"ဒေါယတာန ပါးပါးသည်လည်း လို အတူသာပေါ့ မင်းမြတ်! ကံအမျိုးမျိုး၏ အကျိုးပေးဘားလျော်စွာ ဖြစ်လာရပေတယ်"

ကုသိုလ်ကံ-အကုသိုလ်ကံ ခြားနားမှု

မိလိန္ဒမင်း ။ ။"အရှင်ဘုရား....တပည့်တော် လျှောက်တားပါရစေဦး.... လူတွေဟာ တချို့အသက်တိုတယ်၊ တချို့ရှည်တယ်၊ တချို့ဝေဒနာများတယ်၊ တချို့ရောဂါနည်းတယ်၊ တချို့ကလှတယ်၊ တချို့က အရုပ်ဆိုးတယ်၊ တချို့က တန်ခိုးထွားတယ်၊ တချို့က တန်ခိုးပါးတယ်၊ လူအချင်းချင်း ထိုကဲ့သို့ မညီမမျှဖြစ်ရခြင်းဟာ ဘာ့ကြောင့် ဖြစ်ရပါသလဲ ဘုရား၊ ဘာ့ကြောင့် လူအားလုံးဟာ တစ်ပြေးညီစွာ မဖြစ်ရပါသလဲ ဘုရား"

အရှင်နာဂသိန်။ ။"မင်းမြတ် ...သစ်ပင်တွေပုံ တ်ချို့ကချဉ်တယ်၊ တချို့ကချိုတယ်၊ တချို့ကခါးတယ်၊ တချို့ကငန်တယ်၊ တချို့က ခါးတယ်၊ တချို့ကစပ်တယ်၊ တချို့ကဖန်တယ်၊ ဘာ့ကြောင့် ဤသို့ကွဲပြားနေပါသလဲ မင်းမြတ်"

မိလိန္ဒမင်း ။ ။"မှန်ပါ... ပျိုးစေ့ကြောင်း မတူလို့ပါ ဘုရား"

အရှင်နှောကသိန် မေးခွန်းထုတ်ခြင်း

အရှင်နှောကသိန်။ ။"ဒကာတော်မင်းမြတ်...ဆာဝေးကို မျက်စိဖြင့် သိအပ်သလော"

မိလိန္ဒမင်း ။ ။"အရှင်ဘုရား....သိနိုင်ပါသည်"

အရှင်နှောကသိန်။ ။"မင်းမြတ်.... ကောင်းစွာ စဉ်းစားမြိုးဖြေပါလော"

မိလိန္ဒမင်း ။ ။"အရှင်ဘုရား....တပည့်တော် သတိချက်ယူင်းသူးပါသည်။ ဆာဝေးကို လျှာဖြင့် လျက်ကြည့်ရှုသာ သိနိုင်ပါသည်"

အရှင်နှောကသိန်။ ။"မှန်ပေသည် မင်းမြတ်၊ ဆာဝေ၏အရသာကို လျှာဖြင့်သာ သိနိုင်သည်"

မိလိန္ဒမင်း ။ ။"အရှင်ဘုရား....ဆာ ဆားလုံးကို လျှာဖြင့် သိနိုင်ပါသလော"

အရှင်နှောကသိန်။ ။"မှန်ပေသည် မင်းမြတ်"

မိလိန္ဒမင်း ။ ။အရှင်ဘုရား.... ထိုသို့ဆိုလျှင် အဘယ့်ကြောင့် မျှားစွာသောဆာဝေးတို့ကို နွားလှည်းဖြင့် တင်ဆောင်ယူဘိသနည်း။ ငန်သောအရသာ သက်သက်ကိုသာ ယူဆောင်သင့်သည် မဟုတ်ပါလော"

အရှင်နှောကသိန်။ ။"ဒကာတော်မင်းမြတ်....ဆာသည် ငန်သော အရသာချည်း သက်သက်မဟုတ်၊ လေးလံခြင်းသဘောလဲ ရှိနေသော ပေါင်းစည်းနေပေတယ် ဖခင်ပြောက်၊ ဆာဝေးကို ချိန်ခွင်ဖြင့်ချိန်တွယ်၍ ရပါသလား;"

မိလိန္ဒမင်း ။ ။"အရှင်ဘုရား....ရပါသည်"

အရှင်နာဂသိန်း။ ။"မင်းမြတ်....သို့ဆိုလျှင် ဆား:ကို အပထား:၍ ငန်သော အရသာ သက်သက်ကို ဟုတ်: ချိန်တွယ်ပြုစမ်း:ပါခဲလော့"

မိလိန္ဒမင်: ။ ။"အရှင်ဘုရား:.... ဤသို့ကား: မဖြစ်နိုင်ကောင်:ပါ"

အရှင်နာဂသိန်။ ။"မှန်ပေသည် မင်းမြတ်! ငန်သော အရသာကို ချိန်တွယ်၍ မရ! ဆား:၏အလေ: ချိန်ရုပ်ပြုပ်ကိုသာ ချိန်တွယ်၍ရနိုင်ကောင်: ပေတယ်"

အာယတန ၁၂:ပါ:သည် ကံကြောင့် ဖြစ်ရပုံ

မိလိန္ဒမင်: ။ ။"အရှင်ဘုရား.... အာယာတန ၁၂:ပါ:ဟူသည် ကံ အမျိ:မျိ:ကြောင့် ဖြစ်ပါသလော ...သို့မဟုတ် ကံတစ်မျိ:တည်:ကြောင့် ဖြစ်ပါသလော"

အရှင်နာဂသိန်။ ။"မင်းမြတ်! အာယတန ၁၂:ပါ:ကိုသည် ကံတစ်ခုတည်:ကြောင့်မဖြစ်! ကံအမျိ:မျိ:ကို အကြောင်:ပြု၍ ဖြစ်ရပေတယ်။ ဒကာတော်မင်းမြတ်-လယ်မြေကစ်ခုလဲမှာ မျိ:စုံအမျိ:မျိ:ကို စိုက်ပျိ:တဲ့အခါ ဒေါင်မျိ:စုံ! အသီ:အပွင့်မျိ:စုံ ဖြစ်မလာနိုင်ပေဘူ:လား:"

'ဒကာတော် မင်းမြတ် ဆားသည် ငန်သော အရသာ ချည်းသက်သက် မဟုတ်၊ လေးလံခြင်း သဘောလည်း ရှောနှောပေါင်းစည်း နေပေတယ် မင်းမြတ်၊ ဆားကို ချိန်ခွင်ဖြင့် ချိန်တွယ်၍ ရပါသလား'

ဖယ စသည်လိုက် ခွဲခြားမှု သိနိုင်-မသိနိုင်

မိလိန္ဒမင်း ။ ။"အရှင်ဘုရား.... တပေါင်း တစည်း ဘည်း ဖြစ်နေအပ်သော ဖယ စသော တို့ကို ဆစ်ပိုင်းခွဲခြားပြီး ဤသည်ကား ဖယတည်း။ ဤသည်ကား ဝေဒနာတည်းဟူ၍ စာသီးတသန့်စီ သိသာလင်ရှားလေအောင် စွမ်းဆောင်ဖြစ်မြောက်နိုင်ကောင်းပါအုံ့လော"

အရှင်နာဂသိန်း။ ။"ဒကာတော်မင်းမြတ်....သင်မင်းမြတ်၏ စားဟော်ကဲဖြစ်သူသည် ရေပ်၊ ကြက်သွန်၊ ဆီ၊ ဆား စသည်တို့ဖြင့် ပြုကောင်းမှန်စွာ ချက်ဆားအပ်သော ဟင်းလျှာတစ်ခုကို သင်မင်းမြတ် သုံးဆောင်အပ်သည့် အခါ ဤသည်ကား ဆီ၏ အရသာ-ဟော်ပတ်၏ အရသာတည်း။ ဤသည်ကား ရေပ်၏အရသာတည်း။ ဤသည်ကား ကြက်သွန်၏ အရသာတည်း။ ဤသည်ကား ဗီယာ-ကရဝေး၏ အရသာတည်းဟူ၍ သင်မင်းမြတ် ခွဲခြားခြင်းငှာ၊ ကွဲပြားစေခြင်းငှာ စွမ်းနိုင်ပါအုံ့လော"

မိလိန္ဒမင်း ။ ။"အရှင်ဘုရား... ဤသို့ကား မဖြစ်နိုင်စကောင်းပါ၊ ချို-ချဉ်-စပ်-ငန်-အဖန်-အခါး သိရုံမျှသာ ဖြစ်ပါသည်။

အရှင်နာဂသိန်း။ ။"ဒကာတော်မင်းမြတ်.... ဖယ စသော တရားအစုသည်လည်း ယိုအတူသာ ဖြစ်ပေတယ်၊ သီးခြားခွဲ၍ မဖြစ်နိုင်စကောင်းပေဟူး၊ တစ်ခုစီ တစ်ခုစီ၏ သဘောလက္ခဏာကို ဉာဏ်ဖြင့်ယှဉ်၍သာလျှင်သိအပ်နားလည်အပ်ပေတယ် မင်းမြတ်"

အရှင်နာဂသိန်း။ ။"မင်းမြတ်... အချိန်အခါရောက်မှ၊ အခါ
အခွင့်သင့်မှ ကြိုးစား အားဝှက်ခြင်း
သည် လိုအပ်တဲ့အကျိုးမပြီးမြောက်နိုင်ဘူး၊ ကြိုတင်၍ကြိုးစား
အားဟုတ်ထားမှသာ လိုအပ်တဲ့အကျိုး ပြီးစီးနိုင်တယ်"

မင်းမြတ်၊ ဘယ်လို သဘောရပါသလဲ၊ ရေသောက်ချင်မှ
ရေတူးတူးသင့်သလား....သို့မဟုတ် ကြိုတင်ပြီး တူးထားသင့်
သလား"

မိလိန္ဒမင်း ။ ။"အရှင်ဘုရား... ကြိုတင်ပြီး တူးထား
သင့်ပါသည်"

အရှင်နာဂသိန်း။ ။"မှန်ပေသည် မင်းမြတ်၊ ကြိုတင်ပြင်ဆင်
မှုရှိမှသာ လိုအပ်တဲ့ကိစ္စဟူသမျှ ပြီးစီး
အောင်မြင်နိုင်တယ်၊ ကြိုတင်ပြင်ဆင်မှုမရှိဘဲ ရေသောက်ချင်မှ
ရေတူးမယ်ဆိုရင် ရေမသောက်ရဘဲ ငယဆုံးဖွယ်ရာ
အကြောင်းဘာ ရှိပေတယ်။

"မင်းမြတ်....ထမင်းစားခါနီးမှ လယ်ထွန်မယ်၊ ဂိုက်ပျိုး
မယ်၊ စစ်တိုက်ခါနီးမှ စစ်အတတ်သင်မယ်၊ လက်နက်ရှာဖွေမယ်
ဆိုရင် လိုအပ်တဲ့အကျိုး ပြီးမြောက်နိုင်ပါ့မလား"

မိလိန္ဒမင်း ။ ။"မပြီးနိုင်ပါ ဘုရား"

အရှင်နာဂသိန်း။ ။"အရာရာမှာ အချိန်အခါ မကျရောက်
သေးမီက ကြိုတင်ပြီး ပြင်ဆင်ထားမှ
သာ အောင်မြင်ပြီးမြောက်ခြင်း ပန်းတိုင်ကိုရောက်နိုင်တယ်၊
လိုအပ်ချက်ဟူသမျှ ပြည့်စုံနိုင်ပေတယ် မင်းမြတ်၊ စင်စစ်တော့
အသိညာဏ် အခံရှိပါလျက် ပညာမရသူ၊ နည်းလမ်းကို သိပါ

လျှက် မအောင်မြင်သူပေါ့ဟာ ကြိုတင်ပြင်ဆင်မှု အလေးအနှံက် ကြိုးစားအားထုတ်မှုကင်းမဲ့လို့ ဖြစ်ရပေတာပဲ၊ အမျိုးမျိုးသော ဆင်းရဲဒုက္ခတွေနဲ့ သံသရာ့ဝဋ်ထဲမှာ တဝဲလည်လည် ဖြစ်နေရတာလဲ သည်သဘော အတိုင်းပင်.... ဖြစ်ပေတယ် မင်းမြတ်''

ငရဲမီးပူလောင်ပုံ

မိလိန္ဒမင်း ။ ။''အရှင်ဘုရား.... ငရဲမီးသည် ပကတိ မီးထက် လွန်ကဲစွာပူလောင်သည်။ကျောက်ခဲ သေးသေးတစ်ခုကို ပကတိမီးထဲသို့ထည့်ထားခဲ့လျှင် တစ်နေ့လုံး ထားသည့်တိုင်အောင် ပြာမဖြစ်သော်ငြားလည်း အိမ်လုံးပမာကရှိသော ကျောက်တုံးကြီးကို ငရဲမီးထဲသို့ ထည့်ခဲ့သော် ခဏလေးအတွင်း ပြာဖြစ်သွားရသည်ဆိုခြင်းကို တပည့်တော် မယုံကြည်ပါ။

''ထိုပြင် ထိုရွှေထိုမျှ ပူပြင်းလောင်မြိုက်စွာသော ငရဲမီးသည် ငရဲတွင် နှစ်အရေအတွက် ထောင်ပေါင်းများစွာ ကျခံနေရသော သူများအဖို့မူ၊ လုံးဝ ချုပ်ပျောက် အေးငြိမ်းသွားခြင်းမရှိဟု သိရပြန်ပါသည်။ ဤသဘောကိုလဲ တပည့်တော် မယုံကြည်ပါ ဘုရား''

အရှင်နာဂသိန်း။ ။''ကောင်းလှပြီ မင်းမြတ်.... ငါးမန်းမ၊ လိပ်မ၊ မိကျောင်းမ၊ ဒေါင်းမ၊ ခိုမ စသည်တို့သည် အစာ ရှာဖွေရာတွင် ကျောက်စရစ်များ၊ ကျောက်ခဲများပါ ဝါးမျိုကြသည်ဆိုခြင်းကို သင်မင်းမြတ် သိပ္ပံ ကြားဖူးပါသလား''

မိလိန္ဒမင်း ။ ။''အရှင်ဘုရား- ကြားသိရဖူးပါသည်''

အရှင်နာဂသိန်။ ။''ကောင်းလှပြီ ဒကာတော် မင်းမြတ်.... ကိုသိုးဆိုလျှင် ထိုထို ငါးမှန်းမ၊ လိပ်မ၊ မိကျောင်းမ စသည်တို့သည် အစာအမှတ်ဖြင့် ဝါးမျိုအပ်သော ကျောက်ခဲများကိုပင် ကြည်ညက်ပျက်ပြားစေပါလျက် မိမိတို့၏ ဝမ်းဗိုက်တွင်းမှ သန္ဓေကိုမူ အဘယ့်ကြောင့်မပျက်စီးမထိခိုက်စေပါသနည်း''

မိလိန္ဒမင်း ။ ။''အရှင်ဘုရား.... သန္ဓေ တည်နေအပ်သော သက္ကဝါတို့၏ ကံတရားကြောင့်ဟု ထင်ပါသည်''

အရှင်နာဂသိန်။ ။''မှန်ပေတယ် မင်းမြတ်.... ငရဲခံနေရသူတွေဟာလဲ ထိုအတူသာဖြစ်တယ်၊ သူတို့၏ အနှုကုသိုလ်ကံမကုန်မချင်း ပြာဖြစ်မသွားဘူး၊ ချုပ်ပျောက်ပျက်စီးမသွားဘူး၊ ငရဲမီးက ဘယ်လောက်ပင် ပူပြင်းလောင်မြိုက်စေကာမူ ကံမကုန်မချင်း ပြန်-ပြန်ဖြစ်နေရတာပဲ။

''ထိုပြင်....ယခု မျက်မှောက်လောကမှာ အရိုးတွေကို စားတဲ့ တိရစ္ဆာန်မတွေ၊ ကြမ်းတမ်းသော အစားကို စားတဲ့ လူမိန်းမတွေမှာ သူတို့စားလိုက်သမျှသော အစာအာဟာရတွေဟာ ဝမ်းဗိုက်ထဲရောက်တဲ့အခါ ကြည်ညက် ပျက်ပြားသွားရတာပဲ၊ သို့သော် သူတို့ဝမ်းတွင်းမှ ပဋိသန္ဓေကမူ ထိခိုက်ပျက်စီးခြင်း မရှိပေဘူး၊ ဒါဟာ ကံတရားကြောင့်ပင် ဖြစ်ပေတယ် မင်းမြတ်...''

မြေကြီးတည်နေပုံ

မိလိန္ဒမင်း ။ ။"အရှင်ဘုရား....အရှင်ဘုရားတို့က မြေကြီးဟာ ရေထုပေါ်မှာ တည်နေတယ်၊ ရေလုံဟာ လေထုပေါ်မှာတည်နေတယ်၊ လေထုဟာ ကောင်းကင်မှာ တည်နေတယ်လို့ ဆိုပါတယ်၊ တပည့်တော်.... ဤအယူအဆကို လက်ခံယုံကြည်နိုင်ခြင်း မရှိပါ ဘုရား"

ထိုအခါ အရှင်နာဂသိန်မထေရ်မြတ်သည် ပရိကွေ့ရှစ်ပါးတွင် တစ်ပါးအပါအဝင်ဖြစ်သော 'ရေစစ်'ဖြင့် ရေကိုဆောင်ယူပြီး၊ "မင်းမြတ်....ဤရေကို လေက ဆွဲဆောင်ထားသလို၊ မြေထုအောက်မှာ ရေထုကိုထဲ လေထုက ဤသို့ပင် ဆွဲဆောင်ထားအပ်ပေတယ်"ဟု မျက်မြင် သာဝကဖြင့်ပါ ပေါင်းစပ်ဖြေရှင်းတော်မူပေ၏။

မှတ်ချက်။ ။အဘိဓမ္မာ နည်းအားဖြင့် ကောင်းကင်ဟူသည် ထက်-အောက်၊ ဝဲ-ယာ လေဟာပြင်ကြီး ဖြစ်နေသော အခြင်းအရာကို ဆိုလိုသည်။ လောကမှာ.... ဥပမာဖြစ်သော အထက် မိုးကောင်းကင်နှင့် သဘောချင်းမတူညီပါ။

ဝေရုးသူ

ချုပ်ခြင်းသည် နိဗ္ဗာန်လော

မိလိန္ဒမင်း ။ ။"အရှင်ဘုရား....ချုပ်ခြင်းသည် နိဗ္ဗာန်မည်ပါသလော"

အရှင်နာဂသိန်။ ။"မှန်ပေသည် မင်းမြတ်....ချုပ်ခြင်းသည် နိဗ္ဗာန်မည်ပေ၏"

မိလိန္ဒမင်း ။ ။"အရှင်ဘုရား.... အဘယ်ကြောင့် ချုပ်ခြင်းသည် နိဗ္ဗာန်မည်ပါသနည်း"

အရှင်နာဂသိန်။ ။"မင်းမြတ်....ပုထုဇဉ် ငမိုက်သား အားလုံးဟာ အတွင်းအပ အာယတနတွေကို သိပ်နှစ်သက်တယ်၊ သိပ်စဲ့လန်းတယ်၊ ခွဲမရအောင် ဖြစ်ကြတယ်၊ တဏှာရေလျှင်ကြောမှာ မျောချင်တိုင်း မျောနေကြတယ်၊ အိုဘေးဆိုး၊ နာဘေးဆိုး၊ သေဘေးဆိုးတို့မှ မလွတ်ကြဘူးဟု ဗုဒ္ဓမြတ်စွာဘုရား၏ စကားတော်အတိုင်း ဂါထာပြောခဲ့တယ်"

"အဲဒါကို ပြောင်းပြန်လှန်ကြည့်လိုက်တော့ အကြားအမြင် ရှိတဲ့ အရိယာတွေဟာ အတွင်းအပ အာယတနတွေကို အလွန်အမင်း မနှစ်သက်ဖူး၊ မစဲ့လန်းဖူး၊ အဆုံးတိုင် မတည်ဖူး၊ အဲဒီ ပုဂ္ဂိုလ်တွေဟာ တင်မက်မှု တဏှာချုပ်တယ်၊ တဏှာချုပ်ရင် ဥပါဒါန်ချုပ်တယ်၊ ဥပါဒါန်ချုပ်ရင် ဘဝချုပ်တယ်၊ ဘဝချုပ်ရင် ပဋိသန္ဓေနေခြင်း၊ အိုခြင်း၊ သေခြင်း၊ စိုးရိမ်ပူဆွေး ငိုကြွေးရခြင်း၊ နှလုံးမသာခြင်း၊ အလွန်အမင်း

ပင်ပန်းဆင်းရဲခြင်း အစရှိတာတွေဟာ ချုပ်ကုန်ကြတယ်၊ အဲ့ဒီလို ဆင်းရဲအစု ချုပ်ငြိမ်းခြင်းကိုပင် နိဗ္ဗာန်လို့ ခေါ်ပေတယ် ဒကာတော် မင်းမြတ်...''

အကျဉ်းချုပ်။ ။(ဆင်းရဲ အားလုံး ချုပ်ငြိမ်းတာဟာ နိဗ္ဗာန်ပဲ။)

လူတိုင်းနှင့် နိဗ္ဗာန်

မိလိန္ဒမင်း ။ ။''အရှင်ဘုရား လူတိုင်း နိဗ္ဗာန်ရနိုင်ပါသလား''

အရှင်နာဂသိန်။ ။''ဒကာတော်မင်းမြတ်....လူကိုင်း နိဗ္ဗာန်ကို မရနိုင်ပေဘူး၊ ဒုက္ခသစ္စာကိုလဲ ပိုင်းခြား သိအပ်တယ်၊ သမုဒယသစ္စာကိုလဲ ပယ်အပ်တယ်၊ မဂ္ဂသစ္စာကိုလဲ ပွားများအပ်တယ်၊ နိရောဓ သစ္စာကိုလဲ မျက်မှောက်ပြုအပ်တယ်၊ ဤကဲ့သို့သော ပုဂ္ဂိုလ်မှသာ နိဗ္ဗာန်ကို ရနိုင်မယ်''

မှတ်ချက်။ ။(သစ္စာလေးချက်၊ တစ်ပြိုင်နက်၊ မဂ်၏ကိစ္စသာ။ မဂ်ရလျှင်- သစ္စာ လေးခုစလုံး ပြည့်စုံသည်။)

နီဗွာန်ချမ်းသာကို သိနိုင်-မသိနိုင်

မိလိန္ဒမင်း ။ ။''အရှင်ဘုရား.... နီဗွာန်ကို မရသေးတဲ့ သူများဟာ နီဗွာန် ချမ်းသာကို သိနိုင်ပါသလား''

အရှင်နာဂသိန်။ ။''မင်းမြတ် _ နီဗွာန်ကို မရသေးတဲ့သူ တိုင်းဟာ နီဗွာန် ချမ်းသာကို မသိနိုင်ပေဘူး''

မိလိန္ဒမင်း ။ ။''အရှင်ဘုရား.... ဤသို့ဆိုလျှင် နီဗွာန်ကို မရသေးတဲ့လျက် နီဗွာန်ဟာ ချမ်းသာတယ်လို့ ဘယ်လိုလုပ် သိနိုင်ပါသလဲ''

အရှင်နာဂသိန်။ ။''မင်းမြတ်- အကြင်သူတစ်ယောက်သည် မိမိ၌ လက်ခြေ မပြတ်သေးပါဘဲလျက် လက်ခြေ ပြတ်ခဲ့လျှင် ဆင်းရဲတယ်လို့ သိနိုင်ပါသလား''

မိလိန္ဒမင်း ။ ။''အရှင်ဘုရား....သိနိုင်ပါတယ်''

အရှင်နာဂသိန်။ ။''အဘယ်သို့ သိနိုင်ပါသလဲ မင်းမြတ်''

မိလိန္ဒမင်း ။ '။'အရှင်ဘုရား- လက်ခြေပြတ်ပြီးသူတို့၏ ငိုသံ၊ ညည်းညူသံများကို ကြားရခြင်း အားဖြင့် ဆင်းရဲကြောင်းကို သိနိုင်ပါသည်'

အရှင်နာဂသိန်။ ။"ဒကာတော်မင်းမြတ်....နိဗ္ဗာန်၏ ချမ်းသာခြင်း . ဟူသည်မှာလည်း ထိုအတူသာ ဖြစ်တော့သည်။ မိမိ မရောက်ရသေးစေကာမူ နိဗ္ဗာန်ကို မျက်မှောက် ပြုအပ်သူတို့၏ လုတ်ဖော်ညှင်ပြုမှုကို တစ်ဆင့် ကြားနာရခြင်းအားဖြင့် နိဗ္ဗာန်သည် ဧကန်စင်စစ် ချမ်းသာကြောင်း သိရှိနိုင်ပေတယ် မင်းမြတ်"

ဘုရား ရှိ-မရှိ ပြဿနာ

မိလိန္ဒမင်း ။ ။"အရှင်ဘုရား.. အရှင်ဘုရားသည် ဗုဒ္ဓမြတ်စွာ ဘုရားကို ဖူးမြင်ရ ဖူးပါသလော"

အရှင်နာဂသိန်။ ။"မင်းမြတ်.... မဖူးမြင်ရဘူးပါ"

မိလိန္ဒမင်း ။ ။"အရှင်ဘုရား၏ ဆရာများဟော ဖူးမြင်ရဖူးပါသလား:"

အရှင်နာဂသိန်။ ။"မင်းမြတ်....ငါ၏ ဆရာများသည်လည်း မဖူးမြင်ခဲ့ရဘူးပါ"

မိလိန္ဒမင်း ။ ။"အရှင်ဘုရား....ဤသို့ ဆိုလျှင် ဘုရားဟူသည် ,ဧကန်စင်စစ် ရှိကောင်းပါအုံ့လော...."

အရှင်နာဂသိန်။ ။"ဒကာဒတော် မင်းမြတ်.... ဟိမဝန္တာမှ ဦးဟာမြစ် ဆိုသည်ကို အသင်မင်းမြတ် မြင်ဖူးပါသဟုလော"

မိလိန္ဒမင်း ။ ။"အရှင်ဘုရား... တပည့်တော် မမြင်ဖူးခဲ့ပါ"

အရှင်နာဂသိန်။ ။"သင်မင်းမြတ်၏ ဖခမည်းတော်ကော မြင်ဖူးခဲ့ပါသလော"

မိလိန္ဒမင်း ။ ။"မမြင်ဘူးခဲ့ပါ"

အရှင်နာဂသိန်။ ။"ဒကာတော် မင်းမြတ်.. သို့ဆိုလျှင် ဦးဟာမြစ် ဟူသည် ဧကန်မရှိ ဖြစ်ချိမ့်မည်"

မိလိန္ဒမင်း ။ ။"အရှင်ဘုရား ဤသို့ကား မဟုတ်ပါ၊ မျက်မြင် ကိုယ်တွေ့ မဟုတ်စေကာမူ.... ဦးဟာမြစ်သည် စင်စစ်ဧကန် ရှိနေပါလိမ့်မည်"

အရှင်နာဂသိန်။ ။"ဒကာတော် မင်းမြတ် ဗုဒ္ဓမြတ်စွာ သည်လည်း ထိုအတူသာ ဖြစ်တော့သည်။ ဂါနှင့် ဂါ၊ဆရာမျာ၊ မျက်မြင်ဒိဋ္ဌ မသိမမှီ မဖူးမတွေ့ လိုက်ရသော်ငြား၊လည်း ဘုရားဟူသည် ဧကန်စင်စစ်ရှိ၏ဟုသာ မှတ်ရလိမ့်မည် သင်မင်းမြတ်"

မြတ်စွာဘုရားသည် အတုမရှိ မြတ်ပုံ

မိလိန္ဒမင်း ။ ။"အရှင်ဘုရား.... မြတ်စွာ ဘုရားသည် အတုမရှိ မြတ်တော်မူ၏ ဆိုတာ မှန်ပါသလား"

အရှင်နာဂသိန်။ ။"မှန်ပေတယ်.... မင်းမြတ်"

မိလိန္ဒမင်း ။ ။"အရှင် ဘုရား ... အရှင် ဘုရားသည် မြတ်စွာဘုရားကိုကိုယ်တိုင်ဒီဋ္ဌ မဖူးတွေ့ရ ဘူးပါဘဲလျက် အဘယ်ကြောင့် အကုမရှိ မြတ်သည်ဟု ဆိုတော် မူနိုင်ပါသနည်း"

အရှင်နာဂသိန်။ ။"ဒကာတော် မင်းမြတ်.... မဟာသမုဒ္ဒရာကြီးကို မမြင်ဘူးသူတို့သည် ထို မဟာသမုဒ္ဒရာကြီး၏ ကျယ်ပြန့်ပုံ၊ နက်ရှိုင်းပုံ၊ ကူးမြောက်နိုင်ခဲပုံ၊မြစ်ကြီးငါးသွယ်တို့မှ ရေအလျင်တို့သည် အစဉ်မပြတ် စီးဝင်နေကြပုံ စသည်တို့ကို သိနိုင်ပါသလော"

မိလိန္ဒမင်း ။ ။"အရှင်ဘုရား သိနိုင်ပါသည်"

အရှင်နာဂသိန်။ ။"အဘယ်ကြောင့် သိနိုင်ပါသနည်း.... မင်းမြတ်"

မိလိန္ဒမင်း ။ ။"အရှင်ဘုရား.... မဟာသမုဒ္ဒရာဟူသည် ကိုယ်တွေ့မျက်မြင် မဟုတ်စေကာမူ ထို မဟာသမုဒ္ဒရာသို့ ရောက်ရှိတွေ့ကြုံဖူးသူများ ထူးခြား ဆန်းကြယ်စွာသော ဖြစ်ရပ်များ စသည်တို့ကို ရေးပဝေသဏီ ကတည်းကပင် ကြားနာဖတ်ရှု ခဲ့ရဖူးသောကြောင့် ဖြစ်ပါသည်"

အရှင်နာဂသိန်။ ။"ဒါယကာတော် မင်းမြတ် ... ဗုဒ္ဓ မြတ်စွာ ဘုရားသည်လည်း ထို့အတူသာဖြစ်တော်သည်။ ငါဘုရားကိုယ်တိုင် မျက်မြင်ဒီဋ္ဌ မဟုတ်စေကာမူ ပရိနိဗ္ဗာန်စံဝင်တော် မူကြကုန်ပြီးသော တပည့်သာဝကပေါင်း

မျှားစ္ဆာကို တွေ့ကြုံ သိမြင်ခဲ့ကြရပြီးဖြစ်၍ ဗုဒ္ဓမြတ်စွာဘုရား၏ အတုမရှိ မြတ်တော်မှုခြင်းသည် စင်စစ်ဧကန် မှန်လုပေ၏တဘုသာသည် မင်းမြတ်"

မြတ်စွာဘုရားသည် အတုမရှိ မြတ်သည်ကို သိနိုင်-မသိနိုင်

မိလိန္ဒမင်း ။ ။"အရှင်ဘုရား.... မြတ်စွာဘုရားသည် အတုမရှိ မြတ်တယ်ဆိုတာကို အတတ်သိနိုင်ပါသလား"

အရှင်နာဂသိန်။ ။"မင်းမြတ်.... သိနိုင်ပါတယ်"

မိလိန္ဒမင်း ။ ။"ဘာ့ကြောင့် သိနိုင်ပါသလဲ ဘုရား"

အရှင်နာဂသိန်။ ။"ဒကာတော် မင်းမြတ်.... ရှေးပဝေဏီက"တိသဏေရ"ဆိုတဲ့ နာမည်ကျော် စာရေးဆရာကြီးတစ်ဦး ရှိခဲ့ဖူးတယ်၊ ထိုစာရေးဆရာကြီး ကွယ်လွန်ခဲ့သည်မှာ နှစ်ပေါင်းမျှားစွာ ကြာမြင့်ခဲ့ပြီး ဖြစ်တယ်၊ သို့သော် ယနေ့ထက်တိုင် သူ့ကို ဘာ့ကြောင့် သိနေရပါသလဲ၊ ဘာ့ကြောင့် သိနိုင်ပါသလဲ"

မိလိန္ဒမင်း ။ ။"အရှင်ဘုရား.... သူ ရေးသားခဲ့သော စာပေမျှားအရ သိနေရခြင်း၊ သိနိုင်ခြင်း ဖြစ်ပါသည်"

အရှင်နာဂသိန်။ ။"ဒကာတော် မင်းမြတ်... မြတ်စွာဘုရားသည် အတုမရှိ မြတ်တော်မှုကြောင်း အတတ်သိနိုင်သည် ဆိုရာ၌ ထိုသဘောနှင့် ထပ်တူညီမျှသာ ဖြစ်တယ်၊ တရားကိုမြင်လျှင် ဘုရားကိုမြင်ပေတာပဲ၊

တရားတော်၏ မှန်မြတ် ဖြောင့်မှန်ခြင်းကို သိနားလည်ရခြင်း အားဖြင့်ပင်လျှင် မြတ်စွာဘုရား၏ အတုမရှိ မြတ်တော်မူ ခြင်းကိုလည်း တပ်အုပ်သောချာ သိနိုင်ပေကယ် မင်းမြတ်"

တရားကို မြင်-မမြင်

မိလိန္ဒမင်း ။ ။"အရှင်ဘုရား....အရှင်ဘုရားသည် တရား တော်ကို မြင်ပါသလား"

အရှင်နာဂသိန်။ ။"ဒကာတော် မင်းမြတ်.... မြတ်စွာ ဘုရား၏ တပည့်သာဝက ရဟန်းများ သည် မြတ်စွာဘုရား ညွှန်ကြားတော်မူသော နည်းလမ်းနှင့် ပညတ်တော်မူ အပ်သည့် အတိုင်းသာလျှင် အသက်ထက်ဆုံး လိုက်နာ ကျင့်ကြံတော်မူကြပါတယ်"

မပြောင်းရွှေ့ဘဲ ပဋိသန္ဓေ နေ-မနေ

မိလိန္ဒမင်း ။ ။"အရှင်ဘုရား.... နောင်တစ်ဖန် ပဋိ သန္ဓေ နေခြင်းဟူသည် ဤဘဝမှ ဘာ တစ်ခုမျှမပါ၊ ဘာတစ်ခုမျှ ပြောင်းရွှေ့ခြင်းမရှိဘဲ ဟိုဘဝ မှာ သွားပြီး ပဋိသန္ဓေနေခြင်း ဖြစ်ပါသလား"

အရှင်နာဂသိန်။ ။"မှန်ပေတယ် မင်းမြတ် နောင်တစ် ဖန် ပဋိသန္ဓေ နေသူသည် ဤဘဝမှ ဘာ တစ်ခုမျှ ပါဝင် ပြောင်းရွှေ့သွားခြင်း မရှိဘဲ တည်နေခြင်း သာ ဖြစ်ပေတယ်"

မိလိန္ဒမင်း ။ ။"အရှင်ဘုရား၊ ဤဘဝမှ ဘာတစ်ခုမျှ ပါဝင် ပြောင်းရွှေ့သွားခြင်း မရှိဘဲ အာဘယ်သို့လျင် ပဋိသန္ဓေ နေနိုင်ပါသနည်း၊ ဥပမာ နည်း အားဖြင့် ရှင်းပြတော်မူပါဦးဘုရား"

အရှင်နာဂသိန်။ ။"မင်းမြတ်.... တစ်ခုသော မီးတိုင်မှသည် အခြားသော မီးတိုင်သို့ မီးကူး ထွန်းညှိပေးလိုက်သောအခါ ပထမဦးစွာသော မီးတိုင်မှမီးသည် ပြောင်းရွှေ့ ပျောက်ကွယ်သွားပါသလော"

မိလိန္ဒမင်း ။ ။"မပြောင်းရွှေ့ပါ ဘုရား"

အရှင်နာဂသိန်။ ။"ဒကာတော် မင်းမြတ်.... နောက် ဥပမာတစ်ခု ရှိသေးသည်။ မင်းမြတ် သည် ငယ်စဉ်က ဒီသာပါမောက္ခ ဆရာ့ထံတွင် ပညာ သင်ကြားဖူးခဲ့သည် မဟုတ်လော"

မိလိန္ဒမင်း ။ ။"အရှင်ဘုရား....သင်ဖူးခဲ့ပါသည်"

အရှင်နာဂသိန်။ ။"ကောင်းပြီမင်းမြတ်၊ ဒီသာပါမောက္ခ ဆရာကြီး၏ ပညာရပ်များသည် သင်မင်းမြတ်ထံ တစ်စမကျန် ပြောင်းရွှေ့ လာပါသလော။ ဒီသာပါမောက္ခ ဆရာကြီးထံတွင် ပညာရပ်များ ကုန်ခန်း ပျောက်ကွယ်သွားပါသလော"

မိလိန္ဒမင်း ။ ။"အရှင်ဘုရား....ဤသို့ကား မဟုတ်ပါ"

အရှင်နာဂသိန်။ ။"ပဋိသန္ဓေ ဟူသည်မှာလည်း ထိုအတူ ပင် ဖြစ်ပေတော့သည် မင်းမြတ်၊ ဤ ဘဝမှ တစ်စုံတစ်ရာမျှ ပြောင်းရွှေ့သွားခြင်း မရှိဘဲ နောင် ဟစ်ဖန် တည်နေခြင်းသာ ဖြစ်ပေတယ်"

ဝေဒဂူဆရာ် လိပ်ပြောကောင်

မိလိန္ဒမင်း ။ ။"အရှင်ဘုရား.... ဝေဒဂူ ဆရာ်သော အသက်ကောင် လိပ်ပြောကောင်ကို ပရမတ် သဘောဖြင့် ရအပ်ပါသလား"

အရှင်နာဂသိန်။ ။"မရနိုင်ပေဘူး မင်းမြတ်"

အခြားကိုယ်ထဲသို့ ပြောင်းရွှေ့သွားသော သတ္တဝါ ရှိ-မရှိ

မိလိန္ဒမင်း ။ ။"အရှင်ဘုရား... ဒီဘဝ ဒီကိုယ်ကောင်ကြီးမှ ဟိုဘဝ ဟိုကိုယ်ကောင်ကြီးသို့ ပြောင်းရွှေ့ သွားတဲ့သူများ ရှိပါသလား"

အရှင်နာဂသိန်။ ။"မရှိပေဘူး မင်းမြတ်"

မိလိန္ဒမင်း ။ ။"အရှင်ဘုရား....ဤသို့ဆိုလျှင် သူတို့လုပ်ထားတဲ့ မကောင်းမှု ဒုစရိုက်များမှ လွတ်မြောက်မသွားပါလော"

အရှင်နာဂသိန်။ ။"ဒကာတော်မင်းမြတ်၊ ထိုသူများသည် နောက်ဘဝဖန် ပဋ္ဌသန္ဓေ မနေရတော့ပြီဆိုလျှင် ဒုစရိုက်မှုမှ လွတ်နိုင်သည်။ ပဋ္ဌိသန္ဓေ နေရဦးမည်ဆိုလျှင် မလွတ်မြောက်နိုင်ပေဘူး"

မိလိန္ဒမင်း ။ ။"ဥပမာအားဖြင့် ရှင်းပြတော်မူပါဦးဘုရား"

အရှင်နာဂသိန်။ ။"မင်းမြတ်.... လူတစ်ယောက်ဟာ သူ့တစ်ပါး အပင်မှ သရက်သီးကို ခိုးယူစားရင် အပြစ်မရှိပေဘူးလား"

မိလိန္ဒမင်း ။ ။"ရှိပါတယ် ဘုရား"

အရှင်နာဂသိန်။ ။"ဘာကြောင့် အပြစ်ရှိရသလဲ မင်းမြတ်၊ သူခိုးတာက စိုက်တဲ့ သရက်သီးကို ခိုးတာ မဟုတ်၊ ထိုအပင်မှ သီးသော သရက်သီးကိုသာ ခိုးယူခြင်း မဟုတ်ပေဘူးလား"

မိလိန္ဒမင်း ။ ။"မှန်ပါ.... အပင်စိုက်သော အသီး မဟုတ်သော်လည်း ထို စိုက်အပ်သော အပင်မှ သီးလာသော အသီးကို ခိုးယူခြင်းကြောင့် အပြစ်ရှိရပါသည် ဘုရား"

အရှင်နာဂသိန်။ ။"ထိုအတူပေပဲ မင်းမြတ်၊ ဒီဘဝ ဒီကိုယ်နှင့် ပြုလုပ်ထားသော မကောင်းမှုကံပင်ဖြစ်သော်လည်း ထိုကံ၏ အကျိုးဆက်အား လျော်စွာပင် ဟိုဘဝ-ဟိုကိုယ်အဖြစ်ဖြင့် ပဋိသန္ဓေ နေရတယ်၊ သည်လိုနေရသေးတဲ့ အတွက်ကြောင့်လဲပဲ မကောင်းမှုကံမှ မလွတ်မြောက်နိုင်ပေဘူး၊ အပြစ်ရှိသမျှ ခံရဦးမှာဖြစ်တယ်"

မှတ်ချက်။ ။ဒီဘဝ- ဒီကိုယ်စံ၍၊ ဟိုဘဝ- ဟိုကိုယ်ခံ သမားတို့ သတိထားဖွယ်။ ။

ပ၁ဧရုးသူ

ကံ ဘယ်မှာနေပါသလဲ

မိလိန္ဒမင်း ။ ။"အရှင်ဘုရား.... ဤဘဝ၊ ဤရူပ်နာမ် ကြီးသည် ကောင်းတာရော၊ မဒကောင်း တာတွေပါ ပြုလုပ်နေပါတယ်၊ ထိုပြုပြင်သမျှသော ကံတွေ ဟာ ဘယ်မှာသွားနေပါသလဲ"

အရှင်နာဂသိန်။ ။"မင်းမြတ်.... ရူပ်နာမ် ခန္ဓာကိုယ်ကြီးက ပြုလုပ်သမျှ ကံတွေဟာ ထိုရူပ်နာမ်ခန္ဓာ ကြီးနောက်ကို အရိပ်သဖွယ် အစဉ်လိုက် နေကြတာပဲ"

မိလိန္ဒမင်း ။ ။"အရှင်ဘုရား.... ဤသို့ဆိုလျှင် ထိုထိုကံ များသည် ဟိုနေရာမှာရှိတယ်၊ သည် နေရာမှာ ရှိတယ်လို့ သေချာတပ်အပ် လက်ညှိုး ထိုးပြနိုင် ပါသလား"

အရှင်နာဂသိန်။ ။"ဒကာတော် မင်းမြတ်... သည်ကဲ့သို့ လက်ညှိုး ထိုးပြဖို့ဆိုတာ မဖြစ်နိုင်ဘူး၊ အလွန် ခက်ခဲလှပေတယ်"

မိလိန္ဒမင်း ။ ။"အရှင်ဘုရား.... ဤသို့ဆိုလျှင် ဥပမာ နည်းအားဖြင့် ရှင်းပြတော်မူပါဦး ဘုရား"

အရှင်နာဂသိန်။ ။"ကောင်းလှပြီ မင်းမြတ်၊ အသီးမသီး သေးတဲ့ သစ်ပင်များကို မင်းမြတ် တွေ့ဖူးပါသလား"

မိလိန္ဒမင်း ။ ။"မှန်ပါ တပည့်တော် တွေ့ဖူးပါသည် ဘုရား"

အရှင်နာဂသိန်။ ။"တိုသစ်ပင်မျိုးသည် အသီး သီးသည့် အခါ သည်နေရာက သီးမည်၊ ဟိုနေရာက သီးမည်ဟု တပ်အပ်သေချာ သိနိုင်ပါသလား"

မိလိန္ဒမင်း ။ ။"မသိနိုင်ပါ ဘုရား"

အရှင်နာဂသိန်။ ။"ကံဆိုသည်မှာလည်း ထိုအတူသာဖြစ်ပေတယ် မင်းမြတ်၊ နေရာအတည်တကျ မပြောနိုင်သလို ဘယ်အချိန် ဘယ်အခါမှာဘယ်ကံက အကျိုးပေးမယ်ဆိုတာ တပ်အပ်သေချာ မသိနိုင်ကောင်းပေဘူး"

ပဋ္ဌိသန္ဓေ နေရာဦးမည်ကို သိ-မသိ

မိလိန္ဒမင်း ။ ။"အရှင်ဘုရား.... တပည့်တော် သိချင်ပါသေးသည်။နောက်တစ်ဖန် ပဋ္ဌိသန္ဓေနေရာဦးမည့်သူများသည် ဝါတို့ပဋ္ဌိသန္ဓေနေရာဦးမည်ဟု သိနိုင်ပါသလား ဘုရား"

အရှင်နာဂသိန်။ ။"မင်းမြတ် ကောင်းစွာ သိနိုင်ပါသည်"

မိလိန္ဒမင်း ။ ။"ဥပမာ ဆောင်တော်မူပါဦး ဘုရား"

အရှင်နာဂသိန်။ ။"ဒကာတော် မင်းမြတ်၊ လယ်သမား များသည် မျိုးစေ့ကိုလည်း စိုက်မျိုးကြဲပက်ထားသည်။ မိုးကလည်း ကောင်းစွာ ရွာသည် ဆိုလျှင် ဝါတို့စိုက်မျိုးအပ်သော မျိုးစေ့များ ကောင်းစွာ အောင်မြင်ရှင်သန်လိမ့်မည်ဟု ကြိုတင်မသိနိုင်ပေဘူးလား"

မိလိန္ဒမင်း ။ ။"သိနိုင်ကြောင်းပါ ဘုရား"

အရှင်နာဂသိန်။ ။"မင်းမြတ်....မည်သည့်ပုဂ္ဂိုလ် သတ္တဝါ မဆို ပဋိသန္ဓေ နေစဉ်းမည့် မျိုးစေ့ မျှားကိုလည်း ကြဲပက်ထားသည်။ ဘဝတဏှာတည်းဟူသော မိုးကိုလည်း ရွာသွန်းစေဉီးမည် ဆိုခဲ့လျှင် စင်စစ် ပဋိသန္ဓေ တည်နေရဉီးမည့် အဖြစ်ကို ကောင်းစွာပင် သိနိုင်ပေတော့သည် မင်းမြတ်"

ဘုရား ရှိ-မရှိ ပြဿနာ

မိလိန္ဒမင်း ။ ။"အရှင်ဘုရား.... မြတ်စွာဘုရားသည် တကယ်ပင် ရှိပါသလော"

အရှင်နာဂသိန်။ ။"မှန်၏ မင်းမြတ်.... မြတ်စွာဘုရားသည် ထင်ရှားရှိပေ၏"

မိလိန္ဒမင်း ။ ။"အရှင်ဘုရား... ဟိုနေရာမှာ ရှိသည်၊ သည်နေရာမှာ ရှိသည်ဟု နေရာဌာနနှင့်တကွ တပ်အပ်သေချာ ပြနိုင်ပါသလား:"

အရှင်နာဂသိန်။ ။"မင်းမြတ်-မြတ်စွာဘုရားသည် ရူပ်နာမ် ခန္ဓာ အကြွင်းမရှိ၊ပရိနိဗ္ဗာန် စံဝင်တော်မူသွားပြီဖြစ်သဖြင့် ဟိုနေရာမှာရှိသည်၊ သည်နေရာမှာရှိသည်ဟု တပ်အပ်သေချာပြဖို့ကား မဖြစ်နိုင်"

မိလိန္ဒမင်း ။ ။:"အရှင်ဘုရား.... ဤသို့ဆိုလျှင် ကိုယ်တော်မျက်မြင် မဟုတ်၍ ယုံကြည်နိုင်စရာ အကြောင်းမရှိပါ။ ယုံကြည်အား:တက်စရာအထောက်အထား: နှင့်တကွ ဥပမာ ပြတော်မူပါဦး: ဘုရား:"

အရှင်နာဂသိန်။ ။''ဒကာတော် မင်းမြတ်၊အလျှံတပြောင်ပြောင် တောက်လောင်နေသော မီးသည် ပကတိ ငြိမ်းအေးသွားပြီးသောအခါ မီးတောက် မီးလျှံမျှားကို ဟိုနေရာမှာရှိသည်၊ သည်နေရာမှာ ရှိသည်ဟုပြန်ဝင်စွဲမ်းပါအုံ့လော''

မိလိန္ဒမင်း ။ ။''အရှင်ဘုရား.... ဤသို့ကား မဖြစ်နိုင်တော့ပါ''

အရှင်နာဂသိန်။ ။''ဗုဒ္ဓ မြတ်စွာဘုရားသည်လည်း မီးတောက် မီးလျှံကဲ့သို့ပင် ဖြစ်ပေသည်။ ရုပ်နာမ် ချုပ်ငြိမ်းပြီးဖြစ်၍ လက်တွေ့မျက်မြင် အထင်အရှား ပြရန်ကား မဖြစ်နိုင်။သို့သော် မီးလောင်ကျွမ်းရာ၌ မီးလောင်ထားအပ်သော သွင်ပြင်လက္ခဏာများ ကျန်ရှိနေသလို ဗုဒ္ဓ မြတ်စွာဘုရား ကိုယ်တော်တိုင် မရှိစေကာမူ မြတ်စွာဘုရား၏ ဒေသနာတော်များ များစွာပင် ကျန်ရှိရစ်ခဲ့သည်။ တိုထို ဒေသနာတော်များ ဒေါရှပင်လျှင် ဗုဒ္ဓမြတ်စွာဘုရား ထင်ရှား ရှိ၏ဟူ မှတ်ယူရပေမည် မင်းမြတ်''

မိမိကိုယ်ကို ချစ်-မချစ်

မိလိန္ဒမင်း ။ ။''အရှင်ဘုရား- ဗုဒ္ဓ၏ တပည့်သာဝကရဟန်းသံဃာတော်များသည် မိမိတို့ ကိုယ်ကို မိမိတို့ ချစ်မြတ်နိုးကြပါသလား''

အရှင်နာဂသိန်။ ။''မင်းမြတ်... မချစ်မြတ်နိုးကြပါ''

မိလိန္ဒမင်း ။ ။"အရှင်ဘုရား.... သို့ပါလျက် ခန္ဓာကိုယ်ကြီးကို အဘယ်ကြောင့် ခင်မင်ဘွယ်တာ ကြုပါသလဲ"

အရှင်နာဂသိန်း ။ ။"မှင်းမြတ်- သင်မင်းမြတ်သည် စစ်တိုက်လို့ဖြစ်စေ၊ မတော်တဆ ထိခိုက်လို့ဖြစ်စေ ဒဏ်ရာများ ရရှိဖူးပါသလား"

မိလိန္ဒမင်း ။ ။"အရှင်ဘုရား.... နှိုးရခဲ့ဖူးပါသည်"

အရှင်နာဂသိန်း ။ ။"ရခဲ့ဖူးလျှင် ထိုဒဏ်ရာကို မင်းမြတ်ဘာကြောင့်ဆေးလိမ်းသနည်း၊ အဝတ်စသည်တို့ဖြင့် အုပ်စည်း ချည်နှောင်ဘိသနည်း"

မိလိန္ဒမင်း ။ ။"အရှင်ဘုရား.... ခန္ဓာကိုယ်ကို ချစ်မြတ်နိုးမှု၊ မဟုတ်ပါ၊ အသားနုကက်စေရန်၊ အနာပျောက်စေရန် ပြုလုပ်ခြင်းသာ ဖြစ်ပါသည်။

အရှင်နာဂသိန်း ။ ။"တော်ပေစွာ မင်းကြီး၊ မင်းကြီးသည် ဖြေတတ်လှပေစွာ တကား၊ ငါတို့ရဟန်းတော်များသည်လည်း မင်းကြီးကဲ့သို့သာ ဖြစ်ပေသည်။ မိမိကိုယ်ကို ချစ်မြတ်နိုးကြသည်ကား မဟုတ်၊ ဟူယ်တာ တပ်မက်သည်လည်း မဟုတ်၊ သို့သော် သာသနာတော်ကြီးကို စောင့်ရှောက် ချီးမြှောက် နိုင်စိမ့်သောငှာ မိမိတို့ ကိုယ်ကို စောင့်ရှောက်ကြရပေသည်။

"ဒကာတော် မင်းကြီး၊ ဗုဒ္ဓကိုယ်တော်တိုင်က ခန္ဓာဟာ အနာနှင့် ဟူကယ်ဟို မိန့်တော်မူခဲ့ပါတယ်၊ လို့ကြောင့်ပင် ငါ

တို့ ရဟန်းတော်များသည် မိမိကိုယ်ကို အနာကဲ့သို့ သဘော ထားပြီး တဏှာအကြားမှာ မနစ်မြုပ်အောင် စောင့်ရှောက် ကြရပေတယ်''

''မင်းမြတ်.... စိုးသော အရေပါးဖြင့် ဖုံးအုပ် ထားတတ် သော ဤခန္ဓာကိုယ်ကြီးမှာ အနာပေါက်ကြီး ကိုးခုရှိတယ်၊ အိုင်းအမာကြီးနှင့် တူတယ်၊ မှဿန့်ရှင်း မစင်ကြယ်တဲ့ အပုပ်နံ့ အညှီနံ့တွေဟာ ထက်ဝန်းကျင်မှ အစဉ် ယိုထွက်နေတယ်လို့ ဗုဒ္ဓကိုယ်တော်တိုင်က ဟောတော်မူခဲ့ပေတယ် မင်းကြီး''

မြတ်စွာဘုရား တရားအားလုံး သိ-မသိ

မိလိန္ဒမင်း ။ ''အရှင်ဘုရား.... မြတ်စွာ ဘုရားသည် တရားအားလုံးကိုသိပါသလား၊အကုန် အစင်ကော မြင်ပါသလား''

အရှင်နာဂသိန်း။ ''မင်းမြတ်.... မြတ်စွာဘုရားသည် မသိ တာဟူ၍ မရှိ၊ အားလုံး သိတော်မူ တယ်၊ မမြင်တာ ဟူ၍လည်း ဘာမျှမရှိ၊အားလုံးမြင်တော်မူ ပေတယ်''

မိလိန္ဒမင်း ။ ''အရှင်ဘုရား.... ဗုဒ္ဓသည် ဤကဲ့သို့ သိ မြင်နေပါလျက် ဝိနည်း သိက္ခာပုဒ်တွေ ကို ဘာကြောင့် နောက်မှ ပညတ်တော်မူပါသလဲ''

အရှင်နာဂသိန်း။ ''ဒုကာတော်.... မင်းမြတ်၊ လောကဋ္ဌ ဆေးအတတ်တွင် တစ်ဖက် ကမ်းခတ် သော 'ဇီဝက'ဆိုသည့်ဆေးသမား၊မျိုးရှိသည်မဟုတ်လော''

မိလိန္ဒမင်း ။ ''မှန်ပါ ရှိပါသည် ဘုရား''

အရှင်နာဂသိန်။ ။"မင်းမြတ်.... ထိုသဟားတော်ကြီးသည် ဆေးအတတ်တွင် ဤရွှေ ဤမျှ ကျွမ်းကျင် တတ်မြောက်နေပါလျက် ရောဂါမဖြစ်သေးမီက ဆေးကုသလား၊ ရောဂါဖြစ်လာပြီး ကုသချိန်ရောက်မှ ကုသပါသလား"

မိလိန္ဒမင်း။ ။"အရှင်ဘုရား.... ကုသချိန်ရောက်မှသာ ကုသပါသည်"

အရှင်နာဂသိန်။ ။"ဒကာတော် မင်းမြတ်၊ ဗုဒ္ဓသည်လည်း ထိုသို့သာ ဖြစ်ပေသည်။ အလုံးစုံသော တရားအပေါင်းတို့ကို သိမြင်တော်မူလင့်ကစား အချိန်မကျမီ သို့မဟုတ် အကြောင်းမရှိဘဲ ကြိုတင် ပညတ်တော်မမူပေဘူး၊ အချိန်အခါလည်း ကျရောက်သည်၊ အကြောင်း ထင်ရှားမှုလည်း ရှိသည်ဆိုမှသာ ဝိနည်းသိက္ခာပုဒ်ကို အသက်ထက်ဆုံး ထိန်းသိမ်း စောင့်ရှောက်ရန် ပညတ်တော်မူပေတယ်"

ယောကျ်ားမြတ် လက္ခဏာ

မိလိန္ဒမင်း။ ။"အရှင်ဘုရား.... တပည့်တော် မေးချင်ပါသေးသည်။ ဗုဒ္ဓမြတ်စွာဘုရားသည်-

၁။ ယောကျ်ားထူး ယောကျ်ားမြတ်တို့၏ သုံးဆယ့်နှစ်ပါးသော အင်္ဂါလက္ခဏာနှင့် ပြည့်စုံတော်မူပါသလော။

၂။ ရှစ်ဆယ်သော လက္ခဏာတော်ငယ် ကိုဖြင့်လည်း နှစ်သက်စဖွယ် တင့်တယ်စွာ စံပယ်တော် မူခြင်း ရှိပါသလော။

၃။ ရှေအဆင်းကဲ့သို့ ဝါဝင်း တင့်တယ်စွာသော အဆင်းလည်း ရှိတော်မူပါသလော။

၄။ ပကတိသော ရှေသားအပြင်ကဲ့သို့ သန့်စင် ညက်ညောစွာ ကြည်လင်ခြင်းလည်း ရှိတော် မူပါသလော။

၅။ တစ်လံမျှလောက်သော ကိုယ်တော်အရောင်သည်လည်း အစဉ်ထာဝရပင် တွန်းလင်း တောက်ပြောင်နေတော် မူပါသလော။

အရှင်နာဂသိန်။ ။"ဒကာတော် မင်းကြီး၊ ဗုဒ္ဓ မြတ်စွာ ဘုရားသည် မင်းကြီး မေးခဲ့လျှောက် အပ်သော အင်္ဂါဝါးပါးတို့ဖြင့် စင်စစ် ပြည့်စုံညီညွတ်ခြင်း ရှိပါပေ၏"

မိလိန္ဒမင်း ။ ။"အရှင်ဘုရား.... ဗုဒ္ဓမြတ်စွာ၏ ခမည်းတော်၊ မယ်တော် တို့သည်လည်း ဤအင်္ဂါဝါးပါးဖြင့် ပြည့်စုံတော်မူကြပါသလော"

အရှင်နာဂသိန်။ ။"မင်းမြတ်... ဗုဒ္ဓမြတ်စွာ ဘုရား၏ ခမည်းတော်၊ မယ်တော်များ တွင်ကား ထိုအင်္ဂါဝါးပါး မရှိကြပါ"

မိလိန္ဒမင်း ။ ။"အရှင်ဘုရား.... အဘယ်သို့ ပါနည်း၊ ခမည်းတော်၊မယ်တော်ဖြစ်သူများ တွင် ထိုအင်္ဂါဝါးပါးသည် တစ်ပါးမျှပင် မရှိပါဘဲလျက် ဗုဒ္ဓကျွမ်းဆိုခဲ့ပြီးသော အင်္ဂါဝါးပါးနှင့် ပြည့်စုံညီညွတ်နေသည် ဆိုခြင်းမှာ သိနားလည်ရန် မခက်ပါပေလော။

"အရှင်ဘုရား....သားသမီးတို့မည်သည် ရုပ်ဆင်းသဏ္ဌာန် ကြန်အင်လက္ခဏာ စသည်တို့၌ အမိဘက်မှသော် လည်းကောင်း၊ အဖ ဘက်မှသော် လည်းကောင်း အနည်းနှင့် အများ ဆက်နွယ်တတ်သည်၊ တူညီတတ်ကြသည်သာ မဟုတ်ပါလော"

အရှင်နာဂသိန်။	။"ဒကာတော် မင်းမြတ် ... ပဒုမ္မာကြာ ဟူသည်ကို သင်မင်းမြတ် ကြားဖူး သိဖူးပါသလော"
မိလိန္ဒမင်း ။	။"အရှင်ဘုရား ... တပည့်တော် ကြားသိပြီး ဖြစ်ပါသည်"
အရှင်နာဂသိန်။	။"မင်းမြတ်-ထိုပဒုမ္မာကြာသည် အဘယ်မှာ ပေါက်ဝိသနည်း"
မိလိန္ဒမင်း ။	။"မှန်ပါ... ပဒုမ္မာကြာသည် ရွှံ့ညွန်ထဲတွင် ပေါက်အပ်ပါသည် ဘုရား"
အရှင်နာဂသိန်။	။"ရွှံ့ညွန်ဟူသည် အဘယ်ကိုအမှီပြုအပ်ပါသနည်း မင်းမြတ်"
မိလိန္ဒမင်း ။	။"မှန်ပါ... ရေကို အမှီ ပြုအပ်ပါသည် ဘုရား"
အရှင်နာဂသိန်။	။"ပဒုမ္မာကြာသည် ရွှံ့ညွန်၏အဆင်း၊အနံ့၊ အရသာနှင့် ကူပါသလား မင်းမြတ်"
မိလိန္ဒမင်း ။	။"မတူကြောင်းပါ ဘုရား"
အရှင်နာဂသိန်။	။"ရေ၏ အဆင်း၊ အနံ့၊ အရသာနှင့် ကော တူပါသလား မင်းမြတ်"
မိလိန္ဒမင်း ။	။"မတူကြောင်းပါ ဘုရား"

အရှင်နာဂသိန်။ ။"ဒကာတော် မင်းမြတ်၊ ပဋ္ဌာန်ချပ်တစ်ရာ ပဒုမ္မာကြာနှင့် တူစွာသော ဗုဒ္ဓမြတ်စွာ ဘုရားသည် သင်မင်းမြတ်မေးလျှောက်ခဲ့ပြီးသော ယောကျ်ား မြတ်တို့၏ လက္ခဏာတော် ကြီးယေါ်တို့ဖြင့် အမှန်ပင် ပြည့်စုံ ညီညွတ်တော်မူပေတယ်၊ ထိုပြင် ပကတိသော ရွှေအဆင်းကဲ့ သို့ ဝါဝင်းသော အသားရောင်၊ရှည်သားပြင်ပမာ ညက်ညော သန့်စင် ကြည်လင်စွာသော အသားအရေ၊ တစ်လံမျှလောက် သော အတိုင်းအရှည် ပမာဏဖြင့် ပြိုးပြိုးပြက်ပြက် တစ်ခဲနက် ထွန်းလင်း တောက်ပအပ်သော ကိုယ်ရောင် တို့ဖြင့်လည်း အမှန်ပင် ပြည့်စုံ ညီညွတ်အပ်ပေတယ် မင်းမြတ်"

ပြဟ္မာမင်း၏ အကျင့်-ကျင့်သူ

မိလိန္ဒမင်း	။	။"အရှင်ဘုရား.... မြတ်စွာဘုရားသည် ပြဟ္မာမင်း၏ အကျင့်-ကျင့်သူ "ပြဟ္မာ စာရီ" ပုဂ္ဂိုလ် မည်ပါသလား;"
အရှင်နာဂသိန်။	။	"မှန်ပေသည် မင်းမြတ်.... မြတ်စွာ ဘုရားသည် ပြဟ္မာမင်း၏ အကျင့်ကို ကျင့်သူ ပြဟ္မာစာရီပုဂ္ဂိုလ် မည်ပေ၏"
မိလိန္ဒမင်း	။	။"အရှင်ဘုရား.... ဤသို့ဆိုလျှင် မြတ်စွာ ဘုရားသည် ပြဟ္မာမင်း၏ တပည့် ဖြစ် မသင့်ပါသလော"
အရှင်နာဂသိန်။	။	"မင်းမြတ်....ဆင်တို့၏ အကြီးအကဲဖြစ် သော မဂ်လာဆင်တော်ဟူသည် ရှိပါ သလော"

မိလိန္ဒမင်း ။ ။"မှန်ပါ.... ရှိပါသည် ဘုရား"

အရှင်နာဂသိန်။ ။"မင်းမြတ်... အဘယ်သို့ပါနည်း၊ ထို မင်္ဂလာ ဆင်တော်သည် တစ်ခါတရံ၌ ကြိုးကြာသံပမာ အော်မြည်တတ်သည် မဟုတ်လော"

မိလိန္ဒမင်း ။ ။"မှန်ပါ၊ အော်မြည် တတ်ပါသည် ဘုရား"

အရှင်နာဂသိန်။ ။"ထို မင်္ဂလာ ဆင်တော်ကို ကြိုးကြာဝှက် တပည့်ဟု ဆိုနိုင်ပါသလော မင်းမြတ်"

မိလိန္ဒမင်း ။ ။"မှန်ပါ၊ မဆိုနိုင်ကြောင်းပါ ဘုရား"

အရှင်နာဂသိန်။ ။"ဒကာတော်မင်းမြတ်၊ ဗြဟ္မာကြိုးသည် သိသင့်သိထိုက်သော တရားအပြင်ထပ်မံ သိအပ်သော တရားမရှိတော့ပြီ ဖြစ်လေသလော"

မိလိန္ဒမင်း ။ ။"အရှင်ဘုရား...ဤသို့မဟုတ်ပါ၊ ဗြဟ္မာ ကြိုးသည် ထပ်မံ သိအပ်သော တရား များစွာပင် ကျန်ရှိပါသေးသည်"

အရှင်နာဂသိန်။ ။"မင်းမြတ်.... ဤကဲ့သို့ထပ်မံသိစရာများ၊ ကျင့်ကြံ အားထုတ်စရာများ များစွာ ကျန်ရှိနေသေးသောကြောင့်ပင် ဗြဟ္မာကြိုးသည်သာ မြတ်စွာ ဘုရား၏ တပည့်သားမြေး စင်စစ်ဖြစ်ချေ၏"

မြတ်စွာဘုရား ပဋ္ဌာန်းဖြစ်-မဖြစ်

မိလိန္ဒမင်း ။ ။"အရှင်ဘုရား.. ဂုဟန်း ပဋ္ဌာန်းဝို့၏ ဘဝဟူသည် အလွန် ကောင်းမြတ်ပါ ဟုဆိုလာ"

အရှင်နာဂသိန်။ ။"ကောင်းမြတ်လှပေ၏ မင်းမြတ်"

မိလိန္ဒမင်း ။ ။"အရှင်ဘုရား... မြတ်စွာ ဘုရားသည် ရဟန်းစင်စစ် ဟုတ်-မဟုတ်သိပါ၀ရစေ"

အရှင်နာဂသိန်။ ။"ဒကာတော် မင်းမြတ်၊ ဗုဒ္ဓမြတ်စွာ ဘုရားသည် ဗောဓိပင်ရင်းတွင် သဗ္ဗညုတ ဉာဏ်တော်ကို ရတော်မူကတည်းကပင် သို့မဟုတ် သဗ္ဗညုတ ဉာဏ်တော်ကို ရတော်မူသည်နှင့်တစ်ပြိုင်နက်ပင် ရဟန်းပဉ္စင်းအဖြစ်ဟူသည် လုံ၀ဥဿုံ ပြည့်စုံပြီးမြောက်ပြီး ဖြစ်ပေတယ်၊ ထပ်မံပြုလုပ်စရာ ဘာမျှ မကျန်ရှိတော့ဘူး"

"ဝိနည်းသိက္ခာပုဒ်တွေ၊ ကျင့်ဝတ်တွေကိုလဲ၊ မြတ်စွာဘုရားဟာ တပည့်သာ၀ သာ၀ကတွေအတွက် ကျင့်ဝတ်သိက္ခာပုဒ်တွေ ပညတ်တော်မူပြီး ရဟန်းပဉ္စင်းအဖြစ် လက်ခံပြုလုပ်ပေးရသော်လဲ မိမိကိုယ်တော်တိုင် အတွက်မူ မည်သူတစ်ဦးတစ်ယောက်ကမျှ ရဟန်းပြုပေးဖို့ မလိုအပ်တော့ဘူး၊ သဗ္ဗညုတဉာဏ်ကို ရတော်မူတဲ့အတွက် အလိုလို ရဟန်းအဖြစ်ကို ဖြစ်မြောက်ရောက်ရှိသွားရပေတယ် မင်းမြတ်"

ဆေး နှင့် ဆေး

မိလိန္ဒမင်း ။ ။"အရှင်ဘုရား.... မိဘ ဆွေမျိုး သား ချင်းသေဆုံးလို့ ငိုရတဲ့ မျက်ရည်နှင့် တရားကော်ကို ခပ်မင်တွယ်ကာလို့ ငိုရတဲ့မျက်ရည်ဟာ ဘယ်အရာက ဆေးဖြစ်၍ ဘယ်အရာက ဆေးဖြစ်ပါသလဲ ဘုရား"

အရှင်နာဂသိန်။ ။"မင်းမြတ်....ဆွေမျိုးသားချင်း သေလို့ ငိုတဲ့လူရဲ့မျက်ရည်က လောဘ၊ ဒေါသ မောဟကဲ့ ဖုံးလွှမ်းနေတဲ့အတွက် ညစ်နွမ်းတယ်၊ ပူလောင်တယ်၊ ဒါ့ကြောင့် မကောင်းဘူး ဘေးဖြစ်တယ်၊ တရားမရလို့ တရားကို ခင်မင်တွယ်တာလို့ ငိုတဲ့လူရဲ့ မျက်ရည်ကတော့ နှစ်သက် ဝမ်းသာတယ်၊ အညစ်အကြေး ကင်းတယ်၊ သီတာရေကဲ့သို့ အေးမြကြည်လင်တယ်၊ ဒါ့ကြောင့် ကောင်းမြတ်တယ်၊ ရာဂငြိမ်းနိုင်တဲ့ ဆေးထူးဆေးမြက် ဖြစ်ပေတယ်"

ရာဂရှိသူနှင့် ရာဂမရှိသူတို့၏ ထူးခြားချက်

မိလိန္ဒမင်း ။ ။"အရှင်ဘုရား....ရာဂရှိသူနှင့် ရာဂမရှိသူတို့သည် အဘယ်သို့ ကွဲပြားထူးခြားပါသနည်း"

အရှင်နာဂသိန်။ ။"မင်းမြတ်.... လူတစ်ယောက်မှာ တဏှာရာဂတွေ ကြီးစိုး လွှမ်းမိုးနေတယ်၊ တစ်ယောက်မှာတော့ တဏှာရာဂမရှိဘူး"

မိလိန္ဒမင်း ။ ။"အရှင်ဘုရား.... တပည့်တော် ကြားဖူးပြီး လျှောက်ပါရစေ၊ ကြီးစိုးလွှမ်းမိုးနေတယ်ဆိုတဲ့စကားအမိပ္ပာယ်က အဘယ်သို့ပါပဲ ဘုရား"

အရှင်နာဂသိန်။ ။"ဒကာကြီး မင်းမြတ်၊ ကြီးစိုး လွှမ်းမိုးနေတယ်ဆိုတာ လိုချင်တာ်မက်တယ်လို့ ဆိုလိုတာပါ"

မိလိန္ဒမင်း ။ ။"အရှင်ဘုရား.... မသိလို့ မေးပါရစေဦး၊ ရာဂရှိတဲ့လူပဲ ကြစ်ကြစ်၊ ပရိတ်ပရိတ်

ဖြစ် ကောင်းမြတ်တဲ့ အရသာ၊ ကောင်းမြတ်တဲ့ ခဲဖွယ်ဘော ဇဉ်ကို လိုချင်တပ်မက်ကြတာချည်း မဟုတ်ဘူးလား ဘုရား၊ တပည့်တော်တော့ ဤသို့ချည်း တွေ့မြင်နေရပါတယ် ဘုရား'' အရှင်နာဂသိန်။ ။''မှန်ပေတယ် မင်းမြတ်၊ အလွယ်အား ဖြင့်မူ ဤကဲ့သို့ ဆိုနိုင်လောက်ပေတယ်၊ သို့သော် တဏှာရဂ မကင်းသူများကတော့ အရသာခံတယ်၊ အကောင်းကြိုက်တယ်၊ ခံစား စံစားတဲ့အနေနဲ့ သုံးဆောင် စားသောက်တယ်။

''တဏှာရဂ ကင်းသူများကတော့ ခံစား စံစားမှုမရှိ ဘူး၊ မစွဲလမ်းဘူး၊ မမက်မောဘူး၊ ရသတဏှာအနေနဲ့ မလိုက် စားဘူး၊ သုံးဆောင် စားသောက်စရာ အစာအဟာရ အဖြစ် မျှသာ စားသုံးမှီဝဲခြင်း ပြုအပ်ပေတယ် မင်းမြတ်''

ပညာ၏ တည်မှန်ရာ

မိလိန္ဒမင်း ။	။''အရှင်ဘုရား.... ပညာဆိုတာ ဘယ် အရပ်၊ဘယ်ဌာနမှာထင်ရှားရှိပါသလဲ''
အရှင်နာဂသိန်။	။''မင်းမြတ် .. ပညာဆိုတာ ဘယ်အရပ် ဘယ်ဌာနမှာမျှ ထင်ထင်ရှားရှား မနေ ဘူး၊ လက်ညှိုး ထိုးပြစရာမရှိပေဘူး''
မိလိန္ဒမင်း ။	။''အရှင်ဘုရား.... ဤသို့ဆိုလျှင် ပညာဟူ သည် စင်စစ် ရှိဟန်မတူပါတကား''
အရှင်နာဂသိန်။	။''မင်းမြတ်.... ဝါယောဓာတ် ဖြစ်သော 'လေ'သည် ဘယ်အရပ်၊ဘယ်ဌာနဌာထင် ထင်ရှားရှား ''စုလိုက်ပုံလိုက်ရှိပါသလဲ''

မိလိန္ဒမင်း ။ ။"အရှင်ဘုရား.... အဘယ်မှာမျှ အတည်တကျ မရှိပါ"

အရှင်နာဂသိန်။ ။"မင်းမြတ်.... ထိုသို့ဆိုလျှင် 'လေ' ဆိုသည်မှာလည်း စင်စစ်ရှိဟန် မတူချေတကား"

သံသယပြဿနာ

မိလိန္ဒမင်းသည် အရှင်နာဂသိန် မထေရ်မြတ်အား ပြဿနာပေါင်းများစွာ မေးမြန်းလျှောက်ထားခဲ့သည်။ မေးမြန်းလျှောက်ထားရခြင်းမှာလည်း လေးနက် ခိုင်ကျည်စွာသော အကြောင်းရင်း အခြေခံရှိပေသည်။

မိလိန္ဒမင်းသည် လောကကြောင်း၊ ဓမ္မကြောင်းနှင့် စပ်လျဉ်း၍ ခက်ခဲနက်နဲလှသော အကြောင်းခြင်းရာများကို ပါရမီ ဆုတောင်းအားလျော်စွာ တတ်သိနားလည် နေခဲ့သည်။ သို့ရာတွင် မိလိန္ဒမင်းနှင့် ယှဉ်ပြိုင်၍ တန်းတူရည်တူ ဆွေးနွေးပြောဆိုနိုင်သူကား ကြီတင် ဖော်ပြခဲ့ပြီး ဖြစ်သည့်အတိုင်း ရဟန်းပုဂ္ဂိုလ်-လူပုဂ္ဂိုလ် တစ်ဦးတစ်ယောက်မျှပင် မပေါ်ထွက်ခဲ့ပေ။

သို့ဖြင့်ပင် အရှင်နာဂသိန် မထေရ်မြတ်နှင့် အကြောင်းအားလျော်စွာ တွေ့ဆုံကြုံကြိုက်ရသည်တွင် သိချင်သည်များ၊ သိပြီးသည်များ၊ မရှင်းလင်းသည်များကို မေးမြန်းလျှောက်ထား၍ မပြီးဆုံးနိုင် ရှိရသည်။

ယခုလည်း.... သံသရာ၏ အကြောင်းခြင်းရာများကို မေးမြန်း လျှောက်ထားပေဦးဟုမည်ဖြစ်သည်။

ဝိလိန္ဒမင်း ။ ။"တပည့်တော် မေးလျှောက် ပါရစေဦး ဘုရား၊ အရှင်ဘုရားသည် "သံသရာ-သံသရာ" နှင့် ခဏခဏပင် မိန့်တော်မူပါသည်။ ထိုသံသရာဟူသည် အဘယ်ကို ခေါ်အပ်ပါသနည်း ဘုရား၊ အဘယ်သို့သော သဘော သဘာဝ ရှိပါသနည်း ဘုရား"

အရှင်နာဂသိန်း။ ။"မြတ်သော မင်းကြီး.... ဤဘုံမှာသော်လည်း ဤဘုံမှာပင် ပြန်ဖြစ်ခြင်း၊ ဤဘုံမှာသော်လည်း ထိုဘုံမှာ ပြန်ဖြစ်ခြင်း၊ ထိုဘုံမှာသော်လည်း ဤဘုံမှာ ဖြစ်ခြင်း ဤကဲ့သို့ စက်ရဟတ်ပမာ အစဉ်တရစပ် လည်ပတ် ဖြစ်ပျက်နေတာကို သံသရာလို့ ခေါ်ပေတယ်။

"ဥပမာ လူတစ်ယောက်ဟာ သရက်သီးကိုစား၊ ပြီး အစေ့ကို အပင်စိုက်မယ်၊ အဲဒီအပင်က အသီးသီးမယ်၊ အဲဒီအသီးကို စား အစေ့ကို အပင်ပြန်စိုက်၊ ဤကဲ့သို့ စားလိုက် စိုက်လိုက်၊ သီးလိုက် စားလိုက်၊ စိုက်လိုက်ခဲ့ဆိုရင် သရက်သီးရဲ့ ဖြစ်ပျက်မှုဟာ ဆုံးခန်း တိုင်ပါတော့မလား။

"သတ္တဝါတွေဟာလဲ ထိုအတူပေါ့ မင်းကြီး၊ မွေးလိုက်သေလိုက်-မွေးလိုက်နဲ့ အဆုံးမရှိနိုင်သော စက်ရဟတ်ကြီးပမာ အစဉ်တရစပ် လည်ပတ်ဖြစ်ပျက်နေတာကို သံသရာလို့ ခေါ်အပ်ပေတယ်"

အလွန် ကြာမြင့်စွာသော အချိန်က အလုပ်တွေကို ဆင်ခြင်နိုင်မှု

ဝိလိန္ဒမင်း ။ ။"အရှင်ဘုရား.... အလွန်ဝေးကွာ ရှည်ကြာလှစွာသော အချိန်က ပြုလုပ်ခဲ့တဲ့

အရှင်နာဂသိန်။ ။"ကျွန်တော့ကို မည်သို့သော နည်းဖြင့် ဆင်ခြင် သုံးသပ်နိုင်ပါသနည်းဘုရား"

။"မြတ်သော မင်းကြီး၊ သတိတရားဖြင့် ဆင်ခြင် သုံးသပ်နိုင်ပေ၏"

မိလိန္ဒမင်း ။ ။"အရှင်ဘုရား.... သတိဖြင့် မဟုတ်ဘဲ စိတ်ဖြင့်သာ ဆင်ခြင် သုံးသပ်နိုင်သည် မဟုတ်ပါလော"

အရှင်နာဂသိန်။ ။"မင်းမြတ်.... သင်မင်းမြတ်သည် တစ်စုံတစ်ရာ လုပ်ကိုင်ပြီး မေ့လျော့နေသည် မျှား ရှိဖူးပါသလော"

မိလိန္ဒမင်း ။ ။"အရှင်ဘုရား.... ရှိဖူးပါသည်"

အရှင်နာဂသိန်။ ။"ထိုကဲ့သို့ မေ့လျော့နေတဲ့အခါ စိတ် မရှိပေဘူးလား မင်းမြတ်"

မိလိန္ဒမင်း ။ ။"ရှိပါသည် ဘုရား"

အရှင်နာဂသိန်။ ။သို့ဆိုလျှင် ဘာ့ကြောင့် မေ့လျော့နေဘိသနည်း။ စိတ်ဖြင့်ဆင်ခြင် သုံးသပ်လိုက်ပါလော"

မိလိန္ဒမင်း ။ ။"အရှင်ဘုရား.... ဤသို့ကား မဖြစ်နိုင်ပါ၊ သတိမရှိခြင်းကြောင့်ဖြစ်ပါသည်"

အရှင်နာဂသိန်။ ။"မှန်ပေသည် မင်းမြတ်၊ ဤကြောင့်ပင် အရာရာတိုင်းကို စိတ်ဖြင့် မဆင်ခြင်နိုင် သတိတရားဖြင့်သာ ဆင်ခြင် အောက်မေ့နိုင်သည်ဟု ဆိုအပ်ခြင်း ဖြစ်ပေတယ်"

သတိဟူသည် အမြဲဖြင်-မဖြစ်

မိလိန္ဒမင်း ။ ။"အရှင်ဘုရား.... သတိတရား ဟူသည် အမြဲတမ်း သိမှတ် နေပါသလော၊ သို့ မဟုတ် အခြားသူများက လှုံ့ဆော်ပေးမှ ဖြစ်ပါသလော" အရှင်နာဂသိန်။ ။"မင်းမြတ်... သတိဟူသည် အစဉ်သိမှတ် နေပေတယ်၊ အခြားသူများက လှုံ့ ဆော် ပေးခြင်းဖြင့်လည်း သတိတရား ဖြစ်အပ်ပေတယ်"

မိလိန္ဒမင်း ။ ။"အရှင်ဘုရား.... သတိတရား အားလုံး သည် ဤသို့လျှင် အစဉ်အမြဲ သိမှတ် နေ အပ်သည်ဆိုခြေက အခြားသူ၏လှုံ့ဆော်မှုဖြင့် ရရှိဖြစ်မြောက် သည် ဆိုခြင်းမှာ မဟုတ်နိုင်တော့ပါ ဘုရား" အရှင်နာဂသိန်။ ။"မြတ်သော မင်းကြီး.... သတိ တရား ဟူသည် အခြားသူ၏ လှုံ့ဆော်မှုဖြင့် မဖြစ်မြောက်နိုင် ဆိုခြေသော် ပန်းချီ၊ပန်းပု စသော ပညာ သည် ပညာရပ်တို့သည် မည်သို့မျှ ကြောင်းကျိုးဆက်စပ် ခြင်းမရှိ ဖြစ်ရခြေတော့မည်"

"မင်းမြတ်....ပန်းချီ ပန်းပု စသော အတတ်ပညာ ဖန်တီး မှုတို့သည် မိမိတို့၏ စိတ်ကူးသက်သက်၊ သတိတရား သက်သက် ဖြင့်ချည်းသာ ဖြစ်ပေါ်လာသည် မဟုတ်၊ တစ်စုံတစ်ခုသော အရာဝတ္ထုကို တွေ့မြင်ရာမှတစ်ဆင့် စပ်လျဉ်း ဆက်သွယ်ကာ သတိရအပ်ခြင်းဖြင့် လည်းကောင်း၊ တစ်ဦးဦး၏ ဝေဖန် ညွှန်ပြမှုကို သိရ ကြားရခြင်းဖြင့် လည်းကောင်း၊ ထိတွေ့

ခံစားမှုကို အကြောင်းရင်း အခြေခံပြု၍ လည်းကောင်း၊ ဤသို့လျှင် သတိဖြစ်ပေါ်မှုအတွက် အကြောင်းအကျိုး ဆက်စပ်မှုများ ရှိနေပေတယ်။

"မြတ်သော မင်းကြီး.... ပန်းပုဆရာ တစ်ဦးသည် ရုပ်တု တစ်ခုကို ဖန်တီးပြုလုပ်ထားသည် ဆိုပါစို့၊ ထိုအခါ တစ်ဦးတည်းသောသူက ရုပ်တုကိုကြည့်၍ 'အခြားသော အချိုး အဆစ် အပိုင်းများ ဘာမျှပြောရန် မလိုပါ၊ အားလုံး လျော်ကန်ပါသည်။ ခါးဆစ်ပိုင်းမှာမူ အမှန်ရှိသင့်သည်ထက် လုံးပတ် ကြီးနေပါသည်။ ခါးဆစ်ပိုင်း တုတ်ခိုင်နေသည့်အတွက် အခြားသော အချိုးအစား အလှအပများ မေ့မှိန်ပျက်ပြယ်သွားရသလို ရှိပါသည်'လို့ပြောပြတဲ့အခါ 'ဟုတ်ပေသားပဲ၊ ငါ့ရုပ်တုကခါးဆစ်ပိုင်းကြီး တုတ်ခိုင်နေပါကလား'လို့ ပန်းပုဆရာအဖို့ ဖြုန်းခနဲ သတိမရနိုင်ပေဘူးလား"

မိလိန္ဒမင်း ။ ။"မှန်ပါ... ရဟန်းတော်ကြောင်းပါ ဘုရား"

အရှင်နာဂသိန်း။ ။"ထိုအတူပေပဲ မင်းကြီး.... မည်သည့် အတတ်ပညာ၊ မည်သည့် လုပ်ငန်းမဆို အခြားသူ တစ်ဦးဦးက ဖြစ်စေ၊ အတတ်ပညာ သင်ကြားပေးသူ ဆရာက ဖြစ်စေ၊ လိုအပ်သလို ပေဖန်လို့ ဆော်လိုက်တဲ့အခါ သတိတရားဟူသည် ဖြုန်းခနဲ ဖြစ်ပေါ်လာအပ်ပေတယ်၊ ထို့ကြောင့် သတိဟူသည် အခြားသူ၏ လုံ့ဆော်မှု၊ သို့မဟုတ် အကြောင်း တိုက်တိုင်မှုကြောင့်လည်း ရရှိဖြစ်ရကြောင်း နိုင်တယ်လို့ သိမှတ်ရပေမယ် မင်းကြီး"

သတိဖြစ်စေနိုင်ခြင်း အခြောင်း

မိလိန္ဒမင်း ။ ။"အရှင်ဘုရား....သတိတရားဖြစ်မြောက်လာနိုင်တဲ့ အခြောင်း တရား ဘယ်လောက်များ ရှိပါသလဲ"

၁။ အမြဲတမ်း သိမှတ်ခြင်း

အရှင်နာဂသိန်း။ ။"မင်းမြတ်... ဇာတိသရဏာဏ် ရသည့် ပုဂ္ဂိုလ်များသည် မိမိတို့ဖြစ်ရသည့် ဘဝများကို ပြန်လည် အောက်မေ့နိုင်သလို အမြဲတမ်း သိမှတ်နေခြင်းဖြင့်လည်း သတိတရား ရှိဖြစ်မြောက်နိုင်ပေတယ်"

၂။ အခြားသူက လှုံ့ဆော်ခြင်း

"မိမိကိုယ်တိုင် မေ့လျော့နေသည့်အခါ အခြားသူ တစ်ဦးဦးက လှုံ့ဆော်တိုက်တွန်းခြင်း အားဖြင့်လည်း သတိတရားဖြစ်နိုင်ပေတယ်"

၃။ ထင်ရှားခြင်း

မင်ဖိုလ်ရတဲ့ ပုဂ္ဂိုလ်များကဲ့သို့ ထင်ထင်ရှားရှားကြီး သိမှတ်နေခြင်းအားဖြင့်လည်း သတိတရားဖြစ်နိုင်တယ်"

၄။ အကျိုးစီးပွားများခြင်း

"အကျိုးစီးပွားများစွာ ဖြစ်ထွန်းအပ်သော အရပ်ဒေသ ဖြစ်၍ ထိုအရပ်ကို မမေ့နိုင်ဘဲ အောက်မေ့တမ်းတနေခြင်းဖြင့်လည်း သတိဖြစ်အပ်ပေတယ်"

၅။ အကျိုးစီးပွားနည်းခြင်း

"အကျိုးစီးပွား မဖြစ်ထွန်းသောအရပ်၊ သာယာ အေးချမ်းသော အရပ်မဟုတ်ခြင်းကြောင့် ဤအရပ် ဤဒေသကား မနေအပ်သောအရပ်ပါ ဝတကား၊ ဟု သိနား လည်သောအားဖြင့် လည်း သတိအမှတ် ရနေအပ်ပေတယ်"

၆။ သဘောတူညီခြင်း

"မိဘ-ညီအစ်ကို မောင်နှမများ၊ နှင့် ရွယ်ဆင်းသဖွယ်ကြန်အင်လက္ခဏာ တူခြင်း၊ စိတ်နေသဘောထား တူခြင်း၊ အတတ်ပညာ အသိပညာ တူခြင်း စသည်အားဖြင့်လည်း ထိုတူမျှခြင်းကို အကြောင်းပြု၍ သတိတရား ဖြစ်မြောက်နိုင်ပေတယ်"

၇။ ကဲပြားခြားနားခြင်း

"ညီအစ်ကို မောင်နှမချင်းပင် ဖြစ်လင့်ကစား အရုဏရောတွင် ကဲပြား ခြားနားသော အားဖြင့်လည်း ထိုကဲပြားမှုကို အကြောင်းပြု၍ သတိတရား ဖြစ်မြောက်နိုင်ပေတယ်"

၈။ စကားသံ (သဒ္ဒါရုံ)

"နဂိုက မမ့်လျော့နေသော်ငြားလဲ ပြောဆိုလိုက်တဲ့စကားသံ (သဒ္ဒါရုံ)ကို ကြားရခြင်းအားဖြင့် ဤသူကား မောင်ဖြူတည်း၊ ဤသူကား မောင်မဲတည်း ဟူ၍ သတိရအပ်ခြင်း ဖြစ်နိုင်ပေတယ်"

၉။ မှတ်ကြောင်းအင်္ဂါ

"ကာလကြာမြင့်စွာ ကွဲကွာသွားခဲ့သော မိဘ၏ နွားမြင်းစသည်တို့နှင့် ပြန်တွေ့ရသောအခါ၊ ဧဋ္ဌ ဒုမှတ်အသား၊ ခြေ

လက် အင်္ဂါ အမှတ်အသားတို့ကို သိမြင်ရခြင်း အားဖြင့်လည်း သတိတရား ဖြစ်ပေါ်နိုင်ပေတယ်''

၁၀။ လှုံ့ဆော်တိုက်တွန်းခြင်း

''မေ့လျော့တတ်သူ တစ်ဦးကို အကြိမ်ကြိမ် အဖန်ဖန် လှုံ့ဆော် တိုက်တွန်းပေးခြင်း အားဖြင့်လည်း သတိတရား ဖြစ်မြောက်နိုင်ပေတယ်''

၁၁။ အကွာရှုစာလုံး

''မိမိ သင်ကြားထားအပ်သော အကွာရှု စာလုံးမျှားအရ မည်သည့် အကွာရှုပြီးလျှင် မည်သည့် အကွာရှုဖြစ်သည်ဟု သိနားလည်နေသည့်ပမာ တစ်စုံ တစ်ခုသော အကွာရှုစာလုံး အမှတ်အသားကို မြင်ရခြင်း အားဖြင့်လည်း သတိဖြစ်မြောက်နိုင်ပေတယ်''

၁၂။ သင်္ချာ

''မည်သည့် ဂဏန်းကား '၅'ဖြစ်သည်။ မည်သည့်ဂဏန်းကား 'ဂ'ဖြစ်သည်။ ၅-ကို ဂ-နှင့် မြှောက်သော် မည်မျှရသည်။ ဂ-ကို ၅-နှင့် စားသော် မည်မျှကြွင်းသည်ဟူ၍သိမှတ်နားလည် နေအပ်သလို တစ်စုံတစ်ခုသော ဂဏန်း အမှတ်အသား တစ်စုံတစ်ခုသော သင်္ချာအတတ်ကို သိမြင်ကြုံကြိုက်ရခြင်း အားဖြင့်လည်း သတိ ဖြစ်ပေါ်နိုင်ပေတယ်''

၁၃။ အရုကျက်မှတ်ခြင်း

''မျှားစွာသော စာပေကျမ်းဂန်တို့ကို နှုတ်ရ အာဂုံရွတ်ဆို ကျက်မှတ်ထားခြင်းအားဖြင့် ပညာရှိဟူ၍ ဖြစ်မြောက် လာရ

သက္ခဲသို့ တစ်စုံတစ်ခုသောအဟတ်ပညာ အကြောင်းခြင်းရာကို အရုအမှီ ကျက်မှတ်သား:ခြင်းဖြင့်လဲ သတိတရား ဖြစ်အပ်ပေ တယ်''

၁၄။ ကမ္မဋ္ဌာန်း အား:ထုတ်ခြင်း

''ကမ္မဋ္ဌာန်း ဘာဝနာ အား:ထုတ်ခြင်း:ဖြင့်လဲ သတိဖြစ် နိုင်ပေတယ်''

၁၅။ အလုပ်အကိုင်နှင့် ဆက်ဝပ်ခြင်း

''အလုပ်အကိုင်၊ ရောင်း:ရေး:ဝယ်မှုနှင့် ပတ်သက်ဆက်စပ် နေခြင်း:အား:ဖြင့်လဲ သတိဖြစ်နိုင်ပေတယ်''

၁၆။ နိုး:ကပ်ခြင်း

''ပစ္စည်း:တစ်စုံတစ်ရာကိုဖြစ်စေ၊ လူတစ်ဦး:တစ်ယောက်ကို ဖြစ်စေ မိမိနှင့်နိုး:ကပ်စွာရှိနေခြင်း:ကြောင့်လဲ သတိတရား ဖြစ် ပေါ်အပ်ပေတယ်''

၁၇။ သုံး:ဆောင်မံစား:ဖူး:ခြင်း

''ကြား:ဖူး:ခြင်း၊ မြင်ဖူး:ခြင်း:သည်သုံး:ဆောင်ခံစား:ဖူး:ခြင်း အကြောင်း:များ:ကြောင့်လဲ သတိတရား:ဖြစ်အပ်ပေတယ်''

''ဒကာတော်မင်း:မြတ်....ဤအကြောင်း:တရား ၁၇-ပါ:ကို သည် သတိတရား:ဖြစ်ပေါ်ရာ အခြေခံအကြောင်း:ရင်း:များ:ပင် ဖြစ်ပေတယ်''

ဘုရား:ဂုဏ်ဟော်ကို သတိရခြင်း

မိလိန္ဒမင်း: ။ ။''အရှင်ဘုရား... လူ တစ်ယောက်သည် တစ်သက်လုံ:မကောင်:မှုအ, ဂုဏ်လိုလ်တွေ

ချည်း လုပ်လာခဲ့ပြီး သေဆုံးခါနီးကျမှ ဘုရားဂုဏ်တော်ကို တစ်ကြိမ်မျှသတိရအပ်ခြင်းကြောင့် နတ်ပြည်ကို ရောက်ရသည်၊ တစ်ယောက်သောသူမှာကား သူတစ်ပါးအသက်ကို တစ်ကြိမ်မျှ သတ်မိဖူးသဖြင့် ငရဲသို့ ကျရောက်ရသည်ဟူ တပည့်တော်ကြားသိရပါသည်၊ ထိုစကားမျိုးကို တပည့်တော် မယုံကြည်နိုင်ပါဘုရား''

အရှင်နာဂသိန်။ ။''မင်းမြတ်... သေးငယ်လှသော ကျောက်ခဲပင် ဖြစ်စေကာမူ လေ- တည်းဟူသော ရုပ်တည်ရာကို မရရှိခဲ့သော် ရေထဲသို့မကျရောက်ဘဲ ရှိနိုင်ပါအုံ့လော''

မိလိန္ဒမင်း ။ ။''အရှင်ဘုရား.... မဖြစ်နိုင်ပါ၊ ရေထဲသို့ ကျဆင်းနစ်မြုပ်သွားရပါမည်''

အရှင်နာဂသိန်။ ။''ထိုလေ့ပေါ်သို့ပင် လှည်းအစီးတစ်ရာ တိုက်မျှသော ကျောက်ခဲများကိုတင်ပြီး နောက် လေ့ကလဲ ကျောက်ခဲများ၏အလေးချိန်ကို ခံနိုင်အား ရှိသည်ဆိုခဲ့လျှင် ထိုလေ့ မည်သို့ရှိချိမ့်မည်နည်း မင်းမြတ်''

မိလိန္ဒမင်း ။ ။''အရှင်ဘုရား.... ကျောက်ခဲများ သည်လေးသည်ပင် မှန်သော်လဲ လေ့က ခံနိုင်အား ရှိနေသဖြင့် ရေထဲသို့ မနစ်မြုပ်နိုင်ရှိပါမည်ဘုရား''

အရှင်နာဂသိန်။ ။''မှန်ပေ၏မင်းမြတ်.... ကောင်းမှုကုသိုလ်သည် လေ့ကဲ့သို့ဖြစ်ပေတယ်၊ အကုသိုလ်သည် ကျောက်ခဲများကဲ့သို့ ဖြစ်ပေတယ်၊ နည်းခြင်း-များခြင်းက ပဓာနမဟုတ်ဘူး၊ လေ့၏အင်အားနှင့်တူစွာသော ကုသိုလ် ကောင်းမှုသည်သာ ပဓာနဖြစ်တယ်''

"အဂ္ဂိလိမာလသည် လူပေါင်းများစွာသတ်ဖြတ်လာသော်ငြားလဲ ရဟန္တာ ဖြစ်သွားရတဲ့အတွက် ဘဝပြတ်သွားတယ်၊ ထိုသို့ဘဝပြတ်သွားတဲ့အတွက်ကြောင့်လဲ ဘယ်အကုသိုလ်ကမှ အကျိုးမပေးနိုင်တော့ဘူး မင်းမြတ်"

ဒုက္ခကို ပယ်နှုန်ခြင်း

မိလိန္ဒမင်း ။ ။"တပည့်တော် မေးပါရစေဦးဘုရား....၊ အရှင် ဘုရား တို့သည် လွန်ခဲ့ပြီး သည့် အချိန်က ဆင်းရဲဒုက္ခများကို ပယ်စွန့်ဖို့ ကြိုးစားတော်မူပါသလား"

အရှင်နာဂသိန်။ ။"မကြိုးစားပေဘူး မင်းမြတ်"

မိလိန္ဒမင်း ။ ။"သို့ဆိုလျှင်.... နောင်လာလတ္တံ့သော အနာဂတ်ကာလဆင်းရဲဒုက္ခတွေကိုကော ပယ်စွန့်ဖို့ ကြိုးစားပါသလား ဘုရား"

အရှင်နာဂသိန်။ ။"ကြိုးစားပေါ့ မင်းမြတ်"

မိလိန္ဒမင်း ။ ။"လောလောဆယ် တွေ့ကြုံ ခံစား နေရသော ပစ္စုပ္ပန်ဒုက္ခတွေကိုကော ပယ်စွန့်ဖို့ ကြိုးစားပါသလား ဘုရား"

အရှင်နာဂသိန်။ ။"မကြိုးစားပေဘူး မင်းမြတ်"

မိလိန္ဒမင်း ။ ။"အရှင်ဘုရား.... ဤကဲ့သို့သော လွန်ခဲ့ပြီး သော ဒုက္ခ၊ လက်ငင်းကြုံတွေ့နေရသော ဒုက္ခများကို ပယ်စွန့်ရန် မကြိုးစားခဲ့သော် ထိုဆင်းရဲဒုက္ခများ သည် မည်ကဲ့သို့ ချုပ်ငြိမ်းနိုင်ပါမည်နည်း၊ ဤလောကတွင် ပစ္စုပ္ပန်ဒုက္ခမှတစ်ပါး အခြားဒုက္ခရှိပါသေးသနည်း"

"အရှင်ဘုရား.... နောင်လာလတ္တံ့သော အနာဂတ်ကာလ ဆိုသည်မှာ အခိုင်အကျည် အထင်အရှား ရှိချေပါသလော" အရှင်နာဂသိန်။ ။"ဤသို့ကား အထင်အရှား မရှိပေဘူး မင်းမြတ်"

ထိုအခါ၌ မိလိန္ဒမင်းသည် အရှင်နာဂသိန်မထေရ်မြတ်အား ကျီစယ်ချိုးနှိမ်သောအနေဖြင့်— "အရှင်ဘုရားတို့က သည်လို ထင်ရှားမရှိတဲ့ အနာဂတ်ဒုက္ခတွေကို ယယ်သတ်ဖို့ကြိုးစားတယ် ဆိုတော့ အရှင်ဘုရားတို့ဟာတကယ်တော်တဲ့မဟာပညာကျော်ကြီးတွေပေါ့"ဟု လျှောက်လိုက်၏။

အရှင်နာဂသိန်က ဤသို့ တုန့်ပြန်ဆိုတော်မူ၏။

အရှင်နာဂသိန်။ ။"မင်းမြတ်.... သင်မင်းမြတ်မှာ ဆန့်ကျင်ဘက် ရန်သူမင်းများရှိပါသလား"

မိလိန္ဒမင်း ။ ။"အရှင်ဘုရား.... ရှိပါ၏"

အရှင်နာဂသိန်။ ။"ကောင်းပြီ.... ထိုသို့ရှိခဲ့သော် ထိုရန်သူမင်း စစ်ချီလာမှ အသင်မင်းကြီးသည် ကျုံးတူးခြင်း၊ခံတပ်ဆောက်ခြင်း၊စစ်ပညာသင်ခြင်း၊စစ်သားစုဆောင်းခြင်း၊ ရိက္ခာသိုလှောင်ခြင်း စသည်တို့ကို ပြုလုပ်မည်လော"

မိလိန္ဒမင်း ။ ။"အရှင်ဘုရား.... ဤသို့ မဟုတ်ပါ၊ စစ်မဖြစ်မီ စစ်မရောက်မီ က တည်းက ပင် အသင့်ကြိုတင်ပြင်ဆင်ထားရပါမည်"

အရှင်နာဂသိန်။ ။"မင်းမြတ်.... ထိုကဲ့သို့ ဘာ့ကြောင့် ပြင်ဆင်ပြုလုပ်ထားရသနည်း"

မိလိန္ဒမင်း ။ ။"မှန်ပါ.... ကစ်ဖက်ရန်သူမျှား မယားဝုံ ဧစရုန် ဖြစ်ပါသည် ဘုရား"

အရှင်နာဂသိန်။ ။"မင်းမြတ်... အာဘယ်သို့ပါသနည်း၊ မရောက်လာအပ်သော ဘေးရန်ဟူသည် ထင်တင်ရှားရှားရှိပါသလော"

မိလိန္ဒမင်း ။ ။"မရှိပါဘုရား"

အရှင်နာဂသိန်။ ။"မင်းကြီး.... မရောက်အပ်သေးသော ထင်ရှားမရှိသေးသော ဘေးရန်အတွက် ဤကဲ့သို့ကြိုတင် ပြင်ဆင်ထားအပ်သည် ဆိုချေသော် မင်းကြီး သည်လည်း တကယ့်ကိုတော်တဲ့ မဟာပညာ အကျော်အမော် ကြီးပင် ဖြစ်ပေသည်တကား"

အကြောင်း တိုက်ဆိုင်လာသည့် အခိုက် အရှင်နာဂသိန်က လည်း မိလိန္ဒမင်းကို သည်အတိုင်းပင် တုန့်ပြန်ကျိစယ်ခြင်း ပြု လိုက်၏။ ပြီးမှ....

"မင်းမြတ်.... ရေဆာမှ ရေတွင်းတူးတဲ့လူ၊ ထမင်းဆာမှ လယ်ဟွန်တဲ့လူတွေဟာ အရူးတွေပဲ၊ ဘာမဆို ကြိုတင်ပြင်ဆင် မှုဟာ သိပ်အရေးကြီးတယ်ဆိုတာ မင့်းကြီးလဲ ကောင်းစွာ သဘောပေါက်ရောပေါ့"ဟု ခေါက်လက်မိန့်တော်မူ၏။

ဖြဟ္မာ့ပြည်နှင့်လူ.ပြည် အကွာအဝေး

မိလိန္ဒမင်း ။ ။"အရှင်ဘုရား.... ဖြဟ္မာ့ပြည်နှင့် လူ.ပြည် ဘယ်လောက်ဝေးပါသလဲ"

အရှင်နှာဂသိန်။ ။"မင်းမြတ်.... အိမ် အတွက် မျှ ရှိ သော ကျောက် တုံး ကြီး ကို ဗြဟ္မာ့ပြည်ကနေ ချလိုက်ရင်တစ်နေ့ကိုယူဇနာလေးသောင်းရှစ်သောင်ကျတယ်။ ထိုစံချိန်အချိုးအစားအတိုင်း လေးလကြာမှ ကျောက်တုံးကြီး ဟာ လူ့ပြည်ရောက်တယ်၊ ဗြဟ္မာ့ပြည်နှင့် လူ့ပြည်သည် ထိုမျှ လောက်ပင် ဝေးကွာအပ်ပေတယ်"

မိလိန္ဒမင်း ။ ။"အရှင်ဘုရား— ဗြဟ္မာ့ပြည်နှင့် လူ့ပြည် သည် လိုမျှလောက်ဝေးကွာနေပါလျက် ရဟန်းတော်မျှား သည် စိတ်ဖြင့် ဆင်ခြင်လိုက်ရုံမျှဖြင့် အားရှိ သော ယောဂျား၏ ကွေးသောလက် ဆန့်သည့်အချိန်၊ ဆန့် သောလက် ကွေးသည့် အချိန်ပိုင်းကလေး အတွင်းဥပမာလျှင် ဗြဟ္မာ့ပြည်သို့ရောက်သွားရသည်၊ ရောက်နိုင်သည် ဆိုခြင်းမှာ မလွန်လွန်းပေဘူးလား ဘုရား၊ တကယ်ကော ဖြစ်နိုင်ပါ့မလား ဘုရား"

အရှင်နှာဂသိန်။ ။"ဒကာတော်မင်းမြတ်.... သင် မင်းမြတ် သည် ဘယ်အရပ်မှာ မွေးပါသလဲ"

မိလိန္ဒမင်း ။ ။"တပည့်တော် အလသန္ဒာကျွန်းမှာ မွေး ပါသည် ဘုရား"

အရှင်နှာဂသိန်။ ။"ထို အလသန္ဒာကျွန်းဘည် သားဂလမ်ကြီးနှင့် ဘယ်လောက်ဝေးပါသလဲ"

မိလိန္ဒမင်း ။ ။"မှန်ပါ....ယူဇနာ နှစ်ရာ ဝေးပါသည် ဘုရား"

အရှင်နာဂသိန် ။ ။"ကောင်းပြီမင်းမြတ်.... သို့ဆိုလျှင် မင်းမြတ် ထိုကျွန်းမှာရှိနေစဉ်က တစ်စုံတစ်ခု ကို အမှတ်တရပြုလုပ်ခဲ့ဖူးခြင်း ရှိပါသလား"

မိလိန္ဒမင်း ။ ။"ရှိခဲ့ဖူးပါသည် ဘုရား"

အရှင်နာဂသိန် ။ ။"ထိုအခြင်းအရာကို ပြန်ချီစဉ်းစားကြည့် လိုက်စမ်းပါ မင်းမြတ်"

မိလိန္ဒမင်း ။ ။"စဉ်းစားပြီးပါပြီ ဘုရား"

အရှင်နာဂသိန် ။ ။"မင်းမြတ်.... အဘယ်သို့ပါနည်း၊ မြန်လှ ချေ၏တကား....၊ ယူဇနာနှစ်ရာတိုင်တိုင် ဝေးကွာနေသောအရပ်ကို ယခုချက်ချင်းပင် ရောက်သွားချေ ၏တကား....၊ ဤသို့ဆိုလျှင် မင်းမြတ်သည် အလွန်ပင် တော်ပေစွတကား"

အရှင်နာဂသိန်က ကျီစယ် လှောင်ပြောင်သော အနေဖြင့် ဤသို့ဆိုတော်မူသောအခါ မိလိန္ဒမင်းသည် တစ်စုံတစ်ရာမျှ တုန့်ပြန်မဆိုတတ် ဖြစ်သွားရသည်။ အတန်ကြာမှ အလားတူ မေးခွန်းတစ်ခုကို တပ်မံမေးလျှောက်ပြန်၏။

လောကနှစ်ခု၊ ဖြစ်ပွားညီ-မညီ

မိလိန္ဒမင်း ။ ။"အရှင်ဘုရား.... လူတစ်ယောက်က လူ့ပြည်မှာသေပြီး ဗြဟ္မာ့ပြည်မှာ ဗြဟ္မာသွားဖြစ်ပါတယ်၊ တစ်ယောက်ကတော့ လူ့ပြည်မှာသေပြီး ကသိုဏ်တိုင်းမှာ လူသွားဖြစ်ပါတယ်၊ တို့သူနှစ်ယောက်သည် ဘယ်သူကကြာ၍ ဘယ်သူကမြန်ပါသလဲ ဘုရား"

အရှင်နှာဂသိန်။ ။"မင်းမြတ်- တိုသူနှစ်ယောက်သည် မည်သူကမျှ ကြာခြင်းလဲမရှိ၊ မြန်ခြင်းလဲမရှိ ဆုတူတူပင် ဖြစ်ကြပေသည် မင်းမြတ်"

မိလိန္ဒမင်း ။ ။"ဥပမာ ပြတော်မူပါဦး ဘုရား"

အရှင်နာဂသိန်။ ။"မင်းမြတ်....သင်မင်းမြတ်သည် ဘယ်မြို့မှာ မွေးပါသလဲ"

မိလိန္ဒမင်း ။ ။"ကပလျှံတော် အလသန္ဓကျွန်း ကလသိရွာမှာ မွေးပါတယ် ဘုရား"

အရှင်နာဂသိန် ။ ။"ကလသိရွာနဲ့သာဂလမြို့ ဘယ်လောက်ဝေးသလဲ"

မိလိန္ဒမင်း ။ ။"ယူဇနာနှစ်ရာ ဝေးပါသည် ဘုရား"

အရှင်နာဂသိန်။ ။"ကသ္မီရတိုင်းနဲ့ သာဂလမြို့ကော ဘယ်လောက် ဝေးပါသလဲ မင်းမြတ်"

မိလိန္ဒမင်း ။ ။"မှန်ပါ.... တစ်ဆယ့်နှစ်ယူဇနာ ဝေးပါသည်"

အရှင်နာဂသိန်။ ။"မင်းမြတ်.... တိုက်တွန်းပါရစေ၊ မင်းမြတ် မွေးဖွားခဲ့ရာ ကလသိရွာကို ပြန်စဉ်းစားကြည့်လိုက်စမ်းပါ"

မိလိန္ဒမင်း ။ ။"မှန်ပါ၊စဉ်းစားကြည့်ပြီးပါပြီဘုရား"

အရှင်နာဂသိန်။ ။"နောက်တစ်ခါ ကသ္မီရတိုင်းကို စဉ်းစားကြည့်လိုက်စမ်းပါ မင်းမြတ်"

မိလိန္ဒမင်း ။ ။"မှန်ပါ....စဉ်းစားပြီးပါပြီဘုရား"

"ကောင်းကင်မှာပျံသန်းနေကြတဲ့ငှက်နှစ်ကောင်ဟာ တစ်ကောင်က သစ်ပင်အမြင့်ကြီးမှာနား၊ တစ်ကောင်က သစ်ပင်အနိမ့်ကလေးမှာ နား၊ သူတို့ နှစ်ကောင် တစ်ပြိုင်နက်တည်း သစ်ပင်မှာနားလိုက်တဲ့အခါ ဘယ်ဘက်ရဲ့ အရိပ်က မြေကြီးမှာ အရင်ဦးစွာ ထင်ပေါ်မလဲ"

အရှင်နှာဂသိန်။ ။"သို့ဆိုလျှင် ကသ္မီရတိုင်းနှင့် ကလသိ ရှာသည် မည်သည်ကကြာ၍၊ မည်သည် က မြန်ပါသနည်း မင်းမြတ်"

မိလိန္ဒမင်း ။ ။"မှန်ပါ....စိတ်နှင့် စဉ်းစားကြည့်သည် ကား မည်သည့် နေရာမျှ ပိုရှိလည်း မကြာ၊ ပိုရှိလည်း မမြန်၊ အတူတူပင်ဖြစ်ပါတော့သည်ဘုရား"

အရှင်နှာဂသိန်။ ။"မှန်ပေသည် မင်းမြတ်၊ လူ့ပြည်၌သော ဆိုးပြီး ဗြဟ္မာ့ပြည်တွင် သွားရောက်ဖြစ်အပ်သောလူနှင့်၊ ကသ္မီရတိုင်းတွင် သွားရောက်ဖြစ်အပ်သော လူတို့သဲ့ ထို့အတူသာ ဖြစ်ပေသည်။ ဗြဟ္မာ့ပြည်ကို ရောက်ရသူက နောက်ကျခြင်းမရှိသလို ကသ္မီရတိုင်းကို ရောက်ရသူကလဲ ပိုပြီး မဝေးပေဘူး၊ မမြန်ပေဘူး၊ နှစ်ဦးစလုံးပင် ထပ်တူညီမျှသာ ဖြစ်ကြပေတယ်။

"နောက်-ဥပမာတစ်ခုကတော့ ကောင်းကင်မှာ ပျံသန်းနေကြတဲ့ ငှက်နှစ်ကောင်ဟာ သစ်ပင်အမြင့်ကြီးမှာ နားတယ်၊ တစ်ကောင်က သစ်ပင်အနိမ့်ကလေးမှာ နားတယ်၊ သူတို့နှစ်ကောင် တစ်ပြိုင်နက်တည်း— သစ်ပင်မှာ နားလိုက်တဲ့အခါ ဘယ်ငှက်ရဲ့အရိပ်က မြေကြီးမှာ အရင်ဦးစွာ ထင်ပေါ်မလဲ"

မိလိန္ဒမင်း ။ ။"အတူတူပင် ထင်ပါမည် ဘုရား"

အရှင်နှာဂသိန်။ ။"မှန်ပေတယ် မင်းမြတ်၊ ဗြဟ္မာ့ပြည်မှာ ဖြစ်သူနဲ့ ကသ္မီရတိုင်းမှာ ဖြစ်သူဟာလဲ သည်သဘောအတိုင်းပေပဲ၊ မည်သူကမျှ နောက်ကျခြင်း၊ ဦးခြင်း မရှိပေဘူး"

ဗောဇ္ဈင်ပြဿနာ

မိလိန္ဒမင်း ။ ။"အရှင်ဘုရား.... ဗောဇ္ဈင်တရား:ဟူသည် ဘယ်နှစ်ပါ:ရှိပါသလဲ"

အရှင်နာဂသိန်။ ။"ခုနစ်ပါ:ရှိပေတယ် မင်းမြတ်...."

မိလိန္ဒမင်း ။ ။"အရှင်ဘုရား-ဗောဇ္ဈင်တရား:၏အချုပ်သဘောကို ဗောဇ္ဈင်အဘယ်မျှဖြင့် သိနိုင်ပါသနည်း:"

အရှင်နာဂသိန်။ ။"မင်းမြတ်....ဓမ္မဝိဇယဗောဇ္ဈင် တစ်ပါ:တည်:ဖြင့် သိနိုင်ပါသည်"

မိလိန္ဒမင်း ။ ။"အရှင်ဘုရား....ဓမ္မဝိဇယဗောဇ္ဈင် တစ်ပါ:တည်:ဖြင့် သိနိုင်သည် ဆိုပါလျှက်၊ အဘယ့်ကြောင့် ခုနစ်ပါ:အထိဟောကြား:တော်မူပါသနည်း:"

အရှင်နာဂသိန်။ ။"မင်းမြတ် .. သန်လျက်အိမ်ထဲမှာ ထည့်ထား:အပ်တဲ့ သန်လျက်ဟာ သန်လျက်ခူည်:သက်သက် သုတ်ယူပြီ: မကိုင်တွယ် မခုတ်ဖြတ်ဘဲနဲ့ တစ်စုံတစ်ရာကို ဖြတ်နိုင်ပါ့မလား:"

မိလိန္ဒမင်း ။ ။"မပြတ်နိုင်ပါ ဘုရား"

အရှင်နာဂသိန်။ ။"ဗောဇ္ဈင် တရား:သည်လည်း ထို့အတူပေပဲ မင်းမြတ်၊ သံလျက်နှင့် သံလျက်အိမ်သည် မကင်:နိုင်သကဲ့သို့ ကျန်ဗောဇ္ဈင် ခြောက်ပါ:သည်လည်း ဓမ္မဝိဇယဗောဇ္ဈင်နှင့် မကင်:နိုင်ပေဟူ:"

ကုသိုလ်နှင့် အကုသိုလ်
အနည်းနှင့် အများ

မိလိန္ဒမင်း ။ ။"အရှင်ဘုရား.... ကုသိုလ် ကောင်းမှု၊ အကုသိုလ် ဘယ်အရောက ပိုပြီး များပါ သနည်း"

အရှင်နာဂသိန်း။ ။"ကောင်းမှု ကုသိုလ်က ပိုများပြီး....၊ အကုသိုလ်က နည်းပေတယ် မင်းမြတ်"

မိလိန္ဒမင်း ။ ။"ဘယ်လိုကြောင့်ပါသလဲ ဘုရား"

အရှင်နာဂသိန်း။ ။"ဒကာတော်မင်းမြတ်....၊ မကောင်းမှု အကုသိုလ်လုပ်တဲ့လူဟာ ငါမကောင်းမှု အကုသိုလ်လေ့လုပ်ခဲ့မိပြီဟု စိတ်မချမ်းသာဖြစ်တတ်ပေတယ်၊ ထိုကဲ့သို့ စိတ်မချမ်းသာ ပူပန်နေရခြင်းကြောင့်ပင် မကောင်းမှု အကုသိုလ်ဟာ မတိုးပွားနိုင်ဘူး"

"ကုသိုလ်ကောင်းမှုပြုတဲ့ လူများကျတော့ စိတ်အေးချမ်းတယ်၊ ဝမ်းမြောက်ဝမ်းသာဖြစ်တယ်၊ သည်လိုဝမ်းမြောက်ဝမ်းသာ ရှိရခြင်းကြောင့်ပင် နှစ်သိမ့်ပြုဖြစ်လာရပြန်တယ်၊ ထို့ပြင် ကိုယ်ခန္ဓာဟာလဲ အေးငြိမ်းတယ်၊ ချမ်းသာလျှင် သမာဓိဖြစ်လာတယ်၊ သမာဓိဖြစ်လာတော့ ဟုတ်မှန်တဲ့အတိုင်း သိလာအင်တယ်၊ သည်လို ဟုတ်တိုင်းမှန်စွာ သိတတ်လာခြင်းကြောင့်ပင်လျှင် ကုသိုလ်တရားများဟာ ပိုမို ကြီးထွား တိုးပွားအပ်ပေတယ်"

ထုတ်ဆောင်ချက်

"မင်းမြတ်.... လက်ခြေပြတ်နေတဲ့ လူတစ်ယောက်ဟာ မြတ်စွာဘုရားကို ကြာပန်းခိုင် လှူဒါန်းခဲ့သဖြင့် ကိုးဆယ့်တစ် ကမ္ဘာတိုင် အပါယ်ဘေးဒုက္ခကြီးမှ လွတ်မြောက်ခဲ့ရဖူးတယ်၊ ဒါ့ကြောင့် ကုသိုလ်တရားက ကိုးပွားမှ အကုသိုလ်က မတိုးပွားနိုင်ပေဘူး"ဟု ဆက်လက်မိန့်တော်မူ၏။

သိထားပါလျက် လုပ်သူနှင့် မသိဘဲ လုပ်သူ

မိလိန္ဒမင်း ။ ။"အရှင်ဘုရား....အကုသိုလ်ကို သိထား ပါလျက် လုပ်သူနှင့် မသိဘဲလုပ်သူနှစ်ဦး အနက် ဘယ်သူက အပြစ်ပိုကြီးပါသလဲ ဘုရား"

အရှင်နာဂသိန်။ ။"မင်းမြတ်.... အကုသိုလ်ကို အကုသိုလ် မှန်း မသိဘဲ လုပ်သူ၏ အပြစ်က ပို၍ ကြီးပေတယ်"

မိလိန္ဒမင်း။ ။"အရှင်ဘုရား.... ဤသို့ဆိုလျှင် တပည့်တော်တို့မင်းစိုးရာဇာမျှားမှာမကောင်း မှုမှန်း မသိဘဲ ပြုလုပ်သူများကို အပြစ် ဒဏ် နှစ်ဆပေးရမလို ဖြစ်နေပါသည်"

အရှင်နာဂသိန်။ ။"သို့ဆိုလျှင် ဥပမာ ပြဦးမည် မင်းမြတ်၊ အလွန်တရာ ပူလောင်လှစွာသောသံတုံး သံခဲကို လူတစ်ယောက်က ပူမှန်းသိလျက်နှင့် ကိုင်တယ်၊ တစ်ယောက်ကတော့ ပူမှန်းမသိ ကိုင်တယ်၊ သည်နှစ်ယောက်မှာ ဘယ်သူက အပူဒဏ် ပိုခံရမလဲ"

မိလိန္ဒမင်း ။ ။"မသိပဉ္ စိုင်တဲ့သူက ပိုပြီးအပူဒဏ် ခံရ ပါလိမ့်မယ် ဘုရား"

အရှင်နာဂသိန်။ ။"ဘာကြောင့်လဲ မင်းမြတ်"

မိလိန္ဒမင်း ။ ။"မှန်လှပါ....သူက ဒီသံတုံးကို ကိုင်ရင် အင်မတန် ပူလောင်မှာပဲလို့ ကြိုတင် သိမယား၊တော့ ကိုင်တဲ့အခါမှာ တို့ရုံထိရုံမျှမဟုတ်ဘဲ အားပါး တရ ဆုပ်ကိုင်လိုက်မှာ ဖြစ်လိုပါဘုရား"

အရှင်နာဂသိန်။ ။"မှန်ပေတယ် မင်းမြတ်၊ အကုသိုလ်ကို သိထား၊ပါလျက် လုပ်သူဟာလဲ ထို့အတူ ပင် ဖြစ်ပေတာပေါ့၊ သူက အကုသိုလ်မှန်း သိထား၊လေတော့ လုံ၊ဇေဋ္ဌ၊တော့ အသင့်အတင့်မျှသာ လုပ်တယ်၊ ဆင်ခြင်နိုင် စွမ်း ရှိတယ်၊ စေတနာရော-ကာယကံမြောက် ပြုလုပ်မှုမှာရော အပြင်းအထန် မဟုတ်ပေဘူး၊ စိတ်ပါလက်ပါ စိတ်ရှိလက်ရှိ မဟုတ်ဘူး၊ ထို့ကြောင့်ပင် မသိတဲ့လုပ်သူက သိထား၊ပါလျက် လုပ်သူထက် ပိုပြီးအပြစ်ကြီး၊တယ်လို့ ဆိုရခြင်း၊ဖြစ်ပေတယ်"

မိလိန္ဒမင်း ။ ။"အရှင်ဘုရား.... ပကတိသော ဣန္ဒြိယ ကိုယ်ကြီးအတိုင်း မြောက်ကျွန်း၊သို့ ဖြစ် ပေ၊ ပြဟ္မာ့ပြည်သို့ဖြစ်စေ သွား၊ရောက် နိုင်သူမျှား ရှိပါသလား"

အရှင်နာဂသိန်။ ။"မင်းမြတ်....ပကတိသော ဣန္ဒြိယ ကိုယ်ကြီး၊ဖြင့်ပင် မည်သည့်နိုင်ငံ၊ မည်သည့် ကျွန်း၊သို့မဆို သွား၊ရောက်နိုင်ပေတယ်"

မိလိန္ဒမင်း ။ ။"မည်ကဲ့သို့ သွား၊အပ်ပါသလဲ ဘုရား"

အရှင်နာဂသိန်။ ။"မင်းမြတ်... မြေကြီးပေါ်မှာ တစ်ထွာ ဖြစ်စေ၊ တံတောင် ဖြစ်စေ ခုန်ဖူးပါ သလား"

မိလိန္ဒမင်း ။ ။"အရှင်ဘုရား....ခုန်ဖူးပါသည်၊ တပည့်တော်သည် ရှစ်တောင်မျှလောက်အမြင့်ကိုပင် ခုန်နိုင်ပါသည်"

အရှင်နာဂသိန်။ ။"ကောင်းပြီ မင်းမြတ်၊ ထိုရှစ်တောင်အမြင့်ကို အဘယ်ကဲ့သို့ ခုန်ပါသလဲ"

မိလိန္ဒမင်း ။ ။"မှန်ပါ....ငါဟာ ဒီအမြင့်လောက်ကို တော့ ကောင်းကောင်းကြီး ခုန်နိုင်ပါတယ်လို့ စိတ်က ယုံကြည်တဲ့အခါ ကိုယ်ခန္ဓာကြီးကလဲ ပေါ့ပါးလာတယ်၊ သို့ဖြင့်ပင် ခုန်၍ရပါသည် ဘုရား"

အရှင်နာဂသိန်။ ။"မင်းမြတ်.... တန်ခိုးနှင့် ပြည့်စုံသော ရဟန်းတော်များသည်လည်း ကိုယ်အတူပင် ဖြစ်ပေတယ်၊ မိမိတို့စိတ်ကို လေ့ကျင့်ပြီးသည်နှင့် တစ်ပြိုင်နက် ခန္ဓာကိုယ်ကြီးကို စိတ်အာဝရုံထဲသို့ စုစည်းထည့်သွင်းလိုက်သည့်အခါ အလိုလို ပေါ့ပါးလာပြီး စိတ်ရဲ့ စွမ်းအင်သတ္တိအားဖြင့် ကောင်းကင်ကို ပျံတက်နိုင်တော့တာပဲ"

"ထို့ကြောင့်မြောက်ကျွန်းသို့ပင်ဖြစ်စေ၊ အခြားမည်သည့် နေရာဌာနသို့ပင် ဖြစ်စေ ဤပကတိသော ခန္ဓာကိုယ်ဖြင့်ပင် လျှင် သွားရောက်နိုင်ပေတယ် မင်းမြတ်"

အရိုးရှည်ပြဿနာ

မိလိန္ဒမင်း ။ ။"အရှင်ဘုရား... အရိုးတော့ဟာ ယူဇနာ တစ်ထောင်လောက်ပင် ရှည်သည်ဆိုတာ ဟုတ်ကောင်းပါအုံ့လော၊ သစ်ပင်များပင်လျှင် ထိုမျှလောက် ရှည်လျားသည်မျိုးကို တပည့်တော် မတွေ့ရဘူးပါ ဘုရား" အရှင်နာဂသိန်။ ။"ဒကာတော် မင်းမြတ်၊ သမုဒ္ဒရာထဲမှ အခေါ်ငါးကြီးများသည် ယူဇနံငါး ရာမျှပင် ကိုယ်ခန္ဓာ ရှည်လျားသည် ဆိုခြင်းကို သင်မင်းမြတ် ကြားဘူးပါသလော"

မိလိန္ဒမင်း ။ ။"မှန်ပါ.... ကြားဖူးပါသည် ဘုရား"

အရှင်နာဂသိန်။ ။"သို့ဆိုလျှင် မင်းမြတ် အထူး စဉ်းစားဖွယ် မရှိတော့ပြီ၊ ယူဇနာ ငါးရာရှည် လျားသော ငါးကြီး၏ အရိုးသည် ယူဇနာ တစ်ရာ ရှည်နိုင် မရှည်နိုင် ကောင်းစွာ သိသာပြီးသာ ဖြစ်ပေတော့သည် မင်းမြတ်"

ထွက်သက် ဝင်သက်ကို ချုပ်ထားနိုင်ခြင်း-မခွဲမ်းနိုင်

ဝိလိန္ဒမင်း ။ ။"အရှင်ဘုရား.... ထွက်သက် ဝင်သက်များကို ချုပ်ထားနိုင်စွမ်း ရှိကြောင်း၊ အရှင်ဘုရားတို့ မိန့်ဆိုဖူးပါသည်။ စင်စစ် ဖြစ်နိုင်ပါသလား ဘုရား"

အရှင်နာဂသိန်။ ။"မှန်သည်၊ ဖြစ်နိုင်ပေ၏ မင်းမြတ်"
မိလိန္ဒမင်း ။ ။"အဘယ်သို့ ဖြစ်နိုင်ပါသနည်း ဘုရား"
အရှင်နာဂသိန်။ ။"အိပ်တဲ့အခါ ဟောက်ပြီး အိပ်ဖတ်သူ မျိုးကို မင်းမြတ် တွေ့ဘူး ကြားဖူးပါသလား"
မိလိန္ဒမင်း ။ ။"အရှင်ဘုရား.... တွေ့ဖူးပါသည်"
အရှင်နာဂသိန်။ ။"ထိုကဲ့သို့ ဟောက်တတ်သူသည် ကိုယ်ကို ကေ့ဉ်ညှတ်လိုက်သည့်အခါ ဟောက်သံ ပျောက်မသွားပေဘူးလား"
မိလိန္ဒမင်း ။ ။"မှန်ပါ- ပျောက်သွားပါသည်ဘုရား"
အရှင်နာဂသိန်။ ။"မင်းမြတ်.... မည်သည့် ကမ္မဋ္ဌာန်းကို မျှလည်း အားမထုတ်၊ သီလဟူ၍လည်း ထိန်းသိမ်း လုံခြုံမှုမရှိသော လူသာမန်တစ်ယောက်၏ ဟောက်သံသည်ပင်လျှင် ကိုယ်ကိုကေ့ဉ်ညှတ် လိုက်ရုံမျှဖြင့်ပျောက်ပျက်သွားအပ်တယ်လို့ဆိုခဲ့လျှင် ကမ္မဋ္ဌာန်း တရားကိုလဲ အားထုတ်တယ်၊ သီလလုံခြုံမှုလဲရှိတယ်၊ စတုတ္ထစျာန်ကိုလဲ ဝင်စားနိုင်စွမ်းရှိတယ်ဆိုတဲ့ ပညာရှိ သူတော်ကောင်းများ၏ ထုတ်သက်ဝင်သက်ဟာ ဘယ်မှာ ချုပ်တီးထားလို့မရနိုင်ဘဲ ရှိနိုင်ပါ့မလဲ မင်းမြတ်"

ငန်တဲ့အရသာ တစ်ခုတည်း

မိလိန္ဒမင်း ။ ။"အရှင်ဘုရား- သမုဒ္ဒရာမျှားယာ ဘာကြောင့် ငန်တဲ့အရသာ တစ်ခုတည်း ရှိရပါသလဲ"

အရှင်နာဂသိန်။ ။"မင်းမြတ်.... ရေတွေဟာ အလွန်ကြာ
ခဲ့တဲ့အတွက် သားရေတော်ပေါက်ပြီး ငန်
တဲ့အရသာတစ်ခုဘည်း ဖြစ်နေရပေတယ်"

သမုဒ္ဒရာ

မိလိန္ဒမင်း ။ ။"အရှင်ဘုရား သမုဒ္ဒရာ....သမုဒ္ဒရာ ဆို
တဲ့စကားလုံးကို ခဏခဏသုံးနှုန်းတော်
မူပါတယ်၊ သမုဒ္ဒရာဆိုတာ ဘာကိုခေါ်ပါသလဲ ဘုရား"
အရှင်နာဂသိန်။ ။"မင်းမြတ်.... ရေရှိတဲ့ နေရာတိုင်း ငန်
တယ်၊ ငန်တဲ့နေရာ တိုင်း ရေရှိတယ်၊ ဒါ
ကြောင့် သမုဒ္ဒရာလို့ခေါ်တာယ်"

သိမ်မွေ့သောအရာ

မိလိန္ဒမင်း ။ ။"အရှင်ဘုရား.... သိမ်မွေ့တဲ့ အရာအား
လုံး ဖြတ်တောက်လို့ ဖြစ်နိုင်ပါ့မလား"
အရှင်နာဂသိန်။ ။"မှန်သည်၊ ဖြစ်နိုင်ပေ၏ မင်းမြတ်"
မိလိန္ဒမင်း ။ ။"အရှင်ဘုရား.... သိမ်မွေ့တဲ့ အရာအား
လုံးဆိုတာ ဘာကိုခေါ်ပါသလဲ"
အရှင်နာဂသိန်။ ။"မင်းမြတ်....တရားသည်သာလျှင် အား
လုံးသောသိမ်မွေ့မှုတို့ထက် ပိုကဲ၍ သိမ်
မွေ့စေတယ်၊ သို့သော် တရားအားလုံးကို သိမ်မွေ့တယ်လို့
မဆိုလိုဘူး။

"မင်းမြတ်....သိမ်မွေ့တယ်ဆိုတာ ကုသိုလ်တရားရဲ့အမည်
ဖြစ်တယ်။

"ရှုန့်ရင်းတယ်ဆိုတာ အကုသိုလ်ဘက်ကားရှိအမည်ဖြစ်တယ်။
"ယညာက ဖြက်တောက်သင့်တဲ့ နေရာမှန်သမျှကို ဖြက်တောက်ပစ်တယ်၊ ပညာမှတစ်ပါး နှစ်ခုမြောက်ဖြစ်သော ဖြက်တောက်တဲ့တရားဆိုတာ မရှိပေဘူး"

ဝိညာဉ်၏အနက် အထူးထူး

မိလိန္ဒမင်း ။ ။"အရှင်ဘုရား... ဝိညာဉ်၊ ပညာ၊ ဇီဝ-အတ္တခေါ် အသက်လိပ်ပြာဟူသော သုံးမျိုးသုံ့စားသည် သဒ္ဒါနည်း ပဝေဏီးသလား၊ အနက်အဓိပ္ပာယ်ပါ ထူးသလား၊ သို့မဟုတ် အနက် အဓိပ္ပာယ်တူ၍ အမည်အခေါ်အဝေါ် သဒ္ဒါနည်းသာ ထူးခြားပါသလား"

အရှင်နာဂသိန်း ။"မင်းမြတ်.... ဝိညာဉ်က အာရုံကို သိတဲ့သဘောရှိတယ်၊ ပညာက ခွဲခြမ်းစိတ်ဖြာပြီး သိဘတ်ပဲ့ သဘောလက္ခဏာရှိတယ်၊ ဒီကိုယ်ကောင်ကြီးမှာ ဇီဝ-အတ္တခေါ်တဲ့ အသက်ကောင်၊ လိပ်ပြာကောင်ဆိုတာ လုံးဝမရှိပေဘူး မင်းမြတ်"

မိလိန္ဒမင်း ။ ။"အရှင်ဘုရား.... သည်လိုသာ အသက်ကောင်၊ လိပ်ပြာကောင်မရှိဘူး ဆိုခဲ့ရင် ဘယ်သူကေ့ မျက်စိနဲ့အဆင်းကို မြင်ပါသလဲ၊ နှာနဲ့ အသံကို ကြားပါသလဲ၊ နှာခေါင်းနဲ့ အနံ့ကို [illegible] နဲ့ အရသာခံ စားသောက်ပါသလဲ၊ ကိုယ်နဲ့ [illegible] သလဲ၊ စိတ်နဲ့ သဘောတရားကို [illegible]"

အရှင်နာဂသိန်။ ။"ကောင်းပြီ မင်းမြတ် .. မင်းမြတ် ဆို သည့်အတိုင်းဇီဝခေါ်တဲ့အသက်လိပ်ပြာ ကောင်က ဘကယ်လို မျက်စိနဲ့အဆင်းကိုမြင်တယ်ဆိုရင်၊ နာနဲ့ အသံ၊ နှာခေါင်းနဲ့အနံ့၊ လျှာနဲ့အရသာ၊ ကိုယ်နဲ့အတွေ့အထိ၊ စိတ်နဲ့ သဘောတရားကို သိတယ်ဆိုခဲ့ရင် မျက်စိ အကုန်ဖွင့်ပြီး အထက်ကောင်းကင်ကြီးကိုမော်ကြည့်နေတဲ့အခါ အဆင်းတွေ့ ကို ကောင်းကောင်းကြီးမြင်နိုင်သလား"

"နာကိုဖွင့်ထားတဲ့အခါ အသံတွေကိုကြားနိုင်သလား"

"နှာခေါင်းကို ဖွင့်ထားတဲ့အခါ အနံ့တွေကို ထိတွေ့နိုင် သလား"

"လျှာကို ထုတ်ထားတဲ့အခါ အရသာတွေကို သိနိုင် သလား"

"ကိုယ်ကာယကြီးကကော အဒဿအထိကို ခံစားသိရှိနိုင် သလား"

မိလိန္ဒမင်း ။ ။"အရှင်ဘုရား.... ဤကဲ့သို့ကား မတွေ့ထိ နိုင်၊ မဖြစ်မြောက်နိုင်ပါဘုရား"

အရှင်နာဂသိန်။ ။"မင်းမြတ် ... သို့ဆိုခြေသော် သည်ကိုယ် ခန္ဓာကြီးထဲမှာ ဇီဝပင် ခေါ်သည်ဖြစ် စေ၊ အတ္တပင်ခေါ်သည်ဖြစ်စေ၊ အသက်ကောင် - လိပ်ပြာ ကောင်ပင်ခေါ်သည်ဖြစ်စေ မင်းမြတ်.... ဆိုအပ်သော အမှုတ် သဘောသည် လုံးဝမရှိပေတော့"

နာမ်တရားတို့၏ခက်ခဲပုံ

မိလိန္ဒမင်း ။ ။"အရှင်ဘုရား.... မြတ်စွာဘုရား ဟော ကြား၊တော်မူအပ်သော တရား၊တော်များ တွင် အလွန် သိမ်မွေ့နက်နဲကာ အသိရခက်သော တရား၊များ ရှိပါသလား ဘုရား"

အရှင်နာဂသိန်။ ။"ရှိပေသည် မင်းမြတ်"

မိလိန္ဒမင်း ။ ။"မည်သည့်တရား၊များ၊ဖြစ်ပါသလဲ"

အရှင်နာဂသိန်။ ။"ဒုကာတော် မှင်းမြတ်.... မြတ်စွာဘုရား သည် တစ်ခုတည်း၊သော အာရုံထဲမှာ တည်ရှိနေသည့် စိတ်-စေတသိက်ဟူ ဆိုအပ်သော နာမ်တရား၊ တွေကို ဟောသည့်သဘော၊တရား၊က-ဖဿ၊ ဟောသည့်သဘော တရား၊က-ဝေဒနာ၊ ဟောသည့် သဘော၊တရား၊က-စေတနာ၊ ဟောသည့် သ၊ဘော၊တရား၊က စိတ်ပဲလို့... ခဲခြမ်း စိတ်ဖြာပြီး သေသေချာချာ ပိုင်ပိုင်နိုင်နိုင် ဟောကြား၊ဖို့ဆိုတာ အင်မတန် ကို ခက်ခဲနက်နဲတဲ့အလုပ် ဖြစ်ပေတယ်"

"မင်းမြတ်... ဥပမာ လူတစ်ယောက်ဟာ သမုဒ္ဒရာထဲက ရေကို လက်ခုပ်နဲ့ခပ်ယူ၊ လျှာနဲ့လျက်ကြည့်ပြီး သည်ရေက တော့ ဂင်္ဂါမြစ်ရေပဲ၊ သည်ရေကတော့ ယမုနာ မြစ်ရေပဲ၊ သည်ရေကတော့ အစီရဝတီ မြစ်ကရေပဲ၊ သည်ရေကတော့ မဟီမြစ်က ရေပဲလို့ ခဲခြား၊ပြီး သိနိုင် ပြောနိုင်ပါ့မလား"

မိလိန္ဒမင်း ။ ။"မှန်ပါ.... သိနိုင် ပြောနိုင်ရန် အလွန် ခက်ခဲလှပါသည် ဘုရား"

အရှင်နာဂသိန်။ ။"မင်းမြတ်... ဦးစွာဆိုခဲ့ပြီးဖြစ်တဲ့ နာမ်တရားတွေကို တစ်ခုစီ ခွဲခြားဖို့ ဆိုတာ စင်စစ်တော့ သမုဒ္ဒရာရေကို သိန္ဓိုင်ဖို့၊ ခွဲခြားဖို့ထက်ပင် အဆဖပါင်း ရာထောင်မက ခက်ခဲနက်နဲလှပေတယ်"

မိလိန္ဒမင်း၏ ပြဿနာ

အရှင်နာဂသိန်။ ။"မင်းမြတ်... ယခု ဘယ်အချိန်လောက် ရှိသွားပြီလဲ"

မိလိန္ဒမင်း ။ ။"အရှင်ဘုရား.... ညဉ့်ဦးယံ လွန်သွားပါပြီ၊ သန်းကောင်ယံသို့ ရောက်လာပါပြီ၊ ထီမီးမျှားလည်း ထွန်းထားကြပါပြီ၊ အောင်လံ လေးခုလည်း စိုက်ထူပြီးပါပြီ၊ မင်းမျှားသာ လှူဒါန်းနိုင်သော လှူဖွယ်ဝတ္ထုများလည်း ရောက်ပါတော့မည် ဘုရား"

မိလိန္ဒမင်းသည် အရှင်နာဂသိန်အား ထိုကဲ့သို့ တုံ့ပြန်လျှောက်ထားသော် "အရှင်ဘုရား.... တပည့်တော်ကို တစ်ခဏမျှ ခွင့်ပြုတော်မူပါ"ဟု ရှိသေစွာအသိပေး ပန်ကြားကာ အမတ်များနှင့်အတူ လှူဖွယ်ဝတ္ထု ပစ္စည်းများရှိရာသို့ ထွက်လာခဲ့သည်။

ထိုအခါ၌ မိလိန္ဒမင်းကြီးအား ယောနက အမတ်များ၊ ကဏ္ဍီ ဦးလျှင် ဝိုင်းဝန်း၍ မေးမြန်းလျှောက်ထားကြကုန်၏။

"အရှင်မင်းမြတ်.... နာဂသိန်မထရ်သည် တော်ဖြောင့်မှန်ကန်ခြင်း ဗိုလ်ပါ၏လော၊ ပညာအပေါင်းနှင့်ပြည့်စုံပါ၏လော"

"အချင်းတို့....အရှင်နာဂသိန် မထေရ်ကား တော်ဖြောင့်မှန်ကန်ခြင်း ရှိရုံသာမဟုတ်သေး၊ အမှန်စင်စစ် ခိုင်ကျည်မျှားမြောင်စွာသော ပညာအပေါင်းဖြင့်လည်း ပြည့်စုံကုံလုံလှပေသည်။ ဆရာဖြစ်သော အရှင်နာဂသိန်က ဤကဲ့သို့ တော်သိ လိမ္မာတော် မူလှသောကြောင့်ပင် သူနှင့် တွေ့ရသော လူပညာရှိ တပည့်ဖြစ်သူသည် အကယ်၍မျှား "ငါကဲ့သို့ တော်သူ ဖြစ်ခဲ့လျှင် မကြာခင် အချိန်အတွင်း၌ပင်လျှင် တရား သိနိုင်-တရားထူး ရနိုင်ပေလတ္တံ့"

အရှင်နာဂသိန် မထေရ်မြတ်၏ ထူးကဲမြင့်မြတ်သော ဂုဏ်ကျေးဇူးမျှားနှင့် စပ်လျဉ်း၍ မိလိန္ဒမင်းသည် အတိုင်းထက်အလွန်ပင် ကြည်ညိုမြတ်နိုးခြင်း ရနေလေရကား ယောနကအမတ်မျှား၏ မေးခွန်းက ဤသို့လျှင် ပီတိသောမနဿနှင့် ယှဉ်စပ်၍ လိုက်လုံဝမ်းမြောက်စွာ တုံ့ပြန် ဖေါ်ကြားတော်မူသည်။ ထိုနောက် အရှင်နာဂသိန်အထံသို့ ပြန်လည်ချဉ်းကပ်ကာ အဖိုးတစ်သိန်း ထိုက်သော ကမ္ဗလာတို့ကို လှူဒါန်းဆက်ကပ်တော်မူသည်။

နေ့စဉ် ဆွမ်းဝတ်နှင့် စပ်လျဉ်း၍လည်း ဤသို့ ပြောကြား ထားခြင်း ပြုအပ်ပေ၏။

"အရှင်ဘုရား ယခုနေ့မှ အစပြု၍ နေ့စဉ် နေ့ကိုင်းပင်လျှင် ဆွမ်းအုပ် တစ်ရာ့ရှစ်အုပ်ကို တပည့်တော် ဆက်လှူပါ၏။ ထိုပြင် နန်းတော်ထဲ၌ရှိသော ပစ္စည်းမျှားအနက် အရှင်ဘုရားတို့နှင့် လျော်ကန်အပ်စပ်သော ဝတ္ထုပစ္စည်းကို လည်း အလိုရှိရာ အလှူခံတော်မူပါ။ ကိုယ်အပ်သည့် အချိန်တွင် တပည့်တော် လှူဒါန်းရန် အသင့်ရှိပါကုန်သည် ဘုရား"

အရှင်နာဂသိန်က.... မင်းကြီး၏ သခ္ခါတရားကို သိသော အားဖြင့် "မင်းမြတ်....ဤမျှဖြင့်ပင် တော်လောက်ပါပြီ" ဟု တားမြစ်သည့်အနေမျိုး ဆိုတော်မူသည်။

ထိုအခါ မိလိန္ဒမင်းသည် ဤသို့လျှင် ဆက်လက် လျှောက်ထားပြန်၏။

"အရှင်ဘုရား.... အရှင်ဘုရားတို့၌ လိုအပ်သော ဝတ္ထုပစ္စည်းတို့ဖြင့် ပြည့်စုံသည်ကို တပည့်တော် သိပါသည်။ ကြောင့်ကြောက်ငင်းစွာ သီတင်းသုံး နေထိုင်တော် မူနိုင်သည်ကို လည်း တပည့်တော် သိပါသည်။ သို့သော်.... အရှင်ဘုရားသည် တပည့်တော်ကို သနားသောအားဖြင့် စောင့်ရှောက်တော် မူစေချင်ပါသည်။

"အရှင်ဘုရား.... စောင့်ရှောက်တော်မူပါ ဆိုသည်မှာ အခြားမဟုတ်ပါ။ တပည့်တော်သည် အရှင်ဘုရားအား ကြည်ညိုလှသည် မှန်ပါလျက် ဝတ္ထုပစ္စည်း တစ်စုံတရာမျှ မလှူနိုင်ရန်းရခြေသော် အခြားသူများ အထင်အမြင် လွဲမှားဖွယ်ရှိပါသည်။ "မိလိန္ဒမင်းဟာ အရှင်နာဂသိန်ကို သိပ်ကြည်ညိုတာပဲ၊ ဒါပေမယ့် အလှူအတန်းကျတော့ ဘာတစ်ခုမျှ လှူဖော်မရဘူး" စသဖြင့် ကဲ့ရဲ့ရှုတ်ချစရာ ဖြစ်နေပါမည်။ သို့အတွက် တပည့်တော်ကို သနားသောအားဖြင့် စောင့်ရှောက်တော်မူပါ ဘုရား"

"ကောင်းလှပြီ မင်းမြတ်....၊ သည်အတွက်မူ မည်သို့မျှ မစိုးရိမ်လင့်၊ သင်မင်းမြတ် လိုအပ်သလိုသာ ဆောင်ရွက်ပါလော့"

"အရှင်ဘုရား.... သားတို့သနင်း ခြသေ့မင်းဟာ ရှေ့ချိုင့်ထဲတွင် သွင်းထားသော်လဲ အပြင်ဘက်ကိုသာ မျက်နှာမူ၍ နေအပ်ပါတယ်၊ တပည့်တော်လဲ အိမ်ယာထောင်တဲ့ လူ့ဘောင်မှာ နေရပြားသော်လည်း စင်စစ် မပျော်ပိုက်ပါ။ သာသနာတော်ဘက်သို့သာလျှင် အမြဲတမ်း မျက်နှာမူလျက် ရှိပါသည်။

"သို့သော် အကယ်၍ ရဟန်းပြုခဲ့ရင်လဲ မင်းဆိုတာ အင်မတန် ရန်သူများပြားတဲ့အတွက် ကြာရှည် အသက်ရှင်နိုင်ဖွယ် မရှိပါ ဘုရား"

အရှင်နာဂသိန်သည် မိလိန္ဒမင်း၏ စကားအတွက် မည်သို့မျှ မဆိုအားသက်သို့ ဆိတ်ဆိတ်သာ နေတော်မူ၏။ ထို့နောက် ဆွေးနွေးမေးဖြေမှု ပြီးဆုံးသည်နှင့်လျှော်စွာ သခင်္ဂျဟ္ဗ ပရိဝုဏ်သို့ ပြန်လည်ကြွမြန်းတော် မူလေ၏။

ထိုသို့ အရှင်နာဂသိန် ပြန်ကြွသွားသောအခါ၌ မိလိန္ဒမင်းသည် ဆွေးနွေးမေးမြန်းမှုများနှင့် စပ်လျဉ်း၍ ပြန်လည်သတိရနေမိသည်။ မိမိမေးမြန်း လျှောက်ထားသမျှကို အရှင်နာဂသိန် မထေရ်မြတ်က ကျေနပ်မှု ရရှိလေအောင် စေ့ငှစုံလင်စွာ ရှင်းလင်းဖြေကြားတော် မူသည်များနှင့် ပတ်သက်၍ တစ်ညလုံးပင် အပြန်ပြန် အလှန်လှန် ဆင်ခြင်စဉ်းစားနေမိပေ၏။

အရှင်နာဂသိန်ကိုယ်တိုင်မှာလည်း ထို့အတူသာ ဖြစ်၏။ မိလိန္ဒမင်းကလည်း ပြဿနာပေါင်းများစွာ မေးမြန်းသည်။ မိမိကလည်း စုံလင်စေ့ငှစ့ွာ ပြန်ဖြေခဲ့သည်ဟု သုံးသပ်ဆင်ခြင်နေမိခြင်းဖြင့် အရှင်မြတ်သည်လည်း မိလိန္ဒမင်းကြီးနှယ်ပင် အချိန်ကုန်ဆုံးခြင်း ဖြစ်ရပေ၏။

နောက်တစ်နေ့ နောက်တစ်ကြိမ်

နောက်တစ်နေ့နံနက် မိုးသောက်သောအခါ အရှင် နာဂသိန် မထေရ်မြတ်သည် မိလိန္ဒမင်း၏ နန်းတော်သို့ ကြွသွားတော် မူပြန်သည်။

မိလိန္ဒမင်းသည် အရှင်မြတ်အား ရိုသေပျပ်ဝင်စွာ ကြိုဆိုပြီးသော် ဤသို့စတင် လျှောက်ထားပေ၏။

"အရှင်ဘုရား....မေးချင်ရာဟော့ မေးလိုက်ရသဖြင့် တစ်ညလုံးပင် ဝမ်းမြောက်နေတယ်၊ ကျေနပ်နေတယ်လို့ တပည့်တော်ကို မတင်မှတ်စေလိုပါ၊ တပည့်တော်သည် တပည့်တော် မေးသမျှဟော့ အရှင်ဘုရား ဖြေကြားတော်မူသမျှတွေကို ပြန်ပြီး ဉာဏ်စားနေမိခြင်းဖြင့်ပင် တစ်ညလုံး အချိန်ကုန်ခဲ့ရပါသည် ဘုရား"

ထိုအခါ အရှင်နာဂသိန် မထေရ်မြတ်ကလည်း တုံ့ပြန်ဆိုတော်မူ၏။

"မှန်ပေတယ် မင်းမြတ်.... ငါကိုယ်တိုင်လည်း မင်းမြတ်ကဲ့သို့သာ ဖြစ်ပေတယ်၊ မင်းမြတ်က ဘာတွေမေးသလဲ၊ ငါက ဘာတွေဖြေသလဲ၊ ဘယ်လိုဖြေသလဲ စသည်မျှားကို ပြန်လည် သတိရနေမိခြင်းဖြင့်ပင် တစ်ညလုံး အချိန်ကုန်ခဲ့ရပေတယ် မင်းမြတ်"

သိအပ်ခြင်း

ဤနေရာ၌ အရှင်နာဂသိန်နှင့် မိလိန္ဒမင်းတို့၏ သဘောအယူအဆမှာ မျှားစွာပင် သိအပ်ဖွယ်၊ မှတ်သားဖွယ် ဖြစ်သည်။ မိလိန္ဒမင်းကလည်း "ငါသည် ပြဿနာပေါင်း မျှာ

စွာ မေးခွန်းပေါင်း များလှာကို မေးမြန်း ဆန်းစစ်နိုင်သူ အသိပညာဖြင့် ပြည့်စုံသူ ''ဟူသော မာန်မာနမျိုးမရှိ။ အရှင်နာဂသိန် မထေရ်မြတ်ကလည်း ''ငါသည် မေးသမျှကို ဖြေနိုင်သူ၊ ပညာရှိမှန်သမျှအပေါ် လွှမ်းမိုးနိုင်သူ'' ဟူသော အယူအဆစွဲမျိုး မရှိ။

မေးသူက သိချင်၍ မရှင်းလင်း၍မေးအပ်သလိုပင်၊ ဖြေသူကလည်း သိစေချင်၍ ရှင်းလင်းစေချင်၍ ပကတိ သန့်စင်ဖြောင့်မှန်စွာသော စေတနာဖြင့် ဖြေဆိုညွှန်ပြ အပ်ခြင်းသာ ဖြစ်သည်။

မြင့်မြတ်တော်ဖြောင့်စွာသော ပညာရှိ သူတော်ကောင်းတို့မည်သည် မိမိတို့ တန်ခိုးဂုဏ် အရှိန်အဝါသက် အမှန်တရားသို့သာ ရှေ့ရှုဦးတည်လေ့ရှိခြင်းကို အလေးအနက် သိအပ် မှတ်သားဖွယ် ဖြစ်ပေ၏။

စာဆရေးသူ။

ဒုတိယအကြိမ် မေးလျှောက်ခြင်း

အရှင်နာဂသိန်နှင့် မိလိန္ဒမင်းတို့သည် ထိုနေ့နံနက် နောက်တစ်ကြိမ် ပြန်လည်တွေ့ဆုံသော အခါ၌ အထက်ဆိုခဲ့သည့် အတိုင်း တစ်ဦးနှင့်တစ်ဦး ရင်းနှီးချစ်ကြည်စွာ နှုတ်ဆက်ပြီးသော် တိတ္ထိတို့၏ အယူအဆများနှင့် ပတ်သက်၍ မိလိန္ဒမင်းက ဤသို့စတင် မေးလျှောက်လေသည်။ သို့....မေးလျှောက်ချေ၌ မိလိန္ဒမင်းသည် ပုဆစ်ဒူးတုပ်ထိုင်ကာ လက်အုပ်ချီ၍ ဆရာဖြစ်သူ အရှင်နာဂသိန်အား ရိုသေပျပ်ဝပ်စွာ မေးမြန်းလျှောက်ထား အပ်လေသည်။

ပရိုနိုဗွာန်စင်စံသွားတဲ့ မြတ်စွာဘုရားကို ပူဇော်လို့ အကျိုး ရှိ-မရှိ

မိလိန္ဒမင်း ။ ။"အရှင်ဘုရား.... တိတ္ထိတွေက သည်လို ပြောနေကြပါတယ်၊ မြတ်စွာဘုရားဟာ ပူဇော်သက္ကာရကို နှစ်သက်သာယာတယ်ဆိုရင် ပရိုနိုဗွာန်စံသွားတယ်ဆိုတာ မဖြစ်နိုင်ဘူး၊ လောကထဲမှာပဲ ရှိနေဦးမယ်၊ လောကကြီးနဲ့ ဆက်စပ်နေရဦးမယ်၊ ဒါမှ ဘုရားကို လူလို့တန်းလို့ ပူဇော်လို့ အကျိုးရှိရဲ့မယ်၊ အချည်းအနှီးဖြစ်မသွားနိုင်ဘူး၊ မြုပ်မသွားနိုင်ဘူး။

"ဒီလိုမှ မဟုတ်ဘဲ ပရိနိုဗွာန် ပြုသွားတယ်၊ လောကကြီးနှင့် မဆက်စပ်တော့ဘဲ လောကအပြင်ဘက်ရောက်သွားတယ်၊ ဘုံဘဝမှ လွတ်မြောက်သွားတယ်ဆိုရင် ဘုရားကိုပူဇော်တာ မဖြစ်နိုင်ဘူး။

"ဘာပြုလို့လဲဆိုတော့ ပရိနိုဗွာန်စံသွားရင် ဘာမှ မသာယာနိုင်တော့ဘူး၊ မသာယာနိုင်ရင်လဲ ပူဇော်လို့ ဘာမျှအကျိုးမရှိတော့ဘူး၊ အလကားဖြစ်သွားပြီ၊ မြုံသွားပြီလို့ တိတ္ထိတွေက ပြောနေကြပါတယ်။

"သည်အမေးပုစ္ဆာဟာ အစဉ်နှစ်ဖက်ထွက်နေပါတယ်၊ သည်ပုစ္ဆာဟာ ရဟန္တာ မဖြစ်သေးတဲ့ပုဂ္ဂိုလ်မျှား ဖြေဆိုနိုင်တဲ့ အရာမဟုတ်ပါဘူး၊ သည်ပုစ္ဆာဟာ ပဋိသမ္ဘိဒါပတ္တ ရဟန္တာ အရှင်မြတ်မျှားသာ ဖြေဆိုနိုင်တဲ့အရာ ဖြစ်ပါတယ် ဘုရား"

"သည်လိုရှုပ်ထွေးပွေလီမ်နေတဲ့ အမေးပုစ္ဆာကို ဉာဏ်သန်လျက်ဖြင့် ပယ်ဖျက်ခုတ်လှန်၍ မှန်ကန်အောင် သုတ်သင် ရှင်းလင်းတော်မူပါ ဘုရား"

အရှင်နာဂသိန်။ ။"မင်းမြတ်.... မြတ်စွာဘုရား ပရိနိဗ္ဗာန်စံသွားပြီဆိုတာလဲ မှန်တယ်၊ မြတ်စွာဘုရားဟာ ပူဇော်သက္ကာရတွေကို သာယာတပ်မက် နှစ်သက်ခြင်း မရှိဘူးဆိုတာလဲ မှန်တယ်၊ မြတ်စွာဘုရားသည် သက်တော် ထင်ရှားရှိစဉ် ဗောဓိပင်ရင်း ကတည်းကပင် သာယာတပ်မက်တဲ့ တဏှာရာဂကို စွန့်ပယ်လိုက်ပြီး အခုလို ရုပ်နာမ်ခန္ဓာ ဘာမျှ အကြွင်းမရှိအောင် ပရိနိဗ္ဗာန် စံသွားတဲ့အခါ မှာတော့ ပူဇော်သက္ကာရကို ဘယ်မှာ သာယာ တပ်မက်ပါတော့မလဲ။

ထုတ်ဆောင်ချက်

"နတ်နှင့်တကွ လူတို့၏ ပူဇော်အထူးကို ခံတော်မူသိုက်သော အတုမရှိ ရှေးဘုရားတို့နှင့်သာ တူတော်မူသော မြတ်စွာဘုရားသည် ပူဇော်သက္ကာရကို သာယာတပ်မက်ခြင်းမရှိကုန်။ ဤသို့ မသာယာ မနှစ်သက်ခြင်းသည် ဘုရားရှင်တို့၏ သဘောတံထွာ ဓမ္မတာပင် ဖြစ်တယ်ဟူ တရားစစ်သူကြီး အရှင်သာရိပုတ္တရာက မိန့်တော်မူခဲ့ပေတယ် မင်းမြတ်"

မိလိန္ဒမင်း ။ ။"အရှင်ဘုရား.... သားတော်ကလဲ ဖခင်၏ဂုဏ်ကျေးဇူးကို အမြဲတမ်း ချီးကျူးနေနေကြပါတယ်၊ ဖခင်ကလဲ သားတော်ရဲ့ ဂုဏ်ကျေးဇူးကို အမြဲတမ်း ပြောဆိုတတ်ကြပါတယ်၊ အရှင်ဘုရား သခင်မိန့်ကြားတဲ့

စကားပြော သူတစ်ပါး မလှန်နိုင်အောင်ဖြစ်စေဖို့အကြောင်း မလုံလောက်သေးပါ၊ ကြည့်ညိုဖွယ်ဖြစ်ရုံမျှသာ ရှိပါသည်။

"သည်လို အစွန်းနှစ်ဖက်ထုတ်တဲ့ ပြဿနာမျိုးကို အစွန်းလွှတ်အောင် အယူတည်တံ့ခိုင်မြဲအောင် ဖြေရှင်းချက် ထုတ်တော် မူပါဘုရား"

အရှင်နာဂသိန်။ ။"မင်းမြတ်.... ဗုဒ္ဓမြတ်စွာ ဘုရားသည် သက်တော်ထင်ရှား ရှိစဉ်ကတည်းကပင် မည်သည့် ပူဇော်သက္ကာရကိုမျှ သာယာတပ်မက်ခြင်း မ့ရှိပေဘူး၊ ယခုသော် ပရိနိဗ္ဗာန် စံတော်မူပြီးလည်း ဖြစ်ပေတယ်၊ထို့ကဲ့သို့ ပူဇော်သက္ကာရကို တပ်မက်ခြင်းမရှိသော မြတ်စွာဘုရား၏ သရီရ ဓာတ်တော် မြတ်တော်တို့ကို ကိုးကွယ် ဆည်းကပ်ကြရာ၌ မြတ်စွာဘုရား၏ ဉာဏ်တော်၊ ကျေးဇူးတော် စသည်များကို အာရုံပြုကာ ကောင်းသော အကျင့်အကြံများကို ကျင့်ကြံအားထုတ်ကြသဖြင့် လူ-နတ်-နိဗ္ဗာန် သုံးတန်သော စည်းစိမ်ချမ်းသာများကို ရရှိခံစားကြရပေတယ်။

"မင်းမြတ်.... ဥပမာအားဖြင့် အလျှံ တပြောင်ပြောင် တောက်လောင်နေတဲ့ မီးပုံကြီးဟာ ငြိမ်းအေးသွားပြီ ဆိုကြပါစို့၊ အဲသည့် မီးပုံကြီးဟာ မြက် စတဲ့ လောင်စာတွေကိုပါ သာယာပါသေးသလား"

မိလိန္ဒမင်း ။ ။"အရှင်ဘုရား.... မီးပုံကြီးသည် အလျှံ တပြောင်ပြောင် တောက်လောင် နေသည့် အချိန်မျိုးဌာပင်လျှင် ထင်း-မြက် စသော လောင်စာများကို သာယာနှစ်သက်ခြင်း မရှိပါ၊ ငြိမ်းအေးသွားပြီး နောက်တွင်ကား မည်သို့မျှ ပြောစရာမလိုတော့ပါ ဘုရား"

အရှင်နာဂသိန်။ ။"မင်းမြတ်.... ထိုမီးပုံကြီး ငြိမ်းအေး သွားရာ၌ ဤလောကဝယ် 'မီး' ဟူသည် လုံးဝပင် ချုပ်ငြိမ်း ကွယ်ပျောက်သွားပြီဟု ဆိုနိုင်ပါသလော"

မိလိန္ဒမင်း။ ။"အရှင်ဘုရား.... ဤသို့ မဟုတ်ပါ၊ထင်းသည် မီး၏တည်ရာ ဖြစ်ပါသည်။ မီးကို အလိုရှိသူတို့သည် မိမိတို့၏ လုံ့လဝီရိယဖြင့် ကြိုးစား အားထုတ်ခြေသော် မီးကို ရရှိအသုံးပြုနိုင်မည်ဖြစ်ပါသည်ဘုရား"

အရှင်နာဂသိန်။ ။"မင်းမြတ်....သို့ဆိုလျှင် 'မဿာယာမနုစ်သက်သော သူအား ပြုစုအပ်သော ကျေးဇူးတရားသည် အချည်းနှီးသာ ဖြစ်တယ်၊ အကျိုးမရှိ ဖြစ်တယ်' ဆိုတဲ့ တိတ္ထိရဲ့စကားဟာ အမှားသက်သက်သာ ဖြစ်ပေတယ်၊ မင်းမြတ် စင်စစ်အားဖြင့် မီးပုံကြီးနှင့် အလားတူ ဗုဒ္ဓသောမြတ်စွာဘုရားသည် ဤသောင်းတိုက် စကြဝဠာ အလုံးကို မိမိ၏ အာသရေတော်ဖြင့် ထိန်လင်း တောက်ပစေခဲ့ပြီးဖြင်တယ်၊ ထိုသို့ ထိန်လင်းတောက်ပနေချိန်မှ ပရိနိဗ္ဗာန်ဝင်စံကြွမြန်းတော် မူသောအားဖြင့် မီးပုံကြီးသည် အေးငြိမ်း ကွယ်ပျောက်သွားပြီ ဆိုရသော်လည်း မီး၏ ဂုဏ်ကျေးဇူးကို သိသဖြင့် မီးကို ရရှိလေအောင် ကြိုးစားအားထုတ်သူတို့သည် စင်စစ် ကောင်းမြတ်စွာသော အကျိုးတရားကို ရရှိခံစားကြရပေတယ်။

"ထို့ကြောင့်လဲ လူနတ်ပြဟ္မာ စသည်တို့ဟာ ပရိနိဗ္ဗာန်စံဝင်တော်မူပြီးဖြစ်တဲ့ မြတ်စွာဘုရား၏ ဓာတ်တော် ရတနာများကို တည်ထားကိုးကွယ်နေကြခြင်း ဖြစ်ပေတယ်"

"ဒကာတော် မင်းမြတ်.... ပူအိုက်သို့ အခါမှာ 'ယပ်' သည် လေဖြစ်ခြင်း အကြောင်းဖြစ်သလို သို့မဟုတ် ယပ်ခတ်ခြင်းဖြင့် လေရရှိစေကာ အေးချမ်းရသကို ဗုဒ္ဓမြတ်စွာဘုရား၏ ဉာဏ်တော် ဓာတ်တော်မျှားဟာလဲ လူချမ်းသာ-နတ်ချမ်းသာ- နိဗ္ဗာန်ချမ်းသာကို ရစေနိုင်သော အထောက်အပံ့ဖြစ်ပေတယ်"

"ဒါ့ကြောင့်ပရိနိဗ္ဗာန်ဝင်စံတော်မူသွားပြီဖြစ်တဲ့ မြတ်စွာဘုရားအား ရည်မှန်းပြီ ပြုအပ်သော ပူဇော်သက္ကာ၊ ကုသိုလ်ကောင်းမှု အမျိုးမျိုးတို့သည် အချည်းနှီး မဖြစ်ဘူး၊ မြုံမသွားအပ်ဘူး၊ အလွန်မှ အကျိုးမျှားတယ်၊ လူ-နတ်-နိဗ္ဗာန်သုံးတန်သောချမ်းသာကို မုချရရှိခံစားနိုင်ပေတယ်မင်းမြတ်"

"ပိုပြီး ပြည့်စုံတိကျလေအောင် ပြောရရင် ဗုဒ္ဓမြတ်စွာဘုရား ကိုယ်တော်တိုင်က ပရိနိဗ္ဗာန် စံတော်မူသွားပြီဖြစ်သော်ငြားလည်း ထိုမြတ်စွာဘုရား၏ ကြင်းကျန်ရစ်သော ဓာတ်တော် မွေတော်တွေ၊ သုတ်-ဝိနည်း-အဘိဓမ္မာဟူ ဆိုအပ်သော ဒေသနာတော်တွေဟာ မြတ်စွာဘုရားရဲ့ ကိုယ်စား ကိုးကွယ် အားထားရာ လိုက်နာ ကျင့်သုံးစရာအဖြစ် အထင်အရှား ကျန်ရှိနေရစ်ခဲ့ပေတယ်"

"မင်းမြတ်....ဗုဒ္ဓမြတ်စွာဘုရား ကိုယ်တော်တိုင်က နောင်အခါမှာ သည်ပြဿနာမျိုးတွေ ပေါ်ပေါက်လာလိမ့်မည်ဆိုတာ ကြိုတင်မြင်တော်မူခဲ့ပေတယ်။ ဒါကြောင့်လဲ...

"အာနန္ဒာ.... ငါဘုရား၏ တရားတော်မျှားသည် နောင်အခါ၌ ဟောကြားအပ်သော ဆရာဘုရား မရှိတော့ဘူးဆိုတဲ့ အထင်မျိုး ဖြစ်လာနိုင်တယ်၊ ချစ်သား အာနန္ဒာ.... တိုသို့

မထင်မှတ်လေနှင့် ငါဘုရား ဟောကြား:တော် မူခဲ့အပ်သော သုတ်-ဝိနည်း-အဘိဓမ္မာတို့သည် ငါဘုရား ပရိနိဗ္ဗာန် စံလွန်တော် မူသည့်အခါ၌ ငါဘုရား:ကိုယ်စား သင်တို့အား ဆရာအဖြစ်ဖြင့် ဆုံးမ ညွှန်ပြုရစ်ပေလတ္တံ့.''လို့ ဟောတော်မူခဲ့ပေတယ်။

''သို့အတွက် ဘုရား:ကိုရည်မှန်း၍ ပြုအပ်သောကောင်းမှုကုသိုလ်တို့သည် အချည်းနှီးသာ ဖြစ်တယ်၊ မြုံ့နေတယ် ဆိုတဲ့ တိတ္ထိတို့ရဲ့ စကား:ဟာ အင်မတန်မှား:တယ်၊ အင်မတန် ဆန့်ကျင်တယ်၊ ဆင်:ရဲသော အကျိ:ကိုသာပေ:စေနိုင်တယ်''

''ဒကာတော် မင်:မြတ်.... ဥပမာတစ်ခု ဆိုဦ:မယ်၊ မဟာပထဝီမြေကြီ:သည် မျိ:စေ့အာ:လုံ:ပင်လျှင် ပေါက်ဖွား ရှင်သန်စေရန် တောင့်တခြင်:၊ တပ်မက်နှစ်သက်ခြင်: ရှိပါသလား:''

မိလိန္ဒမင်: ။ ။''မှန်ပါ.... မတောင့်တ ကြောင်:ပါဘုရား:''

အရှင်နာဂသိန်။ ။''ဒကာတော် မင်:မြတ်.... ထို့သို့ပင် မတောင့်တလင့်ကစား ဤမဟာပထဝီမြေကြီ:တွင် သစ်ပင်များ:စွာတို့ မပေါက်ရောက် ပေဘူ:လား:''

မိလိန္ဒမင်: ။ ။''မှန်ပါ.... ပေါက် အပ် ကြောင်: ပါဘုရား:''

အရှင်နာဂသိန်။ ။''ပေါက်လာသည်၊ ပေါက်အပ်သည်နှင့်အမျှ ခက်လက်ဝေစည်ခြင်:၊ ရှင်သန်ဖွံ့ဖြိ:ခြင်:များ:ကော ဆက်လက်မဖြစ်အပ်ပေဘူ:လား:''

မိလိန္ဒမင်း ။ ။"မှန်ပါ_ ဖြစ်ကြောင်းပါဘုရား"

အရှင်နာဂသိန်။ ။"သို့ဆိုလျှင် တိတ္ထိတို့က မြတ်စွာဘုရား အား ရည်မှန်းပြီး ပြုအပ်သော ကုသိုလ် ကောင်းမှုတို့သည် အချည်းနှီးသာ ဖြစ်သည်ဆိုတဲ့ စကားကို ယုံကြည်ထိုက်သေးသလား"

မိလိန္ဒမင်း ။ ။"မယုံကြည်ထိုက်ပါ ဘုရား"

အရှင်နာဂသိန်။ ။"မှန်ပေတယ်မင်းကြီး....မျိုးစေ့တွေဟာ မြေကြီးကိုအမှီပြုပြီး ပေါက်ရောက်ရှင်သန်ရသလိုပဲ လူ-နတ်-ပြဟ္မာတွေဟာ ပရိနိဗ္ဗာန် ဝင်စံတော်မူသွားပြီးဖြစ်တဲ့ ဗုဒ္ဓမြတ်စွာဘုရားရဲ့ ဇော်တော်၊ ဉာဏ်တော်တွေကို အမှီပြုပြီး ကုသိုလ် ကောင်းမှုတွေကို ပြုလုပ်ကြရပေတယ်"

"သည်လို လုပ်ကြတဲ့ အတွက်လဲ မင်သီး-ဖိုလ်သီးတွေကို ခံစားစံစားကြရပေတယ်၊ မင်ဆိုက်-ဖိုလ်ဆိုက်ပုဂ္ဂိုလ်မျှားဖြစ်ကြရပေတယ်"

မိလိန္ဒမင်း ။ ။"မှန်ပါ.... ဥပမာနည်းအားဖြင့် ထပ်မံသိပါရစေဦး ဘုရား"

အရှင်နာဂသိန်။ ။"ကောင်းလှပြီ....မင်းကြီး၊ ဥပမာတစ်ခု ထပ်မံဆိုဦးမည်၊ လူပင်ဖြစ်စေ၊ တိရစ္ဆာန်ပင်ဖြစ်စေ မိမိတို့ဝမ်းဗိုက်ထဲတွင် ပိုးအမျိုးမျိုးတွေ ရှိနေခြင်းကို သာယာနှစ်သက်ပါ့မလား"

မိလိန္ဒမင်း ။ ။"မသာယာပါ ဘုရား"

အရှင်နာဂသိန်။ ။"ဒကာတော်မင်းမြတ်.... ထိုသို့ပင် သာယာခြင်း မရှိသော်ငြားလည်း ဗိုက်ထဲမှ ပိုးတွေကမူ တဖြည်းဖြည်း ရှင်သန်ကြီးထွားပြီး သား၊သမီး၊ မြေး၊မြစ်တွေနဲ့တောင် ဖြစ်နေကုန်ပြီမဟုတ်ပေဘူးလား၊ ဘာကြောင့် သည်လိုဖြစ်ရသလဲ မင်းမြတ်"

မိလိန္ဒမင်း ။ ။"မှန်ပါ.... မကောင်းမှုကံ အားကြီးလို့ပါ ဘုရား"

အရှင်နာဂသိန်။ ။"ထိုအတူပေါ့ မင်းမြတ်.... ဗုဒ္ဓမြတ်စွာဘုရားသခင် ကိုယ်တော်တိုင်က ပူဇော်သက္ကာယပြုခြင်းကို သာယာတပ်မက်ခြင်းမရှိသော်လဲ ဓာတ်တော်၊ဥာဏ်တော်များကို အာရုံပြုရှိလုပ်တဲ့ကုသိုလ်ကံများဟာ အားကောင်းလာလို့ရှိရင် ကောန်မုခ္ဗ အကျိုးပေးတာပဲ"

"မင်းမြတ်... အကြောင်းစပ်လျဉ်းလာလို့ ဆက်လိုက်ရဦးမယ်၊ အရှင်သာရိပုတ္တရာကိုယ်တော်ကြီးကိုပြစ်မှားမိလို့ နန္ဒကဘီလူး မြေမျိုခံရတဲ့ အကြောင်းကို မင်းမြတ် ကြားဖူးပါသလား"

မိလိန္ဒမင်း ။ ။"မှန်ပါ.... ကြားဖူးပါတယ် ဘုရား"

အရှင်နာဂသိန်။ ။"ကောင်းပြီ.... အဲ့ဒီ နန္ဒကဘီလူး မြေမျိုခံရတာကို အရှင်သာရိပုတ္တရာ ကိုယ်တော်ကြီးက နှစ်သက်သလား၊ သာယာသလား မင်းမြတ်"

မိလိန္ဒမင်း ။ ။"မှန်လှပါ.... ဤမေးခွန်းမျိုးမှာ လုံးဝ မကြားကောင်းသည်သို့ပင် ရှိရပါ၏တဲ့ သည် ဘုရား၊ အဘယ်ကြောင့်ဆိုသော် ရှင်သာရိပုတ္တရာ ကိုယ်တော်ကြီးသည် မည်သူတစ်ဦးကစ်ပေးလာက် ဆုပ်ရဲ့ဒုက္ခရောက်

'အရှင်သားရိပုတ္တရာ ကိုယ်တော်ကြီးကို ပြစ်မှားမိလို့ နန္ဒကာဘီလူး မြေမျိုခံရတဲ့ ဖြစ်ရပ်လို....'

ကိုယ်ကိုမျှ မလိုလား:သောကြောင့် ဖြစ်ပါသည်၊ အရှင်သာရိပုတ္တရာကိုယ်တော်ကြီ:သည် အမျက်ဒေါသဟူသမျှ ဘာတစ်ခုမှ မကျန်ရအောင် ပယ်သတ်ပြီ:ဖြစ်ပါသည်၊ မိမိအား: သတ်မည့်သူကိုမျှလည်: စိတ်မဆို:တော့ပါ၊ အမျက် မထွက်တော့ပါ ဘုရား:

အရှင်နာဂသိန်။ ။"ကောင်:လှပြီ မင်:မြတ်.... အရှင်သာရိပုတ္တရာကိုယ်တော်ကြီ:သည် နန္ဒကဘီလူ:မြေမျိုခံရမည်၊ ဒုက္ခရောက်တော့မည်ကို သိုစင်မျှလောက် လိုလား:နှစ်သက်သာယာခြင်: မရှိပါဘဲလျက် နန္ဒကဘီလူ:ဟာ ဘာ့ကြောင့်မြေမျိုခံရသလဲဆိုရင် သူကိုယ်တိုင် ပြုလုပ်ထား:ခဲ့တဲ့ မကောင်:မှုအကုသိုလ်ကံအား:ကြီ:လို ခံရခြင်: ဖြစ်ပေတယ်" မိလိန္ဒမင်: ။ ။"တပည့်တော်... သဘောပေါက်ပါပြီ ဘုရား:"

အရှင်နာဂသိန်။ ။"ဒကာတော် မင်:မြတ်.... နန္ဒကဘီလူ:မြေမျိုခံရတာဟာ ရှင်သာရိပုတ္တရာကိုယိုတော်ကြီ: မသာယာမနှစ်သက်တဲ့ကြား:ထဲက သူ၏အကုသိုလ်ကံအား:လျော်စွာ ခံရခြင်:ဖြစ်တယ်ဆိုရင် ဗုဒ္ဓမြတ်စွာဘုရား:ကို လူဒါန်:ပူဇော်အပ်တဲ့ ကုသိုလ်ကောင်:မှုတွေဟာလဲ မြတ်စွာဘုရား:ကိုယ်တော်တိုင်က သာယာတပ်မက်ခြင်: မရှိစေကာမူ ပြုလုပ် အား:ထုတ်သူ၏ ကုသိုလ်ကံစေတနာ အား:လျော်စွာ ကောင်:ကျိုး:ကို ကောန်မှုချပေ:စွမ်: ဖြစ်မြောက်စေမှာပဲ မဟုတ်ပေဘူ:လား:"

မိလိန္ဒမင်: ။ ။"မှန်ပါ.... တပည့်တော် ကောင်:စွာ သဘောပေါက်ပါပြီ ဘုရား:"

အရှင်နဝကသိန်။ ။"မင်းမြတ်...။ ခုမျက်မှောက်ဘဝထဲမှာ မြေမျိုခံရတဲ့လူတွေ ဘယ်လောက်များ သလဲ မင်းမြတ်... ကြားကောကြားဖူးပါသလား"

မိလိန္ဒမင်း ။ ။"မှန်ပါ...ကြားဖူးပါတယ် ဘုရား"

အရှင်နဝကသိန်။ ။"ပြောပြစမ်းပါဦး မင်းမြတ်"

မိလိန္ဒမင်း ။ ။"မှန်ပါ.. (၁)စိဉ္စမာဏ၊ (၂)သုပ္ပဗုဒ္ဓ၊ (၃) ဒေဝဒတ်၊ (၄) နန္ဒကဘီလူး၊ (၅) နန္ဒသူဌေးသား၊ အားလုံးပေါင်း ငါးဦး ဖြစ်ပါသည် ဘုရား"

အရှင်နဝကသိန် ။ ။"အဲဒီ ငါးဦးဟာ ဘယ်သူတွေကို ပြစ်မှားကြပါသလဲ မင်းမြတ်"

မိလိန္ဒမင်း ။ ။"မှန်ပါ.... မြတ်စွာဘုရားနှင့် တပည့်သာဝကများကို ပြစ်မှားကြပါသည် ဘုရား"

အရှင်နဝကသိန်။ ။"ကောင်းပြီ.... သည်လို ဒေါသမြေမျိုခံရခြင်း အတွက် သက်ဆိုင်ရာကာယကံရှင်တွေက သာယာနှစ်သက်ကြပါသလား မင်းမြတ်"

မိလိန္ဒမင်း ။ ။"မှန်ပါ....မည်သူမျှ မသာယာမနှစ်သက်ကြပါ ဘုရား"

အရှင်နဝကသိန်။ ။"သို့ပါလျက် ဘာကြောင့် ခံကြရပါသလဲ မင်းမြတ်"

မိလိန္ဒမင်း ။ ။"မှန်လှပါ... ထိုသူများ ပြုခဲ့သော အကုသိုလ်ကံက လွန်စွာ ကြီးမားလှ သဖြင့် ခံရခြင်း ဖြစ်ပါသည် ဘုရား"

မြေမျိုသူ ငါးဦးတို့မှာ....

(၁) စီဠာမဿာ၊ (၂) သုပ္ပဗုဒ္ဓ၊ (၃) ဒေဝဒတ်၊
(၄) နန္ဒကဘီလူး၊ (၅) နန္ဒသူဌေးသား။

အရှင်နာဂသိန်။ ။"သို့ဆိုလျှင်.... မြောက်စွာဘုရားသခင် ပရိနိဗ္ဗာန်စံတော်မူသွားလို့ မဿာယာသည့် ကိုင်အောင် ဘုရားရှင်ကိုရည်မှတ်ပြီး ပြုအပ်တဲ့ ကံတော်ဟာ အကျိုးမရှိနိုင်ပေဘူးလား"

မိလိန္ဒမင်း ။ ။"ရှိနိုင်ပါတယ် ဘုရား"

အရှင်နာဂသိန်။ ။"သို့ဆိုလျှင်— တိတ္ထိတော့ရဲ့ စကားဟာ အချည်းနှီး ဖြစ်သွားပြီပေါ့"

မိလိန္ဒမင်း ။ ။"မှန်လှပါ ဘုရား"

အရှင်နာဂသိန်။ ။"ဒကာတော် မင်းမြတ်.... ဤသို့ ဆိုချေသော် တိတ္ထိတို့၏ လှုံ့မှားစွာသော စွပ်စွဲချက်များအတွက် မင်းမြတ်တွင် သံသယရှင်းအပ်ပြီ"

မိလိန္ဒမင်း ။ ။"အရှင်ဘုရား... ကောင်းစွာ ရှင်းပါပြီ၊ ယုံမှား သံသယလည်း ကင်းအပ်ပါပြီ၊ ကျေးဇူးကြီးလှစွာသော အရှင်မြတ်ဘုရား.... လွန်စံ့ဝက်ခဲနက်နဲလှသော၊ လျှို့ဝှက်သိမ်မွေ့စံ့သော ပြဿနာများနှင့် ပတ်သက်၍ ဤသို့လျှင် ဥပမာများစွာတို့ဖြင့် ရှင်းလင်းလျှော်ကန်စွာ ဖြေရှင်းညွှန်ပြနိုင်တော်မူခြင်းအတွက် အရှင်မြတ်အား ကျေးဇူးတင်လှပါသည်။

"ယုံမှားသံသယတည်းဟူသော အမိုက်မှောင်အတွင်းဝယ် လမ်းစပျောက်နေသော တပည့်တော်သည် ဆီမီးအရာ တစ်ထောင်နှင့် တူစွာသော အရှင်မြတ်၏ ရှင်းလင်းညွှန်ပြမှုများ အတွက် ဖြောင့်မှန်တည်ကြည်စွာသော ရှေ့ရှဉ်းတည်ရာလမ်း မှန်ကို တွေ့အပ်ပါပြီ ဘုရား..."

သဗ္ဗညုတဉာဏ်ဖြစ်ပုံ

မိလိန္ဒမင်း ။ ။"အရှင်ဘုရား.... မြတ်စွာဘုရားသခင် သည် တရားအားလုံးကိုသိတဲ့သဗ္ဗညုတ ဆိုတာ ဟုတ်ပါသလား"

အရှင်နာဂသိန်။ ။"မင်းမြတ်....မြတ်စွာဘုရားသခင်ကိုယ် တော်မြတ်သည် တရား အားလုံးကို သိသော သဗ္ဗညုတဉာဏ်ရှင်ဆိုတာ မှန်ပေတယ်၊ သို့သော်.... သဗ္ဗညုတဉာဏ်ဆိုတာ အမြဲတမ်းဖြစ်ပေါ်နေတဲ့တရားမဟုတ်ပေဘား"

"သဗ္ဗညုတဉာဏ်ဆိုတာ ဆင်ခြင်သုံးသပ်မှုနဲ့ ဆိုင်တယ်၊ အလိုရှိလို ဆင်ခြင်မယ်ဆိုရင် ဘာမဆို အကုန်လုံး သိနိုင်ပေတယ်"

မိလိန္ဒမင်း ။ ။"အရှင်ဘုရား.... သည်လိုသာ ဆင်ခြင်တဲ့ အခါကျမှ သိဒေါပ်တယ်ဆိုရင် တရား အားလုံးကိုသိတဲ့ သဗ္ဗညုတဉာဏ်ရှင်ဆိုတာ မဖြစ်နိုင်ပါဘူး"

အရှင်နာဂသိန်။ ။"ဒကာဒေတာ် မင်းမြတ်.... သည်နေရာမှ သဗ္ဗညုတဉာဏ်နဲ့ပတ်သက်လို့ မင်းမြတ် အတိအကျနားလည်အောင်ဆိုရင် အဆစ်အပိုင်း ခုနစ်ပိုင်း ခွဲခြားပြီး တစ်ပိုင်းစီ-တစ်ပိုင်းစီ အစဉ်အတိုင်း ရှင်းပြသွားမှ ဖြစ်လိမ့်မယ်။

"ပထမဦးစွာ ပုထုဇဉ်ရဲ့သဘော- သဘာဝမှ တစ်ဆင့်၊ သောတာပန်-သကဒါဂါမ် စသည်ဖြင့် နောက်ဆုံး သဗ္ဗညုတဘုရားမျိုးအထိ ရောက်တဲ့အခါကျမှ 'ဧကြာ်.... သဗ္ဗညု ဘုရား

ရှင်ဆိုတာ သည်လိုပါကလား၊ သဒ္ဓည္ပြာညာဏ်ဆိုတာ သည်လိုပါလား' လို့ မင်းမြတ်....ပိုင်းပိုင်းခြားခြား ကဲ့ကဲ့ပြားပြား သိနိုင်မယ်။

"ပထမဦးစွာ-ပုထုဇဉ်တို့ရဲ့ သဘော သဘာဝကို ဝေဖန်ဆန်းစစ်ပြမယ်"

ပုထုဇဉ်သဘာဝ

"မင်းမြတ်....ပုထုဇဉ်ဆိုတာ ရာဂလဲ ရှိတယ်၊ ဒေါသလဲ ရှိတယ်၊ မောဟလဲ ရှိတယ်၊ ကိုလေသာ ဆယ်ပါးလဲရှိတယ်၊ မပွားစေအပ်တဲ့ကိုယ်၊ မပွားစေအပ်တဲ့ သီလလဲရှိတယ်၊ မပွားစေအပ်တဲ့ စိတ်လဲရှိတယ်၊ မပွားစေအပ်တဲ့ ပညာလဲ ရှိတယ်။

"အဲဒီ ပုထုဇဉ်တို့ရဲ့စိတ်ဟာ နှောင့်နှေး လေးကန်တယ်၊ ဘာ့ကြောင့်လဲဆိုတော့ စိတ်ကို စင်ကြယ်အောင် ပွားများ မထားလို့ဖြစ်တယ်၊ ဥပမာကတော့ အားလုံး ရွှပ်ထွေးလိမ်ကောက်နေတဲ့ ဝါးရုံကြီးထဲက ဝါးတစ်လုံးကို ဆွဲထုတ်မယ်ဆိုရင် အင်မတန် နှေးကွေးလေးကန်သလိုပဲ ဖြစ်တယ်။

"မင်းမြတ်....အဲဒီ ဥပမာလိုပဲ၊ ပုထုဇဉ်များဟာ ရာဂလဲ အားကြီးတယ်၊ ဒေါသလဲ အားကြီးတယ်၊ မောဟလဲ အားကြီးတယ်၊ ကိုလေသာလဲ အပြည့်ရှိတယ်၊ သီလလဲ မလုံခြုံဘူး၊ စိတ်ကလဲ မစင်ကြယ် မသန့်ရှင်းဘူး၊ သန့်ရှင်းစင်ကြယ်အောင်လဲ မလုပ်ဖူး၊ မပွားများဘူး၊ ပညာလဲမရှိဘူး၊ အဲဒီ ပုထုဇဉ်ဘဝရဲ့စိတ်ဟာ အင်မတန်နှေးကွေးတယ်၊ လေးဖင့်တယ်၊ ဘာကြောင့်လဲဆိုတော့ ကိုလေသာတွေနဲ့ ပူးပေါင်း ရောထွေးဆက်စပ်နေလို့ဖြစ်တယ်။

ဒုတိယပိတ် ဝေဖန်ချက်
သောတာပန်

"မင်းမြတ်.... သောတာပန် ပုဂ္ဂိုလ်မျိုးသည် အပါယ်တံခါးပိတ်တယ်၊ သစ္စာလေးပါးကို သိလို နိဗ္ဗာန်ကို မျက်မှောက်ပြုတယ်၊ ပဋိဝေဓသာသနာကို သိပြီးဖြစ်တယ်၊ အဲဒီ့သောတာပန်ပုဂ္ဂိုလ်တွေရဲ့စိတ်ဟာ အချက်သုံးချက်မှာ ပေါ့ပါးတယ်၊ ပေါ့ပေါ့ပါးပါး လှုပ်ရှားနိုင်တယ်။

"အထက်မဂ်၊ အထက်ဖိုလ်မျိုးဌာ နှောင့်နှေးတယ်၊ ဖင့်နွဲ့လေးထွေးတယ်။ အကြောင်းကတော့ အချက်သုံးချက်မှာသာ စိတ်ဓာတ်သန့်ရှင်းစင်ကြယ်သေးလို့က တစ်ကြောင်း၊ အထက်ဂိုလ်သာတွေကို မပယ်ရသေးလို့က တစ်ကြောင်းကြောင့် ဖြစ်တယ်။

"ဥပမာအားဖြင့်အောက်သုံးပိုင်းလောက်သာရှင်းလင်းရှိ ကျန်အထက်ပိုင်းအားလုံး ရှုပ်ယှက်ခတ်နေသော ဝါးရုံထဲက ဝါးလုံးကို ထွဏ်ထုတ်တဲ့အခါ အောက်သုံးပိုင်းသာလျှင် လွယ်ကူပြီး၊ ကျန်အထက်ပိုင်းမျှားကျတော့ ခက်ခဲလေးလံနေသလို ဖြစ်တယ်။

"မင်းမြတ် သောတာပန်မျိုးသည် အပါယ်တံခါးပိတ်တယ်၊ သစ္စာလေးပါးသိလို နိဗ္ဗာန်ကို မျက်မှောက်ပြုတယ်၊ ပဋိဝေဓသာသနာကို သိရှိပြီးဖြစ်တယ်၊ အဲဒီ့အချက်သုံးချက် အကျော်ကတော့ စိတ်ဓာတ်ဟာ ပေါ့ပါးသွက်လက်တယ်၊ လည်ပတ်မှု မြန်မာနိုးဖျတ်လတ်တယ်၊ အထက်မဂ်၊ အထက်ဖိုလ်တွေ ကျတော့ ပေါ်ပေါ်ထင်ထင်၊ ပန်းကျွေးစွာလည်ပတ်တယ်၊ သာ့

ကြောင့်လဲဆိုတော့ အချက် သုံးချက်မှာသာ စိတ်ဝင်တစ်သန့်ရှင်းပြီး အထက်ကိုလေသာတွေကျတော့ မပယ်ရသေးလို့ ဖြစ်တယ်၊ အဲဒါဟာ သောတာပန်တို့ရဲ့ စိတ်ဝင်တစ်အမျိုးအစား ဖြစ်တယ်။

တတိယစိတ် ဝေဖန်ချက်

သကဒါဂါမ်များ

"မင်းမြတ်.... သကဒါဂါမ်ပုဂ္ဂိုလ်များကျတော့ ဆုဂ-ဒေါသ-မောဟ-ခေါင်းပါးသွားပြီ၊ အချက် ငါးချက်မှာ စိတ်ဝင်တစ်ပေါ့ပါးသွက်လက်တယ်၊ပေါ့ပေါ့ပါးပါးလှုပ်ရှားလည်ပတ်နိုင်တယ်။

"အထက်မဂ်ဖိုလ်အရာများကျတော့ လေးလေးပင်ပင်ဖြစ်တယ်၊ နှောင့်နှောင့်နှေးနှေး လည်ပတ်လှုပ်ရှားတယ်။

"မင်းမြတ်....အပုံ ငါးပုံ သန့်ရှင်းပြီး ကျန်အပေါ်ပိုင်းအားလုံး ရှုပ်ထွေးနေတဲ့ ဝါးရုံထဲက ဝါးလုံးကို ဆွဲထုတ်တဲ့အခါ အောက်ပိုင်း ငါးပုံလွယ်ကူပြီး အပေါ်ပိုင်းကျတော့ ရှုပ်ထွေးခက်ခဲနေသလိုပဲ ဖြစ်တယ်"

"မင်းမြတ်....သကဒါဂါမ်တို့ရဲ့စိတ်ဝင်တစ်ဟာသည်အတိုင်းပဲ၊ အချက်ငါးချက်မှာ ပေါ့ပါးသွက်လက်တယ်၊ပေါ့ပါးစွာ လည်ပတ်နိုင်တယ်၊ကျန်တဲ့အထက် မဂ်ဖိုလ်အရာများကျတော့ လေးလေးပင်ပင်ဖြစ်တယ်၊ အတိုချုပ်ကတော့ တန်ရာတန်ရာ ဖြစ်တဲ့သဘောပဲ မင်းမြတ်... ။

ဒေါ်ဇွေမိတ် ၁၀၀၆ နှုန်ချက်
အနှောဂါပြဿနာ

"မင်းမြတ်...အနှောဂါမျိုးကျတော့ သြဇဒ္ဓာဂီယာ၊ သံလောဘဉ်ဝါးမျိုး ပယ်ရှိတော်ပြီ၊ အနှောဂါမ်ားကိုမူကား ဆယ်ချက်မှာ ပေါ့ပါးသွက်လက်တယ်၊ ပေါ့ပေါ့ပါးပါး လည်ပတ်လှုပ်ရှားနိုင်တယ်"

"ဘာကြောင့်လဲဆိုတော့ အနှောဂါမ်ားကို အချုက် ဆယ်ချက်မှာသာ သန့်ရှင်းစင်ကြယ်သေးတယ်၊ အသက်ကိုးသောကိုမူ မပယ်ရသေးလို့ဖြစ်တယ်၊ ဥပမာအားဖြင့် အပုံ ဆယ်ပုံရှိပြီးလင်းလွယ်ကြီးကျန်အသက်ပိုင်းအားလုံးရှိပ်နေတဲ့ဝါးခုံထက် ဝါးလုံးတို့ ခဲ့ဆုတ်သလို ဖြစ်တယ်၊ အဲဒါဟာ အနှောဂါမ်တို့ရဲ့ စိတ်အမျိုးအစား ဖြစ်တယ်။

ပဋ္ဌမဇော် ၁၀၈၆ နှုန်ချက်
ရဟန္တာ ပုဂ္ဂိုလ်မျိုး

"မင်းမြတ်...ရဟန္တာ ပုဂ္ဂိုလ်မျိုးကျတော့ အသေခံ ကုန်ပြီ၊ အညံ့အခြေကို ကျော်ခဲ့ပြီး၊ ဗိဇလေသာလဲ မရှိတော့ဘူး၊ မဂ်ကိစ္စပြီးပြီ၊ အမျိုးတစ်ခု မလိုတော့ဘူး၊ ဒုက္ခသမုဒယကိုလဲ ချထားလိုက်ပြီ၊ အရဟတ္တဖိုလ်သို့ ရောက်ပြီ၊ တပ်ယောဇဉ် အာဘတ်ခုမျှ ကျန်တော့ဘူး၊ ပဋိသန္ဓေ၊ လေးပါးလဲ ရပြီ၊ သာဝက အရာဌ် အားလုံးစင်ကြယ်သွားပြီ။

"ရဟန္တာ ပုဂ္ဂိုလ်တို့ရဲ့ စိတ်ဓာတ်ဟာ သာဝက အရာမှာ ပေါ့ပါးသွက်လက်တယ်၊ ပေါ့ပေါ့ပါးပါး လည်ပတ် လှုပ်ရှားနိုင်တယ်၊ ဘာ့ကြောင့်လဲဆိုတော့ သာဝက အရာသာ စင်ကြယ်၍ ပစ္စေကဗုဒ္ဓါအရာမှာမစင်ကြယ်သေးလို့ဖြစ်တယ်"

"ဥပမာကတော့ အားလုံး အဖုအထစ်မရှိ ချောမောနေ.တဲ့ ဝါးလုံးကို ဆဲထုတ်တဲ့အခါ ဘာမျှ အခက်အခဲမရှိ မြန်မြန် လွယ်လွယ် ရသလိုပဲပေါ့"

"မင်းမြတ်.... ဒီဥပမာလိုပဲ ရဟန္တာ ပုဂ္ဂိုလ်များသည် သာဝကများ သိသင့်သိထိုက်တဲ့ ကိစ္စမှာ ဘာမှ အခက်အခဲ မရှိဘူး၊ သို့သော်.... ပစ္စေကဗုဒ္ဓါများ သိသင့် သိထိုက်တဲ့ အရာကျတော့ လေးလံဖင့်နှေးတယ်၊ ဘာ့ကြောင့်လဲဆိုတော့ သာဝက ကိစ္စလောက်သာ စင်ကြယ်ပြီး ပစ္စေကဗုဒ္ဓါများကိစ္စ ကျတော့ မစင်ကြယ်သေးလို့ မကျမ်းကျင်သေးလို့ ဖြစ်တယ်၊ ဒီဒါဟာ ငါးခုမြောက် ရဟန္တာစိတ်မျိုး ဖြစ်တယ်"

ဆဋ္ဌမစိတ် ဝေဖန်ချက်

ပစ္စေကဗုဒ္ဓါ

"မင်းမြတ်....ပစ္စေကဗုဒ္ဓါများကျတော့ ဆရာမရှိဘူး၊ မိမိအလိုလို ကိုယ်တိုင်သိတယ်၊ ကြုံ့ချိုလို တစ်ပါတည်း ကျက်စားနိုင်တယ်၊ မိမိအရာ၌ စိတ်ဓာတ် သန့်ရှင်းစင်ကြယ်တယ်၊ မိမိအရာ၌ ပေါ့ပါးသွက်လက်တယ်၊ ပေါ့ပေါ့ပါးပါး လှုပ်ရှား လည်ပတ်နိုင်တယ်"

"အဲဒါ ဘာပြုလို့လဲဆိုတော့ မိမိအရာ၌သာ စင်ကြယ်သန့်ရှင်းပြီး ဘုရားအရာ သဗ္ဗညုတ ဉာဏ်အရာကျတော့ ကျယ်ဝန်းလို့ဖြစ်တယ်"

"ဥပမာ .. လူတစ်ယောက်ဟာ မိမိကူးနေကျ ချောင်းငယ် မြောင်းငယ်များကို နေ့-ညမခြား ကူးချင်တဲ့အချိန် ကူးနိုင်တယ်၊ ဘာမျှ ကြောက်ရွံ့ထိတ်လန့်ခြင်း မရှိဘူး၊ သို့သော် ကမ်းမမြင်တဲ့ ပင်လယ်ကြီးကျတော့ ကူးဖို့မဆိုထား၊ နှင့် မြင်ရုံနှင့် ကြောက်စိတ် ဝင်လာတယ်၊ တုန်လှုပ်လာတယ်! အဲဒါ ဘာပြုလို့လဲဆိုတော့ မိမိကူးနေကျ ချောင်းငယ် မြောင်းငယ်များ၊ အင်မတန် ကြီးကျယ်နက်ရှိုင်းလှတဲ့ ပင်လယ် သမုဒ္ဒရာကြီး ဖြင့်နေလို့ဖြစ်တယ်"

"အဲဒါကြောင့် ပရိစ္ဆေဒဗုဒ္ဓါများဟာ မိမိအရာများမှာ သာ လျင်မြန် ဖျတ်လတ်တယ်၊ ပေါ့ပေါ့ပါးပါး လည်ပတ်လှုပ်ရှားနိုင်တယ်၊ သဗ္ဗညုတ ဘုရားအရာကျတော့ နှေးကွေးတယ်၊ မမြန်တော့ဘူး၊ အဲဒါဟာ ပရိစ္ဆေဒဗုဒ္ဓါများရဲ့ စိတ်အမျိုးအစား ဖြစ်ပါတယ်"

သတ္တမစိတ် ဝေဖန်ချက်

ဘုရားရှင်များ

"မင်းမြတ်... ဘုရားရှင်များကျတော့ တရားအာသုံးကို သိတော်မူတယ်၊ အာသ ဆယ်ပါးနှင့်ပြည့်စုံတော်မူတယ်၊ ရဲရဲ့ တော်မူတယ်၊ ဘုရားတို့၏ ဂုဏ်ကျေးဇူး အာသုံးနှင့် ပြည့်စုံတော်မူပေတယ်၊ အလုံးစုံသောရန်ကို အောင်မြင်တော်မူ

တယ်။ ဘာမျှ အပိုတ်အပင် အတားအဆီးမရှိ အကြွင်းမဲ့ သိတော်မူတဲ့ သဗ္ဗညုတညာဏ် ရှိတော်မူတယ်''

''မြတ်စွာဘုရားကို၏ စိတ်ဓာတ်တော်ဟာ အရာရာတိုင်းမှာ ပေါ့ပါးသွက်လက်တယ်၊ ပေါ့ပေါ့ပါးပါး လွှပ်ရှားလည်ပတ်နိုင်တယ်''

''မင်းမြတ်.... ဘာမျှ အဖုအထစ်၊ အလိမ်အကောက် မရှိ၊ အင်မတန် သန့်မာခိုင်ခံ့တဲ့ ပေးနှင့်ပစ်လိုက်တဲ့မြှား၊ ဟာ အင်မတန် သိမ်မွေ့နူးညံ့တဲ့ အာဝဇ်ကပေးမျှားမှာ နေ့နေ့လန်ကန်နှင့် ကပ်ငြိနိုင်ပါဦးမလား''

မိလိန္ဒမင်း ။ ''မဟာဗျိုဟ် နိုင်တော့ပါ ဘုရား၊ ဘဲကြောင့်လဲတိုတော့အဝတ်က အင်မတန် နူးညံ့ပါတယ်၊ မြှားက အင်မတန် ချွန်ထက်ပါတယ်၊ အရှိန်ကပြင်းပါတယ်၊ အဲဒါကြောင့် ဖြစ်ပါတယ်ဘုရား''

''မင်းမြတ်.... အဲ့သည့် ဥပမာအတိုင်းပေါ့၊ ဘုရားရှင်တို့သည် တရားအားလုံးကို သိခြင်းစသော ဂုဏ်အပေါင်းတို့နှင့် ပြည့်စုံပေတယ်၊ ဂုဏ်အပေါင်းတို့၏ အရှင်သခင် ဖြစ်ပေတယ်၊ အဲဒီ ဘုရားရှင်တို့၏ စိတ်ဓာတ်တော်ဟာ နေရာတိုင်းမှာ ပေါ့ပါး သွက်လက်တယ်၊ ပေါ့ပေါ့ပါးပါး လည်ပတ် လှုပ်ရှားနိုင်တယ်၊ အဲ့ဒါကော သတ္တမမြောက် သဗ္ဗညု ဘုရားရှင်တို့၏ စိတ်ဓာတ် အမျိုးအစား ဖြစ်ပေတယ်''

''မင်းမြတ်.... ဤ စိတ်ဓာတ် ခုနစ်မျိုးထဲမှာ ဘုရားရှင်တို့၏ စိတ်ဓာတ်တော်သည် ကျန် စိတ်ဓာတ်ခြောက်မျိုးထက် အဆပေါင်း အသန်းမပေါ် စင်လဲ ဝင်ကြယ်တယ်၊ လျှင်မြန်

လဲ လျှင်မြန်တယ်၊ သည်လို စိတ်ဓာတ် အလွန်တရာ လျှင်မြန်တဲ့ အတွက်ကြောင့်ပင် ရေမီး အစုံအစုံ စသော တန်ခိုးပြာဋိဟာရများကို ပြသတော်မူနိုင်ပေတယ်''

''မင်းမြတ်.... အဲသည့် တန်ခိုးပြာဋိဟာတွေဟာ မြတ်စွာဘုရားသခင် စိတ်တော်၏ တစ်ဝက်လောက်ဖြစ်စေ၊ တစ်စိတ်လောက် ဖြစ်စေ၊ မြန်တယ်လို့ ပြောဖို့တောင် ခက်လေပေတယ်၊ လို့ကြောင့် မြတ်စွာဘုရား၏ သမ္ဘည္ဝတ ဉာဏ်တော်သည် ဆင်ခြင်ခြင်းနှင့် သက်သိုင်တယ်၊ ဆင်ခြင်လိုက်ရင် ဘာမဆို အလိုရှိတိုင်း သိတော်မူပေတယ်''

''ဥပမာအားဖြင့် မင်းမြတ်-လူတစ်ယောက်ဟာ လက်ထဲက်ိုင်ထားတဲ့အရာကို အခြားလက်တစ်ဖက် ပြောင်းလိုက်မယ်၊ ပါးစပ်ကလဲစကားပြောမယ်၊ ပါးစပ်ထဲရှိတဲ့အစာကိုလဲ မြိုချမယ်။ မျက်စိကိုလဲ ဖွင့်လိုက် မှိတ်လိုက် လုပ်မယ်၊ လက်ကိုလဲ ကွေးလိုက်ဆန့်လိုက် လုပ်မယ်၊ အဲဒါတွေက ကြာသေးတယ်၊ ဘုရား ဉာဏ်တော်ဆိုက အလွန်ကို လျှင်မြန်လှပေတယ်၊ ဆင်ခြင်တာ အလွန်မြန်တယ်၊ ဆင်ခြင်လို့ရှိရင် အလိုရှိတိုင်း သိတော်မူတယ်။

''ထို့ကြောင့် တစ်ခါတလေ မဆင်ခြင်မိရုံနဲ့ မြတ်စွာဘုရားကို သမ္ဘည္ဝတဉာဏ်ရှင် မဖြစ်နိုင်ဘူးလို့ မဆိုလိုက်ပေဘူး''

မိတ်ဆွေမင်း ။ ။''အရှင်ဘုရား တပည့်တော် တောင်းပန်ပါတယ်၊ သမ္ဘည္ဝတဉာဏ်ခေါ်လိုက်ပုံကို ခိုင်လုံသော အကြောင်းပြချက်ဖြင့် သိသာအောင် ရှင်းလင်းတော်မူပါဦး ဘုရား''

အရှင်နာဂသိန်။ ။"ကောင်းပြီ မင်းမြတ်၊ အင်မဘုန်း ပစ္စည်းဥစ္စာ ပြည့်စုံကုံလုံတဲ့ သူဌေးကြီး အိမ်ကို ညှော်သည် ရောက်တယ်၊ ညှော်သည်ကလဲ ထမင်းဆာ လာတယ်၊ သူဌေးအိမ်မှာလဲ စားသောက်ပြီးလို့ ထမင်းက မရှိတော့ဘူး၊ သည်တော့ ညှော်သည်ကိုထမင်းကျွေးဖို့အတွက် ထမင်းထပ်ပြီး ချက်ရတယ်။ အဲဒီလို ညှော်သည်ရောက်ခိုက် ထမင်းကုန်လို့ ထမင်းပြန်ချက်ရတာနဲ့ သူဌေးကြီးဟာ ဥစ္စာ မရှိဘူး၊ မဲ့သွားပြီ၊ ဆင်းရဲသွားပြီလို့ ပြောလို့ ဖြစ်ပါ့မလား"

မိလိန္ဒမင်း ။ ။"မဖြစ်နိုင်ပါဘုရား၊ အရှင်ဘုရား-စကြဝဠာ မင်းရဲ့ နန်းတော်ထဲမှာတောင် အချိန်မရှိရင် ထမင်းမရှိ ဟင်းမရှိ ဖြစ်တက်ပါတယ်၊ သူဌေး လောက်တော့ ဘယ်ပြောစရာ ရှိပါ့မလဲ ဘုရား"

အရှင်နာဂသိန်။ ။"မင်းမြတ်.... ထိုဥပမာအတိုင်းပေါ့၊ တစ်ခါတလေမဆင်ခြင်မိရုံနဲ့ သဗ္ဗညုတ ဉာဏ်ရှင် မဟုတ်ဘူးလို့ မဆိုနိုင်ပါဘူး၊ သဗ္ဗညုတဉာဏ်ဆိုတာ ဆင်ခြင်လို့ရှိရင် ဘာမဆို အလိုရှိတိုင်း အကုန်သိတယ်လို့ ဆိုလိုပါတယ်။

"မင်းမြတ်.. နောက်ဥပမာတစ်ခုက တစ်ပင်လုံး ညွှတ်အောင် အပြွတ်လိုက် အခိုင်လိုက် သီးနေတဲ့ သစ်ပင်ကြီးရှိလယ်၊ အသီးတစ်လုံးမှ ကြွေကျနေတာ မရှိဘူး၊ သည်လို သစ်ပင်အောက်မှာ အသီးတစ်လုံးမှ ကြွေကျနေတာ မရှိလို့ ဒီအပင်ကို အသီး မသီးပါဘူးလို့ ပြောလို့ဖြစ်ပါ့မလား"

မိလိန္ဒမင်း ။ ။"မဖြစ်နိုင်ပါ ဘုရား.... အပင်ပေါ်မှာ အသီး တစ်ပုံကြီး ရှိနေပါဘယ် ဘုရား။ အောက်မှာ အသီးမရှိဘာကတော့ မကြွေလိုသာ ဖြစ်ပါတယ်၊ အသီး ၂သီးတာ မသီးတာနှင့် မဆိုင်ပါ၊ ကြွေမှု မကြွေမှုနှင့်သာ ဆိုင်ပါသည် ဘုရား"

အရှင်နံဝဂသိန်။ ။"မှန်ပေတယ် မင်းမြတ်.... သဗ္ဗညုတ ဉာဏ်ဆိုတာ မြတ်စွာဘုရား၏ ဆင်ခြင်မှု အပေါ်မှာ တည်ဘယ်၊ ဆင်ခြင်မှုနဲ့သာ ဆိုင်တယ်၊ ဆင်ခြင်လျှင် အလိုရှိတိုင်း အကုန်လုံး သိနိုင်တယ်"

မိလိန္ဒမင်း ။ ။"အရှင်ဘုရား.... မြတ်စွာ ဘုရားသည် ဆင်ခြင်လျှင် အလို ရှိတိုင်း သိနိုင်ပါ သလား"

အရှင်နာဂသိန်။ ။"မှန်သည်၊ သိနိုင်ပေ၏ မင်းမြတ်! စက္ခဝေတေးမင်းသည် အလိုရှိတဲ့အခါ စက္ခာ ရတနာ လာစေဟု စိတ်ထဲက ဆင်ခြင်လိုက်ရုံမျှဖြင့် ရွှေတော်မှောက် ရောက်ရသလို မြတ်စွာဘုရား သခင်သည်လည်း အလို ရှိ၍ ဆင်ခြင်လိုက်ပါမှ မည်သည်ကိုမဆို အကုန်လုံး အလိုရှိ တိုင်း သိနိုင်ပေတယ်"

မိလိန္ဒမင်း ။ ။"အရှင်ဘုရား ... အကြောင်းကြောက် ခိုင်လုံပါ၏။ မြတ်စွာဘုရားသည် သဗ္ဗညုတ ရှင် ဖြစ်တိုက်ပါ၏။ မြတ်စွာဘုရားသည် သဗ္ဗညုတအရှင် ဖြစ်တယ်ဟု ဝန်ခံပါသည် ဘုရား"

ဝေးခန်းပြောခန်း

ဗိုလ်ဒိန္ဓမင်း ။ ။"အရှင်ဘုရား.... ဒေဝဒတ်ကို တယ်သူ ရဟန်းပြုပေးပါလေ"

အရှင်နှောဂသိန်။ ။"မင်းမြတ်-မြသီဝှာဘုရားသည် သစ္စာလေးပါးကို ထိုးဖောက်၍ သိတော်မူတယ် ဆိုရင် သဘာဝကိုဝင်မင်းမျိုးတွေက အလွန်ကြည်ညိုလေးစားကြတဲ့အတွက် (၁) ဘဒ္ဒိယ၊ (၂) အနုရုဒ္ဓ၊ (၃) အာနန္ဒာ၊ (၄) ဘဂု၊ (၅) ကိမိလ၊ (၆) ဒေဝဒတ် မင်းသား ၆-ယောက်နှင့် (၇) ဥပါလိ- အတွေ့သည်ကျိုးဟာ မြတ်စွာဘုရားကို အတုယူ အားကျပြီး ရဟန်းလုပ်ဖို့ ထွက်လာကြတယ်၊ သူတို့ကို မြတ်စွာဘုရားက ရဟန်းဝတ်ခေးလိုက်တယ်"

ဗိုလ်ဒိန္ဓမင်း ။ ။"အရှင်ဘုရား.... ဒေဝဒတ်ဟာ ရဟန်းလုပ်တဲ့အတွက် သံလာကို ထင်းခဲ့သည် မဟုတ်ပါလော"

အရှင်နှောဂသိန်။ ။"မှန်ပေသည့် မင်းမြတ်၊ ဒေဝဒတ်ဟာ ရဟန်းဖြစ်လို့ သံလာကို သင်းခဲ့နိုင်ပါသည်။ လူတွေ သိတ္တာမောဇ်တွေ သာဝကဏာ ကျား-မတွေ၊ ဘိက္ခုနီမတွေက သံလာကို သင်းမခဲ့နိုင်ကြ၊ အခေါင်းအသင်းတွေ့ပဏတိ ရဟန်းများဟာ ကံကြောင့်ကိစ္စနှင့် ပတ်သက်ပြီး တစ်သိန်းသံခေါ် နေပြီး သံလာကို သင်းခဲ့ပါတယ်"

မိလိန္ဒမင်း ။ ။"အရှင်ဘုရား.... သံဃာကို သင်းခွဲတဲ့ ပုဂ္ဂိုလ်မျိုးဟာ ဘယ်လို အပြစ်မျိုးကို ခံရပါသလဲ"

အရှင်နာဂသိန်။ ။"မင်းမြတ်.... တစ်ကမ္ဘာပတ်လုံး ငရဲခံရပါတယ်"

မိလိန္ဒမင်း ။ ။"အရှင်ဘုရား.... ဒေဝဒတ်ဟာ ရဟန်းဖြစ်လာရင် သံဃာကို သင်းခွဲမယ်၊ သံဃာကို သင်းခွဲရင် တစ်ကမ္ဘာပတ်လုံး ငရဲခံရမယ် ဆိုတာ ဖြတ်စွာဘုရားရှင် ကြိုတင်ပြီး သိပါတယ်"

အရှင်နာဂသိန်။ ။"သီပေတယ် မင်းမြတ်"

မိလိန္ဒမင်း ။ ။"အရှင်ဘုရား... ဤကဲ့သို့ သီဟာဘယ် ဆိုရင် ဖြတ်စွာဘုရားသည် သနား ကရုဏာ ရှိတော်မူတယ်၊ အစဉ်စောင့်ရှောက်တော်မူတယ်၊ အစီးအပွားကို ရှာမှီးတော်မူလေ့ရှိတယ်၊ သတ္တဝါတို့ အကျိုးမဲ့ကို ပယ်၍ အကျိုးစီးပွားကို ဆောင်ရွက်တယ်ဆိုတဲ့ စကားသည် မှားယွင်းနိုင်ပါသည်"

"ဤအကြောင်းတရားကို မသိလို့ ဒေဝဒတ်ကို ရဟန်းဝတ်ပေးတယ်ဆိုရင်လဲ ဖြတ်စွာဘုရားသည် အကုန်လုံးသိတဲ့ သဗ္ဗညုတညာဏ်ရှင် စင်စစ်မဟုတ်ဘဲ ရောက်နေပါတယ်"

"ဤကဲ့သို့ အစွန်းနှစ်ဖက်တွက်ပြီး ရှင်းထွေးနေတဲ့ပြဿနာ ကို အရှင်ဘုရားခြေတော်မူပါ။ သူတော်ပါးတွေရဲ့ အလုပ်အကျင့်ကို ဖျက်ဆီးတော်မူပါ။ နောင်လာလတ္တံ့ သောအခါ ဖြတ်စွာဘုရားသို့ ပညာဒုစ္စရိုက်ပြီးပြီ။ ဝန်ခံဖျတ်ချိုးတဲ့ ပုဂ္ဂိုလ်ကို ရှုဖို့ မဲယဉ်းပါပေမယ်"

"ယခုအချိန်အခါသည် အရှင်ဘုရား၏ ပညာဉာဏ်စွမ်းကို ပြရမည့်အချိန်အခါ ဖြစ်ပါသည်ဘုရား"

အရှင်နှာဂသိန်။ ။"ဒကာတော် မင်းမြတ်....မြတ်စွာဘုရား သခင်သည် သနားကရုဏာ ရှိတယ်ဆို တာလဲ မှန်တယ်။ အယုံးစုံသော တရားကို သိတော်မူတယ်ဆို တာလဲ မှန်တယ်"

"မင်းမြတ်....ထိုကဲ့သို့ သနားတော်မူသောကြောင့်ပင်မြတ်စွာဘုရားသည် သမ္ဘည္ဇာတဉာဏ်တော်ဖြင့် ဒေဝဒတ်၏လားရာ ဂတိကို ကြည့်တော်မူတဲ့အခါ ဒေဝဒတ်ဟာ အပါယ်ကျမဲ့ ကံတော်လုပ်ထား၍ ကမ္ဘာတစ်သိန်းမက ငရဲတစ်ခုမှ တစ်ခုသို့ ပြောင်းရွှေ့ခံရမှာကို မြင်တော်မူတယ်"

"ဤသို့လျှင် ငရဲဥဿုစ်ပေါင်းများစွာခံရမည့်အကြောင်းကို သမ္ဘည္ဇာတဉာဏ်တော်ဖြင့် သိတော်မူ၍ အဆုံး အပိုင်းအခြား မရှိ ငရဲခံရမည့်အစား ဒေဝဒတ်ကို ရဟန်းဝတ်ပေးလိုက်ရင် တစ်ကမ္ဘာ ဘဝလုံးလောက် ခံရမယ်၊ အများကြီး သက်သာခွင့်ရမယ်၊ မင်္ဂလာမရနိုင်သော်လည်း တစ်ကမ္ဘာလောက် ခံရမယ့် ကံကိုသာကျူးလွန်မယ်လို့ သိတော်မူ၍ သနားကရုဏာအားလျော်စွာ ရဟန်းဝတ်ပေးလိုက်ခြင်း ဖြစ်တယ်"

မိလိန္ဒမင်း။ ။ ။"အရှင်ဘုရား.... ဒီလိုဆိုရင် မြတ်စွာဘုရားသခင်ဟာ ရှိက်ပြီးမှ ဆီလိမ်း! ချောက်ထဲတွန်းချပြီးမှ ကုန်းပေါ်ဆွဲတင်၊ သတ်ပြီးမှ အသက်ရှင်အောင်လုပ်တဲ့နည်းလိုက်ရှာနေတာနဲ့မတူဘူးလား ဘုရား"

အရှင်နာဂသိန်။ ။"မင်းမြတ်...မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်သည် သတ္တဝါတွေ အကျိုးစီးပွားရှိမယ်ဆိုရင် ရိုက်ပုတ်တန် ရိုက်ပုတ်သည်။ တွန်းချတန် တွန်းချသည်။ သတ်တန်လည်း သတ်ပါသည်။ မင်းမြတ်...မြတ်စွာဘုရားသည် သတ္တဝါတို့၏ အကျိုးစီးပွား ဖြစ်ထွန်းမယ်ဆိုရင် လုပ်သင့်လုပ်ထိုက်တဲ့ ကိစ္စမျိုးကို လုပ်ကိုင်ဆောင်ရွက်တော်မူပါတယ်"

"မင်းမြတ်...ဒေဝဒတ်ကို အကယ်၍ ရဟန်းဝတ်မပေးဘူးဆိုခဲ့ရင် လူ့ဟဝန့်ငရဲကျမယ့်အလုပ်တွေ့ချည်း လျှောက်လုပ်နေတဲ့အတွက် ကမ္ဘာတစ်သိန်းမက ငရဲခံရဖို့ ဆင်းရဲဒုက္ခရောက်ဖို့ရှိတယ်။ မြတ်စွာဘုရားဟာ အဲ့သည်အကြောင်းတွေကို သိတော်မူတဲ့အတွက် သနားတော်မူသောကြောင့် ရဟန်းဝတ်ပေးလိုက်ခြင်း ဖြစ်တယ်"

"သည်လိုရဟန်းဝတ်ပေးလိုက်တဲ့အတွက် အဆုံးမရှိ-သတ်မှတ်ချက်မရှိ ငရဲခံရတဲ့ဘက အဆုံးရှိတယ်။ သတ်မှတ်ချက်ရှိလာတယ်။ အဲဒါကို သိတော်မူတဲ့အတွက် ဆင်းရဲသက်သာအောင် ဆိုပြီး သနားတော်မူသာဖြင့် ဒေဝဒတ်ကို ရဟန်းဝတ်ပေးလိုက်တယ်"

"မင်းမြတ်-ဥပမာတစ်ခုက ဥစ္စာဘဏ်အား၊ အခြေအရုံအင်အား၊ ဘုန်းကြီးသရေအင်အား၊ ဆွေမျိုးညာတိအင်အား၊ စွမ်းမျိုးနှင့်ပြည့်စုံသော သူဌေးကြီးတစ်ဦးဟာ မိမိဆွေမျိုးသားချင်းတဲမှ ကြီးလေးသော မင်းပြစ်မင်းဒဏ်သင့်နေသူတစ်ဦးဦး

ကိုယ်ဖြစ်ပေ၊ အဆောင်ပုန်းကိုယ်ဖြစ်ပေ၊ မိဘတို့၏ မင်းကျွန်းဝင်တဲ့ အဖြစ်၊ အစုမ်းသတ္တိရှိတဲ့အဖြစ်ကြောင့် လေးလဲတဲ့အဖြစ်ဒဏ်များ ကို ပေါ့ပါးစေဘဝင် လုပ်ဆောင်နိုင်တယ်။

သို့အတူပဲ မင်းမြတ်၊ မြတ်စွာဘုရားသည် ကမ္ဘာတစ်သိန်း၊ မက ရေခံရမယ့်ဒေဝဒတ်ကို ရဟန်းဝတ်ပေးလိုက်လဲ့အတွက် မိမိ၏သီလပျက်ပြားပြီးသည်ကို ဝိမုတ္တိအစုမ်းအားဖြင့် စုမ်းဆောင်နိုင်သည့်အတွက် အင်မတန်ကြီးလေးလား ဆင်းရဲ ခုက္ခများ ကို ပေါ့ပါးလက်သာသွားခဲ့ပါတယ်''

''ခုနောက်ထပ် ဥပမာတစ်ခုက အင်မတန် ဆေးကုလိမ္မာတဲ့ လေးဆရာများဟာ လေးလံပြင်းထန်စွာသော ရောဂါကိုအား ရှိတဲ့ဆေးဝါးဖောက်စားများဖြင့် ပေါ့ပါးသွားအောင် ပြုလုပ်သည့် မြတ်စွာဘုရားသခင် တိုယ်တောင်မြတ်ကလဲ ကမ္ဘာ တစ်သိန်းမက ရေခံရမယ့် ဒေဝဒတ်ကို သက်နှံ့ဝတ်ပေးခြင်းအားဖြင့် ဘုရားအားလေး တိုက်ကျွေးကာ ပေါ့ပါးသက်သာစေအောင် ပြုလုပ်တော်မူပါတယ်''

''အဲဒါဟာလဲ သနားခြင်း ကရုဏာအပြည့် ရှိခြေးကို ဖြောင့်ဖြူနိုင်ဝှမ်းရှိတဲ့ သဗ္ဗညုတဉာဏ်ရှင်ရဲ့သဘောပါပဲ''

''မင်းမြတ်...အဲသည်လို ဒေဝဒတ်ကို ဆင်းရဲဒုက္ခ သက်သာအောင် လုပ်ပေးတဲ့အတက်မြင့်စွာဘုရားသည် တစ်ခု တစ်ခုသော မကောင်းမှုကို လုပ်တယ်လို့ ကိုနိုင်ပါသလား''

မင်းကိုနွယ်ပင်း ။ ။''မဟုတ်နိုင်ပါ ဘုရား.. နှိတ်ခါညှစ် သောတဲ့ လက်ဖုံ့ တစ်ကိုယ်လုံးလောက် ပင်ပန်းတောင်းမှုလုပ်တယ်လို့ မပြောလိုနိုင်ပါ ဘုရား''

အရှင်နာဂသိန်။ ။"သို့ဆိုလျှင် မြတ်စွာဘုရားသည် သနားတော်မူရှိသော မဟာသေးဘူး။ အလုံးစုံသောတရားကို သိတော်မူလို့သော ဒေဝဒတ်ကို ရဟန်းဝတ်ပေးတယ်ဆိုတာထင်ရှားရောပေါ့"

"မင်းမြတ်.... သည့်ထက် အရေးကြီးတဲ့ ထူးခြားတဲ့ အကြောင်းအရာမျိုးကိုလဲ နှားဆောင်ကြည့်ပါဦး။ ဥပမာ အားဖြင့် မင်းကြီး ဟာဒီလိုဟာ သူခိုးအစစ်ပါ။ ထိုက်တန်သောအပြစ်ဒဏ်ကို ပေးတော်မူပါဆိုပြီး သူခိုးတစ်ယောက်ကို မင်းထံ ဖမ်းပိုကြမယ်။ မင်းကလဲ အဲဒီသူခိုးကို ခေါင်းဖြတ်သတ်စေလို့ အမိန့်ပေးလိုက်မယ်ဆိုရင် အာဏာသားတွေက လူသတ်ကုန်းထုတ်သွားမယ်"

"သည်အခါမှာ မင်းနဲ့လဲ အကျမ်းဝင်တယ်၊ ပစ္စည်းဥစ္စာကလဲ အလွန်ချမ်းသာကြွယ်ဝတယ်၊ အလိုရှိကိုင်း လုပ်ကိုင်ဆောင်ရွက်နိုင်တဲ့ အခွင့်အရေးလဲရတယ်၊ မင်းကလဲသူ့စကားကို အလေးအနက်ထား၊ တယ်၊ ယုံကြည်လေးစား၊ တယ်၊ လိုက်နာဆောင်ရွက်တယ်၊ အဲဒီလူက သူခိုးကိုသနား၊ပြီး အာဏာသားတွေကို 'ခေါင်းဖြတ်ပြီး မသတ်ကြပါနဲ့ကွာ၊ ဘကျိုးမရှိပါဘူး၊ လက်ခြေလေးတက်ပဲ ဖြတ်လိုက်ကြပါ။ မင်းကြီးကို ငါကြည့်လျှောက်ပါ့မယ်'လို့ ပြောတယ်"

"အာဏာသားတို့ကလဲ မင်းကြီးကို ပြောဆိုနိုင်ဖဲ့လူဖြစ်သည်ကို သိရှိကြ၍ ခိုးသားကို လက်ဖြတ်၍ မသတ်ပဲ ထားလိုက်ကြတယ်။

"မင်းမြတ်....အဲဒီ့လို ဆောင်ရွက်လိုက်တဲ့အတွက် အဲဒီ့လူဟာ သူခိုးအပေါ်မှာ လုပ်သင့်လုပ်ထိုက်တာကို လုပ်တယ်လို့ ဆိုနိုင်ပါသလား"

မိလိန္ဒမင်း ။ ။"အရှင်ဘုရား....လုပ်သင့်လုပ်ထိုက်တာကို လုပ်တယ်လို့ ဆိုနိုင်ရုံတင် မဟုတ်ပါဘူး၊ ခိုးသား၏ အသက်သခင် ကျေးဇူးရှစ်ပင် ဖြစ်ပါသေးတယ် ဘုရား"

အရှင်နာဂသိန်။ ။"မင်းမြတ် လက်ခြေကိုဖြတ်ပစ်လို့ဆင်းရဲ ဒုက္ခရောက်တာမှန်တယ်၊ အဲဒီ့ဆင်းရဲ ဝေဒနာကြောင့် ကယ်တင်ရှင်ယောဂျားဟာ အပြစ် တစ်စုံ တစ်ခု ရှိထိုက်ပါသလား"

မိလိန္ဒမင်း ။ ။"အရှင်ဘုရား.... ခိုးသားဟာ သူလုပ်တဲ့ ကံကြောင့် သူခံရခြင်းသာဖြစ်ပါသည်။ ကယ်တင်ရှင်ယောဂျားခ္ဍ ဘာအပြစ်မျှ မရှိပါ၊ ကုသိုလ်ပင် ရပါသေးသည် ဘုရား"

အရှင်နာဂသိန်။ ။"မှန်ပေတယ် မင်းမြတ်၊ ထို့အတူပေါ် မြတ်စွာဘုရားသည်ကရုဏာရှင်ဖြစ်တော်မူတဲ့အတွက် ဒေဝဒတ်ကို ရဟန်းဝတ်ပေးလိုက်တာ ဆင်းရဲတွေ့ အမျှားကြီး သက်သာသွားပေတယ်။ ကမ္ဘာတစ်သိန်း မကခံရမယ့်အစား တစ်ကမ္ဘာလောက်သာ ဇရဲခံရမှာဖြစ်တယ် လို့သိတော်မူ၍ ဒေဝဒတ်ကို ရဟန်းဝတ်ပေးလိုက်ခြင်း ဖြစ်တယ်။

"ဒကာတော် မင်းမြတ်၊ ဒေဝဒတ်သေခါနီးမှာ လောကသုံးပါးထက် မြတ်တော်မူသော မြတ်စွာဘုရား။နှတ်ထက်နှတ်ဖြစ်တော်မူသော မြတ်စွာဘုရား.... ဆုံးမထိုက်သူအပေါင်းကို ဉာဏ်ထက်ဝန်းကျင် အပိတ်အပင်မရှိ သိတော်မူသော သဗ္ဗညုတဉာဏ်ရှင်ဖြစ်တော်မူသော မြတ်စွာဘုရား....ရာပေါင်း လေးခုသောင်းမကသော ဘုန်းတော်ယောကျ်ားမြတ်တို့၏ လက္ခဏာတော်နှင့် ပြည့်စုံတော်မူသော ဘုရားသခင်ကိုယ်တော်မြတ်ကို "ဤအရိုး၊ ဤအသက်ဝိညာဉ်တို့ဖြင့် တပည့်တော် ဒေဝဒတ်ဆည်းကပ်ကိုးကွယ်ပါ၏ဘုရား" ဟု ဒေဝဒတ်သေခါနီးအခါကျတော့ သတိတရားချပြီး မြတ်စွာဘုရားကို အသက်ထက်ဆုံးကိုးကွယ်ဆည်းကပ်သွားတယ်။

"မင်းမြတ်၊ ဒေဝဒတ်ဟာ ဒီကမ္ဘာကြီးကိုခြောက်ပုံ ပုံပြီး ပထမတစ်ပုံ ကုန်လွန်တဲ့အခါ သံဃာတော်ကို သင်းခွဲတဲ့ ကံကြောင့် ကျန်တဲ့ငါးပုံပတ်လုံး ငရဲမှာ ခံရမယ်။ ငရဲက လွတ်လားတဲ့အခါမှာ အင်္ဂါသရဆိုတဲ့ ပစ္စေကဗုဒ္ဓါဖြစ်လိမ့်မယ်။"

"မင်းမြတ်....အဲဒီလို လုပ်လိုက်တဲ့အတွက် မြတ်စွာဘုရားဟာ ဒေဝဒတ်အပေါ် လုပ်သင့်လုပ်ထိုက်တာကို လုပ်တယ်လို့ ဆိုနိုင်တယ် မဟုတ်လား"

မိလိန္ဒမင်း ။ ။"အရှင်ဘုရား.... ဒီလို လုပ်ပေးလိုက်တဲ့ အတွက် ဒေဝဒတ်ဟာ ပစ္စေက ဗုဒ္ဓါဘုရားငယ်ဖြစ်မယ်။ သို့အတွက်ကြောင့် မြတ်စွာဘုရားသည် ဒေဝဒတ်အတွက် လုပ်သင့် လုပ်ထိုက်တာတွင်မက အကုန်လုံး လုပ်ပေးလိုက်တယ်လို့ ဆိုနိုင်ပါတယ်ဘုရား။ ဒေဝဒတ်အတွက် လုပ်စရာကို မကျန်တော့ပါဘူး ဘုရား"

အရှင်နှောဂသိန်။ ။"မှန်ပေတယ် မင်းမြတ် ဒါကြောင့် ဒေဝဒတ်ဟာသံသာကို သင်းခွဲလိမ့်မယ်၊ သင်းခွဲရင် ငရဲမှာခံရမှာကို သိရက်သားနဲ့ရဟန်းဝတ်ပေးလိုက်လဲ အပ္ပာက် မြတ်စွာဘုရားမှာ အပြစ်တစ်စုံတစ်ရာရှိတယ်လို့ ဆိုနိုင်ပါသလား"

ဝိလိန္ဒမင်း ။ ။"မပြောနိုင်ပါဘုရား၊ ဒေဝဒတ်ဟာ သူ့ကံအတိုင်း သူခံရခြင်းသာ ဖြစ်ပါတယ်ဘုရား။ ဒေဝဒတ် သက်သာခွင့်ရအောင် လုပ်ပေးတဲ့အကျိုးအပြစ်တစ်စုံတစ်ရာရှိတယ်လို့ မဆိုနိုင်ပါဘုရား"

အရှင်နှောဂသိန်။ ။"မင်းမြတ်... ဒါ့ထက် ကောင်းတဲ့ အကြောင်းပြချက်မျိုးကိုတော်ပြပါဦးမယ်၊ ဥပမာ-လူတစ်ယောက်ဟာ လေး-ပြည်-တရုတ်နဲ့ အလွန် ဆိုးရွားတဲ့ အနာကြီးတစ်ခု ပေါက်နေတယ်ဆိုပါတော့၊ ဆရာဝန်နိုင်အောင်လဲ နားကျင်ကိုက်ခဲနေတယ်ဆိုပါတော့၊ ထည်အခါမှာ ဆေးကုလိမ့်မှာတဲ့ဝေဒုက အနာဝကို ကြမ်းတမ်း ပူစပ်တဲ့ဝေးဆေးတင်သင့်လဲ တင်မယ်။ ခေါ်ကြဲ့ ခွဲတန်လဲ ခွဲမယ်။ အဲဒီသည်တို့ အနာပျောက်ဖို့အတွက် ကုသပေးတာဟာ လူနာကို အကျိုးယုတ်စေလိုမှု ပြုလုပ်တာလား၊ ချမ်းသာ စေချင်တို့ ပြုလုပ်တာလား"

ဝိလိန္ဒမင်း ။ ။"မှန်ပါ...အကျိုးယုတ်စေလိုမှု မဟုတ်၊ ပျောက်ကင်း ချမ်းသာစေလိုမှုသာ ဖြစ်ပါသည် ဘုရား"

အရှင်နာဂသိန်။ ။"ဒကာတော်မင်းမြတ်၊ သည်ကဲ့သို့ကုသ
ပေ:တာပါ လူနာဖြစ်သူမှာစား:ဆေ:ခွဲ
ပူလောင်ကျိန်:စပ်မှု၊ စာ:သွာ:ရဲ့ တက်မြောက်စူ:ရှုမှုအတွက် ဒုက္ခ
ရောက်သင့်သလော်ကရောက်တာတော့မှန်တယ်၊သို့သော် ထိုသို့
ပြုလုပ်ကုသမှုအတွက် ဆေ:ဆရာမှာ အပြစ်ရှိတယ်လို့ ဆိုနိုင်
သလာ:"

မိလိန္ဒမင်: ။ ။ပဆိုနိုင်ပါဘုရား... အနာရောဂါကို လျှင်
မြန်စွာ ပျောက်ကင်: ချမ်:သာ စေလို
သော စေတနာဖြင့် ပြုလုပ်ရခြင်:သာဖြစ်သဖြင့် အပြစ် တစ်စုံ
တရာ မရှိသည့်ပြင် နတ်ပြည်သို့ပင် ရောက်နိုင်ကောင်:ပါသည်
ဘုရား"

အရှင်နာဂသိန်။ ။"မှန်ပေတယ် မင်:မြတ်.... ဗုဒ္ဓမြတ်စွာ
ဘုရား:ဟာလဲ ဒေဝဒတ်၏ လွန်ကဲ ပြင်:
ထန်စွာသော ဒုက္ခဆင်:ရဲကို သနား:ညှာတာတော်မူသောအား:
ဖြင့် ရဟန်:ပြုပေ:လိုက်ခြင်:သာ ဖြစ်ပေတယ်"

"မင်:မြတ်.... နောက် ဥပမာတစ်ခု ထုတ်ပြဦ:မယ်....၊ လူ
တစ်ယောက်ဟာ ဆူ:စူ:တယ်ဆိုပါ ဦ:၊ အဲ့ဒီဆူ:ထွက်အောင်
ဘယ်လိုလုပ်မလဲ"

မိလိန္ဒမင်: ။ ။"မှန်ပါ.... ချန်ထက်သော အသုတစ်
ခုခုဖြင့် ကော်တန်လျှင်ကော်၊ စာ:ဖြင့်
ခဲ့သင့် ခဲ့ထုတ်ရပါမည် ဘုရား"

အရှင်နာဂသိန်။ ။"အဲ့ဒီလို လုပ်တာဟာ ထိခိုက် နာကျင်
စေလို၍ လုပ်သလာ:၊ ဆူ:ထွက်အောင်
လို့ လုပ်ရသလာ:"

ဒီလိန္ဒမင်း ။ ။"သူ့ ထွက်အောင်လို့ လုပ်ရတာပေ ဘုရား"

အရှင်နာဂသိန်း။ ။"ဘုရားဘုန်းမဲသားရှင် ဒုက္ခအကြီးအကျယ် မခရောက်ပေဘူးလား"

ဒီလိန္ဒမင်း ။ ။"ဆောက်ပါတယ် ဘုရား၊ သေချာလဲ သေဘေးနိုင်ပါတယ် ဘုရား"

အရှင်နာဂသိန်း။ ။"အာဝေတာ် မင်းမြတ်.... ဒေဝဒတ် ဘုန်းလည်း ထိုအဘူသာ ဖြစ်ပေတော့တယ်၊ သူ့စိုးခံရခြင်းနှင့် ကျွန်ုပ်သော ကြီးမား ပေးလိုလို သည့် ဒုက္ခသိုလ် ကံအတိုက် ယူးကိုခဲ့ထုတ်ခြင်း ဟူသော ရဟန်းပြုပေးခြင်း အမှုဖြင့် ကုသရယ်တင်ရခြင်း ဖြစ်ပေ တယ်၊ သည်လိုမှု မကုသ မကယ်တင်ခဲ့ရင် ဒေဝဒတ်ဟာ ဘဝ်ကမ္ဘာ တင်ယိန်းမက ဘဝအဆက်ဆက် ရေရှည် ခံနေရပေ တော့မယ်"

ဒီလိန္ဒမင်း၏ ပိတိ သောမနဿ

အရှင်နာဂသိန် မရေရာ်မြတ်က ဤသို့လျှင် ဥပမာပေါင်း များစွာဖြင့် ဖြောင့်မှန် လျော်ကန်စွာ ရှင်းပြအပ်သောအခါ ဒီလိန္ဒမင်းသည် မရေရာ်မြတ်အား ဆပ္ပာ ကြည်ညိုရသည် မျှ မဟုတ်သေး၊ မြတ်စွာဘုရားသခင်၏ မဟာကရုဏာတော်ကိုလည်း လွန်စွာကြည်ညိုလေးမြတ်ခြင်းဖြင့် ပိတိသောမနဿ ကြီးစွာ ဖြစ်ပေါ်လာလာရကား....

"အရှင်ဘုရား.... မြတ်စွာဘုရားသည် သံဃာ ဝဋ္ဌဆင်းရဲ ဟည်းဟူသော ရေစုန်သို့ မျောပါနှင်မှမ်းရတော့မည့် ဒေဝဒတ်အား ဝဋ္ဌဆင်းရဲမှ လွတ်ကင်းချမ်းသာစေကြောင်း ဖြစ်သော ခေါ်ဆန်သို့ ကယ်တင်ပို့ဆောင်တော်မူအပ်ပါပေ၏။

"လွဲမှားခြင်း အစပျောက်ထူကြီး အတွင်းဝယ် ရှိရှု ဦးတည်ရာမရှိ၊ တန်ခိုးနာနေစရာမရှိ၊ လမ်းစ ပျောက်နေရရှာ ပေသော ဒေဝဒတ်အား ဦးတည်ရာနှင့်တကွ တန်ခိုးနာ ဖွယ် လမ်းမှန်သို့ ရောက်စေဝအောင် ပို့ဆောင်ညွှန်ပြတော်မူ အပ်ပါပေ၏။

"အဆုံးမရှိ နက်ရှိုင်းလှသော သံသရာဝဋ္ဌဆင်းရဲ ချောက် ကြီးအတွင်းသို့ ကျရောက်ရတော့ဆုံးဆဲဆဲ ဒေဝဒတ်အား အထိုက်အလျောက် ငြိမ်းချမ်း သက်သာရာဖြစ်သော ချောက် အစပ် ကုန်းမြေပြင်သို့ ဆွဲတင်ကယ်မ ထားတော်မူအပ်ပါ ပေ၏။

"အရှင်မြတ်ဘုရား.... ဤသို့လျှင် 'ဇနက ကံ' ခေါ်အပ် သော မူလအကြောင်းရင်း စစ်မြင်ကို လည်းကောင်း၊ 'ဥပ-ကမ္မက ကံ' ခေါ်အပ်သော အလောက်အပုံ အဆွယ်အားပွား များ အကြောင်းကို လည်းကောင်း၊ အရှင်မြတ်မှ တစ်ပါး အခြားသော ပုဂ္ဂိုလ် တစ်ဦးတစ်ယောက်လည်း ပြောင်မှန်စွာ၊ လျှော်ကန်စွာ၊ ရှင်းလင်းစွာ ထုတ်ဖော် ဖြေရှင်းနိုင်ရန်မှာ အလွန်အလွန်ပင် နံခဲဟဉ်းပင်ပန်းတော်မူပါလိမ့်မည် ဘုရား" ဟု လှိုက်လှဲဝမ်းမြောက်စွာ လျှောက်ထားအပ်ပေ၏။

မိလိန္ဒမင်းသည် ထိုသို့ လျှောက်ထားပြီးသည့်အခါ မိမိ ကိုယ်တိုင်လည်း အနားယူသည့်သဘော အရှင်နာဂသိန် မထေရ်မြတ်ကိုလည်း အားနာ ငဲ့ညှာသောအားဖြင့် တစ်ခဏတာမျှ ဆိတ်ဆိတ်နေတော်မူသည်။

ပြီးမှ မြေလျှင်လှုပ်ခြင်းနှင့် စပ်လျဉ်းသော ပြဿနာ တစ်ရပ်ကို စတင် မေးလျှောက်တော် မူပြန်၏။

မြေလျှင်လှုပ်ခြင်း ပြဿနာ

မိလိန္ဒမင်း ။ ။"အရှင်ဘုရား.... မြေလျှင် လှုပ်ခြင်းသည် အကြောင်းတရားရှစ်ပါးရှိသည်။ ရှစ်ကြိမ်မြောက် ဖြစ်သည်ဟု မြတ်စွာဘုရားဟောကြားတော်မူအပ်ပါတယ်၊ ထိုစကားသည် ဘာမျှမချန်ချင်းသည့်စကား၊ တစ်ထစ်ချ ဟုတ်မှန်သည့်စကား၊ ထိုဒေါ်ပြင် နောက်ထပ်ဆိုရန် မရှိဟု အဓိပ္ပာယ် ရပါတယ်"

"အကယ်၍ နောက်ထပ် မြေလျှင် ပြင်းထန်စွာ လှုပ်စရာ အကြောင်းရှိတယ်ဆိုရင်လဲ မြတ်စွာဘုရား ဟောကြားတော် မူခဲ့ပါလိမ့်မယ်၊ ဤသို့လည်း ဟောပြောချက် မရှိပါ။

"သို့သော်....ဝေဿန္တရာမင်း အလှူကြီး ပေးတဲ့အခါ မြေလျှင် အကြီးအကျယ် ခုနှစ်ကြိမ်တောင် လှုပ်တယ်လို့ ဇာတ်တော်မှာ အသေအချာ လာပါတယ်"

"ထိုအချက်ဟာ ကိုးခုမြောက် အကြောင်းတရားလို့ မဆိုသင့်ပါလား ဘုရား၊ အကယ်၍ မြေလျှင် လှုပ်ရခြင်း၏ အကြောင်း တရားဟာ ရှစ်ပါးထဲသာ ရှိတယ်ဆိုခဲ့ရင်

ဝေယျာဒိစ္စရာ မင်းကြီးလူလို့ မြေကြီး ခုနစ်ကြိမ်လှုပ်တယ်ဆိုတဲ့ စကားဟာ မှားနေပါလိမ့်မယ်”

“ဝေယျာဒိစ္စရာမင်းကြီး အလှူပေးလို့ မြေကြီး ခုနစ်ကြိမ် လှုပ်တာ မှန်တယ်ဆိုရင်လဲ ငလျင်လှုပ်ခြင်းဒေကြောင်း (၇) ပါးသာ ရှိတယ်ဆိုတဲ့စကား လွဲနေပါလိမ့်မယ်”

“အရှင်ဘုရား....သည်ပြဿနာဟာ အစုံနှုန်းနှစ်ဖက် ထွက်နေပါတယ်၊ အင်မတန်လဲ သိမ်မွေ့ပါတယ်၊ လူသာမန်တို့ ဖြေဖို့ မလွယ်ပါဘူး၊ အင်မတန် တွေဝေစေပါတယ်၊ နက်နဲလဲ နက်နဲပါတယ်၊ သည်ပြဿနာဟာ အရှင်ဘုရားနဲ့သာ သင့်တော်ပါတယ်၊ အရှင်ဘုရားလို ပညာရှိမှတစ်ပါး အခြားသူ ဖြေဖို့ အင်မတန် ခက်ခဲပါတယ်၊ သို့ပါ၍ အရှင်ဘုရားကိုသာ အားထားပါရစေ ဘုရား”

အရှင်နာဂသိန်း။ ။“မင်းမြတ်.... ‘ရဟန်းတို့.... မြေငလျင်လှုပ်ခြင်း၏ အကြောင်းတရားသည် ရှစ်ပါး ရှိတယ်’ဆိုတဲ့ စကားကို မြတ်စွာဘုရား ဟောကြားတော် မူခဲ့ပါတယ်”

“ဤပြင် ဝေယျာဒိစ္စရာမင်းကြီး အလှူပေးလို့ မြေကြီး ခုနစ်ကြိမ် လှုပ်ခြင်းသည် အဓိမဲ့ဖြစ်တယ်၊ တစ်ခါတစ်ရံဖြစ်တဲ့ ကိစ္စမျိုးဖြစ်တယ်၊ မြေငလျင်လှုပ်ခြင်း အကြောင်းရှစ်မျိုးမှ အလွတ်ဖြစ်တယ်၊ ဤကဲ့သို့ လွတ်နေတဲ့အဘက် အကြောင်းရှစ်ပါးထဲမှာ ထည့်ဘွက်လို့ မရပေဘူး မင်းမြတ်”

“မင်းမြတ်....ဥပမာအားဖြင့် ဝေလာကမှာ မိုးရာသီကို မိုးဦး၊ မိုးလယ်၊ မိုးနှောင်းလို့ သုံးမျိုးသာ ရေတွက်ကြတယ်၊ ထို

မိုးလုံးမျိုးအပြင် အခါမဲ့ ကြားလဲရှိတဲ့မိုးကို ထည့်စဉ်းစားကြည့်ဦး၊ အခါမဲ့ရှိတဲ့ မိုးလို့သာ သီးသန့် အသိအမှတ် ပြုကြတယ်''

''မင်းမြတ်... အဲဒီ ဥပဒေသလိုပဲ၊ လောကဓာတုမင်းကြီး အလှူလုပ်လို့ မြေလျင် ခုနှစ်ကြိမ်လှုပ်ခြင်းဟာ အခါမဲ့မှာဖြစ်တယ်၊ တစ်ခါတာရုံဖြစ်တဲ့ ကိစ္စမျိုးသာဖြစ်တယ်၊ မြေလျင် လှုပ်ခြင်း အကြောင်းတရား ရှစ်ပါးမှ သီးခြား အလုတ်ဖြစ်တယ်၊ ဘုံ အလွှာကောင်းကြောင့် အကြောင်းတရား ရှစ်ပါးတဲ့ တည့်မတ်ကုန်ရာ။

''မင်းမြတ်.... ဗိမာန်ကောင်းတောင်မှ မြစ်ငယ်ငါးကုဗီးဆင်းလာအပ်တယ်၊ သို့သော်.... (၁) ဂင်္ဂါ၊ (၂) ယမုနာ၊ (၃) အစိရဝတီ၊ (၄) မဟီ၊ (၅) သရဘူ၊ (၆) သိန္ဓု၊ (၇) သရဿတီ၊ (၈) ဝေဗြဝတီ၊ (၉) ဝိတံသာ၊ (၁၀) စန္ဒဘာဂါ ဆိုတဲ့ မြစ်(၁၀) ခုကိုသာ မြစ်အဖြစ် မရေတွက်ကြဟူး။

''မင်းမြတ်.... မင်းမြတ်မှာ အမတ်တွေ တစ်ရာနှစ်ရာရှိပေမယ့် အမတ်(၆)ယောက်ကိုသာ အမတ်လို့ခေါ်တယ် မဟုတ်လား၊ (၁) စစ်သူကြီး၊ (၂) ဝုရောဟိတ်၊ (၃) တရားသူကြီး၊ (၄) ဘဏ္ဍာစိုး၊ (၅) ထီးတော်မိုး၊ (၆) သံလျက်စွဲ၊ အဲဒီ ၆-ယောက်ကိုသာ အမတ်လို့ခေါ်တယ်၊ ဘာကြောင့်လဲဆိုတော့ ပင်းကိုစွ မင်းအကျိုးနှင့် အမြဲတမ်း ဆက်စပ်နေလို့ ဖြစ်တယ်၊ ကျန်တာတွေကျတော့ သာမည အမတ်အဖြစ်သာ ရေတွက်တယ် မဟုတ်လား။

"နောက် ဥပမာ တပ်ခုကတော့ မြက်ခွာတဲ့ကုန်းသာသနာတော် ကြီးမား လှပြည့် နတ်ပြည် ကျော်ကြားပြီး လက်တွေ့ဒီဌမ္ဘာကျိုး ခံစားရတဲ့လူတွေကို ကြားဖူးတယ် မဟုတ်လား"

မိလိန္ဒမင်း ။ ။"မှန်ပါ... ကြားဖူးပါတယ် ဘုရား။ ဘုံ သုံးဖျာမှာ (၁) သုမန ပန်းသယ်၊ (၂) ဒကသာဒွာရ ပုဏ္ဏား၊ (၃) ပုဏ္ဏား ဘုရင်ကြီး၊ (၄) မလ္လိကာမိဖုရား၊ (၅) ဧကပါလမဟာတာ မိဖုရား၊ (၆) သုပ္ပိယာဥပါသိကာမ၊ (၇) ပုဏ္ဏခေါတဲ့ ကျွန်မ၊ ထိုသူမုနစ်ယောက်ဟာ လူ့ပြည် နတ်ပြည် ကျော်ကြားပြီး လက်တွေ့ ဒီဌမ္ဘာ အကျိုးခံစားကြရပါတယ် ဘုရား"

အရှင်နာဂသိန်း။ ။"ဟိုနေ့ကလည်း လူ့ဘဝနဲ့ နတ်ပြည်ရောက် တဲ့လူတွေကော ကြားဖူးတယ် မဟုတ်လား"

မိလိန္ဒမင်း ။ ။"ကြားဖူးပါတယ် ဘုရား"

အရှင်နာဂသိန်း။ ။"ဘယ်လူတွေလဲ"

မိလိန္ဒမင်း ။ ။"မှန်ပါ (၁) ဂုဏ္ဍိလဆောင်းသမား၊ (၂) သာဝိဏမင်း၊ (၃) ဒနမိမင်း၊ (၄) မန္ဒာတာမင်း၊ အဲဒီ လေးယောက်ဟာ လူ့ဘဝနဲ့ နတ်ပြည် ရောက်တယ်ဆိုပြီး ကြားဖူးပါတယ် ဘုရား"

အရှင်နာဂသိန်း။ ။"မင်းမြတ်... လွန်ခဲ့တဲ့ အချိန်အခါကပဲ ဖြစ်ဖြစ်၊ လောလောဆယ်ပဲ ဖြစ်ဖြစ် အလှူကြီးပေးလို့ ပြောလျှင် လှပ်တယ်ဆိုတာ သင်မင်းမြတ် ကြားဖူးပါသလား"

မိလိန္ဒမင်း ။ ။"မကြာ:ဖူ:ပါ ဘုရား"

အရှင်နာဂသိန်။ ။"ငါလဲပဲ ပိဋ္ဌကတ်သုံ:ပုံ သင်လို့ကုန်ပြီ၊ ဆရာသမား:တွေကို မေ:လို့ စုံပြီ၊ ဝေဿန္တရာမင်း:ကြီ:ကို အပ်ထာ:ပြီ: ဘခြာ:လူတွေ အလ္လ လုပ်လို့ မြေလျှင် လှုပ်ဘယ်ဆိုတာ တစ်ခါမှ မကြာ:ဖူ:ဘူ:"

"မင်:မြတ် .. ဝေဿန္တမင်:ကြီ: တစ်ယောက်ထဲ ကျမှသာ မြေကြီ: ခုနစ်ကြိမ်တောင် လှုပ်တတ်၊ အင်မတန် ဂုဏ်ကျေ:ဇူ: ဆိုတဲ့ ဝန်ထုပ် ဝန်ပို:ကြီ:ဟာ အလွန်ကြီ:မာ: ပြည်နှက်နေလို့ မြေကြီ:က ထမ်:ထာ:လို့ မရနိုင်တော့ဘူ:၊ အဲ့ဒါကြောင့် ဝေဿန္တရာမင်:ကြီ: အလှူပေ:တဲ့အခါ မြေကြီ:ဟာ ပြင်: စ္ဌာ တုန်လှုပ်ခြင်: ဖြစ်တယ်"

"ဥပမာအာ:ဖြင့် မနိုင်တဲ့ဝန်၊အလွန်လေ:တဲ့ဝန်ကို တင်လို့ လှည်:တွေ့ ကျို:ပဲ့ ကုန်ရသလိုပဲပေါ့ မင်:မြတ်၊ နောက် ဥပမာ တစ်ခုက လေဟုန်ရေဟုန် ဖုံ:လွှမ်:သွာ:တဲ့အခါ ရေလုံ: ရေခဲ ပြည့်နှက်သွာ:ပြီ: လေကြမ်:နှင့် တွေ့ဆုံထိခိုက်လို့ မိုး ချုန်:တယ်၊ ဂျုံ:ဂျုံ:ဂျိုင်:ဂျိုင်: မြည်တယ်"

"သည်နည်:အတိုင်:ပဲ ဝေဿန္တရာမင်:ကြီ: အလှူပေ:တဲ့ အခါ အလှူရဲ့စွမ်:အာ:ဟာ အလွန်ကြီ:မာ: ပြည့်နှက်နေလို့ ခမြေကြီ:ဟာ ထမ်:မထာ:နိုင်တော့ဘဲ ပြင်:စ္ဌာ တုန်လှုပ်ခြင်:၊ တငြိမ့်ငြိမ့်လှုပ်ခြင်: ဖြစ်ရပေတယ်"

"မှန်တယ် မင်:မြတ်....ဝေဿန္တရာ မင်:ကြီ:၏ စိတ်တော် ဟာ ရုဂ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ၊ ကိလေသာဆိုတဲ့ ဘရား:ဆို:တွေ့ မဖြစ်ဘူ:၊ စင်စစ်တော့ ဒါနဲ့၏ အာ:အစွမ်:က

အလှူနှမျှားတယ်၊ မလာဖူးသေးတဲ့ ဖုန်းတောင်းယာ စကား တွေ့လဲ လာပါစေ၊ လာပြီးတဲ့ သူတွေ့လဲ အလိုရှိတိုင်း ဝမ်း မြောက် ဝမ်းသာ ဖြစ်ပါစေဆိုတဲ့ လှူပုံတန်းဖိုပဲ အမြဲမပြတ် စိတ်စောနေတယ်၊ မျှော်လင့်နေတယ်''

''မင်းမြတ် ဝေဿန္တရာမင်းကြီးသည် အမြဲတမ်း ဆယ် ပါးသောအရာမှာ စိတ်ကိုသာတယ်။

(၁) ကျိုးနွံစွာ ဆုံးမခြင်း၊ (၂) ညီညွတ် မျှတခြင်း၊ (၃) သည်းခံခြင်း၊ (၄) ဂုဏ်နှင့်ကို စောင့်စည်းခြင်း၊ (၅) အမြဲ သီလစောင့်ခြင်း၊ (၆) အခါခါ သီလ စောင့် ခြင်း၊ (၇) အမျက် မထွက်ခြင်း၊ (၈) မညှဉ်းဆဲခြင်း၊ (၉) မှန်ကန်စွာ ပြောဆိုခြင်း၊ (၁၀) ဖြူစင်ခြင်း၊ အဲဒီ (၁၀)ပါးထဲမှာပဲ စိတ်ကို အမြဲထားတော်မူတယ်''

''မင်းမြတ်.... ဝေဿန္တရာမင်းသည် ကာမဂုဏ်ကို ပယ် တယ်၊ လူ့ဘဝ၊ နတ်ဘဝကို မတောင့်တဘူး၊ မြတ်သော အကျင့်ကိုကျင့်ဖို့ လိုလားတောင့်တတယ်''

''မင်းမြတ်-ဝေဿန္တရာမင်းကြီးသည် မိမိကိုယ်ကိုမစောင့် မရှောက်ဘူး၊ သတ္တဝါအများကိုသာစောင့်ရှောက်တယ်၊ဘယ် နည်းနဲ့ သတ္တဝါတွေ ညီညွတ်ပါ့မလဲ၊ အနာရောဂါ ကင်းပါ့ မလဲ၊ပစ္စည်းဥစ္စာရှိပါ့မလဲ၊ အသက်ရှည်ပါ့မလဲ၊ အဲဒါတွေကို သာ စိတ်ကူးနေတာက များတယ်၊ အဲဒီ့မှာပဲ စိတ်ကိုထား တယ်''

''အလှူပေးတဲ့အခါမှာလဲဘဝကိုပယ်ခိုင်ဘူး၊ ပဋ္ဌာန်းဥစ္စာ ကိုလဲ မလိုလားဘူး၊ ဖြားယောင်းသွေးဆောင်လိုလိုလဲမဟုတ်

ဘူး၊အသက်ရှည်လိုလို၊လဲမဟုတ်ဘူး၊အခြံအရုံအဝကျော်အရေးစာ ရေးခြင်လို့လဲမဟုတ်ဘူး''

''အမှန်စင်စစ်ကတော့သမ္ဘည်ုတဘက်တစ်ခုတည်းအတွက် ကြောင့်သာ အတုမရှိအလှနန်းမှန်ပြတ်တဲ့ အလှကြီးမှာ ပေး လှူခြင်းဖြစ်တယ်''

''ဘုရားအဖြစ် ရောက်ခဲ့အပါကျတော့ မြတ်စွာဘုရား တာ...''

''ငါသည် သားတော်စားလိန္ဒနှင့် ခွေးဝဲဒီးကဿာဇိန်ကိုကို လည်းကောင်း၊လင့်အလိုလိုက်လင့်အကြိုက်ဆောင်ရွက်တတ်တဲ့ မဒ္ဒီမိဖုရားကိုလည်းကောင်း ပေးလှူခြင်းသည် သမ္ဘည်ုတဘက် တစ်ခုတည်းအတွက် ပေးလှူခြင်းဖြစ်သည်၊ တခြား ဘာတည်း စိမ်ကိုမျှ ကြံစည်စိတ်ကူးခြင်းမဖိုးကူးလို ပြန်လည်ကျေးဇူးတော်မှု တယ်''

''မင်းမြတ်... ဝေဿန္တရာမင်းကြီးသည် အမျက်မထွက်တဲ့ အတွက် အမျက်ထွက်သူကို အောင်နိုင်ပါ၏။ နှမြောစေးနဲ့ တဲ့သူကို ပေးလှူခြင်းဖြင့်အောင်နိုင်ပါ၏။ မမှန်မကန် ပြော ဆိုတဲ့သူကိုအမှန်ပြောဆိုခြင်းဖြင့်အောင်နိုင်ပါ၏။မကောင်း မှု အကုသိုလ်ကို ကုသိုလ်ကောင်းမှုနဲ့အနိုင်ယူအပ်တယ်''

''အဲဒီ လိုပေးလှူတဲ့ တရားအစဉ်ကိုလိုက်ပြီး တရားကိုသာ အမှီသဟဲပြုတဲ့ ဝေဿန္တရာမင်းကြီး၏ အလှ အကျိုးဆက်နှင့် အားကြီးတဲ့ လုံ့လတွေဟာ ပြန့်ပွားပျံ့ပယ်လာသောကြောင့် ရေတွေကိုခံသားတဲ့ လေလုံဟာ အမျိုးမျိုးအဖုံဖုံ လှပ်ရှားလာ ရတယ်''

"ဘယ်လိုနေလဲလုပ်ရှား၊တဲ့အတွက် ရေတုဟာလဲ အမျိုးမျိုး လုပ်ရှားလာရတယ် အဲဒီ့လိုလုပ်ရှား၊တဲ့အတွက်ကြောင့်ပဲ တောတောင်ရေမြေသမုဒ္ဒရာပါမကျန် မဟာပထဝီမြေကြီး၊ဟာ သွက်သွက်ခါအောင်လုပ်ရခြင်း ဖြစ်တယ်"

"ဥပမာအား၊ဖြင့် ဆန်နှင့်ဂရ အပြည့်ကျည်ပြီး၊တည်ထား၊တဲ့ ထမင်း၊အိုး၊ကြီး၊ကို ဖောက်တဲနေပြီး ပိုး၊ဖြင်း၊ဝိုက်မယ် သိုရင် ပထမ အိုး၊ကိုပူမယ်၊ အိုး၊ပူ၊တာ့ရေပူမယ်၊ ရေပူ၊တော့ ဆန်၊တွေ ပူလာမယ်၊ ဆန်ပူလာတဲ့အခါမှာ မြုပ်လိုက် ပေါ်လိုက် ပွက်လိုက် ဖြစ်မယ်၊ ပွက်ပွက်ဆူ၊လာရင် အမြုပ်ထမယ်၊ ဝေဟျ မယ်"

"အဲဒီ့ဥပမာလိုပဲ...၊ ဝေယျာဒကမင်း၊ကြီး၊သည် စွန့်နှိုင်ခဲ့ သော သား၊မယား၊ဇနီးကိုစွန့်တယ်၊ အဲဒီ့အကျိုး၊ဆက်ကြောင့် ရေရှည်ကို လေထုကပြင်း၊ထန်စွာလုပ်တယ်၊ လေလုပ်တော့ ရေထု လဲ ပြင်း၊ထန်စွာလုပ်ရှား၊လာတယ်၊ ဒေါသထွက်လုပ်တော့ မြေထုလဲ ဆူကြိုး၊အကျယ် တုန်လှုပ်တော့တာပဲ၊ လေရယ်၊ မြေရယ်၊ ဝေ ရယ်၊ သည်သုံး၊ခုဟာ ဘာ့ကြောင့်တည်တည်တည့်တည့် တစ်ဝိတ်-တစ်သားတည်း၊ဖြစ်ပြီး လုပ်လဲဆိုရင်...."

"လောကမှာ ဝေယျာဒကမင်း၊ကြီး၊အလှူ၊နဲ့ကူ၊အောင် လှူ၊ တဲ့လူမရှိဘူး၊၊ တန်ခိုး၊အာနုဘော်ချင်းလဲမတူဘူး၊ အဲဒါ ပါကြောင့် ဖြစ်တယ်"

"မင်း၊မြတ်...အင်မတန်အဖိုး၊တန်တဲ့ ကျောက်မျက်ရတနာ အမျိုး၊မျိုး၊ကိုတာ မြေကြီး၊ထဲမှာရှိတယ်၊ သို့သော်မြေကြီး၊ကဲ့ မှာ အဖိုး၊တန်ရတနာတွေဘယ်လောက်များ၊များ စကြ၊ဝဠာ၊

မင်းရဲ့ ပတ္တမြားရတနာကို မမီဘူး၊ မြတ်လဲ့ မမြတ်ဘူး၊ စကြဝဠာတောမင်းရဲ့ ပတ္တမြား ရတနာဟာ ယူဇနာတစ်ကုဋေဝိုင်းဝိုင်း ထွန်းလင်းတောက်ပနိုင်တယ်''

''ဤနည်းတူ အလွန်ကဲဆုံး အသဒိသ ဒါန ဖြစ်စေကာမှု မြေပေါ်ရှိ အလုံးစုံသော ဒါနတော်ဟာ ဝေဿန္တရာမင်းကြီးရဲ့ ဒါနကိုမမီဘူး၊ ဝေဿန္တရာမင်းကြီးရဲ့ဒါနကသာ အမြတ်ဆုံးလို့ ဆိုရတယ်၊ ဒါကြောင့် ဝေဿန္တရာမင်းကြီးလို့တဲ့အခါမှာ မြေကြီးခုနစ်ကြိမ်တောင်လှုပ်ရခြင်း ဖြစ်ပေတယ်''

ထိုအခါ၌ မိလိန္ဒမင်းသည် ဝေဿန္တရာမင်းကြီး သဒ္ဓါတရား၊ ကို လွန်စွာ ကြည်ညိုရခြင်းအားဖြင့် အရှင်နာဂသိန်မထေရ်မြတ်အား နှစ်သက်ရွှင်လန်းစွာ ဝမ်းမြောက်လှိုက်လှဲစွာ ဤသို့ တုန့်ပြန်လျှောက်ထား၊အပ်ပေ၏။

''အရှင်ဘုရား.... ဘုရားရှင်တို့၏ဂုဏ်တော်သည် အလွန်အံ့ချီးလောက်ပါသည်၊ မဖြစ်ဖူးမြဲထူးကဲလွန်းလှပါသည်၊ မြတ်စွာဘုရားသည်ဘုရားအလောင်းသာဖြစ်ပါသေးလျက် သူမတူအောင်သည်းခံနိုင်ပါသည်၊ သူမတူတဲ့စိတ်၊သူမတူတဲ့အာသာဆန္ဒလဲ ရှိတော်မူပါသည်။

''အရှင်ဘုရား.... ဘုရားလောင်း ဒေစူမ်းကိုလဲ ထင်ရှားစွာပြအပ်ပါပြီ၊ ပါရမီတော်ကိုလဲ ထွန်းလင်းစေအပ်ပါပြီ၊ အင်မတန် မြတ်သည့်အဖြစ်ကိုလဲ ပြတော်မူအပ်ပါပြီ။

''အရှင်ဘုရား.... အင်မတန်မှကောင်းမြတ်လှပါတယ်....! မြတ်စွာဘုရားသာသနာကို ချီးကျူးအပ်ပါတယ်၊ တိတ္ထိတို့ရဲ့ ဝါဒအဖုအထုံးကိုလဲ ဖြတ်အပ်ပါပြီ၊ သူတစ်ပါးတို့ရဲ့ စွဲလမ်းချက်ကိုလဲ ခွဲဖျက်အပ်ပါပြီ၊ နက်နဲတဲ့အမေးပုစ္ဆာကိုလဲ ပေါ်

လှုင်အောင် ဖြေဆိုအပ်ပါပြီ၊ အရှုပ်ကိုလဲ ရှင်းလင်းအပ်ပါပြီ၊ ဘုရား:သာ:တော်မျာ:သည်အေ:ငြိမ်:မှုကိုရအပ်ပါပြီ၊ ဂုဏ်:မှု:တို့၏ အချုပ်၊ အထွတ်အမြတ်ဖြစ်တော်မူသောအရှင်ဘုရား:.... ဤအတိုင်:ဟုတ်မှန်ပါသည်၊ အရှင်ဘုရား:အမိန့်ရှိတိုင်: ဝန်ခံအပ်ပါသည် အရှင်ဘုရား:''

မြေလျှင်ပြဿနာနှင့် ပတ်သက်၍ ဝေဿန္တရာမင်:ကြီ:၏ ထူ:ခြား:စွာသော အလှူ့အကြောင်:ကို သိရပြီ:နောက် မိလိန္ဒမင်:သည် ဤသို့ ဆက်လက်လျှောက်ထား:ပြန်၏။

သိဝိမင်: မျက်လုံ:ကို တုတ်၍လှူခြင်:

မိလိန္ဒမင်: ။ ။''အရှင်ဘုရား- သိဝိမင်:ကြီ:ဟာ အလှူ့ခံ ပုဏ္ဏား:တွေကို မျက်လုံ: ဖောက်လှူ့လိုက်တယ်၊ ထိုအခါမှာ နတ်မျက်စိတွေ အစား:ပြန်ဖြစ်တယ်လို့ မိန့်ဆိုကြပါတယ်''

''သည်စကာ:ဟာ အပြစ်မလွတ်ပါဘူ:၊ တစ်ဖက်ဝါဒီတို့ ထို:နှက်ဖို့အချက် အကွက်ကောင်:လဲ ဖြစ်ပါတယ်၊ ဒေါသလဲ သင့်နေပါတယ်။

''အကြောင်:ကိုပယ်ထား၍ အကြောင်:မဲ့လုတ်သော် မှီရာမရှိဘဲ နတ်မျက်စိဖြစ်ခြင်:မရှိလို့လဲ ဘုတ္တန်မှာဟောထား:တော်မူပါတယ်။

''အရှင်ဘုရား.... သိဝိမင်:ကြီ:ဟာ အလှူ့ခံ ပုဏ္ဏား:တွေကို မျက်လုံ:ဖောက် လှူ့တယ်ဆိုတဲ့စကား မှန်ရင် တစ်ဖန်- နတ်မျက်စိတွေ ဖြစ်တယ်ဆိုတဲ့စကား မှား:ပါလိမ့်မယ်။

"နတ်မျက်စိ ဖြစ်တယ်ဆိုတဲ့စကား မှန်ရင်လဲ အလှူခံ ပုဏ္ဏားတွေကို သိဝိမင်းကြီး မျက်လုံး ပေးတော်လှူတယ်ဆိုတဲ့ စကား မှားပါလိမ့်မယ်။

"သည်ပြဿနာဟာ အစဉ်နှစ်ဖက် ထွက်နေပါတယ်၊ ရေးလုံးရစ်ပတ် ဖြစ်နေပါတယ်၊ ရှုပ်သည်ထက် ရှုပ်နေပါတယ်၊ အရှင်ဘုရား... သည်ပြဿနာကို တစ်ဖက်ဝါဒီတို့ မလုန်နိုင်မအောင်ကြားဝင်မလာနိုင်အောင် အကြောင်းပြချက် ခိုင်ခိုင်လုံလုံနှင့် ပြောရှင်းပေးမှပါ ဘုရား"

အရှင်နာဂသိန်။ ။"မင်းမြတ်... သိဝိမင်းကြီး မျက်လုံး ပေးတော်ပြီး အလှူခံ ပုဏ္ဏားတွေကို လှူတယ်ဆိုတာ မှန်တယ်၊ ဘာမှ သံသယဖြစ်စရာ မလိုဘူး၊ တစ်ဖန် နတ်မျက်စိ ဖြစ်လာတယ်ဆိုတာလဲ မှန်တယ်၊ အဲဒီ စကားကိုလဲ သံသယ မဖြစ်ပါနှင့်"

မိလိန္ဒမင်း ။ ။"အရှင်ဘုရား... မေးလျှောက်ပါရစေဦး၊ အကြောင်းကိုပယ်ပြီး အကြောင်းမရှိတဲ့ နတ်မျက်စိ ဖြစ်တယ်ဆိုတာ ဟုတ်နိုင်ပါသလား"

အရှင်နာဂသိန်။ ။"မင်းမြတ်... အကြောင်းမရှိတဲ့ ဘာမျှ မဖြစ်နိုင်ဘူး"

မိလိန္ဒမင်း ။ ။"အရှင်ဘုရား... နတ်မျက်စိ ဖြစ်တယ်ဆိုတဲ့ နေရာမှာ အကြောင်းတရားက ဘာတွေပါသလဲ ဘုရား"

အရှင်နာဂသိန်။ ။"မင်းမြတ်... လောကမှာ သစ္စာ ဆိုခြင်း၊ သစ္စာပြုခြင်းမျိုးနှင့် ပတ်သက်လို့ 'သစ္စာ'ဆိုတာ ရှိတယ် မဟုတ်လား"

မိလိန္ဒမင်း ။ ။"ရှိပါတယ် ဘုရား"

အရှင်နာဂသိန်။ ။"မင်းမြတ်... လောကကြီးမှာ အမှန်စကားဖြစ်သော လောကသစ္စာကိုဆိုတဲ့ အတွက် မိုးကို ရွာစေတယ်၊ မီးကို ပြန်းစေနိုင်တယ်၊ အဆိပ်ကို ပြေစေနိုင်တယ် မဟုတ်လား"

မိလိန္ဒမင်း ။ ။"မှန်ပါ... သစ္စာဟူသည် ကူးခြားစွာသော ကိစ္စများကိုလဲ ပြုလုပ်နိုင်ပါတယ် ဘုရား"

အရှင်နာဂသိန်။ ။"မင်းမြတ်... သည်လိုဆိုရင် သိဝိမင်းကြီး၏ သစ္စာအစွမ်းကြောင့် နတ်မျက်စိ ဖြစ်သာရတယ်ဆိုတာ ငြင်းချက်ထုတ်ဖို့ လိုသေးသလား၊ မင်းမြတ်... သစ္စာကိုတာဟာ အကြောင်းတရားပဲ၊ အဲဒီသစ္စာရဲ့ အစွမ်းကြောင့် အမှိုမရှိပေမယ့် ယုတ္တိမဟန်ပေမယ့် နတ်မျက်စိ ဖြစ်ဟာရတယ်"

"ဆိုလိုတာကတော့ သစ္စာသည်ပင် အကြောင်းတရား၊ သစ္စာသည်ပင် မှီရာဖြစ်တယ်၊ ဒါ့ကြောင့် နတ်မျက်စိ ဖြစ်လာရတယ်။

"မင်းမြတ်... သတ္တဝါ အားလုံးက မိုးကြီး ရွာချခေသတည်းလို့ သစ္စာဆိုကြတယ်၊ ဒီလို သစ္စာဆိုတာနဲ့ တပ်ပြိုင်နက် မိုးကြီး ရွာချတာ၊ ဒီလို မိုးရွာချတဲ့အခါ လောင်းကင်မှာ မိုးရွာဖို့ ... ဝင်ရှိသလား"

မိလိန္ဒမင်း ။ ။"မရှိပါ ဘုရား... မိုးရွာချခြင်းသည် မိုးကိုရွာစေနိုင်တဲ့သစ္စာ,ဘုရားသည်သာ တည်ရာအကြောင်း ဖြစ်ပါတယ် ဘုရား"

အရှင်နာဂသိန်း။ ။"ဒကာတော် မင်းမြတ်.... အဲဒီ ဥပမာ လိုပဲ နတ်မျက်စိ ဖြစ်လာတာလဲ ပကတိ အကြောင်းတော့ မရှိဘူး၊ သို့သော် နတ်မျက်စိ ဖြစ်လာအောင် စွမ်းနိုင်တဲ့ သစ္စာသည် တည်ရာအကြောင်း၊ ထိုသစ္စာသည်ပင်လျှင် အကြောင်းရင်း အခြေခံဖြစ်ပေတယ်။

"မင်းမြတ် ဒီနည်းအတိုင်းပဲ မီးလောင်နေတဲ့ အခါမှာလဲ သစ္စာနဲ့မီးကို ငြိမ်းစေနိုင်တယ်၊ အဆိပ်ကိုလဲ ပြေစေနိုင်တယ်၊ အခြား လိုအပ်ချက်များကိုလဲ ဖြစ်စေနိုင်တယ်။

"မင်းမြတ်.... အဲဒါတွေဟာ ပကတိ သဘောအတိုင်း မဖြစ်နိုင်ပေမယ့် သစ္စာ၏အစွမ်း၊ သစ္စာ၏ တန်ခိုးကြောင့် ဖြစ်နိုင်တယ်၊ ဒီအချက်မှာ သစ္စာသည်သာ ပရာဇာန်၊ သစ္စာသည်သာ တည်ရာ၊ သစ္စာသည်သာ အကြောင်းရင်း ဖြစ်ပေတယ်။

အရိယ သစ္စာ

"မင်းမြတ်.... အရိယ သစ္စာလေးပါးကို ထိုးထွင်းမှ သိအောင် အားထုတ်တဲ့ နေရာမှာလဲ သစ္စာမှတစ်ပါး အခြား တည်ရာ အကြောင်းမရှိ၊ သစ္စာကို အကြောင်းပြုမှသာ သစ္စာလေးပါးကို ထိုးထွင်း သိနိုင်ခြင်းနိုင်တယ်။

"မင်းမြတ်... စိန်တိုင်းမှ မင်းတစ်ပါးသည် သမုဒ္ဒရာထဲမှာ ရေကစားလိုတဲ့အတွက် လေးလတစ်ကြိမ် သစ္စာဆိုပြီး ရေကစားတယ်၊ အဲဒီအခါမှာ ရထားနှင့်တကွ သမုဒ္ဒရာလယ်ကို တစ်ယူဇနာလောက် ဝင်သွားတယ်၊ ရထားလာတယ်ဆိုရင် ရထားရှေက ရေလုံးကြီးတွေဟာ ဘေးဖယ် နေကြတယ်၊ ရထားပြန်လာမှ ရေပြန်ပြည့်တယ်"

"မင်းမြတ်.... လူတွေ၊ နတ်တွေဟာ ပကတိစွမ်းအားနဲ့ သမုဒ္ဒရာထဲကရေကို ဘေးဖယ်သွားအောင် ဘယ်သူ လုပ်နိုင်မလဲ၊ ကန်ထဲ၊ အိုင်ထဲက ရေကိုပင်လျှင် ပြုလုပ်ဖို့ အင်မတန် ခဲယဉ်းတယ် မင်းမြတ်၊ လောကကြီးမှာ သစ္စာမရောက်တဲ့ အရပ်ဆိုတာ မရှိဘူး၊ သစ္စာနဲ့ မလုပ်နိုင်တာ မရှိဘူး"

"ဒကာတော် မင်းမြတ်... ပါဠိလိပုတ် ပြည့်ရှင်ဘုရင် အသောက မင်းဟောသည် ဇနပုဒ်သူတို့နှင့်တကွ မှူးမတ် စစ်သည် ဗိုလ်ပါအခေါင်း မြို့ရဲလျက် ရေတွေ့ပြည့်လျှံပြီး တဝုန်းဝုန်း စီးဆင်းနေတဲ့ ဂင်္ဂါမြစ်ကြီးကိုတွေ့မြင်တော်မူတဲ့အခါ....

"အချင်းတို့.... မအောက်ဘက်ကိုစုန်ပြီး တစုန်းဝုန်းဘဝေါ ဝေါ စီးဆင်းနေတဲ့ သည်ဂင်္ဂါမြစ်ကြီးကို ဘယ်သူမျှား အထက်ဘက်ကိုဆန်ပြီး ပြန်စီးအောင် လုပ်နိုင်ပါ့မလဲ" လို့ ထူးဆန်းအံ့သြတဲ့ သဘောမျိုး မိန့်ဆိုတော်မူတယ်"

"အမတ်မျှားက— 'အရှင်မင်းမြတ်.... အလွန်ခက်ခဲလှပါတယ် ဘုရား' လို့ ပြန်ပြီးလျှောက်ထားကြတယ်၊ အဲသည်အခါ ဂင်္ဂါမြစ်ကမ်းနားရောက်နေတဲ့ 'ဗန္ဓုမတီ' ပြည့်တန်ဆာမဟာ မင်းကြီးရဲ့စကားကိုကြားပြီး "ဂ္ဂါဟာ ပါဠိလိပုတ် ပြည့်က

'အရှင်မင်းကြီး....အကျွန်ုပ်မှာ သစ္စာ၏တန်ခိုး၊သစ္စာ၏ အစွမ်းသတ္တိရှိပါသည်။ ထိုသစ္စာ၏အစွမ်းသတ္တိဖြင့် ပင်လျှင် ရေဆန်သို့ပြန်၍စီးလေအောင် ပြုလုပ်နိုင်ခြင်း ဖြစ်ပါသည် ဘုရား'

ပြည့်တန်ဆာမဖြစ်တယ်၊ ရုပ်ရေ အဆင်းကိုမှီပြီး အသက်မွေးရတယ်၊ ငါ့ဘဝက သိပ်ယုတ်ညံ့တယ်၊ သို့သော်.... မင်းကြီးသည် ငါ၏ သစ္စာအစုမ်းကို သိစေသတည်း''လို့ ကြံစည်ပြီး သစ္စာဆိုလိုက်တာနဲ့ တစ်ပြိုင်နက် ဂင်္ဂါမြစ်အတွင်းမှာရှိနေတဲ့ ရေကွေ့ဟာ တဝေါဝေါ မြည်ဟီးပြီးတော့ လူအများတို့၏ မျက်စိရှေ့မှောက်မှာပင် အထက် ရေဆန်ဘက်သို့ပြန်ပြီး စီးအပ်တယ်။

''သည်အခါ.... အသောက မင်းကြီးဟာ တဝေါဝေါ မြည်ဟီးနေတဲ့ ရေလှိုင်းသံများနှင့်အတူ အထက်ဘက်ကိုပြန်ပြီး ဆန်နေတဲ့ ရေအလျင်ကို တအံ့တသြကြည့်ပြီး 'အလို.... အမတ်တို့ ဂင်္ဂါမြစ်ကြီးဟာ ဘာကြောင့်များ ရေဆန်ဘက်ကို ပြန်ပြီး စီးနေရပါလိမ့်'လို့ မိန့်တော်မူတယ်၊ အမတ်များက ''မှန်လှပါ.... ဂင်္ဂါမြစ်ရေများ အထက်ကိုပြန်၍ ဆန်တက်ခြင်းသည် ဗုဒ္ဓုတေတီ ပြည့်တန်ဆာမက အရှင်မင်းမြတ်၏ စကားကိုကြားရပြီး သစ္စာဆိုလိုက်ခြင်းကြောင့် ဖြစ်ပါသည် ဘုရား''လို့ ပြန်ပြီးလျှောက်ထားကြတယ်။

အသောက မင်းတရားကြီးဟာ တိုအကြောင်းကို ကြားသိရတဲ့အခါ အင်မတန် အံ့သြ တုန်လှုပ်ရတာနဲ့အမျှ ကိုယ်တော်တိုင်ပင်လျှင် ဗုဒ္ဓုမတီ ပြည့်တန်ဆာမထံ အဆောတလျင်သွားပြီး ''ဟဲ့.... ပြည့်တန်ဆာမ၊ နင် သစ္စာဆိုလိုက်လို့ ဂင်္ဂါမြစ်ရေဟာ ရေဆန်ကိုပြန်ပြီး စီးတယ်ဆိုတာ မှန်သလား''လို့ မေးတော်မူတယ်။

''ပြည့်တန်ဆာမကလဲ ''မှန်ပါတယ် ဘုရား'' လို့ ရဲဝံ့စွာ လျှောက်ဂင်တယ်၊ ''သယ်... နင်လို ပြည့်တန်ဆာမက

သစ္စာပြုလို့ဂင်္ဂါမြစ်ရေဟာ ရေဆန်ကိုပြန်ပြီး စီးရတယ်ဆိုတာ မရှုးသွပ်ဘဲ ဘယ်သူက ယုံမလဲ၊ နင့်မှာ ဘယ်လို တန်ခိုးသတ္တိရှိလို့ အစုမ်းရှိလို့ ဂင်္ဂါမြစ်ကြီးကို ရေဆန်ပြန်စီးအောင် လုပ်နိုင်သလဲ''

''အရှင်မင်းကြီး.... အကျွန်ုပ်မှာ သစ္စာ၏ တန်ခိုး၊ သစ္စာ၏ အစုမ်းသတ္တိ ရှိပါသည်။ ထိုသစ္စာ၏ အစုမ်း သတ္တိဖြင့်ပင်လျှင် ရေဆန်သို့ ပြန်၍စီးလေအောင် ပြုလုပ်နိုင်ခြင်း ဖြစ်ပါသည် ဘုရား''

''ပြည့်တန်ဆာမ.... နင့်အလုပ်ဟာ သူတစ်ပါး လင်သားကို ခိုးတယ်၊ကာမကျူးတယ်၊သတိလစ်မရှိ၊အရှက်အကြောက်လစ်မရှိ၊ ထို့ပြင် မိုက်မဲတဲ့လူမျိုးကိုလဲ လှည့်ပတ် ဖြားယောင်းတတ်သေးတယ်၊ နင်လို မိန်းမယုတ်မှာ ဘယ်နည်းနဲ့ သစ္စာရဲ့ အစုမ်းသတ္တိ ရှိနိုင်မှာလဲ''

''အရှင်မင်းမြတ်.... အရှင်မင်းမြတ် ဆိုဟိုင်းပင် အကျွန်ုပ်မှန်ပါသည်။ သို့သော် သစ္စာပြုနိုင်သော အချက် ကျွန်ုပ်တွင် ရှိနေပါသည်။ ထိုသစ္စာ၏ အစုမ်းကြောင့်ပင်လျှင် လောကကြီးကို ပြောင်းပြန် လှန်နိုင်ခြင်းဖြစ်ပါသည် ဘုရား''

''ပြည့်တန်ဆာမ .. နင့်မှာ သစ္စာ ပြုနိုင်လောက်အောင် ဘာဟော့မျိုး ထူးခြားချက် ရှိနေသလဲ၊ ငါ့ကို ပြန်လျှောက်သားစမ်းပါ''

''အရှင်မင်းမြတ်.... အကျွန်ုပ်သည် ပျော်ပါးရန်အတွက် အခေးကြေးငွေ လက်ခံယူထားပြီး ဖြစ်ခဲ့လျှင် မင်း၊ သူဌေး၊သူကြွယ်၊ ကုန်သည်၊ ဆင်းရဲသား အလုပ်သမား မည်သူ့ကိုပင် ဖြစ်စေ ညီတူညီမျှသာလျှင် ပြုစုဆောင်ရွက်အပ်ပါသည်။ တစ်

ဦးကို ပိုခြင်း၊ တစ်ဦးကို လိုခြင်းမရှိပါ၊ မျက်နှာ လိုက်ခြင်း မယိမ်းမြောင်ပြုခြင်း မရှိပါ၊ ချစ်ခြင်း၊ မုန်းခြင်းလည်း မရှိပါ၊ အခကြေးငွေ ပေးကမ်းသူစိတ်ကျေနပ်စေရန်သာလျှင် ဖြောင့်မှန် မျှတစွာ ပြုစုဆောင်ရွက်လေ့ရှိပါသည်။ ကိုယ်တော်ထား သစ္စာ၏ အစုမ်းကြောင့်ပင်လျှင် ဂင်္ဂါမြစ်ကြီးမှရေများသည် အထက်သို့ ပြန်လည် ဆန်တက်ရခြင်း ဖြစ်ကြောင်းပါဘုရား''

ဒကာတော် မင်းမြတ်.... ဗန္ဓုမတီ ပြည့်တန်ဆာမက သည်ကဲ့သို့ အမှန်အတိုင်း ပြန်ပြီး သံတော်ဦး တင်လိုက်တော့မှ အဓိပ္ပာယ်က မင်းတရားဟာ ပြည့်တန်ဆာမရဲ့ စိတ်သဘောထား နဲ့ သစ္စာရဲ့စွမ်းအင်ကို လေးစားကဲ့ပြားပွား သိနားလည်သားတယ်။

''မင်းမြတ်.. ဤကဲ့သို့ သစ္စာရဲ့ သဘော သစ္စာရဲ့ အစုမ်းကို သိရခြင်းအားဖြင့် သစ္စာဟူသည် အချည်းနှီး ဖြစ်ခြင်း မရှိ၊ ပကတိ မြှုန်ကန်ဖြောင့်မှတ်ခဲ့ချေသော် တစ်ကုဋေတစ်ခုသော အကျိုးတရားကို မုချဖြစ်မြောက် ရရှိစေနိုင်ကြောင်း ကောင်းစွာ ထင်ရှားအပ်ပေတယ်၊ သစ္စာတည်ဖို့၊ သစ္စာမှန်ဖို့သာ အရေးကြီးလှပေတယ်။

''မင်းမြတ်.... သိဝိမင်းကြီးဟာ မျက်စိကိုဖောက်ပြီးလှူ လိုက်တာ မှန်တယ်၊ နောက် သစ္စာဆိုလို့ နတ်မျက်စိပြန်ရတာလဲ မှန်တယ်၊ မံသစက္ခု ပျက်သွားခဲ့လို့ရှိရင် အကြောင်းတည်ရာ မရဘဲ ဒိဗ္ဗစက္ခု မဖြစ်နိုင်လို့ သုတ္တာန် ဒေသနာတော်မှာ ဟောကြားတော်မူတာက ဘာဝနံ့ ဒိဗ္ဗစက္ခုကိုဆိုလိုတယ်၊ (တရားအားထုတ်၍ ရုဒ္ဓပ်သော ဒိဗ္ဗစက္ခုဉာဏ်ကို ဆိုလိုသည်။)

"မင်းမြတ်.... ယခုလောက်ဆိုရင် အကြောင်းအကျိုး ခိုင်လုံ ကျေနပ်လောက်ရောပေါ့"

မိလိန္ဒမင်း ။ ။"မှန်ပါ....အရှင်ဘုရား၊ကဲ့သို့သောပုဂ္ဂိုလ် ကား ရှာမှရှာ ဖြစ်ပါတော့သည် ဘုရား၊ အရှင်ဘုရားသည် သူတစ်ပါးတို့၏ စွပ်စွဲ ထိုးနှက်ချက်ကို ခိုင်ကျည်ပြုတ်သားစွာဝင် ချိုးဖျက် ချေပနိုင်ပါပေသည် ဘုရား"

ကိုယ်ဝန်တည်ပုံ ပြဿနာ

မိလိန္ဒမင်း ။ ။"အရှင်ဘုရား.... အကြောင်း သုံးပါး ပေါင်းစုံညီသ့ွတ်မှ ကိုယ်ဝန် တည်နိုင်တယ်! (၁) မိဘနှစ်ပါး ပေါင်းစုံ စပ်ယှက်မှု၊ (၂) ဓမ္မတာ လာပြီးစ အချိန်၊ (၃) သန္ဓေလောင်း၏ ရှေ့ရှုခိုက်၊ သည်အင်္ဂါသုံးချက်နှင့် ညီသ့ွတ်မှ သန္ဓေတည်နိုင်တယ်လို့ ဗုဒ္ဓကိုယ်တိုင် ဟောတော်မူပါတယ်၊ ဒီစကားဟာ ပြည့်စုံတဲ့စကား၊ မှုချစကား၊ လူနတ်အလယ်မှာ ဟောတဲ့ စကားဖြစ်ပါတယ်၊ ဘာမှ ပရိယာယ် မပါဘူး၊ ဘာမှ ချန်မထား လျှို့ဝှက်ချက် မရှိပါဘူး ဘုရား။

"သို့သော် အကြောင်းနှစ်ပါးထဲ ပြည့်စုံတာနဲ့ ကိုယ်ဝန်ရတာကိုလဲ တပည့်တော် တွေ့နေပါတယ်၊ ဥတုလာပြီးစမှာ ချက်ကို လက်နဲ့ရုံ့စ်လို့ သုဝဏ္ဏသာမ၊ မဏ္ဍဗျလုလင်တို့ မွေးဖွားလာကြပါတယ်။

"အရှင်ဘုရား.... အကြောင်းသုံးပါးဆိုမှ သဒ္ဓရတယ် ဆိုတဲ့စကားမှန်ရင် ချက်ကို လက်နဲ့ရစ်လို့ သဒ္ဓရတယ်ဆိုတဲ့ စကားဟာ မှားပါလိမ့်မယ်။

"ချက်ကို လက်နဲ့ရစ်လို့ သဒ္ဓရဘယ်ဆိုတဲ့စကား မှန်ရင်လဲ အကြောင်းသုံးပါးဆုံမှ သဒ္ဓရတယ်ဆိုတဲ့ စကားဟာ မှားတန်ရုပါသည်။

"ဤကဲ့သို့ အစွန်းနှစ်ဖက်ထွက်နေတဲ့ ပြဿနာဟာ အစဉ်းစားရ ခက်နေပါတယ်၊ အလွန် နက်နဲလှပါတယ်၊ ပညာရှိတို့နှင့်သာ ထိုက်တန်ပါတယ်၊ ယုံမှားခြင်းပျောက်အောင် အသိဉာဏ် ဆိမ်းကို ထွန်းညှိပေးတော်မူပါ ဘုရား"

အရှင်နာဂသိန်။ ။"မင်းမြတ်.... အကြောင်းသုံးပါး ညီညွတ်မှ သဒ္ဓရတယ်ဆိုတဲ့စကားကိုလဲ ဗုဒ္ဓကိုယ်တော်ဘုရား ဟောပေတာပဲ၊ ချက်ကိုလက်နဲ့ရစ်လို့ သဒ္ဓရတယ်ဆိုတာလဲ ဗုဒ္ဓကိုယ်တော်တိုင်ဟောကြားတာပဲ"

မိလိန္ဒမင်း ။ ။"အရှင်ဘုရား.... ဒီလိုဆိုရင် အကြောင်းအကျိုးနဲ့ ပြဿနာကို ရှင်းလင်းဆုံးဖြတ်ပေးတော်မူပါ ဘုရား"

အရှင်နာဂသိန်။ ။"မင်းမြတ်- သံကိစ္စသတ္တိသား၊ ဣသိသိဂ်ရသော၊ သူတို့နှစ်ယောက်ဟာ သုက်နဲ့ရောနေတဲ့ ကျင်ယမ်ရည်ကို သောက်လို့ မေ့ဖျားလာကြတယ်၊ ကုမာရကဿပကတော့ သုက်ကို ပါးစပ်နဲ့စုပ်၊ အင်္ဂါ၀ေါက်ထဲ ထည့်လို့ မေ့ဖျားလာတယ် မင်းမြတ်၊ အဲဒါကို ယုံလား"

မိလိန္ဒမင်း။ ။ ။"ယုံကြည်ပါတယ် ဘုရား.... ယုံကြည်လောက်သော အကြောင်း အထောက်အထားမျှားလဲ ရှိပါတယ် ဘုရား"

အရှင်နာဂသိန်။ ။"မင်းမြတ်.... ဒီနေရာမှာ အကြောင်းတရားက ဘာတွေလဲ"

မိလိန္ဒမင်း ။ ။"အရှင်ဘုရား.... ထွန်ယက်ထားလို့ ကျေညက်နေတဲ့ သမန်းပေါ် မျိုးစေ့ကျပြီး ပေါက်သလိုပါဘုရား၊ အရှင်ဘုရား.... ဤနည်းအတူ သားအိမ်ကလဲ သန့်ရှင်းဆဲ သုက်ကလဲ ဝင်ဆွားလို့ သင်္ဘောတည်ရပါတယ် ဘုရား"

အရှင်နာဂသိန်။ ။"မင်းမြတ်.... ဒီအကိုင်းမှန်တယ်၊ ငါလဲ ဝန်ခံတယ်၊ ကုမာရကဿပသင်္ဘောတည်တာ ကိုတော့ ဝန်ခံနိုင်သလား"

မိလိန္ဒမင်း ။ ။"ဝန်ခံပါတယ်ဘုရား"

အရှင်နာဂသိန်။ ။"မင်းမြတ်.... ဒီလိုဆိုရင် သင် ငါ့နေရာ ရောက်လာပြီ၊ ငါကိုယ်စားဖြစ်လာပြီ ဆိုပါတော့၊ အကြောင်းတစ်ခုတည်းနဲ့ပင်သင်္ဘောတည်နိုင်တယ်လို့ ပြောဆို ထောက်ခံလိုက်တဲ့ အတွက် အထောက်အထားရလာပြီ"

"မင်းမြတ်.... သမင်နှစ်ကောင် ကျင်ယဉ်ရည်ညွှောက်လို့ သင်္ဘောတည်တယ်ဆိုတာကော ယုံကြည်သလား"

မိလိန္ဒမင်း ။ ။"ယုံကြည်နိုင်ပါတယ် ဘုရား.... စား သောက်လိုက်တဲ့ အစာအာဟာရအားလုံး ဟာလဲ သားအိမ်ထဲရောက်ပါတယ်ဘုရား၊ အကြောင်းညီညွတ်လျှင် ကြီးထွားလာနိုင်ပါတယ် ဘုရား"

"ဟိုမှသည်မှ စီးဆင်းလာတဲ့မြစ်ရေအားလုံးဟာ ပဟာသမုဒ္ဒရာထဲသို့သက်ဝင်စီးဆင်းကြီသလိုပါပဲ ဘုရား၊သို့အတွက် စားဖသောက်လို့ ပါးစပ်ထဲဝင်သွားတဲ့ အစားအစာများလဲ သားအိမ်ထဲခရောက်ပြီး လာနေတည်နိုင်ပါတယ် ဘုရား"

အရှင်နာဂသိန်း ။ ။"မင်းမြတ်.... ဒီလိုဆိုရင်ကျပြီ၊ ငါ့ဘက်က ခိုင်ခိုင်မြဲမြဲရပ်တည်လာပြီ၊ပါးစပ်နဲ့ သောက်လိုပဲဖြစ်ဖြစ်၊ စုပ်မျိုလိုပဲ!ရစ်ဖြစ် အကြောင်းနှစ်ပါးဆုံလို့ သံကိစ္စာကျိုသား၊ ကုသိသိဂ်ရသ ၊ ကုမာရကဿပ မထေရ်ကို သန်းနှာတည်ကယ်ဆိုတာ ဝန်ခံနိုင်ပါသလား"

မိလိန္ဒမင်း ။ ။"ဝန်ခံပါတယ် ဘုရား"

အရှင်နာဂသိန်း ။ ။"မင်းမြတ်- သုဝဏ္ဏ သာမ၊မဏ္ဍာဗျလုံလင်ဟိုဟာလဲ အကြောင်းသုံးပါး ဆုံတဲ့အထဲဝင်သွားပါပြီ၊ ရှေက ပိုခဲ့ဝဲ့ ဝတ္ထုနဲ့ သင်ဘာကျူးပါတယ်၊ မင်းမြတ်.... သီကြားမင်းက နေ့ရက်သတ်မှတ်ပြီးခုကုသရင်သာ အား ပါရိုက ရသော့ မဟာ ဘယ်နေ့မှာ ဓမ္မတာပန်း ပွင့်လိမ့်မည်၊ အဲဒီအခါ ရသော့ မင်၏ ချက်ကို လက်နဲ့ သုံးသပ်ပါလို့ ပြောခဲ့ပါတယ်"

"သိကြား၊မင်းပြောတဲ့ နေ့ရက်အချိန်မှာ ဥတုပန်းလဲ ပွင့်တယ်၊ နတ်သား၊လဲ မိခင်ဝမ်းကိုရွှေရှုတယ်၊ချက်ကိုလဲသုံးသပ်တယ်၊ အဲဒီ့ အင်္ဂါသုံးချက်ပေါင်းဆုံခြင်း ဖြစ်တယ်"

"ချက်ကို လက်နဲ့သုံးသပ်တဲ့အတွက် ရသေ့မမှာ တပ်မက်တဲ့ ရာဂစိတ်ဖြစ်လာတယ်၊ ရသေ့မရဲ့ရာဂစိတ်ဟာ ချက်ကိုသုံးသပ်ခြင်းကို စဲ့ရ်ြဖစ်တယ်၊ လွန်ကျူးရ်ြ ကျင့်တာတစ်ခုတည်းကိုသာ ပေါင်းဆုံဟယ်လို့ မမှတ်ယူပါနဲ့"

"ရယ်ရှင်ခြင်း၊သာယာရှင်မောစကား၊ပြောခြင်း၊တစ်ဦးစီ့ကြည့်နေခြင်းများ၊သည့်လည့်ား ပေါင်းဆုံခြင်းပင် ဖြစ်တယ်၊ ရာဂဖြစ်ခြင်း၏ ရှေပြေးဖြစ်လို့ သုံးသပ်ခြင်းကိုလဲ ပေါင်းဆုံခြင်းလို့ ခေါ်တယ်"

"ပေါင်းဆုံရင် သန္ဓေတည်နိုင်တော့တာပဲ မင်းမြတ်၊မလွန်ကျူးပေမယ့်လဲ သုံးသပ်ရုံနဲ့ သန္ဓေတည်နိုင်ပါတယ်၊ ဥပမာ အားဖြင့် တောက်လောင်နေတဲ့ မီးဟာ မီ့သုံးသပ်ပေမယ့် အနှားရောက်လာတဲ့သူအား အချမ်းကိုပယ်နိုင်ပါတယ်၊ မင်းမြတ်.... အဲဒီ့ဥပမာအတိုင်း မလွန်ကျူးပေမယ့် သုံးသပ်ရုံနဲ့ သန္ဓေခနိုင်ပါတယ်"

"မင်းမြတ်.... အကြောင်းလေးပါ၊ကြောင့်လဲ သန္ဓေရနိုင်ပါသေးတယ်၊ (၁) ကံ၊ (၂) ယောနိ၊ (၃) အမျိုးဇာတ်၊ (၄) ဆုတောင်း၊ အဲဒီ့ အစုမ်းလေးခုကြောင့်လဲ သန္ဓေရနိုင်ပါတယ်၊ အမှန်စင်စစ်ကဲတော့ သတ္တဝါအား လုံးမှာ ကံကြောင့်ဖြစ်တယ်၊ ကံသာလျှင်ဖြစ်ကြောင်း ရှိတယ်"

ကံ၏အစွမ်းကြောင့် သန္ဓေရပုံ

"မင်းမြတီ.... ကုသိုလ်ကံကောင်းတဲ့ သတ္တဝါတွေဟာ သူဌေး၊သူကြွယ်၊မင်းစိုးရာဇာ၊နတ်ပြဟ္မာ စသော အမျိုးတို့၌ အလိုရှိတိုင်း စိတ်ကြိုက်သန္ဓေယူနိုင်ပါတယ်"

"အင်မတန် ကြွယ်ဝချမ်းသာတဲ့ သူတွေဟာ ဘာမဆို လိုချင်တဲ့ အရာဝတ္ထုကို ကြိုက်စေးပေးမျှ ကြိုက်သလို ပြုလုပ်နိုင်ပါတယ်၊ အဲဒီ ဥပမာလိုပဲ ကံကောင်းတဲ့ လူတွေမှာလဲ ကြိုက်ရာဘဝမှာ စိတ်ကြိုက်သန္ဓေတည်နိုင်ကြပါတယ်"

ယောနိ၏အစွမ်း

"မင်းမြတ်.... ကြိုက်မတွေဟာလဲ တချို့ လေကြောင့် ဥကြပါတယ်၊ ဗျိုင်းအောက်တွေဟာ မိုးသံကြောင့် ဥကြပါတယ်၊ နတ်တွေဟာလဲ အမိရဲ့ဗိုက်ထဲမှာ သန္ဓေမနေကြပါဘူး"

"မင်းမြတ်.... သတ္တဝါတွေဟာ ထူးခြားတဲ့ အသွင်အပြင်နဲ့ သန္ဓေ တည်ကြပါတယ်၊ မင်းမြတ်.... အကျဉ်းအားဖြင့် သတ္တဝါ အမျိုးမျိုး ရှိသလို သန္ဓေအမျိုးမျိုး နေကြပါတယ်၊ သို့သော် အားလုံးဟာ သတ္တဝါချည်းပါပဲ၊ ထူးခြားတဲ့ မျိုးဇာတ်အသွင် အပြင်နဲ့ သန္ဓေတည်ကြပါတယ်၊ အဲဒါတွေဟာ ဘဝယောနိကြောင့်ဖြစ်တဲ့ သတ္တဝါတို့ တည်ပုံဖြစ်ပါတယ်။

အမျိုးတော်ဖြင့် သမန္တတည်ပုံ

"မင်းမြတ်.... (၁) ဥကပေါက်တဲ့အမျိုး၊ (၂) သားဒိမ်ကပေါက်တဲ့ အမျိုး၊ (၃) အညိုကဖြစ်တဲ့ အမျိုး၊ (၄) ကိုယ်ထင်ရှားဖြစ်တဲ့ ဥပပတ်မျိုးအားဖြင့် လေးမျိုးရှိပါတယ်။

"မင်းမြတ်... ဟိမဝန္တာ တောထဲက နေရာတောင်ရောက်တဲ့ ဌက်လျှောဟာ အားလုံး ရွှေရောင် တောက်ကုန်ကြတာပဲ၊ သူ့ရဲ့ နဂိုအရောင် ပြန်ပေးတော့ဘူး၊ အဲဒီ ဥပမာလိုပဲ ဘယ်လိုဘယ်ဘဝက ဘယ်အမျိုး တောတ်ကပဲလာလာ ဥမျိုးမှာ သန္တယူရင်နဲ့ ဥကပဲ ပေါက်ရမှာပဲ၊ နဂိုကပါလာတဲ့ အရည်အသွေး အမျိုးတော် မရှိတော့ဘူး၊ အဲဒီနည်းအတိုင်း သားဒိမ်ကပေါက်တဲ့ အမျိုး၊ အညိုက ပေါက်တဲ့အမျိုး၊ ၁၅-နှစ် ၁၆-နှစ်အရွယ် ထင်ရှားဖြစ်တဲ့ ဥပပတ်မျိုး၊ ဘယ်အမျိုး ဘယ်တောတ်ကပဲ လာလာ ပဋ္ဌိသန္တယူတဲ့ အမျိုးသာ ကျန်ခဲ့ပြီး နဂိုအမျိုးတွေ ဘာတစ်ခုမှမရှိတော့ဘူး၊ အဲ့ဒါတွေဟာ အမျိုးတော် အစွမ်းနဲ့ ပဋ္ဌိသန္တေ ယူပုံပဲ။

ဆုတောင်းနဲ့ သန္တယူပုံ

"မင်းမြတ်.... ပစ္စည်းဥစ္စာကလဲ အလှန်ကြွယ်ဝတယ်၊ ကံကောင်း အကျိုးကိုလဲ ယုံကြည်တယ်၊ ရတနာသုံးပါးကိုလဲကြည်ညိုတယ်၊ အကျင့်သီလနဲ့လဲ ပြည့်စုံတယ်၊ ဒါပေမယ့် သားသမီး ရတနာ မထွန်းကားဘူး၊ အဲ့ဒီလို အိမ်မျိုးမှာ ကုသိုလ်

ကံ အားကြီးတဲ့ နတ်သားများ စုတောကာနီးဆိုရင် သိကြား မင်း ကိုယ်တိုင်က တောင်းပန်ပြီး ပဋ္ဌိသန္ဓေနေဖို့ တိုက်တွန်း တယ်။

"မင်းမြတ်.. လူတွေဟာ ကောင်းကျိုးချမ်းသာ အမျိုး မျိုး ရလိမ့်မယ်ဆိုတဲ့ယုံကြည်ချက်နဲ့ ရဟန်းသံဃာကို အိမ်မှာ ပင့်ပြီး ကိုးကွယ်ဆည်းကပ်ကြသလိုပဲပေါ့။

"သိကြားမင်းကိုယ်တိုင် တောင်းပန်တဲ့အတွက် သေခါနီး နတ်သားများလဲ စိတ်ဝင်စားပြီး ညွှန်ကြားတဲ့နေရာမှာ သန္ဓေ ယူကြပါတယ်၊ အဲဒါတွေဟာ ဆုတောင်းပတ္တနာ၏အစွမ်းနဲ့ ပဋ္ဌိသန္ဓေ တည်နေခြင်းပါပဲ။

"မင်းမြတ်... သုဝဏ္ဏသာမ ဘတ္တိသားလဲ သိကြားမင်း တောင်းပန်တဲ့အတွက် ပါရိကာ၊ ရသော၊ မ၏ဝမ်းကြောတိုက်မှာ သန္ဓေတည်ပါတယ်၊ သာမ သတ္တိသားကလဲ ကုဝိုလ်ကောင်း မှုများတယ်၊ မိဘနှစ်ပါးကလဲ သီလရှိတယ်! သိကြားမင်း ကလဲ တောင်းပန်ဟယ်၊ သုံးဦးသား စိတ်သဘော တိုက် ဆိုင်လို့၊ တောင့်တလို့၊ သာမ သတ္တိသား ဖြစ်လာတယ်။

"လယ်လုပ်ငန်းမှာ ကျွမ်းကျင် လိမ္မာဘဲ့ လူများဟာ ဘမန်းကိုညက်အောင် ထွန်ပြီး ရေလုံးလောက်တဲ့ လယ်ထဲမှာ စပါးစိုက်မယ်ဆိုရင် ကြီးပွားဖြစ်ထွန်းနိုင်ပါတယ်၊ အန္တရာယ် ဖြစ်စရာအကြောင်း ရှိပါသေးသလား'

ဖိလိန္ဒမင်း ။ ။"မုနိပါ၊ ဖြစ်စရာအကြောင်း မရှိပါ ဘုရား၊ ဘေးရန် အဖျက်အဆီး မရှိတဲ့ မျိုးစေ့များသည် မြန်မြန်ဆန်ဆန် ကြီးပွား နိုင်ပါသည့် ဘုရား'

အရှင်နာဂသိန်။ ။"မင်းမြတ်.... ဒီနည်းအတိုင်းပဲ၊ သာမ သတ္တိသားလဲ ဘာမှ အန္တရာယ်မရှိဘဲ သုံးဦးသားတို့၏ စိတ်တောင့်တမှုကြောင့် ဖြစ်လာရပါတယ်၊ မင်းမြတ်....ရသေ့တွေကို ပြစ်မှားလို့ ရှာကြီးတွေ ပျက်ပြီး တောအတိဖြစ်သွားရတယ်ဆိုတာ ကြားဖူးသလား"

မိလိန္ဒမင်း ။ ။"မှန်ပါ၊ ဒဏ္ဍာရီကတော့ မ်ဏ္ဍေတာ၊ ကာလိင်္ဂတော၊ မာဘင်္ဂတော .. ဆိုတဲ့ တောကြီးမျှားဟာ မြို့တွေ၊ ရှာတွေ ပျက်လို့ တောကြီးဖြစ်သွားရတယ်လို့ ကြားဖူးပါတယ် ဘုရား"

အရှင်နာဂသိန်။ ။"ဘုရားဖြင့်လဲ ရသေ့တွေကို ပြစ်မှားလို့ အကျိုးပျက်သာရှိသလို၊ ရသေ့တွေကို ကြည်ညိုလို့ အကျိုးဖြစ်တာကော မရှိဘူးလား"

မိလိန္ဒမင်း ။ ။"ရှိနိုင်ပါတယ် ဘုရား"

အရှင်နာဂသိန်။ ။"မင်းမြတ်.... သာမ သတ္တိသားသည် အားကြီးသော သုံးဦးသားတို့၏ စိတ်ကြည်လင်မှုကြောင့်ဖြစ်တယ်၊ ရသေ့နှစ်ဦးက ဖန်ဆင်းတယ်၊ သိကြားမင်းက ဖန်ဆင်းတယ်၊ ကုသိုလ်ကောင်းမှုက ဖန်ဆင်းတယ်လို့သာ မှတ်ပေတော့။

"မင်းမြတ်....သိကြားမင်း တောင်းပန်လို့ သုဝဏ္ဏသာမ၊ မဟာပနာဒမင်း၊ ကုသမင်း၊ အဲဒီသုံးယောက် လူ့ပြည်မှာ လူလာဖြစ်တယ်၊ သုံးယောက်စလုံးလဲ ဘုရားလောင်းချည့် ဖြစ်တယ်"

မိလိန္ဒမင်း ။ ။"အရှင်ဘုရား... သန္တေ ဟည်ခန်းကို ကောင်းစွာ ရှင်းလင်းဟောကြားအပ်ပါပြီ၊ အမှောင်ကိုခွင်းရှိ အလင်းကို ဆောင်တော်မူပါပေသည်။ သူတစ်ပါးတို့ အပြစ်ပြောစရာလဲ လွတ်သွားပါပြီ၊ အရှင်ဘုရား မိန့်တော်မူတဲ့အတိုင်း ဝန်ခံအပ်ပါသည် အရှင်ဘုရား"

သာသနာ ကွယ်-မကွယ်

မိလိန္ဒမင်း။ ။ "အရှင်ဘုရား.... မြတ်စွာဘုရားသည် 'အာနန္ဒာ.... ယခုအခါ၌ ငါဘုရား၏ သာသနာတော် အနှစ်ငါးရာသာလျှင် တည်နိုင်လတ္တံ့၊ နောက်ပရိနိဗ္ဗာန် စံခါနီးကျဟော့ သုဘဒ်ပရိုင်-လောကကြီးမှာ ရဟန္တာတွေ ဘယ်တော့မှ မဆိတ်သုဉ်းဘူး'။

"အဲဒီ စကားနှစ်ခွန်းကို ဗုဒ္ဓမြတ်စွာဘုရားကိုယ်တော်တိုင် မိန့်တော်မူပါသည်။ ဒီစကားမျှားဟာ ဘာမှုချင်းချုန်ထားတဲ့ စကားမျှား မဟုတ်ပါဘုရား၊ ဒီစကားနှစ်ခွန်းဟာတစ်ခုမှန်ရင် တစ်ခုမှားပါလိမ့်မယ်၊ အဲဒီ အစုန်းဖက်ထွက်တဲ့ စကားကို ဖြေရှင်းတော်မူပါ ဘုရား၊ အရှင်ဘုရား၏ဉာဏ်စွမ်းကို ထုတ်ပြတော်မူပါ ဘုရား"

အရှင်နာဂသိန်။ ။"မင်းမြတ်၊ ဘုရား၏စကားနှစ်ခွန်းဟာ အနက်အဓိပ္ပာယ်လဲ ထူးခြား၊ သဒ္ဒါလဲ ထူးခြားပါတယ်၊ ပရိစကားတော်သည် သာသနာကိုပိုင်းခြား

ပြောသော စကားပြောပါတယ်၊ သို့အတူတဲ့ စကားနှစ်ခွန်းဟာ အင်မတန်ဝေးကွာခြားနားပါတယ်၊ ကုသိုလ်နှင့် အကုသိုလ်၊ ဝရဲပြည်နှင့် နတ်ပြည် မနီးစပ်သလို ဖြစ်နေပါတယ်။

"သို့သော် မင်းကြီးရဲ့အမေးပုစ္ဆာ အလကား မဖြစ်ပါစေလင့်၊ သင့်တော်ဆက်စပ်အောင် ဖြေဆိုပါမယ်။

"အာနန္ဒာ....ယခုအခါ သာသနာတော်ဟာ အနှစ်ငါးရာသာ တည်လတ္တံ့ဆိုသော စကားဟာ သာသနာတော် သက်တမ်း လေးသောင်းတာကို တွက်ချက်၍ အကျန်ကိုးဖာပြအပ်သော စကားဖြစ်တယ်။

"အာနန္ဒာ....အကယ်၍ ဘိက္ခုနီမလေးသာ ရဟန်းမပြုကြဘူးဆိုရင် သာသနာတော်ဟာ အနှစ်တစ်ထောင်တည်စေနိုင်တယ်၊ ဘိက္ခုနီမလေး ရဟန်းပြုလုပ်ကြတဲ့အတွက် အနှစ်ငါးရာသာ တည်မယ်လို့ သာသနာသက်ပိုင်းခြားကို သတ်မှတ်ထားပါတယ်။

"အဲဒီ စကားဟာ သာသနာကွယ်မှာကို မိန့်တော်မူသလား၊ သို့မဟုတ် သစ္စာလေးပါးကို မသိနိုင်တော့ဘူးလို့ ဆိုလိုတော်မူခြင်း ဖြစ်ပါသလား မင်းမြတ်"

မိလိန္ဒမင်း ။ ။"အရှင်ဘုရား၊ သစ္စာလေးပါးကို မသိနိုင်ဘူးလို့ မဆိုလိုပါ၊ သာသနာသက်ကို ပိုင်းခြားသတ်မှတ်ခြင်းသာ ဖြစ်ပါတယ် ဘုရား"

အရှင်နာဂသိန်း။ ။"မှန်ပေတယ် မင်းမြတ်၊ ပရိနိဗ္ဗာန်စံခါနီးမှာ 'သူဘဒ်ပရိဗိုဇ် ရဟန်းတော်တွေ ကောင်းကောင်းမှန်မှန် ကျင့်ကြံအားထုတ်မယ်ဆိုရင် လောက

ကြီးမှာ ဘယ်ခေါ်မှ ရဟန္တာတွေနဲ့ မဆိတ်သုဉ်းနိုင်ဘူး'လို့ မိန့်တော်မူတဲ့ စကားကတော့ ပဋိပတ်စွမ်းအင်ကို ဖော်ပြတဲ့ စကားဖြစ်တယ်။

"မင်းမြတ်က သည်စကားနှစ်ခွန်းတို့အတူတူပဲလို့ထင်မှတ်နေတယ်၊ သဗ္ဗညုတဉာဏ်တူတယ်လို့ အထင်မှိုတယ်၊ မတူတဲ့ သဗ္ဗညုတဉာဏ်အောင် ဖြေဆိုမယ်....၊ နား စိုက်ထောင်ပါ မင်းမြတ်"

"မင်းမြတ်.... ရေပြည့်လျှံနေတဲ့ ရေကန်ကြီးတစ်ခုရှိတယ်၊ ရေတွေ့မကုန်မီ မိုးကလဲအဆက်မပြတ်ရွာမယ်၊ အဲ့ဒီ့ကန်ဟာ ရေခန်းသွားပါ့မလား"

မိလိန္ဒမင်း ။ ။မခန့်နိုင်ပါ ဘုရား"

အရှင်နာဂသိန်။ ။"ဘာကြောင့်လဲ မင်းမြတ်"

မိလိန္ဒမင်း ။ ။"မိုးအဆက်မပြတ်ရွာနေလို့ပါ ဘုရား"

အရှင်နာဂသိန်။ ။"တို့အတူပေပဲ မင်းမြတ်၊ အကျင့်သီလ စသည်တို့နှင့် ပြည့်လျှံနေတဲ့သာသနာကန်တော်ကြီးမှာ နောက်ထပ် သီလမိုး၊ သမာဓိမိုး၊ ပညာမိုးတွေ အဆက်မပြတ် ရွာနေမယ်ဆိုရင် အဲ့ဒီ့ သာသနာကန်တော်ကြီး ခန်းခြောက်မသွားနိုင်ဘူး၊ အရှည်တည်တံ့မယ်၊ရဟန္တာတို့မှာ မဆိတ်ကွယ်နိုင်ဘူး"

"ဒါကိုရည်ညွှန်းပြီး ... ဗုဒ္ဓက 'သုဘဗြဟ္မဏရဟန်းတော်တွေ ကောင်းကောင်းမွန်မွန် ကျင့်ကြံ နေထိုင်မယ်ဆိုရင် ဒီလောကမှာ ဘယ်တော့မှ ရဟန္တာတို့ မဆိတ်သုဉ်းနိုင်ဘူး'လို့ ဟောတော်မူခြင်းဖြစ်ပါတယ်"

"မင်းမြတ်....အလျှံတပြောင်ပြောင် တောက်လောင်နေတဲ့ မီးပုံထဲကို နောက်ထပ် လောင်စာအဆက်မပြတ်ထည့်ပေးမယ်၊ အရောင်တလက်လက်ထွက်နေတဲ့မှန်ကို ချေမှုတ်တဲ့ အဝတ်နဲ့ အမြဲတန်းပွတ်တိုက်ပေးမယ်ဆိုရင် မီးကောင်ပြိမ်းပါဦးမလား၊ မှန်ကော အရောင်မှိန်ပါဦးမလား"

မိလိန္ဒမင်း ။ ။"မှန်ပါ.... မင်ပြိမ်းနိုင်-မမှိန်နိုင်ကြောင်းပါ ဘုရား"

အရှင်နာဂသိန်။ ။"ဒကာတော်မင်းမြတ်.... မြတ်စွာဘုရား သာသနာတော်ဟာ ပကတိကိုက အညစ် အကြေးကင်းတယ်....၊ နောက်ထပ်လဲ အညစ်အကြေး ကင်း အောင် ပွတ်တိုက်ပေးဦးမယ်ဆိုရင် သာအနာတော်ကြီး ရှည် မြင့်စွာ တည်တံ့ပါလိမ့်မယ်....၊ ဘယ်တော့မှလဲ ရဟန္တာတို့ မဆိတ်ကွယ်နိုင်ပါဘူး"

"မင်းမြတ်.... သာသနာဆိုတာ အကျင့်ပဋိပတ်မှာအရင်း ခံပါတယ်၊အကျင့်မပျက်လျှင် သာသနာမပျက်နိုင်ဘူး၊အရှည် တည်တံ့နိုင်ပါတယ်"

မိလိန္ဒမင်း ။ ။အရှင်ဘုရား.... သာသနာကွယ်တယ်ဆိုတဲ့ စကားဟာ ဘာပါလဲ ဘုရား"

အရှင်နာဂသိန်။ ။"မင်းမြတ်.... သာသနာကွယ်ခြင်း သုံး မျိုး ရှိတယ်။

(၁) မဂ်ဖိုလ်ရမှုကွယ်ခြင်း၊ (၂) အကျင့်ပဋိပတ်ကွယ်ခြင်း၊
(၃) ရဟန်းအသွင် ကွယ်ခြင်းအားဖြင့် သုံးမျိုးဖြစ်တယ်။

"ဒကာတော်မင်းမြတ်.... မဂ်ဖိုလ်ရမှု ကွယ်တယ် ဆိုရင် ကောင်းကောင်းကျင့်ပေမယ့်လဲ မဂ်ဖိုလ်မရနိုင်တော့ဘူး။

"အကျင့်ပဋိပတ်ကွယ်တယ်ဆိုရင်လဲ ပညတ်ထားတဲ့သိက္ခာပုဒ်တွေကွယ်တယ်၊ရဟန်းအသွင်လောက်သာကျန်တော့တယ်။

"ရဟန်းအသွင်ကွယ်တယ်ဆိုရင်တော့ သာသနာတစ်ခုလုံးအဆက်ပြတ်သွားတော့တာပဲ၊ အဲဒီ့သုံးပါးဟာ သာသနာကွယ်ပျောက်ပုံဖြစ်တယ်"

မိလိန္ဒမင်း ။ ။"ဂုဏ်းဆရာအပေါင်းတို့ထက် မြတ်တော်မှုသောအရှင်ဘုရား....ရှင်းလင်းပြတ်သားသွားပါပြီ၊ အရှင်ဘုရားထံရောက်လာလျှင် အခြားအယူမျှားပျောက်ပျက်သွားကုန်ပါပြီ၊ အခြားအယူတွေဟာလဲ အရောင်အ၀ါ မှေးမှိန်ကုန်ပါပြီ ဘုရား"

မြတ်စွာဘုရားသည် ကုသိုလ်အား လုံး ပြတ်-မပြတ်

မိလိန္ဒမင်း ။ ။"အရှင်ဘုရား.... မြတ်စွာ ဘုရား သည် အကုသိုလ် အား လုံးကို အကြွင်းမဲ့ ဖြတ်တောက်ပြီးမှ သဗ္ဗညုတဘုရားအဖြစ်သို့ ရောက်ပါသလား"

အရှင်နာဂသိန်း ။ ။"မှန်ပါတယ်မင်းမြတ်၊ မြတ်စွာဘုရားသခင်သည် အကုသိုလ်အား လုံးကို ဖြတ်တောက်ပြီးမှ ဘုရားအဖြစ်သို့ ရောက်ပေတယ်။ဘာအကုသိုလ်မှ အကြွင်းအကျန် မရှိပေဘူး"

မိလိန္ဒမင်း ။ ။"အရှင်ဘုရား၊ မြတ်စွာဘုရားမှာ ဒုက္ခ ဝေဒနာတွေ ခံစားရသေးတယ် မဟုတ် ပါလား ဘုရား"

အရှင်နာဂသိန်။ ။"မှန်ပေတယ် မင်းမြတ်၊ ဒေဝဒတ်က ကျောက်တုံးလိုမ့်ချလို့ ခြေတော်ကိုထိခိုက် တဲ့ဝေဒနာ၊ ဝမ်းသွားလွန်တဲ့ ရောဂါမျိုးအပြင် ကိုယ် တော်တင်းလို့ ဇီဝကဆေးဆရာကဝမ်းနှုတ်ဆေးတိုက်ရတယ်။ လေနာထလို့အလုပ်အကျွေး မထေရ်က ရေနွေးကို ရှာမှီး ဆက်ကပ်ရပါတယ်"

မိလိန္ဒမင်း ။ ။"အရှင်ဘုရား၊ မြတ်စွာဘုရားဟာ အကုသိုလ် ကုန်တယ်၊ ဘာအကုသိုလ်မှ မရှိတော့ဘူးဆိုတဲ့ စကားမှန်ရင် ဒုက္ခဝေဒနာတွေ ခံစားရ တယ်ဆိုတဲ့စကား မှားပါလိမ့်မယ်။ ဒုက္ခဝေဒနာ ခံစားရ တယ်ဆိုတဲ့စကား မှန်ရင်၊ ဘုရားဖြစ်လို့ ဘာအကုသိုလ်မှ မရှိ တော့ဘူးဆိုတဲ့စကား မှားပါလိမ့်မယ်။

"အရှင်ဘုရား၊ လောကမှာ ကံနှင့်ကင်းရှိ ခံစားရမှု ဝေ ဒနာဆိုတာ မရှိနိုင်ပါ၊ ခံစားမှုဝေဒနာအားလုံးဟာ ကံသာ လျှင် အကြောင်းရင်းရှိတယ်။ ကံကြောင့်ပဲ ဖြစ်တယ်လို့ ယူဆ ပါတယ်ဘုရား။ အစုန်းနှစ်ဖက် ထွက်နေတဲ့ ဤပြဿနာကို ရှင်းလင်းတော်မူပါဦး ဘုရား"

အရှင်နာဂသိန်။ ။"မင်းမြတ်၊ ခံစားမှု ဝေဒနာအားလုံး ကံကြောင့်ချည်း ဖြစ်တာ မဟုတ်ပေဘူး မင်းမြတ်၊ ခံစားမှုဝေဒနာဟူသည် အကြောင်းရှစ်မျိုးတို့ ကြောင့် ဖြစ်ပေါ်လာရပေတယ်။

"မင်းမြတ်၊ (၁) လေ၊ (၂) သည်းခြေ၊ (၃) သလိပ်၊ (၄) သန္ဓိပါတ်၊ (၅) ဥတု၊ (၆) ဖသင့်တဲ့ အစားအစာ၊ (၇) လုံ့လပယောဂ၊ (၈) ကံ။ အဲဒီအကြောင်း ရှစ်မျိုးတို့ကြောင့် သတ္တဝါတွေဟာ ဝေဒနာအမျိုးမျိုးကို ခံစားနေကြရပါတယ်။

"မင်းမြတ်၊ တချို့သူများဟာ ဝေဒနာခံစားရတာ ကံကြောင့်ပဲလို့ ကံကို အပြစ်ပုံချတယ်။ ဒဲ့ဒီလူတွေဟာ ကျန်နေတဲ့ အကြောင်းခုနစ်ပါးကို ပယ်ရှုရောက်တယ်။ မှန်လဲ မမှန်ဘူး"

မိလိန္ဒမင်း ။ ။"အရှင်ဘုရား၊ ဝေဒနာအားလုံးဟာ ကံသာလျှင် အရင်းခံရှိတယ်။ ကံကြောင့်သာ ဖြစ်ရတယ် မဟုတ်ပါလား ဘုရား"

အရှင်နာဂသိန်း။ ။"မင်းမြတ်၊ ဝေဒနာအားလုံးဟာ ကံကြောင့်သာဖြစ်ရတယ်ဆိုရင် လေကြောင့် ဖြစ်တဲ့ဝေဒနာ စသည်ဖြင့် သီးခြားနာမည်တပ်နေဖို့ပင် မလိုတော့ဘူး မဟုတ်လား။

"မင်းမြတ်...လေပျက်တဲ့အခါမှာ အအေးအပူလွန်မှု၊ ဆာလောင်မွတ်သိပ်မှု၊ အစားလွန်ပြု၊ အထိုင်အထမျှားမှု၊ အလွန်အားထုတ်မှု၊ အပြေးအလွှားများမှု၊ လုံ့လပယောဂများမှု၊ ကံ၏အကျိုးရယ်လို့ ဆယ်မျိုးရှိတယ်။ ဒဲ့ဒီအထဲမှာ ရှေးကိုးခုဟာ ကံကြောင့်မဟုတ်ဘူး။ အတိတ်ကလဲ မဖြစ်ခဲ့ဘူး။ အနာဂတ်မှာလဲ မဖြစ်နိုင်ဘူး။ ပစ္စုပ္ပန်သက်သက်သာ ဖြစ်နိုင်တယ်။ ဒါကြောင့် ဝေဒနာအားလုံးဟာ ကံကြောင့်သာဖြစ်တယ်လို့ မဆိုနိုင်ဘူး။

"မင်းမြတ်၊ သည်းခြေပျက်တဲ့အခါမှာလဲ အဘေး၊ အပူ၊ မသင့်တဲ့ အစား၊အစာဟူသော အကြောင်း သုံးပါးကြောင့် ပျက်တယ်။ သလိပ်ပျက်တဲ့အခါမှာလဲ အဘေး၊ အပူ၊အစား၊ အသောက်ဟူသော အကြောင်း သုံးပါးကြောင့်ပဲ ပျက်တယ်။

"မင်းမြတ်၊ အဲဒီ လေ-သည်းခြေ-သလိပ်တွေဟာ သူတို့ ပျက်စရာ အကြောင်းတွေနဲ့ပျက်တယ်။ အဲဒီ အပျက်တွေ စုပေါင်းလိုက်တဲ့အခါအား၌ပြီး ဆိုင်ရာဝေဒနာမျိုးကိုဆွဲဆောင် အား ကောင်းလာတယ်။

"မင်းမြတ်-ဥတုပျက်ဝေဒနာဟာဥတုပျက်လို့ပဲဖြစ်တယ်။ မတည့်တာစား၊လို့ ဖြစ်တဲ့ဝေဒနာဟာလဲ မတည့်တာစား၊မိလို့ သာဖြစ်တယ်။ မတည့်တာမစား၊ရင် မဖြစ်ဘူး။ လုံ့လကြောင့် ဖြစ်တဲ့ဝေဒနာဟာ ပစ္စုပ္ပန်မှာလုပ်တဲ့အလုပ်ကြောင့်ဖြစ်တယ်။ ရှေးကံအကျိုးဆက်ကြောင့် ဖြစ်တဲ့ ဝေဒနာဆိုတာ ရှိတယ်။ အဲဒါကတော့ ရှေးဘဝကလုပ်ခဲ့တဲ့အတွက်ကြောင့် ဖြစ်တယ်။ ကံကြောင့်ဖြစ်တဲ့ ဝေဒနာက အလွန်နည်းပါတယ်။ တခြား ဝေဒနာကတော့ မျိုးပါတယ်။

"ဝေဒနာဖြစ်တဲ့အခါမှာ လူမိုက်တွေက (ဝေဒနာဟာ ကံကြောင့်ဖြစ်တယ်)လို့ အယူသည်းကြတယ်။ လောကမှာ ကံဆိုတာ ဘုရားဉာဏ်တော်နှင့်သာပိုင်းခြားလို့အပ်တယ်။

"မင်းမြတ်-ဘုရားမှာကျောက်လွှာထိုးတဲ့ ဝေဒနာကတော့ တခြားဘာအကြောင်းကြောင့်မှ မဟုတ်ဘူး၊ လုံ့လကြောင့် သာ ဖြစ်တယ်။

"ဒေဝဒတ်ဟာ ဘုရားအပေါ် ဘဝသီနိုးပေါင်းများစွာ ရန်ပြိုး ထားခဲ့တယ်။ အဲဒီရန်ပြိုးနဲ့ ကျောက်တုံးကြီးကို ယန္တရားဆင်ပြီး ဘုရားခေါင်းပေါ် ဖြုတ်ချလိုက်တယ်။

"ဒေဝဒတ် လွှတ်ချလိုက်တဲ့ ကျောက်တုံးကို ဘုရားထံ မရောက်မီ ကျောက်တုံးနှစ်ခုက လာခံတယ်။ ကျောက်တုံး ကျောက်တုံးချင်းခိုက်မိလို့ ပဲ့ထွက်သွားတဲ့ကျောက်ခဲက ဘုရား ခြေထောက်ကိုသွားထိလို့ သွေးစိမ်းတည်တယ်။

"မင်းမြတ်၊ ရှေးကံရဲ့အကျိုးဆက်ကြောင့်လည်းကောင်း၊ ပစ္စုပ္ပန်ရဲ့ လုံ့လပယောဂကြောင့်လည်းကောင်း ဖြစ်ရတယ်။ ဒါ့အပြင် ဘာအကြောင်းမှ မရှိဘူး။

"လယ်ကလဲ့ မကောင်း၊ မျိုးစေ့ကလဲ့မကောင်းလို့ လယ်မွေ့ကောက်သလိုဘဲ မင်းမြတ်၊ ဘုရားသခင်မှာလဲ ရှေးကံအကျိုး ကြောင့်လည်းကောင်း၊ ပစ္စုပ္ပန် လုံ့လပြုမှုကြောင့် လည်း ကောင်း သွေးစိမ်းတည်တဲ့ဝေဒနာကို ခံစားရခြင်း ဖြစ်တယ်။ တခြား အကြောင်း မရှိပေဘူး။

"မင်းမြတ်၊ ဘုရားဆိုတာ သမ္ဗုဒ္ဓာန် ခြောက်ပါးကြောင့် သာ ဝေဒနာဖြစ်နိုင်တယ်၊ တခြားနည်းနဲ့ ဖြစ်တဲ့ ဝေဒနာဖြင့် မြတ်စွာဘုရား၏အသက်ကို မထိခိုက်နိုင်ဘူး။

"မင်းမြတ်....မဟာဘုတ်လေးပါးနဲ့ ရင်းနှီးတဲ့ ခန္ဓာကိုယ် ကြီးမှာ လိုချင်လို့ပဲဖြစ်ဖြစ်၊ မလိုချင်ဘဲနဲ့ပဲဖြစ်ဖြစ် ကောင်း ကောင်းဆိုးဆိုးဝေဒနာတွေက ဖြစ်နေမှာပဲ"

"မင်းမြတ်.... ခဲတစ်လုံးကောက်ပြီး ကောင်းကင်ပေါ် ပစ် တင်လိုက်လို့ မြေကြီးပေါ်ပြန်ကျတာဟာ အကုသိုလ်ကြောင့် လား၊ ရှေးကံကြောင့်လား"

မိလိန္ဒမင်း ။ ။"မဟုတ်ပါဘုရား၊ မြေကြီးမှာ ခံစရာ အကြောင်း ဘာမျှမရှိပ်ါ၊ ပစ္စုပ္ပန် လုပ်ဆောင်ချက်ကြောင့်သာ ဖြစ်ပါတယ်ဘုရား"

အရှင်နာဂသိန်။ ။"မင်းမြတ်၊ တချို့လူတွေဟာ မြေကြီးကို တူးဆွ ဖျက်ဆီးနေကြတယ်၊ အဲဒီ့လူတွေဟာ ရှေးကံကြောင့်မြေကြီးကိုတူးဆွဖျက်ဆီးနေပါသလား"

မိလိန္ဒမင်း ။ ။"မဟုတ်ပါဘုရား"

အရှင်နာဂသိန်။ ။"မင်းမြတ်... မြတ်စွာဘုရား၏ ခြေပေါ်သို့ ကျောက်လွှာ ကျတာကို ထိုအထူပင် သတောထားရမယ်၊ ကျောက်လွှာဟာ မြတ်စွာဘုရား၏ ရှေးက ပြုလုပ်ခဲ့တဲ့ ကံကြောင့် ခြေတော်ပေါ်သို့ ကျရောက်ခြင်း မဟုတ်ဘဲ သွေးဝမ်းသွန်တဲ့ရောဂါဟာလဲ ရှေးကံကြောင့်မဟုတ်၊ လေ၊သည်းခြေ၊သလိပ် အစုတည်းဟူသော သန္ဓိပါတ်သဘောကြောင့်သာဖြစ်တယ်။

"ဘုရားရှင်ကိုယ်ပေါ်ကျရောက်တဲ့ ရောဂါဝေဒနာ အားလုံးဟာ ရှေးကံကြောင့်တစ်ခုမှ မဟုတ်ဘူး၊ အနာရောဂါ ဖြစ်စေနိုင်တဲ့ သမုဒ္ဒာန်ခြောက်ပါးကို အနက်မှ သမုဒ္ဒာန် တစ်ခုခု ကြောင့်သာ ဖြစ်တယ်။

"မောင်ရှင်သ သီဝက၊ သည်းခြေကြောင့်ဖြစ်တဲ့ ဝေဒနာတွေကို သည်းခြေကြောင့် ဖြစ်တယ်လို့ ကိုယ်တိုင် သိအပ်တယ်၊ လောက ကလဲ မှန်တယ်လို့ လက်ခံတယ်။

"သီဝက၊သတ္တဝါတွေရဲ့သဘောမှာဘာကလေးပဲဖြစ်ဖြစ်၊ ဘာပဲခံစားရခံစားရ၊ အားလုံးရှေးကံကြောင့်ဖြစ်တယ်လို့ ယူဆလေ ပြောလေ ဟောလေရှိတဲ့ သပက ပြဟ္မဏာတွေဟာ ကိုယ်

တိုင် သိအပ်တဲ့အတိုင်းအတာကို လွန်သွားတယ်၊ လောကရဲ့ အမှန်တရားကို ကျော်လွန်သွားတယ်၊ အဲဒါကြောင့် တစ်ခုမှ မမှန်ဘူး၊ မှားတယ်လို့ ဝါဒုရား မိန့်တော်မူတယ်။

"သီဝက-ဒီနည်းအတိုင်းရောဂါ၀ေဒနာဖြစ်တဲ့အကြောင်းရင်းကို ကိုယ်တိုင်လဲသိရမယ်၊ လောကရဲ့အမှန်တရားကို ကျော်မသွားရဘူး၊ အားလုံးကံကိုချည့်ပဲမချရဘူး၊ ဝိဓိတို့ မသိတိုင်း အားလုံးသိမ်းကြုံးပြီး ရှေးကံကြောင့်ဖြစ်တယ်လို့ ပြောဆိုနေတဲ့ သမဏ ပြဟ္မဏတို့ရဲ့အယူကို ဝါဒုရားလက်ခံတော်မမူဘူး၊ မှားတယ်လို့ အတိအလင်းမိန့်ကြားတော်မူခဲ့တယ်"လို့ သံယုတ္တနိကာယ်မှာ လာတယ်။

"မင်းမြတ်.... ယခုဆိုခဲ့ပြီးဖြစ်တဲ့ စကားတွေနဲ့အညီ ၀ေဒနာအားလုံးဟာ ကံကြောင့်ဖြစ်တာချည်း မဟုတ်၊ မြတ်စွာဘုရားသည် အကုသိုလ်အားလုံးကို အကြွင်းမရှိ ဖယ်ထုတ်ပြီးမှ သမ္ဘည ဘုရား၊ အဖြစ်သို့ရောက်တော်မူတယ်လို့ တစ်တစ်ဖျ မှတ်ယူပေတော့ မင်းမြတ်"

မိလိန္ဒမင်း ။ ။"ကောင်းလှပါပြီ အရှင်ဘုရား ...အမိန့်အတိုင်း ဝန်ခံပါ၏ ဘုရား"

မြတ်စွာဘုရားမှာ
ထပ်မံပွားများဖို့ အလုပ်ရှိ-ပဋ္ဌိ

မိလိန္ဒမင်း ။ ။"အရှင်ဘုရား....မြတ်စွာဘုရားသည် လုပ်စရာအားလုံး ဗေဒပိပင်ရင်းမှာ ဆောင်ရွက်လုပ်ခဲ့တယ်၊ နောက်ထပ် ဘာမှ လုပ်စရာမလိုတော့ဘူးဟု အရှင်ဘုရားကို မိန့်တော်မူခဲ့ပါတယ်။

"သုံးလပတ်လုံး တစ်ပါးတည်း ကိန်းအောင်းနေတယ် ဆိုတာကလဲ အလွန်ထင်ရှားပါတယ်။

"အရှင်ဘုရား-မြတ်စွာဘုရားမှာ ပြုလုပ်ဖွယ်ကိစ္စအားလုံး ပေါခိုပင်ရင်းမှာ ပြီးဆုံးခဲ့တယ်၊ ထပ်မံ ပံ့ပိုးမျှားစရာ အလုပ်တာမျှမရှိတော့ဘူးဆိုရင် သုံးလပတ်လုံး တစ်ပါးတည်းကိန်းအောင်းနေတယ်ဆိုတဲ့စကား မှားပါလိမ့်မယ်။

"အဲဒီ စကားမှန်တယ်ဆိုရင်လဲ မြတ်စွာဘုရားဟာ ပြုဖွယ်အားလုံး ပေါခိုပင်ရင်းမှာ ပြီးဆုံးတယ်ဆိုတဲ့စကား မှားပါလိမ့်မယ်၊ပြုဖွယ်ကိစ္စရှိသေးရှိသာ တစ်ပါးတည်းကိန်းအောင်းနေခြင်းဖြစ်တယ်လို့ ယူဆစရာရှိပါတယ်။

"ဥပမာအားဖြင့် ရောဂါရှိသောသူ အတွက်သာ ဆေးဝါးလိုအပ်ပါတယ်၊ရောဂါမရှိတဲ့သူမှာ ဆေးဝါးမလိုအပ်ပါဘုရား၊ ဆာလောင်မွတ်သိပ်ခြင်းမရှိတဲ့သူအတွက် အစာအစာသည် အသုံးမဝင်သလိုဖြစ်ပါတယ် ဘုရား။

"အရှင်ဘုရား.... ပြုဖွယ်ကိစ္စအားလုံး ပြီးဆုံးပါလျှင် တစ်ပါးတည်း ကိန်းအောင်းနေခြင်း မရှိသင့်ပါ၊ ဤကဲ့သို့ တွေးစရာနှစ်ချက် အစွန်းထွက်သည့် ပြဿနာသည် အရှင်ဘုရားနှင့်သာ သင့်တော်ပါသည်၊ သို့ပါ၍ ဖြေရှင်းပေးတော်မူပါဘုရား"

အရှင်နာဂသိန်။ ။"မင်းမြတ်....မြတ်စွာဘုရားသည် ပြုဖွယ်အားလုံးကို ပေါခိုပင်ရင်းကတည်းက ပြီးဆုံးခဲ့တယ်၊ နောက်ထပ် ဘာမျှပ့ဝားမျှားအားထုတ်စရာ မလို

တော့ထူး၊ သည်လို ဘာမျှ လုပ်စရာမရှိဘဲနဲ့ သုံးလတိုင်တိုင် တစ်ပါးတည်း ကိန်းအောင်းခဲ့တဲ့ အကြောင်းကတော့ သည်လိုပါ။

"တစ်ပါးတည်း ကိန်းအောင်းတော်မူကာဟာ အလွန်ကျေးဇူးများပါတယ်၊ ဘုရားရှင်အား လုံးလိုလိုပင် တစ်ပါးတည်း ကိန်းအောင်း၍ သဗ္ဗညုတဉာဏ်ဖြစ်သို့ ရောက်တော်မူခဲ့ကြပါတယ်၊ မြတ်စွာဘုရားတို့သည် ကောင်းစွာ ပြီးအပ်သော ကျေးဇူးကို အောက်မေ့လျက် တစ်ပါးတည်း ကိန်းအောင်း တော်မူခြင်းကို ကျင့်သုံးတော်မူကြပါတယ်။

"မင်းထံမှ ဆုရဖို့အတွက် စည်းစိမ်ချမ်းသာနှင့်ပြည့်စုံသော ယောကျ်ားသည် မင်းထံ၌ အထပ်ထပ် ဆည်းကပ်ခစားခြင်း ပြုသလို ဘုရားရှင်အား လုံးသည်လည်း တစ်ပါးတည်း ကိန်းအောင်းလျက် သဗ္ဗညုဏအဖြစ်သို့ ရောက်တော်မူကြပါတယ်၊ ဘုရားရှင်ဟိုသည် ကောင်းစွာပြီးအပ်တဲ့ ကျေးဇူးကို အစဉ် အောက်မေ့လျက် တစ်ပါးတည်း ကိန်းအောင်းခြင်းကို ကျင့်သုံးတော်မူကြပါတယ်။

"မင်းမြတ်....ရောဂါနှိပ်စက်လို အပြင်းအထန် ခံစားရတဲ့ ရောဂါသည်ယောကျ်ားသည် ဆရာကုသလို ရောဂါပျောက်သွားသော်လဲ ပြီးအပ်သောကျေးဇူးကို အကျေးသတိရလျက် ဆေးဆရာကို အထပ်ထပ်မှီဝဲသလို၊ အလုံးစုံသော ဘုရားရှင်တို့ဟာလဲ တစ်ပါးတည်း ကိန်းအောင်းလို့ သဗ္ဗညုဏအဖြစ်သို့ ရောက်သော်လဲ ပြီးအပ်သောကျေးဇူးကို အစဉ်သတိရလျက်၊ တစ်ပါးတည်းကိန်းအောင်းခြင်းကို ပြုတော်မူကြမြဲ ဖြစ်ပါတယ်။

"မင်းမြတ်... အကျိုးကျေးဇူးကို မျှော်၍လဲ တစ်ပါးတည်း ကိန်းအောင်းတော်မူကြပါတယ်၊ တစ်ပါးတည်းကိန်းအောင်းတဲ့အကျိုးက နှစ်ဆယ့်ရှစ်ပါးတောင်ရှိပါတယ်။

၁။ မိမိကိုယ်ကို စောင့်ရှောက်ခြင်း။
၂။ အသက်ကို တိုးပွားစေခြင်း။
၃။ ကိုယ်အား ဉာဏ်အားပေးခြင်း။
၄။ သပြစ်ဒေါသပိတ်ခြင်း။
၅။ ကျော်စောမဲ့ကို ပယ်ခြင်း။
၆။ ကျော်စောကီတ္တိရှိခြင်း။
၇။ မမေ့လျော့ခြင်းကို ပယ်ခြင်း။
၈။ မေ့လျော့ခြင်းကို ဆောင်ခြင်း။
၉။ ကြောက်လန့်ခြင်းကို ပယ်ခြင်း။
၁၀။ ရဲရင့်ခြင်းကို ပြုခြင်း။
၁၁။ အပျင်းဝတ်ကို ပယ်ခြင်း။
၁၂။ လုံ့လကို ဖြစ်စေခြင်း။
၁၃။ ဈာဝကိုပယ်ခြင်း။
၁၄။ ဒေါသကိုပယ်ခြင်း။
၁၅။ မောဟကို ပယ်ခြင်း။
၁၆။ မာနကို ပယ်ခြင်း။
၁၇။ ဝိဘက်ကို ဖျက်ဆီးခြင်း။
၁၈။ စိတ်တည်ငြိမ်အောင် ပြုလုပ်ခြင်း။
၁၉။ စိန္တာကို ပျော့ပျောင်းစေခြင်း။
၂၀။ ကြည်လင်ရှင်ပျူခြင်းကို ဖြစ်စေခြင်း။

၂၁။ လေးမြတ်သည်ကို ပြုလုပ်နိုင်ခြင်း။
၂၂။ လာဘ်ကို ဖြစ်စေခြင်း။
၂၃။ ရှိခိုးထိုက်သည်ကို ပြုလုပ်နိုင်ခြင်း။
၂၄။ နှစ်သက်ခြင်းသို့ ရောက်စေခြင်း။
၂၅။ ဝမ်းမြောက်ခြင်းကို ပြုလုပ်နိုင်ခြင်း။
၂၆။ သခင်ရတို့၏ သဘောကို ပြုနိုင်ခြင်း။
၂၇။ ဗဒို့သန္ဓေကို ခွာပြတ်နိုင်ခြင်း။
၂၈။ အလုံးစုံ ငြိမ်းအေးခြင်းကို ပေးနိုင်ခြင်း။

ဤကျေးဇူးမျှားကို မျှော်၍ မြတ်စွာဘုရားတို့သည် တစ်ပါးတည်း ကိန်းတော်မူခြင်းကို ကျင့်သုံးတော်မူခြင်း ဖြစ်ပေတယ်။

"မင်းမြတ် ... အမှန်တကယ်တော့ မြတ်စွာဘုရားတို့မည့်သည် အကြံအစည်အားလုံး ပြီးဆုံးအောင်မြင်နေတယ်။ ငြိမ်သက်အေးချမ်းတဲ့ ဗလသမာပတ်ကို မှီဝဲလျှောက်ခံစားလိုတယ်။

သို့အတွက် တစ်ပါးတည်းကိန်းအောင်းဟာမျိုးလဲ ရှိတတ်ပါတယ်။

"မင်းမြတ်....ဘုရားရှင်တို့မည့်သည် အကြောင်းလေးမျိုးတို့ကြောင့်လဲ တစ်ပါးတည်း ကိန်းအောင်းတော်မူတတ်ပါတယ်။

၁။ အနေ့အထိုင်ချမ်းသာမှု၊ ၂။ အပြစ်မရှိဂုဏ်ကျေးဇူးမျှားခြင်း၊ ၃။ ထုံးတမ်းစဉ်လာ ဓမ္မတာဖြစ်ခြင်း၊ ၄။ ဘုရားရှင်တိုင်း ချီးမွမ်းဟောပြနာခြင်း။

"အထက်ပါ အကြောင်းလေးခုတို့ကြောင့်လဲ ဘုရားရှင်များသည် မိမိတစ်ပါးတည်း ကိန်းအောင်းမှီ လျှောက်တက်ကြပါတယ်၊ ပြုဖွယ်ကိစ္စရှိသေးလို့၊ နောက်ထပ်ပွဲများအားထုတ်စရာလိုသေးလို့ မဟုတ်ပါဘူး မင်းမြတ်။

"အမှန်ကတော့.... ဘုရားရှင်တို့မည်သည် ဂုဏ်ကျေးဇူးအထူးကို မြင်တော်မူသောကြောင့်သာ တစ်ပါးတည်း ကိန်းအောင်းတော်မူခြင်း ဖြစ်ပါတယ်"

ဣဒ္ဓိပါတ်စွမ်းအားကို ပြတော်မူခြင်း

မိလိန္ဒမင်း ။ ။"အရှင်ဘုရား.... 'အာနန္ဒာ၊ ငါဘုရားသည် ဣဒ္ဓိပါတ်လေးမျိုးကို ပွားများထားပြီးဖြစ်သည်။ လေ့ကျင့်ထားပြီး ဖြစ်သည်။ ယာဉ်ကဲ့သို့ အသင့်ပြင်ပြီးဖြစ်သည်။ တည်ရာကဲ့သို့ ပြုလုပ်ထားပြီး ဖြစ်သည်။ ဆောက်တည်ထားပြီးဖြစ်သည်။ ကောင်းစွာ ဆည်းပူးထားပြီး ဖြစ်သည်။ ကောင်းစွာအားထုတ်တားပြီး ဖြစ်သည်။ သို့ဖြစ်၍ အာနန္ဒာ.... ငါဘုရားအလိုရှိခဲ့သော် တစ်ကပ်လုံးဖြစ်စေ၊ ထို့ထက် အလွန်ဖြစ်စေ တည်နိုင်ပေသည်' ဆိုသောစကားကိုလဲ မိန့်တော်မူခဲ့ပါတယ်။

"ထို့နောက်.... 'ဤနေ့ ဤရက်မှ သုံးလကျော်တဲ့အခါ ငါဘုရား ပရိနိဗ္ဗာန်ပြုလတ္တံ့'ဟု နောက်ထပ်လဲ မိန့်တော်မူခဲ့ပါသေးတယ်။

"အရှင်ဘုရား.... သည်စကား နှစ်ခွန်းဟာ တစ်ခုမဟုတ် တစ်ခုလောဘဲ မှားနိုင်ပါတယ်၊ ဘုရားရှင်တို့မည်သည် မဟုတ်တဲ

နှင့် ကြုံးဝါးရိုးထုံးစံမရှိပါ။ အချည်းနှီးသော စကားကိုလဲ မိန့်တော်မမူပါ။ အမှန်စကားကိုသာ မိန့်တော်မူမြဲ ဖြစ်ပါတယ်၊ စကားနှစ်ခွန်း ဆိုရှိုးထုံးစံမရှိပါ ဘုရား။

"သည်ပြဿနာဟာ အစွန်းနှစ်ဖက် ထွက်လို့ နက်လှပါတယ်၊ သိမ်မွေ့လှပါတယ်၊ ဉာဏ်နဲ့ဆင်ခြင်လို့ရဖို့ခက်ပါတယ်၊ အရှင်ဘုရားနဲ့သာ ထိုက်တန်ပါတယ်၊ သူတစ်ပါး ကြားမထိုးနိုင်အောင် ဆုံးဖြတ်ပြေရှင်းတော်မူပါ ဘုရား"

အရှင်နာဂသိန်။ ။"ဒကာတော်မင်းမြတ်.... မြတ်စွာဘုရား က တစ်ကပ်လုံး- တစ်ကပ်ထက် အလွန်ဆိုတဲ့ စကားကိုလည်းကောင်း၊ သုံးလလွန်လျှင် ပရိနိဗ္ဗာန်ပြုမယ်ဆိုတဲ့ စကားကိုလည်းကောင်း မိန့်တော်မူတယ်ဆိုတာ မှန်ပေတယ်။

"မင်းမြတ်....ဥပမာအားဖြင့် လေ၏အဟုန်ကဲ့သို့ လျှင်မြန်တဲ့ အာဇာနည် မြင်းတစ်ကောင် မုဇင်းကြီးမှာ ရှိတယ်ဆိုပါတော့၊ အဲဒီ့မြင်းရဲ့ လျှင်မြန်တဲ့ အစွမ်းကို ပြောလိုတဲ့အခါ ပရိသတ်ဗိုလ်ပါတို့အလယ်မှာ ဤသို့မိန့်ဆိုပါကယ်။

"အချင်းတို့...ငါ၏မြင်းဟာ ဘယ်လောက်မြန်သလဲဆိုရင် ငါအလိုရှိရင် သမုဒ္ဒရာအထိ ခဏချင်း သွားနိုင်ပြန်နိုင်တယ်လို့ မိန့်ဆိုပါတယ်။ သို့သော် မြင်းရဲ့လျှင်မြန်ပုံကိုကော၊ ပရိသတ်ကြီးကို မပြပါဘူး။ မင်းကြီးဆိုတဲ့အတိုင်း မြင်းကမြန်တာလဲ မှန်တယ်။ ခဏလေး လှည့်ပတ်သွားပြန်နိုင်တာလဲ မှန်တယ်။

"မင်းမြတ်....အဲဒီဥပမာလိုပဲ၊ မြတ်စွာဘုရားသည် မိမိ၏ တန်ခိုးဣဒ္ဓိပါဒ်အစွမ်းကို ပြတော်မူလို၍ ဤကဲ့သို့ ဟောတော်မူခြင်းဖြစ်တယ်။ သည်စကားဟာ ဝိဇ္ဇာသုံးပါး၊ အဘိညာဉ်

ခြောက်ပါးနှင့်ပြည့်စုံပြီး အသွယ်အကြေးကင်းစင်၍ အသေဝါ ကုန်ဘဲ ရဟန္တာတွေ၊လူတွေ၊နတ်တွေ၏ အလယ်မှာ မိန့်တော်မူခဲ့တဲ့ စကားလည်း ဖြစ်ပေတယ်။

"မင်းမြတ်၊ မြတ်စွာဘုရားမှာ တန်ခိုး ဣဒ္ဓိပါဒ်ရှိတယ်။ ရှိတာနဲ့အမျှ ဣဒ္ဓိပါဒ်အာဒေါ်လျှော်စွာ တစ်ကပ်လုံးဖြစ်စေ၊ ထို့ထက်လွန်၍ပဲဖြစ်စေ နေလိုသလောက်နေနိုင်တာလဲ မှန်တယ်။ သို့သော် ပရိသတ်အလယ်မှာတော့ ထုတ်ဖော်မပြခဲ့ပေဘူး။

"မင်းမြတ်၊ မြတ်စွာဘုရားသည် ဘဝဆိုလျှင် မည်သည့် ဘဝကိုမျှ အလိုရှိဟော်မမူ။ ဘဝကို မစင် ဘင်ပုပ်ကဲ့သို့ပင် ကဲ့ရဲ့ရှုတ်ချတော်မူခဲ့တယ်။

"မင်းမြတ်၊ မြတ်စွာဘုရားက....

"ချစ်သားတို့....မစင်ဟာ နည်းနည်းကလေး ဖြစ်စေကာမူ မကောင်းသော အနံ့ဆိုးတို့က လွှမ်းမိုးနေတယ်၊ ထို့ကြောင့် ချစ်သားတို့ ဘဝနှင့် စပ်လျဉ်းလာလျှင် အနည်းငယ်ကလေးမျှလည်း ချီးမွမ်းတော် မမူဘူး၊ လက်ဖျစ်တစ်တွက် ကလေး လောက်ပင် ချီးမွမ်းတော် မမူဘူး' ဟူသော စကားကိုလည်း မိန့်တော်မူခဲ့ပါတယ်။

"မင်းမြတ်၊ မြတ်စွာဘုရားသည် မည်သည့်ဘဝ၊မည်သည့် ဂတိ၊ မည်သည့် ပဋိသန္ဓေ၊ မည်သည့် ယောနိကိုပင် ဖြစ်စေ မစင်နှင့်အမျှ၊ မစင်ကဲ့သို့သာ မြင်တော်မူတယ်။ သည်လို စက်ဆုပ်ရွံရှာတော်မူပြီးဖြစ်တဲ့ မြတ်စွာဘုရားဟာမိမိ၏တန်ခိုး ဣဒ္ဓိပါဒ်အစွမ်းကို အမှီပြုပြီး ဘဝကိုလိုချင်တပ်မက်တဲ့ဆန္ဒရှိ ဖြစ်နိုင်ပါပြီးတော့မလား"

မိလိန္ဒမင်း ။ ။"မုန်ပါ၊ နည်းနည်းကလေးမှ မပြစ်နိုင်တော့ပါ ဘုရား"

အရှင်နာဂသိန်။ ။"မုန်ပါတယ် မင်းမြတ်၊ အာနန္ဒာကို ဖွင့်ဟ မိန့်တော်မူခဲ့တဲ့ စကားတွေဟာ စင်စစ်တော့ တန်ခိုး ဣဒ္ဓိပါဒ်သဘောကို အကြောင်းအားလျော်စွာ သိသာစေခြင်းသာ ဖြစ်တယ်။ ဘဝကို လိုလား တပ်မက်လို၊ သာယာနှစ်သက်လို မဟုတ်ပေဘူး"

အာပတ် အသေးအမွှား

မိလိန္ဒမင်း ။ ။"အရှင်ဘုရား၊ မြတ်စွာဘုရားသည် 'ရဟန်းတို၊ ငါဘုရားသည် ထူးသောဉာဏ်ဖြင့် သိ၍သာလျှင်ဟောတော်မူတယ်။ မသိဘဲဟောသည် မဟုတ်' ဟူ၍ ပည်း ဖွင့်ဟ မြွက်တော်မူခဲ့ပါတယ်၊

"ယိုနောက် ... 'အာနန္ဒာ၊ ငါဘုရား ကွယ်လွန်တဲ့အခါ အာပတ်အသေးအမွှား သိက္ခာပုဒ်မျှားကို နှုတ်ယယ်လိုက နှုတ်ပယ်လော့' ဟူ၍လည်း ဝိနည်းပညတ်တော်မှာ ဟောတော်မူပြန်ပါတယ်။

သည်စကားနှစ်ခွန်းဟာ တစ်ခုမဟုတ်တစ်ခု မှားပါတော့မယ်။ ဤကဲ့သို့ အစွန်းနှစ်ဖက် ထွက်နေသော ပြဿနာသည် အရှင်ဘုရားနှင့်သာ လျော်ကန် အပ်စပ်လှပါတယ်။ သင်သာ ထင်ရှားအောင် ဖြေကြားရှင်းလင်းတော်မူပါဦး ဘုရား"

အရှင်နာဂသိန်။ ။"မင်းမြတ်၊ စကားနှစ်ခွန်းစလုံး ဘုရား ဟောချည်း ဖြစ်ပါတယ်။ သို့သော် 'အာနန္ဒာ၊ အာပတ်အသေးအမှား တွေသို့ ငါဘုရား ကွယ်လွန်တဲ့အခါ နှုတ်ပယ်လိုက နှုတ်ပယ်လော့' ဆိုတဲ့ စကားကိုတော့ မြတ်စွာဘုရားက ငါ့တပည့် သာဝကတွေဟာ ငါက စွန့်ပယ်ခိုင်းပေမယ့် ငါဘုရား ကွယ်လွန်တဲ့အခါ အာပတ်အသေး အမှားတွေကို စွန့်ပယ်မလား၊ ဒါမှုမဟုတ် လိုက်နာ ကျင့်သုံးမလား ဆိုတာကို စုံးစမ်းတော်မူလို၍ ဟောတော်မူခြင်း ဖြစ်ပေတယ်။

"ဥပမာအားဖြင့် စကြဝဠာမင်းကြီးကသားတော်များကို ဤသို့မိန့်တော်မူပါတယ်။ 'သားတော်တို့၊ ငါ့ရဲ့ တိုင်းနိုင်ငံဟာ သမုဒ္ဒရာရေမျက်နှာအထိပိုင်ဆိုင်တော်မူတယ်။ သားတော်တို့၊ ထိုမျှလောက် ဗိုလ်ပါအင်အားနဲ့ဆောင်ရွက်ဖို့ခဲယဉ်းမယ်။ သားတော်တို့ လာကြလော့။ ငါကွယ်လွန်သွားတဲ့အခါ တိုင်းစွန်ပြည်နား ဖြစ်တဲ့ မြို့ရွာ ရပ်ကွက်တွေကို စွန့်လွှတ်လိုက်ကြလော့။

"မင်းမြတ်၊ စကြဝဠာမင်း ကွယ်လွန်သော အခါ သားတော်တွေက လက်ထဲရောက်နေတဲ့ တိုင်းစွန် ပြည်နား မြို့ရွာ ရပ်ကွက်ကို ခမည်းတော် မှာခဲ့တဲ့အတိုင်း စွန့်လွှတ်ပစ်လိုက်ကြပါသလား"

မိလိန္ဒမင်း ။ ။"မစွန့်လွှတ်ကြပါဘုရား၊ ခမည်းတော် ထက် ပိုလောဘကြီးတဲ့ မင်းသားတွေ ဟာတိုင်းနိုင်ငံကို မက်မောတဲ့စိတ်နဲ့ ခမည်းတော်ထံမှ ရလိုက်တဲ့တိုင်းနိုင်ငံထက် အဆနှစ်ပြန် သုံးပြန်တောင် မြို့ရွာနိုဂုံးတွေ

ကိုသိမ်းယူကြပါသေးတယ်ဘုရား။ မင်းသားတို့လက်ထဲရောက်နေတဲ့ ဇနပုဒ်တွေကို ဘယ်မှာစွန့်လွှတ်ပါမလဲဘုရား''

အရှင်နာဂသိန်။ ။''မင်းမြတ်၊ အဲဒီဥပမာလိုပဲ မြတ်စွာဘုရားသည် ရဟန်းတော်တွေကို စုံစမ်းလိုရှိ 'အာနန္ဒာ၊ ငါဘုရားကွယ်လွန်တဲ့အခါ သံဃာတော်တို့၏အာပတ်အသေးအမှားတွေကို နှုတ်ပယ်လိုကနှုတ်ပယ်လော့'ဟု မိန့်တော်မူခြင်း ဖြစ်တယ်။

''မင်းမြတ်၊ ဘုရားသားတော်တွေဟာ သံသရာဝဋ်မှလွှတ်လိုတော်မူကြတဲ့အတွက် ပညတ်တော်မူပြီးသားသိက္ခာပုဒ်များထက်အလွန်၊ တစ်ရာ့ငါးဆယ်သော သိက္ခာပုဒ်ကို သော်လည်း စောင့်ထိန်းနိုင်ကြပါသေးတယ်''

မိလိန္ဒမင်း။ ။''အရှင်ဘုရား၊ အာပတ်အသေးအမှားဆိုတဲ့စကားကို ဟောကြားတော်မူပါဟယ်။ ဘုံဟောကြားချက်ကို လူအများ သေချာနေကြပါတယ်။ ယုံမှားသံသယဖြစ်နေကြပါတယ်။ အာပတ် အသေးအမှားဟူသည် ဘာတွေများပါလဲ ဘုရား''

အရှင်နာဂသိန်။ ။''မင်းမြတ်၊ ဒုက္ကဋ်အာပတ်ကို အသေးလို့ခေါ်တယ်။ ဒုဗ္ဘာသိအာပတ်ကိုတော့ ပိုသေးတဲ့အတွက် အမှားလို့ခေါ်တယ် မင်းမြတ်။ ရှေးကမထေရ်ကြီးတွေလဲ အာပတ် အသေးအမှားဆိုတဲ့ နေရာမှာ သံသယဖြစ်ခဲ့ဖူးပါတယ်။

''အဲဒီ မထေရ်ကြီးတွေလဲ ဝိနည်းသိက္ခာပုဒ် တည်ရာ ဝိနည်းဒေသနာ၌ မြတ်စွာဘုရားတုတ်ပြန်ထားတဲ့ဤပြဿနာကို တစ်ပေါင်းတစ်စုတည်း မပြုအပ်ပေဘူး မင်းမြတ်''

ပြောင်ဝဘုရား မဖြေကြားတဲ့ ပြဿနာ

မိလိန္ဒမင်း ။ ။"အရှင်ဘုရား 'အာနန္ဒာ.... ဝါဘုရား သည် တရားအရာမှာ ဘာမျှ လျှိုဝှက်ထားတာ မရှိ'ဟု မိန့်တော်မူခဲ့ပါသည်။ သို့သော်-မာလုက္ကျပုတ္တ မထေရ်မေးတဲ့ ပြဿနာကျတော့ ဖြေကြားတော် မမူပါ။

"အရှင်ဘုရား... သည်ပြဿနာဟာ မသိလို့ မဖြေတာဘဲလား၊ သို့မဟုတ် လျှိုဝှက်ထားလို့လားဆိုတာ စဉ်းစားတွေးတောစရာ ဖြစ်နေပါတယ်၊ သံသယဝင်စရာ ဖြစ်နေပါတယ်၊ သိသာ ရှင်းလင်းအောင် ဖြေကြားတော်မူပါဦး ဘုရား" အရှင်နာဂသိန်။ ။"မင်းမြတ်... 'အာနန္ဒာ... ဝါဘုရားမှာ တရားအရာ၌ ဘာမျှ လျှိုဝှက်ထားတာ မရှိ'လို့ မိန့်ကြားတော်မူတာ မှန်ပေတယ်၊ သို့သော်-မာလုက္ကျပုတ္တ မထေရ် အမေးကို မဖြေတာကတော့ မသိလို့လဲ မဟုတ်ဘူး၊ လျှိုဝှက်ထားလို့လဲ မဟုတ်ဘူး။

"မင်းမြတ် ပြဿနာ ဖြေတယ်ဆိုတာ လေးမျိုးလေးစား ရှိတယ်။

၁။ တစ်မျိုးတည်းဖြေရမည့် မေးခွန်း။

၂။ ခွဲခြမ်းစိတ်ဖြာပြီး ဖြေရမည့် မေးခွန်း။

၃။ ပြန်လှန်မေးခွန်းထုတ်ပြီးမှ ဖြေဆိုရမည့် မေးခွန်း။

၄။ မဖြေဘဲ ထားကိုထားရမည့် မေးခွန်းရယ်လို့ ဖြေဆိုနည်း လေးခုရှိတယ်။

၁။ တစ်မျိုးတည်း ဖြေရမည့် မေးခွန်းကတော့(ရှုပ်သည့် မမြဲသလော။)

၂။ ခွဲခြမ်း စိတ်ဖြာပြီး မေးရမည့် မေးခွန်းကတော့ (ရှုပ်သည့် အနီစွဲသာ မည်သလော။)

၃။ ပြန်လှန် မေးခွန်း ထုတ်ရမည့် မေးခွန်းမျိုးကတော့ (အသို့နည်း၊ စက္ခု ဝိညာဉ်သည့် အလုံးစုံကို သိနိုင်ပါသလော။)

၄။ မဖြေဘဲထားရမည့်မေးခွန်းမျိုးကတော့(လောကသည် မြဲသလော၊ မမြဲသလော၊ အဆုံးရှိသလော၊ မရှိဘူးလော။ အဆုံးလည်းရှိ-အဆုံးလည်းမရှိဘူးလော၊အဆုံးရှိသည်လည်းမဟုတ်၊ မရှိသည်လည်း မဟုတ်လော၊ အသက်သည် ကိုယ်လော၊ အသက်က တခြား ကိုယ်ကတခြားလော၊ သတ္တဝါသေပြီး နောက်တစ်ဖန် ပြန်ဖြစ်သေးသလော၊ မဖြစ်သလော၊ ဖြစ်သည်လည်း မဟုတ်၊မဖြစ်သည်လည်း မဟုတ်သလော စတဲ့ ၎မေးခွန်းတွေဟာ ဖြေကို မဖြေရမယ့် ထားပစ်ခဲ့ရမယ့် မေးခွန်းမျိုးဖြစ်တယ်။

"မင်းမြတ် ... မာလုက္ကျပုတ္တမထေရ်ရဲ့ မေးခွန်းဟာ မဖြေဘဲ ထားရမယ့် မေးခွန်းဖြစ်လို့ မဖြေဘဲထားခြင်းဖြစ်တယ်။

"ဘာကြောင့် မဖြေသလဲဆိုတော့ အကြောင်းရင်းလဲမရှိဘူး၊ အကြောင်းဖျားလဲ မရှိဘူး။ ဒါ့ကြောင့် ဖြေကောင်းမမှုခြင်း ဖြစ်တယ်၊ ဘုရားတို့ဟည်သည်မှာ အကြောင်းယုတ္တိမရှိ၊ အခြေအမြစ်မရှိတဲ့စကားမျိုးကို ဖြေတိုရိုးကုံးစံမရှိဘူး။

ပုတ်ချက်။ ။သတ္တဝါဆိုတာ ရှိကို မရှိဘူး၊အခေါ်သက်သက်သာ ဖြစ်တယ်၊ မရှိတာ ရှာမေးလို့ မဖြေခြင်း၊ အကြောင်း မရှိရင် အကျိုးလဲ မရှိဘူး၊ ဒါ့ကြောင့် အကြောင်းယူတို့ မခိုင်လုံလို့ မဖြေခြင်း ဖြစ်တယ်။

သေခြင်းမှ ကြောက်-မကြောက်

မိလိန္ဒမင်း ။ ။"အရှင်ဘုရား... သတ္တဝါ အားလုံး သည် ဘေးဒဏ်မှ ထိတ်လန့်တယ်၊ သေမှာ ကြောက်တယ်ဆိုတဲ့အကြောင်း ဟောတော်မူခဲ့ပါတယ်၊ သို့သော် ရဟန္တာများသည် အလုံးစုံသောကြောက်ရွံ့ထိတ်လန့်ခြင်း ဘေးအပေါင်းကို လွန်မြောက်လေ၏'ဟု တစ်ဖန် ဟောတော် မူပြန်ပါတယ်။

"အရှင်ဘုရား.... အဘယ်သို့ပါနည်း၊ ရဟန္တာပုဂ္ဂိုလ်များသည် ဘေးဒဏ်မှ ထိတ်လန့်ပါသေးသလော၊ ရေမှာ အကြီးအကျယ် ဒုက္ခခံရတဲ့ ရေသားများသည် သေမှာ ကြောက်ပါသေးသလော။

"အရှင်ဘုရား... သတ္တဝါအားလုံး ဘေးဒဏ်မှ ထိတ်လန့်တယ်၊ သေမှာ ကြောက်တယ်ဟု အကယ်၍ ဘုရားဟောအမ်သည် ဖြစ်ပါက ထို့သို့သာ ဟောခဲ့ပါမူ ရဟန္တာပုဂ္ဂိုလ်သည် အလုံးစုံသောကြောက်ရွံ့ထိတ်လန့်ခြင်းဘေးအပေါင်းကို လွန်မြောက်သလော'ဆိုတဲ့ စကား မှားပါလိမ့်မယ်၊ ထို

စကား မှန်ခဲ့လျှင် 'သတ္တဝါအားလုံး ဘေးဒဏ်မှ ထိတ်လန့်တယ်၊ သေမှာကြောက်တယ်'ဆိုတဲ့ စကား မှားပါလိမ့်မယ်၊ အစ္စန်းနှစ်ဖက် ထွက်နေသော ဤပြဿနာသည် အရှင်ဘုရားနှင့်သာ သင့်တော်ပါတယ်၊ ဖြေရှင်းပေးတော်မူပါဦး ဘုရား''

အရှင်နာဂသိန်။ ။''မင်းမြတ်... သတ္တဝါအားလုံး ဘေးဒဏ်မှ ထိတ်လန့်တယ်၊ သေမှာကြောက်တယ်'ဆိုတဲ့ စကားက ရဟန္တာတွေကို အကြောင်းပြုပြီး ဟောတော်မူတာ မဟုတ်ဘူး၊ အဲဒီ စကားဟာ ရဟန္တာ ပုဂ္ဂိုလ်မျိုးကိုချန်လှပ်၍ ဟောတော်မူခြင်းသာ ဖြစ်ပေတယ်။

''ရဟန္တာ ပုဂ္ဂိုလ်မျိုးသည် ကြောက်ရွံ့ ထိတ်လန့်ခြင်း၏ အကြောင်းရင်းကို ပယ်အပ်ပြီးပြီ။

''မင်းမြတ်.... သတ္တဝါတွေဟာ ကိုလေသာ ရှိဦးမယ်ဆိုရင် မိမိကိုယ်ကို အလွန်ပဲ စဉ်လန်းမှုရှိပါတယ်၊ ချမ်းသာဆင်းရဲ၌ စိတ်ထားနိမ့်လိုက်၊ မြင့်လိုက်၊ တက်လိုက်၊ ကျလိုက်ရှိပါတယ်၊ အဲဒီလို သတ္တဝါတွေကို အကြောင်းပြုပြီး 'သတ္တဝါ အားလုံး ဘေးဒဏ်မှ ထိတ်လန့်တယ်၊ သေမှာ ကြောက်တယ်'လို့ ဘုရား ဟောတော်မူခြင်းဖြစ်ပါတယ်။

''မင်းမြတ်.... ရဟန္တာ ပုဂ္ဂိုလ်မျိုးသည် ဘဝသုံးလမ်းအားလုံးကို ဖြတ်တောက်ပြီးပြီ၊ ဘဝအကြောင်းကိုဖျက်ဆီးပြီးပြီ၊ ပဋိသန္ဓေနေခြင်းကို သတ်အပ်ပြီးပြီ၊ ကိုလေသာ၏ အချင်ရနယ် အားလုံးကို ချိုးဖျက်ပြီးပြီ၊ ဘယ်ဘဝကိုမှ တပ်မက် တွယ်တာမှု မရှိတော့ဘူး၊ ပြုပြင်မှု သခ်ါရ အားလုံးကို အကြွင်းမဲ့ ဖြတ်တောက်အပ်ပြီ၊ ကုဘိုလ် အကုသိုလ်ကို ပယ်

သတ်အပ်ပြီ၊ အဝိဇ္ဇာကိုလဲ ပယ်အပ်ပြီးပြီ၊ ပဋိသန္ဓေမျိုးစေ့ ဖြစ်အောင် ဘာမှ မလုပ်တော့ဘူး၊ ကိုလေသာအားလုံး မီးလောင်တိုက် ဝှင်းလိုက်ပြီ၊ လောကဓံတရား အားလုံးမှ လွတ်မြောက်သွားပြီ။

"ဒါကြောင့် ရဟန္တာ ပုဂ္ဂိုလ်များဟာ ဘာမျှ ထိတ်လန့်ကြောက်ရွံ့ခြင်း မရှိတော့ဘူး၊ သတ္တဝါအားလုံးဆိုတဲ့စကားဟာ ရဟန္တာပုဂ္ဂိုလ်များကို ရည်ရွယ်ပြီးဟောတဲ့စကားမဟုတ်ဘူး မင်းမြတ်"

မိလိန္ဒမင်း ။ ။"အရှင်ဘုရား.... သတ္တဝါအားလုံးဆိုတဲ့ စကားဟာ အများနဲ့ ဘိုင်သော စကားဖြစ်ပါတယ်၊ အကြွင်းမရှိတဲ့ စကားဖြစ်ပါတယ်၊ သို့ပါ၍ တပည့်တော် ကသ္တိတ် ခိုင်မြဲအောင် မှတ်သားဖို့ ထူးခြားတဲ့ အမျက် ဒလက်များနှင့်တကွ ရှင်းလင်းပြတော်မူပါဦး ဘုရား"

အရှင်နာဂသိန်း။ ။"မင်းမြတ် ... ရှာသူကြီး တစ်ဦးဟာ လက်အောက်ခံ အစေအပါးကို 'ဟောကောင် လာစမ်း၊ ရှာထဲရှိတဲ့ လူတွေအကုန် ငါ့ထံ အမြန်လာစေရမယ်လို့ လိုက်ဟစ်လိုက်စမ်း' ဆိုတဲ့အခါ အစေအပါးကလည်း ရှာသူကြီးရဲ့ အမိန့်အတိုင်း ရှာလယ်ခေါင်ရပ်ပြီး 'ရှာထဲရှိ လူအပေါင်းတို့ ခင်ဗျား.... သူကြီးမင်းက အခုချက်ချင်း ရှာသားအားလုံး သူကြီးအိမ်သို့ လာရောက်ကြရပါမယ် ခင်ဗျား' ဟု သုံးကြိမ်ဟစ်လိုက်တယ်။

အဲဒီအခါ ရှာသားအားလုံး စုရုံးပြီး သူကြီးအိမ် သွားကြတယ်၊ ဟိုရောက်တော့ 'သူကြီးမင်း.... ရှာသားအားလုံး

ခုံပါပြီ၊ လုပ်စရာကိစ္စကိုသာ ပြောပါ'ဟု သူကြီးကို ပြောဆို ကြတယ်၊ အဲဒါဟာ သူကြီးက ခေါင်းဆောင် ယောကျ်ား တွေကို စုရုံးစေလို၍ တစ်ရွာလုံး အစုခိုင်းလိုက်ခြင်းသာ ဖြစ် တယ်၊ အမှန်က ရွာသားအားလုံး စုလာခြင်း မဟုတ်၊ ခေါင်းဆောင်အားလုံး စုရုံးလာကြောက်ခြင်းသာ ဖြစ်တယ်၊ သူကြီးကလဲ ငါ့ရွာသားတွေဟာ ဒါလောက်ပဲဟု သိပြီးဖြစ် တယ်။

"စင်စစ်မှာ မလာတဲ့ ကျန်နေတဲ့ ကဒေလးတွေ၊ မိန်းမ တွေ၊ အဘိုးအို အမယ်အိုတွေ အများကြီး ရှိနေသေးတယ် မဟုတ်လား၊ ဒါတွေကို မကာဘူးလို့ သဒ္ဓာ မထားအပ် ဘး။

"ဟာ့ကြောင့်လဲဆို ခေါင်းဆောင်တွေကိုသာ လိုချင်တဲ့ အတွက် ရွာသားအားလုံး စုရုံးလာကြောက်ခြင်းကြောင့် ဖြစ်တယ်။

"ဒကာတော် မင်းမြတ်... မြတ်စွာဘုရား သုံးနှုန်းတော် မူအပ်တဲ့ သတ္တဝါတွေဆိုတဲ့ စကားဟာလဲ ဆိုအတူသာ ဖြစ်ပါတယ်၊ သတ္တဝါအားလုံး ဆိုပေမယ့် ရဟန္တာတွေကို အကြောင်းပြု၍ ဟောတာမဟုတ်၊ သည်နေရာမှာ ရဟန္တာ များကို ခွဲနှုတ်ပစ်ရမယ်။

"မင်းမြတ်၊ ရဟန္တာများသည်ကြောက်ခြင်း၏ အကြောင်း တဆုံး မှန်သမျှကို ပယ်နှုတ်အပ်ပြီးပြီ။

"ကိုယ်လေးသာရှိတဲ့ သတ္တဝါတိုင်း ငါ့ကိုယ်... ငါ့ကိုယ်နဲ့ အစဲ့အလမ်း ကြီးနေတာ၊ ဆင်းရဲ ချမ်းသာ လူသားများ စိတ် ထား နိမ့်လိုက်၊ မြင့်လိုက် ဖြစ်နေတာ၊ အဲဒီသတ္တဝါတွေကို

အကြောင်းပြုပြီး 'သတ္တဝါအား လုံး ဘေးဒဏ်မှ ထိတ်လန့်တယ်၊ သေမှာ ကြောက်တယ်'လို့ ဟောတော် မူခြင်းသာ ဖြစ်တယ်။

"ရဟန္တာ ပုဂ္ဂိုလ်ကျတော့ ဘာတစ်ခုမျှ ကြောက်ရွံ့ထိတ်လန့်ခြင်း မရှိတော့ဘူးဆိုတာ မှန်တယ် မင်းမြတ်"

"လောကမှာ စကားသုံးမျိုး ရှိတယ်။

၁။ သဒ္ဒါလဲ ကျန်၊ အနက်အဓိပ္ပာယ်လဲ ကျန်တဲ့ စကား၊ တစ်မျိုး၊

၂။ သဒ္ဒါကျန်ပြီး အနက် အဓိပ္ပာယ် မကျန်တဲ့ စကား၊ တစ်မျိုး၊

၃။ သဒ္ဒါရော အနက်အဓိပ္ပာယ်ပါ နှစ်ခုစလုံး ဘာမှ မကျန်တဲ့ စကား၊ တစ်မျိုးအား ဖြင့် သုံးမျိုး ရှိပေတယ်။

အကြောင်းငါးမျိုး

"မင်းမြတ်.... အနက်အဓိပ္ပာယ်အကြောင်း ငါးမျိုးကို လက်ခံ ယုံကြည်ရမယ်။

၁။ ဘုရားဟောခြင်း (အဟစ္စ)
၂။ ပါဠိတော်နှင့် လျော်ခြင်း (ရသ)
၃။ အဋ္ဌကထာ ဆရာ့အလို(အာစရိယစံသ)
၄။ မိမိအယူအဆ (အဓိပ္ပာယ)
၅။ ရှေလေးမျိုးနှင့် ညီညွတ်ခြင်း (ကာရဏုတ္တရိယ)

"မင်းမြတ်... ဤအင်္ဂါ ငါးချက် ထောက်စာပြီးမှ အနက် အဓိပ္ပာယ်ကို လက်ခံရမယ်၊ ဆုံးဖြတ်ရမယ်"

မိလိန္ဒမင်း ။ ။"အရှင်ဘုရား.... အရှင်ဘုရား ဆိုတိုင်း ရှိပါစေတော့၊ တပည့်တော် ဝန်ခံပါတယ်၊ ရဟန္တာတွေ ချန်ထား၊လိုက်ပါတော့ဘုရား၊ ရဟန္တာမှ တစ်ပါး ကျန်တဲ့သတ္တဝါတွေ ကြောက်တယ် လန့်တယ်ဆိုတာ ရှိပါစေတော့။

"အရှင်ဘုရား.... ငရဲသားတွေဟာ တကယ့် အဆင်းရဲဘုံ၊ ဆင်းရဲခံကြီးတွေ ဖြစ်နေပါတယ်၊ အယုတ်ဆုံး အညံ့ဆုံး ဘဝလဲ ရောက်နေပါတယ်၊ ဘာအတွက်မှ အားထားစရာ မရှိ၊ အကောင်းဆိုလို့လဲ ဗလာနတ္ထိ ဖြစ်နေပါတယ်၊ အဲဒီ ငရဲသားတွေဟာ ငရဲခံနေရာမှ သေရမယ်ဆိုရင် သေမှာကို ကြောက်ပါသေးသလား ဘုရား"

အရှင်နာဂသိန်။ ။"မင်းမြတ်... ငရဲသားများဟာ သေမှာကို ကြောက်ကြပါသေးတယ်"

မိလိန္ဒမင်း ။ ။"အရှင်ဘုရား... ငရဲသား တွေဟာ ဆင်းရဲဒုက္ခကိုသာ အကြီးအကျယ် ခံစားနေရပါလျက် အဘယ့်ကြောင့် သေမှာကို ကြောက်ကြပါသလဲ ဘုရား ဘာ့ကြောင့်ငရဲမှာ ပျော်နေပါသလဲ ဘုရား"

အရှင်နာဂသိန်။ ။"မင်းမြတ်... ငရဲသားတွေဟာ ငရဲမှာ နည်းနည်းမှ မပျော်ကြဘူး၊ ငရဲမှလွတ် ချင်တာချည်းပဲ၊ သို့သော် မင်းမြတ် ကြောက်ခြင်းကို မပယ်နိုင်သို့ ငရဲသားတွေဟာ တိတ်လန့်နေခြင်းဖြစ်တယ်၊ထိတ်လန့်ခြင်းဟာ သေခြင်းနှင့် ဆွေမျိုးအရင်းကြီး ဖြစ်တယ်"

မီလိန္ဒမင်း ။ ။"အရှင်ဘုရား... ငရဲမှ လွတ်ချင်တဲ့ ငရဲသားတွေဟာ ဇံသရမှာကို ကြောက်တယ်ဆိုတဲ့ စကားကို တပည့်တော် လက်မခံနိုင်၊ မယုံကြည်နိုင်ပါ ဘုရား၊ သည်စကားဟာ အကောင်းဆုံး ပျက်လုံးလစ်ခုသာ ဖြစ်ပါလိမ့်မယ် ဘုရား၊ အလွန်လိုချင်နေတဲ့ လွတ်ကြောက်ခွင့်ကို သေရမှ၊ သေဝံမှ ရကြမည် မဟုတ်ပါလား ဘုရား၊ သည်အကြောင်းကို လက်မံယုံကြည်နိုင်အောင် မိန့်ကြားတော်မူပါဦး ဘုရား"

အရှင်နာဂဘိန်။ ။"မင်းမြတ်.... သစ္စာလေးပါးကို မသိသေးတဲ့ သူတိုင်း သေရမှာကို ကြောက်တယ်၊ သေခြင်းဟာ ထိတ်လန့်စရာ ဖြစ်တယ်။

"မင်းမြတ်.... အကြောင်းကို ရှင်းပြပါဦးမယ်၊ မြွေကို ကြောက်တဲ့လူဟာ မြွေကို ကြောက်တာလား၊ သေမှာကို ကြောက်တာလား၊ ရေ-မီး-မား-လုံ-မြား စသော လက်နက်များကို ကြောက်တာဟာလဲ သေမှာကို ကြောက်ခြင်းသာ ဖြစ်တယ်။

"စင်စစ် ကြောက်ခြင်းသည် သေခြင်း၏ သဘောလက္ခဏာသာ ဖြစ်တယ်၊ တန်ခိုးသတ္တိပဲ ဖြစ်တယ်၊ သို့အတူက်ကိုလေသာ ရှိသူတိုင်း သေရမှာ ကြောက်တယ်၊ ထိတ်လန့်စိုးရိမ်တယ်၊ မင်းမြတ်.... ဒါ့ကြောင့် ငရဲသားတွေဟာလဲ ငရဲမှ လွတ်ချင်ပေမယ့် သေရမှာကို ထိတ်လန့် ကြပါသေးတယ်၊ ကြောက်ကြပါသေးတယ်။

"မင်းမြတ်.. တချို့လူတွေမှာ မြင်းဖုစတဲ့ အခံရဆိုးတဲ့ ရောဂါအမျိုးမျိုးလဲက တစ်ခုခု စဲကပ်တယ် ဆိုပါတော့၊

အဲဒီလူဟာ အနာနိုပ်စက်လို့ အကြီးအကျယ် သင်းရဲဒုက္ခ ရောက်နေတဲ့အတွက် ရောဂါပျောက်အောင် ဆရာကိုပင့်ပြီး ဆေးကုမယ်။

"ဆေးဆရာကလဲ ရောဂါ ပျောက်ကင်းအောင် ဝေးနှင့် ခွဲမယ်၊ ညှပ်နဲ့ ဆွဲကုတ်မယ်၊ မီးနဲ့ရှို့မယ်၊ ဆားကြိတ်ပြီး သိပ်မယ်၊ ဝေဒနာ ခံစားနေရတဲ့လူဟာ အဲဒီလိုလုပ်မှ ပျောက်မယ်ဆိုရင် ကြောက်လန့်သေးသလား"

မိလိန္ဒမင်း ။ ။"ကြောက်လန့်ပါတယ် ဘုရား"

အရှင်နာဂသိန်း။ ။"မင်းမြတ်.... ဒီလို ဝေဒနာခံစားနေရတဲ့ လူဟာ ဝေဒနာ ပျောက်လိုသော် လည်း ခွဲစိတ်ရမှာကိုတော့ ကြောက်လန့်သေးတယ် မဟုတ်လား၊ မင်းမြတ်အဲဒီလိုပဲ ရဲသားတွေဟာ ရဲမှု လုပ်ချင်ပေမယ့် လေးစားတော့ ကြောက်ကြပါသေးတယ်"

မိလိန္ဒမင်း ။ ။"အရှင်ဘုရား.... ဒါ့ထက် ယုံကြည်လောက်အောင် သက်သေ ပြပါဦး ဘုရား"

အရှင်နာဂသိန်။ ။"မင်းမြတ်....လူတစ်ယောက်ကို အဆိပ်ပြင်းတဲ့ မြွေတစ်ကောင်က ကိုက်လိုက်တယ် ဆိုပါတော့၊ အဲဒီလူဟာ မြွေကိုက်တဲ့ဒဏ်ကြောင့် လူးလိမ့် ခံနေရမယ်၊ အသက်ထွက်လုခမန်း ခံနေရမယ်၊ အဲဒီ့အခါမှာ အင်မတန် အစွမ်းထက်တဲ့ မြွေဆရာက ဂါထာမန္တန်နဲ့ မြွေကိုဖမ်းပြီး အဆိပ်ကို ပြန်ပယ်ရုပ် ခိုင်းမယ်။

"မင်းမြတ်.... အဲဒီ မြေဆိုပ်ဘက်နေတဲ့လူဟာ အဆိပ်ပြေပြီး ရောဂါပျောက်အောင် စုပ်နေတဲ့မြွေကို ကြောက်သေးသလား"

မိလိန္ဒမင်း ။ ။"ကြောက်ပါသေးတယ် ဘုရား"

အရှင်နာဂသိန်။ ။"မင်းမြတ်.... သတ္တဝါအားလုံး မသေချင်ကြဘူး၊ သေရမှာကို ကြောက်တယ်၊ သို့အတွက် ငရဲသားတွေဟာလဲ ငရဲက လွတ်ချင်ပေမယ့် သေရမှာကိုတော့ ကြောက်ကြသေးတယ်"

သေမင်း ကျေးကွင်းမှ လွတ်-မလွတ်

မိလိန္ဒမင်း ။ ။"အရှင်ဘုရား.... ကောင်းကင်မှာ နေ၊ သမုဒ္ဒရာအလယ်ထဲ ဆင်းနေ၊ တောင်ခေါင်းထဲ ဝင်နေ၊ ဘယ်မှာပဲနေနေ သေမင်းကျေးကွင်းမှ မလွတ်၊ သေမင်းနှင့် လွတ်တဲ့နေရာမရှိ ဆိုတဲ့စကားကို မြတ်စွာဘုရား မိန့်ကြားခဲ့ပါကယ်။

"တစ်ဖန် ရတနာ့သုတ်၊ မေတ္တာသုတ် အစရှိတဲ့ အကာအကွယ် အစောင့်အရှောက် လုပ်နည်းတွေကိုလဲ မြတ်စွာဘုရားပင် ဟောကြားခဲ့ပြန်ပါတယ်။

"သည်နှစ်ချက်ဟာ အတွေးရအခက်၊ အဖြေရခက်တဲ့ ပြဿနာမျိုး ဖြစ်ပါတယ်၊ တစ်ခုမှန်ရင် တစ်ခုမှားနိုင်တဲ့ သဘောမျိုးလဲ သက်ရောက်နေပါတယ်၊ သည်ပြဿနာမျိုးတာ အရှင်ဘုရားတို့လို ဉာဏ်ကြီးရှင်မျိုးနဲ့သာ သင့်တော်ပါတယ် ဘုရား၊ သို့ပါရှိ သံသယကင်းအောင် ရှင်းလင်းဖြေကြားတော်မူပါ ဘုရား"

အရှင်နှာသီန်။ ။"မှန်ပေတယ် မင်းမြတ်.... သေမင်း ကျော့ကွင်းမှ မလွတ်နိုင် ဆိုတာကို မြတ်စွာဘုရား ဟောကြားခဲ့ပါတယ်၊ ပရိတ်တော်များနဲ့ အရုံအတား လုပ်နည်းကိုလဲ မြတ်စွာဘုရားပင်လျှင် ဟောကြားတော် မူခဲ့ပါတယ်၊ အကြောင်းကတော့ အသက်ကလဲ ကျန်နေဦးမယ်၊ အရွယ်ကလဲ ရှိသေးတယ်၊ ကံကြီးငါးပါးမှလဲ လွတ်နေတဲ့သူများအတွက် ဖြစ်ပေတယ်။

"မင်းမြတ်.... အသက်ကုန်နေတဲ့လူကို အသက် ပြန်ရှင်အောင် လုပ်တဲ့နည်းလမ်း မရှိဘူး၊ အစွမ်းသတ္တိလဲ မရှိပေဘူး။

"ဒကာတော် မင်းမြတ်.... သေလို့ခြောက်နေတဲ့ ဃစ်ပင်ကို ရေအိုးတစ်ထောင် ကုန်အောင်လောင်းပေမယ့် စိုပြေမလာနိုင်ဘူး၊ အရွက်အညွှန့် ထွက်မလာနိုင်ဘူး။

"မင်းမြတ်.... အဲဒီ ဥပမာလိုပဲ အသက်ကုန်ခါနီးတဲ့ သူများကို ဆေးကုလို့ ပရိတ်ရွတ်လို့ ပြန်ရှင်မလာနိုင်ဘူး၊ ပြန်ရှင်အောင် လုပ်တဲ့နည်းလမ်းလဲ မရှိဘူး။

"လောကမှာ ဆေးအမျိုးမျိုး ရှိပေမယ့် အသက်ကုန်ခါနီး လူတွေ့အတွက် မဟုတ်ဘူး၊ အသက်ကလဲ ကျန်ဦးမယ်၊ အရွယ်ကလဲ ရှိသေးတယ်၊ ကံကြီးလဲ မတိုက်ဘူးဆိုရင် အဲဒီ လူတွေ့အတွက် ပရိတ်တော်များနဲ့ ကာကွယ်ကုသလို့ရတယ်၊ စောင့်ရှောက်လို့ ရတယ်၊ မြတ်စွာဘုရားက အဲဒီလို လူများအတွက် ပရိတ်တော်များနဲ့ ကာကွယ်ကုစားနည်းကို ညွှန်ပြခဲ့ခြင်း ဖြစ်တယ်။

"မင်းမြတ်....လယ်သမားဟာ မှည့်လို့ရိတ်သိမ်းပြီးရိုးဖြတ်ချည့် ကျန်တဲ့လယ်ကို ရေလောင်းပါဦးမလား"

မိလိန္ဒမင်း ။ ။"မလောင်းတော့ပါဘုရား၊ အပင်ကလဲ နုသေးတယ်ဆိုရင်သာ ရေလောင်းပါ လိမ့်မယ် ဘုရား"

အရှင်နာဂသိန်။ ။"မှန်ပေတယ် မင်းမြတ်၊ ဆိုအတူပေါ့ အသက်ကုန်ပြီးနေတဲ့ လူတွေကိုဆေးကုဖို့၊ ပရိတ်ရွတ်ဖို့ မလိုတော့ဘူး၊ အသက်ကလဲကျန်၊ အရွယ်ကလဲ ငယ်၊ အဲဒီလူတွေအတွက် ပရိတ်ရွတ်ဖို့၊ ဆေးကုဖို့ လိုတယ်၊ ပရိတ်ရွတ်ခြင်း၊ ဆေးကုခြင်းကြောင့် အသက်ရှင်လာနိုင်တယ်၊ တိုးတက်ကြီးမားလာနိုင်တယ်"

မိလိန္ဒမင်း ။ ။"အရှင်ဘုရား.... အသက်ကုန်ခါနီးလို့ သေတယ်၊ အသက်ကျန်သေးလို့ ရှင်တယ်ဆိုရင် အသက်ဟာ ပရောနဂြိုဟ်၍ ဆေးကုဖို့၊ ပရိတ်ရွတ်ဖို့ မလိုတော့ဘူး မဟုတ်ပါလား ဘုရား"

အရှင်နာဂသိန်။ ။"မင်းမြတ်... ဆေးကုလို့ အသက်ချမ်းသာတာ၊ အနာဇရောဂါပျောက်တာကို သင်မင်းမြတ် မြင်ဖူးပါသလား"

မိလိန္ဒမင်း ။ ။"မှန်ပါ၊ အများကြီး မြင်ဖူးပါတယ် ဘုရား"

အရှင်နာဂသိန်။ ။"မင်းမြတ်....ဒီလိုဆိုရင် ဆေးကုဖို့၊ပရိတ်ရွတ်ဖို့ မလိုဘူးဆိုတဲ့ စကားဟာ မှားတာပေါ့"

မိလိန္ဒမင်း ။ ။"အရှင်ဘုရား... ဆေးဆရာတွေ ကုသလို ပျောက်ကင်း ချမ်းသာတာ မျက်မြင်ကိုယ်တွေမို့ သင်ရှာပါတယ် ဘုရား"

အရှင်နာဂသိန်။ ။"မင်းမြတ်... ပရိတ်ရွတ်တာလဲ အသံကြားရတယ်၊ လျှာခြောက်တယ်၊ လည်ချောင်းနာတယ်၊ အဲဒါလဲ မျက်မြင်ကိုယ်တွေပဲ မဟုတ်လား၊ စင်စစ်မှာ ပရိတ်ရွတ်ခြင်းကြောင့်ပင် ဝေဒနာ အားလုံး ပျောက်ကင်းချမ်းသာနိုင်တယ်။

"မင်းမြတ်... မြွေကိုက်ခံရတဲ့အခါ မန္တန်နဲ့ အဆိပ်ချတာ၊ ဝမ်းသွားစေတာ၊ အန်စေတာမျိုးကို မင်းမြတ် မြင်ဖူးပါသလား"

မိလိန္ဒမင်း ။ ။"မြင်ဖူးပါတယ် ဘုရား၊ အခုခေတ်တိုင်အောင်ပင် သုံးစွဲလျက် ရှိပါမယ်တယ် ဘုရား"

အရှင်နာဂသိန်။ ။"ကောင်းပြီ မင်းမြတ်.... သို့သို့လျှင်... ပရိတ်ရွတ်ခြင်း၊ ဆေးကုခြင်း လုပ်တာ အကျိုးမရှိဘူးဆိုတဲ့ မင်းမြတ်စကားဟာ အင်မတန် မှားပေတယ်။

"မင်းမြတ်....ပရိတ်နဲ့ အကာအကွယ် လုပ်ထားမယ်ဆိုရင် ကိုက်မယ့်ခြင်္သေ့ဟာ မကိုက်ဝံ့တော့ဘူး၊ ပါးစပ်ဖြဲထားတဲ့ ခြင်္သေ့ဟာလဲ ပါးစပ်စေ့သွားတယ်၊ လူမိုက်တို့က ရိုက်မယ်ခုတ်မယ်ပြုချိန် ရှယ်ထားတဲ့ တုတ်၊ ဓားမျိုးဟာလဲ မရိုက်ဖြစ်၊ မခုတ်ဖြစ်

တောဘူး၊ လက်နက်လွှတ်ချပြီး ချစ်ခင်သွားကြပါတယ်၊ အမျက်ဒေါသ ဟုန်းဟုန်းထပြီး ထိုးသတ်ရအောင်လာတဲ့ ဆင်ပြောင်ကြီးမျှားဟာလဲ ရှောင်ဖယ်သွားကြပါတယ်။

"အလျှံတပြောင်ပြောင် တောက်လောင်နေတဲ့ မီးပုံကြီး မျှားလဲ အနှားရောက်ရင် အလိုလို ငြိမ်းသွားတတ်ပါတယ်၊ လတ်တလောခြင်း သေစေတတ်တဲ့ အဆိပ်မျှားဟာလဲ ဆေးအဖြစ် ပြောင်းလဲသွားကြပါတယ်၊ သတ်ရအောင်လာတဲ့ လူမျှားဟာလဲ မသတ်ဖြစ်ဘဲ တပည့်တောင်ခံသွားကြရပါတယ်၊ နှင်းမီတဲ့ ကျောက်ဂွင်းကတောင် လွှတ်ထွက် သွားရတတ်ပါတယ်၊ အနှောင်အဖွဲ့အားလုံးမှလဲ လွှတ်မြောက်နိုင်ပါတယ်။

"မင်းမြတ်....အိပ်တန်းအတက်အဆင်း မောရသုတ် ပရိတ်ကို ရွတ်တဲ့ ဥဒေါင်းမင်းကို အနှစ်ခုနှစ်ရာတောင် မုဆိုးမမိဘူး၊ ပရိတ်မရွတ်မိတဲ့နေ့မှပဲ ဥဒေါင်းမင်း အဖမ်းခံလိုက်ရတယ်၊ မုဆိုးလက်ထဲရောက်သွားတယ်၊ အဲဒီ စကားတွေကို မင်းမြတ် ကြားဖူးတယ် မဟုတ်လား"

မင်းလိန္ဒမင်း ။ ။"ကြားဖူးပါတယ် ဘုရား"

အရှင်နာဂသိန်။ ။"မင်းမြတ်.... ပရိတ်တော်ရဲ့ တန်ခိုးဆိုတာ နတ်နှင့်တက္ခ လောကကြီးတစ်ခုလုံး လွှမ်းမိုးပိုန့်နေပါတယ်၊ အင်မတန်လဲ အကျိုးမျှားပါတယ်၊ ဒါကြောင့် မင်းမြတ် စကားမှားနေပြီ။

"မင်းမြတ်.... ဒါနဝဘီလူးဟာ မယားကို ချစ်လွန်းလို့ ပခြုပ်ထဲထည့်ပြီး ပါးစပ်နဲ့ငုံထားတယ်၊ ဝိဇ္ဇာမိုရ်ကပါးစပ်ထဲ ဝင်ပြီး ပေါင်းသင်းတယ်၊ ဒါကိုသိလို့ အန်ထုတ်လိုက်တဲ့အခါ တစ်ခါတည်း ဝိဇ္ဇာမိုရ် ထွက်ပြေးသွားပါတယ်။

"မင်းမြတ်.... တခြားဝိဇ္ဇာဗိုရ်တစ်ယောက်လဲ နန်းတော်ထဲဝင်၊ မိဖုရားနှင့် ပေါင်းဖော်လို့ အဖမ်းခံရတယ်၊ သို့သော် မန္တန်ရွတ်လိုက်တဲ့အတွက် ချွတ်ချင်း လွတ်မြောက်သွားပါတယ်၊ မင်းမြတ်လဲထိပ်တန်းပါရဂူတစ်ဦးဆိုတော့ဒီအကြောင်း ဘာ ကြားဖူးမှာပေါ့"

မိလိန္ဒမင်း ။ ။"ကြားဖူးပါတယ် ဘုရား"

အရှင်နာဂသိန်။ ။"မင်းမြတ်.... ဘာမဟုတ်တဲ့ နေရာမှာ တောင်မန္တန်ဟာ ဒါလောက်စွမ်းနေရင် တကယ့်နေရာမှာ ဘုရားမန္တန် ဖြစ်တဲ့ ပရိတ်တော်တွေဟာ ဘယ့်လောက်မျှားစွမ်းမယ်ဆိုတာ ပြောလို့တောင် ကုန်စရာ မရှိပေဘူး မင်းမြတ်"

မိလိန္ဒမင်း ။ ။"အရှင်ဘုရား....ပရိတ်က လူတွေ အားလုံးကို အကာအကွယ် ပေးပါသလား၊ စောင့်ရှောက်ပါသလား"

အရှင်နာဂသိန်။ ။"လူတိုင်း အတွက်လို့ဟော့ မဆိုနိုင်ပေဘူး မင်းမြတ်"

မိလိန္ဒမင်း ။ ။"အရှင်ဘုရား.... ဤသို့ဆိုချေသော်.... ပရိတ်တော်၏ အစွမ်းသည် အဓလေးအနက် အကျိုးမရှိရာ၊ အားမကိုးလောက်ရာ ရောက်မနေပါသလော"

အရှင်နာဂသိန်။ ။"မင်းမြတ်.... အစားအစာဟာ လူတို့ရဲ့ အသက်သခင် မဟုတ်ပေဘူးလား"

မိလိန္ဒမင်း ။ ။"ဟုတ်ပါသည် ဘုရား"

အရှင်နှာဂသိန်။ ။"ဘိုဆိုလျှင် အစား:အစာဟာ လူတိုင်:ရဲ့ အသက်သခင်ဖြစ်သလား:၊ အစား:ကျ||:လို့၊ မလုံ့တာစား:လို့ သေတဲ့လူများ:ကော မရှိပေဘူး:လား:"

မိလိန္ဒမင်: ။ ။"ရှိပါသည် ဘုရား:"

မိလိန္ဒမင်: ။ ။"ဒကာတော် မင်းမြတ်၊ သို့ဆိုခဲ့သော် အစား:အစာသည် လူတိုင်:အတွက်အကျို: မရှိပေဘူ:ပေါ့"

မိလိန္ဒမင်: ။ ။"ဤသို့လည်: မဟုတ်ပါ ဘုရား:"

အရှင်နှာဂသိန်။ ။"ဘာ့ကြောင့်လဲ မင်းမြတ်...."

မိလိန္ဒမင်: ။ ။"မှန်ပါ.... အချို့က အစား:လွန်ကြပါသည်၊ မဆင်မခြင် အရမ်:မဲ့စား:သောက်ကြသည့်အတွက် ဝမ်:လျှောပြီ: ဆေးကြပါသည်၊ အချို့ကျတော့လဲ အစား:စုံလွန်:သဖြင့် ဝမ်:မီ:ပျက်ပြီ: သေဆုံ:ကြရပါသည်၊ ဤသို့ဖြစ်ရခြင်:များ:သည် စင်စစ်အား:ဖြင့်ကား: ထိုသူများ:၏ မိုက်ပြစ်ကြောင့်သာဖြစ်ပါသည်၊ အမှန်ကမူ အစား:အစာဟူသည် လူတို့:အတွက်ဖြစ်ပါသည်၊ လူတို့:၏အသက်သခင် ဖြစ်ပါသည် ဘုရား:"

အရှင်နှာဂသိန်။ ။"မှန်ပေတယ် မင်းမြတ်.... ပရိတ်တော်သည်လည်: ထိုအတူသာ ဖြစ်ပေတယ်၊ ဒကာအကယ် ပေ:နိုပ်စုံမ်:တယ် ဆိုပြား:သော်လဲ လူတို့:အတွက်တော့ မဟုတ်ပေဘူ:၊ (၁) မယုံကြည်တဲ့လူ၊ (၂) ကံကြို:ထိုက်တဲ့လူ၊ (၃) နိယာ မိစ္ဆာဒိဋ္ဌိရှိနေသူများ:အတွက်

တော့ ယံဒုန္ဒိမိတ္တကို ဥုံခုံပြီး အကြိမ်တစ်ကောင် ရွတ်စေဦး၊ မည်သို့မျှ မစုမ်းဆောင်နိုင်ပေဘူး ။ အကာအကွယ် မပေးနိုင်ဘူး။

"အကြောင်းကတော့ သူတို့မိုက်ပြစ်နဲ့သူကျိုးဖြစ်နေလို့ပေါ့၊ အကယ်၍ ထိုသူများမှာ မိုက်ပြစ်မရှိခဲ့ဘူး ဆိုရင်ကော့ ပရိတ်တော်က ကာကွယ်စောင့်ရှောက်နိုင်မှာ မုချပဲ၊ ပရိတ်တော်ဟာ မည်သူ့ကိုမျှ မျက်နှာမလိုက်ပေဘူး....၊ အပြစ်မရှိရင် စင်စစ် ကာကွယ်စောင့်ရှောက်မှာ ဖြစ်ပေတယ် မင်းမြတ်"

မိလိန္ဒမင်း ။ ။"မှန်လှပါ...၊ ရှုပ်ထွေးခက်ခဲစွာသော ပြဿနာကို ပြေလည်အောင် ဖြေရှင်း ဆုံးဖြတ်ပေးခြင်းအတွက် အထူးသဖြင့် ကျေးဇူးတင်လှပါသည် ဘုရား"

မြတ်စွာဘုရားမှာ လောဘ်လောဘ အန္တရာယ် ရှိ-မရှိ

မိလိန္ဒမင်း ။ ။"အရှင်ဘုရား.... ဗုဒ္ဓ မြတ်စွာဘုရားမှာ လောဘ်လောဘ အင်မတန် ပြည့်စုံတယ်....၊ ရလွယ်တယ်လို့ အရှင်ဘုရားတို့ မိန့်ဆိုတော်မူပါတယ်၊ သို့သော် မြတ်စွာဘုရားသည် ပဉ္စသာလ ပုဏ္ဏား၊ ရှာသို့ ဆွမ်းခံကြွတော်မူသည့်အခါ အနည်းအကျဉ်းမျှမရရှိဘဲ သပိတ်ချည်း သက်သက်ဖြင့် ပြန်လာရသည် ဟူ၍လည်း အရှင်ဘုရားတို့ပင် မိန့်တော်မူကြပါသည်။

"ဤစကားနှစ်ရပ်သည် ရှေ့နောက်မညီ အစွန်းမလွတ်ဖြစ်နေပါသည်၊ ဤပြဿနာသည် ကျယ်ပြန့်သည်နှင့်အမျှ ခက်ခဲနက်နဲလှသည်ဟုလဲ တပည့်တော် ယူဆမိပါသည်။

"အရှင်ဘုရားနှင့်သာ ထိုက်တန် လျော်ကန်သည့် အားလျော်စွာ ဝေဖန်ရှင်းပြတော်မူပါဦး ဘုရား"

အရှင်နာဂသိန်။ ။"မင်းမြတ်....မြတ်စွာဘုရားဟာ လာဘ်လာဘ အင်မတန်ပြည့်စုံတယ်၊ ရလဲရလွယ်တယ်၊ သို့သော် ပဋ္ဌာသာလပုဏ္ဏားရှာကို ဆွမ်းခံကြွတော်မူတဲ့ အခါ သပိတ်ချည်းသက်သက်ပြန်ကြွလာရတာကတော့ မာရ်နတ်ယုတ် နှောင့်ယှက်လို ဖြစ်ပါတယ်"

မိလိန္ဒမင်း ။ ။"အရှင်ဘုရား.... ဤသို့ဆိုလျှင် ကမ္ဘာပေါင်းများစွာ ဖြည့်ကျင့် ဆည်းပူးလာခဲ့သော ပါရမီများ ကုန်ခန်းသွားရာ ရောက်နေပါသည်၊ ခုမှ ပေါ်တဲ့ ရှေကြာဝင် မာရ်နတ်ဟာ မြတ်စွာဘုရား၏ ပါရမီအစွမ်းကို ပိတ်ပင်ထားနိုင်ပါသလား၊ အကယ်၍ ပိတ်ပင်ထားနိုင်သည်ဆိုခဲ့လျှင် ကုသိုလ်ထက် အကုသိုလ်က အင်အားကြီးသည်ဟူ ပြောဆိုစွပ်စွဲစရာဖြစ်နေပါသည်၊ သို့ဆိုလျှင်လဲအရင်းထက် အဖျားလေးသည်၊ ကုသိုလ်ထက် အကုသိုလ်က အင်အားသာသည်ဟု ဆိုစရာ ဖြစ်နေပါသည် ဘုရား"

အရှင်နာဂသိန်။ ။"မင်းမြတ်.... ပဋ္ဌာသာလရှာတွင်ဆွမ်းခံ၍ မရရှိရုံမျှဖြင့် ကုသိုလ်ထက် အကုသိုလ်က အားသာသည် မဆိုထိုက်ပေဘူး၊ မြတ်စွာဘုရားထက် မာရ်နတ်

က တန်ခိုးရှိတယ်၊ အင်အားကြီးတယ်လို့လဲ မယူဆဘဲထိုက်ဘူး၊ အမှန်ကတော့ သည်လိုဖြစ်ရခြင်း၏ ဘကြောင်းရင်း အခြေခံ သဘောကို ရှာဖွေသိမြင်တတ်ဖို့သာ ပဓာနဖြစ်တယ်။

"မင်းမြတ်.... ဥပမာအားဖြင့် လူတစ်ယောက်ဟာ စကြဝဠတေးမင်းကြီးကို ဆက်သဖို့ ပျားရည်၊ ထောပတ်စတဲ့ လက်ဆောင်ပဏ္ဏာတွေယူလာတယ်၊သည်အခါမှာမင်းကြီးရဲ့တံခါးစောင့်လုပ်သူက "ဒီအချိန်ဟာ မင်းကြီးကို ဖူးမျှော်ဖို့ အချိန်မဟုတ်ဘူး၊ အပြစ်ဒဏ်မသင့်ချင်ရင် လက်ဆောင်ပဏ္ဏာတွေကို ယူပြီး မြန်မြန်ပြန်သွား"လို့ ပြောလိုက်တယ်။

"အဲသည်လူကလဲ တံခါးစောင့်စကား အရပဲ မင်းပြစ်မှုမင်းဒဏ်ခြောက်ရှိပြီးပြန်သွားရတယ်၊ မင်းမြတ် မကြွဝတေးမင်းကြီးဟာ သည်လက်ဆောင်ကို မရတာနဲ့ တံခါးစောင့်လောက်မှ အဖိုးမတန်တော့ဘူးလား၊တန်ခိုးဂုဏ်သိရ်မရှိတော့ဘူးလား၊ နောက်ထပ် ဘာလက်ဆောင်ကိုမှ မရနိုင်တော့ဘူးလား"

မိလိန္ဒမင်း ။ ။"အရှင်ဘုရား.... ဤသို့လည်း မဖြစ်နိုင်ပါ၊ ထိုတံခါးစောင့်ဖြစ်သူက ပိတ်ပင်တားဆီးထားခြင်းအားဖြင့် မရနိုင်သည့်တိုင်အောင် အခြားသော တံခါးပေါက် တံခါးစောင့်များတံမှ ကစ်ဆင့် လက်ဆောင်ပဏ္ဏာများ မြောက်မြားစွာရှိနိုင်ပါလည်"

အရှင်နာဂသိန်။ ။"မှန်ပေါ့ကယ် မင်းမြတ်... မာရ်နတ်နှောင့်ယှက် ဖျက်ဆီး ထားလို့ ထိုပဏ္ဍသာလ ပဏ္ဏားရှာမှာ ဆုမ်းမရရှိသော်လဲ ပျားစွာသော နက်

အပေါင်းတို့ကမ္ဘာ နတ်သုဒ္ဓါမျှားနှင့်ကား အခြားနေရာမှ လက်အုပ်ချီပြီး အသင့်စောင့်နေကြပေတယ်''

မိလိန္ဒမင်း ။ ။''အရှင်ဘုရား....ဤသို့သီရခြင်းမှာ လက်ခံနိုင်ဖွယ် ဆိုထိုက်ပါသည်၊ သို့သော် လောကကြီးကမ်ဘုလုံးတွင် ယှဉ်ပြိုင်ဘက်မရှိ၊ ဘုန်းတန်ခိုးကြီးတော်မူသော မြတ်စွာဘုရားသည် မာရ်နတ်၏ နှောင့်ယှက်မှုဖြင့် ဆွမ်းမရနိုင်အောင် ဖြစ်ရသည်ဆိုခြင်းကိုမူ တပည့်တော် မည်သို့မျှ မကျေနပ်နိုင်ဖြစ်ရပါသည်၊ မြတ်စွာဘုရားကဲ့သို့သောပုဂ္ဂိုလ်သည် မာရ်နတ်၏ နှောင့်ယှက်မှုကိုခံရပါမည်လား ဟူ၍လည်း တပည့်တော် တအုံ့နေ့နေ့ဖြစ်မိရပါသည် ဘုရား''

အရှင်နာဂသိန်။ ။''မင်းမြတ်.... လာဘ်လာဘရဲ့ အန္တရာယ်က လေးမျိုးရှိပေတယ်''

၁။ ဘာမှ ရည်ရွယ်ချက်မရှိသေးဘူး၊ မျက်စီကွယ်ရာမှာ ဘာမှလမ်းလုပ်ရသေးဘူး၊ ဒါကိုတစ်ဦးတစ်ယောက်က ဒီပစ္စည်းတွေလုံခြုံဖို့၊ ပေးလို့ကျေးလို့ ဘာမျှ အကျိုးမရှိဘူး၊ အလကားပဲဆိုပြီး ဖျက်ဆီးပစ်လိုက်တယ်၊ ပစ္စည်းတစ်စုံတစ်ရာပဲဖြစ်စေ၊ အစာအာဟာရပဲဖြစ်စေ အဲဒီလို ဖျက်ဆီးပစ်လိုက်လို့ လူဒါန်းပေးကမ်းမှု မပြုနိုင်၊ မပြုရတော့ဘူး၊ အဲဒါကို မျက်ကွယ်အန္တရာယ်လို့ ခေါ်တယ်။ (မရည်ရွယ်ဘဲ ရတဲ့အန္တရာယ်)

၂။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကို ရည်ရွယ်ပြီး ကျေးမွေးပြုစုဖို့ စီစဉ်ထားတယ်၊ ဒါကို တစ်ယောက်ယောက်

က ဖျက်လို့ပျက်သွားရတယ်၊ အဲဒါက ရည်ရွယ်ချက် ပျက်သွားတဲ့အနှောင့်အယှက်လို့ ခေါ်တယ်။

၃။ အားလုံး စီစဉ်ပြီးပြီ၊ အသင့်ဖြစ်နေပြီ၊ ကျေးမွေး လှူဒါန်းဖို့ပဲ ကျန်တော့တယ်၊ ဒါကို တစ်ဦးတစ် ယောက်သော သူက ဖျက်ဆီးပစ်လိုက်လို့ ပျက်စီး သွားရတယ်၊ အဲဒါကို အနှိုးကပ်အနှောင့်အယှက် ခေါ်တယ်။

၄။ ပစ္စည်းလာဘ်လာဘကို သုံးဆောင်ခံစားနေဆဲမှာပဲ တစ်ယောက်ယောက်က ဝင်ရောက် နှောင့်ယှက်လို့ ပျက်ပြားသွားရတယ်၊ ဒါမျိုးကတော့ သုံးဆောင် ဆဲ အနှောင့်အယှက်လို့ ခေါ်တယ်။

"ဒကာ၊ တော်မင်းမြတ်... မာရိန်တော်နှောင့်ယှက်လို့ ပျက်စီး သွားရတဲ့ ဆွမ်းဟောဇဉ်အလှူက မျက်ကွယ်အနှောင့်အယှက် ဖ

်ဆီးမှုဖြစ်ပေတယ်၊ အကြောင်းကတော့ သည်ဆွမ်းအလှူဟာ မြတ်စွာဘုရား သုံးဆောင်တော်မူဆဲလဲ မဟုတ်ဘူး၊ အနှိုးကပ် နေဘာလဲမဟုတ်ဘူး၊ ကြိုတင်ရည်ရွယ်တာ၊ တာလဲ မဟုတ်ဘူး၊ မျက်ကွယ်ပစ္စည်းသက်သက်သာဖြစ်တယ်၊ ဒါ့ကြောင့်လဲ နှောင့် ယှက်နှိုင်ခြင်း ဖြစ်ပေတယ်။

"သည်အချိန် သည်အခါက ဘုရားသာမဟုတ်ဘူး၊ မည်သ ည့်ပုဂ္ဂိုလ်ပင်ဖြစ်စေ ဆွမ်းခံလို့ အဝင်ခံလို့ မရနိုင်ဘူး၊ မာရ် နတ်က ပဉ္စသာလ ရှာသူ ရှာသားတွေကို ဦးစီးကဟည်းက ကြိုတင်ပူးကပ်ပြီး နှောင့်ယှက်ဖျက်ဆီးကားလို့ဖြစ်တယ်။

"ဒကာတော်မင်းမြတ်....အမှန်စင်စစ်မှာက မြတ်စွာဘုရား၌ မည်သူမျှ ပိတ်ပင်တားဆီးခြင်း၊ နှောင့်ယှက်ဖျက်ဆီးခြင်း မပြုလုပ်နိုင်သော ဂုဏ်တော်လေးမျိုးရှိပေတယ်။

၁။ မြတ်စွာဘုရားကို ရည်မှန်းထားအပ်သော ဆုမ်းဘောဇဉ် ဖြစ်စေ၊ တစ်စုံတစ်ရာလူဖွယ်ဝတ္ထုကို ဖြစ်စေ၊ မည်သူ-တစ်ဦးတစ်ယောက်ကမျှ နှောင့်ယှက်ဖျက်ဆီးခြင်း။ တားမြစ်ပိတ်ပင်ခြင်းမပြုလုပ်နိုင်ဘူး။

၂။ တစ်လံမျှလောက်သော အတိုင်းအရှည် ပမာဏဖြင့် အစဉ်ထာဝရ လွှန်းလင်းတောက်ပအပ်သော မြတ်စွာဘုရား၏ ရောင်ခြည်တော်ကို မည်သူကမျှ နှောင့်ယှက်ဖျက်ဆီးခြင်း မပြုနိုင်ဘူး။

၃။ အလုံးစုံသောအကြောင်းခြင်းရာတို့ကို အကြွင်းမဲ့ သိမြင်တော်မူနိုင်သောသဗ္ဗညုတဉာဏ်တော်အား မည်သူကမျှ နှောင့်ယှက်ဖျက်ဆီးခြင်း မပြုနိုင်ဘူး။

၄။ မြတ်စွာဘုရား၏ ဇီဝိတိန္ဒြေဟု ဆိုအပ်သော အသက်တော်၏ အနှစ်ရာယ်ကိုလည်း မည်သူကမျှနှောင့်ယှက်ဖျက်ဆီးခြင်း မပြုလုပ်နိုင်ဘူး။

ပဋ္ဌာသာလရွာမှာ မာရ်နတ်နှောင့်ယှက်တာကတော့ ဥပမာအားဖြင့်ဆိုရင် ပုန်းလျှိုးကွယ်လျှိုးနဲ့ တိတ်တဆိတ် ကြံစည်ပြုလုပ်ခြင်း သဘောမျိုး ဖြစ်တယ်၊ တိုင်းစွန်ပြည်နှား ဇနပုဒ်ကျေးရွာများကိုတိတ်တဆိတ်ဝင်ရောက်လုယက်တဲ့ သူခိုးဓားပြများကဲ့သို့ ဖြစ်တယ်။

"သည်လို သူခိုးခေါ်ပြမျိုးဟာ မင်းကောင်၏ စစ်သည်ရိုမက်မျှားနှင့်တွေ့ဆုံရရင် ဘယ်နှယ်ရှိပါ့မလဲ မင်းမြတ်"

မိလိန္ဒမင်း ။ ။"မှန်ပါ... အပြင်းအထန် နှိပ်စက်ခံ ခိုက်ခြင်း ခံရပါမည် ဘုရား"

အရှင်နာဂသိန်။ ။"မှန်ပေတယ်မင်းမြတ်... နောက် ဥပမာ တစ်ခုကတော့ ကာမပိုင် ရှိပြီးသား မိန်းမ တစ်ယောက်ဟာ တိတ်တဆိတ်လော်လီဖောက်ပြားတယ်ဆိုပါတော့၊ သည်အကြောင်းကို အကယ်၍မျှားသူ၏လင်ယောကျ်ားသိခဲ့ရင်ဖြစ်စေ၊ လက်ပူးလက်ကြပ်မိခဲ့ရင်ဖြစ်စေ ဘယ်နှယ်ရှိပါ့မလဲ မင်းမြတ်"

မိလိန္ဒမင်း ။ ။"မှန်ပါ...အသက်ကိုပင် ချမ်းသာပေးမည် မဟုတ်ပါဘုရား"

အရှင်နာဂသိန်။ ။"ဒကာတော်မင်းမြတ်... မြတ်စွာဘုရား၏ လာဘ်လာဘကိုဖျက်ဆီးဘူးသည်လည်း ထို့အတူသာ ဖြစ်ပေတယ်၊ ကြီးစွာသော မကောင်းကျိုးကို ကောန်မုချ တွေ့ကြုံခံစားရပေလိမ့်မယ် မင်းမြတ်"

မိလိန္ဒမင်း ။ ။"တပည့်တော် ကောင်းစွာဆင်ခြင်သုံးသပ်မိပါပြီ ဘုရား"

မကောင်းမှု အကုသိုလ် တိုးပွား-မတိုးပွား

မိလိန္ဒမင်း ။ ။"အရှင်ဘုရား... မသိကို မကောင်းမှု အကုသိုလ်လုပ်သူသည် အဖြစ်လွန်စွာ ကြီးသည် မိန့်ဆိုခဲ့ပြီး ဖြစ်ပါသည်။ သို့သော် 'ပသိ၌ ပြုလုပ်မိ

သော ရဟန်းသည် အာပတ်မသင့်သည့် သဘောမျိုး' ဝိနည်း သိက္ခာပုဒ်တော်တွင် မြတ်စွာဘုရား ဟောထားသည်ကိုလည်း တွေ့ရပြန်ပါသည်။

"ဤစကားနှစ်ခွန်းသည်လည်း ရှေနောက်မညီ၊ အစွန်း မလွတ် ဖြစ်နေပါသည်၊ အမှန်ကို သိပါရစေဦး ဘုရား" အရှင်နာဂသိန်။ ။"မင်းမြတ်.... စကား နှစ်ခွန်းလုံးပင် မြတ်စွာဘုရား ဟောတော်မူခဲ့တာ မှန်တယ်၊ သို့သော်.... ထူးခြားချက်ရှိတယ်၊ ထူးခြားပုံကတော့ အမှတ်သညာကြောင့် အပြစ်လွတ်လဲ အာပတ်များရှိသလို၊ အမှတ်သညာကြောင့်ပင်လျှင် အပြစ်မလွတ်တဲ့အာပတ်များလဲ ရှိပေတယ်၊ ယို့ကြောင့်ပင် မြတ်စွာဘုရား ဟောကြားတော်မူခဲ့ခြင်း ဖြစ်တယ်"

ရဟန်း သံဃာကို ထိန်းသိမ်း ဆောင်ရွက်ခြင်း

မိလိန္ဒမင်း ။ ။"အရှင် ဘုရား.... မြတ်စွာဘုရားသည် 'အာနန္ဒာ...ငါဘုရားသည်၊ သံဃာကို ထိန်းသိမ်းဆောင်ရွက်အုံ' ဟူ၍လည်းကောင်း၊ 'ရဟန်းသံဃာ သည် ငါဘုရားအား ရည်ညွှန်းခြင်းရှိ၏ ဟူ၍ တွယ်တာ၍ညှာ မှုမရှိ' ဟူ၍လည်းကောင်း ဟောတော်မူခဲ့ပါသည်။

'ယို့နောက် တစ်ဖန် အရိုင်ပေတွယ်၊ မြတ်စွာဘုရား၏ ဂုဏ်ကာ ပြတော်မူလိုသောအား ဖြင့်....

'ယခုအခါ ငါဘုရားသည် ရာပေါင်းများစွာသော ရဟန်း သံဃာတို့ကို ထိန်းသိမ်းဆောင်ရွက်သလို၊ အရိုင်ပေတွယ်၊ မြတ်စွာ

ဘုရားသည်လည်း ထိုသောင်ပေါင်းများစွာသော ရဟန်းသံဃာတို့ကို ထိန်းသိမ်းဆောင်ရွက်လတ္တံ့'ဟူလည်း ဟောတော်မူခဲ့ပြန်ပါသည်။

"ဤစကားနှစ်ခွန်းမှာလည်း သံသယဝင်စရာ ဖြစ်နေပါသည်။ ရှေနောက်မညီ အစွန်းမလွတ်ဖြစ်နေပါသည်။ကြောင်းကျိုး လျော်ကန်သော မှန်ရာကို သိပါရစေဦး ဘုရား"

အရှင်နာဂသိန်း။ ။"ဒကာတော် မင်းမြတ်၊ သည်စကားနှစ်ခွန်းကို မြတ်စွာဘုရား မိန့်တော်မူခဲ့တာမှာ တစ်ခွန်းသောစကားက အဓိပ္ပာယ်တစ်စိတ်တစ်ဒေသ အကြောင်းရှိနေတယ်၊ မြတ်စွာဘုရားတို့မည်သည် ပရိသတ်သို့ အစဉ်လိုက်တော်မူခြင်းမရှိ၊ ပရိတ်သတ်ကသာ မြတ်စွာဘုရားသို့ အစဉ်လိုက်ရမြဲဖြစ်ပေတယ်။

"မင်းမြတ်...ငါ..ငါဟူ၍လည်းကောင်း၊ ငါ့စွာဟူ၍လည်းကောင်း၊ ပြောဆိုနေတဲ့စကားများဟာ ဝိသောဘကြီးရဲ့ အမှတ်အသားခေါ်ဆိုစရာ အမည်ပညတ်များသာ ဖြစ်တယ်၊ အစစ်အမှန် ပရမတ်စကားမဟုတ်ဖူး။

"မြတ်စွာဘုရားကား ချစ်ခြင်းတဏှာ ကင်းဝေးမူတယ်၊ ဘယ်တဏှာမှလဲ မရှိဘူး၊ တဏှာအားလုံး ကုန်ဆုံး ချုပ်ငြိမ်းသွားပြီ ဖြစ်တယ်၊ ငါ့ဟာ....ငါ့စွာဆိုတဲ့ အစဲ့အလမ်း ဗုဒ္ဓမှာ အလျှဉ်းမရှိတော့ဘူး။

"အမှန်တော့ ခေါ်ဝေါ်လို့ဖြစ်အောင်၊ မှတ်သားလို့ဖြစ်အောင် သုံးစဲ့တားခြင်းသာ ဖြစ်တယ်။ ဝည္တတ်ခဲ့ မှီတွယ်ကုပ်ပဋေသတ်အတားသာ ဖြစ်ပါတယ်။

"မင်းမြတ်....မြေကြီးဟာ မြေကြီးပေါ်မှာ တည်နေတဲ့ သတ္တဝါတွေရဲ့ တည်ရာဖြစ်တယ်၊ သတ္တဝါတွေဟာ မြေကြီးပေါ်မှပဲ နေထိုင်ရပ်တည်ကြရတယ်၊ သို့သော်... မြေကြီးကတော့ ဒီသတ္တဝါတွေဟာ ငါ့ဥစ္စာပဲလို့ ငံ့ကွက်ခြင်း၊ စဉ်လန်းခြင်း မရှိပေဘူး။

"ထို့အတူပေါ့ မင်းမြတ်၊ မြတ်စွာဘုရားသည် သတ္တဝါအားလုံးတို့ရဲ့ တည်ရာမှီရာဖြစ်တယ်၊ သတ္တဝါတွေဟာ ဘုရားသာ တည်ရာမှီရာရှိကြကယ်၊ ဘုရားကတော့ သတ္တဝါတွေကို ငါ့ဥစ္စာပဲလို့ ငံ့ကွက်ခြင်း မရှိဘူး။

"မင်းမြတ်... မိုးကို သတ္တဝါတွေအားကိုးကြတယ်၊ မိုးကို အမှီပြုပြီးဒီသက်မွေးကျွေးရတယ်၊ သို့သော် မိုးကတော့ ဒါတွေဟာ ငါ့သတ္တဝါတွေပဲလို့ ငံ့ကွက်မှု မရှိဘူး။

"ထို့အတူပဲ....မင်းမြတ်၊ မြတ်စွာဘုရားသည် သတ္တဝါအားလုံးတို့၏ ကုသိုလ်တည်ရာဖြစ်တယ်၊ ကုသိုလ်ကို ဖြစ်စေတယ်၊ အစဉ်ပေါင်ရှောက်တယ်၊ သတ္တဝါအားလုံး ဘုရားကို အမှီပြုပြီး ရပ်တည်ကြရတယ်၊ ဘုရားကတော့ ဒါတွေဟာ ငါ့သတ္တဝါတွေပဲဟု ငံ့ကွက်ခြင်းမရှိ၊ ဘာ့ကြောင့်မရှိသလဲ ဆိုရင် အစဉ်အလမ်းမရှိလို့ဘဲ ဖြစ်ပေတယ်"

မြတ်စွာဘုရားမှာ မကွဲသော ပရိသတ် ရှိ-မရှိ

မိလိန္ဒမင်း ။ ။"အရှင်ဘုရား....မြတ်စွာဘုရားမှာ မကွဲတဲ့ ပရိသတ်ရှိတယ်လို့ ဆိုပါတယ်၊ သို့သော်...'ဒေဝဒတ်က သံဃာ ၅ ပါးရာကို တစ်ခါတည်း သင်ခဲ့ပစ်လိုက်တယ်'လို့လဲ မိန့်တော်မူပြန်ပါတယ်။

"ဤစကား နှစ်ရပ်သည်လည်း တစ်ခုနဲ့ တစ်ခုအစွန်း မလွတ်၊ တစ်ခုမဟုတ်တစ်ခု မှာ:ဆိုတဲ့သဘောမျိုးရောက်နေပါတယ်၊ သိသာထင်ရှာ:အောင်ခွဲခြာ:ဖြေတော်မူပါဦး ဘုရား" အရှင်နာဂသိန်။ ။"မင်:မြတ်....ဒေ၀ဒတ်က ရဟန်:ငါ:ရာကို တစ်ခါတည်း သင်:ခွဲပစ်လိုက်တယ်ဆိုတဲ့ စကာ:ဟာ ခွဲဖျက်တဲ့လူရဲ့ အစွမ်:ကြောင့် အကွဲခံရတာကို ရည်ရွယ်၍ ပြဆိုခြင်:ဖြစ်တယ်။

"မင်:မြတ်.... ခွဲတဲ့လူရှိမယ်ဆိုရင် မကွဲတဲ့ အရာရယ်လို့ လောကမှာ မရှိပါဘူ:၊ ခွဲမယ့်သူရှိရင် အမေနဲ့သား၊ သား:နဲ့ အမေလဲ ကွဲမှာပဲ၊ သား:နှင့်အဖေလဲ ကွဲမှာပဲ၊ လင်နှင့်မယား:လဲ ကွဲမှာပဲ၊ အား:လုံ:ကွဲကြမှာပဲ၊ ဘာမှမကွဲနိုင်စရာမရှိဘူ:။

"မင်:မြတ် .. မြတ်စွာဘုရား ပရိသတ်ပျက်စီ:ဘွား:တယ်ဆိုတာ ပညာရှိတို့၏အလိုဆန္ဒ သဘောထား:မယှဉ်တ်ဘူ:၊ ဘုရား:ရှင်တို့၏ နှလုံ:သွင်:မှု မဟုတ်ဘူ:၊ မြတ်စွာဘုရား:မှာ ချို့ယွင်:ချက် အား:နည်:မျက်ရှိလို့ ပရိသတ် ကွဲထွက်သွား:တယ်လို့လဲ တစ်ခါမှ မကြား:ဖူ:ဘူ:၊ ပရိသတ်မပျက်ပျက်အောင် ဖျက်တဲ့ ဒေ၀ဒတ်အတွက်ကြောင့်သာ ဖြစ်တယ်။

"လောကမှာ ဘာမဆို ဖျက်တဲ့လူရှိရင် ပျက်တာပဲ၊ ဆန်:ကြယ်တဲ့အရာ မဟုတ်ပေဘူ:"

တရား:တော် အမြတ်ဆုံ: ဖြစ်-မဖြစ်

မိလိန္ဒမင်: ။ ။"အရှင်ဘုရား....၀ါဃေ၀ဋ္ဋကရား:တော်သည် သာ လူအပေါင်:တို့၏ မျက်မှောက်၌ လည်:ကောင်:၊ တမလွန်၌လည်:ကောင်: အမြတ်ဆုံ:တည်:။

"နောက်တစ်ခါ သောတာပန်လူဒါယကာများ သည် ပုထုဇဉ် ရဟန်းကိုဖြစ်စေ၊ သာမဏေကိုဖြစ်စေ ရှိခိုးရမယ်။

"သည်စကားနှစ်ရပ်ကို ဘုရားရှင် ကိုယ်တော်တိုင် ဟောကြားတော်မူခဲ့ပါသည်၊ အဲဒီစကားနှစ်ခုပ်ဟာ ရှုပ်ထွေးဝေဝိုက်နေပါတယ်၊ အစုန်းမလွှတ်သလို ဖြစ်နေပါတယ်၊ နားလည်သဘောပေါက်ဖို့ ခက်နေပါတယ်၊ ရှင်းလင်းပြကြားတော်မူပါဦးဘုရား"

အရှင်နာဂသိန်း။ ။"မင်းမြတ်...သောတာပန် လူဒါယကာများက ပုထုဇဉ် ရဟန်းသာမဏေများကို ရှိခိုးရမယ်၊ ဧရိုးဦးကြိုပြုရမယ် လို့မိန့်တော်မူတာက အကြောင်းရှိပါတယ်၊ ဘယ်လိုအကြောင်းလဲဆိုတော့....။

ကျင့်နှစ်ဆယ် အသွင်နှစ်မျိုး

"မင်းမြတ်.... ရဟန်းတော်များဟာ ရှိခိုးထိုက်၊ ပူဇော်လိုက်၊ အရိုအသေခံထိုက်၊ ဧရိုးဦးကြိုပြုခြင်း ခံထိုက်အောင် ကျင့်ကြံလိုက်နာရတဲ့ တရားနှစ်ဆယ်နှင့် အသွင်နှစ်မျိုးဆိုတာ ရှိတယ်။

၁။ မြတ်သောတရားဌ မမ့်လျော့ခြင်း။
၂။ ဥပုသ်အမြဲပြုရခြင်း။
၃။ ဆွမ်းခံမှုစသောအကျင့်ရှိခြင်း။
၄။ ကောင်းစွာ ဝတ်ရုံနေကိုင်ခြင်း။
၅။ လူမြင်ကိုစောင့်စည်းခြင်း။

၆။ ကိုယ်နှုတ်ကို စောင့်စည်းခြင်း။
၇။ အပူအအေးကိုသည်းခံခြင်း။
၈။ ကောင်းသောအကျင့်၌ မေ့လျော့ခြင်း။
၉။ တစ်ယောက်တည်းကျင့်ခြင်း။
၁၀။ တစ်ယောက်တည်းမေ့လျော့ခြင်း။
၁၁။ တစ်ယောက်တည်း ကိန်းအောင်းခြင်း။
၁၂။ မကောင်းမှုမှ ရှက်ကြောက်ခြင်း။
၁၃။ ကောင်းမှု၌ အားထုတ်ခြင်း။
၁၄။ ကုသိုလ်ဝတ်၌ မမေ့မလျော့ မပေါ့ဆခြင်း။
၁၅။ သီကွာပုဒ်ကို ကောင်းစွာခံယူခြင်း။
၁၆။ ဘုရားဟောပါဠိကို သင်ယူခြင်း။
၀၇။ အဌကထာကို သင်ယူခြင်း။
၁၈။ သီကွာသုံးပါး၌ မေ့လျော့ခြင်း။
၁၉။ တပ်မက်မှုကင်းခြင်း။
၂၀။ သီကွာပုဒ်တို့၌ ဖြည့်ကျင့်ခြင်း။
"အဲဒါတွေက အကျင့်နှစ်ဆယ် ဖြစ်တယ်။

အသွင်နှစ်မျိုး

"အသွင်နှစ်မျိုးဆိုတာကတော့- (၁) သက်နိုးဝတ်ခြင်း၊ (၂) ခေါင်းတုံးရိတ်ခြင်းတို့ ဖြစ်တယ်၊ ရဟန်းတော်များသည် အဲဒီ့အကျင့်တရား ဂုဏ်ကျေးဇူးများကိုဆောက်တည်၍ ကျင့်ကြံရတယ်၊ ရဟန်းတော်များသည် အဲဒီ့အကျင့်သီကွာ၊ ဂုဏ်ကျေးဇူးများ မယုတ်လျော့တဲ့အတွက်၊ ပြည့်စုံတဲ့အတွက်၊

အလွန်လုံခြုံပြည့်စုံသည့်အတွက်ကြောင့် ကြီးပွားသောသီကျွာ ဖြစ်ရာ၊ ရဟန္တာဖြစ်ရာ-အရဟတ္တမဂ်-ဖိုလ်ကို ဆိုက်ရောက်နိုင်ပေတယ်၊ တရားထူးရနိုင်ပေတယ်၊ မဂ်-ဖိုလ်၏အနီးသို့ရောက်သောအကျင့် ရှိပေတယ်-ဟူ နှလုံးသွင်းပြီး၊ လူဒါယကာသောတာပန်များက ပုထုဇဉ် ရဟန်းသာမဏေများကို ရှိခိုးထိုက်၊ ခရီးဦးကြိုပြုထိုက်ပါတယ်။

၁။ ပုထုဇဉ် ရဟန်းများသည် ရဟန္တာများနှင့် ဇာတ်အသွင်တူတယ်၊ နီးကပ်သော အကျင့်ရှိတယ်၊ ငါတို့ လူတွေမှာ ဒါမျိုးတွေ မရှိ။

၂။ ပုထုဇဉ်ရဟန်းသည် မြင့်မြတ်သောပရိသတ် အသင်းအပင်းဘောင်ထဲမှာရှိတယ်၊ ငါတို့မှာ မရှိဘူး။

၃။ ပုထုဇဉ်ရဟန်းများသည် အာဏာပါတိမောက် ရှုတ်သည်ကို နာယူခွင့်ရတယ်၊ ငါတို့မှာ မရှိနိုင်ဘူး။

၄။ ပုထုဇဉ်ရဟန်းသည် သူတစ်ပါးကို ရှင်-ရဟန်းပြုပေးနိုင်တယ်၊ ငါတို့မှာ ဒါမျိုးတွေ လုပ်မပေးနိုင်ဘူး။

၅။ ပုထုဇဉ်ရဟန်းသည် အတိုင်းမရှိ များပြားလှသော သီကျွာပုဒ်တွေကို ကျင့်လေ့ရှိတယ်၊ ငါတို့မှာ အဲဒီ သီကျွာပုဒ်တွေကို မကျင့်နိုင်ကြဘူး။

၆။ ပုထုဇဉ်ရဟန်းသည် ရဟန်းအသွင်အပြင်သို့ ရောက်နေ၍ ဘုရားအလိုတော်၌ တည်နေပေတယ်။ ငါတို့မှာ ရဟန်းအသွင်နဲ့ အဝေးကြီးဖြစ်နေတယ်။

"ဤကဲ့သို့သော အကြောင်းအချက်များကြောင့် သောတာပန် လူဒါယကာများသည် ပုထုဇဉ်ရဟန်းကို ရှိခိုးခြင်း၊ ပူဇော်ခြင်း၊ ခရီးဦးကြိုပြုထိုက်ခြင်း ဖြစ်ပေတယ်။

"ပုထုဇဉ်ရဟန်းသည် မျက်စိကို ဆေးမခြယ်၊ အဝတ်ကို အဆန်းတကြယ် တန်ဆာမဆင်၊ အမှန်းမတင်ဘဲ အပြုတမ်း လိမ်းကျုံ့အပ်သော သီလတော်မှေးရနံ့တို့ဖြင့် အသက်အောက် တကြိုင်ကြိုင်သင်းပျံ့လျက်ရှိပေတယ်၊ ငါတို့မှာကော အဆန်း တကြယ် တန်ဆာဆင်ရတာနဲ့၊ လှုပပြေပြစ်အောင် ပြုပြင်နေရ တာနဲ့ အပျော်ကြီးပျော်နေကြတယ်၊ အဲဒါတွေကို နှလုံးသွင်း ပြီး. သောတာပန်လူမျိုးက ပုထုဇဉ်ရဟန်းများကို ရှိခိုးထိုက်၊ ပူဇော်ထိုက်၊ ခရီးဦးကြိုပြုထိုက်တယ်။

"မင်းမြတ်....ရဟန်းအဖြစ်ကို ပြုတတ်တဲ့ အကျင့်တရား နှစ် ဆယ်နှင့် အသွင်နှစ်မျိုးဆိုတာရှိတယ်၊ အဲဒါတွေ အားလုံးဟာ ရဟန်းတွေမှာသာရှိတယ်၊ အဲဒီ့တရားတွေကိုကျင့်ကြုံရတယ်၊ အဲဒီ့တရားများကို သူတစ်ပါးတွေအား ကျင့်စေတယ်၊ငါ့မှာ သော့ရဟန်းများ၏ ကောင်းသောကျင့်ဝတ်များသည်လည်း ကောင်း၊ ကျင့်ကြုံခြင်းသည်လည်းကောင်း မရှိဘူး၊ အဲဒီ့လို နှလုံးသွင်းသော သောတာပန်လူသားများက ပုထုဇဉ်ရဟန်း များကို ရှိခိုးထိုက်၊ ပူဇော်ထိုက်၊ ခရီးဦးကြိုပြုထိုက်တယ်။

"ဥပမာအားဖြင့် မင်းသားတစ်ပါးသည် ပုရောဟိတ်ဟံ တွင် အတတ်ပညာကို သင်ယူတယ်၊ မင်းကျင့်ဝတ်ကို သင်ယူ တယ်၊ နောက်တော့ အဲဒီ့မင်းသားရှင်ဘုရင်ဖြစ်သွားတဲ့အခါ ပုရောဟိတ်ကို 'ငါ့ဆရာပဲ၊ ငါ့ကို အတတ်ပညာသင်ပေးသူ' ဆိုပြီး ဆရာကို ရှိခိုးတယ်၊ ခရီးဦးကြိုပြုတယ်။

"မင်းမြတ်....ဒါထက်အရေးကြီးတဲ့ အချက်ကတော့ လူ သောတာပန်များဟာ တကယ်လို့ ရဟန္တာဖြစ်သွားယုံဆိုရင် အဲဒီ့နေ့မှာ ပရိနိဗ္ဗာန်စံရင်လဲ စံရမယ်၊ ဒါမှမဟုတ် ရဟန်း

ရင်လဲ ဝတ်ရမယ်၊ သည်နှစ်ခု တစ်ခုခုတော့ ကျိန်းသေတယ်၊ ဒါ့အပြင် ဘဝမှုမရှိဘူး၊ရဟန်းမျှားကျတော့ ဒီလိုမဟုတ်ဘူး၊ ရဟန်းဘဝဟာ မြင့်မြတ်တယ်၊မတုန်လှုပ်ဘူး၊ဘယ်လိုဂုဏ်ထူးနဲ့ ဖြစ်ဖြစ် ထိုက်တန်တယ်၊ဒါကြောင့် ရှိခိုးထိုက်၊ပူဇော်ထိုက်၊ ခရီးဦးကြိုပြုထိုက်ပေတယ်''

မြတ်စွာဘုရားသည် သတ္တဝါအားလုံး၏ အကျိုးကို ဆောင်-မဆောင်

မိလိန္ဒမင်း ။ ။''အရှင်ဘုရား.... မြတ်စွာဘုရားသည် သတ္တဝါအားလုံးတို့ရဲ့ အကျိုးစီးပွားမှဲ့ကို ပယ်စွန့်တော်မူတယ်၊ အကျိုးစီးပွားကိုသာဆောင်တော်မူတယ်။

''တစ်ဖန် 'အဂ္ဂိကွန္ဒေါပမသုတ်မှာ ရဟန်း-ဓကျိပ်ခံတွင်းမှ သေးပူတွေ့အန်ထွက်တယ်' ဟူ ဟောတော်မူပြန်ပါတယ်၊သည်နှစ်ချက်ဟာ အယူအဆခက်နေပါတယ်၊ မရှင်းမရှင်းဖြစ်နေပါတယ်၊ အစွန်းမလွတ်ဖြစ်နေပါတယ်၊ သင်္ကာညှာသည်းခံပြီးဖြေကြားတော်မူပါဦး ဘုရား''

အရှင်နာဂသိန်။ ။''မင်းမြတ်.... အဂ္ဂိကွန္ဒေါပမ သုတ်ကို ဟောတဲ့ ရဟန်းခြောက်ကျိပ် သေးအန်တာက ဘုရား တရားတော်ကိုဟောလိုမဟုတ်ဘူး၊ သူတို့လုပ်ထားတဲ့မကောင်းမှုကံကြောင့် သေးအန်ရခြင်းသာဖြစ်တယ်''

မိလိန္ဒမင်း ။ ။''အရှင်ဘုရား.... မြတ်စွာဘုရား အဲဒီ သုတ်ကို မဟောဘူးဆိုရင် အဲဒီ ရဟန်းခြောက်ကျိပ်သေးအန်ဦးမလား''

'မင်းမြတ်....။ အဂ္ဂိကွန္ဒေါ၀ပမသုတ်ကိုဟောတဲ့ ရဟန်း ခြောက်ကျိပ်သေ့အန်တာ၀က ဘုရား တရား၀ေါ်ကို ဟောလို့မဟုတ်ဘူး၊ သူတို့လုပ်ထား၀ဲ့ မကောင်းမှုကံ ကြောင့် သေ့အန်ရခြင်းသာ ဖြစ်တယ်'

အရှင်နံဝဂသိန်။ ။"မအန်ဘူး ထင်တယ်"

မိလိန္ဒပင်း ။ ။"အရှင်ဘုရား....မြတ်စွာဘုရား၏ တရား တော်ကို ဟောလိုသာ သေးအန်တယ်ဆို တော့ ဘုရားကြောင့်ဖြစ်တယ်လို့ မယူဆနိုင်ပေဘူးလား။

"အရှင်ဘုရား....ဥပမာအားဖြင့် မြေကစ်ကောင်ဟောင်ပို့ ခေါင်းထဲဝင်နေတယ်၊ အဲဒီ အချိန်မှာပဲ လူတစ်ယောက်က ဟောင်ပို့ကိုဖျက်ပြီး မြေကြီးတွေသယ်တယ်၊ အဲဒါကြောင့် အပေါက်ပိတ်ပြီး ဟောင်ပို့ခေါင်းထဲက မြွေဟာ အသက်မရှူ ရလို့ သေတယ်၊ သည်လိုဖြစ်ရတာဟာ မြေသယ်တဲ့လူကြောင့် ဖ

်ုတ်ပေဘူးလား ဘုရား"

အရှင်နာဂသိန်။ ။"ဟုတ်ပေတယ် မင်းမြတ်...."

မိလိန္ဒပင်း ။ ။"အရှင်ဘုရား... သို့ဆိုလျှင် ရဟန်း ခြောက်ကျိပ်သေးအန်တာဟာလဲ မြတ်စွာဘုရား၏ တရားကို ဟောလိုဖြစ်ဘဲအတွက် ဘုရားကြောင့် လို့ မဆိုထိုက်ဖူးလား ဘုရား"

အရှင်နာဂသိန်။ ။"မင်းမြတ်....မြတ်စွာဘုရား တရားတော် ကို ဟောတော်မူတာဟာ ချစ်လို့မုန်းလို့ မဟုတ်ဘူး၊ ချစ်ခြင်း မုန်းခြင်းရှိ၊ အလွတ်သက်သက်သာ တရားဟောတော်မူခြင်းဖြစ်တယ်။

"သည်လိုတရားဟောတဲ့အခါမှာကောင်းကောင်းကျင့်တဲ့ လူတွေကတော့ သစ္စာလေးပါးသိကယ်၊ တရားရတယ်၊ အဲဒီလို မဟုတ်ဘဲ ဖောက်ဖောက်ပြန်ပြန် ကျင့်တဲ့လူတွေကျတော့ လျှောကျတယ်။

"ခကာတော်မင်းမြတ်....ဥပမာ အားဖြင့် လူတစ်ယောက် သစ်ပင်ပေါ်တက်ပြီးလှုပ်မယ်ဆိုရင် အညှာခိုင်တဲ့အသီးတွေက မကြွေဘူး၊ မခိုင်တဲ့အသီးကေ့က ကြွေကျတယ်၊ ထိုအတူပဲ.... မင်းမြတ်၊ မြတ်စွာဘုရားသည် ချစ်ခြင်းမုန်းခြင်းမရှိဘဲ တရားဟောတော်မူတယ်၊သည်လိုဟောတဲ့အခါမှာ ကောင်းကောင်းကျင့်တဲ့လူတွေ သစ္စာလေးပါး သိတယ်၊ တရားထူးရတယ်၊ အဲ-အကျင့်မကောင်းတဲ့လူတွေကျတော့ ရပ်တည်လို့မရအောင် ဖြစ်တယ်၊ လျှောကျတယ်၊ မင်းမြတ်.... ဒါကြောင့် ရဟန်းခြောက်ကျိပ်သွေးအန်တာဟာ ဘုရားကြောင့်မဟုတ်ဘူး၊သူတို့ လုပ်ခဲ့တဲ့ကံကြောင့် သွေးအန်ခြင်းသာ ဖြစ်ရပေတယ်။

လျှိုဝှက်သောအင်္ဂါကို ပြခြင်း

မိလိန္ဒမင်း ။ ။"အရှင်ဘုရား.... မြတ်စွာဘုရားသည် ကိုယ် နှုတ် စိတ် အလုံးစုံဒဏ်ခတ်ခြင်းသည် ကောင်းဆိုဟု ဟောတော်မူခဲ့ပါတယ်။

"တစ်ဖန် မြတ်စွာဘုရားသည် ပရိသတ်လေးပါးအလယ်မှာ နေတော်မူ၍ နတ်၊ လူတို့ ရှေ့မှောက်၌ 'သေလပုဏ္ဏား' အား လျှိုဝှက်အပ်သောအင်္ဂါကိုပြတော်မူတယ်လို့ ဟောတော်မူခဲ့ပြန်ပါတယ်၊ သည်နှစ်ခုဟာ ဆန့်ကျင်နေပါတယ်၊ အစွန်းထွက်နေပါတယ်၊ အမှန်သိရအောင် ရှင်းလင်းဖြေကြားတော်မူပါဦး ဘုရား"

အရှင်နာဂသိန်။ ။"မင်းမြတ်....သေလပုဏ္ဏားကို လျှိုဝှက်သောအင်္ဂါပြတာကတော့ သေလပုဏ္ဏားက မြတ်စွာဘုရားကို ဘုရားစင်စစ် ဟုတ်-မဟုတ် ယုံမှား

သံသယဖြစ်နေတယ်၊ ဒါကြောင့် ပုဏ္ဏားတစ်ယောက်ထဲ မြင်ပဲ အောင်သာ တန်ခိုးတော်နဲ့ အတုဖြစ်တဲ့ လျှို့ဝှက်အင်္ဂါကို ပြုတော်မူခြင်း ဖြစ်တယ်၊ အဲဒီ နေရာမှာ သံသယဖြစ်နေသူ တစ်ယောက်ကိုသာ တန်ခိုးထော်နဲ့ ကွက်၍ ပြခြင်း ဖြစ်တယ်၊ တခြား နတ်၊ လူတွေ မမြင်ရပေဘူး''

မိလိန္ဒမင်း ။ ။''အရှင်ဘုရား.... ပရိသတ်ရှေမှောက်မှာ ပြပါလျက် တစ်ယောက်ထဲသာ မြင်ရတယ်ဆိုတဲ့အချက်ကို မနှစ်သက်ပါ၊ မယုံကြည်နိုင်ပါ ဘုရား''

အရှင်နာဂသိန်။ ။''မင်းမြတ်.... ရောဂါသိပ်ကြီးလို့ ဆွေမျိုးတွေ ဝိုင်းပြုစုနေရတဲ့လူနာကို မြင်ဖူးပါသလား''

မိလိန္ဒမင်း ။ ။''မြင်ဖူးပါတယ် ဘုရား''

အရှင်နာဂသိန်။ ။''မင်းမြတ် .. အဲဒီ လူခံစားနေရတဲ့ ဝေဒနာကို ဘေးက ဆွေမျိုးတွေ မြင်ပါသလား''

မိလိန္ဒမင်း ။ ။''မမြင်ပါ ဘုရား၊ တစ်ယောက်ထဲသာ ခံစားနေရပါသည် ဘုရား''

အရှင်နာဂသိန်။ ။''ထို့အတူပဲ ... မင်းမြတ်၊ ဘုရားစင်စစ် ဟုတ်....မဟုတ် သံသယဖြစ်နေတဲ့ လူတစ်ယောက်သာ သိနိုင်အောင်၊ မြတ်စွာဘုရားက တန်ခိုးတော်နဲ့ လျှို့ဝှက်သော အင်္ဂါအတုကို ပြခြင်းဖြစ်တယ်''

မိလိန္ဒမင်း ။ ။''အရှင်ဘုရား.... မြတ်စွာဘုရားသည် ဘယ်သူ့ကိုမျှမပြသင့်တဲ့အင်္ဂါကိုပြသဖြင့် မလျော်ကန်စွာသောအမှုကိုပြုလုပ်ခြင်း ဖြစ်ပါတယ် ဘုရား''

အရှင်နဝကသိန်။ ။"မင်းမြတ်...မြတ်စွာဘုရားသည် အင်္ဂါ အစစ်ကို ပြတော်မမူ၊ အရိပ်လောက်ကို သာ ပြတော်မူခြင်းဖြစ်တယ်"

မိလိန္ဒမင်း ။ ။"မှန်ပါ၊ အရိပ်အယောင်ပင်ဖြစ်သော်လဲ ဆုံးဖြတ်နိုင်တဲ့အတွက် အစစ်ကို မြင်သူလိုပင် ဖြစ်ပါတယ် ဘုရား"

အရှင်နဝကသိန်။ ။"မင်းမြတ်...မြတ်စွာဘုရားသည် ကျွတ်ထိုက်တဲ့သတ္တဝါမျိုးအတွက် ပြုနိုင်ခက်သည်ကိုလဲ ပြုတော်ပေတယ်၊ အကယ်၍ လုပ်သင့်လုပ်ထိုက်တာကို မလုပ်ဘူးဆိုရင် ကျွတ်ထိုက်တဲ့သတ္တဝါဟာ မကျွတ်ဘူး၊ ဒါဟာ ဆုံးရှုံးမှုတစ်ရပ် ဖြစ်ပေတယ်။

"ဘုရားတို့မည်သည်မှာ ကျွတ်ထိုက်သော သတ္တဝါတွေ ကျွတ်ဖို့ကို သိရှိတော်မူ၊ လုံ့လပြုတော်မူတဲ့အတွက် သတ္တဝါတွေ ကျွတ်တန်းဝင်နိုင်ခြင်း ဖြစ်တယ်၊ မြတ်စွာဘုရားသည် ကျွတ်ထိုက်တဲ့သတ္တဝါကို သိတော်မူတဲ့လုံ့လဖြင့်သတ္တဝါတွေကို ကျွတ်တန်းဝင်စေခြင်း ဖြစ်တယ်။

"မင်းမြတ်....ကိုယ်ဝန်လမ်းမှား၍ သားမဖွားနိုင်တဲ့မိန်းမဟာ ဆေးဆရာအား မပြသင့်သောအင်္ဂါကိုပြရသလို မြတ်စွာဘုရားသည်လည်း ကျွတ်ထိုက်သောသူတို့ ကျွတ်တန်းဝင်စေရန်အတွက် မပြသင့်သောအင်္ဂါကို အကြောင်းအားလျော်စွာ တန်ခိုးတော်ဖြင့် အရိပ်အယောင်ပြခြင်း ဖြစ်ပေတယ်။

"မင်းမြတ်....ပုဂ္ဂိုလ်တွေမျက်နှာထောက်ပြီးမပြသင့်သော အရာဆိုတာ မရှိဘူး၊ မင်းမြတ်.... တစ်ယောက်ယောက်က မြတ်စွာဘုရား၏ နှလုံးသားကို မြင်ရမှ အကျွတ်ပေးရမယ်

ဆိုရင် ပြမှာပင်ဖြစ်ပေတယ်၊ မြတ်စွာဘုရားသည် သစ္စာ လေးပါး သိကြောင်းလုံ့လ၌ သိမြင်တော်မူတယ်၊ ဒေသနာဉာဏ်၌ လိမ္မာတော်မူတယ်။

"ဒကာတော်မင်းမြတ်-မြတ်စွာဘုရားတို့မည်သည် အလွန်ကြည်ညိုစရာကောင်းပေတယ်၊ မြတ်စွာဘုရားသည်တစ်ယောက်ယောက် သစ္စာလေးပါးကို သိမယ်ဆိုရင် ညီတော်မင်းနန်းကို နတ်ပြည်ခေါ်ပြီး နတ်သမီးတွေကို ပြသည့် ဥပမာကဲ့သို့ ဖြစ်ပေတယ်။

"အစ်ကိုကနှင်ထုတ်လို့ အင်မတန်စိတ်ပျက်နေတဲ့ စူဠပန်ကိုလဲ ပါရမီအားလျော်စွာ အလွန်နှုးညံ့တဲ့ လက်ကိုင်ပဝါကို ပေးပြီး အကျွတ်တရား ရစေပါတယ်၊ ထို့ကြောင့်လဲ မြတ်စွာဘုရားသာ သနာဟာ နေလပမာ ထွန်းလင်းတောက်ပနေခြင်းဖြစ်တယ်။

"မင်းမြတ်... မြတ်စွာဘုရားသည် သတ္တဝါတို့၏ အလိုဆန္ဒအစွမ်းသယဉ်ကိုသိတော်မူတယ်၊ သိတဲ့အတိုင်းလဲလုံ့လပြုတော်မူတယ်၊ ဒေသနာဉာဏ်၌လဲ လိမ္မာတော်မူတယ်။

"မင်းမြတ် ဒါ့ပြင် မောဃရာဇပုဏ္ဏား သုံးကြိမ်တိုင်တိုင်မေးတယ်၊ မဖြေဘူး၊ မဖြေဘဲနေမှ မာနကျမယ်၊ တရားရမယ်ဆိုတာသိလို့ မဖြေဘဲနေခြင်း ဖြစ်တယ်၊ ဒါ့ကြောင့်လဲ အဲဒီ့ မောဃရာဇပုဏ္ဏားဟာ မာန်ကျပြီး အသိဉာဏ်ခြောက်ပါးနဲ့ ပြည့်စုံရတယ်။

"မင်းမြတ်.... ဤကဲ့သို့လဲ မြတ်စွာဘုရားသည် သိအောင်လုံ့လပြုလို့ သိမြင်တယ်၊ ဒေသနာတော်ဉာဏ်၌ လိမ္မာတော်မူတယ်"

မိလိန္ဒမင်း ။ ။"အရှင်ဘုရား....အရှင်ဘုရားသည်အမိုက်မှောင်ကိုဖြိုခွင်း၍ အလင်းသို့ရောက်စေပါသည်၊ ရှင်းလင်းအောင် ဖြေဆိုပါသည်၊ သူတစ်ပါးတို့ အယူဝါဒကို ချေဖျက်နိုင်ပါသည်၊ ဘုရားသာသနာတော်မျှားအားပညာမျက်စိထွန်းလင်းစေပါသည်၊ ဂိုဏ်းဆရာတို့ထက် မြတ်တော်မူသော အရှင်ဘုရား....၊ အရှင်မြတ် ဤကဲ့သို့ဖြေဆိုခြင်းအတွက် တိတ္ထိတို့၏ထိုးကွက်နှက်ကွက်မရှိတော့ပါဘုရား"

မြတ်စွာဘုရား နှုတ်ထွက်ကြွမ်းသလော

အရှင်နာဂသိန်။ ။"အရှင်ဘုရား...တရားစစ်သူကြီး အရှင်သာရိပုတ္တရာမထေရ်က မြတ်စွာဘုရားသည် သန့်စင်ကောင်းမြတ်သော နှုတ်အလေအကျင့် ရှိတော်မူတယ်၊ 'ငါ၏ မဂကောင်းသောနှုတ်အကျင့်ကို တစ်ပါးသူများ မသိပါစေလင့်ဟု မဂကောင်းသောနှုတ်အကျင့်ကို စောင့်ရှောက်ထားတာ မြတ်စွာဘုရားမှာမရှိဘူး' ဟု မိန့်ဆိုတော်မူပါတယ်။

"သို့သော် ကလန္ဒသူဌေး အရှင်သုဒိန်၏ပထမဆုံးပြစ်မှုမှာ ပါရာဇိက သိက္ခာပုဒ်ကို ပညတ်တော်မူတဲ့အခါ ရုန်ရင်းကြွမ်းတမ်းသော စကားတွေနဲ့ မှင်ဖိုလ်မမို့ အချည်းနှီးလာယောကျ်ား၊ အလကား အကောင်သို့ဆဲစကားမျိုး မိန့်ဆိုတော်မူပါတယ်၊ အဲဒီလိုစကားမျိုး မိန့်တော်မူတဲ့အတွက် အရှင်သုဒိန်ဟာ စိတ်နှလုံးမသာမယာဖြစ်ပြီး မင်ဖိုလ်ကိုကိုးကွယ်သိမ့် မစုမ်းနိုင်တော့ပါ။

"အရှင်ဘုရား....မြတ်စွာဘုရားသည်သန့်စင်ကောင်းမြတ်၍ စင်ကြယ်သောနှုတ်အကျင့်သာရှိတယ်၊ မဂကောင်းသောနှုတ်၏

အကျင့်မရှိဘူးဆိုခဲ့ရင် ကလန္ဒသူဌေးသား အရှင်သုဒိန်ကိုပြော ဆိုတော်မူသောမဂ်ဖိုလ်မမှီးအချည်းနှီးယောကျ်ား အလကား အကောင်ဆိုတဲ့စကား မှားပါလိမ့်မယ်၊ အဲဒီ စကားမမှားဘူး ဆိုရင်လဲ သန့်စင်ကောင်းမြတ်တဲ့ နှုတ်အကျင့်ရှိတယ်ဆိုတဲ့ ရှေ့စကား မှားပါလိမ့်မယ်၊ "အစ္စန်းနှစ်ဖက်ထွက်ပြီး ရှုပ်ထွေးနေသော ဤစကားနှစ်ရပ်ကို ရှင်းလင်း ပြတ်သားအောင် ဖြေကြားတော်မူပါဦး ဘုရား"

အရှင်နာဂသိန်။ ။"မင်းမြတ် - မြတ်စွာဘုရားသည် ကလန္ဒသူဌေးသား အရှင်သုဒိန်ကို အကြောင်းပြုပြီး သိက္ခာပုဒ်ပညတ်တော်မူတဲ့အခါ မဂ်ဖိုလ်မမှီး အချည်းနှီးသောယောကျ်ား၊ အလကားအဓိကောင်ဆိုတဲ့စကားကို မိန့်တော်မူလင့်ကစား ထိုကဲ့သို့ပြောဆိုခြင်းဌာ မြတ်စွာဘုရားသည် ဘာမှုမချုပ်ချယ်ဘဲ၊ ပြစ်မှားလိုစိတ်မရှိဘဲ ဟုတ်မှန်တဲ့သဘောလက္ခဏာအတိုင်းသာ မိန့်တော်မူခြင်း ဖြစ်တယ်။

"သည်စကားမှာ ဟုတ်မှန်တဲ့ သဘောလက္ခဏာဆိုတာ ဘာလဲလို့မေးစရာရှိတယ်၊ မင်းမြတ်.... ဘယ်သူမဆို လူတစ်ယောက်ဟာ ဒီကိုယ်နဲ့ဒီဘဝမှာ မဂ်ဖိုလ်မရနိုင်တော့ဘူးဆိုရင် ဒီလူဟာ မဂ်ဖိုလ်မမှီး အချည်းနှီးယောကျ်ား အလကား အကောင်ပင်ဖြစ်တယ်။

"ကောင်းတာတော့ ဘယ်လိုပင်လုပ်ပေမယ့် မကောင်းတာ ဖြစ်လာတ်တယ်၊ အဲဒါကြောင့် အချည်းနှီးအလကားကောင်လို့ ဆိုအပ်ပါတယ်၊ မင်းမြတ်.... ကလန္ဒသူဌေးသား အရှင်သုဒိန်ကိုလဲ သဘာဝကျကျ မှန်တဲ့အတိုင်းသာ မိန့်ဆိုပါတယ်၊ မမှန်တာ လုံးဝမပါပါဘူး"

မိလိန္ဒမင်း ။ ။"တပည့်တော်တို့ ကတော့ သဘာဝ ကျကျ မှန်တဲ့အတိုင်း ဆဲတဲ့လူကိုတောင်မှ ရိုင်းစိုင်းတယ်ဆိုပြီး ဒဏ်ငွေတစ်ကျပ် တပ်ပါတယ် ဘုရား"

အရှင်နာဂသိန်။ ။"ကောင်းပြီ မင်းမြတ်.... ထိုသို့ဆိုလျှင် ချစ်ချေ၁်မှာ၊ယှင်းပြီး မကောင်းတာလုပ်နေတဲ့လူကိုရှိခိုးမယ်၊ ခရီးဦးကြိုလုပ်မယ်၊ အရိုအသေပေးမယ်၊ လက်ဆောင်ပေးမယ်ဆိုတာ ကြားဖူးပါသလား"

မိလိန္ဒမင်း ။ ။"မကြားဖူးပါဘုရား၊ အကယ်၍ကြားခဲ့ တော့ခဲ့ရင်လဲ ရှိခိုးလို့ အသတ်မခံရရင် ကုသိုလ်ကောင်းလှပြီး ဆိုရပါလိမ့်မယ်ဘုရား"

အရှင်နာဂသိန်။ ။"မင်းမြတ်....အဲဒီလိုဆိုရင်မြတ်စွာဘုရား သည် လုပ်သင့်တာကိုသာလုပ်တယ်၊ မလုပ်သင့်တာကို မလုပ်ဘူးမဟုတ်လား"

မိလိန္ဒမင်း ။ ။"မှန်ပါ.... လုပ်သင့်တာကိုလုပ်တာ မှန်ပါတယ် ဘုရား၊ သို့သော်ကြားရရုံနဲ့လဲ မြတ်စွာဘုရားကိုနတ်လူတွေထိတ်လန့်နေကြပါတယ်၊ ရှက်ကြောက်နေကြပါတယ်ဘုရား၊ မြင်ရမယ်ဆိုရင်တော့ ပြောစရာတောင် ရှိတော့မှာမဟုတ်ပါဘူး ဘုရား"

အရှင်နာဂသိန်။ ။"မင်းမြတ်၊ လူတစ်ယောက်ဟာတကယ်လို့ စမြင်းခံပြီး ခေတ်ချုပ်နေမယ်၊ သေးသည်းခြေ လေ သလိပ်ဆိုတဲ့ တြိဒေါသ ဖောက်ပြန်နေမယ် ဆိုရင် ဆေးဆရာများဟာ ဆေးနှုန့်တိုက်မလား၊ ဆေးကြမ်းကြမ်း ထက်ထက်ကို တိုက်မလား"

မိလိန္ဒမင်း ။ ။"မုန်ပါ.... ဆေးကြမ်းကြမ်း အစွမ်းထက် ထက်ကိုသာ တိုက်ပါလိမ့်မယ် ဘုရား"

အရှင်နာဂသိန်။ ။"ထို့အတူပဲမင်းမြတ်....၊ မြတ်စွာဘုရား သည် ကိုလေသာ အနာရောဂါအားလုံး ပျောက်ကင်း ချမ်းသာအောင်သာ အဆုံးအမကို ပေးတော်မူပါ တယ်။ မြတ်စွာဘုရား၏ စကားတော်သည် ကြမ်းသော်လည်း သတ္တဝါတွေကို နှုးညှံ့စေပါတယ်။ ဥပမာအားဖြင့် ပူတဲ့ရေနဲ့လဲ ပျော့ပျောင်းစေပါတယ်။ နှုးညှံ့စေနိုင်ပါတယ်။

"ဒကာတော် မင်းမြတ်၊ ဘုရားစကားတော်သည် ကြမ်းတမ်းသော်လည်း အကျိုးရှိပါတယ်၊ ကရုဏာအပြည့် ရှိပါတယ်၊ သည်နေရာမှာ အကြမ်းအနုက ပဓာနမဟုတ်၊ အကျိုးရှိမရှိကသာ ပဓာနဖြစ်တယ်၊ နှုးညှံ့ပေမယ့်လဲဘာမှ အကျိုးမရှိသူးဆိုရင်၊ တိုစကားဟာ သိပ်ခရီးမရောက်ဘူး၊ နှာ်းထောင်ရုံပဲ ဖြစ်လိမ့်မယ်၊ ဒါကြောင့် အကျိုးရှိတဲ့ စကားမျိုးသာ လိုလားအပ်တယ် မင်းမြတ်။

"မင်းမြတ်-ဥပမာအားဖြင့် မီဘမျှားရဲ့စကားဟာ သားသမီးကို အကျိုးရှိစေပါတယ်၊ သနားကရုဏာလဲ အပြည့်ရှိပါတယ်၊ ဘုရားမင်းမြတ်၊ ဘုရားစကားတော်ဟာ ကြမ်းပေမယ့် အကျိုးရှိပါတယ်၊ သနားကရုဏာအပြည့်ရှိပ်ါတယ်။ ကိုလေသာကို ပယ်နိုင်ပါတယ်။

"မင်းမြတ်၊ နှာ်းကျင်ယ်ရေကိုသောက်ဟာဟာ အနံ့ဆိုးပေမယ့် ရောဂါကို ပျောက်စေနိုင်ပါတယ်။ ဒါ့ကြောင့်မြတ်စွာဘုရားစကားတော်သည် ကြမ်းသည်မှန်စေကာမူ ကိုလေသာ

ကို သတ်နိုင်ပါတယ်။ အကျိုးရှိပါတယ်၊ ကမ္ဘာအပြည့်ရှိပါတယ် မင်းမြတ်''

သစ်ပင်တွေမှာ စေတနာ ရှိ-မရှိ

မိလိန္ဒမင်း။ ''အရှင်ဘုရား....'ပုဏ္ဏား...သင်သည်သီတတ်သူ ဖြစ်လျှင် စေတနာလဲမရှိ၊ ကြားလဲမကြား၊ သိလဲမသိတတ်တဲ့ ဤပေါက်ပင်ကိုဒီရိယစိုက်ပြီ၊ အမြဲမမေ့ မလျှော့ ချမ်းသာစွာ အိပ်ရပါသလော...ဟု ဘာကြောင့် မေးရပါသနည်း....'ဟူသောစကားကို မြတ်စွာဘုရား ဟောကြားတော်မူပါတယ်။

''နောက်တစ်ဖန်'ကြို့ပင်သည် ဏိုခဏ္ဍ ဘာဒ္ဒါဇပုဏ္ဏား ငါလဲ စကားပြောစရာရှိတယ်။ငါစကားကိုနား၊ထောင်လော့ ဟု ပြောဆို၏....'ဟူသောစကားကိုလဲ မြတ်စွာဘုရားပင်လျှင် ဟောတော်မူပြန်ပါတယ်။

'အရှင်ဘုရား....သစ်ပင်မှာ စေတနာမရှိဟူးဆိုရင်၊ကြို့ပင်က ဘာရဒ္ဒါဇပုဏ္ဏားကို စကားပြောတယ်ဆိုတာ မှားပါလိမ့်မယ်။ ကြို့ပင်နဲ့ ဘာရဒ္ဒါဇပုဏ္ဏား စကားပြောတာ မှန်တယ်ဆိုရင်လဲ၊ သစ်ပင်မှာ စေတနာမရှိဆိုတဲ့စကား မှားပါလိမ့်မယ်။ အတွေးရခက်ခဲစွာသော ဤပြဿနာကို ရှင်းလင်း ဖြေကြားတော်မူပါဦးဘုရား''

အရှင်နာဂသိန်။ ''မင်းမြတ်....ကြို့ပင်နဲ့ ပုဏ္ဏားစကားပြောတယ် ဆိုတာကတော့ ပညတ်သဘော တင်စားပြောခြင်းသာ ဖြစ်ပါတယ်။ မင်းမြတ်....စေတနာမရှိတဲ့သစ်ပင်က စကားပြောတယ်ဆိုတာ မရှိဘူး။

သစ်ပင်လို့ပြောဆိုသုံးစဲ့ပေမယ့် သစ်ပင်ကိုမဆိုလိုဘူး၊ သစ်ပင်စောင့်တဲ့နတ်ကိုသာ ဆိုလိုတယ်။ သစ်ပင်က စကားပြောတယ်ဆိုတာကတော့ လောကထုံးစံ တင်စားပြောဆိုတဲ့ ပညတ်စကားသာ ဖြစ်တယ်။

"ဥပမာအားဖြင့် စပါးလှည်းလို့ ခေါ်ပေမယ့် လှည်းဟာ စပါးနဲ့လုပ်တာမဟုတ်ဘူး၊ သစ်သားနဲ့လုပ်တာပဲ ဖြစ်တယ်။ စပါးတိုက်တဲ့လှည်း၊ စပါးတင်ထားတဲ့လှည်းဖြစ်တဲ့ အတွက်သာ စပါးလှည်းလို့ခေါ်ခြင်း ဖြစ်တယ်။ ထို့အတူပဲ မင်းမြတ်၊ သစ်ပင်ဟာ စေတနာမရှိဘူး၊ အဲသက်မရှိဘူး၊ သို့သော် သစ်ပင်က စကားမပြောပေမယ့် သစ်ပင်စောင့်နတ်က စကားပြောတဲ့အတွက် သစ်ပင်က စကားပြောတယ်လို့ သုံးနှုန်းခြင်းဖြစ်တယ်။

"အမှန်ကတော့ သစ်ပင်ဆိုတဲ့အမည်ဟာနတ်ရဲ့အမည်သာ ဖြစ်တယ်၊ သစ်ပင်စကားပြောတယ်ဆိုတာက စင်စင်မှာတင်စားတဲ့ လောကပညတ်တစ်ခုသာ ဖြစ်ပေတယ် မင်းမြတ်"

ဆွမ်းနှစ်မျိုး အကျိုးကြီးပုံချင်း တူ-မတူ

မိလိန္ဒမင်း ။ ။"အရှင်ဘုရား....မြတ်စွာဘုရားသည်၊ စုန္ဒရှေပန်းတိမ်သည်၏ဆွမ်းကို ဘုဉ်းပေးချီပြင်းထန်သော ရောဂါရတယ်လို့ သံဂါယနာတင် မထေရ်တို့ မိန့်ဆိုတာကို တပည့်တော် ကြားရဖူးပါတယ်။

ဒီနောက် တစ်ဖန် မြတ်စွာဘုရားက-

"အာနန္ဒာ....ဆွမ်းနှင်မျိုးသည်၊ အလုံးစုံတူမျှတဲ့ အကျိုးရှိတယ်။ အခြားဆွမ်းတွေထက် လွန်ကဲတဲ့ အကျိုးရှိတယ်။

အလွန်လဲတန်ခိုးအာနိသင်ကြီးတယ်။မည်သည့်ဆွမ်းနှစ်မျိုးလဲ ဆိုတော့ သဗ္ဗညုတညာဏ်မရမီ ဦးစွာဘုန်းပေးရသော ဆွမ်းနှင့်ပရိနိဗ္ဗာန်မစံမီ နောက်ဆုံးပိတ် ဘုန်းပေးရသော ဆွမ်းနှစ်မျိုးဖြစ်တယ်။

"အာနန္ဒာ....သည်ဆွမ်းနှစ်မျိုးဟာ၊ အကျိုးပေးပုံချင်းတူမျှတယ်၊ အခြားဆွမ်းတွေထက်လဲ အကျိုးကြီးတယ်။တန်ခိုးအာနိသင်လဲ အလွန်ကြီးတယ်လို့ ဟောခဲ့တော်မူခဲ့ပြန်ပါတယ်။

"အရှင်ဘုရား... စုန္ဒ ရှေပန်းတိမ်သည်လူတဲ့ ဆွမ်းကို ဘုန်းပေးလို့ မြတ်စွာဘုရား ဝမ်းတောင်လားရတာ၊ ပြင်းထန်သော ဝေဒနာခံစားရတာ မှန်ခဲ့ရင်၊ ဆွမ်းနှစ်မျိုးဟာ အကျိုးပေးချင်း တူမျှတယ်။ အခြားသော ဆွမ်းတွေထက် အကျိုးကြီးတယ်။ တန်ခိုးအာနိသင် ရှိတယ်ဆိုတဲ့စကားဟာ မှားပါလိမ့်မယ်။

"သို့မဟုတ်ရင်လဲ၊ စုန္ဒ ရှေပန်းတိမ်သည်၏ ဆွမ်းကို ဘုန်းပေးလို့ မြတ်စွာဘုရားသည်ဝမ်းတောင်လားရတယ်ဆိုတဲ့စကားဟာ မှားပါလိမ့်မယ်။

"အရှင်ဘုရား....စုန္ဒ ရှေပန်းတိမ်သည်၏ဆွမ်းသည်အဆိပ်နှင့်တူလို့ အကျိုးကြီးပါသလား။ ရောဂါဖြစ်စေတတ်လို့ အကျိုးကြီးပါသလား....အသက်ကို ဖျက်ဆီးတတ်လို့ အကျိုးကြီးပါသလား။ မြတ်စွာဘုရား၏အသက်ကို ဆောင်တတ်လို့ အကျိုးကြီးပါသလဲ။

"အရှင်ဘုရား ဤအကြောင်းခြင်းရာသည်၊ တစ်ဖက်ဝါဒီတို့ကြား ဝင်ထိုးနှက်ဖို့ အကွက်ကောင်းဖြစ်နေပါတယ်။ ထိုမျှသာမက အချို့သူများအဖို့ မြတ်စွာဘုရားသည် လောဘ

အစုမ်းဖြင့် အလွန်အမင်း ဘုဉ်းပေးရှိသော ဝမ်းတော်လားရသည်ဟု တွေးတော ယုံမှားစရာလဲ ဖြစ်နေပါသည်။

"အကျေးအညက် နှစ်သက်လက်ခံနိုင်စွမ်းသောအထောက်အတားဖြင့် ဧဝဖန်ပိုင်းခြား ပြုတော်မူပါဦးဘုရား"

အရှင်နာဂသိန်။ ။"ဒကာတော် မင်းမြတ်၊ မြတ်စွာဘုရား ဟောတော်မူတဲ့အတိုင်း မှန်ပေတယ်၊ သည်ဆွမ်းနှစ်မျိုးဟာ အကျိုးပေးလဲ ကြီးမြတ်ဘယ်၊ တန်ခိုးအာနိသင်လဲ အလွန်တရာ ထူးကဲလှပေတယ်။ သည်လိုကြီးမြတ်ထူးကဲရခြင်းအကြောင်းကတော့ ထိုဆွမ်းနှစ်မျိုးကို ဘုဉ်းပေးချိန်၌ မြတ်စွာဘုရားဟာ သမာပတ်ကိုးပါးကို အစဉ်အတိုင်း အပြန်ပြန် အလှန်လှန် ဝင်စားဟာတဲ့ အစုမ်းသတ္တိကြောင့် ဖြစ်တယ်"

မိလိန္ဒမင်း ။ ။"စုန္ဒရှေပန်းတိမ်သည်၏ ဆွမ်းကြောင့် ဝမ်းတော်လားရတယ်ဆိုတာ ဟုတ်မှန်ပါသလား ဘုရား"

အရှင်နာဂသိန်။ ။"မဟုတ်ပေဘူးမင်းမြတ်၊ အမှန်ကတော့ စုန္ဒရှေပန်းတိမ်သည်၏ ဆွန်းမှာ ဘာမျှအပြစ်မရှိပါဘူး။ အလွန်လဲ အရသာရှိတယ်၊ မြန်စွာလဲ ကြည်တော်လွယ်ပါတယ်။ နုတ်ကွေ့ကလဲ သည်ဆွမ်းဟာဖြင့်မြတ်စွာဘုရားကို နောက်ဆုံးဆက်တပ်လှူဒါန်းရတဲ့ ဆွမ်းပဲဆိုပြီးဝတ်ပျိုသားထဲမှာ နတ်သြဇာတွေ အပြည့်ထည့်လိုက်ကြပါတယ်"

မိလိန္ဒမင်း ။ ။"အရှင်ဘုရားသို့ဆိုလျှင် မြတ်စွာဘုရား ဝမ်းတော်လားရခြင်းသည် စုန္ဒရှေပန်းတိမ်သည်၏ဆွမ်းကြောင့် မဟုတ်ဟုဆိုလိုပါသလား ဘုရား"

အရှင်နာဂသိန်။ ။"မှန်ပေတယ် မင်းမြတ်၊ မြတ်စွာဘုရား မှာ အလွန် အင်အားနည်းပါးနေလို့လဲ တစ်ကြောင်း။ အာယုသင်္ခါရ လွှတ်ရခြင်း ကျရောက်နေလို့လဲ တစ်ကြောင်းသာ ဖြစ်ပေတယ်။ ဥပမာကတော့ နဂိုလိုက မီးတောက်က အရှိန် ကောင်းနေတဲ့အထဲ လောင်စာတွေ ထပ်ထည့်လိုက်သလို နဂိုကဲ့ ရေစီးအား ကောင်းနေတဲ့အထဲ မိုးကြီး သည်းထန်စွာ ရွာချလိုက်သလိုပဲ ဖြစ်ဟယ်"

မိလိန္ဒမင်း။ ။"အရှင်ဘုရား၊ မြတ်စွာဘုရားသည် ဘုရား ဖြစ်တော်မူသောနေ့၊ ပရိနိဗ္ဗာန် စံလွန်တော်မူသောနေ့၊ သည်နှစ်နေ့တည်းသာ သမာပတ်ကိုးပါးကို အစဉ်အတိုင်း အပြန်ပြန်အလှန်လှန် လွန်လွန်ကဲကဲ ဝင်စားပါ သလား ဘုရား"

အရှင်နာဂသိန်။ ။"မှန်ပေတယ် မင်းမြတ်"

မိလိန္ဒမင်း။ ။"အရှင်ဘုရား၊ သို့ဆိုလျှင် အလွန်ပင် လူးခြား လှုပ်ခါတော့သည်။ အုံ့ဩဖွယ် ဖြစ်ပါတော့သည်။ ဗုဒ္ဓမြတ်စွာဘုရား၏ မျက်မှောက်ကာလ တင်ပြောက်လုံးဝယ်သူမတူသော အသီသီအလှူဒါနတွေ ရှိခဲ့ လင့်ကစား ဆိုခဲ့ပြီးသော ဆွမ်းနှစ်မျိုး၏ အကျိုးအာနိသင်ကို မူ မည်သို့မျှ မမှီနိုင်ပါ။

"အစဉ်အတိုင်းဝင်စားအပ်သော သမာပတ် ကိုးပါး၏ အစွမ်းဟူသည် လွန်စွာမှပင် ကြီးမား၊ ထက်မြက်လှသည်လည်း မှန်ပါသည်။

"ထိုသမာပတ်၏အစွမ်းကြောင့်ပင်လျှင်နှစ်မျိုးသော ဆွမ်း ဒါနသည် ထူးကဲကြီးမြတ်လှပါပေသည်၊ အရှင်ဘုရား၊ အလွန်

ပင်ိ ကောင်းလှပါသည်။ အရှင်ဘုရား မိန့်ဆိုတော်မူအပ်သောအတိုင်းပင် တပည့်တော် အကြေအညက်နှစ်သက်လက်ခံအပ်ပါသည်ဘုရား”

မြတ်စွာဘုရားကို ပူဇော်ခြင်း

မိလိန္ဒမင်း ။ ။“အရှင်ဘုရား.... မြတ်စွာဘုရားသည်။ အာနန္ဒာ.... သင်တို့သည် ငါ့ဘုရား အလောင်းတော်ကို ပူဇော်ဖို့ ကြောင့်ကြ မစိုက်နှင့်’ ဟု မိန့်တော်မူပါသည်။

“ထို့နောက် ‘ပူဇော်ထိုက်သောဘုရားရှင်၏သံရိုဝတ်တော်ကို ပူဇော်သူတို့သည် နတ်ပြည်ကို ရောက်လတ္တံ’ ဟူ၍လည်း မိန့်တော်မူပြန်ပါသည်။ ထိုစကားနှစ်ရပ်သည် တစ်ခုနှင့် တစ်ခု ဆန့်ကျင်နေပါသည်။

“လူအများတို့ သံသယဖြစ်စရာ ကြားဝင်စရာ ဖြစ်နေပါသည်။ အမှန်ကို ရှင်းပြတော်မူပါဦးဘုရား”

အရှင်နာဂသိန်။ ။“ဒကာတော် မင်းမြတ်! ငါ-ဘုရား အလောင်းတော်ကိုပူဇော်ဖို့ ကြောင့်ကြ မစိုက်နှင့်ဆိုတာက အများသတ္တဝါတွေအတွက် ဟောတာ မဟုတ်ဘူး။ ဘုရားသားတော် ရဟန်းများအတွက် ရည်ရွယ်ပြီး ဟောတော်မူခြင်းသာ ဖြစ်တယ်။

“မင်းမြတ်.... ပူဇော်တယ်ဆိုတဲ့ အလုပ်ဟာ ဘုရားသားတော်တွေရဲ့အလုပ်မဟုတ်ဘူး၊ ဘုရားသားတော် ရဟန်းများရဲ့ အလုပ်က ကိလေသာကို နှိုင်းအောင်တိုက်ဖို့၊ မဂ်ဖိုလ်ရအောင်

ကြီးစားဖို့သာ ဖြစ်ပေတယ်၊ ပုဇော်တယ်ဆိုတဲ့အလုပ်ကတော့ ရဟန်းများမှတပါး ကျန်တဲ့ လူ-နတ်-ဗြဟ္မာတွေရဲ့ အလုပ် ဖြစ်တယ်။

"ဥပမာအားဖြင့် ရှင်းပြပါဦးမယ်"

"ဆင်အတက်၊မြင်းအတက်၊ စစ်တက်စစ်ထိုးအတက်၊ရေးဖတ်တွက်ချက်နှင့် ဗေဒင် လက္ခဏာစတဲ့ အတတ်ပညာတွေဟာ မင်းသားတို့ သင်အပ်တတ်အပ်တဲ့ ပညာရပ်တွေ ဖြစ်တယ်။ ထိုမှတစ်ပါး လယ်ထွန်၊နွားကျောင်း၊ကောက်စိုက်၊ ပျိုးနှုတ်ကုန်ရောင်း စတဲ့အလုပ်တွေကတော့ဆင်းရဲသားတွေသင်ကြားရမယ့်အတတ်တွေ ဖြစ်တယ်။

"ယခုအတူပဲ မင်းမြတ်၊ ဘုရားသားတော် ရဟန်းများ၏ အလုပ်က မဂ်ဖိုလ်ရှစ်ပါးကြီးစားအားထုတ်ဖို့သာဖြစ်တယ်၊ ပြည့်စုံအောင်ပြောရရင် ရဟန်းများက မြတ်စွာဘုရားအပေါ် ဦးအလေးအနက် ကြည်ညိုယုံကြည်ပြီးသား၊ ယုံကြည်ပြီးသား ဖြစ်တယ်။ ဘုရား၏ ဂုဏ်ကျေးဇူးကို သိခြင်း၊ဘုရား၏တရားတော်ကို သဒ္ဓာပေါက်ခြင်း၊ လေးစား လိုက်နာခြင်းများဖြင့် ထိုမှမ်းပြီး ဖြစ်တယ်။

"လူ-နတ်-ဗြဟ္မာဆိုတာတွေကတော့ ရဟန်းများနဲ့နှိုင်းစာ လိုက်ရင် ကြည်ညိုယုံကြည်မှုနည်းပါးတဲ့သဘော ရှိတယ်။ ဒီကြောင့်ပင် ငါဘုရား၏ သာဝကရဟန်းတော်တို့ ပုဇော်သူတို့သည် နတ်ပြည်ရောက်လတ္တံ့လို့ ပုဇော်သက္ကာရပြုမှုကို ရှေ့ရှုပြီးဟောတော်မူခဲ့ခြင်း ဖြစ်ပေတယ်!

"မြတ်စွာဘုရားအပေါ် ယုံမှားခြင်းမရှိ၊ သဒ္ဓါကြည်ညိုပြီး ရဟန်းများအဖို့မှာက မဂ်ဖိုလ်ရှုရေးသည်လာ ပဓာန။

နတ်-လူ-ပြဟ္မာမျှားအဖိုမှာက ပူဇော်သက္ကာရပြုခြင်း၊ ပြုတတ်ခြင်းသည်သာ ပဓာနဖြစ်တဲ့ သဘောကို ရည်ရွယ်ပြီး၊ နှစ်မျိုးနှစ်နည်းခွဲခြားပြီး ဟောတော်မူခဲ့ခြင်းဖြစ်ပေတယ်မင်းမြတ်"

ခြေတော်ဌ ကျောက်လွှာထိုးခြင်း

မိလိန္ဒမင်း ။ ။"အရှင်ဘုရား....မြတ်စွာဘုရား ကြွတော်မူတဲ့အခါ အသက်မရှိတဲ့ မြေကြီးက၊ နိမ့်နေတဲ့နေရာမှာ မြင့်ပေးတယ်၊ မြင့်တဲ့နေရာမှာ နိမ့်ပေးတယ်လို့ ဆိုပါတယ်။ သို့ပါလျက် မြတ်စွာဘုရား၏ခြေတော်ပေါ်သို့ ကျောက်ချပ်လွှာ ကျရပြန်ပါသေးတယ်။

"အဲဒီ ကျောက်ချပ်လွှာဟာ ဘုရား၏ ခြေပေါ်သို့ ဘာကြောင့် ကျရပါသလဲ ဘုရား။ မြေကြီးကပင် နိမ့်လိုက်မြင့်လိုက် ဖြစ်စေတယ်ဆိုခဲ့လျှင် ကျောက်ချပ်လွှာသည်လည်း မြတ်စွာဘုရား၏ခြေပေါ်သို့ မကျရောက်စေရန်၊ ရှောင်ကွင်းပေးရမည်သာ မဟုတ်ပါလား ဘုရား။ ရှေးနှင့်နောက်ကြောင်းကျိုး ဆက်စပ်ခြင်းမရှိသော ဤအကြောင်းခြင်းရာ အတွက်ကြောင့်ပြုလည်အောင် ဖြေရှင်းပြတော်မူပါဦး ဘုရား"

အရှင်နာဂသိန်း။ ။"မင်းမြတ်.... ကျောက်ချပ်လွှာ ဘုရားခြေပေါ် ကျရတာက.... သူ့ အလိုအလျောက်ကျတာ မဟုတ်ဘူး၊ ဒေဝဒတ်က ကမ္ဘာတစ်သိန်းရန်ပြုးဖွဲ့ပြီး အိမ်အထွဋ်လောက်ရှိတဲ့ ကျောက်တုံးကြီးကို ယန္တရားဆင်ပြီးဖြုတ်ချလို့ ကျရခြင်းဖြစ်တယ်။ သည်အခါမှာ ကျလာတဲ့ ကျောက်တုံးကြီးကို အခြား ကျောက်တုံးနှစ်ခုက

တား:ဆီ:ချုပ်ကိုင်တဲ့ သဘောမျိုး၊ စပ်ကြား:က တစ်ပြိုင်နက် ဝင်ရောက်ခံထား:တယ်။ ထိုကျောက်တုံ:နှစ်ခု ဆီ:တား ခုခံ နေသောကြောင့်ပင်လျှင် ဦ:စွာ လိမ့်ကျလာဟဲ့ ကျောက်တုံ: ကြီ:ဟာ မြတ်စွာဘုရား:ကို တိုက်ရိုက်မဆိုခိုက်၊ မကျရောက်နိုင် ခြင်: ဖြစ်တယ်။

"သို့သော် ထိုကဲ့သို့ ကြား:မှ ဆီ:တား:ခုခံသော ကျောက် တုံ:နှစ်ခုထိခိုက်ရိုက်ခတ်မှုမှ ကဲ့ထွက်လွှင့်စဉ်လာသောကျောက် ချပ်လွှာကမူ မြတ်စွာဘုရား ခြေပေါ်သို့ ကျရောက်ထိခိုက် သွား:ရပေတယ်"

မိလိန္ဒမင်: ။ ။"မှန်လှပါ....ကျောက်တုံ:နှစ်ခုက ကြား: မှ ခုခံ ကာကွယ်ထား:သည် ဆိုလျှင် ကျောက်ချပ်လွှာကလည်: တစ်ခုခုနှင့် တိုး:မိတိုက်မိကာ၊ မြတ် စွာဘုရား:ခြေပေါ်သို့ မကျရောက်ဘဲ ရှိထိုက်သည် မဟုတ်ပါ လား: ဘုရား:"

အရှင်နာဂသိန်။ ။"မှန်ပေတယ် မင်:မြတ်... သို့သော် ကျောက်ချပ်လွှာက တား:ဆီ:ခုခံရာတွင် မရပ်တန့်ဘဲ လွှတ်ထွက်လျှောကျသွား:သောကြောင့် ဖြစ်ဖေ တယ်၊ ဥပမာအာ:ဖြင့်မူ၊ ရေကိုလက်ခုပ်နဲ့ခပ်ယူတဲ့အခါ၊ သွက်ခဲ့ မကျပေဘူ:လား:။ သဲကို လက်နဲ့ ကြိုး:ယူတဲ့အခါ သဲဟာ လက် ချောင်:များ:အကြား:က လျှောမကျပေဘူ:လား:။

"စင်စစ်တော့....မြတ်စွာဘုရား:ခြေပေါ်သို့ ကျောက်ချပ် လွှာ ကျရောက်ခြင်:ဟာ၊ ဒေဝဒတ် အပ်စိုရောက်ရုံမို့ ဖြစ်ပေ တောတာပဲ မင်:မြတ်"

အမြတ်ဆုံးရဟန်း

မိလိန္ဒမင်း ။ ။"အရှင်ဘုရား.... မြတ်စွာဘုရားသည် 'အာသဝေါဟရား လေးပါး ကုန်ခြင်းကြောင့်၊ သမဏာမည်၏'ဟု၎င်း ဟောတော်မူပါတယ်။ နောက်တစ်ဖန် 'သည်းခံခြင်းသဘောတရားလေးပါးနှင့် ပြည့်စုံသောသူကို စင်စစ် လောကဓိ သမဏာဟု၎င်း ဆိုအပ်ကုန်၏'ဟု၎င်းလည်း ဟောတော်မူပြန်ပါတယ်။

"သည်စကားနှစ်မျိုးဟာ အပေဝဲရလဲခက်၊ အစဉ်းစားရလဲခက်ပါတယ်။ အရှင်ဘုရားနှင့်သာ သင့်တော်သောပြဿနာ ဖြစ်၍ ရှင်းလင်း ဖြေကြားတော်မူပါဦး ဘုရား"

အရှင်နာဂသိန်း။ ။"ဒကာတော် မင်းမြတ်။ မြတ်စွာဘုရား၏ စကားနှစ်မျိုးအနက်၊ အာသဝေါတရားလေးပါး ကုန်ခြင်းကြောင့် သမဏာမည်၏' ဟူသော စကားသည် အကြွင်းမဲ့သောစကား၊ အနေးပါ အရုရောက် ဆုံးသောစကား ဖြစ်ပေတယ်။

"မင်းမြတ်.... ကိုလေသာငြိမ်းအောင် ကျင့်တဲ့သူအားလုံး ကိုသောလ်ပြီး၊ အာသဝေါကုန်ပြီးတဲ့ သမဏာကို၊ အထူတ် အမြတ်ဆုံးရဟန်းဟု ခေါ်ဆိုရတယ်။ဥပမာအားဖြင့် ရေပန်း ကုန်းပန်း အမျိုးမျိုးရှိတဲ့အထဲကမြတ်လေးပန်းကိုသာအမြတ် ဆုံး ဆိုရတယ်။ ကျွန်တော် ပန်းအမျိုးမျိုးတွေဟာလဲ သူ့အဆင့် နဲ့သူ မြတ်ကြပါတယ်။ သို့သော် အဲဒီပန်းတွေနဲ့ နှိုင်းစာကြီး လူတွေက မြတ်လေးပန်းကိုသာ အမြတ်တနိုး ထားကြတယ်။ လိုလားတောင့်တကြတယ်။ ထို့အတူပဲ မင်းမြတ်၊ ကိုလေသာ

ခြိမ်းခြောက်ခင် ကျန်တဲ့သူ အားလုံးကိုထောက်ပြီး၊ အာသဝေါ ကုန်ပြီးသော ရဟန်းကိုသာ အမြတ်ဆုံးဟု ခေါ်ဆိုကြပေတယ်။

ဂုဏ်ကို ချီးကျူးပြောဆိုခြင်း

မိဂဇိုမင်း ။ ။"ဘုရင်ဘုရား.... ခြင်္သေ့စွာသူရားသည် ရဟန်းအစပါဝင်းတို့အား 'ရဟန်းဟို ဘုရားတပါးကျွေက ငါဘုရားကိုဖြစ်စေ၊ တရားဂုဏ်ကိုဖြစ်စေ သံဃာ့ဂုဏ်ကိုဖြစ်စေ ချီးကျူးပြောဆိုသောအခါ သင်တို့ဝမ်းပြောက်ဝမ်းသာ ဖြစ်ကြနှင့်၊ စိတ်ဝေတ်ကကြွကြွမပြစ်ကြနှင့်' ဟူသော စကားကို မိန့်တော်မူပါပေတယ်။

"သို့သော် သေလပုဏ္ဏားက ဟုတ်မှန်တဲ့အတိုင်းဂုဏ်ကျေးဇူးကို ထုတ်ဖော်ပြောဆိုသောအခါ ဘုရားရှင်ကိုယ်တော်တိုင် ဝမ်းပြောက်ဝမ်းသာ စိတ်ကြည်လင်ပေါ်လွင်ပျံတက်ခြင်းတို့ ဝမ်းပြောက်ဝမ်းသာ စိတ်ကြည်လင်ပေါ်လွင်ပျံတက်ခြင်းတို့ ဖြစ်ကြပါတယ်။

"သေလပုဏ္ဏား.... ငါဘုရားသည် မင်းဖြစ်၏၊ အာတုမ္ပါ၏ သော တရားမင်းဖြစ်၏၊ သူတစ်ပါးတို့မဟောနိုင်သော စကြာရတနာသမ္ဘယ်ဖြစ်သော ဒေသနာစက်ကြီးကို သမ္ဘည္ဝတ္ထာ်တော်ဖြင့် လှည့်ပတ် ဟောကြားနိုင်ပေ၏ဟု အတိုင်းယောက်အလွန် မိမိဂုဏ်ကျေးဇူးကို ချီးကျူးပြောဆိုပါတယ်။

"သည်စကားနှစ်ခွန်းဟာတစ်ခုနဲ့တစ်ခုကြိုစွန်းနေပါတယ်၊ အစွန်းနှစ်ဖက် ထွက်နေပါတယ်၊ ပြေရှင်းပေးတော်မူပါဦး ဘုရား"

အရှင်နှာဂသိန်း။ ။"ဒကာတော် မင်းမြတ်၊" သေလပုဏ္ဏား ချီးကျူးပြောဆိုသောအခါ သေလပုဏ္ဏား အား အတိုင်းထက်အလွန် မိမိဂုဏ်ကျေးဇူးကို မြတ်စွာဘုရား ထုတ်ဖော်ပြောကာကလာဘ်လာဘလိုချင်လို၊ အကျော်အစောကို မက်မောလို၊ မိမိကိုယ်ကျိုးအတွက်ငဲ့ကွက်လို အပေါင်းအသင်းအတွက် တပည့်မေ့လိုတဲ့အတွက် ပြောဆိုခြင်း မဟုတ်ဘူး။

"အမှန်စင်စစ်ကတော့ အစဉ်စောင့်ရှောက်လိုတဲ့အတွက်၊ သနားတော်မူတဲ့အတွက်၊ အကျိုးစီးပွား ရှိစေလိုတဲ့အတွက် လိုက်လျောပြောဆိုခြင်းသာဖြစ်တယ်၊ သေလပုဏ္ဏား နှင့်တပည့်သုံးရာတို့သိမြင်လိမ့်မယ်၊ ကျွတ်တမ်းဝင်လိမ့်မယ်ဆိုတဲ့အချက်ကို နှလုံးသွင်းပြီး မိမိဂုဏ်ထူးကို ချီးကျူးပြောဆိုခြင်းသာဖြစ်တယ်၊ အကြောင်းမဲ့ ပေါ့ပေါ့တန်းတန်းပြောဆိုခြင်း မဟုတ်ပေဘူး မင်းမြတ်"

မည့်ဆဲခြင်းနှင့် ဖိနှိပ်ခြင်း

မိလိန္ဒမင်း ။ ။"အရှင်ဘုရား.... 'လောကဌ်သူတစ်ပါးကို မည့်ဆဲသူသည် ချစ်ထိုက်သူ၊ မြတ်နိုးထိုက်သူဖြစ်လတ္တံ' ဖိနှိပ်ထိုက်သူကို ဖိနှိပ်ရမည်၊ ချီးမြှောက်ထိုက်သူကို ချီးမြှောက်ရမည်"

"ဤစကားမျှားသည် မြတ်စွာဘုရား မိန့်တော်မူသောစကားမျှား ဖြစ်ပါသည်။

"အရှင်ဘုရား.... ဖိနှိပ်တယ်ဆိုတာ လက်ခြေကို ဖြတ်မယ်၊ ရိုက်နှက်ချုပ်နှောင်ထားမယ်စသည်တို့ဖြစ်ပါတယ်။ ဖိနှိပ်ရမယ်

ဆိုတဲ့စကားဟာ ဘုရားနှင့်မသင့်တော်ပါ၊ ပြောဖို့လဲ မတိုက်ပါ။ သည်စကားနှစ်ခွန်းဟာ ဆန့်ကျင်ဘက် ဖြစ်နေပါတယ်၊ တစ်ခုမဟုတ်တစ်ခုအပြစ်ရှိသလို ဖြစ်နေပါတယ်၊ ရှင်းလင်းပေးတော်မူပါဦး ဘုရား''

အရှင်နာဂသိန်။ ။''မင်းမြတ်.... ပထမ စကားတော်ဟာ ဘုရားရှင်တိုင်း အနှီးအညှပ် ခွင့်လွှတ်လိုသော စကားဖြစ်တယ်၊ ဆုံးမရိုးစကားလဲဖြစ်တယ်၊ ဟောပိုးဟောစဉ်တရားလဲဖြစ်တယ်၊ မင်းမြတ်.... သည်စကားမျှား မှန်ပေကယ်၊ မင်းမြတ်....တရားတော်သည် မည့်ဉီးဆဲခြင်း၊ မနှိပ်စက်ခြင်း လက္ခဏာရှိတယ်၊ ဤစကားတော်သည် သဘာဝအတိုင်း မှန်တဲ့စကားလဲ ဖြစ်တယ်''

နှိပ်သင့်နှိပ် မြောက်သင့်မြောက်

''မင်းမြတ်.... ဒုတိယစကားတော်ကတော့ လောကတံတွားသဘောခံမှုတာ အတိုင်းပြောရိုးဆိုရိုးစကားမျိုးဖြစ်တယ်၊ စိတ်ပိုင်းဆိုင်ရာနှင့် ငိုရှိပတ်သက်တယ်၊ စိတ်ဓာတ်တက်ကြွလာရင် ဖိနှိပ်ပေးရမယ်၊ စိတ်ဓာတ်ကျနေရင်လဲ မြှောက်ပေးရမယ်၊ အကုသိုလ်စိတ်ကိုဖိနှိပ်ပေးရမယ်၊ ကုသိုလ်စိတ်ကို မြှောက်ပင့်ပေးရမယ်၊ မတော်တဲ့စိတ်ကို ဖိနှိပ်ပေးရမယ်၊ သင့်လျော်တဲ့စိတ်ကို မြှောက်စားရမယ်။

''မှားတဲ့အကျင့်ကို ဖိနှိပ်ပေးရမယ်၊ မှန်တဲ့အကျင့်ကို မြှောက်စားပေးရမယ်၊လူယုတ်မာကိုဖိနှိပ်ပေးရမယ်။သူတော်ကောင်းကိုမြှောက်စားပေးရမယ်၊ သူခိုးခားပြကို ဖိနှိပ်ပေးရ

မယ်၊ လူတောင်းကို မြှောက်စားရမယ်၊ ဒါတွေဟာ လောက ကြီးရဲ့ထုံးတမ်းစဉ်လာ ဓမ္မတာတွေပဲဖြစ်တယ်”

မိလိန္ဒမင်း ။ ။“အရှင်ဘုရား ရှိပါစေတော့၊ သည်တစ်ခါ တပည့်တော်အလှည့်ရောက်လာပါပြီ၊ တပည့်တော် ဖိနှိပ်နည်း၊ နှိပ်စက်နည်းကို မေးနေပါတယ်၊ အရှင်ဘုရား.... သူခိုးကို နှိပ်စက်ရင် ဘယ်လိုနှိပ်စက်ရပါမလဲ ဘုရား”

အရှင်နာဂသိန်။ ။“မင်းမြတ်... သူခိုးကိုနှိပ်စက်လိုရင် ဆဲရေး မယ်၊ ရိုက်ရမယ်၊ ဒဏ်ခတ်ရမယ်၊နှင်ထုတ်ရမယ်၊ ချုပ်ထားရမယ်၊ သတ်ထိုက်ရင်သတ်ရမယ်၊ အဲဒါတွေဟာ သူခိုးကို နှိပ်စက်တဲ့နည်းတွေပဲ”

မိလိန္ဒမင်း ။ ။“အရှင်ဘုရား.... သူခိုးကိုသတ်တာ မြတ်စွာဘုရားခွင့်ပြုတော်မူပါသလား ဘုရား”

အရှင်နာဂသိန်။ ။“မပြုတော်။ မင်းမြတ်”

မိလိန္ဒမင်း ။ ။“ဘာကြောင့်ပါလဲ ဘုရား”

အရှင်နာဂသိန်။ ။“မင်းမြတ်.... သူခိုးကို သတ်တယ်ဆိုတာ မြတ်စွာဘုရား အလိုကျနဲ့ သတ်တာမဟုတ်ဘူး၊ သူခိုးပြုတဲ့ခိုးမှုကြောင့်အသတ်ခံရခြင်းသာ ဖြစ်တယ်၊တစ်နည်းကတော့ တရားဥပဒေအရ အပြစ်ပေးခြင်းဖြစ်တယ်၊ မင်းမြတ်-သင်သည် အပြစ်ကင်းတဲ့လူတစ်ယောက်ကိုဖမ်းပြီး သတ်ပစ်နိုင်ပါမလား”

မိလိန္ဒမင်း ။ ။“မသတ်နိုင်ပါ ဘုရား”

အရှင်နာဂသိန်။ ။“ဘာကြောင့်လဲ မင်းမြတ်”

မိလိန္ဒမင်း ။ ။“အပြစ်မရှိလို့ပါ ဘုရား”

အရှင်နာဂသိန်။ ။"ထို့အတူပဲ မင်းမြတ်၊ ခိုးသူကိုသတ်တာ ဟာ မြတ်စွာဘုရားအလိုတော်နဲ့ သတ်တာ မဟုတ်ဘူး၊ သူလုပ်တဲ့အပြစ်ကြောင့် အသတ်ခံရခြင်းသာ ဖြစ်ပေပါတယ်"

မိလိန္ဒမင်း ။ ။"အရှင်ဘုရား.... သူခိုးကိုသတ်တဲ့အမှုမှာ အပြစ်ရှိတယ်လို့ ဥပဒေဆုတ်တဲ့ သူများ တစ်စုံတစ်ရာအပြစ်ရှိပါသလား ဘုရား"

အရှင်နာဂသိန်။ ။"မရှိထိုက်ပေဘူး မင်းမြတ်"

မိလိန္ဒမင်း ။ ။"အရှင်ဘုရား...သို့ဆိုလျှင် မြတ်စွာဘုရား၏ အဆုံးအမသည် အလွန်ပင် သဘာဝ ကျပါသည်၊ ကောင်းလဲ ကောင်းမြတ်လှပါသည် ဘုရား"

အရှင်နာဂသိန်။ ။"မှန်ပေတယ် မင်းမြတ်"

ရဟန်းတို့ကို နှင်ထုတ်ခြင်း

မိလိန္ဒမင်း ။ ။"အရှင်ဘုရား.... မြတ်စွာဘုရားသည်၊ 'ငါဘုရားသည် အမျက်ထွက်လေ့ ပဋ္ဌိ၊ ကင်းသော ဒုစရိုက်ငြောင့်သစ်ငုတ်ရှိ၏'ဟု ဟော်တော်မူပါ သည်။ သို့သော် 'မြတ်စွာဘုရားသည် အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန်နှင့် တကွ ရဟန်းတို့ကို နှင်ထုတ်တော်မူ၏' ဟူ၍လည်း သိရှိရပြန်ပါသည်။

"အရှင်ဘုရား ဤစကားနှစ်ခွန်းသည် အပွန်းမလွတ်၊ ရှေ့ နောက်မညီ ဖြစ်နေပါသည်။ မြတ်စွာဘုရားသည် ရဟန်းတို့ကို ဒေါသထွက်၍ နှင်ထုတ်ခြင်းသာ ဖြစ်ပါသလား။ မိမိတစ်ပါး တည်းနေလို၍ နှင်ထုတ်ခြင်းဖြစ်ပါသလား။ မည်သို့ကြောင့်

ပင်ဖြစ်စေ ဤအကြောင်းခြင်းရာသည် စဉ်းစား၊စရာပင်ဖြစ်နေ ပါသည်၊ ပြေရှင်းပေးတော်မူပါဦး ဘုရား''

အရှင်နာဂသိန်။ ။''ဒကာတော်မင်းမြတ်၊ရှင်သာရိပုတ္တရာ နှင့် ရှင်မောဂ္ဂလန်တို့ကိုပရိသတ်နှင့်တကွ နှင်ထုတ်တော်မူခြင်းဟာ မြတ်စွာဘုရားအမျက်ထွက်လို့မဟုတ် ပေဘူး မင်းမြတ်၊ လူတစ်ယောက်ဟာ ဒလုတ်လိုက်လို့ဖြစ်စေ၊ ခြေချော်လို့ဖြစ်စေ၊ ချော်လဲတယ် ဆိုပါတော့။

''မင်းမြတ်....ထိုသို့လဲရခြင်းဟာ မြေကြီးက စိတ်ဆိုးလို့ ချော်လဲစေတာလား''

မိလိန္ဒမင်း ။ ။''မဟုတ်ပါ ဘုရား၊ မြေကြီးသည် စိတ် ဆိုးခြင်း၊ ဝမ်းသာခြင်း မရှိပါ။ မဟာ ပထဝီမြေကြီးသည် ချစ်ခြင်းမုန်းခြင်းလည်း ကင်းပါသည်။ ထိုသူ ညံ့ဖျင်းမှုသာ ချော်လဲရခြင်းဖြစ်ပါသည် ဘုရား''

အရှင်နာဂသိန်။ ။''ထိုအတူပဲ မင်းမြတ်၊ မြတ်စွာဘုရား တွင် အမျက်ထွက်ခြင်း၊ ဝမ်းသာခြင်း မရှိပါ။ သစ္စာလေးပါးကို ဟုတ်တိုင်းမှန်စွာ သိတော်မူသော မြတ်စွာဘုရားသည် ချစ်ခြင်းမုန်းခြင်းမှ ကင်းလွတ်တော်မူပေ တယ်။ အမှန်ကတော့ သူ့ကိုလုပ်တဲ့အပြစ်ကြောင့်သာ နှင်ထုတ် တော်မူခြင်း ဖြစ်ပါတယ်။

''မင်းမြတ်-မြတ်စွာဘုရားသည်ရဟန်းတို့၏အကျိုးစီးပွား ကို အလိုရှိပေတယ်။ လိုသို့ အလိုရှိတော် မူသောကြောင့်ပင် လျှင် ရဟန်းတို့အား နှင်ထုတ်လိုက်ပါက ရဟန်းတို့သည် ပဋ္ဌိ သဏ္ဌေနခြင်း၊ အိုခြင်း၊ နာခြင်း၊ သေခြင်းတို့မှ ကင်းလွတ် လတ္တံ့ဟု နှလုံးသွင်းမှ နှင်တော်မူခြင်း ဖြစ်ပေတယ်''

'တန်ခိုးအကြီးဆုံးဖြစ်တဲ့ အရှင်မောဂ္ဂလာန်ကိုပင်....
ခိုးသားဓါးရာရိုက်သတ်လို့ အရိုးအသားစိစိညက်ညက်
ကြေပြီး ပရိနိဗ္ဗာန်ပြုရတယ်'

တန်ခိုးနှင့် ကံ၏အကျိုး

မိလိန္ဒမင်း ။ ။"အရှင်ဘုရား... တန်ခိုးတော်အရာမှာ အရှင်မောဂ္ဂလာန်သည် အပြတ်ဆုံးတယ်ဟု ဘုရားကို ရဟန်းလို့ မိန့်ဆိုတော်မူကြပါ၏။

"ဆိုနောက်တစ်ဖန် 'တန်ခိုးအကြီးဆုံးဖြစ်တဲ့ အရှင်မောဂ္ဂလာန်ကိုပင် ခိုးသားဝါးဆာရိုက်သတ်လို့ အရိုးအသား စိစိညက်ညက်ကြေပြီးပရိနိဗ္ဗာန်ပြုရတယ်' လို့လဲ မိန့်တော်မူပြန်ပါ၏။

"အရှင်ဘုရား တန်ခိုးအကြီးဆုံးဆိုတဲ့ စကားမှန်ရင်လဲ ရိုက်သတ်ခြင်းခံရလို့ ပရိနိဗ္ဗာန်ပြုရတယ်ဆိုတဲ့စကား မှားပါလိမ့်မယ်၊ ဒါမှမဟုတ် ခိုးသားတွေရိုက်လို့ ပရိနိဗ္ဗာန်ပြုရတယ်ဆိုတဲ့စကား မှန်ရင်လဲ 'တန်ခိုးအကြီးဆုံ'ဆိုတဲ့စကား မှားပါလိမ့်မယ်။

"နှစ်မျိုးနှစ်ခု သံသယဖြစ်ဖွယ်ရာသော ဤစကားကိုလုတ်ပေါ် ဖြေရှင်းတော်မူပါ ဘုရား"

အရှင်နာဂသိန်း။ ။"မင်းမြတ်၊ ခိုးသားများ ရိုက်ပုတ်တဲ့ ဒဏ်ကြောင့်အရှင်မောဂ္ဂလာန် ပရိနိဗ္ဗာန်ပြုရတာဟာ အကုသိုလ်က ဖိစီးနှိပ်စက်လို့ ဖြစ်တယ်"

မိလိန္ဒမင်း ။ ။"အရှင်ဘုရား၊ တန်ခိုးကြီးသောသူတို့၏ တန်ခိုးအရာနှင့်ကံအကျိုးပေးနှစ်ခုစလုံးဟာ မကြုံစည်အပ်သော အရာတို့ချည်း မဟုတ်ပါလား ဘုရား။

"မကြုံစည်အပ်သော တန်ခိုးတော်ဖြင့် မကြုံစည်အပ်သော ကံအကျိုးကို ပယ်နိုင်ရမည် မဟုတ်ပါလား။

"အရှင်ဘုရား၊ ဥပမာအားဖြင့် သရက်သီးကို လိုချင်တဲ့လူ အခွဲကြီဟာ သရက်သီးနှင့်ပင် သရက်သီးကို ပစ်ချပါတယ်။ ထိုအတူပဲ ကံ၏အကျိုးကို တန်ခိုးဖြင့် ပယ်နိုင်ရမည် မဟုတ်ပါလား ဘုရား"

အရှင်နာဂသိန်။ ။"မင်းမြတ်၊ မကြံစည်အပ်တာချည်းမှန် သော်လည်းခင်ခုထက်တစ်ခုက ပိုလွန်အား ကောင်းနေပေတယ် မင်းမြတ်၊ စာတိုတူမင်းအပေါင်းတို့တွင် တစ်ဦးသောမင်းက အာဏာစက်လွှမ်းပြီး တန်ခိုးကြီးနေတယ် မဟုတ်ပါလား။

"သည်ဥပမာအတိုင်းပေါ့ မင်းမြတ်၊ မကြံစည်အပ်သော အရာအပေါင်းတို့လွှင် ကံ၏အကျိုးသည်သာ အတိုင်းထက် အလွန် အားကြီးလှပေတယ်။ ကံ၏အကျိုးသည်သာ မကြံ စည်အပ်ဘဲ အားတို့အပေါ်လွှမ်းမိုးရှိအာဏာသည်ပေတယ်။ အကုသိုလ်ကံ ဖိစီးနှိပ်စက်လာပြီဆိုရင် ဘာမှမတတ်နိုင်ဘူး။ ကံမှတစ်ပါး ဘာမှ အခွင့်အရေး မရတော့။

"မင်းမြတ်၊ အပြစ်တစ်စုံတစ်ရာ ကျူးလွန်လာတဲ့ လူကို မိဘဆွေမျိုးဟာ ဘာမှမတတ်နိုင်ဘူး။ မင်း၏ အာဏာသာ တန်ခိုးအကြီးဆုံး ဖြစ်တယ်။ ဘုရင်ကြောင့်လဲဆိုတော့ အပြစ် ကျူးလွန်ဘားလို့ ဖြစ်တယ်။

"မင်းမြတ်.... တောမီး အကြီးအကျယ် လောင်တဲ့အခါ မှာလဲ ရေအိုးတစ်ထောင်နဲ့ လောင်းသမျှယို့ မီးကို မငြိမ်းနိုင် ဘူး။ ဘုရင်ကြောင့်လဲဆိုတော့ မီးက အလွန်အားကြီးလို့ဖြစ် တယ်။ မီးမျှား မီးနိုင်တဲ့သတောပဲပေါ့ မင်းမြတ်။

"မကြံစည်အပ်သော အရာပေါင်းတို့တွင် ကံ၏အကျိုးကသာ အားကြီးတယ်။ အရာခပ်သိမ်းကို လွှမ်းမိုးရှိ အာဏာတည်တယ်။ အကုသိုလ်ကံ နှိပ်စက်တဲ့ လူတွေမှာ ကံအကျိုးမှ တစ်ပါး ဘာမှအခွင့်အရေးမရဘူး။ ဒါကြောင့် အကုသိုလ်ကံ အနှိပ်စက်ခံရလို့အရှင်ပေါဂ္ဂလာန်ပရိနိဗ္ဗာန်ပြုရခြင်းဖြစ်တယ်၊ တန်ခိုးတော်မျှားက မစွမ်းဆောင်နိုင်ခြင်း၊ မကယ်တင်နိုင်ခြင်းဖြစ်ပေတယ်"

ဖုံးထားသင့်၊ မဖုံးထားသင့်

မိလိန္ဒမင်း ။ ။"အရှင်ဘုရား.... မြတ်စွာဘုရားသည် ရဟန်းတို့ 'ငါဘုရားဟောကြားတော်မူသော သုတ်အဘိဓမ္မာ ဝိနည်းသည် ဖွင့်ထားသော်သာလျှင် တင့်တယ်၏။ ဖုံးထားခဲ့သော် မတင့်တယ်'ဟု မိန့်တော်မူပါတယ်။

'တစ်ဖန်လည်း ပါတိမောက်ပြခြင်းကိုလည်းကောင်း၊ အလုံးစုံသောဝိနည်း ပိဋကတ်ကိုလည်းကောင်း ပိတ်ထားအပ်၏'ဟု ဟောတော်မူပြန်ပါတယ်။

"အရှင်ဘုရား... မြတ်စွာဘုရား သာသနာတော်၌ အကယ်၍ သင့်တော်လျောက်ပတ်တဲ့ အခွင့်ကိုရမယ်ဆိုလျှင် ဝိနည်းပညတ်တော်မျှားသည် ဖွင့်ထားမှ တင့်တယ်ပါလိမ့်မည်။ အကြောင်းကိုဆိုရသော် ဝိနည်းပညတ်တော်၌ အကျင့်သိက္ခာ စောင့်စည်းမှု၊ ရှောင်ကြဉ်မှု၊ သီလဂုဏ်စသည်တို့ အပြည့်အစုံ ရှိနေ၍ ဖြစ်ပါသည်။

"အရှင်ဘုရား....ဖွင့်ထားမှုနှင့်တင့်ကယ်မယ်ဆိုတဲ့ စကားနဲ့ ပိတ်ထားရမယ်၊ ဖုံးထားရမယ်ဆိုတဲ့စကားနှစ်ခုဟာ ဆန့်ကျင်ဘက် ဖြစ်နေပါတယ်၊ တစ်ခုမဟုတ်တစ်ခုမှာ၊ နေတဲ့အနေမျိုး ရောက်နေပါတယ်၊ သို့ပါ၍ အကြောင်းအကျိုး ရှင်းလင်း ဖြေဆိုတော်မူပါ ဘုရား"

အရှင်နာဂသိန်း။ ။"မင်းမြတ်.... 'ပါတိမောက်ပြခြင်းနှင့် အလုံးစုံသော ဝိနည်း ပိဋကတ်များကို ပိတ်ထားအပ်၏၊ ဖုံးထားအပ်၏'လို့ ဆိုတာကတော့ အကုန်လုံး ပိတ်ထားရမယ်၊ ဖုံးထားရမယ်လို့ အိုလိုတာ မဟုတ်ဘူး၊ လိုအပ်သည့် အပိုင်းအခြားလောက်သာ ဖုံးပိတ်ထားရမယ်လို့ ဆိုလိုတယ်။

"မင်းမြတ်....ပါတိမောက်ပြခြင်းကို အကြောင်းသုံးမျိုးနဲ့ အပိုင်းအခြားလုပ်ပြီး ပိတ်ထားတော်မူတယ်။

ရှေးဘုရားတို့ အစဉ်အလာ

"မင်းမြတ်—ရဟန်းတို့၏အလယ်မှာသာ ပါတိမောက်ပြ၍ ရဟန်းမှတစ်ပါး ကျန်တဲ့လူတွေအတွက် ပိတ်ထားခြင်းသည် ရှေးဘုရားအာသုံးတို့၏ ထုံးတမ်းစဉ်လာဖြစ်တယ်၊ ဥပုဒ်မာ အာဝုဇ်ဖြင့် မင်းတို့ခွဲရာဇပရိယာယ်ဆိုတာ မင်းမျှားမှာသာရှိရမယ်၊ မင်းတို့မှတစ်ပါး ကျန်တဲ့လူတွေနဲ့မဆိုင်ဘူး၊ ထို့အတူ ရဟန်းတော်များနဲ့သာ ဆိုင်တဲ့ ပါတိမောက်ပြခြင်းကို ကျန်တဲ့လူတွေအတွက် ပိတ်ပင်ထားတာဟာ ရှေးဘုရားအာသုံးတို့၏ ထုံးတမ်းစဉ်လာတစ်ခု ဖြစ်တယ် မင်းမြတ်—"

အလေးဂရုပြုအပ်သည့်အတွက်

"မင်းမြတ်....ပါကိုမောက် တရားတော်သည် အလွန်တရား ကာဝန်ကြီးပေတယ်၊ မှန်ကန်စွာ ကျင့်ကြံမယ်၊ အဆက်ဆက် လိုက်နာကျင့်ကြံမယ်ဆိုလျှင် အရဟတ္တဖိုလ်ကို ရောက်နိုင်ပါ တယ်၊ မှလိုက်နာ မကျင့်ကြံလျှင် အရဟတ္တဖိုလ်ကို မရောက်၊ ဤကဲ့သို့ အနှစ်သာရနှင့် ပြည့်စုံသောတရားသည် မထန်တဲ့လူ လက်ထဲရောက်သွားလျှင် အဝင်ထေးဖွယ်၊ ကဲ့ရဲ့ဖွယ် ဖြစ်ပေ လိမ့်မယ်။

"ထိုကဲ့သို့ မဖြစ်စေလိုတဲ့အတွက် တရားတော်ကို အလေး အမြတ်ပြုအပ်တဲ့အတွက် ပါကိုမောက်ပြုခြင်းကို အပိုင်းအခြား နဲ့ ပိတ်ထားခြင်းဖြစ်ပေတယ် မင်းမြတ်..."

ရဟန်းဘဝကို အလေးအမြတ်ပြုလိုသည့်အတွက်

"မင်းမြတ်... ရဟန်းဘဝဟာ အင်မတန်မှ အဖိုးတန်ပါ တယ်၊ ဘယ်သူမှလဲ အဖိုးမဖြတ်နိုင်ပါဘူး၊ ဆုံးဖြတ်ဖိုလဲ မတတ်နိုင်ကောင်းပါဘူး၊ သည်လိုမှန်မြတ်လှစွာဒယာ ရဟန်း ဘဝကို နတ်ရတဲ့၊ လူရတဲ့နဲ့ တူညီနေမှု မဖြစ်စေလိုတဲ့အတွက် အလေးပေးလိုတဲ့ဆရာတော်လဲ ပါတိမောက်ကို အပိုင်းအခြား အားလျော်စွာ ဖုံးကွယ်ထားခြင်း ဖြစ်တယ်။

"မင်းမြတ်....ဥပမာအားဖြင့်ဆိုရင် အလုံးစုံသော အဖိုး တန်ရတနာတွေဟာ မင်းထံရောက်၊ မင်းမျှားနဲ့သာထိုက်တန် သလို ဓမ္ဓာတန်ခိုး ဘုရားရှင်၏ မုခပါဠိတော်ကိုသင်ကြားကျင့် ကြံမှုစတဲ့ ဂုဏ်ကျေးဇူးတော် အားလုံးဟာလဲ ရဟန်း သံဃာ မျှားထံဝှိသာ ဆိုက်ရောက်နေပါတယ်။

"ဒါ့ကြောင့် ရဟန်းအဖြစ်ကို အလေးအနက် ပြုလိုတဲ့ အတွက် ပါတိမောက်ပြခြင်းကို အပိုင်းအခြားနဲ့ ပိတ်ထား အပ်ခြင်း ဖြစ်ပေတယ်။

မုသားစကား၏ အလေး အပေါ်

မိလိန္ဒမင်း ။ ။"အရှင်ဘုရား.... မြတ်စွာဘုရားသည် (၁)သိလျက်မုသားစကားပြောဆိုခြင်း ကြောင့် သာသနာတော်မှ ဆုံးရှုံးသည်။

"နောက်တစ်ဖန် (၂) သိလျက် မုသားစကား ပြောဆို ခြင်းကြောင့် ရဟန်းတစ်ဦးဦးထံ ဒေသနာကြားလျှင် လဟုတ် အာပတ်အဖြစ်သို့ ရောက်သည်။ ကုစားလို့ရသည်ဟု စကား နှစ်မျိုးဟောထားပါတယ်။

"အရှင်ဘုရား- ဤမုသားနှစ်မျိုး၏ ထူးခြားပုံက ဘယ်လို ပါလဲ၊ အကြောင်းက ဘယ်လိုရှိပါသလဲ ဘုရား"

"ဤစကားနှစ်ခွန်းသည် စဉ်းစားစရာအချက် အစွန်းနှစ် ဖက် ထွက်နေပါသည်။ နားလည်သဘောပေါက်အောင် ရှင်း ပေးတော်မူပါ ဘုရား"

အရှင်နာဂသိန်း။ ။"မင်းမြတ်.... စကားနှစ်မျိုး နှစ်စား ခဲ့ခြားဟောတာမှန်ပေတယ်၊ အကြောင်း ကဆတာ့ လွန်ကျူးပြောဆိုတဲ့ ဝတ္ထုအကြောင်းရင်းပေါ်မှာ တည်တယ်၊ အလေးအပေါ် ကွာခြားတယ်။

"ဥပမာအားဖြင့် လူဝတ်ယောင်ကဲက လူတစ်ယောက်ကို လက်သီးနဲ့ ထိုးမယ်ဆိုရင် အပြစ်ဒဏ် ဘယ်လောက် ကြီးလေ သလဲ"

မိလိန္ဒမင်း ။ ။"အရှင်ဘုရား.... အထိုးခံရတဲ့လူက မခံနိုင်ဘူးဆိုပြီး တိုင်မယ်ဆိုရင် အသပြာ ဒဏ် အဆောင်ခိုင်းပါတယ် ဘုရား"

အရှင်နာဂသိန်။ ။"တကယ်လို့ အဲဒီ လူကပဲ သင်မင်းမြတ်ကို လက်သီးနဲ့ ထိုးမယ်ဆိုရင် ဘယ်လို အပြစ်ဒဏ်မျိုး ပေးမလဲ"

မိလိန္ဒမင်း ။ ။"အရှင်ဘုရား....လက်ကိုဖြစ်စေ၊ ခြေကို ဖြစ်စေ၊ ဦးခေါင်းကို ဖြစ်စေ၊ အဖြတ်ခိုင်းပါလိမ့်မယ်၊ ဒါ့အပြင်အိုးအိမ်ကို အသိမ်းခိုင်းပါလိမ့်မယ်၊ ဆေးခုနစ်ဆက်၊ မျိုးခုနစ်ဆက်တိုင်အောင် အပြစ်ပေးပါလိမ့်မယ် ဘုရား"

အရှင်နာဂသိန်။ ။"မင်းမြတ်... လက်သီးနဲ့ ထိုးတဲ့လူ တစ်ယောက်ထဲဖြစ်ပါလျက် ဘာ့ကြောင့်.... အပြစ်နှစ်မျိုး ပေးရပါသလဲ၊ ဘာ့ကြောင့် အပြစ်နှစ်မျိုးကွဲပြားခြားနားနေပါသလဲ"

မိလိန္ဒမင်း ။ ။"အရှင်ဘုရား....လူချင်းမတူ၊ ထူးခြားနေလို့ အပြစ် နှစ်မျိုး ပေးရပါတယ် ဘုရား"

အရှင်နာဂသိန်။ ။"မှန်ပေတယ် မင်းမြတ်.... သိလျက် မုသားစကားပြောတာချင်း တူပေမယ့် အကြောင်းရင်းဝတ္ထု ကွာခြားနေလို့ အသေး အကြီး နှစ်မျိုး ဖြစ်နေရပေတယ်။

ဘုရားလောင်းများ ဓမ္မတာ

မိုလ်ဒ္ဓမင်း ။ ။"အရှင်ဘုရား.... ဓမ္မတာအများအပြား ကိုဟောကြားတဲ့နေရာမှာ ဗျာဒိတ်ရစ်ရှေးမဆွကပင် ဘုရားလောင်းမီဘများ မြဲတယ်၊ သဗ္ဗညုတ ဉာဏ်မြဲတယ်၊ အဂ္ဂသာဝကမြဲတယ်၊ သားတော်မြဲတယ်၊အလုပ်အကျွေးမြဲတယ်လို့ မြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါတယ်။

"တစ်ဖန်လဲ ဘုရားသည် တုသိတာနတ်ပြည်က နေပြီးကြည့်ခြင်းကြီး ရှစ်မျိုးကို ကြည့်တဲ့အခါ....

(၁) ဘုရားဖြစ်ရန်အခါ၊
(၂) ဘုရားဖြစ်ရန် ကျွန်း၊
(၃) ဖွားတော်မူရာအရပ်၊
(၄) ဖြစ်ရာအမျိုးဇာတ်၊
(၅) မယ်တော်၊
(၆) အသက်အပိုင်းအခြား၊
(၇) ဖွားမည့်ကာလ၊
(၈) တောထွက်ခြင်း။

အတက်ပါ ရှစ်ပါးကိုကြည့်၏ဟု အရှင်ဘုရားတို့ ဆိုတော်မူကြပြန်ပါတယ်။

"အရှင်ဘုရား.... ဉာဏ်မရင့်ကျက်ခဲ့သော်သိမြင်နိုင်ဖို့မရှိပါ။ ဉာဏ်ရင့်ကျက်ပါကလည်း အကြောင်းအရာထူးကို ဆိုင်းငုံထားဖို့ မတတ်ကောင်းပါ၊ ရင့်ကျက်တဲ့ စိတ်ကို မလွန်ဆန်နိုင်ပါ။

"အရှင်ဘုရား.... အဘယ့်ကြောင့် ဘုရားလောင်းသည် ဘယ်အခါ ငါဘုရားဖြစ်ရမလဲဟု အခါကိုကြည့်ရလေသနည်း၊ အဘယ့်ကြောင့် ဘုရားလောင်းသည် ဘယ်မျိုးနှင့် ဖြစ်ရမလဲဟု အမျိုးကို ကြည့်ရလေသနည်း၊ ရှစ်လင်း ဖြေကြားတော်မူပါ ဘုရား"

သာရှင်ပန်ဘဝသိန်။ ။"ဒကာတော် မင်းမြတ်.... ဗျာဒိတ်ရစ ရှေးမဆွကပင် အမိအဖတို့သည်မြဲကုန်၏။ ဘုရားလောင်းသည် အမျိုးကိုလဲ ကြည့်ပေ၏။

"အဘယ်သို့ဆိုလျှင် ကြည့်ရလေသနည်း၊ ငါ့မိဘမျှားသည် မင်းမျိုးလား၊ ပုဏ္ဏားမျိုးလားဟု ဘုရားလောင်းမျှားသည် အမျိုးကိုကြည့်ရှုံးတုံးစံရှိသည့်အတိုင်း ကြည့်ရှုပေ၏။

"မင်းမြတ်.... အနာဂတ်ကို ကြိုတင်၍ကြည့်ရှုရသူ ရှစ်ဦးရှိပေတယ်။

၁။ ကုန်သည်မျှားသည် ရောင်းကုန်ကို ကြိုတင်၍ကြည့်ရပါတယ်။

၂။ ဆင်ပြောင်ကြီးမျှားသည် မရောက်မီ ခရီးကို ကြိုကြည့်ကြပါတယ်။

၃။ လှည်းကုန်သည်မျှားသည် လှည်းစခန်းကို ကြိုကြည့်ကြပါတယ်။

၄။ လှေသူကြီးမျှားသည် သင်္ဘောကမ်းမကပ်မီ ကြိုတင်ကြည့်ရှု၍ လှော်ခတ်ကြပါတယ်။

၅။ ဆေးသမားသည် အသက်ကိုကြိုကြည့်ပြီးမှ လူနာထံ သွားပါတယ်။

၆။ တံတားကူးမည့် သူများသည် တံတားကို ခိုင်-
မခိုင် ကြိုတင် ကြည့်ရှုပြီးမှ ကူးကြပါတယ်။
၇။ ရဟန်းသံဃာများသည် မရောက်မီအချိန်ကိုကြည့်
ပြီးမှ ဆွမ်းစ သည် သုံးဆောင်ကြပါတယ်။
၈။ ဘုရားလောင်းများသည် မင်းမျိုးလား၊ ပုဏ္ဏား
မျိုးလားဆိုတာ ကြိုတင်၍ ကြည့်ရှုပါတယ်။

"မင်းမြတ်.... ဤရစ်ယောက်သော သူတို့သည် အနာဂတ်
အရေးကို မရောက်မီကပင် ကြိုတင်ကြည့်ရှုခဲ့သော ဓလေ့တိုး
တမ်း ရှိကြပါတယ်။ ကြိုတင်ကြည့်ရှုရခြင်း ဖြစ်ပေတယ်"

ရဟန်းများ မိမိကိုယ်ကို သင်္ခြိုး

မိလိန္ဒမင်း ။ ။"အရှင်ဘုရား.... မြတ်စွာ ဘုရားသည်
'ရဟန်းတို့.. မိမိကိုယ်ကို မသတ်အပ်၊ သတ်
လျှင် အပြစ်အား လျော်စွာ ပြုအပ်၏' ဟု ဟောတော်မူ
သည်၊ တစ်ဖန်လည်း အမှတ်မရှိသော အရပ်၌ မြတ်စွာဘုရား
သည် တပည့်တို့အား ဟရား ဟော တော်မူသည် ရှိသော် ..
အကြောင်းပမျိုးမျိုးဖြင့် ပဋိသန္ဓေနေခြင်း၊ အိုခြင်း၊ နာခြင်း၊
သေခြင်းကို အကြွင်းမဲ့ဖြတ်ခြင်းငှာ ဟောတော်မူအပ်၏။

"အကြင်သူသည် ပဋိသန္ဓေနေခြင်း၊ အိုခြင်း၊ နာခြင်း၊ သေ
ခြင်းကို လွန်ဝေမြောက်၏။ ထိုသူသည် 'လွန်ကဲစွာ ချီးမွမ်းခြင်း
ဖြင့် ချီးမွမ်းအပ်၏။' ဟ ဒေဝပုတ္တဟုတော်တို့ပို့တော်မူကြပါ၏။

"အရှင်ဘုရား....မိမိကိုယ်ကို မသတ်အပ်ဟု ဟောသည်ဖြစ်
အံ့၊ ပဋိသန္ဓေနေခြင်း၊ အိုခြင်း၊ နာခြင်း၊ သေခြင်းကို အကြွင်းမဲ့
ဖြတ်ရုမည်ဟု ဟောသည့်စကား မှားပါလိမ့်မည်၊ ဝိုးစကားမှန်

ခဲ့လျှင်လည်း မိမိကိုယ်ကိုမသတ်အပ်ဆိုသည့်စကားမှားပါလိမ့်မည်၊ ရှေနောက် မလျှော်ကန်၊ သံသယဖြစ်ဖွယ်သော ဤစကားနှစ်ရပ်ကို ဝေဖန်ပိုင်းခြားပြတော်မူပါဦး ဘုရား'' အရှင်နာဂသိန်။ ။''မြတ်သောမင်းကြီး... အဆိုအမိန့် နှစ်ရပ်လုံးပင်လျှင် မြတ်စွာဘုရား ဟောတော်မူခဲ့တာ မှန်ပေတယ်၊ သည်နှစ်ရပ်အနက် 'ရဟန်းများ မိမိကိုယ်ကိုမသတ်အပ်' ဟုဟောတော်မူခြင်းမှာ ဤသို့ဖြစ်ပါယ်။

''ဒကာတော်မင်းကြီး-သီလရှိသူ၊ သီလနှင့်ပြည့်စုံသူများသည် သတ္တဝါတို့၏ ကိုယ်လေးပါးအဆိပ်ကို ဖျက်ဆီးရာ အဆိပ်ဖြေဆေးနှင့်တူပေတယ်၊ ကိုယ်လေးပါးတည်းဟူသော အနာကို ကင်းငြိမ်းစေရာ၌ ဗိန္ဓောဆေးနှင့် တူပေတယ်၊ ကိုယ်လေးပါး အညစ်ကြေးကို ဆေးကြောရာ၌ ရေနှင့်တူပေတယ်၊ စည်းစိမ်ချမ်းသာကို ပေးရာ၌ ပတ္တမြားရတနာနှင့် တူပေတယ်၊ ဝဲသြဃလေးပါးတို့မှ တစ်ဖက်ကမ်းကို ကူးရာ၌ လှေနှင့်တူပေတယ်။

''သတ္တဝါတို့ စိတ်နှလုံးကိုပြည့်စေရာ၌ မိုးကြီးနှင့် တူပေတယ်၊ ကုသိုလ်ကောင်းမှုပြုကျင့်စေရာ၌ ဆရာနှင့် တူပေတယ်၊ ဘေးကင်းရာကို ညွှန်ပြရာ၌ ခရီးလမ်းညွှန်နှင့် တူပေတယ်။

''ဤကဲ့သို့ မျှားသော ကျေးဇူး၊ အတိုင်းမသိသော ကျေးဇူး၊ အစုအပုံဖြစ်သောကျေးဇူးတို့ဖြင့် သတ္တဝါတွေကို ကြီးပွားအောင် ပြုလုပ်နိုင်သော သီလရှိသူများသည် မပျက်စီးပါစေနှင့်ဟူသော ရည်ရွယ်ချက်ဖြင့် သတ္တဝါတွေကို သိနှားလည်သောအားဖြင့် ရဟန်းများသည် မိမိကိုယ်ကိုမသတ်အပ်ဟူသော သိက္ခာပုဒ်ကို ပညတ်တော်မူခဲ့ခြင်း ဖြစ်ပေတယ်။

"မင်းကြီး....အဆန်းတကြယ်သော တရားကို ဟောကော်မှုတတ်သော ကုမာရ ကဿပမထေရ်က ပါယာသိရာဇညမင်းအား 'ရာဇညမင်း....လောကကြီးမှာ ဘယ်လိုနည်းနဲ့ ဖြစ်ဖြစ်အကျင့်သီလပြည့်စုံသူ ရဟန်းပုဏ္ဏားတွေနဲ့ ဝေဆာနေမယ်ဆိုရင်၊အချိန်ကာလကြာမြင့်စွာ တည်ရှိနေမယ်ဆိုရင် လူတွေကြီးပွားဖို့၊ ချမ်းသာဖို့၊လောကကြီးကို စောင့်ရှောက်ဖို့ဖြစ်တယ်၊ ရဟန်းပုဏ္ဏားစတဲ့ သီလရှိသူတွေဟာ နတ်တွေ၊ လူတွေအကျိုးရှိအောင်၊ ကြီးပွားအောင်၊ ချမ်းသာအောင်သာကျင့်ဆောင်တော်မူကြတယ်၊ ဒါကြောင့် ရဟန်းများသည် မိမိကိုယ်ကို မသတ်အပ်'ဟူ ပညတ်တော်မူခြင်းဖြစ်တယ်။

"ပဋိသန္ဓေနေခြင်း၊ အို၊ နာ၊ သေခြင်းစသည်တို့ကို ပယ်ဖြတ်ခိုင်းတာကတော့ ပဋိသန္ဓေနေရခြင်း၊အိုရခြင်း၊နာရခြင်း၊သေရခြင်းစသော မျှားလှစွာသော ဆင်းရဲအမျိုးမျိုးတွေဟာ သံသရာထဲ တစဲလည်လည် ကျင်လည်နေရသူတိုင်း ခံစားရသော ဒုက္ခဒဏ်ချက်မျှားဖြစ်တယ်။

"မင်းမြတ်....ဥပမာအားဖြင့် ဟိမဝန္တာတောင်မှာ သည်းထန်စွာရှာသော မိုးရေသည် ဂင်္ဂါမြစ်ထဲမှာရှိတဲ့ ကျောက်ခဲသဲ၊ လှိုင်းဝဲ၊ တံပိုး၊ ကန်ဘောင်ရိုး၊ သစ်ငုတ်စသည်တို့ကို ထက်ဝန်းကျင် ဖိစီး လွှမ်းမိုးပစ်လိုက်ကြတယ်၊ အဲဒီ ဥပမာလိုပဲ၊အလွန်မျှားပြားလှတဲ့ ဆင်းရဲဒုက္ခဟူသမျှတွေကို သံသရာထဲမှ ကျင်လည်နေရသူတိုး အကြီးအကျယ် ခံစားနေကြရတယ်၊ မချိမဆံ့ခံစားနေကြရတယ်။

"ဒုကာတော် မင်းမြတ်.... ဝဋ်ထဲမှာ လည်ပတ်နေရတာ အလွန်ဆင်းရဲတယ်၊ ဝဋ်အစဉ်ပြတ်မှ ချမ်းသာတယ်၊မင်းမြတ်

ဝဋ္ဌမြစ်ဖြတ်ခြင်းရဲ့ကျေးဇူး၊ ဝဋ္ဌမြစ်မဖြတ်သေးမီ ခံစားနေရတဲ့ ဘေးဒုက္ခတွေကို ထင်ရှားအောင်ပြတော်မူကျက်၊ ဝဋ္ဌမြစ်ဖြတ်ရာ နိုဗ္ဗာန်ကိုမျက်မှောက်ပြုနိုင်အောင် ပဋိသန္ဓေနေခြင်း၊ အိုခြင်း၊ နာခြင်း၊ သေခြင်းကို လွတ်မြောက်အောင် ကောင်းစွာ ဆောက်တည်ပေတယ် မင်းမြတ်။

"ဒါဟာ အလွန်အရေးပါတဲ့အကြောင်းပဲ၊ ဒါ့ကြောင့်လဲ ပဋိသန္ဓေနေခြင်း၊ အိုခြင်း၊ နာခြင်း၊ သေခြင်းမရှိသူ၊ လွတ်မြောက်သူကို အလွန်ဦးကျူး ချီးကျူးတော်မူခြင်း ဖြစ်ပေတယ်"

မေတ္တာတရားပွားများခြင်း အကျိုး

မိလိန္ဒမင်း ။ "အရှင်ဘုရား....မေတ္တာကိုအဖန်တလဲလဲ မီဝဲပွားများမယ်၊ကြိုမ်ဖန်များစွာပြုလုပ်အားထုတ်မယ်၊ ယာဉ်ကဲ့သို့ မြို့ရာကဲ့သို့ စဲမြဲတည်တံ့အောင် ပွားများမယ်ဆိုရင် အကျိုးတစ်ဆယ့်တစ်ပါးကို ကောင်းမှုမျှရမယ်။

၁။ ချမ်းသာစွာအိပ်ရခြင်း။
၂။ ချမ်းသာစွာနိုးရခြင်း။
၃။ မကောင်းသောအိပ်မက် မမက်ရခြင်း။
၄။ လူတို့ချစ်ခင်ခြင်း။
၅။ နတ်တို့ချစ်ခင်ခြင်း။
၆။ မီးမလောင်နိုင်ခြင်း။
၇။ နတ်တို့ဆောင်ရွက်ခြင်း။

၈။ မီးဘေး၊ အဆိပ်ဘေး၊လက်နက်ဘေး၊ကင်းဝေးခြင်း။
၉။ စိတ်တည်ကြည်ခြင်း။
၁၀။ မျက်နှာအဆင်း အထူးကြည်လင်ခြင်း။
၁၁။ မဂ် ဖိုလ်ကို မရနိုင်သော်လည်း ဗြဟ္မာပြည်ဟိုင်အောင် ရောက်နိုင်ခြင်း။

ဤမေတ္တာအကျိုး တစ်ဆယ့် တစ်ပါးကို ဘုရားသခင် ဟောကြားတော်မူခဲ့ပါသည်။

"သို့သော်....အစဉ်ထာဝရ မေတ္တာတရားနှင့်ယှဉ်နေလျှင်သော သုဝဏ္ဏသာမသတို့သား၊ကို ပိဋ္ဌိယကျွန်း အဆိပ်လူးမြှားနှင့်ပစ်၍ နေရာဟုင် မေ့မြောနေတယ်လို့ အရှင်ဘုရားတို့ မိန့်ဆိုကြပါတယ်။

"အရှင်ဘုရား....သည်စကားနှစ်ခုဟာ မြှားနာသလိုဖြစ်နေပါတယ်၊ အင်မတန်သိမ်မွေ့နက်နဲ ခက်ခဲလှသောတရားနိုးနေပါတယ်၊ အနုက်အဓိပ္ပာယ်ဘိုကျပြတ်သားပေတော်မူ ရှင်းလင်းဖြေကြားတော်မူပါ ဘုရား"

အရှင်နာဂသိန်း။ ။"မင်းမြတ် ..မေတ္တာအကျိုး ဆယ့်တစ်ပါးကို ဘုရားဟောတာ ဖတ်တယ်၊ သို့သော် ဒီနှစ်ခုဟာ တစ်ခုနဲ့တစ်ခုပဋိပက္ခား။

"အကြောင်းကို ရှင်းပြမယ်၊ မေတ္တာအကျိုး ဆယ့်တစ်ပါးဟာ ပုဂ္ဂိုလ်ရဲ့ ဂုဏ်ကျေးဇူး မဟုတ်ဘူး၊ မေတ္တာ ဘာဝနာကို ပွားများခြင်းရဲ့ အကျိုးကျေးဇူးတာ ဖြစ်တယ်။

"မင်းမြတ်.... သုဝဏ္ဏသာမ သတို့သား၊က ရေခိုးကို ပင့်တဲ့အခိုက် မေတ္တာကို မပွားများပဲ မေ့လျော့နေတဲ့

အတွက် မြားမှန်ခံရခြင်းဖြစ်တယ်၊ သည်အချက်မှာ ပုံဂ္ဂိုလ်ဟာ အဓိက မဟုတ်ဘူး၊ မေတ္တာကို ပွားများနေတဲ့ အချိန်အခါသာ အဓိကဖြစ်တယ်။

"ဥပမာအားဖြင့် မင်းမြတ်၊ ခိုင်လုံတဲ့ သံချပ်တန်ဆာကို ဝတ်ဆင်ပြီး စစ်ထွက်တဲ့လူကို မြားတွေနဲ့ ဂိုင်းပစ်သော်လည်း ထိုစစ်သားကို မြားမထိဘဲ လွင့်ကျကုန်တယ်၊ ဒါဘာဖြစ်လို့လဲ မင်းမြတ်၊ သံချပ်တန်ဆာ ဝတ်ထားလို့ မဟုတ်ပေဘူးလား၊ အဲဒါ စစ်သားရဲ့အစွမ်း မဟုတ်ဘူး၊ သံချပ်တန်ဆာရဲ့ အစွမ်းသာ ဖြစ်တယ်။

"နောက် ဥပမာတစ်ခု ပေးရဦးမယ်၊ လူတစ်ယောက်ကို နတ်တွေက ကိုယ်ပျောက်ဆေး ပေးထားတယ် ဆိုပါတော့၊ အဲသည် လူဟာ ကိုယ်ပျောက်ဆေး လက်ထဲမှာရှိနေသမျှ၊ စွဲမြဲနေသမျှ ဘေးက လူတွေက သူ့ကိုမမြင်ဘူး၊ အဲဒါဟာ အဲဒီ့လူရဲ့ ကျေးဇူးမဟုတ်ဘူး၊ နတ်ပေးတဲ့ ကိုယ်ပျောက်ဆေးရဲ့ ကျေးဇူးသာဖြစ်တယ်။

"ဒါကို ခွဲခြားသိဖို့ အရေးကြီးတယ်၊ အကယ်၍ သုဝဏ္ဏသာမ မေတ္တာပွားများ ခိုက်မှာသာ မြားနဲ့ပစ်မယ်ဆိုရင် မုချမမှန်နိုင်ပေဘူး၊ မပွားများဘဲ မေ့လျော့နေခိုက် ပစ်လိုက်တဲ့အတွက် မြားမှန်ခံရခြင်း ဖြစ်တယ်။

"ဒါ့ကြောင့် မေတ္တာတရား ပွားများခြင်းဟာ အလွန်ကောင်းပါတယ်၊ အကျိုးကို အလိုရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ပွားရင် ရမှာပဲ၊ မပွားရင် မရဘူး။ ဒါက စိတ်ပိုင်းဆိုင်ရာ လုပ်ငန်းဖြစ်တယ်၊ လူတိုင်း လူတိုင်း အင်မတန် ကျေး

ဇူးမျှားတဲ့ မေတ္တာတရား၊ကို အမြဲတမ်း ပွားမျှားသင့်ပေတယ် မင်းမြတ်''

မိလိန္ဒမင်း ။ ။''မှန်ပါ၊ အလွန်တရာ ကောင်းမြတ်လှပါသည် ဘုရား''

ကုသိုလ်နဲ့ အကုသိုလ် အကျိုးပေးပုံခြင်း တူ-မတူ

မိလိန္ဒမင်း ။ ။''အရှင်ဘုရား.... ကုသိုလ် လုပ်တဲ့သူနှင့် အကုသိုလ် လုပ်တဲ့သူ အကျိုးပေးခြင်း တူညီမှုရှိပါသလား၊ သို့မဟုတ် တစ်စုံတစ်ရာ တူးခြားချက် ရှိပါသလား''

အရှင်နာဂသိန်။ ။''မင်းမြတ်... ကုသိုလ်နှင့် အကုသိုလ် အကျိုးပေးပုံခြင်း မတူဘူး၊ ထူးခြားချက် ရှိပေတယ်၊ ကုသိုလ်သည် ကောင်းကျိုးပေး၍ နတ်ပြည် စသော ကောင်းသော ဘုံဘဝများ၌ ဖြစ်စေတယ်၊အကုသိုလ်သည် မကောင်းသော ဒုက္ခကျိုးပေး၍ အပါယ်ငရဲ စသော မကောင်းသော ဘုံဘဝများမှာ ဖြစ်စေတယ်''

မိလိန္ဒမင်း ။ ။''အရှင်ဘုရား... ဒေဝဒတ်သည် အမှန်စင်စစ် လူစ်လွှမ်း ယုတ်နှမ်းသည်။ ယုတ်မာတဲ့စိတ် အပြည့်ရှိပါသည်။ ဘုရားလောင်းသည် ဖြူစင်ကောင်းမြတ်သည်။ စိတ်ကောင်း စေတနာကောင်း အပြည့်ရှိသည်လို့ အရှင်ဘုရားတို့ မိန့်ဆိုကြပါတယ်။

''ဘုံသော်တပည့်တော် သိရသမျှမှာ သံသယ ယွက်စရာ ဖြစ်နေပါတယ်၊ အကြောင်းကတော့...., ဒေဝဒတ်သည် ဘဝတိုင်းလိုလို စည်းစိမ် အခြံအရံအား၊ဖြင့် လည်းကောင်း၊

အပေါင်းအသင်းအားဖြင့် လည်းကောင်း၊ ဘုရားလောင်းနှင့် တူညီနေတာ တွေ့ရပါတယ်၊ တစ်ခါတလေကျတော့ ဘုရားလောင်းထက်ပင် အဓိပ္ပာယ်အားနည်းဖြင့် အလေးတန်းကျဖြင့် အပေါင်းက ဖြစ်နေပါတယ်၊ အစစ သားသလိုပင် တင်ရပါတယ်။

"ဗာရာဏသီမှာ ဒေဝဒတ်က ပုရောဟိတ်သား ဖြစ်တဲ့အခါ ဘုရားလောင်းက မဟာဇနကတိုင်ဆောင်တဲ့ဒုန်းစက္ကား ဖြစ်ခဲ့ပါတယ်၊ ဘရိန်မဟုတ် အခါမဟုတ် သမုဒ္ဒရာကို သီးပေနိုင်ပါတယ်၊ ဒုတိယ ဇာတ်တော်မှာ ဘုရားလောင်းက ဒေဝဒတ်အောက် ယုတ်နိမ့်နေပါတယ်။

"ထိုပြင် ဒေဝဒတ်က ရှင်ဘုရင် ဖြစ်တဲ့အခါ ဘုရားလောင်းက စီးပေါက်ဆင် ဖြစ်ခဲ့ပါတယ်၊ ဇာတ်အားဖြင့် အလွန်နိမ့်ကျတဲ့ တိရစ္ဆာန် ဘဝမျိုးဌာ ဖြစ်ပါတယ်။

"ဒေဝဒတ်က နွားပျောက်ကိုရှာတဲ့ယောဂျိုး ဖြစ်တဲ့အခါ ဘုရားလောင်းက ပျောက်မျိုးရှာ ဖြစ်ခဲ့ပါတယ်။

"ဒေဝဒတ်က လောကုတ္တရာ မုဆိုးဖြစ်တဲ့အခါ ဘုရားလောင်းက ဓာတုနန်ဆင်းင်း ဖြစ်ခဲ့ပါတယ်။

"ဒေဝဒတ်က အိုးမဲ့အိမ်မဲ့ ကောင်မှာ လူဖြစ်တဲ့အခါ ဘုရားလောင်းက မဟာနိုကို သရဏဂုယ်တဲ့ ခါဂုက် ဖြစ်ခဲ့ပါတယ်။

"ဒေဝဒတ်က ကလာဗုဒင်း ဖြစ်တဲ့အခါ ဘုရားလောင်းက ခန္ဓိဝါဒရေလေ ဖြင်ခဲ့ပါတယ်။

"ဒေဝဒတ်က မုဆိုးဖြစ်တဲ့အခါ ဘုရားလောင်းက နှုန်ယပျောက်ပင်း ဖြစ်ခဲ့ပါတယ်။

"ဒေဝဒတ်က ကာရမ္ဘိယ ရုယော စဉ်းလဲ ဖြစ်တဲ့ကခါ ဘုရားလောင်းက ပဏ္ဏာရုက နှဂါး စားသည်ဖြင့် ဘဝပေါင်းများစွာပင် ဒေဝဒတ်အောက် ယုတ်သည့်တဲ့ အောက်ကျ နောက်ကျ ဘဝတွေမှာ ဖြစ်ခဲ့ပါတယ်။

"ယခု နောက်ဆုံး ဘဝမှာပင် နှစ်ဦးလုံး သာကီဝင်မင်းမျိုးမှာချည့် ဖြစ်ကြပါတယ်၊ ဘုရားလောင်းက အလုံးစုံ ဘီတောက်မှုတဲ့ လောကဌ အကြီးအမှူး ဘုရားဖြစ်တော် မူပါတယ်၊ ဒေဝဒတ်က ဘုရားသာသနာမှာ ရဟန်းဝတ်ပြီး၊ တန်ခိုးပြပြီး ဘုရားအတု လုပ်နိုင်ပါတယ်။

"အရှင်ဘုရား.... ယခု တပည့်တော် အနည်းငယ် တင်ပြလျှောက်ထားတဲ့ စကားအားလုံး မှန်ပါသလား၊ သို့မဟုတ် အမှားအယွင်းများ ရှိနေပါသေးသလား ဘုရား"

အရှင်နာဂသိန်း ။ "မင်းမြတ်....တင်ပြတဲ့ စကားအားလုံး အမှန်ချည့်သာ ဖြစ်ပါတယ်၊ အမှားအယွင်း မရှိပါ"

မိလိန္ဒမင်း ။ "အရှင်ဘုရား၊ ယုတ်မာသောဘုရားနှင့် ဖြူစင် ကောင်းမြတ်သော ဘုရားတို့ သဘောတူသလိုရှိရင်၊ ကုသိုလ်နှင့် အကုသိုလ် တရားများကိုလဲ အကျိုးကူလို ဆိုရမလို ဖြစ်နေပါတယ်ဘုရား၊ ရှင်းလင်းပြတ်သားအောင် ဖြေရှင်းပေးတော်မူပါ ဘုရား"

အရှင်နာဂသိန်း ။ "မင်းမြတ်.... ကုသိုလ်နှင့် အကုသိုလ်၊ တူညီတဲ့အကျိုးမပေးနိုင်ကြ၊ ထို့နောက် ဒေဝဒတ်ဟာ လူအားလုံးနဲ့ ဆန့်ကျင်ဘက်ဖြစ်နေတာမဟုတ်ဘူး၊ ဘုရားလောင်းနှင့်သာ ဆန့်ကျင်ဘက် ဖြစ်နေတာ၊

ဘုရားလောင်းအား ဒေဝဒတ်က ဆန့်ကျင်သက် လုပ်ခြင်းသည် ထိုထိုဘဝတို့၌သာ ဖြစ်ပေတယ်။

"မင်းမြတ်... ဒေဝဒတ် အုပ်စိုးတဲ့အခါ ကြီးနန်းက ဇနပုဒ်တွေကို အဖောင့်အရှောက် ပေးတယ်၊ တံတား၊ သောက်တယ်၊ အလှူမဏ္ဍပ်များကို ပြုလုပ်စေတယ်၊ အထီးကျန် ရဟန်းပုဏ္ဏားများ၊ ခရီးသွားများ၊ သူဒေါင်းစား အစရှိသော ကိုးကွယ်ရာမဲ့သူများအား အလိုရှိတိုင်း ပေးလှူခဲ့ဖူးတယ်။

"ထိုထိုကောင်းမှုဘုရ၌ အကျိုးဆက်ကြောင့်ပင် ဘဝတိုင်းလိုလို စည်းစိမ်ချမ်းသာနဲ့ နေခဲ့ရခြင်းဖြစ်တယ်။

"မင်းမြတ်.... ဘဝအလုပ်မှလဲ မလုပ်၊ ဘာသိလမှလဲ မဆောက်တည်၊ ဘာလွှဲခြွေမှလဲ မဆုံး၃၊ ကိုယ်နှုတ်ကိုလဲ မစောင့်စည်း၊ ဘာသိလက္ခမှလ မဆောက်တည်ဘနှင့် ဇည်းစိမ် ချမ်းသာကို ခံစားနေရဖို့ကို ဘယ်သူများ၊ ဘယ်နတ်ပြဟ္မာများ၊ ဘယ်တန်ခိုးရှင်များက စွမ်းဆောင်နိုင်ပါသလဲ။

"မင်းမြတ်.... မကောင်းတာလုပ်လျှင် မကောင်းကျိုးကိုသာ ခံစားရမယ်၊ ကောင်းတာလုပ်လျှင် ကောင်းတာကိုသာ ခံစားရမယ်၊ မကောင်းတာလုပ်ပြီး ကောင်းကျိုး ခံစားရတယ်လို့ မရှိဘူး။ အခု မကောင်းတာလုပ်ပေမယ့် နောက်တုန်းက ကောင်းကျိုးကြောင့် စံစားနေရတာကို မကောင်းတာလုပ်လို့ စံစားရတယ်လို့ပြောလို့ မဖြစ်ဘူး၊ အခု အပင်စိုက်တာဟာ နောင် အသီးစားဖို့ပဲ ဖြစ်သယ်။

"မင်းမြတ်.... ထို့ပြင်လဲ ဒေဝဒတ်နှင့် ဘုရားလောင်းဟာ ဘဝတိုင်း ဘဝတိုင်း အတူတူ ဖြစ်နေတာ မဟုတ်ဘူး၊ သင်မင်းမြတ်က ဘဝတိုင်း အတူတူဖြစ်နေသလို ပြောဆိုနေတယ်၊

မင်:မြတ်....ဘစ်ခုစဉ်:စား:ကြည့်ပါ၊သံသရာ စက်ရဟာဟာ အမြဲတန်: လည့်ပတ်နေပါတယ်၊ သို့အတူက်ဘဝပေါင်:သိန်:သန်: ချိပြီ:ကြာမှ ဘစ်ခါတလေသာ ကြုံခြင်:ဆုံခြင်: ဖြစ်ပေတယ်။

"မင်:မြတ်.... ဗုဒ္ဓက လူ့ဘဝကို အင်မတန်ရှဖို့ ခက်တဲ့အကြောင်:၊ လိပ်ကန်:ဥပမာနဲ့ ညွှန်:ပြခဲ့ပါတယ်၊ ဘုရား:လောင်:နဲ့ ဒေဝဒတ်တို့ တွေ့ဆုံကြုံကြိုက်တဲ့ ဘဝဟာလဲ အဲဒီ ဥပမာလိုပါပဲ မင်:မြတ်။

"မင်:မြတ်.... ဘုရား:လောင်:သည် ဒေဝဒတ် တစ်ယောက်ထဲနဲ့သာ တွေ့ကြုံ ပေါင်:ဆုံခဲ့ရတာ မဟုတ်ဘူ:၊ အရှင်သာရိပုတ္တရာသည်လည်: ဘဝတစ်သိန်:မက ဘုရား:လောင်:၏အဖ၊ ဘုရား:လောင်:၏ ဘကြီ:၊ ဘုရား:လောင်:၏ ဘထွေ:၊ ဘုရား:လောင်:၏ ညီအစ်ကိုများ ဖြစ်ခဲ့ဖူ:ပါတယ်၊ သား-တူ-အဆွေခင်ပွန်:များ:လဲ ဖြစ်ခဲ့ဖူ:ပါတယ်။

"ထို့နောက် တစ်ဖန် ဘုရား:လောင်:ကလဲ ဘဝတစ်သိန်:မက အရှင်သာရိပုတ္တရာ၏ အဖ၊ ဘကြီ:၊ ဘထွေ:၊ ညီအစ်ကိုများ ဖြစ်ခဲ့ဖူ:ပါတယ်၊ သား-တူ-အဆွေခင်ပွန်:များ:လဲ ဖြစ်ခဲ့ဖူ:ပါတယ်။

"မင်:မြတ်.... သံသရာ ရေလျင်ကြောမှာ မျောနေကြတဲ့ သတ္တဝါအား:လုံ: ချစ်ခင်နှစ်သက်သူတွေနဲ့ပဲ ဖြစ်ဖြစ်၊ မခွဲခင် ခင်မြဲနှစ်သက်တဲ့ လူတွေနဲ့ပဲ ဖြစ်ဖြစ် ကြုံကြဆုံကြရပါတယ်၊ အရှိန်နဲ့ မျောနေတဲ့ ရေများ:သည် ကြည်ကြည်နောက်နောက် ကောင်:ကောင်:ဆို:ဆို: ကြုံကြ ဆုံကြသလို သံသရာ ရေလျင်ကြောမှာ မျောနေတဲ့ သတ္တဝါတွေဟာလဲ အမျိုး:မျိုး:အဖုံဖုံ ကြုံကြဆုံကြ ပေါင်:ဖက်မိကြပါတယ်။

"မင်းမြတ်...ဒေဝဒတ် နတ်ဖြစ်တုန်းကလဲ မိမိက ပဏာဘုံဝဲ သူတစ်ပါးတွေကို မကောင်းလုပ်ဖို့၊ ပဘာရားလုပ်ဖို့ အားပေး တိုက်တွန်းလုပ်ခဲ့တဲ့အတွက် နှစ်ပေါင်း ငါးဆယ့်ခုနှစ်ကုဋေ ခြောက်သန်း ပဟာအဝီစိငရဲမှာ ခံနေရပါတယ်။

"ဘုရားလောင်း နတ်ဖြစ်တဲ့ဘဝတုန်းကလဲ မိမိက တရားနှင့်နေပြီ သူတစ်ပါးတွေကိုလဲ တရားလမ်းလုပ်လုပ်ဖို့ အားပေး တိုက်တွန်းလုပ်ခဲ့တဲ့ ပကာသနမူကြောင့် နှစ်ပေါင်း ငါးဆယ့် ခုနှစ်ကုဋေ ခြောက်သန်း၊ အလုံးစုံသော ကာမဂုဏ်စည်းစိမ်ချမ်းသာများကို ဝမ်းခြောက်ဝမ်းသာ ပျော်ပျော်ရွှင်ရွှင် နတ်ဘဝနဲ့ ခံစားခဲ့ရပါတယ်။

"အမှန်ကတော့ မင်းမြတ်... ဒေဝဒတ်သည် ဤဘဝမှာ မပြစ်မှားထိုက်တဲ့ ဘုရားကို ပြစ်မှားမိလည်းကောင်း၊ ညီညွတ်နေတဲ့ သံဃာကို သင်းခွဲမိလည်းကောင်း ပြေမြိုခံရပါတယ်။

"ဘုရားလောင်းကတော့အလုံးစုံသော တရားကို သိတော်မူတဲ့ဘုရား ဖြစ်ပြီး ပရိနိဗ္ဗာန် ဝင်စံတော်မူသွားပြီ ဖြစ်ပေတယ်"

အာမရာဒေဝီ မကောင်းမှု ပြု-မပြု

မိလိန္ဒပင်း ။ ။"အရှင်ဘုရား 'မိန်းမများသည် အခွင့်လဲသားမယ်၊ ဆိတ်ကွယ်ရာကိုလဲ ရမယ်၊ မိမိလင်နှင့်တူတဲ့ ဖိတ်ခေါ်သူလဲ ရှိမယ်ဆိုရင် မကောင်းမှုကို ပြုတတ်ကြသည်။ နောက်ဆုံး မရသောသော် အဆွံ့အ အပင်းများနှင့်သော်လည်း ဖောက်ပြန်တတ်သည်'ဟု ဘုရားရှင် မိန့်တော်မူပါသည်။

"သို့သော်.... မဟာသဓာ ပညာရှိ၏ ဇနီးဖြစ်သူ အရော ဒေဝီကား လင်ဖြစ်သူနှင့် ကင်းကွာပြီး ဆိတ်ကွယ်ရာရစည်ခြီ ဘုရင်မင်းမြတ်နှင့် တူသူက အသပြာတစ်ထောင်ဖြင့် သွေးဆောင်သည့်တိုင် ဖောက်ပြန်ခြင်းမရှိဟု ဟောတော်မူပြန်ပါသည်။

"အရှင်ဘုရား.... မိန်းမသားလုံးပင် ဖောက်ပြန်တတ်သည်ဆိုပါက အမရာဒေဝီ မဖောက်ပြန်ဆိုသည်မှာ မှားပါလိမ့်မည်။ အကယ်၍ မဖောက်ပြန်ရိုး မှန်ခဲ့လျှင်လည်း မိန်းမအားလုံး ဆိတ်ကွယ်ရာရချေသော် ဖောက်ပြန်တတ်၏ဆိုသည့် မှာ မှားပါလိမ့်မည်။

"အမှန်ကို သိနိုင်ရန် ရှင်းပြတော်မူပါဦး ဘုရား" အရှင်နာဂသိန်။ ။"ဒကာတော်မင်းမြတ်.... စကားနှစ်ရပ် လုံးပင် ဘုရားရှင် မိန့်တော်မူခဲ့တာ မှန်ပေတယ်၊ သို့သော် အမရာဒေဝီ မဖောက်ပြန်ခြင်းမှာကား ဤသို့ဖြစ်တယ်၊ အပရာသည် ဆိတ်ကွယ်နေကိုလည်း မရ၊ အခါအခွင့်ကိုလည်း မရ၊ မိမိ၏ လင်ယောကျ်ားနှင့် တူသူကိုလည်း ဘွားမြင်ကြုံကြိုက်ခွင့်မရ ဖြစ်ပေတယ်။

"မင်းမြတ်.... လောကကြီးမှာ သူတစ်ပါး ကဲ့ရဲ့မှုတို့ ကြောက်တတ်သူဟာ မကောင်းမှုပြုရန် အခွင့်ကို မရနိုင်ဘူး၊ ရရခဏမှာ စိုးတဲ့ဒုက္ခကလဲ အခါအခွင့်ကို မရနိုင်ဘူး၊ မကောင်းမှုသည် မကောင်းကျိုးကိုသာ ပေးတတ်သည်ဟူ ယုံကြည်သောခြင်းကြောင့်လဲ ဆိတ်ကွယ်ရာကို မရနိုင်ဘူး။

"အမရာဒေဝီဟာ မိမိလင်ယောကျ်ားလို သူမြင်ကြီး သောအားဖြင့်လဲ တစ်ပါးသူနှင့် ယှဉ်ပွဲရန် ပဓာနိအခွင့်မရ

ခဲ့ဘူး။ တရားတော်ကို ရိုသေတဲ့အတွက်လဲ ဖောက်ပြန်မှုပြုရန် ဒေဝဒတ္တအခွင့်ကို မရနိုင်ခဲ့ဘူး။ မစင်ကြယ်တဲ့ အလုပ်ကို စက်ဆုပ် ကြောက်ရွံ့တဲ့အတွက်လဲ အခါအခွင့်ကို မတွေ့မြင်ခဲ့ဘူး။ မိမိ၏ ကိုယ်ကျင့်တရားကို မယုတ်ဆီးလိုတဲ့ အတွက်လဲ မကောင်းမှုပြုရန် အခါအခွင့် မရခဲ့ဘူး။

"ဤကဲ့သို့ မျှားစ္ဆာသော အကြောင်းခြင်းရာတို့ အားလျော်စွာ ဆိတ်ကွယ်ရာတည်းဟူသော အခါအခွင့်ကို မတွေ့မြင် မရှိခဲ့ခြင်း ဖြစ်ပေတယ်။

"မင်းမြတ်.... စင်စစ်မတော့ အမရာဒေဝီဟာ လူတွေ့ရှဲ့ ဆိတ်ကွယ်ရာကို ရသော်ငြား၊လည်း နတ်တွေ့ရှဲ့ဆိတ်ကွယ်ရာကို မရနိုင်။ နတ်တွေ့ရှဲ့ ဆိတ်ကွယ်ရာကို ရသည်တိုင် သူတစ်ပါး တို့၏စိတ်ကို သိတတ်သော ရဟန်းတော်တို့၏ ဆိတ်ကွယ်ရာကို မရနိုင်။ အကယ်၍ နတ်တွေ၊ ရဟန်းတော်တွေရှဲ့ ဆိတ်ကွယ်ရာကို ရသည်ဆိုစေဦး၊မိမိကိုယ်တိုင်ကပင်လျှင် မကောင်းမှုကို မပြုလိုခြင်း၊ ပြုကောင်းသည်၊ ပြုသင့်သည်ဟု မယုံကြည်ခြင်းတို့ကြောင့် ဖောက်ပြန်ခြင်းအမှုကို ပြုရန်ဟူသော ဆိတ်ကွယ်ရာအရပ်၊ ဆိတ်ကွယ်ရာ အခါအခွင့်ကို မည်ကဲ့သို့မျှမရှိ၊ မတွေ့မြင်ခဲ့ခြင်း ဖြစ်တယ်။ မဖောက်ပြန်ခဲ့ခြင်းဖြစ်ပေတယ်။

"မိမိလင်နှင့်တူတဲ့ ဖိတ်ခေါ်သူကို မရလို့ မကောင်းမှု မလုပ်ဖူး ဆိုတာကတော့ မဟော်သဓာမှာ ဂုဏ်အင်္ဂါ နှစ်ဆယ့်ရှစ်ပါးနှင့် ပြည့်စုံတယ်။

၁။ ရဲရင့်တယ်။

၂။ မကောင်းမှုမှ ရှက်တယ်။

၃။ မဒကာင်းမှုမှ ကြောက်လန့်တယ်။
၄။ အသင်းအပင်းရှိတယ်။
၅။ အဆွေခင်ပွန်းနှင့် ပြည့်စုံတယ်။
၆။ သည်းခံတယ်။
၇။ သီလရှိတယ်။
၈။ မှန်သောစကားကို ဆိုတယ်။
၉။ စင်ကြယ်သော အကျင့်နှင့် ပြည့်စုံတယ်။
၁၀။ ဒေါသမရှိဘူး။
၁၁။ မာနမရှိဘူး။
၁၂။ စောင်းမြောင်းမှု မရှိဘူး။
၁၃။ လုံ့လရှိတယ်။
၁၄။ ကြိုးစားအားထုတ်တယ်။
၁၅။ သူတစ်ပါးကို ချီးမြှင့်တတ်တယ်။
၁၆။ ခဲခြမ်းဝေဖန်လေ့ရှိတယ်။
၁၇။ အပြောအဆို ပြေပြစ်တယ်။
၁၈။ နှိမ့်ချတဲ့သဘောရှိတယ်။
၁၉။ သိမ်မွေ့တယ်။
၂၀။ မစည်းလဲဘူး။
၂၁။ မလှည့်ပတ်ဘူး။
၂၂။ လွန်ကဲသောပညာရှိတယ်။
၂၃။ ကျော်စောခြင်းရှိတယ်။
၂၄။ အတတ်ပညာနှင့် ပြည့်စုံတယ်။
၂၅။ မှီခိုတဲ့လူတွေရဲ့ အစီးအပွားကို ရှာမှီးလေ့ရှိတယ်။
၂၆။ လူအားလုံးက လိုလားတယ်။

၂၇။ ဝစ္ဆည်းဥစ္စာ ရှိတယ်။
၂၈။ အခြံအရုံများတယ်။

"မဟောဿဓေဟာ ဣရိဂုဏ်အင်္ဂါ နှစ်ဆယ့်ရှစ်ပါးနှင့်ပြည့်စုံတယ်။ ထို့ကြောင့် အမရာဒေဝီဟာ သူ့လင်နဲ့တူတဲ့ ဖိတ်ခေါ်သူကို မတွေ့ဘူးလို့ ဆိုနိုင်တယ်။ အမရာဒေဝီ ဗုဒ္ဓဘာသာ၏ ကျင့်ဝတ်များကို မပြုခြင်း၊ မဖောက်ပြန်ခြင်းတွင် သည်အကြောင်းသည် လည်း တစ်ခုအပါအဝင် ဖြစ်ပေတယ် မင်းခြုတ်။

ရဟန္တာများ ကြောက်လန့်ခြင်း ကင်း-မကင်း

မိလိန္ဒမင်း ။ ။"အရှင်ဘုရား၊ 'ရဟန္တာ ပုဂ္ဂိုလ်များ သည် ကြောက်လန့်ခြင်းမှ ကင်းလွတ်ကုန်၏'ဟု မြတ်စွာဘုရား ဟောကြားတော်မူပါတယ်။ သို့သော် 'ရာဇဂြိုဟ်ပြည်မှာ ဘုရားထံပြေးလာတဲ့ ဒေဝဒတ ဆင်ကြမ်းကြီးကို မြင်တဲ့အခါ ရဟန္တာများသည် ဘုရားကို စွန့်ခွာပြေးကြသဖြင့် အာနန္ဒာ တစ်ပါးတည်းသာ မြတ်စွာဘုရား ထံပါးတွင် ကျန်ရခဲ့သည်'ဟု ဟောတော်မူပြန်ပါသည်။

"ဘယ်လိုပါလဲ ဘုရား၊ ရဟန္တာ ပုဂ္ဂိုလ်တွေဟာ ကြောက်လိုပင် ရှောင်သွားကြပါသလား၊ သူ့ယိုက်နှင့်သူ့ကံသဘောမျိုးဖြင့်ပင် ရှောင်သွားကြခြင်း ဖြစ်ပါသလား၊ မြတ်စွာဘုရား၏ အတုမရှိသော တန်ခိုးပြာဋိဟာကို မြင်လိုရှိပင် ရှောင်သွားကြပါသလား။ အာနန္ဒာ တစ်ပါးတည်းကိုသာ ဘုရားနှင့်ထားခဲ့ပြီး ဘာဖြစ်ကြောင့် ရှောင်သွားကြပါသလဲ ဘုရား"

အရှင်နာဂသိန်။ ။"မင်းမြတ်.... ရဟန္တာတွေမှာ ကြောက်ခြင်း၊ လန့်ခြင်း ကင်းတယ်ဆိုတာ မှန်ပေတယ်၊ ဘာကြောင့်လဲဆိုတော့ ရဟန္တာများသည် ကြောက်ခြင်း၊ လန့်ခြင်း အာသီသကို ပယ်သတ်ထားပြီးလို့ ဖြစ်တယ်။

"မင်းမြတ်.... ဥပမာအားဖြင့် မြေကြီးဟာ တူးဆွ ဖြိုဖျက်ခြင်း ခံရမှုပဲဖြစ်စေ၊ သမုဒ္ဒရာနှင့် တောင်ကြီးတွေ ရွက်ထားရမှုကိုပဲဖြစ်စေ၊ ကြောက်လန့်နေသလား"

မိလိန္ဒမင်း။ ။"မကြောက်ပါ ဘုရား"

အရှင်နာဂသိန်။ ။"ဘာကြောင့်လဲ မင်းမြတ်"

မိလိန္ဒမင်း။ ။"မုန်ပါ၊ မြေကြီးမှာ ကြောက်လန့်စိတ် မရှိလို့ပါ ဘုရား"

အရှင်နာဂသိန်။ ။"ဆိုအတူပဲ မင်းမြတ်၊ ရဟန္တာတွေမှာ ကြောက်လန့်ခြင်း လုံးဝကင်းခဲပေတယ်၊ စကားကုန်ပြောရရင် လောကခေါတ် တစ်သိန်းမှာရှိတဲ့ သတ္တဝါတွေဟာ အာသီသပင်လျှင် တုတ်-ခေး စသော လက်နက်ကိုယ်စီနှင့် ရန်မူလာကြသည့်တိုင်အောင် ရဟန္တာတွေဟာ မတုန်လှုပ်ကြတော့ဘူး၊ ရှောင်ကွင်းပြေးပုန်းခြင်း မရှိကြတော့ဘး။

"ဆိုပြင် ရဟန္တာများမှာ ကြိုတင်ပြီး သိမြင်ထားတဲ့ အစီအစဉ်လဲ ရှိခဲပေတယ်။

"ခေါ်ပါလက(နာဌာဂိရိ)ဆင်ကြီးပြေးလာတဲ့အခါ ငါတို့ ရှောင်သွားမှုဖြစ်မယ်၊ သည်အခါမှာ အရှင်အာနန္ဒာကစတော့ ရှောင်ကွင်းခြင်းမပြု၊ မြတ်စွာဘုရားထံပါးမှာပဲ ကျန်ရစ်ခဲ့လိမ့်မယ်၊ သည်လိုကျန်ရစ်ခဲ့မှလဲ အရှင်အာနန္ဒာရဲ့ ဂုဏ်သတင်းဟာ

ကျော်စောထင်ရှားခြင်း ဖြစ်လိမ့်မယ်၊ နေပါလာ ဆင်ကြီး ဟာလဲ မြတ်စွာဘုရားဆီကို ဘယ်နည်းနဲ့မှ မရောက်နိုင်ဘူး၊ အန္တရာယ်မပြုနိုင်ဘူး။

"သည်လိုပါတို့ရှောင်သွားခြင်းအားဖြင့် အာနန္ဒာ တစ်ပါးတည်း မြတ်စွာဘုရားထံပါးတွင် ကျန်ရှိရစ်ခဲ့ခြင်းအားဖြင့် လူတွေလဲ အကျတ်တရားရမယ်၊ အရှင်အာနန္ဒာ၏ဂုဏ်ကျေးဇူး သည်လည်း ပိုမိုထင်ရှားခြင်း ဖြစ်ပေါ်မ့်မယ်။

"ဒကာတော်မင်းမြတ် ... ရဟန္တာမျှားဟာ ဤသို့သော အကြံအစည်ဖြင့် မြတ်စွာဘုရားထံပါးမှရှောင်ခွာသွားကြခြင်းသာ ဖြစ်တယ်၊ ကြောက်ရွံ့ထိတ်လန့်လို့ မဟုတ်ပေဘူး၊ ရဟန္တာတို့မည်သည် အာသဝေါတရားကုန်ပြီးဖြစ်တဲ့အတွက် မည်သည့်ဘေးအန္တရာယ်ကိုမျှ ကြောက်ရွံ့ထိတ်လန့်ခြင်း၊ တုန်လှုပ်ခြင်း အလျဉ်းမရှိတော့ဘူး မင်းမြတ်"

ပုဒ္ဓအားလုံး သိ-မသိ

မိသိန္ဒမင်း ။ ။"အရှင်ဘုရား.... မြတ်စွာဘုရားသည် အလုံးစုံကို သိတော်မူ၏'ဟု အရှင်ဘုရားတို့ မိန့်ဆိုကြပါတယ်၊ သို့သော် မြတ်စွာဘုရားသည် အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန် အမှူးရှိသော ဟန်းပရိသတ်တို့ကို နှင်ထုတ်တော်မူသည်ရှိသော် ဓာတုမမြို့နေ သာကီဝင် မင်းသားမျှားနှင့် သဟမ္မတိပြဟ္မာမင်းက မျိုးစေ့ဥပမာ၊ နွားငယ်ဥပမာကိုညွှန်ပြ ပေးလျှောက်ထား၍ မြတ်စွာဘုရားအား ကြည်လင်ရှင်ပျပေကုန်ပြီ၊ သည်းခံကျေချမ်းစေကုန်ပြီ၊ သိစေကုန်ပြီဟုလည်း ဆိုတော်မူကြပါသည်။

"အရှင်ဘုရား....မြတ်စွာဘုရားသည် ဤဥပမာတွေကို မသိလို့လား ဘုရား၊ စင်စစ်...ဤဥပမာတွေကို မသိဘူးဆိုရင်လဲ မြတ်စွာဘုရားသည် အကုန်လုံးသိတယ်ဆိုတဲ့စကား မှားနေပါလိမ့်မယ်၊ ဖြောင့်မတ် လျှောက်ကန့်စွာ ရှင်းပြတော်မူပါဦး ဘုရား"

အရှင်နာဂသိန်။ ။"မင်းမြတ်....မြတ်စွာဘုရားသည် တရားအာဝုံးကို သိတော်မူပေတယ်၊ တရားတော်၏အရှင်ဖြစ်ပေတယ်၊မြတ်စွာဘုရားကိုလျှောက်တဲ့ဥပမာတွေဟာလဲ ဘုရားယောထားတဲ့ ဥပမာတွေပဲဖြစ်တယ်၊ သည်ဥပမာတွေနဲ့ပဲ မြတ်စွာဘုရားကို ပြန်လည်အာဝုံးရစေတယ်၊ နှစ်သက်စေတယ်၊ ကြည်လင်ရွှင်ပျစေတယ်၊ မြတ်စွာဘုရားကလဲ ကြည်လင်ရွှင်ပျတဲ့အတွက် သူ့ကိုကောင်းတယ်လို့ မိန့်ဘော်မူတယ်။

"မင်းမြတ်...ဥပမာအာဝုံးဖြင့်မူ လင်ရှာဖွေလာတဲ့ ပစ္စည်းဖြင့်ပင် မိန်းမက လင်ကို အာဝုံးရနှစ်သက်စေသကဲ့သို့ဖြစ်တယ်၊ စိတ်ချမ်းသာစေခြင်း၊ ကြည်လင်ရွှင်ပျစေခြင်းကဲ့သို့ဖြစ်တယ်၊ လင်သားကလဲ ကောင်းကောင်းမှန်မှန်ပြုစုပေးတဲ့အတွက် ငါ့မိန်းမက တော်တယ်၊ ကောင်းတယ်ဆိုပြီး ဝမ်းမြောက်ဝမ်းသာဖြစ်ရသကဲ့သို့ပင် မြတ်စွာဘုရားသည်လည်း သာကီဝင်မင်းသားမျာ်းနှင့် သံဃာမျာ်းအပေါ် ကျေနပ်ရွှင်ပျခြင်းဖြစ်ရပေတယ် မင်းမြတ်...."

မိလိန္ဒမင်း ။ ။"မှန်လှပါ.... ရှင်းလင်း ပြတ်သားမှု ကောင်းမြတ်လှပါသည် ဘုရား"

ပေါင်းသင်းဆက်ဆံခြင်း စသည်ကြောင့် ဘေးဖြစ်ပုံ

မီလိန္ဒမင်း ။ ။"အရှင်ဘုရား... မြတ်စွာဘုရားသည် 'ပေါင်းသင်းဆက်ဆံခြင်းကြောင့် ဘေးဖြစ်ရ၏၊ နေရာအိမ်ကြောင့် ကိလေသာမြူ ဖြစ်ပေါ်လာရ၏၊ နေရာအိမ်မရှိသော၊ ပေါင်းသင်းဆက်ဆံမှုမရှိသော ဤနိဗ္ဗာန်ကို မြတ်စွာဘုရားသည် စင်စစ်မြင်တော်မူပေ၏' ဟုဟောတော်မူပါသည်။

"နောက်တစ်ဖန်လည်း 'မေ့လျော့ဖွယ်ရှိသော ကျောင်းကြီးတွေ ဆောက်လုပ်ကြရမယ်၊ အဲဒီ့ကျောင်းကြီးတွေမှာ အကြားအမြင်မျှားတဲ့ရဟန်းတွေကို နေစေရမယ်' ဟူ၍လည်း ဟောတော်မူပြန်ပါသည်။

"ဤစကားနှစ်ရပ်ကို ရှင်းလင်းဖြေကြားပေးတော်မူပါဦး ဘုရား"

အရှင်နာဂသိန်း ။"ဒကာတော်မင်းမြတ်.... ပေါင်းသင်းဆက်ဆံလို့ ဘေးဖြစ်တယ်စသည်ဖြင့် မိန့်ဆိုတော်မူတဲ့ စကားကတော့ သဘောအမှန်ဖြစ်တဲ့ စကား၊ ဘာမှအကြွင်းအကျန်မရှိတဲ့စကား၊ မုခ္ဂစကား၊ ရဟန်းတွေနဲ့ သင့်တော်လျောက်ပတ်တဲ့ စကား၊ ထိုက်တန်တဲ့ စကားဖြစ်တယ်၊ ရဟန်းတို့၏အကျင့်၊ ရဟန်းတို့၏ကျက်စားရာ ရဟန်းတို့၏ ကျင့်ဝတ်လဲဖြစ်တယ်။

"ဥပမာအားဖြင့် တောထဲမှာကျက်စားတဲ့သမင်ဟာ နေ့စဉ်အိမ်မရှိတဲ့အတွက် ထင်သလိုသွားလာပြီး အလိုရှိသလို နေချင်သလို နေနိုင်တယ်၊ မင်းမြတ်....အဲဒီ့ဥပမာလိုပဲ ရဟန်း

မျှော်သည်လည်း ပေါင်းသင်းဆက်ဆံခြင်းကြောင့် ဘေးဖြစ်ရ၏။ နေရာအိမ်ကြောင့် ကိုလေသာမှုဖြစ်ပေါ် ၏။ နေရာအိမ် မရှိသော၊ ပေါင်းသင်းဆက်ဆံမှုမရှိသော ဤနိဗ္ဗာန်ကို မြတ်စွာဘုရားသည် မြင်တော်မူပါပေ၏ ဟူ၍ ကြံသင့်ကြံအပ်၏၊ သတ္တဝေါပေါက် ဆင်ခြင်နိုင်ရမယ်။

"ကျောင်းဆောက်လုပ်ရမယ် စတဲ့စကားကို မိန့်တော်မူတာ ကတော့ အကျိုးထူး နှစ်ခုရှိတယ်။

၁။ ကျောင်းအလုပ်ကို ဘုရားရှင်ဟိုင်း ချီးမွမ်းတော်မူတယ်၊ ခွင့်ပြုတော်မူတယ်၊ ချီးကျူးထောပနာတော်မူတယ်၊ ကျောင်းလုပ်ရတဲ့အတွက် အလုပ်ဒါယကာတွေလဲ ပဋိသန္ဓေနေခြင်း၊ အိုခြင်း၊ သေခြင်းမှ ကင်းလွတ်နိုင်တယ်၊ အဲဒါက ပထမအကျိုးဖြစ်တယ်။

၂။ ကျောင်းဆိုတာ ရဟန်းတို့နေထိုင်ရာ အထိမ်းအမှတ်ဖြစ်တယ်၊ သာသနာ့အောင်လံတံခွန်သဖွယ်ဖြစ်တယ် ဖူးမြော်လိုသူတိုင်း အလွယ်တကူ ဖူးမြော်နိုင်တယ်၊ ကျောင်းမရှိရင် အစစခက်ခဲမယ်။

"အဲဒါကတော့ ကျောင်းအလုပ်ရဲ့ ဒုတိယအကျိုးဖြစ်တယ်၊ ထို့ကြောင့်ပင် ကျောင်းဆောက်လုပ်ရမယ်လို့ မိန့်တော်မူခြင်းဖြစ်ပေတယ် မင်းမြတ်"

အစာအိမ် စောင့်စည်းပုံ

မိလိန္ဒမင်း ။ ။"အရှင်ဘုရားဖြတ်စွာဘုရားသည် 'ဆွမ်း ခံ အကျင့်၌မမေ့မလျော့ကုဝမ်းဌ်အစား မကြီး၊ စောင့်စည်းသည် ဖြစ်ရာ၏' ဟု မိန့်တော်မူခဲ့ပါသည်။

"နောက်တစ်ဖန်.... 'ဥဒါယီ.... ငါသည်ကား တစ်ခါ တစ်ရံ၌ သပိတ်အနာ:ရေ:နှင့် ညီမျှသောဆွမ်:ကိုလည်း ဘုဉ်:ပေ:၏။ ထိုသက်အလွန်လည်: ဘုဉ်:ပေ:တော်မူ၏' ဟူ၍လည်း ဟောတော်မူပြန်ပါသည်။ အဓိပ္ပာယ်နှစ်မျိုး: ထွက်နေသော ဤစကား:ကို ကြောင်:ကျိ:လျှော်ကန်စွာ ဖြေရှင်:ပြတော်မူပါဦ: ဘုရား:"

အရှင်နာဂသိန်။ ။"မင်:မြတ်.... ဆွမ်:ခံ အကျင့်၌ မမေ့ မလျော့အပ်၊ ဝမ်:၌ အစာ:မကြီ: စောင့်စည်:သည်ဖြစ်ရာ၏' ဟူသည်ကား သဘောမှန်သော စကာ:၊ ဘာမျှ အကြွင်:အကျန် မရှိသောစကာ:၊ မုချ စကာ:၊ ဟုတ်မှန်သော စကာ:၊ မဖောက်ပြန်သော စကာ:၊ ချွတ်ယွင်:ချက် မရှိသော စကာ:၊ သီလနှင့် ပြည့်စုံသူတို၏ စကာ:၊ ဘုရား:စကာ:၊ ရဟန္တာစကာ:၊ ပစ္စေကဗုဒ္ဓါတို၏ စကာ:၊ မာရ်ငါ:ပါ:ကို အောင်တော်မူသော ဘုရား:ရှင်တို၏ စကာ:၊ သဗ္ဗညုတ ဗြတ်စွာဘုရား:တို၏ စကာ:၊ ပူဇော်အထူ: ကိုခံတော်မူထိုက်သော ဘုရား:ရှင်တို၏စကာ:တော်ပေတည်:။

"မင်:မြတ်.... ဝမ်:၌ မစောင့်မစည်: အစာ:ကြီ:သော သူ မျာ:သည် သူ့အသက်သတ်၊ သူတစ်ပါ: ဥစ္စာကိုခိုး၊ သူတစ်ပါ: သား:မယား: ပြစ်မှား၊ မုသာ:ဆို၊ အရက်သောက်၊ကံကြီ: ငါ:ပါ:ကို ကျူ:လွန်တတ်ကြပေတယ်။

"မင်:မြတ် ... ဒေဝဒတ်ဟာ ဝမ်:၌ မစောင့်စည်း၊သံဃာ ကို သင်:ခဲ့သောကြောင့် တစ်ကမ္ဘာလုံ: ငရဲခံနေရတယ် မဟုတ်ပါလား:၊ ဤသို့ သဘောရှိသော မျာ:စွာသော

အကြောင်းတွေကို မြင်တော်မူ၍ ဝမ်းဥ အစား၊ မကြီး စောင့်စည်းရမယ်လို့ မိန့်တော်မူခြင်း ဖြစ်တယ်။

"မင်းမြတ်.... ဝမ်းဥ စောင့်စည်းသူများကတော့ သစ္စာ လေးပါးကို ထိုးထွင်း၍ သိနိုင်တယ်၊ မဂ်ဉာဏ်ကို မျက်မှောက် ပြုနိုင်တယ်၊ ပဋိသမ္ဘိဒါလေးပါး၊ သမာပတ်ရှစ်ပါး၊ အဘိ ညာဉ် ခြောက်ပါးတို့ကို ပွားများနိုင်တယ်၊ ရဟန်းတရား အားလုံးနှင့် ပြည့်စုံစေနိုင်တယ်။

"မင်းမြတ်.... ကျေးဇူးသားယောကျ်းသည် ဝမ်းဥ စောင့်စည်း သည့်အတွက် တာ၀တိံသာကို တုန်လှုပ်စေနိုင်တယ်၊ သိကြား မင်း အလုပ်အကျွေး အဖြစ်သို့ ရောက်တယ်၊ ဤကဲ့သို့ အကြောင်းတရား များစွာကို မြင်တော်မူ၍ ဝမ်းဥ အစား မကြီး စောင့်စည်းကြလို့ မိန့်တော်မူခြင်း ဖြစ်တယ်။

"မင်းမြတ် 'ဥဒါယီ.... ငါသည်ကား တစ်ခါတစ်ရံ သပိတ်အနား၊ရေးနှင့်ညီမျှသော ဆွမ်းကိုလည်း ဘုဉ်းပေး၏။ ထိုထက်ပို၍လည်း ဘုဉ်းပေး၏' ဆိုတဲ့စကား၊ကတော့ လုပ်ကိုင် ပြီးစီးသော၊ ဘာမျှလုပ်စရာမရှိသော နိ၀ရဏာကင်း၍ အလုံးစုံ သောတရား၊ကို သိတော်မူသော မြတ်စွာဘုရား၊သည် ဝိမိုက်ယ် နှင့် နှိုင်းစာ၍ ဟောတော်မူခြင်း ဖြစ်တယ်။

"ဥပမာအား၊ဖြင့် ပျို့အန်သောရောဂါ အမြဲမပြတ်စွဲကပ် နေသောလူနာအတွက် သင့်လျော်တဲ့အစား၊အစာကိုသာ စား အပ်ပေတယ်၊ အဲဒီ့သဘောလိုပဲ မင်းမြတ်....သစ္စာလေးပါးကို မသိသေးသူများဟာ အစား၊မကြီး စောင့်စည်းအပ်ပေတယ်။

"အရောင်တလက်လက်ထွက်နေသော ပတ္တမြားရတနာကို အယူ၊ထပ်မံပြီး၊ပွတ်ဘိုက်စရာမရှိ၊ပွတ်တိုက်ဖို့မလိုသလို မြတ်စွာ

ဘုရားမှာလဲ အာဃာတ-ပြီးစီးနေပြီးဖြစ်တဲ့အတွက် ဘာမှပိတ်ပင်ထားဖို့ မလိုတော့ပေဘူး မင်းမြတ်''

မိလိန္ဒမင်း ။ ။''မှန်ပါ၊ တောင်းပြတ်လှုပါသည် အရှင်ဘုရား''

ပြတ်စွာဘုရားနှင့် အနာဂတ်ကင်းသူ

ဒီဃနိကာယ် ။ ။''အရှင်ဘုရား.... မြတ်စွာဘုရားသည် 'ဂေါဟန်းတို့....ငါသည် မတောင်းမှုမှုအပ ပြုပြီးသော အရိယာ သူတော်စတောင်းတို့၏ တောင်းခြင်းခံ အားထုတ်သော အခါခပ်သိမ်းဖြန့်ထားသော၊ လက်ရှိသော၊ အဆုံးဖွန်သောဝိုယ်ကို ကိုင်ဆောင်သော၊ အတုမရှိမြတ် ဗုဒ္ဓါနှင့်ပယ်နှိုင်သော ဆေးဆရာဖြစ်၏'ဟူသော စကားကို ဟောတော်မူအပ်ပါသည်။

''နောက်တစ်ဖန် 'ရဟန်းတို့....ငါ၏ တပည့်သာဝကဖြစ်သော၊ အနာဂတ်ကုန်သော ရဟန်းတို့တွင် ဤဗာကုလသည် အမြတ်ဆုံးတည်း'ဟူ၍လည်း ဟောတော်မူပြန်ပါသည်။

''အရှင်ဘုရား....ဤစကားနှစ်ချက်သည် အစဉ်နှုတ်ထွက်၍နေပါသည်။ ရှင်းလင်းဖြေကြားတော်မူပါ ဘုရား''

အရှင်နာဂသိန်း။ ။''မင်းမြတ်....'ငါ့ဘုရားသည် အတုမရှိ၊ ရောဂါကိုပျောက်အောင်ကုနိုင်တဲ့ ဆေးဆရာဖြစ်တယ်လို့ ဟောတော်မူတာ 'မှန်ပါတယ်၊ စင်စစ်ကတော့ ဤစကားတော်ကို အပပြုအပ်ပယ်အပ်သော တရားရောက်ကြောင်းတရား၊ ရောက်ပြီးတရား၊ မရိယတ်တရားတွေ့ မိမိ၌ တင်ထင်ရှားရှား ရှိသည့်အဖြစ်ကို ရည်ရွယ်နှိုင်းချိန်၍ ဟောတော်မူခြင်းဖြစ်ပါတယ်။

"မင်းမြတ်....ရပ်ခြင်း၊ စကြ်ံ သွားခြင်းလောက်သာ ရှိတဲ့ ဘုရားတပည့် သာဝကတွေရှိကယ်။ ထိုထိုသာဝကမျှားသည် ရပ်ခြင်း၊ သွားခြင်းဖြင့်သာ နေ့တွေညတွေ ကုန်လွန်စေပါတယ်။ မြတ်စွာဘုရားကတော့ ရပ်တော်မူခြင်း၊စကြ်ံ ကြွတော်မူခြင်း၊ ထိုင်တော်မူခြင်း၊ လျောင်းတော်မူခြင်း၊ ဣရိယာပုတ် လေးခုစလုံးနဲ့ နေ့ညကို ကုန်လွန်စေပါတယ်။ ရပ်ခြင်း၊ စကြ်ံ သွားခြင်းလောက်သာ ရှိတဲ့ ရဟန်းမျှားသည် ဣရိယာပုတ် အစိတ်အပိုင်းအချို့ လွန်ကဲနေပါတယ်။

"ကျောသနိုတ် မူတင်ဆောင်တဲ့ ရဟန်းမျှားသည် အသက်သေချင်သေပါစေ၊ ဆွမ်းနှစ်ထပ် မစားပါ။ မြတ်စွာဘုရားကတော့ နှစ်ထပ်သုံးထပ် ဘုဉ်းပေးတော်မူပါတယ်။ ရဟန်းတွေက မူတင်အမျိုးမျိုးကို လွန်ကဲစွာအား‌ထုတ်တဲ့ ဂုဏ်ကို ရည်ရွယ်၍ ဆိုအပ်တယ်။

"မြတ်စွာဘုရားသည် သီလ၊ သမာဓိ၊ ပညာ၊ အရဟတ္တဖိုလ် ပစ္စဝေက္ခဏာဉာဏ် စသည်တို့ဖြင့် အတုမရှိပါ။ အရာအားလုံးမှာလဲ အတုမရှိပါ။ ထိုသို့သော အရာများကို ရည်ရွယ်၍ အတုမရှိ ဆေးဆရာဖြစ်တယ်လို့ ဟောတော်မူပါတယ်။

"မင်းမြတ်.... လောကဌ် လူမျိုးစုံရှိပါတယ်။ တချို့က အမျိုးမြတ်တယ်၊ တချို့က ချမ်းသာတယ်၊ တချို့က ဆင်းရဲ၊ တချို့က အစွမ်းသတ္တိ ပြည့်စုံ၊ တချို့က အတွေးအခေါ် အမြော်အမြင်ကြီးမား စသည်ဖြင့် ဘယ်မျှပင် ရှိစေကာမူ ထိုသူတွေ အားလုံးထက် မင်းကိုသာ အတော်ဆုံး အမြတ်ဆုံးလို့ ခေါ်ဆိုကြပါတယ်။ ထိုအတူပဲ မင်းမြတ်၊ မြတ်စွာဘုရားသည် အားလုံးထက် အထူးဆုံး၊ အချွန်ဆုံး၊ အမြတ်ဆုံးဖြစ်တယ်။

အား:လုံ:ထက်လဲ လွန်ကဲ လွှမ်:မိုး:နေပါတယ်၊ ဒါ့ကြောင့် ဘုရား:ကိုယာ အား:လုံ:သော သတ္တဝါတွေထက် အတတ်ဆုံ:၊ အမြတ်ဆုံ:၊ အထူ:ဆုံ:၊အကြီ:ဆုံ:ဟူ၍ခေါ်အပ်ပေတယ် မင်:မြတ်။

"အရှင်ဗာကုလ၏ အနာဂတ်:ခြင်:ကတော့ ဆုတောင်:ကြောင့် ဖြစ်ပါတယ်။ အနောမဒဿီ မြတ်စွာဘုရား လေနာထစဉ် အခါ၌ လည်:ကောင်:၊ ဝိပဿီမြတ်စွာဘုရား:ကိုလည်:ကော်:၊ မြက်ပွင့်နှံ့ကြောင့် ရဟန်:ရှစ်သိန်: ရောဂါဖြစ်သောအခါ၌ လည်:ကောင်:၊ ရသေ့ဘဝနဲ့ ဆေ:အမျိုးမျိုးဖြင့် ရောဂါပျောက်အောင် ကုသခဲ့လို့ အနာဂတ်:သောရဟန်:တို့တွင် အရှင်ဗာကုလသည် အမြတ်ဆုံ:လို့ ဟောတော်မူခဲ့ခြင်: ဖြစ်ပါတယ်။

"မင်:မြတ်.... ပွင့်လင်:ပြည့်စုံစွာ ဆိုရချေသော် မြတ်စွာဘုရား:သည် အနာရောဂါ ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ဓူတင် ကျင့်သည်ဖြစ်စေ၊ မကျင့်သည် ဖြစ်စေ ၎လောကကြီ:မှာ မြတ်စွာဘုရား:ဖြင့်တူတာ တစ်ယောက်မျှ မရှိပါ။ ဘုရား:သာလျှင် အမြတ်ဆုံ:၊ အတော်ဆုံ: ဖြစ်ပါသည် မင်:မြတ်" မိလိန္ဒမင်: ။ ။"အရှင်ဘုရား:ကောင်:လှပါ၏။ဆိုတော်မူသည့်အတိုင်: ဝန်ခံပါသည် ဘုရား:"

မင်ကို ဖြစ်ပေါ်စေပုံ

မိလိန္ဒမင်: ။ ။"အရှင်ဘုရား:.... မြတ်စွာ ဘုရား:သည် 'ရဟန်:တို့ ပူဇော်အထူ:ကို ခံတော်မူ ထိုက်သော ကိုယ်တိုင်မှန်စွဲ' သိတော်မူအပ်သော မြတ်စွာ

ဘုရားသည် မဖြစ်ပေါ်သေးယော မဂ်လမ်းစဉ်ကို ဖြစ်ပေါ်စေနိုင်၏'ဟု ဟောတော်မူခဲ့ပါတယ်။

"နောက်တစ်ဖန်လဲ 'ရဟန်းတို့ ရှေးဘု ပုဗ္ဗတော်မူကုန်ပြီးသော မြတ်စွာဘုရားတို့သည် ကြာသွားတော်မူမြဲ ခရီးဟောင်းဖြစ်သော ရှေးမဂ်လမ်းစဉ်ကို ငါ မြင်ခဲ့ပြီ' ဆိုသည့် စကားသည် တစ်ခုနှင့်တစ်ခု မညီညွတ်ပါ၊ အစွန်းထွက်နေပါသည်။ ပြဿနာကို ညှိနှိုင်းဖြေရှင်းပေးတော်မူပါ ဘုရား" အရှင်နာဂသိန်။ ။"မင်းမြတ်....စကား နှစ်ရပ်လုံးပင်လျှင် အမှန်ချည်း ဖြစ်ပါတယ်။ မင်းမြတ်.... ရှေးရှေး ဘုရားရှင်တွေ ပရိနိဗ္ဗာန် စံလွန်တော်မူပြီးအား လျှော်စွာ ဆရာ မရှိတဲ့အတွက် မဂ်လမ်းစဉ်များ ကွယ်ပျောက်တိမ်မြုပ် ဖုံးကွယ်သွားပြီ၊ အသွားအလာ ပြတ်သွားပြီ၊ အဲဒီလမ်းစဉ်ကို မြတ်စွာဘုရားသည် ကိုယ်ပိုင်ဉာဏ်ပညာ မျက်စိဖြင့် မြင်တော်မူတယ်။ ထို့ကြောင့်ပင် မဂ်လမ်းစဉ်ကို မြင်တယ်လို့ ဟောတော်မူခြင်း ဖြစ်တယ်။

"မင်းမြတ်... ရှေးရှေးဘုရားရှင်တွေ ပရိနိဗ္ဗာန် စံလွန်တော် မူသဖြင့်၊ မဂ်လမ်းစဉ်များ ပျောက်ကွယ်နေပါတယ်။ သို့ပျောက်ကွယ်နေခြင်းကို ဘုရားရှင်က ကိုယ်ပိုင်ဉာဏ်နဲ့ ပြန်လည် ဖော်ထုတ်ပါတယ်။ ထို့ကြောင့်ပင် မဂ်လမ်းစဉ်ကို ဖြစ်ပေါ်စေနိုင်၏လို့ ဆိုခြင်း ဖြစ်ပေတယ်။

"ဥပမာနဲ့ ရှင်းပြပါ့မယ် မင်းမြတ်။

"စကြဝဠာတေးမင်း ကွယ်လွန်သွားတဲ့အတွက် ပတ္တမြားရတနာ ကွယ်ပျောက်နေပါတယ်။ နောက်လာတဲ့ စကြဝဠာတေးမင်း၏ အကျင့်ကြောင့် ပြန်လည် ဆိုက်ရောက်လာပါတယ်။

"မင်းမြတ်... အဲ့ဒီ. ပတ္တမြား ရတနာဟာ အသစ် ဖြစ်ပေါ်လာသလား"

မိလိန္ဒမင်း ။ ။"မဟုတ်ပါ ဘုရား၊ နဂို ရှိပြီးသားပါ ဘုရား"

အရှင်နာဂသိန်။ ။"ထို့အတူပဲမင်းမြတ၊ မဂလမ်းစဉ်သည် ပင်ကိုယ်ကပင် ရှိပြီးသားဖြစ်တယ်၊ သီမြင်တတ်တဲ့ ဆရာ မရှိတဲ့အတွက် တိမ်မြုပ် ပျောက်ကွယ်နေခြင်းသာ ဖြစ်တယ်။ အဲဒီ. ပျောက်ကွယ်နေတဲ့ လမ်းစဉ်ကို ဉာဏ်မျက်စိနဲ့ မြင်တော်မူတဲ့အတွက် မဂ်လမ်းစဉ်ကို မြင်တယ်လို့ မိန့်တော်မူခြင်းဖြစ်တယ်။

"နောဏ် ဥပမာတစ်ခုက လူတစ်ယောက်က ပျောက်သွားတဲ့ ပစ္စည်းကို ပြန်တွေ့ရင် မြင်တယ်လို့ခေါ်တယ်။ အဲ့ဒါကို ပြန်ရတဲ့အတွက် ပစ္စည်းဖြစ်တယ်လို့ ခေါ်ကြတယ်။ အမှန်ကတော့ ပစ္စည်းက တစ်ခုတည်းပါပဲ။ အသစ်ဖြစ်လာတာလဲ မဟုတ်၊ ရှိပြီးသားပျောက်လို့ ပြန်တွေ့တာပဲ ဖြစ်တယ်။အဲ့ဒီ. သဘောလိုပဲ ပျောက်နေတဲ့ လမ်းစဉ်ကိုမြင်တယ်။ အဲ့ဒီ. လမ်းဟောင်းကို ပြန်လည်ဖော်ထုတ်တဲ့အတွက် မဂ်လမ်းစဉ်ကို ဖြစ်စေ၏လို့ မိန့်ဆိုတော်မူခြင်း ဖြစ်ပေတယ် မင်းမြတ်"

မိလိန္ဒမင်း ။ ။"ရှင်းပါပြီ အရှင်ဘုရား"

မြတ်စွာဘုရား သတ္တဝါမျှားကို မညှဉ်းဆဲပုံ

မိလိန္ဒမင်း ။ ။"အရှင်ဘုရား.... မြတ်စွာဘုရားသည် 'ငါသည် ရှေးဘဝဖြစ်စဉ်က သတ္တဝါ

တို့အား မည့်ဉ်းဆဲသော သဘောရှိသည် ဖြစ်ခဲ့ပြီ'ဟု ဟောတော် မူအပ်ပါသည်။

"တစ်ဖန်လည်း'လောမသကဿပ ရသေ့ ဖြစ်စဉ်က အရာမက မျှားစ့ာသော သတ္တဝါတို့ကို သတ်၍ ဝါဇပေယျအမည်ရှိသော ယဇ်ကြီးကို ပူဇော်ခဲ့ပြီ'ဟု ဟောတော်မူပြန်ပါသည်။

"အရှင်ဘုရား.... နှစ်ဖက်စွန်းထုတ်နေသော ဤစကား နှစ်ရပ်ကို ကြည့်ရှုဆုံးဖြတ်တော်မူပါဦး ဘုရား"

အရှင်နာဂသိန်။ ။"မစ်းမြတ်...."ငါသည် ရှေးဘဝလူဖြစ်စဉ်က သတ္တဝါတို့အား မည့်ဉ်းဆဲသော သဘောရှိသည် ဖြစ်ခဲ့ပြီး'လို့ ဟောတော်မူတာကတော့ ပင်ကိုယ် သဘောကို ရည်ရွယ်၍ ဟောတော်မူခြင်းဖြစ်တယ်။

"သတ္တဝါတွေကို ညှဉ်းဆဲသတ်ဖြတ်ပြီး ယဇ်ပူဇော်တယ်လို့ ဟောတဲ့အချက်ကတော့ ရာဂအစွမ်းကြောင့် မိန်းမောနေတဲ့အတွက် စေတနာနဲ့ ပြုလုပ်ခြင်းမဟုတ်၊ စေတနာမရှိဘဲ ရာဂဘီလူး ပုံးနေလို့ လုပ်မိလုပ်ရာ ပြုလုပ်ခြင်းမျိုးဖြစ်တယ်"

မိလိန္ဒမင်း။ ။"အရှင်ဘုရား ရှစ်ယောက်သောပုဂ္ဂိုလ် မျှားသည် သူတစ်ပါးအသက်ကို သတ်ကြပါသည်။

၁။ တပ်မက်သောသူ။
၂။ အမျက်ထွက်သောသူ။
၃။ တွေဝေမိုက်မဲသောသူ။
၄။ မာန်မာန တက်ကြွသူ။
၅။ လောဘရမ္မက်ကြီးသူ။
၆။ ဆင်းရဲမွဲတေသူ။

ဂ။ မိုက်သောသူ။
ဃ။ မင်းမျှားဖြစ်ပါသည်။

"အရှင်ဘုရား.... ဘုရားလောင်းသည် အသက်သတ်တတ်သူတို့ အလေ့ပြုကတော့ သတ္တဝါအတိုင်းသာ ပြုလုပ်သည် မဟုတ်ပါလော။

အရှင်နာဂသိန်း။ ။"မဟုတ်ပေဘူး မင်းမြတ်။ ။ ဘုရားလောင်းသည် ပကတိ သတ္တဝါအတိုင်းသူ့အသက်သတ်ပြီး ယဇ်ပူဇော်လိုတဲ့စိတ်မျိုး ရှိတယ်ဆိုရင်....

"သမုဒ္ဒရာ အရုံနှင့်တကွသော သမုဒ္ဒရာတည်း ဟူသော နာဝးတောင်းရှိသော မြေကြီးကို ကဲ့ခဲ့ခြင်းနှင့်တကွ ဖြစ်သော ကြောင့် ငါ့အလိုမရှိ။ သေယျအမတ်-ဤသို့ငါ့အလိုမရှိသော သဘောကို သိမှတ်လော'ဟူသော စကားမျိုးကို မဆိုရာ။

"မင်းမြတ်.... ဘုရားလောင်းသည် ဤသို့ ဆိုလေရှိပါလျက် စန္ဒဝတီမင်းသမီးကို မြင်သည်နှင့်တစ်ပြိုင်နက်မိန်းမောတွေဝေ၍ သွားပါတယ်။ ပျံ့လွင့်သောစိတ်ရှိသူ ဝေ့ပ်မက်မောသူဖြစ်၍ အမှတ်သညာ ချုတ်ယွင်းသကဲ့သို့ဖြစ်ကာ စိတ်နှောက်ရေးကိုချားတုန်လှုပ် သွားပါတယ်။ ထို့ကြောင့်လည်း ပျံ့လွင့် တုန်လှုပ်ရှုပ်ယှက်နှောက်ကျိသောစိတ်ဖြင့် မျှားစွာသော သားကောင်တို့၏ လည်ချောင်းဒဏ်ဖြင့် ဝါဇပေယျ ယဇ်ပူဇော်ပွဲကို ပြုလုပ်မိခဲ့ခြင်း ဖြစ်တယ်။

"မင်းမြတ်.... ရှေးသင့် စိတ်နှောက်နေသူမျှားသည် မီးတောက်ကို နင်းသည်။ အမျက်ထွက်နေသော မြွေကို ကိုင်သည်။ သမုဒ္ဒရာကို ပြေးဆင်းသည်။ အညစ်အကြေးကို လက်နှင့် နယ်သည်။ ဆူးကို တက်နင်းသည်။ချောက်ကမ်းပါးထဲသို့

ရုန်ချသည်။ မစင်ကို စားသည်။ အဝတ်မဝတ်ဘဲ ကိုယ်လုံး တည်းချည်း သွားလာလှည့်ပတ်သည်။ မလုပ်အပ်တာကိုလုပ် သည်။

"ဤနည်းအတူပဲ မင်းမြတ်၊ ဘုရားလောင်းသည် စန္ဒဝတီ မင်းသမီးကိုမြင်တာနဲ့တစ်ပြိုင်နက် စိတ်ဖောက်ပြန်သွားတယ်။ ပျံ့လွင့်သွားတယ်။ တပ်မက်တဲ့အတွက် အမှတ်သညာ ချုတ် ယွင်းသွားတယ်။ ချောက်ချားတုန်လှုပ်ပြီး စိတ်နောက်သွား တယ်။ ထို့ကြောင့်သာ သားကောင်တွေကို သတ်ပြီး လည် ချောင်းသွေးနဲ့ ဝါဇပေယျ ယဇ်ကြီးကို ပူဇော်ခြင်း ဖြစ်ပါ တယ်။

"ရှေးသူပ်စိတ်နောက်သူများ ပြုလုပ်တဲ့ မကောင်းမှုသည် ခုဘဝလဲ အပြစ်မကြီးပါ။နောင်ဘဝလဲကြီးလေးသောအပြစ် ဒဏ် မခံရပါ။

'မင်းမြတ်– အရှေးတစ်ယောက်ဒယာက် အပြစ်ကျူး လွန်မယ်ဆိုရင် ဘယ်လိုအပြစ်ဒဏ်မျိုး ပေးသလဲ"

မိလိန္ဒမင်း ။ ။"ခြောက်လှန့် ရိုက်ပုတ်ရုံသာ သူတို့ကို အပြစ်ဒဏ် ခက်ပါသည် ဘုရား"

အရှင်နာဂသိန်း။ ။"အရှေးများ အပြစ်ကျူးလွန်ရင် အပြစ် ပေးလို့မဖြစ်ဘူး ဟုတ်လား။မင်းမြတ်– ဤနည်းအတူပဲ လောမသက္ကဿပရသေ့လဲ စန္ဒဝတီ မင်း သမီးကို မြင်တာနဲ့တစ်ပြိုင်နက် စိတ်နောက် ဖောက်ပြန်သွား တယ်။ ဒါ့ကြောင့် သားကောင်တွေရဲ့ လည်ချောင်းသွေးနဲ့ ယဇ်ပူဇော်ခြင်း ဖြစ်တယ်။ လို့နောက် နဂိုအတိုင်း စိတ်မှန်

သွားတဲ့အခါသတိကရားခဏယ်။ ရဟန်းဝတ်ပြီး အဘိညာဉ် ငါးပါး ပွားများတယ်။ ကိုးကြောင့်ပင် ပြုဟူပြည်သို့ ခရောက်ရပေတယ်”

ဆဒ္ဒန်ဆင်မင်းနှင့် ဇောတိပလ လုလင်

ဗိလိန္ဒမင်း ။ ။“အရှင်ဘုရား၊ ဆဒ္ဒန်ဆင်မင်းသည် လေးနှင့်ပစ်တဲ့လူကို သတ်မယ်လို့ စိတ်ကူးတဲ့ အခါ ပဒေ့ကပုဒ္ဓါ၏ ဩဝါဒလမ်းခွန်ဖြစ်တဲ့ သက်နှိုးကိုမြင်၍ အဝေရှုံ့မှုဆိုးကို မသတ်ဘဲ လွှတ်လိုက်တယ်လို့ ဟောကြားခဲ့ပါတယ်။

“နောက်တစ်ဖန်လဲ .. ဇောတိပါလ လုလင်သည် ကဿပမြတ်စွာဘုရားကို ခေါင်းတုံးတော့၊ ရဟန်းယုတ်တော့ စသည်ဖြင့် ကြမ်းကမ်းသော စကားတွေနဲ့ ဆဲဆိုခဲ့တယ်၊ ရေရွတ်ခဲ့တယ်’ဟု ဟောတော်မူပြန်ပါတယ်”

“အရှင်ဘုရား....တိရစ္ဆာန် ဆင်မင်းသည် တိရစ္ဆာန်ဖြစ်ပါလျက် သက်နှိုးကို ပူဇော်သည်ဖြစ်အံ့၊ ဇောတိပါလလုလင်က ကဿပဘုရားကို ဆဲတယ်ဆိုတဲ့စကား မှားပါလိမ့်မည်။

“ဇောတိပါလ လုလင်က ကဿပဘုရားကို ဆဲရေးတာ အမှန်ဖြစ်အံ့၊ ဆဒ္ဒန်ဆင်မင်းက သက်နှိုးကို ပူဇော်တယ်ဆိုတဲ့ စကား မှားပါပိမ့်မယ်။ ဝေဒနာအပြင်းအထန် ခံစားနေရသော ဘုရားလောင်း ဆင်မင်းသည် မုဆိုးထံမှ သက်နှိုးကို အကယ်၍ ပူဇော်သည်ဖြစ်အံ့၊ လူသားအစစ်ဖြစ်တဲ့ ဇောတိပါလလုလင်သည် အသိဉာဏ်ရှိသူ ဖြစ်ပါလျက် ကဿပဘုရားကို ကိုယ်တိုင်ကိုယ်ကျ ဖူးတွေ့နေရပါလျက် အဘယ့်ကြောင့်

မပူဇော်ဘဲ ရှိပါသလဲ။ အစဉ်းစားခက်လှသော ဤပြဿနာ ကို ရှင်းလင်းအောင် ဖြေကြားတော်မူပါဦး ဘုရား" အရှင်နာဂသိန်။ ။"မင်းမြတ်....ဆဒ္ဒန်ဆင်မင်းက သက်နိုး ကို ပူဇော်တယ်ဆိုတဲ့စကားကတော့ သီ သာ ထင်ရှားတဲ့အတွက် ဖြေဖို့မလိုအပ်တော့ဘူး။

"ဇောတိပါလလုလင်က ကဿပဘုရားကို 'ဟဲ့.... ခေါင်း တုံးတွေ၊ရဟန်းယုတ်တွေ' စသည်ဖြင့် ဆဲရေးခြင်းကိုမူရှင်းပြမ ဖြစ်မယ်၊ ဇောတိပါလလုလင်ဟာ ဇာတ်၏အစွမ်း၊ အမျိုး၏ အစွမ်းဖြင့် ဆဲရေးခြင်းဖြစ်တယ်၊ ဇောတိပါလ လုလင်ဟာ ဘုရားကို မကြည်ညိုတဲ့ ပုဏ္ဏားမျိုးမှာဖြစ်တယ်၊ ဇောတိပါလ လုလင်၏ မိဘ၊ ညီအစ်ကို၊ မောင်နှမအား လုံး ကျေးကျွန်အစေ အပါးများပါမကျန် အားလုံး ပြဟ္မာကြီးကို ကိုးကွယ်ကြ တယ်၊ ကြည်ညိုလေးစားကြတယ်။

"ပုဏ္ဏားတွေဟာ တို့အမျိုးသာမြတ်တယ်လို့ အစဲ့အလန်း ကြီးကြပါတယ်၊ ပုဏ္ဏားမျိုးမှ ကြွင်းကျန်နေတဲ့ လူတွေကို အလကား လို့ ထင်ကြပါတယ်၊ ကဲ့ရဲ့ရှုတ်ချကြပါတယ်။

"ထို့ကြောင့်ပင်ဇောတိပါလလုလင်ကို ဃဋ္ဌိကာရအိုးထိန်း သည်က ဘုရားဖူးသွားရအောင်လို့ ခေါ်တဲ့အခါ 'အလကား ခေါင်းတုံးတွေ၊ ရဟန်းယုတ်တွေကို သွားဖူးလို့ ဘာအကျိုး ရှိမလဲ၊ အလကားပဲ နေမှာပေါ့'ဟု ပြောဆိုခြင်း ဖြစ်တယ်၊ ကျဉ်းမြောင်းတဲ့ သဘော၊ အယုံအကြည် မရှိတဲ့ သဘောကို ပြခြင်းဖြစ်တယ်။

"မင်းမြတ်....ဥပမာအားဖြင့်မူ အင်မတန် ကောင်းမြတ်တဲ့ နတ်သုဒ္ဓါပင် ဖြစ်စေကာမူ အဆိပ်နှင့်ရောစပ်သော် အသက်

ဆိုးရွံ့စေတတ်ပါတယ်၊ ရေဟာ အေးစေကာမူ မီးနှင့်နီးလျှင် ပူတဲ့သဘောရှိပါတယ်၊ ထိုအတူပဲ မင်းမြတ်... ဇော်တိပါလ လုလင်ဟာ သဒ္ဓါတရားမရှိ၊ မကြည်ညိုတဲ့ ပုဏ္ဏားမျိုးမှာဖြစ်၍ အမျိုး၏အရှိန်နှင့် မိုက်ကန်းခြင်ဖြစ်ပါတယ်၊ အမျိုးကြောင့် ဆိုးမိုက်ခြင်းဖြစ်ပါတယ်။

"အမှန်ကတော့ ဇော်တိပါလလုလင်မှာ ဘုန်းရှိပါတယ်၊ သဒ္ဓါတရားရှိပါတယ်၊ အသိဉာဏ်ရှိပါတယ်၊သို့သော် အမျိုးကို ချစ်တဲ့စိတ် လွမ်းမိုးပြီး အစဲ့သန်လွန်းတဲ့အတွက် တစ်ဖက်စွန်းသို့ရောက်သွားရခြင်းဖြစ်တယ်၊ အမျိုးအရှိန်နဲ့ မိုက်မိုက်ကန်းကန်း ဆဲရေးတိုင်းထွာခြင်းဖြစ်ပေတယ်။

"နောက်တော့ ဆည်းကပ်မိတဲ့အခါ ဘုရား ဂုဏ်တော် အစစ်အမှန်ကို သိ၍ သဒ္ဓာပေါက်ပြီး အစေခံကဲ့သို့ ကျင့်ပါတယ်၊ သာသနာတော်၌ ရဟန်းပြုလုပ်၍ အဘိဉာဏ်သမာပတ် တွေ ပွားများပြီး ပြဟ္မာ့ပြည်သို့ လားရပါတယ်"

အိုးထိန်းသည်အိမ် မိုးမစွတ်

မိလိန္ဒမင်း ။ ။"အရှင်ဘုရား.... မြတ်စွာဘုရားသည် 'ဃဋိကာရ အိုးထိန်းသည်၏ အိမ်သည် မိုးသုံးလပတ်လုံး အိမ်မိုးမရှိဘဲ မိုးရေမစွတ်'ဟု၍ ဟောကြားတော်မူပါတယ်။

"နောက်တစ်ဖန်လဲ 'ဂဿပဘုရား၏ ကျောင်းတော်ကို မိုးရေစွတ်၏'ဟု ဟောတော်မူပြန်ပါတယ်။

"အရှင်ဘုရား အလွန်တရားများပြားတဲ့ ကုသိုလ် ပါရမီတွေ ရှိပါလျက် တဘုရားကြောင့် ဘုရားကျောင်းတော်ကို မိုးစွတ်

ရပါသလဲ၊ မြတ်စွာဘုရားမှာ အလွန်ကြီးမား၊တဲ့ တန်ခိုးအာနုဘောဂ်တွေ ရှိတယ် မဟုတ်ပါလား ဘုရား''

''အရှင်ဘုရား-ဃဋ္ဌိကာဝရအိုးထိန်းသည်အိမ်က အမိုးမရှိတဲ့ မိုးမစွတ်ဘူးဆိုရင် ဘုရားကျောင်းတော်ကသာ၍မိုးမစွတ်ထိုက်ရှိရမယ်မဟုတ်ပါလား ဘုရား၊ ပြဿနာသဘောသွားကို သိသာ ထင်ရှားအောင် ဖြေကြား၊တော်မူပါ ဘုရား''

အရှင်နာဂသိန်း။ ။''မင်းမြတ်.... ဃဋ္ဌိကာရ အိုးထိန်းသည် ဟာ သီလရှိတယ်၊ သဘော ကောင်းတယ်၊ ကုသိုလ်ကောင်းမှုများ၊တယ်၊ မျက်မမြင် မိဘအို ဗဒါအိုကို လုပ်ကျွေး၊တယ်၊ ဃဋ္ဌိကာရ အိုးထိန်းသည်၏အိမ်မိုးသက်ကယ်တွေကို သူ့အား ငတ်စုံတစ်ရာပြောဆိုခြင်းမရှိဘဲ ယူသွား၊ပြီး ဘုရားကျောင်းတော် သွား၊မိုး၊တယ်၊ သည်လို သက်ကယ်တွေ ခွာယူသွား၊တဲ့အခါ ဃဋ္ဌိကာရ အိုးထိန်းသည်ဟာ စိတ်မဆိုး၊ တဲ့အပြင် သူ့အိမ်က သက်ကယ်တွေနဲ့ ဘုရားကျောင်းတော်ကို မိုး၊ရတဲ့အတွက် အပ်မတန် ဝမ်း၊မြောက်နေ၊တယ်၊ ပီတိဖြစ်နေ၊တယ်။

''သို့အပြင် လောကရဲ့ အထွဋ်အမြတ် ဖြစ်သော မြတ်စွာ ဘုရားသည် ငါ့အပေါ် အကျိုးတရင်ဖြစ်တယ်၊ ငါ့အင်မတန်မှ အာဃာတ၊ရှိ၊တော်မူလေ့စွတကား၊ဟု အတုမရှိ၊ဝမ်း၊မြောက်ဝမ်း၊သာ ဖြစ်နေ၊တယ်၊ ထို့ကြောင့်ပင် လက်ဆင်း၊ဒီဌ သူ့အိမ်ကို မိုး၊မစွတ်တဲ့အကျိုး ခံစား၊ရခြင်း၊ဖြစ်တယ်။

''မြတ်စွာဘုရား၊ကတော့ ကျောင်းတော်ကို မိုး၊စိုတဲ့အတွက် နည်း၊နည်း၊မှ မတုန်လှုပ်ကား၊ မပေ၊ကပ်ပြန်ဘူး။

"အမှန်ကတော့ မင်းမြတ်....ကျောင်းတော်ကို မိုးစိုခြင်းသည် လူတွေကုသိုလ်ရဖို့၊ အကျိုးရှိဖို့ဖြစ်တယ်၊ မြတ်စွာဘုရားတို့ မည်သည် ကိုယ်တိုင်ဖန်ဆင်းတဲ့ ပစ္စည်းကို ဘယ်တော့မှ မသုံးဆောင်ဘူး။

"မြတ်စွာဘုရားသည် မြတ်သောအလှကိုခံထိုက်သည်။ ထို့ကြောင့်ပင် နတ်-လူတွေက မြတ်စွာဘုရားကို ပေးလှူကြတဲ့ အတွက် အပါယ်ငရဲမှ လွတ်လတ္တံ့ ဟူသောအကြောင်းကြောင့် လည်းကောင်း၊ တန်ခိုးပြာဋိဟာကိုပြပြီး အသက်မွေးခြင်းကို ရှာမှီး၏ဟု သူတစ်ပါးတွေ မစ္စပ်စဲ့နှိုင်စေရန်အကြောင်းကြောင့် လည်းကောင်း၊ ကိုယ်တိုင်ဖန်ဆင်းတဲ့ ပစ္စည်းကို မသုံးဆောင်ခြင်း ဖြစ်တယ်။

"အကယ်၍ နတ်တွေ၊ သိကြားတွေပဲဖြစ်ဖြစ်၊ ကိုယ်တိုင်ပဲဖြစ်ဖြစ် မိုးမစ္စတ်အောင်လုပ်ပေးရင် ပြောစရာ ကဲ့ရဲ့စရာ ဖြစ်တယ်၊ အကြောင်းကတော့ နတ်တွေ၊ သိကြားတွေက လုပ်ပေးရင် လူတွေ တွေ့ဝေသွားလိမ့်မယ်၊ သိပ်ပိုလွန်းတယ်၊ ဒါလောက်ကလေးကို နတ်-သိကြားတွေကိုယ်တိုင် ဖန်ဆင်းပေးရသလားလို့ ပြောစရာဖြစ်မယ်၊ မြတ်စွာဘုရားတို့မည်သည်.... ပစ္စည်းလေးပါးကို တောင့်တတော်မမူဘူး၊ ထိုကဲ့သို့ မဟောင့်တတဲ့ အတွက်လဲ မြတ်စွာဘုရားရှင်တို့အား တစ်စုံတစ်ရာပြောဆိုရန် မရှိပေဘူး မင်းမြတ်...."

ပြဟ္မဏရာဇာ

မိလိန္ဒမင်း ။ ။"အရှင်ဘုရား...."ရဟန်းတို့.... ငါသည် ဗုဒ္ဓောဝါဒ်စကားခြင်းနှင့်ယှဉ်သော ပြဟ္မဏ

ဖြစ်၏'ဟု မြတ်စွာဘုရား မိန့်တော်မူပါသည်။ နောက်တစ်ဖန်လဲ 'သေလပုဏ္ဏား.... ငါသည် ရာဇာဖြစ်၏'ဟု ဟောတော်မူပြန်ပါသည်။ ပြဟ္မာဏဖြစ်တယ်ဆိုတာ မှန်ရင်လဲ ရာဇာ ဖြစ်တယ်ဆိုတာ မှားသလိုဖြစ်နေပါတယ်။ ရာဇာဖြစ်တာအမှန်ဖြစ်ရင်လဲ ပြဟ္မာဏ ဖြစ်တယ်ဆိုတဲ့စကား မှားသလိုဖြစ်နေပါတယ်။

"ပြဟ္မာဏမျိုးဖြစ်ဖြစ်၊ ရာဇာမျိုးဖြစ်ဖြစ် ဘ၀တစ်ခုထဲမှာ တစ်မျိုးမျိုးသာ ဖြစ်ထိုက်ပါတယ်။ နှစ်မျိုးမရှိထိုက်ပါဘုရား။ ဤပြဿနာကို သီသာထင်ရှားအောင် ရှင်းလင်းမိန့်ကြားတော်မူပါ ဘုရား"

အရှင်နာဂသိန်။ ။"မင်းမြတ်– ပြဟ္မာဏဖြစ်တယ်၊ ရာဇာဖြစ်တယ်ဆိုတဲ့စကား နှစ်ခုစလုံးပင် မှန်ပေတယ်။ မှန်ရခြင်းကတော့ အကြောင်းရှိပါတယ်"

မိလိန္ဒမင်း ။ ။"မှန်တဲ့ အကြောင်းက ဘယ်လိုပါလဲ ဘုရား"

အရှင်နာဂသိန်။ ။"မင်းမြတ်.... မြတ်စွာဘုရားသည် ယုတ်ညံ့တဲ့ အကုသိုလ်တရားကို ပယ်စွန့်အပ်ပြီးပြီ၊ ကင်းပြီ၊ ရှင်းပြီ၊ ကုန်ပြီ–ခန်းပြီ၊ ပျက်ပြီ-အေးပြီ၊ငြိမ်းပြီ၊ ဘာမှမရှိတော့ဘူး။ ထို့ကြောင့် ပြဟ္မာဏလို့ ခေါ်တယ်။ ထို့ပြင် ကိုလေသာဘ၀ဂတိယောနိတွေ၊ ကိုလေသာ မြူအညစ်အကြေးတွေမှ လွတ်မြောက်တော် မူတယ်။ အဖော်လဲမလိုတော့ဘူး။ ထို့ကြောင့်လည်း ပြဟ္မာဏလို့ ခေါ်အပ်ပြန်တယ်။

"ပြဟ္မာဏဆိုတာ အလွန်မြင့်မြတ်တဲ့ နတ်တို့၏ နေနည်းမျိုး အနေပျော်ဃယ်။ ရွတ်ဖတ်တယ်။ အလှူမ်စား၊ တယ်၊

ဂူနေ့ကို ဆုံးမတယ်၊ စောင့်ရှောက်တယ်၊ အကျင့်မြဲတယ်၊ ရှေးအဆုံးအမကို လိုက်နာတယ်၊ အမျိုးအနွယ်ကို စောင့်တယ်၊ ချမ်းသာစွာနေတယ်၊ ဗျာနိတရားကို ပွားများဆင်ခြင်တယ်၊ ဘဝဇာတ်ဖြစ်စဉ် စရိုက်အလေ့အကျင့်ကို သိတယ်၊ မျှားစွာသော အကြောင်းတို့နှင့် ပြည့်စုံတယ်။ ဒါ့ကြောင့် မြတ်စွာဘုရားကို ဗြဟ္မဏဟု ခေါ်ဆိုအပ်တယ်။

"မင်းမြတ်... ဗြဟ္မဏဆိုတဲ့ အမည်ကို ခမည်းတော်၊ မယ်တော်၊ ညီအစ်ကို မောင်နှမ၊ ဆွေမျိုးသားချင်းများ၊ မိတ်ဆွေများက မှည့်လို့ ခေါ်လို့ဖြစ်တာ မဟုတ်ဘူး။ ဗြဟ္မဏဆိုတဲ့ အမည်တော်က ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူတဲ့ဘုရား။ ဗောဓိပင်ရင်းမှာ မာရ်စစ်သည်တော်တို့ကို အရှုံးပေးခဲ့ပြီးတဲ့အခါ ဘုန်းတော်ကြီးတဲ့ ခုတ်ဖြတ် ပယ်ရှင်းတော်မူတဲ့ဘုရား၊ ကာလသုံးပါးစလုံး အကုသိုလ်မှုန်သမျှ အပယ်ပြုပြီး သဗ္ဗညုတညာဏ် အထွတ်အထိပ်ရောက်တဲ့ ဘုရားရှင်တို့၏ အမည်ကိုသာ ဗြဟ္မဏအစစ်လို့ ခေါ်တယ်။ မင်းကြီးပြောတဲ့ ဗြဟ္မဏတွေဟာ အခေါ် ဗြဟ္မဏပဲ၊ အစစ်မဟုတ်ဘူး။

ရာဇာဆိုတာကလဲ

"မင်းမြတ်... ရာဇာတို့ မည်သည့်ကား ဆည်းကပ်ခစားဖို့ လာတဲ့လူတိုင်းက ရှိခိုးထိုက်တယ်။ ထို့အတူပဲ မြတ်စွာဘုရားကို ပူဇော်ဆည်းကပ်ဖို့ လာတဲ့လူတိုင်း အလွန်ရှိကျိုး အမြတ်ဟန်း ရှိခိုးကြတယ်။ ဒါ့ကြောင့် မြတ်စွာဘုရားကို ရာဇာလို့ ခေါ်တယ်။

"ဒါ့အပြင် သတ္တဝါများကို ကျေနပ်နှစ်သိမ့်စေလိုမျှ လိုလား တောင့်တအပ်သော နိဗ္ဗာန်နှင့် အခြားဆုများနှင့်လည်း တင်းတိမ် ရောင့်ရဲစေတယ်။ မြတ်စွာဘုရားသည် မိမိ၏ အာဏာဒေသနာကို ကျူးလွန်ဖောက်ဖျက်သော အလင်္ဂေတေ့ အား မျက်နှာမလှ အံ့ရှက်ရအောင် ဖိနှိပ်ရှုတ်ချတော်မူ တယ်။ နှိပ်စက်ကဲ့ရဲ့ ကြဉ်ဆုတ်တော်မူတယ်။ ရာဇာများသည် ထီးနန်း အစဉ်အဆက် အဆုံးအမတွေကို လိုက်နာ လေးစားသလို မြတ်စွာဘုရားသည်လည်း ရှေးဘုရား အစဉ်အဆက်တို့၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးတော်မူတယ်။ လူနတ်တို့ ချစ်ခင်မြတ်နိုးအပ်သူ တောင်တအပ်သူ ဖြစ်တယ်။ သာသနာတော်ကြီးကို တရားဂုဏ်ဖြင့် ကြာမြင့်စွာ တည်စေ တော်မူတယ်။

"ဤသို့သော ဂုဏ်အင်္ဂါ အမျိုးမျိုးတို့နှင့် ပြည့်စုံတော်မူ တဲ့အတွက် မြတ်စွာဘုရားကို ပြဟ္မာလို့ခေါ်၊ ရာဇာလို့လဲ ခေါ်ဆိုအပ်ပေတယ်"

မိလိန္ဒမင်း ။ ။"အရှင်ဘုရား.... ကောင်းလှပါသည်။ မိန့်တော်မူတိုင်းဝန်ခံပါသည် ဘုရား"

သီဆိုရှုအပ်သော ဘေဒဋ္ဌကို မသုံးဆောင်

မိလိန္ဒမင်း ။ ။"အရှင်ဘုရား.... 'ပုဏ္ဏား.... ငါ့အား ဂါထာကို သီဆိုရှု ရအပ်သော ဘောဇဉ်ကို စားခြင်းငှာမထိုက်... စသည်ဖြင့် ဘုရားရှင် ဟောတော်မူပါတယ်။

"နောက်တစ်ဖန်လဲ.... မြတ်စ္စာဘုရား တရားဟောတော်မူတဲ့အခါ ရှေးဦးစွာ လူဖွဲ့တန်းဖို့ ဒါနအကြောင်းကိုသာ ဟောတော်မူလေ့ရှိပါတယ်။ မြတ်စ္စာဘုရားဟောတဲ့ တရားတော်ကို ကြည်ညိုပြီး လူတဲ့အလုပ်ထူးတွေကို တပည့်သားတွေ သုံးဆောင် စားသောက်နေကြပါတယ် ဘုရား။

"အရှင်ဘုရား.... ဤစကားနှစ်ခုသည်လည်း လင်းပါးစရာ စဉ်းစားစရာ ဖြစ်နေပါသည်။ သီသာခြားနားအောင် မိန့်ကြားတော်မူပါဦး ဘုရား"

အရှင်နာဂသိန်။ ။"မင်းမြတ်....ပုဏ္ဏား....ငါ့အား၀ါထာ ကို သိဆို၍ ရအပ်သောဘောဇဉ်ကို စားခြင်းငှာ မထိုက် ဆိုတဲ့စကားကတော့ သီသာ ထင်ရှားတဲ့ အတွက် ဖြေဖို့ မလိုတော့ပေဘူး။

"မြတ်စ္စာဘုရားသည် ရှေးဦးစွာ ဒါနအကြောင်းကိုသာ ဟောလေ့ရှိပါတယ်ဆိုပဲ့ စကားကိုတော့ ရှင်းလင်းဖြေကြားရလိမ့်မယ်။

"မြတ်စ္စာဘုရားသည် ဒါန အကြောင်းကို ရှေးဦးစွာ ဟောလေ့ရှိတာကတော့ ဘုရားရှင်အားလုံးတို့၏ အပြုအမူဖြစ်တယ်။ ရှေးဦးစွာ ဒါနအကြောင်းဟောမှ စိတ်ဝင်စားလာမယ်။ စိတ်ပျော်လာမယ်။ ပြီးမှ သီလဆောက်တည်ဖို့ ဘာ၀နာပွားဖို့ ဟောမယ်ဆိုရင် လိုက်နာကျင့်ကြံပါလိမ့်မယ်။

"မင်းမြတ် ဥပမာအားဖြင့် ကလေးကို ရှေးဦးစွာ ကစားစရာပေးပြီး နောက်မှ လိုရာခိုင်းသလိုပါပဲ၊ မြတ်စ္စာဘုရားလဲ ရှေးဦးစွာ ဒါနအကြောင်းဟောပြီး စိတ်ပျော်လာမှ သီလ ဘာ၀နာကို ဟောပါတယ်။

"နောက် ဥပမာတစ်ခုက ဆေးဆရာတို့မည်သည့် လူနာကို အားရှိအောင် ပြုပြင်ကျေးမွေးပြီးနောက်မှ ဝမ်းနွတ်ဆေးတိုက်သလိုပါပဲ၊ မြတ်စွာဘုရားသခင်လဲ သတ္တဝါတွေကို ရှေးဦးစွာ စိတ်ဝင်စားအောင် ဟောပြီးနောက်မှ သိပ္ပံတောင့်ဖို့ ဘာဝနာပွားများဖို့ ဟောတော်မူခြင်း ဖြစ်တယ်။ တခြားအကြောင်းမဟုတ်ဘူး၊ တပည့်တွေ စာဖိုလောက်ဖို့ရေးအောင် သိဆိုခြင်း၊ ဟောပြောခြင်း မဟုတ်ပေဘူး ဟင်းမြတ်" မိလိန္ဒမင်း ။ ။ "ကောင်းမြတ်လှပါသည် ဘုရား"

မြတ်စွာဘုရားသည် တရားဟောရှိခဲ့
ကြောင့်ကြမဲ့ နေလိုခြင်း

မိလိန္ဒမင်း ။ ။ "အရှင်ဘုရား.... 'မြတ်စွာ ဘုရားသည် လေးသခြေ့နှင့် ကမ္ဘာတစ်သိန်းအတွင်း ဥမ္မားစွာသော လူအပေါင်းကို ကယ်တင်ထုတ်ဆောင်ခြင်းငှာ သမ္ဘည္ဟာ ဥာဏ်တော်ကို ဆည်းပူးတော်. မူခဲ့သည်' ဟု အရှင်ဘုရားတို့ မိန့်ဆိုတော် မူကြပါသည်။

"နောက်တစ်ဖန်လဲ 'ဘုရားဖြစ်ဖို့ ရောက်တော် မူသော မြတ်စွာဘုရား၏ စိတ်တော်သည် ကြောင့်ကြမဲ့ နေခြင်းငှာ ညွှတ်တော်မူ၏' ဟု ဆိုတော်မူကြပြန်ပါသည်။

"အရှင်ဘုရား.... နေ့မနား ညမအား စစ်ပွဲတိုက်ဖို့ လေ့ကျင့်ထားတဲ့ လေးသမားသည် စစ်ဖြစ်ကြပြီးကို ကြားတဲ့အခါ ကြောက်လို့ နောက်ဆုတ်သွားသလို၊ အပြင်ထွက်သပ်ရုပ် ဇဲနှင့် မာန်နှင့် လေ့ကျင့်ထားသော လက်ဝှေ့သမားသည် လက်ဝှေ့ကြိုးဝိုင်းသို့ ရောက်ဖဲ့အခါ ကြောက်လို့ ပျောင်ဖယ်သွားသလို

မြတ်စွာဘုရားသည်လည်း ဇလေးသခင်ကြီးနှင့် ကမ္ဘာတစ်သီးနှီး အတွင်းမှာ သတ္တဝါတွေကို ကယ်တင်ဖို့ သဗ္ဗညုတညာဏ် ရအောင် ကြိုးစားအားထုတ်ပြီး ဘုရားအဖြစ်သို့ ရောက်ခါမှ တရားဟောဖို့အတွက် ကုန်ဆုတ်သလို ဖြစ်နေပါတယ် ဘုရား။

"အရှင်ဘုရား... ဘယ်လိုမျှားပါလဲ ဘုရား၊ ကြောက်လို့ နောက်ဆုတ်တဲ့ သဘောမျိုးလား။ သို့မဟုတ် ဟောဖို့ ပြောဖို့ မမြင် အသိဉာဏ် မရှင်လို့ပါလား၊ သို့မဟုတ် ဘုရားအစစ် မဖြစ်သေးလို့ပါလား ဘုရား"

"အရှင်ဘုရား.... ဤကိစ္စမှာ တပည့်တော် အတော့ကို သံသယဖြစ်နေပါတယ်။ ယုံမှားမကင်း စိတ်မရှင်း ဖြစ်နေပါတယ် ဘုရား။ ခိုင်လုံသော အကြောင်းပြချက်နဲ့ သံသယကင်း အောင် ရှင်းလင်းဖြေကြားတော်မူပါ ဘုရား"

အရှင်နာဂသိန်း။ ။"မင်းမြတ်....ဤအကြောင်း ခြင်းရာနှင့် ပတ်သက်၍ ဘာမှ သံသယမဖြစ်ပါနှင့်၊ မြတ်စွာဘုရားသည် တရားဟောတဲ့ ကြောင့်ကြမဲ့နေလိုတာက သတ္တဝါတွေက တကျွာညွှန်အိုင်ထဲမှာ အပျော်ကြီး ပျော်နေကြတယ်။ ငါ-ငါနဲ့ တစ်ငါထဲငါပြီး တစ်စုံထဲ စုံနေကြတယ်။ ငါဆိုတဲ့အစုံအလမ်းက အလွန်အကျူး ဖြစ်နေတယ်။ ငါဘုရား တရားတော်ကလဲ အင်မတန် နက်နဲသိမ်မွေ့တယ်။ သိဖို့မြင်ဖို့ သဘောပေါက်ဖို့ အလွန်ခက်တယ်။ ထိုးထွင်းသိဖို့ ဆိုတာကတော့ အလွန်အလွန်ကို ခက်တယ်။

"ထိုကဲ့သို့ သိမြင်တော်မူတဲ့အတွက် ဘယ်လိုဟောရ ပြောရမလဲ၊ ဘယ်အကြောင်းတွေကို ဟောရမလဲဆိုတာ စူးစမ်းဆင်ခြင်တော်မူလို့၊ ခေတ္တခဏ ဆိုင်းငုံခြင်းမျှသာ ဖြစ်တယ်။

မြန်မြန်ထက်ထက် တရားမဟောပဲ့အတွက် တစ်သက်လုံး မဟောဘဲ နေမယ့်သဘောမျိုး မဟုတ်ဘူး၊ သတ္တဝါတွေကို ချစ်ဖို့ ဟောဖို့ တရားကို သိမြင်နိုင်ရန် ကြံစည်သော စိတ်မျှသာ ဖြစ်ပေတယ်။

"ဥပမာကတော့ ရောဂါကုန်ရင် ဆေးဆရာဟာ ရောဂါကို ဘယ်လိုနည်းနဲ့ကုရင် ပျောက်မလဲ၊ အဘိဓိတ်ခံပြီးတဲ့ မင်းမျှားကလဲ ဘယ်သူ့ကို ဘယ်လို မြှောက်စားရမလဲ ဆိုတဲ့ အချက်ကို စဉ်းစားတဲ့သဘော၊ ကြံစည်တဲ့ သဘောမျိုး လောက်သာ ဖြစ်ပေတယ် မင်းမြတ်။

"ဗြဟ္မာမင်း တောင်းပန်လို့ တရားဟောဖယ်ဆိုတာက တော့ ရှေးဘုရားတို့၏ ထုံးတမ်း ဓမ္မတာ ဖြစ်ပါတယ်၊ ဒဲ့ဒါလဲ အကြောင်းက ဒီလိုရှိပါတယ် မင်းမြတ်၊ သည်ခေတ် သည်အခါတုန်းက ရသေ့တွေ၊ ပရိုဇင်တွေ၊ သဟဿ ဗြဟ္မာ စတဲ့ လူတွေအား လုံးဟာ ဗြဟ္မာကြီးကို ကိုးကွယ်ကြတယ်။ ဗြဟ္မာကို ရိုသေလေးစား အားထားယုံကြည်ကြတယ်။ (ဗြဟ္မာကြီး ခေတ်လို့ ဆိုပါတယ်။

ထို့ကြောင့် အလွန်တန်ခိုးကြီးတဲ့ ဗြဟ္မာကြီး ကိုယ်တိုင် ရှိခိုး တောင်းပန်မယ်ဆိုရင် ကျန်တဲ့လူတွေ မြတ်စွာဘုရားကို ရှိခိုးလာလိမ့်မယ်။ လက်ဝင်ယုံကြည်လာလိမ့်မယ်။ ကြည်ညိုလေးစားလာကြလိမ့်မယ်။ ဒါကြောင့်ပင် မြတ်စွာဘုရားသည် ဗြဟ္မာကြီး တောင်းပန်မှုသာ တရားဟောတော်မူခြင်း ဖြစ်ပါတယ်။

"မင်းမြတ်....ဥပမာကတော့ ဂေါရောစ်မင်းက ရှိခိုးတဲ့လူ၊ အရိုအသေပြုတဲ့လူဆိုရင် ဘယ်သူတွေက ရှိမခိုးပဲ အရိုအသေ

မပြောဘဲ နေဝုံ့ပါ့မလဲ။ အရင်းလဲရင် အဖျား ထင်းဖြစ်တဲ့ သဘောမျိုးပေါ့။ ဒါ့ကြောင့် မြတ်စွာဘုရားသည် ဗြဟ္မာကြီး တောင်းပန်မှု တရားဟောတော်မူခြင်း ဖြစ်ပေတယ်''

မိလိန္ဒမင်း ။ ။''မှန်ပါ.... အလွန် ရှင်းလှပါသည် ဘုရား''

မြတ်စွာဘုရားမှာ ဆရာ ရှိ-မရှိ

မိလိန္ဒမင်း ။ ။''အရှင်ဘုရား.... 'နတ်နှင့် တက္ကသော လောကဌ် ငါ့မှာ ဆရာ မရှိ၊ ငါနှင့်တူသူ မရှိ၊ ငါနှင့်ပြိုင်ဘက် ပုဂ္ဂိုလ်မရှိ' ဟု မြတ်စွာဘုရားဟောတော်မူအာပ်ပေသည်။

''ပြီးတော့တစ်ဖန် 'ရဟန်းတို့ ဤသို့ဆိုလျှင် ကာလာမ၏ သားဖြစ်သော အာဠာရ ရဿေ့သည် ငါ၏ဆရာဖြစ်လျက် တပည့်ဖြစ်သောငါ့ကို မိမိနှင့် ထပ်တူထပ်မျှထား၏။ မှန်မြတ်သော ပူဇော်ခြင်းဖြင့်လည်း ငါ့ကို ပူဇော်၏' ဟု ဟောတော်မူပြန်ပါသည်။

''အရှင်ဘုရား.... ဤစကား နှစ်ရပ်သည် ယှင်းမှားစရာ စဉ်းစားစရာ ဖြစ်နေပါသည်။ သီသာထင်ရှားအောင် ရှင်းလင်း မိန့်ကြားတော်မူပါဦး ဘုရား''

အရှင်နာဂသိန်။ ။''မင်းမြတ်....ငါ့မှာ ဆရာမရှိ ဆိုသော စကားနှင့် ထပ်ဘူထပ်မျှ ထား၏။ မှန်မြတ်သော ပူဇော်ခြင်းဖြစ်လည်း ငါ့ကိုပူဇော်၏ ဆိုတဲ့စကား နှစ်ရပ်လုံးမင်လျှင် ဘုရားရှင် မိန့်တော်မူခဲ့ပါတယ်။

"အာဠာရ ရသေ့ဟာ ငါ့ဆရာ ဖြစ်တယ်ဆိုတဲ့စကားက သစ္စာလေးပါးကိုမသိမီ ဘုရားလောင်း ဖြစ်စဉ်အခါက ဆရာကို ရည်ရွယ်၍ ဟောတော်မူခြင်း ဖြစ်တယ်။

ဘုရားလောင်း၏ ဆရာ ၇ါးဦး

"မင်းမြတ်....ဘုရားလောင်း ဖွားမြင်စ လက္ခဏာဖတ်တဲ့ ပုဏ္ဏားရှစ်ယောက်ဟာ ပထမ ဆရာများ ဖြစ်ပေတယ်။

"သဗ္ဗမိတ္တ ပုဏ္ဏားသည် အတတ်ပညာ သင်ပြပေးတဲ့ ဒုတိယဆရာ ဖြစ်ပါတယ်။

"နတ်သားပြောတဲ့ စကားကိုကြား၍ ဘုရားလောင်းသည် ထိတ်လန့်တုန်လှုပ်သွားပါတယ်။ အဲဒီခဏမှာပဲ တောထွက် ရဟန်းပြုပါတယ်။ အဲဒီ နတ်သားဟာ တတိယဆရာဖြစ်ပါတယ်။

"အာဠာရ ရသေ့သည် အာကိဉ္စညာယတနဈာန်၏ ပရိကံကို သင်ကြားပါတယ်။ အဲဒါဟာ စတုတ္ထဆရာဖြစ်ပါတယ်။ ဤသူများသည် သစ္စာလေးပါးကို မသိမီ ဘုရားလောင်း အဖြစ်နှင့် ရှိစဉ်က ၇ါးဦးသော ဆရာများဖြစ်ပါတယ်။ ထိုဆရာများသည် လောကီဆရာများသာ ဖြစ်ပါကယ်။

"မင်းမြတ်.... မြတ်စွာဘုရားသည် သစ္စာလေးပါးကို သင်ပြသူမရှိဘဲ အလိုလိုသိသော ဘုရားဖြစ်၍ ငါ့မှာဆရာ မရှိ၊ ငါနှင့် တူသောသူ မရှိ၊ ပြိုင်ဘက်ပုဂ္ဂိုလ် မရှိဟု မိန့်တော်မူခြင်း ဖြစ်ပေတယ်"

ဘုရားနှစ်ဆူ တစ်ပြိုင်နက် မပွင့်ခြင်း

ဗိလိန္ဒမင်း ။ ။"အရှင်ဘုရား... မြတ်စွာ ဘုရားသည် 'ရဟန်းတို့ တစ်ခုသော လောကဝတ်ဌ် ပူဇော်အဆူးကို ခံတော်မူထိုက်ကုန်သော မြတ်စွာဘုရားနှစ်ဆူတို့သည် မရှေးမနှောင်း တစ်ပြိုင်နက် ပွင့်ရာ၏ဟူသော ဤအကြောင်းမျိုးသည် အကြောင်းမဟုတ်၊ အခွင့်မဟုတ်၊ ထိုအကြောင်းမျိုး မရှိနိုင်'ဟု ဟောကြားတော်မူခဲ့ပါသည်။

"အရှင်ဘုရား....ပွင့်တော်မူသမျှသော ဘုရားရှင်အားလုံးတို့သည် ဗောဓိပင်ကိုတက်တရား သုံးဆယ့်ခုနစ်ပါးကိုသာ ဟောတော်မူပါတယ်။ သစ္စာလေးပါးကိုသာ ဖြေကြားတော်မူပါတယ်။ သိက္ခာသုံးပါးကိုသာ ကျင့်စေခဲ့တော်မူပါတယ်။ မမေ့မလျော့မူ အပမာဒ တရားကိုသာ ဆုံးမတော်မူပါတယ်။

"ဤကဲ့သို့ ဘုရားတိုင်း၊ ဘုရားတိုင်း တစ်မျိုးတည်း တစ်ပုံစံတည်း ဟောတယ်၊ ဖြေတယ်၊ ကျင့်စေတယ်၊ ဆုံးမတယ် ဆိုရင် လောကမှာ ဘာ့ကြောင့် ဘုရားနှစ်ဆူ မပွင့်ပါသလဲ။

"ဘုရား တစ်ဆူတည်း ပွင့်ရုံမျှနှင့် တရား အလင်းရောင် တပြောင်ပြောင် တောက်ပနေချေသော် နှစ်ဆူမျှားပွင့်လိုက်လျှင် မည်သို့ ရှိခဲ့မှ်ပါမည်လဲ။ တရား အလင်းရောင်သည် အတိုင်းထက်အလွန် ထိန်လင်းနေပါလိမ့်မည်။ ဆုံးမယ်သွန်သင်မယ်ဆိုရင်လဲ နှစ်ဆူဖြစ်တဲ့အတွက် သက်သာလွယ်ကူပါလိမ့်မည်။ ချမ်းချမ်းသာသာ ပြောဆိုဆုံးမနိုင်ပါလိမ့်မည် ဘုရား"

"အရှင်ဘုရား....ဟပညာ့ကောင်ကြီးအဖို့ ကျွန်အတိုင်းပင် သံသယ မကင်း ဖြစ်နေပါ၍ သံသယကင်းခြောင် ရှင်းလင်းမိန့်ကြား တော်မူပါ ဘုရား"

အရှင်နာဂသိန်။ ။"မင်းမြတ်....လောကဓာတ် တိုက် တစ် သောင်းသည် ဘုရားတစ်ဆူ အားကိုသာ နှိုင်ပါသည်။ ဘုရားတစ်ဆူဂုဏ်ကိုသာ ဆောင်နိုင်ပါသည်။ အကယ်၍ ဘုရားနှစ်ဆူ ပွင့်မယ်ဆိုလျှင် ဝန်နှင့်အား မမျှ၍ လောကကြီး ပျက်စီးသွားပါလိမ့်မည်။ ပင်ကိုယ်အတိုင်းရှိနိုင် တော့မည် မဟုတ်ပါ။

"ဥပမာအားဖြင့် လူတစ်ယောက်သာ နိုင်တဲ့လှေကို တစ် ယောက်ထဲစီးမှသာ အဆင်ပြေပါလိမ့်မည်။ နှစ်ယောက်စီး လျှင် လှေပျက်လို့ အသက်သေဖို့ ဖြစ်ပါလိမ့်မည် မင်းမြတ်။

"နောက်တစ်ခုကတော့ ဘုရားနှစ်ဆူ ပွင့်မယ်ဆိုလျှင် မြတ် စွာဘုရားသည် အမြတ်ဆုံးဆိုတဲ့စကား မှားသွားပါလိမ့် မည်။ တစ်ဆူတည်း ပွင့်တော်မူခြင်းသည်သာ ဘုရားရှင်ရဲ့ ပကတိသဘောလဲ ဖြစ်ပေတယ် မင်းမြတ်"

မိထွေးတော်ဂေါတမီ သက်နှံးလှူခြင်း

မိလိန္ဒမင်း ။ ။"အရှင်ဘုရား... မိထွေးဖောက် မဟာ ပဇာပတိ ဂေါတမီက မြတ်စွာဘုရား အား မိုးရေခံသက်နှံးကို လှူတဲ့အခါ 'ဂေါတမီ- သင်သည် သံဃာအားလှူလော့၊ သံဃာကို လှူအပ်သည်ရှိသော် ငါ့ဘုရား ကို လည်းကောင်း၊ သံဃာကိုလည်းကောင်း ပူဇော်အပ်သည် ဖြစ်လတ္တံ့' ဟု မြတ်စွာဘုရားကိုယ်တိုင် မိန့်ကော်မူပါသည်။

"အရှင်ဘုရား.... ဟယ်လိုမျှားပါလဲ ဘုရား၊ မြတ်စွာဘုရားသည် သံဃာများထံ မဂလေးစားထိုက်လှိုလား၊ အလေးပြုလိုက်လှိုလား၊ မြတ်သောအလှကို မခံထိုက်လှိုလား ဘုရား။ ဤပြင် လှူဒါန်းအပ်သော သက်နှံးကလည်း မိမိ၏ မိဘထွေးတော် ဂေါတမီကိုယ်တိုင် ကြိုးစားပန်းစား ယက်လုပ် လှူဒါန်းဆက်ကပ်တဲ့ သက်နှံးမဟုတ်ပါလား ဘုရား"

"အရှင်ဘုရား... မြတ်စွာ ဘုရားသည် တကယ်လှိုသော သံဃာတော်များသက် လှူနိုင်မြတ်တယ်၊ ထူးခြားတယ်ဆိုရင် ဂေါ်ကိုလှူရင် ကြီးပွားသောအကျိုး ရလိမ့်မည်ဟု မြတ်စွာဘုရားသည် မိမိ၏ မိဘထွေးတော် ဂေါတမီကိုယ်တိုင် အားပန်းခံပြီး ယက်လုပ်ထားတဲ့ မိုးရေခံသက်နှံးကို သံဃာကို အလှူခိုင်းဖို့ မတောင်းကား မဟုတ်ပါလား ဘုရား ယခုမူ ထိုသို့မဟုတ်ဘဲ ဤသက်နှံးကို သံဃာများအား ဘာမကြောင့် လှူဒါန်းခိုင်းပါလဲ ဘုရား"

အရှင်နာဂသိန်း။ ။"မင်းမြတ်... မြတ်စွာ ဘုရားသည် မိဘထွေးဖေါ်ဂေါတမီ သက်နှံး လှူတဲ့အခါ သံဃာကိုလှူဖို့ မိန့်တော်မူတာကတော့ မိမိအတွက်ရည်ရွယ်ပြီး လှူတာ အကျိုးမကြီးလှိုလဲ မဟုတ်ဘူး၊ မြတ်သော အလှူကို မခံထိုက်လှိုလဲ မဟုတ်ဘူး မင်းမြတ်။

"စင်စစ်ကတော့ အကျိုးရှိလိုတဲ့သတော၊ စောင့်ရှောက်လိုတဲ့သတော၊ နောင်အခါ ငါဘုန်း ကွယ်လွန်သွားရင် သံဃာကို ပိုပြီး ရိုသေလေးစားကြလိမ့်မယ်ဟု သံဃာ့ဂုဏ်ကို ဆင်ရှားစေလို ချီးကျူးမြှောက်စားလိုတဲ့အတွက် သံဃာကို

လှူရင် ငါဘုရားကို လှူရာလဲရောက်၊ သံဃာကို လှူရာလဲ ရောက်မယ်'ဟု ပြောဆို တိုက်တွန်းတော်မူခြင်း ဖြစ်တယ်။

"မင်းမြတ်.... ငါ့လက်ဆက် ငါကိုယ်တိုင် ထင်ရှားရှိစဉ် မြင့်တင်မြောက်စား ထားမယ်ဆိုရင် နောင်အခါ၌ ရဟန်း သံဃာများဟာ လူတို့အလယ်မှာ အပူဇော် ခံရလိမ့်မယ်၊ ဥပမာ ခမည်းတော်ကိုယ်တိုင် ရှိစဉ်ကတည်းက ညီလာခံဗိုလ်ပုံ အလယ်မှာ ငါ့သားတော် အင်မတန်တော်တယ်၊ လိမ္မာ ရဲရင့်တယ် စသည်ဖြင့် ထင်ထင်ရှားရှား ချီးမြှင့်မြောက်စား ပြောကြားသလိုပဲ ဖြစ်တယ် မင်းမြတ်။

"ထိုနည်းတူပဲ မြတ်စွာဘုရားသည် အကျိုးစီးပွားရှိ အောင် အစဉ် စောင့်ရှောက်တဲ့သဘော၊ သနားတော်မူတဲ့ သဘော၊ ချီးမြှင့်မြောက်စားတဲ့ သဘောနဲ့ နောင် ငါဘုရား ကွယ်လွန်သွားရင် သံဃာတို့သည် အရှိအမဲ ခံကြရလိမ့်မယ် ဟု ထင်ရှားတဲ့ ဂုဏ်ကျေးဇူးကို ချီးကျူးလိုတဲ့၊ အတုက် မိဇေယ္ယတော် ဂေါတမီကို ထိုကဲ့သို့ မိန့်တော်မူကာ သက်နှံ့ အလှူခိုင်းခြင်း ဖြစ်တယ်။

"မင်းမြတ်....မိုးရေခံ သက်နှံလှူရုံနဲ့ သံဃာသည် ဘုရား ထက် မြတ်မသွားပါ။ ကစ်ယောက်ကပေးတဲ့ လက်ဆောင် ပဏ္ဏာကို မင်းက လူဘစ်ယောက်အား ပေးလိုက်တာနဲ့ အဲဒီ လူဟာ မင်းထက် မြတ်သွားသလား"

ဗိုလိန္ဒမင်း ။ ။"မမြတ်ပါ ဘုရား"

အာနန္ဒာဝဂသိန်။ ။"မှန်ပေတယ် မင်းမြတ်၊ သံဃာအား အလှူခိုင်းသည်လည်း ထိုအတူသာဖြစ် ပေတယ်"

လူနှင့် ရဟန်း ကောင်းစွာ ကျင့်ခြင်း

မိုလိန္ဒမင်း ။ ။"အရှင်ဘုရား... ရဟန်းတို့.... လူ၏ လည်းကောင်း၊ ရဟန်း၏ လည်းကောင်း၊ ကောင်းစွာ ကျင့်ခြင်းကို ငါဘုရား ချီးမွမ်းတော်မူ၏။ ရဟန်းတို့ လူသည်မူလည်းဖြစ်စေ၊ ရဟန်းသည်မူလည်းဖြစ်စေ၊ ကောင်းစွာကျင့်ခဲ့သော၊ ကောင်းစွာ ကျင့်ခြင်းဟူသော 'အကြောင်းကြောင့် မဂ်ကုသိုလ် တရားကို ပြီးစီးစေနိုင်၏'ဟု မြတ်စွာဘုရား မိန့်ကြားတော်မူပါသည်။

"အရှင်ဘုရား....လူတွေက ဝတ်ချင်သလိုဝတ်၊ စားချင်သလိုစား၊ ကာမဂုဏ် ခံစားချင်သလို ခံစားပြီး ကောင်းကောင်း ကျင့်လို့ မဂ်ဖိုလ်ရတယ်ဆိုရင် အရှင်ဘုရားတို့ ရဟန်းတွေက ဒေါ'ငင်းတုံးတုံး၊ ဖန်ရည်ဆိုးတဲ့ အဝတ် ဝတ်၊ အိမ်တကာလျှောက် ဆွမ်းခံ၊ သီဟာပုဒ်တွေ အများကြီးထိန်း၊ ခွဲတင်တွေဆောင်၊ ဒီလို အများကြီးကျင့်မှ မဂ်ဖိုလ်ရနိုင်တယ်ဆိုရင် အရှင်ဘုရား လူနှင့်ရဟန်း ဘာများတူးပါသလဲ။

"အကျင့်ကျင့်တာ၊ ရဟန်းဝတ်တာ၊ သီဟာပုဒ်တွေထိန်းနေရတာ အကျိုးမရှိ အလကားလို ဖြစ်နေပါတယ်။ အပင်ပန်း အဆင်းရဲခံ ကျင့်ရတာ ဘာများ အကျိုးရှိပါသလဲ၊ ကာမဂုဏ် ချမ်းသာကို ခံစားချင်းသာ နိဗ္ဗာန်ချမ်းသာကို ရနိုင် ရောက်နိုင်သည့် မဟုတ်ပါလား ဘုရား"

အရှင်နာဂသိန်။ ။"မင်းမြတ်....အဲ့ဒီစကားကို ဘုရားဟောတာ မှန်တယ်။ လူပဲဖြစ်ဖြစ်၊ ရဟန်းပဲဖြစ်ဖြစ် ကောင်းကောင်းကျင့်မှသာ မြတ်တယ်။ မဂ်ဖိုလ်ရနိုင်

တယ်။ ရဟန်းကလဲ ငါရဟန်းပဲဆိုပြီး ကောင်းကောင်း မကျင့်ဘဲနေရင် မဂ်နဲ့ဝေးသွားမယ်။ ဝတ်ကြောင်ဝတ်တဲ့လူတွေ့ ဆိုရင်တော့ ပြောစရာတောင် မလိုတော့ဘူး။

"မင်းမြတ်.... အမှန်စင်စစ်ကတော့ ရဟန်းသာ ဘဝကို အစိုးရတယ်၊ ကြီးမှူးတယ်၊ ဂုဏ်ရှိတယ်၊ မနှိုင်းယှဉ်နိုင်သော ဂုဏ်သိက္ခာရှိတယ်။ ရဟန်းတို့၏ ဂုဏ်ကို နှိုင်းပြဖို့တောင် ခက်တယ်"

"မင်းမြတ်....ပတ္တမြား ရတနာရဲ့ တန်ဖိုးဟာ မည်ရွေ့ မည်မျှပဲလို့ အဖိုးမဖြတ်နိုင်ဘူး။ တခြားပစ္စည်း ဥစ္စာတွေနဲ့လဲ နှိုင်းယှဉ်လို့ မရဘူး၊ ထိုအတူပဲ ရဟန်းဘဝကို တန်ဖိုးဖြတ်လို့ မရဘူး၊ နှိုင်းယှဉ်လို့ မရဘူး။

"အထူးကတော့ မင်းမြတ်၊ ရဟန်းဘဝဟာ လုပ်စရာရှိလို့ လုပ်ရင် မြန်မြန်ဆန်ဆန် အောင်မြင်တယ်။ ဘာ့ကြောင့်လဲဆိုတော့ ရဟန်းတွေမှာ အလိုနည်းတယ်။ ရောင့်ရဲလွယ်တယ်။ ကာမမှုဆိတ်တယ်။ ကာမ ဇနီးနှောတဲ့အတွက် ဒီရိယမြဲတယ်။ ငြိုကပ်တက်မက်မှု မရှိဘူး။ သီလရှိတယ်၊ အကျင့်ကောင်းတယ်! ဓုတင်အကျင့်မှာ လိမ္မာတယ်။

"မင်းမြတ်.... စင်စင်ကတော့ ဤသို့သော ထူးခြားမှုများ ကြောင့်ပင် တကယ်တမ်း ကျင့်မယ်ဆိုရင် ရဟန်းတွေက ခဏကလေးနဲ့ မဂ်ဖိုလ်ရမယ်။ လူတွေက ကြာမြင့်စွာကျင့်မှ မဂ်ဖိုလ်ရမယ်။ ရဟန်းနဲ့လူ ကွာခြားမှုဟာ လိုရင်းအချုပ်ကတော့ ဤသို့ပင်ဖြစ်ပေတယ် မင်းမြတ်"

မိလိန္ဒမင်း ။ ။"မှန်ပါ၊ တပည့်တော် ကောင်းစွာ ဆင်ခြင် သုံးသပ်နိုင်ပါပြီ ဘုရား"

ဒုက္ခရုစရိယာ အကျင့်၏ အပြုံ

မိလိန္ဒမင်း ။ ။"အရှင်ဘုရား.... ဘုရားလောင်းသည် အလွန်ပြင်းထန်တဲ့ဒုက္ခရုစရိယာအကျင့်ကို ကျင့်တော်မူခဲ့ပါတယ်။ ဘုရားလောင်း၏ဘဝတစ်လျှောက်မှာ ဒုက္ခရုစရိယာအကျင့်လောက် အပင်ပန်း အဆင်းရဲခံပြီး ကျင့်တဲ့အကျင့်မျိုး မရှိဘူးလို့ ထင်ပါတယ်။ ဘယ်လိုကျင့်ပေမယ့် အာဝေကျနပ်ဖွယ် မရှိသောကြောင့် စိတ်ခံတတ်ကျလာပါသည်။ အားလျော့လာပါသည်။

"သို့အတွက် 'ပြင်းထန်ခါးသီးသော ဤမျှသော ဒုက္ခရုစရိယာအကျင့်ဖြင့် လူတို့၏ ကုသိုလ်ကမ္မပထရား ထို့ထက်လွန်မြတ်သော အရိယာတို့၏ဉာဏ်ဖြင့်သာ မြင်နိုင်စွမ်းသောတရား အကူးကိုမရနိုင်ပေ။ တရားအကူးကိုရခြင်းငှာ အခြား နည်းလမ်း ရှိသေးသလော'ဟု မိန့်ဆိုခဲ့ပါသည်။ ထိုဒုက္ခရစရိယာ အကျင့်၌ ကြီးငွေ့တော်မူ၍ အခြားသော အကျင့်လမ်းဖြင့် ဘုရားအဖြစ်သို့ ရောက်တော်မူပါသည်။ တစ်ဖန် ကြီးငွေ့ခဲ့သော အကျင့်ဖြင့်ပင် တပည့်သား သာဝကတို့ကို....

"မြတ်စွာဘုရား 'သာသနာတော်၌ အားထုတ်ကုန်ကြလော၊ မတွန့်မဆုတ် အားထုတ်ကုန်ကြလော၊ အမြန်ဆုံး ကြိုးပမ်းကြကုန်လော၊ ဆင်ခြေပေါင်သည် ကြူ။ အိမ်ကို နင်းနယ်ခြေမှုန်းသကဲ့သို့ မာရ်နတ်မင်း၏ ကိလေသာ စစ်သည်တို့ကို ဖျက်ဆီးကြကုန်လော'ဟု အဆုံးအမ ပေးတော်မူပြန်ပါသည်။ ရောက်တည်စေပြန်ပါသည်။

"အရှင်ဘုရား- မြတ်စွာ ဘုရားသည် ဒုက္ခရစရိယာအကျင့်ကို ကိုယ်တော်တိုင် ကြိုးကုန်ထောင်မူခဲ့ပါတယ်။ တပ်ခက် နှစ်သက်ခြင်း ကင်းတော်မူခဲ့ပါသည်။ သို့ပါလျက် မိမိ၏ တပည့်သား သာဝကများအား ထိုအကျင့်ကို ကျင့်ကြံဖို့ အဘယ်ကြောင့် ဆုံးမတော် မူပြန်ပါသနည်း"

အရှင်နာဂသိန်။ ။"မင်းမြတ်....ဟိုအခါတုန်းကပဲဖြစ်စေ၊ ယခုအခါပဲ ဖြစ်စေ၊ ဒုက္ခမရစရိယာ အကျင့်သာဖြစ်ပါသည်။ ဒုက္ခရစရိယာအကျင့်ကို ကျင့်သောကြောင့်ပင် ဘုရားလောင်းသည် သဗ္ဗညုတဘုရား အဖြစ်သို့ ရောက်ခဲ့ပါသည်။

"မင်းမြတ်....စင်စစ်ကတော့ဘုရားလောင်း အလွန်အမင်း အားထုတ်တဲ့အခါမှာဘုရားလောင်းသည် အာဟာရကို လုံးဝ ဖြတ်တောက် ပစ်လိုက်ပါသည်။ အာဟာရ ပြတ်သွားတဲ့ အတွက် စိတ်မာတဲ့ အားနည်းခြင်း ဖြစ်ပါသည်။ စိတ်ဓာတ် အားနည်းတဲ့အတွက် ဘုရားအဖြစ် သို့ မရောက်နိုင်ဘဲ ဖြစ်နေပါသည်။

"ဘုရားလောင်းသည် အာဟာရကို အနည်းငယ်မှီဝဲပေးလိုက်သည့်အခါ ဒုက္ခရစရိယာ အကျင့်ဖြင့်ပင် မကြာမီ ဘုရားအဖြစ်သို့ ရောက်ခဲ့ခြင်း ဖြစ်ပါသည်။ ဘုရားရှင်များအားလုံး ဒုက္ခရစရိယာ အကျင့်ကို ကျင့်မှ ဘုရားအဖြစ်သို့ ရောက်ရမြဲ ဖြစ်ကြပါသည်။

"မင်းမြတ်....ဥပမာကဆရာ့ တက္ကဝါတို့မကတ်ကည့် အာဟာရ ဆေးတောက်ပုံမှာ ထပ်ဟာရကို ပုံစံအားဆေးတောက်ရမှ ချမ်း

သားကို ခံစားရပါတယ်။ သဟ္ဘာဝါတို့၏ အသက်ကို အာဟာရက ဆက်ပေးနေတယ် မဟုတ်ပါလား။

"မင်းမြတ်.... အဲဒီ့ဥပမာလိုပဲ၊ ဘုရားရှင်အား လုံးဒုက္ခရစရိယာအကျင့် ကျင့်မှ ဘုရားဖြစ်ပါတယ်။ ဒုက္ခရစရိယာအကျင့်ကို ကျင့်ပါလျက် ဘုရားမဖြစ်တာကတော့ အားထုတ်ခြင်း၏ အပြစ်မဟုတ်ပါ။ ဖြတ်တောက်တဲ့အတွက် လုံးဝမစားသောက်ဘဲ နေတဲ့အတွက် ဘုရားမဖြစ်ခြင်း ဖြစ်ပါတယ်။

"ဒုက္ခရစရိယာအကျင့်သည် အခါခပ်သိမ်း သဗ္ဗညုတဉာဏ်ကို ရအောင်၊ ဘုရားဖြစ်အောင် ကျင့်ရမည့် ကျင့်စဉ်ဖြစ်ပါသည်။ အစာမစားဘဲ နေတာ တစ်ခု မှားသွားလို့သာ ဘုရားမဖြစ်ခြင်း ဖြစ်သည်။ အစာကို မှီဝဲလိုက်တာနဲ့ တစ်ပြိုင်နက် မကြာမီ ဘုရားဖြစ်သွားပါသည်။

"နောက် ဥပမာတစ်ခုကတော့ ခရီးရှည်သွားတဲ့ လူဟာ မြန်မြန်သွားတဲ့အတွက် ခြေထောက်တွေ လေးလာပါတယ်။ အဲဒါဟာ မြေကြီးရဲ့ အပြစ်လား။ ဘယ်သူမဆို ခရီးသွားရင် မြေကြီးပေါ်ပဲ သွားရမယ် မဟုတ်လား။ အဝတ်ညစ်ရဲ့ မလျှော်မဖွတ်ဘဲနေတာ ရေရဲ့အပြစ်လား။ မလျှော်တဲ့လူရဲ့ အပြစ်လား။

"ဘယ်သူမဆို အဝတ်မလျှော်ရင် ရေနဲ့ပဲ လျှော်ရမယ်။ ထို့အတူပဲ မင်းမြတ်၊ ဘုရားဖြစ်ချင်လျှင် ဒုက္ခရစရိယာကို ကျင့်ရမှာပဲ။ ဒုက္ခရစရိယာနှင့် ကင်းရှင်းတော့ ဘုရားမဖြစ်နိုင်ပေဘူး" ဗိလိန္ဒမင်း ။ ။"ဟောင်းမြတ်လုပါသည် ဘုရား"

လူပြန်တော် ပြဿနာ

မိလိန္ဒမင်း ။ ။"အရှင်ဘုရား.... သာသနာ့တော်ကြီး သည် ကြီးကျယ်လှပါသည်။ ချမ်းမြေ့ဖွယ် အပြည့်ရှိပါသည်။ဤမျှလောက် အဖိုးတန်တဲ့ သာသနာတော်ကြီးဌာ လူတိုင်းကို ရဟန်းဝတ်မပေးထိုက်ပါ။ အနည်းဆုံး တစ်မင်္ဂ တစ်ဖိုလ်လောက် ရပြီးသူများကိုသာ ရဟန်းဝတ်ပေးထိုက်ပါသည်။ သို့မဟုတ်ပါက လူ ထွက်ထွက်ကုန်ကြတဲ့အတွက် မြတ်စွာဘုရား သာသနာတော်ကို အချည်းနှီးပဲ၊ အလကားပဲဟု အထင်သေးစရာ၊ ကဲ့ရဲ့စရာ ဖြစ်နေပါလိမ့်မည် ဘုရား"

အရှင်နာဂသိန်။ ။"မင်းမြတ်.... ရှိတွေ့ညှိုးတွေ့ ပေကျ နေတဲ့ လူတစ်ယောက်ဟာ ကန်ကြီးကလဲ အင်မတန် စင်ကြယ်သန့်ရှင်းတယ်၊ ရေကလဲ ပေါများတယ်၊ အဲဒီကန်ကိုသွားပြီး ရေမချိုးဘဲ ပြန်လာရင်၊ ရေမချိုးဘဲ ပြန်လာတဲ့လူကို ကဲ့ရဲ့မလား၊ ရေကန်ကြီးကို ကဲ့ရဲ့မလား"

မိလိန္ဒမင်း ။ ။"အရှင်ဘုရား.... ရေကန်မှာ ဘာအပြစ်မှ မရှိပါ။ ရေမချိုးဘဲ ပြန်လာတဲ့လူကို သာ ကဲ့ရဲ့ပါလိမ့်မယ် ဘုရား"

အရှင်နာဂသိန်။ ။"ဤနည်းအတူပဲ မင်းမြတ်၊ မြတ်စွာဘုရား သာသနာက ရေကန်နှင့်တူပါတယ်၊ ရေမချိုးဘဲ ပြန်လာတဲ့လူက လူထွက်နှင့် တူပါတယ်။ ဒါကြောင့် မြတ်စွာဘုရား သာသနာမှာ အပြစ်မရှိပါ။ လူတွက်လာတဲ့လူကိုသာ ကဲ့ရဲ့ဖွယ်ဖြစ်ပါလိမ့်မယ်"

ရဟန္တာမျှား ၊ ၀ဒုဒ ခံစားခြင်း

မိလိန္ဒမင်း ။ ။"အရှင်ဘုရား.... ရဟန္တာ ပုဂ္ဂိုလ်မျှား သည် ကိုယ်ခန္ဓာဖြစ်သော တစ်ခုတည်း သော ဝေဒနာကိုသာ ခံစားရ၏၊ စိတ်ခန္ဓာဖြစ်သော ဝေဒနာ ကိုမူ မခံစားရဟု အရှင်ဘုရားတို့ မိန့်ဆိုကြပါသည်။

"အရှင်ဘုရား.... ဘယ်လိုပါလဲ ဘုရား။ ဆန်းကြယ်လှ ချေ၏တကား။ ရဟန္တာ၏စိတ်သည် ကိုယ်ကို အမှီပြု၍သာ ဖြစ်တယ်မဟုတ်ပါလား ဘုရား။ ရဟန္တာသည် ဤကိုယ်ကြီးကို အစိုးမရဘူးလား။ ဤကိုယ်ကြီးကို မပိုင်ဘူးလား။ အလိုခွဲ မလိုက်စေဘူးလား ဘုရား"

အရှင်နာဂသိန်း ။ ။"ဒကာတော်မင်းမြတ်၊ ရဟန္တာပုဂ္ဂိုလ် ၏ စိတ်သည် ဤကိုယ်ကြီးကို အစိုးမရ၊ အလိုခွဲ မလိုက်စေနိုင်ဘူး"

မိလိန္ဒမင်း ။ ။"အရှင်ဘုရား... ဒီလိုတိုရင် မသင့်လျော်ဘူး သင်ပါတယ်။ ဂုက်မျှားပင်လျှင် အသိုက်ထဲမှာ နေသမျှ အသိုက်ကို အစိုးရကြပါတယ်၊ ပိုင်ဆိုင်ကြပါတယ် ဘုရား"

အရှင်နာဂသိန်း ။ ။"မင်းမြတ်- ဖြစ်လေရာဘဝတိုင်း ကိုယ်သို့ အစဉ်လိုက်တဲ့ တရားဆယ်ပါး ရှိတယ်၊ အဲဒီ ဆယ်ပါးကတော့....

၁။ အမျိုး၊ ၂။ အပူ ၃။ ဆာလောင်ခြင်း၊ ၄။ ရေငတ်ခြင်း။ ၅။ ကျင်ကြီး၊ ၆။ ကျင်ငယ်၊ ၇။ အိပ်ငိုက်ခြင်း။ ၈။ အိုခြင်း၊ ၉။ ဖျားနာခြင်း၊ ၁၀။ သေခြင်း။

ဤတရားဆယ်ပါးဟာ ဖြစ်လေရာ ဘဝတိုင်း ဘဝတိုင်း ကိုယ်ခန္ဓာနောက်ကို အစဉ်လိုက်နေပါတယ်။ ထို့ကြောင့် ဤဆယ်ပါးကို ရဟန္တာမျှား အစိုးမရပါ။ ကိုယ်ပိုင်မလုပ်နိုင်ကြပါ။ အလိုသို့မလိုက်စေနိုင်ကြပါ''

မိလိန္ဒမင်း ။ ။''ဘာ့ကြောင့်မျှားပါလဲ ဘုရား''

အရှင်နာဂသိန်။ ။''မင်းမြတ်.. ဥပမာအားဖြင့် မြေကြီးကို အမှီပြု၍ ဖြစ်တဲ့ သတ္တဝါ မှန်သမျှ အားလုံး မြေကြီးကို အမှီပြုပြီး သွားလာနေထိုင် ကြရတယ်။ အသက် မွေးကြရတယ်။ ဒီ့ဒီ့ သတ္တဝါတွေဟာ မြေကြီးခ္ဍ အာဏာ ရှိပါသလော၊ အစိုးရပါသလော''

မိလိန္ဒမင်း ။ ။''မရပါဘုရား''

အရှင်နာဂသိန်။ ။''ထို့အတူပဲ မင်းမြတ်၊ ရဟန္တာပုဂ္ဂိုလ်မျှား၏ စိတ်သည် ကိုယ်ခန္ဓာကိုအမှီပြု၍ ဖြစ်ပါတယ်။ သို့သော်.... ဤကိုယ်ခန္ဓာကြီး အပေါ်ခ္ဍ တန်ခိုး အာဏာမရှိ၊ အစိုးမရ ဖြစ်ပေတယ်''

မိလိန္ဒမင်း ။ ။''အရှင်ဘုရား.... ပုထုဇဉ်တွေကတော့ ဘာ့ကြောင့် ကိုယ်၊စိတ် ဝေဒနာနှစ်မျိုးစလုံးကို ခံစားရပါသလဲ''

အရှင်နာဂသိန်။ ။''မင်းမြတ်_ ငတ်မြတ်နေတဲ့ နွားကစ်ကောင်ကို မခိုင်တဲ့ မြက်ဖုတ်၊ တိုင်ဝုတ်မှာ ချည်ထားတဲ့အခါ နွားကစ်တ်ဆိုးပြီးရှန်းထွက်သွားလျှင် ဝုတ်ကျတ်ထွက်ပြီး ပါသွားပါတယ်။

"လို့အတူပဲ မင်းမြတ်.... ပွဲသဘောအားထုတ်တဲ့စိတ် မရှိသော ပုထုဇဉ် ပုဂ္ဂိုလ်မှာ ခံစားမှုဝေဒနာဖြစ်တဲ့အတွက် စိတ်ဖောက်ပြန်တယ်။ စိတ်ဖောက်ပြန်ရင် ကိုယ်ကို တည့်တံ့အောင် မထိန်းနိုင်၊ တပြောင်းပြန်ပြန် ဖြစ်တယ်။

"အဲဒီအခါမျိုးမှာ ပွဲသဘောအားထုတ်ထားသော စိတ် မရှိတဲ့အတွက် ထိတ်လန့်ကြောက်မက်ဖွယ်အသံနဲ့ အော်တယ်၊ မြည်တမ်းတယ်။ ဒါကြောင့် ပုထုဇဉ်တွေမှာ ကိုယ်ဝေဒနာ၊ စိတ်ဝေဒနာ နှစ်မျိုးစလုံး ခံစားကြရတယ်။

"ရဟန္တာမျှားမှာ ကိုယ်ဌာဖြစ်တဲ့ ဝေဒနာတစ်ခုထဲ ခံစားရတာကတော့ စိတ်ကိုနိုင်အောင် ပွဲသဘောထားလို့၊ ဆုံးမထားလို့ ဖြစ်တယ်။ရဟန္တာမျှား ဒုက္ခဝေဒနာ ခံစားရတဲ့အခါ အမြဲမရှိဘူး အနိစ္စလို့ စဉ်မှတ်ထားတယ်။ သမာဓိတိုင်မှာ စိတ်ကို ခိုင်အောင် ချည်ထားတယ်။ ဒါ့ကြောင့် မှတုန်လှုပ်ဘူး။ သည့်အတွက် ကိုယ်ဌာဖြစ်သော ဝေဒနာ တစ်မျိုးတည်းသာ ခံစားရခြင်း ဖြစ်ပေတယ်။

ဟေးထူးမရခြင်း၏ အနှစ်ရာယ်

မိလိန္ဒမင်း ။ ။"အရှင်ဘုရား.... တချို့သော ပုဂ္ဂိုလ်မျှား သာသနာတော်က ဆုံးရှုံးပါတယ်။ ပါရာဇိကကျပါတယ်။ အဲဒီပုဂ္ဂိုလ်တွေဟာ သာသနာတော် ဆုံးရှုံးမှုနဲ့ ကိုယ်တိုင် မသိပါ။ သူတစ်ပါးတွေကလဲ သိအောင် မပြောပါ။ အဲဒီပုဂ္ဂိုလ်မျှား နောက်တစ်ဖန် ရဟန်းဝတ်ပြီးမှ တရားရအောင် ကျင့်ကြံအားထုတ်လျှင် မဂ်ဖိုလ်ရနိုင်ပါသေးသလား ဘုရား"

အရှင်နာဂသိန်။ ။"မရန်ဝိုင်တောဘုန်း မင်းမြတ်"

မိလိန္ဒမင်း ။ ။"အရှင်ဘုရား....သိမ့် နောင်တာ ပူပန်ပူကုက္ကုစ်ဖြစ်တယ်။ ကုက္ကုစ်ဖြစ်မှု ပိတ်ပင်ခြင်း ဖြစ်တယ်။ ပိတ်ပင်သောစိတ်မှသာ မဂ်ဖိုလ်မရန်ဝိုင်ဘုန်း မဟုတ်ပါလား ဘုရား"

အရှင်နာဂသိန်။ ။"မင်းမြတ်.... မီးဆိုတာ ကုန်းပေါ်မှာ လောင်သလား၊ ရေထဲမှာ လောင်သလား"

မိလိန္ဒမင်း ။ ။"ကုန်းပေါ်မှာ လောင်ပါတယ်ဘုရား"

အရှင်နာဂသိန်။ ။"ဘာပြုလို့ ရေထဲမှာ မလောင်သလဲ"

မိလိန္ဒမင်း ။ ။"လောင်စရာ အကြောင်း မရှိလို့ မလောင်တာပါဘုရား"

အရှင်နာဂသိန်။ ။"ထိုကဲ့သို့ပဲ မင်းမြတ်.... ဘဝဒီဝုဋ္ဌိုလ် မျှားဟာ ပါရာဇိကကျသွားတဲ့အတွက် ကြောင့် တရားထူးမရန်ဝိုင်တောဘုန်း။ အကြောင်းတရား မြဲတဲ့သွားတဲ့အတွက် ဘယ်လိုကြိုးစား ကြိုးစား ဒီဘဝမှာ မဂ်ဖိုလ် မရန်ဝိုင်တောဘုန်း မင်းမြတ်"

၅ ၄ ၄ ၀
လူဒုဿီလနှင့် ရုဟန်းဒုဿီလ ထူး-မထူး

မိလိန္ဒမင်း ။ ။"အရှင်ဘုရား.... လူဒုဿီလနှင့် ရုဟန်းဒုဿီလ ဘယ်လိုမျှား လူးပါသလဲ ဘုရား၊ ဤပုဂ္ဂိုလ်နှစ်ဦးသည် တူမျှခဲ့ကာ အလားအလာ၊ ဟူ မျှဖေသောအကျိုးဖြစ်နိုင်ပါသလား ဘုရား"

အရှင်နာဂသိန်။ ။"မင်းမြတ် ... လူဒုဿီလထက်၊ ရဟန်း ဒုဿီလက ဂုဏ်ဆယ်ပါး သာတယ်။ အဲဒီ ဂုဏ်ဆယ်ပါးကြောင့် မြတ်သောအလှကို သုတ်သင်နိုင် ပါတယ်၊ အကျိုးခံစားခွင့် ရနိုင်ပါတယ်။

ရဟန်းဒုဿီလ၏ ဂုဏ်ဆယ်ပါး

၁။ ဘုရားဥာဏ်ရှိသေခြင်း။
၂။ တရားဥာဏ်ရှိသေခြင်း။
၃။ သံဃာဥာဏ်ရှိသေခြင်း။
၄။ ပိစတင်းသုံးဖော်ဥာဏ် ရှိသေခြင်း။
၅။ ပါဠိဋီစသည့် သင်ကြားခြင်း။
၆။ သီလပျက်ပေမယ့် ပရိသတ်ထဲ ရောက်တဲ့အခါ သီလဝန် အသွင်အပြင်ကို ဖြစ်စေခြင်း။
၇။ ကဲ့ရဲ့မှုကြောက်လို့ ကိုယ်မှု နှုတ်မှုကို စောင့်စည်းခြင်း။
၈။ ဒုဿီလ၏ စိတ်သည် ကမ္မဋ္ဌာန်းကို ရှေးရှုခြင်း။
၉။ သာမန် ရဟန်းအဖြစ် ကပ်ရောက်ခြင်း။
၁၀။ ဒုဿီလရဟန်းများ မကောင်းမှု လုပ်ပေမယ့် ပုန်းလျှိုး ကွယ်လျှိုးသာ ပြုလုပ်ခြင်း။

ဤသို့သော ဂုဏ်ဆယ်ပါးနှင့် ပြည့်စုံတဲ့အတွက် အစစ အရာရာ လူဒုဿီလထက် သာလွန်ပါတယ်။

"မင်းမြတ်....ဥပမာအားဖြင့် ,လင်ရှိမိန်းမများ ဖောက်ပြန်လျှင် လင်မသိအောင် ပုန်းလျှိုးကွယ်လျှိုးသာ ဖောက်ပြန်တတ်ကြပါတယ်။ ရဟန်းဒုဿီလများလဲ မကောင်းမှု ပြုလုပ်

လျှင် ထိုအတူပဲ ပုန်းလျှိုး ကွယ်လျှိုးသာ ပြုလုပ်တတ်ကြပါတယ်။ ရဟန်းဒုဿီလများသည် လူဒုဿီလများထက် ဂုဏ်အင်္ဂါ ဆယ်ပါးပင် သာလွန်ကြပါသေးတယ်။

ရဟန်းဒုဿီလများ၏ ဂုဏ်ဆယ်ပါး

၁။ အပြစ်ကင်းသော သက်နှံးကို ဝတ်ဆင်ခြင်း။
၂။ ဘုရား အရိယာတို့နှင့်တူစွာ ခေါင်းတုံး အသွင်ကို ဆောင်ခြင်း။
၃။ ရဟန်းသံဃာသို့ သက်ဝင်ခြင်း။
၄။ ရတနာသုံးပါးကို ဆည်းကပ်ခြင်း။
၅။ ကျောင်းကန်များ၌သာ နေခြင်း။
၆။ သာသနာ့ဝေဘာကြီး တည်တံ့ရန် လေ့လာရှာမှီးခြင်း။
၇။ မြတ်သောတရားကို ဟောကြားတတ်ခြင်း။
၈။ တရားလျှင် မှီခိုအာဃာတ၊ လဲလျောင်းရာရှိခြင်း။
၉။ ဘုရားသည်သာ အမြတ်ဆုံးဟု ဖြောင့်မှန်သော အယူရှိခြင်း။
၁၀။ တစ်လနှစ်ကြိမ် ဥပုသ်ပြုခြင်း။

တည်းဟူသော ဂုဏ်ဆယ်ပါးသည် လူဒုဿီလများထက် သာလွန်ပါတယ်။ ဒါ့ကြောင့် မြတ်သောအလူကို ခံယူနိုင်ပါတယ်။ လူဒါန်းသူတို့လဲ အကျိုးထူးကို ရရှိနိုင်ပါတယ်။

"မင်းမြတ်....ရဟန်း ဒုဿီလများသည် အကျင့် ဖောက်ပြန်သော်လည်း လူဒုဿီလတို့၏ အလူကို လုက်သင်နိုင်ပါ

တယ်။ ဥပမာအားဖြင့် ခွဲပြုပ် နောက်ကျနေကဲ့ရေနှင့် ရှုံ့ညှိန် အညစ်အကြေး စသည်တို့ကို ဆေးကြောနိုင်သလိုပေါ့ မင်းမြတ်။

"ရဟန်း ဒုဿီလမျှားနှင့် စပ်လျဉ်း၍ မြတ်စွာဘုရားသည် ဇဋ္ဌိမ နိကာယ်မှာ ဤကဲ့သို့ ဟောတော်မူခဲ့ပါတယ်။

"သီလရှိသော အကြင်ဒါယကာသည် အလွန်ကြည်လင်သောစိတ် ရှိသည်ဖြစ်၍ မွန်မြတ်သော ကံ၏အကျိုးကို ယုံကြည်လျက် တရားသဖြင့် ရအပ်သော လူဖွယ်ကို ဒုဿီလ ရဟန်းတို့အား ပေးလှူ၏။ ကိုးဆလူသည် ဒါယကာကြောင့် စင်ကြယ်၏ဟု မိန့်တော်မူပါတယ်"

မိလိန္ဒမင်း ။ ။"အရှင်ဘုရား.... ကောင်းလှပါသည်။ လက်ခံ ယုံကြည်နိုင်သော အဆင့်သို့ ရောက်အောင် ဖြေဆိုပေးတော်မူပါသည် ဘုရား"

ဝရသည် အသက် ရှိ-မရှိ လေ့လေ့ဝါ ဟုတ်-မဟုတ်

မိလိန္ဒမင်း ။ ။"အရှင်ဘုရား...ရဟသည် မီးခွံကျိုချက်သည်ရှိသော် စီစီ စီစီ အသံ မြည်ပါသည်။ အသံ အမျိုးမျိုး ထွက်ပါသည်။ အရှင်ဘုရား ဘယ်လို သဘောရပါသလဲ ဘုရား။ ရေသည် အသက် ရှိပါသလော။ မြူးတူး၍ အသံထွက်လာပါသလော။ အခြားသော ဝစ္ဆုက နှိပ်စက်လို့ အသံထွက်ခြင်း ဖြစ်ပါသလား"

အရှင်နာဂသိန်း ။ ။"မင်းမြတ်...ရေမှာ အသက်လဲ မရှိ၊ သတ္တဝါလဲ မဟုတ်ပေဘူး မင်းမြတ်"

မိလိန္ဒမင်း ။ ။"အရှင်ဘုရား... တချို့ ကိုကွမ်ဝတ္ထုက ရေကို အသက်ရှိတယ်ထိုပြီး ကျိုချက်ပြီး မှ သုံးဆောင်ကြပါတယ် ဘုရား။ သာကီဝင်မင်းသား ရဟန်းတော်က ရပ်ကွက်ဆွေ တစ်ခုထဲရှိသော အသက်ကို ညှဉ်းဆဲတယ်လို့ တိတ္ထိတော်က အရှင်ဘုရားတို့ကို ကဲ့ရဲ့နေပါတယ် ဘုရား။ တိတ္ထိတို့၏ ကဲ့ရဲ့ခြင်း၊ နှိပ်ချုံ့ခြင်းကို ပယ်ဖျောက်ပေးတော်မူပါ ဘုရား"

အရှင်နာဂသိန် ။ ။"မင်းမြတ်....ရေမှာ အသက် မရှိဘူး၊ သတ္တဝါလဲ မဟုတ်ဘူး။ မီးအရှိန် ကြီးမား ပြင်းထန်တဲ့အတွက်သာ အသံအမျိုးမျိုး ပေါ်ထွက်လာရခြင်းဖြစ်တယ်။

"ရေကန် ချောင်းမြောင်း အင်းအိုင် စသည်မှာရှိတဲ့ ရေတွေဟာ လေနဲ့ နေပူတို့၏အရှိန်ပြင်းထန်လို့ ခန်းခြောက်သွား ကြပါတယ်။ သို့သော် တစ်စိမ်မြည်နေသလား၊ အသံ အမျိုးမျိုး ထွက်သလား"

မိလိန္ဒမင်း ။ ။"မထွက်ပါ ဘုရား"

အရှင်နာဂသိန် ။ ။"မင်းမြတ်... ဒါ့ကြောင့် ရေမှာအသက် မရှိ၊ သတ္တဝါလဲ မဟုတ်ပေဘူး။ ဒါလောက်ဆို နားလည် သဘောပေါက်ရောပေါ့"

"မင်းမြတ်.... အကြောင်းတစ်ခု ရှိပါတယ်။ အိမ်တိုင်းမှာ ရေထည့်ပြီး အလုံပိတ်ထားတဲ့ ရေအိုးတွေ ရှိတယ် မဟုတ်လား"

မိလိန္ဒမင်း ။ ။"ရှိပါတယ် ဘုရား"

အရှင်နှာဂသိန်။ ။"အဲဒီရေတွေ လှုပ်သလား၊ အသံထွက်သလား၊ လိုင်းထသလား၊ နေ့ကိုက်ကျသလား၊ အထက်အောက် ရွှေ့သလား၊ ဟိုဟို ဒီဒီ စီးဆင်းသလား၊ ဝေတက်သလား၊ အမြုပ်လွှင့်သလား"

မိလိန္ဒမင်း ။ ။"အရှင်ဘုရား.... မသိသို့မျှ မဖြစ်ပါ။ နဂိုပကတိ အတိုင်းသာ ရှိနေပါသည် ဘုရား"

အရှင်နှာဂသိန်။ ။"မင်းမြတ်....ဥပမာအားဖြင့် သစ်သားကို အဝေခါင်းထွင်းပြီး သားရေကျောက်ထားတဲ့ စည်ဆိုတာ ရှိတယ် မဟုတ်လား"

မိလိန္ဒမင်း ။ ။"ရှိပါတယ် ဘုရား"

အရှင်နှာဂသိန်။ ။"အဲဒီစည်ဟာ ဘာ့ကြောင့် အသံထွက်သလဲ"

မိလိန္ဒမင်း ။ ။"လူ တီးလို့ပါ ဘုရား"

အရှင်နှာဂသိန်။ ။"ဤနည်းအတိုင်းပဲမင်းမြတ်၊ မီးအရှိန်ကြောင့် ရေဆူပွက်ခြင်း ဖြစ်တယ်။ သို့သော်ရေမှာ အသက်မရှိ၊ သတ္တဝါလဲ မဟုတ်ဘူး၊ မီးအရှိန်ကြောင့် ဆူပွက်ခြင်း၊ အသံထွက်ခြင်းသာ ဖြစ်ပေတယ်"

သံသရာကို မခွဲခြားတတ်သော တရား

မိလိန္ဒမင်း ။ ။"အရှင်ဘုရား.... မြတ်စွာ ဘုရားသည် 'ရဟန်းတို့၊ သံသရာကို အကျယ်မခွဲခြားတတ်သော နိုပ္ပပဉ္စာတရား၌ ဧမ္ပ လျှောက်ကုန်သည်။ နိုပ္ပပဉ္စာတရားတို့၌ ပျောက်ပိုက်ကုန်သည် ဖြစ်၍ ခေါ်ကြကုန်လော့'ဟု ဟောတော် မူခဲ့ပါသည်။

"အရှင်ဘုရား... နိပ္ပပဉ္စ တရားဆိုတာ ဘာမျှားပါလဲ ဘုရား"

အရှင်နာဂသိန်။ ။"မင်းမြတ်.. မဂ်လေးပါး၊ ဖိုလ်လေးပါး ပေါင်းရှစ်ပါးကို နိပ္ပပဉ္စတရား၊ သံသရာကို အကျယ်မခွဲတတ်သော တရားလို့ခေါ်တယ်"

မိလိန္ဒမင်း။ ။"အရှင်ဘုရား... မဂ်လေးပါး၊ ဖိုလ်လေးပါးပေါင်း ဤရှစ်ပါးကို သံသရာ အကျယ်မခွဲတဲ့ နိပ္ပပဉ္စတရားဆိုရင် ရဟန်းတော်ဟာ သုတ္တန်စတဲ့ စာပေ ကျမ်းဂန်တွေကို ဘာ့ကြောင့် သင်အံ လေ့ကျက်ခြင်း၊ ဆွေးနွေး မေးမြန်းခြင်း၊ အမှုသစ်လုပ်ခြင်း၊ လှုဒါန်းပူဇော်ခြင်း စတဲ့ အလုပ်တွေကို လုပ်ကိုင်နေပါသလဲ၊ ကြိုးစား အားထုတ်နေပါသလဲ ဘုရား"

အရှင်နာဂသိန်။ ။"မင်းမြတ်.... စာပေကျမ်းဂန် အင်အံ့ခြင်း၊ အမှုသစ် လုပ်ခြင်း၊ လှုဒါန်းပူဇော်ခြင်း စသည်တို့ကို ကြောင့်ကြစိုက်နေတာကတော့ သံသရာကို အကျယ်မခွဲလိုချင်ပဲ ဖြစ်တယ်။

"မင်းမြတ်... တခြို့ ရဟန်းတော်ဟာ သဘောအားဖြင့် စင်ကြယ်တယ်၊ ရှေးဘဝက အထုံပါ ရမ်ရှိတယ်ဆိုရင် စိတ္တက္ခဏတစ်ချက်ထဲနဲ့ သံသရာကို ဖြတ်တောက်ပစ်လိုက်နိုင်တယ်။ အကျယ်မခွဲတော့ဘူး၊ တခြို့တလေကျတော့ ပညာမျက်စိမှာ ကိုလေသာမြူ အားကြီးတယ်။ ဒီတော့ကြောင့်လဲ စာပေ ကျမ်းဂန်ကို သင်အံ့လေ့ကျက်ခြင်းအားဖြင့် နိပ္ပပဉ္စသံသရာ အကျယ်မခွဲတဲ့ အဖြစ်ကို ရောက်ကြတယ်။

"မင်းမြတ်....သင်ကောအာဂုဏ်လဲ စင်ကြယ်တယ်၊ ရှေးဘဝက ပါရမီလဲ ရှိတယ်ဆိုတဲ့ ရဟန်းမျိုးတော့ဟာ ခဏလေးနဲ့ ရဟန္တာဖြစ်နိုင်တယ်၊ တချို့ရဟန်းများကျတော့ ပညာမျက်စိမှာ ကိုလေသာမြူအားကြီးတယ်၊ ခြုံစည်းရိုးကာရံပြီးမှ သစ်ပင်သီးနွယ်စိုက်ပျိုးနိုင်၊ အောင်မြင်ဖြစ်ထွန်းနိုင်တဲ့ ဥ ျာဉ်ခြုံမြေမျိုးပမှာ မိမိတို့ကိုယ်ကို ကိုလေသာမြူ အညစ်အကြေး လုံခြုံအောင် ကြိုးစားပြုလုပ်ကြပေတယ်။

"စာပေကျမ်းဂန်အင်အံ့လေ့ကျက်ခြင်း အစရှိသော နိုပ္ပဟည္ဆအလုပ်တွေဟာ ခြုံစည်းရိုးကာရံလုံခြုံစေတဲ့သဘောပဲမင်းမြတ်၊ မိမိတို့၏ ကိုလေသာမြူကို ခြုံစည်းရိုး ကာရုံခြင်းနှင့် တူသော စာပေကျမ်းဂန် သင်အံ့လေ့ကျက်ခြင်းအမှုဖြင့်ပင်လျှင် သံသရာနယ်ကို မကျယ်ခေအောင် ပြုလုပ်ကျင့်ကြံကုပေတယ် မင်းမြတ်" မိလိန္ဒမင်း ။ ။"ဗုဒ္ဓဝါ။ တပည့်တော် ကောင်းစွာသင်ခြင်သုံးသပမိပါပြီ ဘုရား"

လူဝတ်ကြောင်ဖြင့် ရဟန္တာဖြစ်ခြင်း

မိလိန္ဒမင်း ။ ။"အရှင်ဘုရား....လူဝတ်ကြောင်ဘဝနှင့် အရဟတ္တဖိုလ် ရောက်လျှင် ဂတိနှစ်မျိုးအပြင် တခြားမရှိဟူး၊ ရဟန္တာဖြစ်တဲ့နေ့မှာပဲ ရဟန်းဝတ်လျှင် ဝတ်ရမယ်၊ သို့မဟုတ် ပရိနိဗ္ဗာန်ပြုရမယ်၊ အဲဒီနေ့ကို မလွန်ကောင်းဘူးလို့ အရှင်ဘုရားတို့ ပိုင်ဆိုတော်မူကြပါတယ်။

"အရှင်ဘုရား....လူဝတ်ကြောင် ရဟန္တာများဟာ အဲဒီနေ့မှာ ဥပဇ္ဈာယ်ဆရာ၊ ကမ္မာစရိယဆရာ၊ သပိတ်၊ သင်္ကန်းစသည်တို့ကကယ်လို့ မရနိုင်ကြားတို့ကြောင့် လူဝတ်ကြောင် ရဟန္တာကိုယ်တိုင်

ရဟန်းပြုနိုင်ပါသလား၊ ဒါမှမဟုတ် နောက်တစ်နေ့ ရှေ့ဆိုင်းနိုင်ပါသလား၊ တန်ခိုးရှင် ရဟန္တာကြီးလာ၍ ရဟန္တာပြုပေးပါသလား၊ ပရိနိဗ္ဗာန်ပဲ စံရမှာပါလား ဘုရား''

အရှင်နာဂသိန်း။ ။''မင်းမြတ် ... လူ၊ ရဟန္တာသည် မိမိကိုယ်တိုင် ရဟန်းမပြုနိုင်ပါ၊ အကယ်၍ကိုယ်တိုင် ရဟန်းပြုလျှင် ရဟန်းအသင် ခိုးရာရောက်ပါတယ်၊ နေ့ကို ရှေ့ဆိုင်းလိုမရ၊ ကျောင်လုန်လိုမဖြစ်ပါ၊ အရြားသော ရဟန္တာကြီးလာလျှင်လည်း လာလိမ့်မယ်၊ မလာလျှင်လည်း လိုနေမှာပေါ် ပရိနိဗ္ဗာန်ကြီးရမည်သာ ဖြစ်ပါသည်

မိလိန္ဒမင်း ။ ။''အရှင်ဘုရား.... အရဟတ္တာဖိုလ် ရတဲ့အတွက် အသက်အသေခံရခြင်း မဟုတ်ပါ'လား၊ အရဟတ္တာဖိုလ်၏ ပြိမ်းချမ်းသည့်အကြောင်းကိုစဉ်းစားတဲ့အခါ မရောက်ဖူးလား ဘုရား''

အရှင်နာဂသိန်း။ ။''မင်းမြတ်-လူ့အသွင်အပြင်သည် မည်မည္ဓတ်အားနည်းချက်ရှိနေလို့ အရဟတ္တာဖိုလ်ရောက်တဲ့ လူရဟန္တာမျိုးဟာ့ ထိုနေ့မှာပင် ရဟန်းသော်လည်း ပြုရမည်၊ ပရိနိဗ္ဗာန်သော်လည်း ပြုရခြင်းဖြစ်ပါသည်။ မင်းမြတ်... လူ့အသွင်အပြင်အားနည်းမှုကြောင့် အသွင်အပြင်၏ အပြစ်သာဖြစ်သည်။ အရဟတ္တာဖိုလ်၏ ဆန္ဒပြင်မဟုတ်ပါ။

''မင်းမြတ်-သတ္တဝါအားလုံး၏အသက်ကို စောင့်ရှောက်တတ်တဲ့ ဇီဝိတိန္ဒြေဆိုတာရှိတယ်၊ ဒဲ့ဒီဝိတိန္ဒြေကို စားဖွယ်ဘောဇဉ်က စောင့်ရှောက်ပါတယ်၊ သို့သော်... အစာပျက်ကြလို့ ရှိရင် ဝမ်းမီးပျက်ပြီး အသက်ဆုံးရှုံးတတ်ပါတယ်၊ ဒဲ့ဒီလိုဖြစ်

ဘာဟာ ဝမ်းရဲ့အပြစ်သာဖြစ်ကယ်၊ စားသောက်ဖွယ်ဘောဇဉ်ရဲ့ အပြစ်မဟုတ်ပါ။

"ဤနည်းအတူပဲ မင်းမြတ်၊ လူ့အသွင်အပြင်၏ အားနည်းမှုကြောင့် ရဟန္တာဖြစ်တဲ့နေ့မှာ ရဟန်းသော်လည်း ပြုရမည်၊ ပရိနိဗ္ဗာန်သော်လည်း ပြုရမည်ဖြစ်သည်။ ဤသို့ဖြစ်ရခြင်းသည် အားနည်းတဲ့ လူ့အသွင်၏ အပြစ်သာ ဖြစ်သည်။ အရဟတ္တဖိုလ်၏ အပြစ်မဟုတ်ပါ မင်းမြတ်"

ရဟန္တာများ သတိမေ့လျော့မှု ရှိမရှိသလား

မိလိန္ဒမင်း ။	။"အရှင်ဘုရား-ရဟန္တာများသည် သတိမေ့လျော့မှု ရှိပါသေးသလား"
အရှင်နာဂသိန်။	။"လုံးဝမရှိပေဘူး မင်းမြတ်"
မိလိန္ဒမင်း ။	။"အရှင် ဘုရား.... ရဟန္တာများသည် အာပတ်သင့်ပါသေးသလား"
အရှင်နာဂသိန်။	။"အာပတ် သင့်မှု ရှိကြပါသေးသည် မင်းမြတ်"
မိလိန္ဒမင်း ။	။"အရှင်ဘုရား.... ဘာ့ကြောင့် အာပတ်သင့်ပါသေးသနည်း"
အရှင်နာဂသိန်။	။"မင်းမြတ်-ကုဋ္ဌိကာရသိက္ခာပုဒ်ကြောင့်လည်းမက်ဝင်း၊ 'အောင်တမန်အလုပ်' သဉ္ဇရိတ္တဲသိက္ခာပုဒ်ကြောင့်လည်းကောင်း၊ နေလွဲသောအခါ၌ နေမလွဲသေးဟူးအထင်နှင့် စားသောက်မိသောကြောင့်လည်းကောင်း၊ တားမြစ်ပြီးသောအရာ၌ မတားမြစ်မိသေးဟူသော အမှတ်သညာကြောင့်လည်းကောင်း၊ အတိမိုက်ဝိနည်းကံမပြုရ

သေးဘဲအတိရိတ်ဝိနည်းကံပြုပြီး ဟူသောဒုမုတ်သည်ကြောင့် လည်းကောင်း၊ ရဟန္တာမျှား အာပတ်သင့်တတ်ကြပါသည်။

မိလိန္ဒမင်း ။ ။"အရှင်ဘုရား အာပတ် သင့်သည့် ရဟန်းမျှားသည် မရှိသေလို့ လည်းကောင်း၊ မသိလို့လည်းကောင်း အကြောင်းနှစ်ပါးကြောင့် အာပတ်သင့်သည်ဟု အရှင်ဘုရားတို့ မိန့်ဆိုကြသည် မဟုတ်ပါလား၊ အရှင်ဘုရား-ရဟန္တာမျှားသည် သိက္ခာပုဒ်ကို မရှိသေရှိပါသေးသလား၊ မရှိသေလို့ ရဟန္တာမျှား အာပတ်သင့်ပါသလား"

အရှင်နာဂသိန်။ ။"မင်းမြတ်....ရဟန္တာမျှားဌာ မရှိသေလို့ အာပတ်သင့်တာမျိုး မရှိပါ"

မိလိန္ဒမင်း ။ ။"အရှင်ဘုရား....ဤသို့ဆိုလျှင် သတိမေ့လျော့လို့ အာပတ်သင့်တာပဲ မဟုတ်ပါလား ဘုရား"

အရှင်နာဂသိန်။ ။"မင်းမြတ်- သတိမေ့လို့ ဆိုတာတော့ ရဟန္တာပဋိပုဒ်လမ်းမှာ မရှိ၊ သို့သော် အာပတ်တော့ သင့်တတ်ပါသေးတယ်"

မိလိန္ဒမင်း ။ ။"အရှင်ဘုရား-ဤသို့ဆိုလျှင် အကြောင်းကိုသာ ရှင်းပြပါ ဘုရား၊ အာပတ်သင့်တဲ့ အကြောင်းက ဘာမျှားပါလဲ ဘုရား"

အရှင်နာဂသိန်။ ။"မင်းမြတ်....လောကကြီးမှာ ညစ်နွမ်းမှု အပြစ်ဆိုတာ နှစ်မျိုးပဲ ရှိတယ်။ (၁) လောကပြစ်၊ (၂) ပညတ်တော်ပြစ်တို့ ဖြစ်တယ်။ လောကပြစ်ဆိုတာက အကုသိုလ်ယုတ်မာပကတိရောဂါတယ်။

ဘယ်သူကျူးလွန် ကျူးလွန် အပြစ်ရှိတယ်။ ပညာတော်ကြီး ဖြစ်ဆိုတာကတော့ လူပေါ့ကျူးလွန်ရင် အပြစ်မရှိဘူး။ ရဟန်းမျိုးမှာသာ အပြစ်ရှိတယ်။ ဘာကြောင့်လဲဆိုတော့ ဘုရားပညာတော်ကို အသက်ထက်ဆုံး လိုက်နာရမည့် အစား၊ မလိုက်နာလို့ အပြစ်သင့်ခြင်းပဲ ဖြစ်တယ်။

"ဥပမာအားဖြင့် လူတွေဟာအစားအစာကို ဘယ်အချိန်စားစား အပြစ်မရှိဘူး။ ရဟန်းမှာတော့ မွန်းလွဲချိန်မှာ သွားစားရင် အပြစ်ရှိတယ်၊ အာပတ်သင့်တယ်။ ဒီဒါမျိုးတွေကို ပညာတော်ပြစ်လို့ ခေါ်တယ်။

"လောကပြစ်ကိုတော့ ရဟန္တာမျာ ဘယ်သောအခါမျှ မလွန်ကျူးတော့ဘူး။ ပညာတော်ပြစ်ကိုတော့ တချို့မသိတဲ့ ရဟန္တာမျာ လွန်ကျူးတတ်ကြပါတယ်။ တချို့ရဟန္တာမျာ အကုန်လုံးကို သိဖို့မလွယ်ပါဘူး။ ရဟန္တာမျာ အလုံးစုံသိဖို့ မစွမ်းနိုင်ပါဘူး။

"အကုန်လုံး သိတယ်ဆိုတာ ဘုရားရှင်၏အရာသာ ဖြစ်ပါတယ်။ အဘိညာဉ်ခြောက်ပါးနှင့် ပြည့်စုံသော ရဟန္တာမျာ သော်မှ မိမိနှင့်သက်ဆိုင်ရာကိုသာ သိစွမ်းနိုင်ပါတယ်၊ ဘုရား အရာကို မသိနိုင်ကြပါ။ ထို့ကြောင့်လည်း ရဟန္တာမျာ၊ဟာ အာပတ်သင့်တတ်ကြပေသေးတယ် မင်းမြတ်"

လောကမှ မရှိသော အရာ

မိလိန္ဒမင်း ။ ။"အရှင်ဘုရား.... လောကမှာ ထင်ရှား ရှိတဲ့ အရာအားလုံးကိုပင် တပည့်တော်

သိပါသည်။ ထင်ရှားမရှိတဲ့ အရာများရှိပါက ဘုတ်ဖော်မိန့် ကြားဟော်မှုပါ ဘုရား'

အရှင်နာဂသိန်။ ။"မင်းမြတ်... လောကမှာ ထင်ရှားမရှိ တဲ့ အရာ သုံးမျိုး ရှိတယ်"

၁။ စေတနာ ရှိရှိ မရှိရှိ ဓာတုရ မယေသရသော အရာ လောကမှာ မရှိ။

၂။ သင်္ခါရတရားလို့၏ မြဲသော သဘောသည် မရှိ။

၃။ မဖောက်မပြန် အမှန်သဘော ပရမတ္တအားဖြင့် သတ္တဝါဆိုတာ မရှိ။

"မင်းမြတ်.... ဤသုံးမျိုးသည် လောကၽွန် ထင်ရှား မရှိ သော အရာများ ဖြစ်ပေတယ်"

ကံဝသည်ကြောင့် မဖြစ်သော အနုမျှား

မိလိန္ဒမင်း ။ ။"အရှင်ဘုရား. လောကၽွန် ကံကြောင့် ဖြစ်တာလို့လဲ သိပါသည်။ အကြောင်း ကြောင့် ဖြစ်တာကိုရော ဥတုကြောင့်ဖြစ်တာကိုရော တပည့် တော် သိပါတာပဲ။ ဤသုံးခုမှ လွဲပြီး ကခြားနည်းနဲ့ ဖြစ်နိုင် တာမျှား ရှိလျှင် တပည့်တော်အား ညွှန်ကြားပါဘုရား"

အရှင်နာဂသိန်။ ။"မင်းမြတ်... ကံကြောင့်လဲ မဖြစ်၊ အကြောင်းကြောင့်လဲ မဖြစ်။ ဥတုကြောင့်လဲ မဖြစ်တာ နှစ်မျိုးရှိတယ်။ ဘာတွေလဲ ဆိုတော့ ခကောင်းကင်နှင့် နိဗ္ဗာန်ပဲဖြစ်တယ်။ဒုတိယနှစ်မျိုးဟာ ကံကြောင့် လဲ မဖြစ်၊ အကြောင်းကြောင့်လဲ မဖြစ်၊ဥတုကြောင့်လဲ မဖြစ် ပေတယ်"

မိလိန္ဒမင်း ။ ။"ဒေါ့ဝိုဘုရား... မြတ်ဌာဘုရား စကား ဆက်ကို မဖျက်ပါနှင့်။ မသိပဲ မဖြေပါနှင့်"

အရှင်နာဂသိန်။ ။"မင်းမြတ် သင်က ငါ့ကို စုပ်စဲ့နေတယ်၊ ငါက ဘာတွေ ပြောရမှာလဲ"

မိလိန္ဒမင်း ။ ။"အရှင်ဘုရား.... ကောင်းကင်ကတော့ ဘဝကြောင့်မှ မဖြစ်ဆိုတာကို တပည့်တော် လက်ခံပါတယ်။ အရှင်ဘုရား ရာပေါင်းများစွာသော အကြောင်းတွေနဲ့ မြတ်ဌာဘုရားသည် တပည့် သာပကများ အား နိဗ္ဗာန်ကို မျက်မှောက်ပြုဖို့အကြောင်း ဖြစ်သော မဂ်ကို ဟောတော်မူပါတယ်။ အရှင်ဘုရားက ဘာပြုလို့ နိဗ္ဗာန်ကို အကြောင်းကြောင့် မဖြစ်လို့ မိန့်ဆိုပါသလဲ"

အရှင်နာဂသိန်။ ။"ဟင်းမြတ်... မြတ်ဌာ ဘုရားသည် ရာပေါင်းများစွာသော အကြောင်းတွေနဲ့ တပည့်တွေကို နိဗ္ဗာန်ကို မျက်မှောက်ပြုဖို့ ဟောတာ မှန်တယ်။ သို့သော် နိဗ္ဗာန်ဖြစ်ကြောင်းကို ဟောတော်မမူဘူး"

မိလိန္ဒမင်း ။ ။"အရှင်ဘုရား.... တပည့်တော် ဒီနေရာမှာ မြောင်တကာ့ မြောင်ထဲကို တိုးဝင်ရသလို တောတကာထက် နက်တဲ့ တောကြီးထဲ တိုးဝင်ရသလို အရှုပ်တကာထက်ရှုပ်တဲ့ အရှုပ်ပိုကြီးထဲ တိုးဝင်ရသလိုဖြစ်နေပါပြီ။

အရှင်ဘုရား- တပည့်တော်တော့ ကိုယ့်နဖူး ကိုယ်သာထုလိုက် ချင်ပါတော့တယ် ဘုရား။ တကယ်လို့ နိဗ္ဗာန်ရှိဖို့

အကြောင်းတရားရှိတယ်ဆိုရင် နိဗ္ဗာန်ဖြစ်ကြောင်းလဲ ရရှိမှာပဲ မဟုတ်ပါလား ဘုရား။

"ဥပမာအားဖြင့် ... သား၏အဖ ရှိတယ်ဆိုလျှင် အဖ၏အဖ ရှိရမယ် မဟုတ်ပါလား။ တပည့်၏ဆရာရှိတယ်ဆိုလျှင် ဆရာ၏ဆရာ ရှိရမယ် မဟုတ်ပါလား။ အပင်၏ မျိုးစေ့ရှိတယ်ဆိုလျှင် မျိုးစေ့၏ မျိုးစေ့ ရှိရမယ် မဟုတ်ပါလား။ တစ်နည်းအားဖြင့် သစ်ပင်မျှား အဖျားရှိရင် အလယ်လဲရှိရမယ်၊ အရင်းလဲ ရှိရမယ် မဟုတ်ပါလား ဘုရား။

"ဤနည်းအတူ နိဗ္ဗာန်ရကြောင်းရှိလျှင် နိဗ္ဗာန် ဖြစ်ကြောင်းလဲ ရှိရမယ် မဟုတ်ပါလား ဘုရား"

အရှင်နာဂသိန်။ ။"မင်းမြတ်.... နိဗ္ဗာန်ကို အဘယ် အကြောင်းတရားကမှ မဖြစ်စေနိုင်ဘူး။ ဒါကြောင့် နိဗ္ဗာန်ဖြစ်ကြောင်းကို ဟောတော်မမူခဲ့ဘူး"

မိလိန္ဒမင်း။ ။"အရှင်ဘုရား.... တပည့်တော် တောင်းပန်ပါတယ်။ နိဗ္ဗာန်ရနိုင်ဟဲ့အကြောင်း သာရှိပြီး နိဗ္ဗာန် ဖြစ်စေနိုင်တဲ့ အကြောင်း မရှိဘူးဆိုတာ အကြောင်းပြချက် ခိုင်ခိုင်လုံလုံနဲ့ လက်မံနိုင်အောင်ဖြေကြားပေးတော်မူပါ ဘုရား"

အရှင်နာဂသိန်။ ။"ကောင်းပြီ ... မင်းမြတ်၊ သို့ဆိုလျှင် သေသေချာချာဂရုစိုက်ပြီး နားထောင်ပေတော့၊ နိဗ္ဗာန်အကြောင်းရှင်းပြမယ်။

"မင်းမြတ်... ယောကျ်ားတစ်ယောက်ဟာ ပကတိ အင်အားဖြင့် ဒီနေရာကနေပြီး ဟိမဝန္တာတောင်ကို သွားနိုင်ပါ့မလား"

မိလိန္ဒမင်း ။ ။"ဟုတ်နိုင်ပါတယ် ဘုရား"
အရှင်နာဂသိန်း။ ။"ကောင်းပြီ၊ အဲဒီ ယောကျ်ားဟာ ပကတိ အင်အားနှင့် ဟိမဝန္တာတောင် ကြီးကို သယ်လာလို့ ဖြစ်ပါ့မလား"
မိလိန္ဒမင်း ။ ။"မဖြစ်နိုင်ပါ ဘုရား"
အရှင်နာဂသိန်။ ။"ထိုအတူပဲ မင်းမြတ်၊ နိဗ္ဗာန် ရအောင် ကြိုးစားဖို့ နည်းလမ်းတော့ ရှိတယ်။ သို့တော် နိဗ္ဗာန်ဘာ့ကြောင့် ဖြစ်တယ်ဆိုတဲ့ အချက်ကို လက်ညှိုး ထိုးပြဖို့ မလွယ်ဘူး၊ ရှိလဲ မရှိဘူး။

"မင်းမြတ်.... ယောကျ်ားတစ်ယောက်ဟာ သမုဒ္ဒရာ တစ်ဖက်ကမ်းကို လှေနဲ့ကူးမယ်ဆိုရင် ရောက်နိုင်ပါ့မလား"
မိလိန္ဒမင်း ။ ။"ရောက်နိုင်ပါတယ် ဘုရား"
အရှင်နာဂသိန်။ ။"မင်းမြတ်.... ဒီဒီ ယောကျ်ားဟာ သမုဒ္ဒရာ၏ ဟိုမှာဖက်ကမ်းကို ဒီမှာဖက်ကမ်းသို့ ယူလာလို့ ရနိုင်ပါ့မလား"
မိလိန္ဒမင်း ။ ။"မရနိုင်ပါ ! ဘုရား"
အရှင်နာဂသိန်။ ။"ဖြစ်ကောင်း ဖြစ်နိုင်ပါ့မလား"
မိလိန္ဒမင်း ။ ။"မဖြစ်နိုင်ပါ ! ဘုရား"
အရှင်နာဂသိန်။ ။"ထိုကဲ့သို့ပဲ မင်းမြတ်၊ နိဗ္ဗာန်ရအောင် ကြိုးစားလို့ အကြောင်းသာ ရှိတယ်။ နိဗ္ဗာန်ဖြစ်ကြောင်းတော့ မရှိပေဘူး"
မိလိန္ဒမင်း ။ ။"အရှင်ဘုရား... နိဗ္ဗာန်ကို အကြောင်း တရားလေးပါးက ပြုပြင်စီရင်ခြင်း မရှိဘူးလား၊ ဘုရား"

အရှင်နာဂသိန်။ ။"နိဗ္ဗာန်ကို အမကြောင်းတရား လေးပါး ကသာ မဟုတ်ဘဲ သံသရာအကြောင်းတရား ကမ္ဘာ မပြုပြင် မစီရင်နိုင်ပေဘူး မင်းမြတ်။

"မင်းမြတ်.... နိဗ္ဗာန်ကိုရောက်ပြီး၊ ရောက်ဆဲ၊ ရောက်လတ္တံ့လို့ မဆိုနိုင်ဘူး။ ပစ္စုပ္ပန်ပဲ၊ အတိတ်ပဲ၊ အနာဂတ်ပဲလို့ လဲ မပြောနိုင်ဘူး။ နိဗ္ဗာန်ဟာ ဇက္ခုဝိညာဉ်၊ ဃောဝိညာဉ်၊ ဃာနဝိညာဉ်၊ ဇိဝှာဝိညာဉ်၊ ကာယဝိညာဉ်ဆိုတဲ့ ဝိညာဉ်တစ်ခုခုဖြင့် သိအပ်တဲ့ တရားမဟုတ်ဘူး"

မိလိန္ဒမင်း။ ။"အရှင်ဘုရား.... ဤသို့ဆိုလျှင် မရှိယောအရာသည် နိဗ္ဗန်၊ နိဗ္ဗာန်သည် မရှိဟူ ဆိုလိုပါသလား"

အရှင်နာဂသိန်။ ။"ဒကာတော်မင်းမြတ်၊ ဒီလိုမဟုတ်ဖူး။ နိဗ္ဗာန်သည် အစစအမှန် ကေန်ရှိတယ်၊ မနောဝိညာဉ်ဖြင့်သာ သိကောင်းတယ်။ စင်ကြယ်ဖြောင့်မတ်သော၊ ကောင်းစွာကျင့်သော အရိယာပုဂ္ဂိုလ်မျှားသည် နိဗ္ဗာန်ကို ကောင်းစွာ မြင်ရပေတယ်"

မိလိန္ဒမင်း။ ။"အရှင်ဘုရား.... နိဗ္ဗာန်ကို အကောင်းဆုံး ဥပမာဖြင့် တပည့်တော်အား ဩဇာ ပြုတော်မူပါ ဘုရား"

အရှင်နာဂသိန်။ ။"မင်းမြတ်.... လေဆိုတာ ရှိတယ်မဟုတ်လား"

မိလိန္ဒမင်း။ ။"ရှိပါသည် ဘုရား"

အရှင်နာဂသိန်။ ။"မင်းမြတ်.... သင်မင်းမြတ်ကို ငါတို့ကတွန်းပါတယ်။ လေကို အဆင်းက ဘယ်

လို၊ သဏ္ဌာန်က ဘယ်ပုံဆိုတာ အယေဘျာ လက်ညှိုးထိုးပြစမ်းပါ။ လေဆိုတာ ကြီးကြီးလား၊ သေးသေးလား၊ အတိုလား၊ အရှည်လား''

မိလိန္ဒမင်း ။ ။''အရှင်ဘုရား....လေကိုအဆင်းသဏ္ဌာန် စသည်ဖြင့် ညွှန်ပြရန် မဖြစ်နိုင်ပါ။ လေကို လက်နဲ့ ဆုပ်ကိုင်လို့လဲ မရစကောင်းပါ။ ဒီလိုဆုပ်လို့ကိုင်လို့ မရပေမယ့် လေဆိုတာ စင်စစ်ရှိပါတယ် ဘုရား''

အရှင်နာဂသိန်။ ။''မင်းမြတ်.... လေကို လက်ဆုပ် လက်ကိုင် ပြဖို့မဖြစ်နိုင်ဘူးဆိုလျှင် လေဆိုတာ မရှိဘူးလား''

မိလိန္ဒမင်း ။ ။''မှန်ပါ.... လေရှိတာကို တပည့်တော် သိတယ် ဘုရား။ လေရှိတယ်ဆိုတာ တပည့်တော် အသည်းမှာ စံနေပါတယ် ဘုရား။ သို့သော် တပည့်တော် လေကို သေချာဃန အဆင်းသဏ္ဌာန်နဲ့ တက္ခပြလို့မဖြစ်ပါ။ မှတတ်စွမ်းနိုင်ပါ ဘုရား''

အရှင်နာဂသိန်။ ။''မှန်ပေတယ်မင်းမြတ်၊ နိဗ္ဗာန်ဆိုတာလဲ သို့အတူပဲ၊ အစစ်အမှန်ရှိပေမယ့်အဆင်းသဏ္ဌာန်ခဲ့၍ နိဗ္ဗာန်ကိုပြဖို့ မဖြစ်နိုင်၊ မတတ်စွမ်းနိုင်ပေဘူး''

မိလိန္ဒမင်း ။ ။''မှန်လှပါ.... တပည့်တော် အား၊ရကျေနပ်စွာ လက်ခံပါသည် ဘုရား''

ကံ-စသည်ကြောင့်ဖြစ်သော အရာများ

မိလိန္ဒမင်း ။ ။''အရှင် ဘုရား.... လောကကြီးထဲမှာ ရှိတဲ့ တရားတွေထဲက ဘယ်တရားတွေ

ဟာ ကံကြောင့် ဖြစ်ပါသလဲ၊ ဘယ်တရားတွေဟာ အကြောင်းကြောင့် ဖြစ်ပါသလဲ။ ဘယ်တရားကြောင့်ဟာ ဥတုကြောင့် ဖြစ်ပါသလဲ။ ဘယ်တရားတွေဟာ ကံကြောင့်လဲမဖြစ်၊ အကြောင်းကြောင့်လဲမဖြစ်၊ ဥတုကြောင့်လဲ မဖြစ်ပါကုန်သလဲ ဘုရား" အရှင်နာဂသိန်။ ။"မင်းမြတ်.. စိတ်စေတနာရှိတဲ့သတ္တဝါ အားလုံး ကံကြောင့် ဖြစ်တယ်။ မီးနှင့် မျိုးစေ့တွေက အကြောင်းကြောင့် ဖြစ်တယ်။ တောတောင်၊ ရေ၊ မြေ၊ လေ အဲဒါတွေ အားလုံးက ဥတုကြောင့်ဖြစ်တယ်။

"ကောင်းကင်နှင့်နိဗ္ဗာန်၊ အဲဒီနှစ်ပါးကတော့ ကံကြောင့်လဲ မဖြစ်ဘူး၊ အကြောင်းကြောင့်လဲ မဖြစ်ဘူး၊ ဥတုကြောင့်လဲ မဖြစ်ဘူး၊ ဘာကြောင့်ဖြစ်တယ်လို့ မဆိုအပ်မဆိုလိုက်ဘူး"

"အမှန်ကတော့ လေကို စိတ်ဖြင့်သာ ဘိုရိုနှိုင်သလို၊ နိဗ္ဗာန်ကိုလဲ မနောဝိညာဉ် စိတ်ဖြင့်သာ သိအပ်ဟယ်။ အရိယာပုဂ္ဂိုလ်များကျတော့ မဂ်ဉာဏ် ဖိုဉာဏ်နဲ့ နိဗ္ဗာန် မြင်ရတယ်"

မိလိန္ဒမင်း ။ ။"အရှင်ဘုရား.... ပြဿနာကို ကောင်းစွာ ဆုံးဖြတ်၍ နှစ်သက်လုပါသည်။ ယုံမှား သံသယ ကင်းပါသည်။ ဧကန်မှန်မှန် ဖြစ်သည်ဟူ၍လည်း အလေးအနက် ဆုံးဖြတ်လိုက်ပါပြီ အရှင်ဘုရား"

ဘီလူး ရှိ-မရှိ

မိလိန္ဒမင်း ။ ။"အရှင်ဘုရား.... လောကကြီးမှာ ဘီလူးလို့ ခေါ်တဲ့သတ္တဝါရှိပါသလား"

အရှင်နာဂသိန်။ ။"မင်းမြတ်.... လောကကြီးမှာ ဘီလူးလို့ ခေါ်ဝဲ့သတ္တဝါ ရှိပါကလား"

မိလိန္ဒမင်း ။ ။"အရှင်ဘုရား.... သည်လိုဘီလူးခေါ်တဲ့ သတ္တဝါ ရှိတယ်ဆိုရင် အဲဒီအကောင် တွေ့သေရင် ဘယ်ရောက်သုံးကြပါသလဲ။ အဲသကောင်ကို တွေ့လဲ မတွေ့ရ၊ မြင်လဲမမြင်ရ၊ အပုပ်နံ့လဲ မထွက်ပါလား ဘုရား"

အရှင်နာဂသိန်။ ။"မင်းမြတ် . သေသွားတဲ့ ဘီလူးတွေရဲ့ အကောင်ကို တွေ့မြင်ရပါတယ်။ အပုပ်နံ့လဲ ထွက်ပါတယ်။မင်းမြတ် . ဘီလူးမျှား သေသွားတဲ့အခါ အလောင်းကောင်ကို ပိုးကောင်အသွင်၊ သောက်ဖတ်အသွင်၊ ခြုပုန်းအသွင်၊ မြေအသွင်၊ ကင်းမြီးကောက်၊ ကင်းခြေမျှား အသွင်၊ ငှက်အသွင် စသည်ဖြင့် တွေ့ကြုံနိုင်ပါတယ်"

မိလိန္ဒမင်း ။ ။"အရှင်ဘုရား.... ဤပုဏ္ဏားမျိုးကို အရှင်ဘုရားလို ပုဂ္ဂိုလ်မျိုးမှတစ်ပါး ဘယ်သူမျှား ခြေနိုင်ပါမလဲ ဘုရား"

သီကွာပုဒ်ကို အကြောင်းမဲ့ ပယ်တတ်သင့်ခြင်း

မိလိန္ဒမင်း ။ ။"အရှင်ဘုရား....လောကကြီးမှာ ဆရာ့ဆရာများ၏ ဘိုးဘအဖြစ်ကဲ့ ရှေးရှေးဆေးဆရာကြီးတွေ ရှိပါတယ်။

၁။ နာဂရဒ
၂။ ဓန္တန္တရီ
၃။ အဂ္ဂိရသ
၄။ ကပိလ
၅။ ကဏ္ဍဒ္ဓဝ

၆။ အတုလ

၇။ ဗုဒ္ဓကစ္စာယနကို ဖြစ်ကြပါတယ်။

"သူဟိုတစ်ယောဟာ ဘယ်လောက်တော်သလဲဆိုရင် လူနာကို တစ်ကြိမ်လောက် ပြန်လိုက်ရုံနဲ့ ရောဂါဖြစ်ခြင်း၊ ရောဂါဖြစ်တဲ့ အကြောင်း၊ ရောဂါ၏ သဘောတရား၊ ရောဂါ၏ အခြေအနေ၊ ရောဂါအတိုး မဆုတ်၊ ဘယ်နေ့ ပျောက်မယ်၊ ဘယ်လောက်ကြာမယ်၊ ဘယ်ဆေးတိုက်ရမယ် စသည်တို့ကို အကုန်အစင် သိမြင်တယ်လို့ ကျော်ကြားပါတယ်။ ကျမ်းမျှားလဲ ပြုစုထားခဲ့ကြပါတယ်။

"ဒေဒီ ဆရာတော်ဟာ လူတွေသာ ဖြစ်ကြပါတယ်။ တရားအလုံးစုံကို အကုန်သိတဲ့ သမ္ဗညုတ ဘုရား မဟုတ်ကြပါ။ မြတ်စွာဘုရားသည် ဟရုားအာဝုံး သီတော်ပုတဲ့ သမ္ဗညုတညာဏ်ရှင်ဖြစ်ပါလျက်၊ လူမည့် ဇနပဒတ်ကို ကြိုတင်သိမြင်ပါလျက် ဘုရားကြောင့် သိက္ခာပုဒ် အာဝုံးကို ကြိုတင်ရှိပညတ်တော်မမူပါဘဲလဲ အကြောင်းဖြစ်လာမှ၊ အကျိုးစောင်မဲ့လာမှ၊ လူတွေကဲ့ရဲ့ အပြစ်တင်လာမှ ဘုရားကြောင့် သိက္ခာပုဒ်ကိုပညတ်တော် မူပါသလဲ ဘုရား"

အရှင်နာဂသိန်။ ။"မင်းမြတ်....မြတ်စွာဘုရားသည်သိက္ခာပုဒ် တစ်ရာ့ငါးဆယ်ကျော် ပညတ်တော် မူရလိမ့်မယ်ဆိုတာ ကြိုတင်သိမြင်ပါတယ်။ ဘုံဘော်မြတ်စွာဘုရား ဤသို့ အကြံ ဖြစ်တော်မူ၏ဟု၊ ဆိုတယ်၊ ငါ့ဘုရား သိက္ခာပုဒ် အာဝုံးကို တစ်ခါတုန်း ကြားလိုက်မယ်ဆိုရင် သာသနာတော်ကြီးမှာ ဝေဟင်စည်းရုံပည့် သိက္ခာပုဒ်ကွက် မျှားလုပါတော့မယ်။ ဥပါ[illegible] [illegible] ဂုဏ်း

ပြိုမ်ိုး အင်မတန် ခဲယဉ်းတယ် ဝေသည်ဖြင့် ယိတ်လန့်သွားမယ်။ ရဟန်းပြုမည်သူများလည်း ဟန်းမပြုဘဲ နေကြလိမ့်မယ်။

"ငါဘုရား စကားကိုလဲ မယုံမကြည်ဖြစ်မယ်၊ မယုံကြည်လျှင် အပါယ်ကျကုန်လိမ့်မယ်။ အကြောင်းပေါ်ပေါ်လာမှု အပြစ်ထင်ရှားမှ ဟောပြပြီးပညတ်မယ်လို့ အကြံဖြစ်ပါတယ်။

"ထိုကြောင့်သီဟာဝုဒ်များကို အကြောင်းရှိလာမှုပညတ် တော်မူခြင်း ဖြစ်ပေတယ်"

မိလိန္ဒမင်း ။ ။"အရှင်ဘုရား.... ကောင်းမြတ်လှပါပေ၏။ မြတ်စွာဘုရားသည် မပြီးဆုံးနိုင်အောင်မင် ချီးမွမ်းအံ့သြဖွယ်ကောင်းလှပါပေ၏ အရှင်ဘုရား"

နိဗ္ဗာန်သည် ချမ်းသာအစစ်

မိလိန္ဒမင်း ။ ။"အရှင်ဘုရား.... နိဗ္ဗာန်သည် ချမ်းသာအစစ် ဖြစ်ပါသလား၊ စိုးစဉ်းမျှဆင်းရဲ မရှောဘူးလား ဘုရား"

အရှင်နာဂဝီန်။ ။"မင်းမြတ်.... နိဗ္ဗာန်သည် ချမ်းသာအစစ်ဖြစ်တယ်။ ဘာဆင်းရဲမှု မရှောဘူး။ အကောင်းဆုံး၊ အမွန်ဆုံး၊ အစစ်အမှန် ဆုံးသော ချမ်းသာသုခ ဖြစ်ပေတယ်"

မိလိန္ဒမင်း ။ ။"အရှင်ဘုရား....တပည့်တော် ဤစကားကို လက်မခံနိုင်ပါ၊ ယုံလဲ မယုံကြည်နိုင်ပါ ဘုရား"

အရှင်နာဂဝီန်။ ။"ဘာကြောင့်လဲ မင်းမြတ်"

မိလိန္ဒမင်း ။ ။"တပည့်တော်တွေ့မြင်နေရလို့ပါဘုရား"

အရှင်နာဂသိန်။ ။"ရှင်းလင်းအောင် အကြောင်းပြပါဦးမင်းမြတ်"

မိလိန္ဒမင်း ။ ။"အရှင်ဘုရား... နိဗ္ဗာန်ရအောင် ကြိုးစား အားထုတ်တဲ့ ပုဂ္ဂိုလ်တွေဟာ အင်မတန်ကို ဆင်းရဲပင်ပန်းကြပါတယ်။ ကိုယ်စိတ် ပင်ပန်းခံ၊ အနှမ်းနယ် ခံရပါတယ်။ ရပ်တာ သွားတာ၊ နေတာ ထိုင်တာ၊ စားတာ သောက်တာ ကလေးဦးပင်လျှင် စိတ်ကို လွတ်ထားလို့ မရပါ။ အလိုရှိတိုင်း မပြုနိုင်ကြပါ။

"အမြဲတမ်း သတိရှိကြရပါတယ်။ အမြဲတမ်း ထိန်းချုပ်ထားကြရပါတယ်၊ အင်မတန်ကိုသေးကျပ်နံကျပ်ရှိလှပါတယ်၊

"လူဆိုတာ ပစ္စည်းဥစ္စာကို အင်မတန် ခင်တွယ်ကြပါတယ်။ ချစ်ခင်တဲ့ ဆွေမျိုး မိတ်သင်္ဂဟများအပေါ် အလွန်သံယောဇဉ်ကြီးပါတယ်။ အဲဒါတွေကို ဖြတ်တောက်ပစ်ကြရပါတယ်။ စွန့်လွှတ်ရပါတယ်။ အနဲဆုံး အိပ်ခွင့်တောင် မပေးကြပါ။ အဲဒီအချက်တွေကို တွေ့မြင် သိရှိနေရပါတယ်။

"အရှင်ဘုရား.... သောကကြီးမှာ ချမ်းသာလူ၊ ပစ္စည်းဥစ္စာနှင့် ပြည့်စုံကြွယ်ဝသူများသည် ကာမဂုဏ်ငါးပါး အာရုံ တရားခဏ် အလွန်မေ့လျော့ ပျော်ပိုက်ကြပါတယ်။ မျက်စိအလို နားအလိုစသည်တို့ကို အလွန် အလိုလိုက်တက်ပါတယ်။ အလွန် စည်းစိမ်ခံကြ၊ စည်းစိမ်ယစ်ကြပါတယ်။

"ကြည့်ချင်တာ ကြည့်ရမှ၊ စားချင်တာလေး စားရမှ၊ ကြားချင်တာကလေး ကြားရမှ၊ နမ်းချင်တာကလေး နမ်းရမှ၊ နူးနူးညံ့ညံ့ကလေး တွေ့ထိရမှ၊ ကောင်းကောင်းဆိုးဆိုး ကြုံချင် စည်ချင်တာကလေးကြုံစည်ရမှ နေသာယိုင်သာရှိတတ်

ပါတယ်။ ကျေနပ်ပျော်ရွှင်ပါတယ်။ ကိုယ်ချမ်းသာစိတ်ချမ်းသာ ဖြစ်တယ်လို့ ထင်မှတ်တတ်ကြပါတယ်။ ခံယူတတ်ကြပါတယ်။

"နိဗ္ဗာန်ဆောက်ဖို့ ဟရားဒေါသုတ်တယ် ဆိုတာကတော့ မျက်စိ-နား-နှာ-လျှာ-ကိုယ်-စိတ်တို့ကို အားလုံး ပိတ်ဆို့ကြရပါတယ်။ နှိပ်စက်ကြရပါတယ်။ အပြင်းအထန် ဖြတ်တောက် ပစ်ကြပါတယ်။ ဒါ့ကြောင့် ကိုယ်စိတ် ပူပန်ကြရပါတယ်။ ကိုယ်စိတ်ပူပန်တဲ့အတွက် အကြီးအကျယ် ဒုက္ခခံကြရပါတယ်။

"မာဂဏ္ဍိယ ပုဂ္ဂိုလ်က မြတ်စွာဘုရားအား ပြစ်တင်ကဲ့ရဲ့လျက် ရဟန်းဂေါတမသည် ကြီးပွားမှုကို ဖျက်ဆီးတယ်လို့ စွပ်စွဲပြောဆိုခဲ့တယ် မဟုတ်လား။ ဒါ့ကြောင့် နိဗ္ဗာန်ဆိုတာ ဆင်းရဲနှင့် ရောနေကယ်လို့ ဟင်ပြ ဈေးကျကားပါတယ် ဘုရား"

အရှင်နာဂသိန်။ "မင်းမြတ်၊ နိဗ္ဗာန်ဆိုတာ ဘာဆင်းရဲမှု မရှောဘူး! တကယ့်အစစ်အမှန် ချမ်းသာဖြစ်တယ် မင်းမြတ်၊ သင်မင်းမြတ်က ဆင်းရဲကို နိဗ္ဗာန်လို့ ဆိုတယ်၊ မင်းမြတ်ပြောတဲ့ ဆင်းရဲဆိုတာ နိဗ္ဗာန်ကိုမျက်မှောက်မပြုဖို့ ကြိုးစားတဲ့ ရွှေဘဝ်ဝပြေးဒုက္ခဖြစ်တယ်၊ အဲဒီ ဆင်းရဲဟာ နိဗ္ဗာန်ရအောင် ကြိုးစားရတဲ့ ဆင်းရဲဒုက္ခဖြစ်တယ်။

နိဗ္ဗာန်ဆိုတာ စစ်မှန်တဲ့ချမ်းသာစစ်ဖြစ်တယ်၊ ဘာဆင်းရဲ ဘာဒုက္ခမှမရှောဘူး၊ အင့်အသက်တောင်မရှိဘူး မင်းမြတ်၊ ဒီအချက်ကို နားလည်သဘောပေါက်အောင် ရှင်းပြတယ်။

"လောကမှာ မင်းရည်းစိမ်၊ မင်းချမ်းသာဆိုတာ ရှိကယ် မဟုတ်လား"

မိလိန္ဒမင်း ။ ။"ရှိပါတယ်ဘုရား"

အရှင်နာဂသိန်။ ။"မင်းမြတ်၊ အဲဒီ မင်းတို့ရဲ့ စည်းစိမ် ချမ်းသာဟာ ဆင်းရဲဒုက္ခနှင့် ရောနေသေး သလား"

မိလိန္ဒမင်း ။ ။"မရှိပါဘုရား"

အရှင်နာဂသိန်။ ။"ကောင်းပြီ မင်းမြတ်၊ အကယ်၍ တိုင်းစွန် ပြည်နား၊ မှာ ခိုးဝှား၊ မား၊ပြီ သူပုန် သူကန်တို့ ထကြွ သောင်းကျန်းမယ် လို့ပြီး သူတို့ကို နှိမ်နင်းဖို့ စစ်သည်ဗိုလ်ပါ အခြံအရံနှင့် ဆင်းရဲဒုက္ခခံပြီး သွား၊ရောက်ကြ ရတယ် မဟုတ်လား၊ အကြီး၊အကျယ် လိုက်ချင်လဲ ကိုက်ရမယ် မှားကုတ်လား၊ အသက်ခေတ်ပေးလား၊ ရှုပ်ပေးလား လို့ကိုး ရိုမ်ရတဲ့အဖြစ် မျိုး၊တောင် ကျွေကြုံတယ်ဟယ် မဟုတ်လား"

မိလိန္ဒမင်း ။ ။"အရှင်ဘုရား.... ဒီလို လုပ်ရတာဟာ မင်း၏ချမ်းသာမဟုတ်၊ ချမ်းသာဖို့ရန် ပြု လုပ်တဲ့ ရှေ့တောင်ပြေးလာ ဖြစ်ပါကယ်ဘုရား၊ အရှင်ဘုရား.... မင်းတို့သည် ဆင်းရဲခံပြီး မင်းအဖြစ်ကိုရှာသားမှ မင်းချမ်းသာ ကို ခံစားရပါတယ် ဤကဲ့သို့ပြုလုပ်တဲ့ မင်းချမ်းသာသည် ဆင်းရဲဒုက္ခနှင့်မရောပါ၊ မင်းချမ်းသာလေ တခြား၊ဆင်းရဲဒုက္ခ က တခြား ဖြစ်ပါတယ်"

အရှင်နာဂသိန်။ ။"ထို့အတူပဲ မင်းမြတ်....၊ နိဗ္ဗာန်ကိုတာ တကယ့်ကိုစစ်မှန်တဲ့ ချမ်းသာစစ် ဖြစ်ပါ တယ်၊ ဘာဆင်းရဲဒုက္ခမှ မရောနှောဘူး၊ နိဗ္ဗာန်ကို ရှာမှီးတဲ့

သူတော်ဟာလဲ ကိုယ့်စိတ်ကို အပင်ပန်းအဆင်းရှိခံပြီး စားတာ၊ သွားတာ၊ ဟိုင်တာ၊ ရပ်တာ၊ အိပ်တာ၊ နေတာ၊ ကြည့်တာ၊ ရှုတာ စသည်တို့ သိမ်းဆည်းချုပ်ကိုးကြရပါတယ်။

"နောက်ဆုံး အိပ်ဝိုက်ဖိုလောက်ကိုပင် အခွင့်မပေးပါ၊ အချိန်ကုန်မခံစေရပါ၊ ကိုယ်နှင့်အသက်ကို မင့်ကျက်ဘဲ ရန်သူကို စွန့်စွန့်စားစားဖိနှိပ်ဖြိုဖျက်ကြရပါတယ်၊ သည်လိုကြိုးစားအားထုတ်ပြီး ရုရှိ လာအပ်တဲ့ မင်းမျိုးသည် မင်း၏ စည်းစိမ်ချမ်းသာကို ခံစားရသလို နိဗ္ဗာန်ကို ရှာမှီးတဲ့ ပုဂ္ဂိုလ်မျိုးလဲ အလွန်စင်မြင့်ဟဲ့ နိဗ္ဗာန်ချမ်းသာကို ခံစားကြရပါတယ်၊ ဒါ့ကြောင့် နိဗ္ဗာန်သည် ချမ်းသာအစစ် ဖြစ်တယ်၊ ဘာဆင်းရဲမှုမရောနှောပေဘူး မင်းမြတ်"

နိဗ္ဗာန်၏ အဆင်းပုံသဏ္ဌာန်

မိလိန္ဒမင်း ။ ။"အရှင်ဘုရား.... နိဗ္ဗာန်... နိဗ္ဗာန်နဲ့ ခဏခဏတဖွဖွမိန့်ဆိုနေပါတယ်၊ အဲဒီ့နိဗ္ဗာန်၏ အဆင်းပုံသဏ္ဌာန် အရှယ်အစား အတိုင်းအရှည်စသည်များကို ဥပမာနှင့်ပဲဖြစ်ဖြစ်၊ အကြောင်းပြချက်နှင့်ပဲဖြစ်ဖြစ် ကုတ်ဖော်ပြောဆိုနိုင်ပါသလား ဘုရား"

အရှင်နာဂသိန်း။ ။"မင်းမြတ်.... နိဗ္ဗာန်ကို ဘာနှင့်မှ ထုတ်ဖော်ပြောပြဖို့ မလွယ်ဘူး၊ နည်းလမ်းမရှိဘူး"

မိလိန္ဒမင်း ။ ။"အရှင်ဘုရား.... တကယ်ရှိတဲ့ နိဗ္ဗာန်ကို ဘာနှင့်မှ ရှင်းပြလို့ မလွယ်ဘူးဆိုတဲ့ စကားကို တပည့်တော် လက်မခံနိုင်ပါ၊ အဲဒီ့အကြောင်းကို

တပည့်တော် သဘောပေါက်အောင် ရှင်းလင်းမိန့်ကြားတော်မူပါ ဘုရား''

အရှင်နာဂသိန်။ ။''ကောင်းပြီ မင်းမြတ်....၊ မင်းမြတ် လက်ခံနိုင်အောင် အကြောင်းပြချက်နဲ့ ရှင်းလင်း ပြပါ့မယ်၊ ကြိုးစား၍သာ နှလုံးသွင်းပါတော့ မင်းမြတ်....၊ မဟာသမုဒ္ဒရာဆိုတာ ရှိတယ်မဟုတ်လား''

မိလိန္ဒမင်း ။ ။''မှန်ပါ ရှိပါတယ် ဘုရား''

အရှင်နာဂသိန်။ ။''မင်းမြတ်.... လူတစ်ယောက်က သင်မင်းမြတ်ကို မေးမယ်၊ 'အရှင်မင်းမြတ်၊ မဟာသမုဒ္ဒရာထဲမှာ ရေတွေ ဘယ်လောက်ရှိပါသလဲ၊ မဟာသမုဒ္ဒရာထဲမှာနေတဲ့ သတ္တဝါတွေကော ဘယ်လောက် ရှိပါသလဲလို့မေးရင် ဘယ်လိုဖြေမလဲ''

မိလိန္ဒမင်း ။ ။''အရှင်ဘုရား.... တပည့်တော်ကို တစ်ယောက်ယောက်က သည်မေးခွန်းမျိုး မေးလာရင် 'ဟဲ့ကောင်... သင်ဟာ ငါ့ကို မမေးထိုက်တဲ့မေးခွန်းကို မေးတယ်၊ သည်မေးခွန်းမျိုးကို ဘယ်သူမှမမေးထိုက်ဘူး၊ ကြုံကြုံဖန်ဖန်မဟာသမုဒ္ဒရာကို မဝေဖန်ထိုက်ဘူး၊ သမုဒ္ဒရာထဲကရေကို ခြင်လို့ တွယ်လို့ မဖြစ်နိုင်ဘူး၊ သမုဒ္ဒရာမှာနေတဲ့ သတ္တဝါတွေကိုလဲ ရေတွက်မရကောင်းဘူး' လို့ ပြန်ပြောလိုက်ပါမည် ဘုရား''

အရှင်နာဂသိန်။ ။''မင်းမြတ်.... ထင်ထင်ရှားရှား ရှိနေတဲ့ မဟာသမုဒ္ဒရာကို ဟာ့ကြောင့် ဒီလိုပြန်ပြောရတာလဲ၊ ရေတွေဟာ ဟာဒီ့ လောက်ရှိတယ်၊ သတ္တဝါ

တော့ဟာ ဟောဒီ့လောက် နေတယ်လို့ ရေတွက်ပြီး ဖြောက်ခဲ့တယ် မဟုတ်လား''

မိလိန္ဒမင်း ။ ။''အရှင်ဘုရား.... ရေတွက်ဖို့ မစွမ်းနိုင်ပါ။ သည်ပြဿနာဟာ မေးသင့်တဲ့ ပြဿနာ မဟုတ်ပါဘုရား''

အရှင်နာဂသိန်း။ ။''မှန်ပေတယ် မင်းမြတ်....၊ မျက်မြင်ကိုယ်တွေ့ တကယ်ရှိနေတဲ့ မဟာသမုဒ္ဒရာထဲက ရေနဲ့သတ္တဝါတွေကို မြင်ဟွယ်ရေတွက်၍ မရနိုင်သလိုဘဲ နိဗ္ဗာန်၏ အဆင်းသဏ္ဌာန်၊ အရှယ်၊ အတိုင်း အရှည်တို့ကိုလဲ ဥပမာဖြင့်ဖြစ်စေ၊ အကြောင်းပြချက်ဖြင့် ဖြစ်စေ၊ သဘောယူတို့ဖြင့်ဖြစ်စေ၊ နည်းလမ်းဖြင့်ဖြစ်စေ နားလည် သဘောပေါက်အောင် ပြောပြဖို့မလွယ်ဘူး။

''မင်းမြတ်.... အင်မတန် တန်ခိုးကြီးပြီးနောင် ပြည့်စုံတဲ့ ပုဂ္ဂိုလ်မျိုးက သမုဒ္ဒရာရေကို မြင်ဟွယ်မယ်ဆိုရင် မြင်ဟွယ်နိုင်ပါတယ်။ သမုဒ္ဒရာထဲက သတ္တဝါတွေကို ရေတွက်မယ်ဆိုရင် ရေတွက်နိုင်ပါလိမ့်ဦးမယ်။ သို့သော် နိဗ္ဗာန်၏ အဆင်းသဏ္ဌာန် အရှယ် အတိုင်းအရှည်တို့ကို ဥပမာနဲ့ဖြစ်ပြီး၊ အကြောင်းနဲ့ဖြစ်ပြီး၊ သဘောယူတို့နဲ့ဖြစ်ပြီး၊ နည်းလမ်းနဲ့ ဖြစ်ပြီး နားလည် သဘောပေါက်အောင် ပြောဟောဖို့ကတော့ အလွန် တန်ခိုးကြီးပါတယ်နော်။ ပြည့်စုံတဲ့ ပုဂ္ဂိုလ်မျိုးတောင်မလွယ်ပါဘူး၊ လက်မြောက်ကြရပါလိမ့်မယ်မင်းမြတ်''

''မင်းမြတ်.... နိဗ္ဗာန်၏ အဆင်းသဏ္ဌာန် စသည်တို့ကို လူကိုင်း နားလည် သဘောပေါက်အောင် ဟောပြောဖို့ မလွယ်တဲ့ အကြောင်းကို ဥပမာ တင်ပြပါဦးမယ်။

"မင်းမြတ်.... ဒီရူပဘုံမှာ ရူပ်ခန္ဓာမရှိဘဲ ဒီရူပဗြဟ္မာကြီး တွေ ရှိတယ်မဟုတ်လား:"

မိလိန္ဒမင်း ။ ။"မှန်ပါ၊ ရှိတယ်လို့ ကြား:ဖူး:ပါတယ် ဘုရား:"

အရှင်နာဂသိန်း ။"မင်းမြတ်... ဒီဗဒ္ဓ အရူပ ဗြဟ္မာကြီး:တွေရဲ့ အဆင်: သဏ္ဌာန် စသည်တို့ကို အကြောင်:တစ်ခုခုနဲ့ နာ:လည်အောင် ရှင်:ပြနိုင်ပါ့မလား:"

မိလိန္ဒမင်း ။ ။"ပြနိုင်ပ ါဘုရား:"

အရှင်နာဂသိန်း ။"မင်းမြတ်.... တကယ့်ကို ထင်ရှား:ရှိတဲ့ အရူပ ဗြဟ္မာကြီး:တွေရဲ့ ရူပ်က ဘယ်လို နေတယ်၊ အရုပ်က ဘယ်မျှရှိတယ်၊ အသံကောင်:တယ်၊ မျောတယ်၊ လှတယ် စသည်ဖြင့် သာဖြစ်လို့ နာ:လည်အောင်ပြောမပြနိုင်တာလဲ"

မိလိန္ဒမင်း ။ ။"မှန်ပါ၊ ရူပ်ကောင်ကြီ:မရှိလို့ပါ ဘုရား:"

အရှင်နာဂသိန်း ။"မင်းမြတ်.... ဤကဲ့သို့ နာမ်သက်သက် သာရှိတဲ့ ဒီရူပ ဗြဟ္မာတွေ အကြောင်:ကို ဥပမာ ဥပမေယျ အကြောင်:အကျိ:တွေနဲ့ ရှင်:မပြနိုင်သလို တကယ့်ကို ထင်ရှား:ရှိတဲ့ နိဗ္ဗာန်၏ အဆင်: သဏ္ဌာန် စသည်တို့ကိုလဲ ဥပမာ ဥပမေယျ အကြောင်:အကျိ:သဘာ၀ယူတို့ စသည်တို့ဖြင့် ရှင်:ပြဖို့ မယူယ်ဟူ: မင်းမြတ်"

မိလိန္ဒမင်း ။ ။"အရှင်ဘုရား:... နိဗ္ဗာန်သည် ချမ်:သာ စစ် ချမ်:သာမှန် ဖြစ်တယ်ဆိုတာ ရှိပ ! ပေတော့၊ အဆင်:သဏ္ဌာန် စသည်တို့နဲ့ ရှင်: မပြနိုင်တာလဲ သာ:လိုက်ပ ါတော့"

"သို့သော် တခြား ဘာသာဝင်တွေ နားလည်တဲ့ အဆင့်၊ သက်ဝင်ယုံကြည်နိုင်တဲ့ တစ်ဆင့်လောက်ကိုတော့ ဥပမာနဲ့ ဖြစ်ဖြစ်၊ နောက်ဆုံးဘာနဲ့ဖြစ်ဖြစ် ရှင်းလင်းတင်ပြနိုင်လောက်တဲ့ နိဗ္ဗာန်၏ ဂုဏ်ကျေးဇူးများ ရှိပါသလား ဘုရား"

အရှင်နာဂသိန်။ ။"မင်းမြတ်.... သရုပ်သဏာန်နဲ့ ထုတ်ဆောင် ပြဖို့တော့ မရှိဘူး။ အနည်းငယ် စိုးစဉ်းလောက်တော့ ညွှန်ပြနိုင်ပါတယ်"

မိလိန္ဒမင်း ။ ။"အရှင်ဘုရား.... မိန့်တော်မူပါ။ အရှင်ဘုရား ပေးပြော ညွှန်ပြလို့ နိဗ္ဗာန်၏ ဂုဏ်ကျေးဇူးကို အနည်းအကျဉ်း တစ်စိတ်တစ်ဒေသလောက် ရတယ်ဆိုလျှင်ပဲ အင်မတန် အကျိုးကြီးပါတယ်။ သို့အတွက် ပူပန်နေတဲ့ တပည့်တော်စိတ်ကို ငြိမ်းအေးစေတော် မူပါဘုရား။ အလွန် သာယာချိုအေးတဲ့ စကားတည်း ဟူသော လေပြေလေညှင်းဖြင့် စိတ်ပူအိုက်ခြင်းကို ဖျောက်ဖျက်တော် မူပါဘုရား"

အရှင်နာဂသိန်။ ။"မင်းမြတ်....ယခုပြောပြမည့် ဂုဏ်အင်္ဂါ တို့နှင့် နှိုင်းယှဉ်မိလျှင် နိဗ္ဗာန်၏ ကျေးဇူး ထင်ရှားလာပါလိမ့်မယ်၊ စိတ်ဝင်စား လာပါလိမ့်မယ်၊ သက်ဝင် ယုံကြည်လာပါလိမ့်မယ်။

"မင်းမြတ်.... ပဒုမ္မာကြာများသည် ဘယ်တော့မှ ရေနဲ့ မလိမ်းကျံ ဘူး၊ ရေမစွန်းဘူး။ ထို့အတူပဲ မင်းမြတ်၊ နိဗ္ဗာန်သည် အလုံးစုံသော ကိလေသာတို့ဖြင့် မလိမ်းကျံ ဘူး။ ဘယ်တော့မှ မစွန်းဘူး။

ရေ၏ ဂုဏ်နှစ်ပါး

"မင်းမြတ်.... ရေသည် အေးမြတယ်၊ အပူကို ငြိမ်းစေနိုင်တယ်။ ဤနည်းအတူ နိဗ္ဗာန်သည် အေးမြတယ်၊ အလုံးစုံသော ကိလေသာ အပူကို ငြိမ်းစေတယ်။

"မင်းမြတ်.... ရေသည် ဆာလောင်မွတ်သိပ်ခြင်းကို ပယ်ဖျောက်နိုင်တယ်၊ ဤနည်းအတူ နိဗ္ဗာန်သည် တဏှာတည်းဟူသော မွတ်သိပ်ဆာလောင်မှုကို ပယ်ဖျောက်နိုင်ပေတယ်။

ဆေး၏ ဂုဏ်သုံးပါး

"မင်းမြတ်.... ဆေးသည် အဆိပ်သင့်သော သတ္တဝါတို့၏ ကိုးကွယ်ရာဖြစ်သလို နိဗ္ဗာန်သည် ကိလေသာ အဆိပ်မီနေသော သတ္တဝါတို့၏ ကိုးကွယ်ရာဖြစ်တယ်။

"မင်းမြတ် ..ဆေးသည် အနာရောဂါတို့၏ ဒုက္ခကို ပြုတတ်သလို နိဗ္ဗာန်သည်လည်း အလုံးစုံသော ဝဋ္ဌဆင်းရဲတို့၏ ဒုက္ခကို ပြုတတ်ပေတယ်။

"မင်းမြတ်.... ဆေးသည် မသေစေနိုင်သကဲ့သို့ နိဗ္ဗာန်သည်လည်း မသေစေနိုင်။

မဟာသမုဒ္ဒရာ၏ ဂုဏ်လေးပါး

"မင်းမြတ် ...မဟာသမုဒ္ဒရာသည် အကောင်ပုပ်ကိုမှ ဆိုက်သည်းသကဲ့သို့ နိဗ္ဗာန်သည် ကိလေသာအကောင်ပုပ်ကိုမှ ဆိုက်သည်းတယ်။

"မင်းမြတ်-မဟာသမုဒ္ဒရာသည်ကြီးကျယ်သည်၊ တစ်ဖက်ကမ်းမမှီ၊ မြစ်ပေါင်းတိုစီးဝင်သော်လည်း မပြည့်နိုင် သကဲ့သို့

နီဗွာန်သည်လည်း ကြီးကျယ်သည်၊ ဟိုမှာတစ်ဖက်ကမ်း မရှိ။ အလုံးစုံသော သတ္တဝါတို့ဖြင့် မပြည့်နိုင်။

"မင်းမြတ်- မဟာသမုဒ္ဒရာသည် ကြီးမား၊သော သတ္တဝါတို့၏ နေရာဖြစ်သကဲ့သို့ နီဗွာန်သည်လည်း အာသဝေါကင်းပြီး၊သော ရဟန္တာ အရှင်မြတ်ကြီးတို့၏ နေရာဖြစ်တယ်။

"မင်းမြတ်.... မဟာသမုဒ္ဒရာသည် မနှင်းယှဉ် နှင်သော အထူးထူး အပြား၊ပြား ပြန့်ပြောသော လှိုင်းတံပိုး ပြွမ်းသကဲ့သို့ နီဗွာန်သည်လည်း မနှင်းယှဉ်အပ်သော အထူးထူး အပြား၊ပြား ပြန့်ပြောသော အညစ်အကြေး မရှိ။ စင်ကြယ်သော ဝိဇ္ဇာပန်း ဝိမုတ္တိပန်းတို့ဖြင့် ရောပြွမ်းအပ်တယ်။

ဘောဇဉ်၏ ဂုဏ်ငါးပါး

"မင်းမြတ်.... ဘောဇဉ်သည် အလုံးစုံသော သတ္တဝါတို့၏ အသက်ကို စောင့်ရှောက်လား၊သကဲ့သို့ နီဗွာန်သည် မိမိကို မျက်မှောက်ပြုသော သူတို့အား မအို၊ မနာ၊ မသေအောင် အသက်ကို စောင့်ရှောက်တယ်။

"မင်းမြတ်.... ဘောဇဉ်သည် အလုံးစုံသော သတ္တဝါတို့၏ အားကို ပွား၊များ၊စေသကဲ့သို့ နီဗွာန်သည် မိမိကို မျက်မှောက်ပြုသောသူတို့၏ တန်ခိုးအားကို တိုးပွား၊စေတယ်။

"မင်းမြတ်.... ဘောဇဉ်သည် အလုံးစုံသော သတ္တဝါတို့၏ အဆင်းကို ဖြစ်စေသကဲ့သို့ နီဗွာန်သည် မိမိမျက်မှောက်ပြုသူ အားလုံးတို့၏ ဂုဏ်တည်း၊ဟူသောအဆင်းကို ဖြစ်စေတယ်။

"မင်းမြတ်....ဘောဇဉ်သည် အလုံးစုံသော သတ္တဝါတို့၏ ပူပန်မှုကို ငြိမ်း၊စေသကဲ့သို့ နီဗွာန်သည် မိမိကို မျက်မှောက်ပြု

သူ အားလုံးတို့၏ တံလေသာတည်းပူလော ပူပန်မှုအားလုံး ကို ငြိမ်းစေတယ်။

"မင်းမြတ်.... ဘာဇဉ်သည် အလုံးစုံသော သတ္တဝါတို့၏ ကိုယ်မှတ်ခြင်း၊ အားနည်းခြင်းကို ပယ်ဖျောက်သကဲ့သို့ နိဗ္ဗာန် သည် မိမိကို မျက်မှောက်ပြုသူ အားလုံးတို့၏ အလုံးစုံသော ဆင်းရဲတည်းဟူသော ဆာလောင် ဒုက္ခနည်းမှုကို ပယ် ဖျောက်အပ်တယ်။

ကောင်းကင်၏ ဂုဏ်ဆယ်ပါး

"မင်းမြတ်.... ကောင်းကင်သည် ပဋိယနွှမနေ။ မဒုံ၊ မသေ၊ မစုတေ၊ ညှဉ်းဆဲပုတ်ခတ်ဖို့ မဖြစ်၊ ခိုးသူတို့ မယူနိုင်၊ အမှီအဝဲယ် တစ်စုံတစ်ရာမရှိ၊ အပိတ်အပင်မရှိ၊ အဆုံးမရှိ၊ ဂုက်အဝေါင်းတို့၏ ပျံတက် သွားရောက်ရာ ဖြစ်သကဲ့သို့ နိဗ္ဗာန်သည်လည်း ပဋိယနွှမနေ၊ ပဒုံ၊ မသေ၊ မစုတေ၊ သူတစ်ပါးတို့ မညှဉ်းဆဲနိုင်၊ ခိုးသားတို့ မယူနိုင်၊ တစ်စုံ တစ်ရာ အမှီမရှိ၊ အရိယာပုဂ္ဂိုလ်တို့၏ သွားရာဖြစ်တယ်။

ပဏ္ဍာမြားရတနာ၏ ဂုဏ်သုံးပါး

"မင်းမြတ်.... ပဏ္ဍာမြား ရတနာသည် အလိုရှိရာကို ပေးစွမ်းနိုင်သလို နိဗ္ဗာန်သည် အလိုရှိရာကို ပေးစွမ်းနိုင်တယ်။

"မင်းမြတ်.... ပဏ္ဍာမြားရတနာသည် ကြည်လင် ရှင်လန်းခြင်းကို ပြုတတ်သကဲ့သို့၊ နိဗ္ဗာန်သည်လည်း ကြည်လင်ရှင်လန်းခြင်းကို ပြုတတ်တယ်။

"မင်းမြတ်.... ပဏ္ဍိုပြားရတနာသည် ထွန်းလင်းတောက်ပခြင်းကို ဖြစ်စေနိုင်သကဲ့သို့၊ နိဗ္ဗာန်သည်လည်း ထွန်းလင်းတောက်ပခြင်းကို ဖြစ်စေနိုင်တယ်။

စန္ဒကူးနီ၏ ဂုဏ်သုံးပါး

"မင်းမြတ်.... စန္ဒကူးနီသည် ရနိုင်ခဲသကဲ့သို့၊ နိဗ္ဗာန်သည်လည်း ရနိုင်ခဲပေတယ်။

"မင်းမြတ်- စန္ဒကူးနီသည် အတုမရှိ မွှေးပျံ့သင်းကြိုင်သကဲ့သို့ နိဗ္ဗာန်သည်လည်း အတုမရှိ၊ မွှေးပျံ့သင်းကြိုင်ပေတယ်။

"မင်းမြတ်.... စန္ဒကူးနီသည် လူကောင်း သူကောင်းတို့ ချီးမွမ်းရာ ဖြစ်သကဲ့သို့၊ နိဗ္ဗာန်ကိုလည်း အရိယာ သူတော်ကောင်းတို့ ချီးမွမ်းကြပေတယ်။

ထောပတ်ကြည်၏ ဂုဏ်သုံးပါး

"မင်းမြတ်.... ထောပတ်ကြည်အဆင်းနှင့် ပြည့်စုံသကဲ့သို့ နိဗ္ဗာန်သည်လည်း ဂုဏ်တည်းဟူသောအဆင်းနှင့်ပြည့်စုံတယ်။

"မင်းမြတ်.... ထောပတ်ကြည်သည် အနံ့နှင့်ပြည့်စုံသကဲ့သို့ နိဗ္ဗာန်သည်လည်း သီလတည်းဟူသောအနံ့နှင့်ပြည့်စုံပေတယ်။

"မင်းမြတ်.... ထောပတ်ကြည်သည် အရသာနှင့် ပြည့်စုံသကဲ့သို့၊ နိဗ္ဗာန်သည်လည်း ဝိမုတ္တိရသနှင့် ပြည့်စုံပေတယ်။

ဓာတုဝင်ထွက်၏ ဂုဏ်ငါးပါး

"မင်းမြတ်.... ဓာတုဝင်ထွက်သည် အလွန်မြင့်တက်သကဲ့သို့ နိဗ္ဗာန်သည်လည်း အလွန် မြင့်တက်တယ်။

"မင်းမြတ် ဖောင်ထူတ်သည် ဟာနုန်လူပ်သကဲသို့ နိုဗ္ဗာန်သည်လည်း တုန်လှုပ်ခြင်းမရှိ ဖြစ်တယ်။

"မင်းမြတ်.... ဖောင်ထူတ်သည် တက်ရောက်ဖို့ အလုန်ခက်ခဲသကဲသို့ နိုဗ္ဗာန်သည်လည်း အလုံးစုံသော ကိုယ်လသာတို့ တက်ရောက်ဖို့ ခက်ခဲပေတယ်။

"မင်းမြတ်....ဖောင်ထူတ်သည် အလုံးစုံသော မျိုးစေ့တို့ ပေါက်ရောက်ကြီးပွားရာ မဟုတ်သကဲသို့၊ နိုဗ္ဗာန်သည်လည်း အလုံးစုံသော ကိုယ်လသာတို့ပေါက်ရောက်ကြီးပွားရာ မဟုတ်ပေ။

"မင်းမြတ်....ဖောင်တူတ်သည် ချစ်ခြင်း၊မုန်းခြင်းမှကင်းလွတ်သကဲသို့ နိုဗ္ဗာန်သည်လည်း ချစ်ခြင်း၊ မုန်းခြင်းမှ ကင်းလွတ်ပေတယ်။

"ဒကာတော် မင်းမြတ်....ဤသို့သော နိုဗ္ဗာန်၏ဂုဏ်ကျေးဇူး တစ်စိတ်တစ်ဒေသလောက်ကို နားလည် သဘောပေါက်လျှင် နိုဗ္ဗာန်၏ အတုမရှိ ကျေးဇူးမျှားကို မျှော်မှန်းနိုင်လိမ့်မယ်၊ ယုံကြည်နိုင်လိမ့်မယ် ထင်ပါတယ် မင်းမြတ်။

"အမှန်ကတော့ နိုဗ္ဗာန်ဆိုတာ အသိဉာဏ်ဖြင့်သာ သိရှိနိုင်သော အရာဖြစ်၍ အနည်းဆုံး ကိုယ်တိုင် သောတာပန်လောက်ဖြစ်အောင်ကြိုးစားလျှင် နိုဗ္ဗာန်ကို ထင်ထင်မျှားရှား ရှုမြင်ရပါလိမ့်မယ်၊ နိုဗ္ဗာန်ကို ပုထုဇဉ်တို့၏ မံသစက္ခု ပကတိ မျက်စိဖြင့် မမြင်နိုင်ပါ၊ အရိယာတို့၏ ဉာဏ်မျက်စိဖြင့်သာ ဖြင်ကောင်းသောအရာဖြစ်ပါသည် မင်းမြတ်။"

မိလိန္ဒမင်း ။ ။ "အရှင်ဘုရား...အလွန်ပင်ကောင်းမြတ်လှပါသည်။ တပည့်တော် ကြောင်းကျိုး မှန်စွာ ဆင်ခြင်သုံးသပ်မိပါပြီ ဘုရား"

ဓူတင်အကျင့်

မိလိန္ဒမင်းသည် ကိုလေသာ အမြစ်ပြုတ်စေရန် တောရဝင်ပြီး အရညာကင် ဓူတင်ဆောက်တည်နေတော့ မှုကြကုန်သော ရဟန်း သံဃာများကိုလည်း ဝတ္ထုမြင်နေရသည်။ ထိုနောက် လူဝတ်ကြောင် ဘဝဖြင့်ပင် အနာဂါမ်တည်နေသည့် လူများကိုလည်း တွေ့ရခဲကြားလိုရသည်။

ထိုကြောင့်ပင် ဤသို့ဟူးတော ဆင်ခြင်မိသည်။

"လူ့ဘဝနဲ့ဖြစ်ဖြစ်၊ ရဟန်းဘဝနဲ့ဖြစ်ဖြစ်၊ ကျင့်ကြံ အားထုတ်လို့ မင်္ဂုလ်ဝန္ဒီဝေါင်ဆိုရင် ရဟန်းဘဝနဲ့ အပင်ပန်းအဆင်းရဲခံ၊ အငတ်အကြပ်ခံပြီး ဓူတင်ယောက်တည်ဖနကြီတာဟာ အလဟာပဲ၊ ဘာမှအကျိုးမထူးဘူး။

"ရှိနဲ့လုပ်တဲ့ကြောင်ရုပ်ပင်ဖြစ်စေကာမူ ကြွက်သေတာသာပမာန၊ ကျွတ်ကြိမ်းတာသာ ပဓာနမဟုတ်လား၊ ဒီတော့... အရှင်နာဂသိန်းထံ သွားမှဖြစ်မယ်၊ တစ်ဖက်ဝါဒီများမလှန်နိုင်အောင် အလွန်အကြောက်ကျမ်းကျင် လိမ္မာတော်မူတဲ့ အရှင်နာဂသိန်ပဲသာ ငါ၏အမေးကို ဖြေဆိုနိုင်မယ်၊ ငါ၏သံသယတွေကို ငြိမ်းစေနိုင်မယ်"

သို့ဖြင့် တစ်နေ့သောအခါတွင် အရှင်နာဂသိန်သူမြတ်ထံ သွားရောက်ဆည်းကပ်ကာ ဤကဲ့သို့ မေးမြန်းလျှောက်ထားပြန်လေသည်။

မိလိန္ဒမင်း ။ ။"အရှင်ဘုရား....အိုးအိမ်၊ သား၊မယား၊နဲ့ ကာမဂုဏ်စည်းစိမ်ကိုခံစား၊နေတဲ့လူတွေ ထဲက နိုဗ္ဗာန်ကို မျက်မှောက်ပြုသူ တစ်ယောက်တစ်လေမျှား ရှိပါသလား ဘုရား"

အရှင်နာဂသိန်။ ။"ရှိပေတယ် မင်းမြတ်.... တစ်ယောက် နှစ်ယောက်ကိုမဆိုထား၊နှင့်ကုဋေပေါင်း သိန်း၊နဲ့သန်း၊နဲ့ချီပြီး ရှိပါတယ်၊ မင်းမြတ်.... ကြိုက်တဲ့ ကိန်း ဂဏန်းကိုသာ ပြောပါ"

မိလိန္ဒမင်း ။ ။"အရှင်ဘုရား.... အရှင်ဘုရား ဖြေလိုတဲ့ ကိန်း၊ဂဏန်း၊အတိုင်းသာ ဖြေတော်မူပါ ဘုရား"

အရှင်နာဂသိန်။ ။"သို့ဆိုလျှင် ကောင်းပြီ မင်းမြတ်.... ကုဋေပေါင်း သန်း၊နှင့်ချီပြီ ဖြေရမှာ ပေါ့၊ သည်လိုဖြေတဲ့အခါမှာ မင်းမြတ်.... သံသရာဖြစ်နေတဲ့ ဓူတင်အကျင့်နှင့်ပတ်သက်တဲ့အဓိပ္ပာယ်တွေ၊ရှင်းလင်းချက်တွေ စကား၊လုံးတွေ သိမ်းကျုံး ပါဝင်လိမ့်မယ်၊ မင်းမြတ်သာ ကောင်းကောင်း ဂရုစိုက်နာ၊ထောင်ပေတော့"

မိလိန္ဒမင်း ။ ။"မှန်ပါ့ ဘုရား"

အရှင်နာဂသိန်။ ။"မင်းမြတ်-ဥပမာအား၊ဖြင့် မိုး၊မျှား၊ဟာ ဘယ်နေရာ ဘယ်ဒေသမှာပဲ ရှိ၊ရှာ၊ မိုး၊ရေဟာ ဘယ်ကိုစီး၊ဆင်း၊သလဲ"

မိလိန္ဒမင်း ။ ။"မှန်လှပါ၊ ရေ၏ ကည်ရာ ပင်လယ် သမုဒ္ဒရာသို့သာစီး၊ဝင်ကြပါကယ်ဘုရား"

အရှင်နာဂသိန်း။ ။"တိုတဲ့ကျပဲ မင်းမြတ်၊ ခက်ခဲကိုးပါးနှင့် ပြည့်စုံတဲ့ တုရားသာသနာတော်ကြီးမှာ ဘယ်စကားပဲ ပြောပြော၊ ဘယ်တရားပဲ ဟောဟော၊ ဘယ်အကျင့်ပဲကျင့်ကျင့် ၊ခုတင်အကျင့်တို့၏တည်ရာ နိဗ္ဗာန်တည်းဟု သော မဟာသမုဒ္ဒရာသို့ စီးဝင်ဖို့သာ ဖြစ်တယ်။

"သည်ပြဿနာကို ဖြေရှင်းချက်ထုတ်လိုက်လျှင်ငါ၏ပညာ စွမ်းကိုလဲ မြင်ရမယ်၊ ခုတင်ရဲ့ အကြောင်းတွေကိုလဲ ဖြေပြီး သားလို ဖြစ်သွားလိမ့်မယ်၊ အားလုံး သံသယတွေလဲရှင်းလင်း သွားလိမ့်မယ်၊ စင်ကြယ်သွားလိမ့်မယ်၊ အဓိပ္ပာယ်ပြည့်စုံသွား လိမ့်မယ်၊ ဘဝတခုပါကိ်သွားလိမ့်မယ် မင်းမြတ်။

"ဥ။ မာ စာရေးဆရာမျှားဟာ အခရေးအသား ဝိုင်တယ်! အဖွဲ့အနွဲ့လဲတော်တယ်၊ရေးဟန်လဲ သက်ညှာမယ်ဆိုရင် ရေး စရာ အချက်အလေးလေးချက် ပေါင်းလဲ ကွက်နေပေါ့တာနဲ့ ကိစ္စပြီးတော့တာပဲ မဟုတ်လား၊ ဖတ်လို့လဲ အရသာရှိမယ်၊ စိတ်ဝင်စားရောလဲ ဖြစ်မယ်၊ အကြောင်းအရာလဲ စုံလင်မယ်။ မိမိ၏ပညာစွမ်းကို ပြတဲ့သဘောလဲ ပါဝင်သွားမယ်ပေါ့။

"ထို့အတူပဲ မင်းမြတ်... ပြဿနာကို ဖြေရှင်းလိုက်တာနဲ့ တစ်ပြိုင်နက် အဓိပ္ပာယ်ပြည့်စုံလာမယ်၊ ခြုံမိုးမို လာလိမ့်မယ်၊ အဆန်းတကြယ် စိတ်ဝင်စားဖွယ် ဖြစ်လာလိမ့်မယ်၊ ရှင်းလင်း ပြတ်သားလာလိမ့်မယ် မင်းမြတ်"

မိလိန္ဒမင်း ။ ။"ကောင်းလှပါပြီ အရှင်ဘုရား"

အရှင်နာဂသိန်း။ ။"မင်းမြတ် သာဝတ္ထိပြည်မှာ အရိယာ ငါးကုဋေလောက်ရှိတယ်၊ အဲဒီအထဲမှာ သုံးသိန်းငါးသောင်းခုနစ်ခေတ်ကာ အနာဂါဖိုလ်တွေဖြစ်တယ်၊

အဲဒါတွေဟာ အကုန်လုံး လူတွေချည်းပဲ၊ ရဟန်းတစ်ပါးမှ မပါဘူး၊ အဲဒါအပြင် သာဝတ္ထိပြည်မှာပဲ ကလ္လာဉယျာဉ်မှူးရဲ့ သရက်ဖြူပင်ရင်းမှာ မြက်စွာဘုရား အစုံအစုံသောတန်ခိုးပြာဋိဟာ ပြတော်မူတဲ့အခါ ကုဋေနှစ်ဆယ်ကျော် ပုဂ္ဂိုလ်များ သစ္စာလေးပါး သိကြတယ်၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်ရကြတယ်။

"အဲဒါတွေကပြင် စူဠဂုဟုလောဝါဒသုတ်၊ မဟာမင်္ဂလသုတ်၊ သမစိတ္တဇဒေသနာ ပရာဘဝသုတ်၊ ပုရာဇဝဇဒသုတ်၊ ကာလဟ ဝိဝါဒသုတ်၊ စူဠဗျူဟသုတ်၊ မဟာဗျူဟသုတ်၊ တူဝဋ္ဋကသုတ်၊ သာရိပုတ္တသုတ်၊ အဲဒါတွေကိုဟောတော်မူတဲ့အခါမျိုးမှာ လူတွေ ဘယ်လောက်တောင် အကျိုးကျေးဇူးရတယ်၊ သစ္စာလေးပါးကို ထိုးသွင်းပြီ သိတယ်ကိုတော ဝေါ်ကျော်လိုမကုန် ခရေတွက်လို့ မဆုံးအောင်ဘဲ များပါတယ် မင်းမြတ်။

"ရာဇဂြိုဟ်ပြည်မှာ လူအရိယာတွေဟာ သုံးသိန်း ငါးသောင်းရှိပါတယ်၊ ပြီးတော့ နေ့ပါလပုဏ္ဏားကိုဆုံးတဲ့အခါ မှာ ကိုးကုဋေ၊ ပါရာယနပုဏ္ဏားအစည်းဖြစ်တဲ့ ပါသောကားစတဲ့ မှာ ဆယ့်လေးကုဋေ၊ ဣန္ဒသာလ လိုဏ်ဂူမှာနတ်ကုဋေရှစ်ဆယ်၊ ဗာရာဏသီပြည် မိဂဒါဝုန်တောမှာ ဗြဟ္မာဘက်ဆယ့်ရှစ်ကုဋေ၊ တာဝတိံသာမှာ အာဘိဓမ္မာကို ဟောတဲ့အခါ ကုဋေရှစ်ဆယ်၊ တာဝတိံသာနတ်ပြည်က အဆင်း သက်ဿနဂိုရ် မြို့ဟောင်းမှာ လောက ပိဝရာ တန်ခိုးဟော်ကို ပြတဲ့အခါ ကုဋေသုံးဆယ် သစ္စာလေးပါးကို ထိုးထွင်းသိကြတယ်။

"ကပိလဝတ်ပြည် နိဂြောဓာရုံ ကျောင်းမှာ ဗုဒ္ဓဝင်ကို ဟောတော်မူတဲ့အခါ မဟာသမယသုတ်တော်ကို ဟောခဲ့တော်မူ

ကဲ့ အခါမှာ ရေတွက်လို့ ပကာနိုင်ငံအောင် သစ္စာလေးပါးကို ကိုးထွင်းမြင်သိကြပါတယ်၊ ကျွန်ုပ်ကြောင့် သုမနပန်းသည် ဂရဟာဒိန္နသူကြီယ်၊ အာနန္ဒ သူဌေး၊ ဇမ္ဗူကတဂ္ဂန်း၊ ဖားနုတ်သား၊ မင်္ဂကုဏ္ဍလီ နတ်သား၊ သုလသာ ပြည့်တန်ဆာမ၊ သီရိမာ ပြည့်တန်ဆာမ၊ စူဠသုဘဒ္ဒါ၊ သာကေတပုဏ္ဏား သခ်ၤါင်းကို ကြည့်ရှုလာကြတဲ့ အစည်းအဝေးများ၊ မှလည်းကောင်း၊ သုနာပရန္တ၊ သက္ကပဉ္စ၊ တိရောကုဋ္ဌ၊ ရတနသုတ်တို့ကို ဟောကြားတဲ့ အစည်းအဝေးမှလည်းကောင်း၊ အသီးသီး ရှစ်သောင်းလေးထောင်စီ သစ္စာလေးပါးကို ထိုးဖောက်သိကြပါတယ်။

"ဒါ့အပြင် မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ် ဒေသစာရီ ကြွချီတော်မူရာနေရာတိုင်း၊ သီတင်းသုံးတော်မူရာ နေရာတိုင်းမှာသိန်းနဲ့သန်းနဲ့ချီပြီး နက်ဖေါ်ရှေ့ဝေ့အလွန်အေးငြိမ်းချမ်းသာတဲ့ ပရမတ္တနိဗ္ဗာန်ကို မျက်မှောက်ပြုကြပါတယ်။

"ယခုပြင်လည်း မျှားစွဲသောလူနတ်ပြဟ္မာတွေလဲ နိဗ္ဗာန်ကို မျက်မှောက်ပြုကြပါသေးတယ်၊ ဒဲ့ဒါတွေဟာ အိမ်မှာနေပြီး လောကီစည်းစိမ်ခံစားရင်း နိဗ္ဗာန်ကို မျက်မှောက်ပြုသွားတဲ့ လူ နတ် ပြဟ္မာတွေချည်း ဖြစ်တယ်၊ အဲဒီ့အထဲမှာ ရဟန်းတစ်ပါးမှ မပါဘူး မင်းမြတ်"

မိလိန္ဒမင်း ။ ။"အရှင်ဘုရား.... အိမ်မှာနေရင်း ကာမဂုဏ် ခံစားပြီးနေတဲ့လူတွေ အလွန်အေးငြိမ်းချမ်းသာတဲ့ နိဗ္ဗာန်ကို မျက်မှောက် ပြုသွားတယ်ဆိုရင် ဓူဝတင်ကျင့်နေတဲ့ ရဟန်းဟောဟာ အလကားပဲပေါ့၊ ဘာမှ အကျိုးထူးမရှိဘူး မဟုတ်ပါလား ဘုရား၊ ဘာမှလဲ လုပ်စရာ မလိုတော့ဘူး မဟုတ်ပါလား ဘုရား။

"ဥပမာအားဖြင့် အရှင်ဘုရား....ဆေးမသောက်ဘဲ ရောဂါ ပျောက်တယ်ဆိုရင် ဝမ်းနှတ်ခြေး သောက်တာ အလကားပဲ ဖေါ့၊ အားနည်းအောင် လုပ်တာနဲ့ တူပါတယ်၊ ဘာမှလဲ အကျိုးမထူးဘူး မဟုတ်ပါလား။

"လက်သီးနဲ့ ထိုးရုံနဲ့ ရန်သူကိုနိုင်မယ်ဆိုရင် မား-လှ-လေး မြားဟာ အလကားပဲ၊ ဘာမှအသုံးမဝင်ပါဘူး၊ ဝန်လေးရုံ သာ ရှိပါတယ်၊ ဘာမှမပါဘဲ ဆွဲကိုင်ပြီး သစ်ပင်တက်နိုင်တယ် ဆိုရင် လှေကားဟာ အလကားပါပဲ၊ လိုနည်းတူစွာ ပြေကြီး မှာအိပ်လို့ ခေတ်သဘာဝ ညီညွတ်မယ်ဆိုရင် အိပ်ရာ မလိုဘူး၊ တစ်ယောက်ထဲသွားလို့ အန္တရာယ်မရှိဘူးဆိုလျှင် အမေဖော်မလို ဘူး၊ တစ်ဖက်ကမ်းကို လက်ပစ်ကူးနိုင်တယ်ဆိုရင် လှေမလိုဘူး၊ တံတား မလိုဘူး၊ ကိုယ့်ဥစ္စာနှင့်စားနိုင်သောက်နိုင်ရင် သူတပါး အခိုင်းအစေလုပ်ဖို့မလိုဘူး၊ သူတပါးအဝတ်ပြောအဆိုခံဖို့မလိုဘူး။

သောက်ရေ သုံးရေ အပြည့်အစုံ ရနိုင်မယ်ဆိုရင် ရေတွင်း ရေကန် တူးဖို့ မလိုဘူး၊ အကျိုးမရှိဘူး၊ အပိုသက်သက်ပဲ မဟုတ်ပါလား ဘုရား"

"အဲဒီလိုပဲ အိမ်မှာ ကာမစည်းစိမ်ကို မြှိုယှက်စွာ ခံစား နေတဲ့ လူတွေက နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်တယ်ဆိုရင် ဓူတင် ဆောက်တည်တာဟာ ဘာမှအကျိုးမရှိ အလကားပဲ၊ လူပင် ပန်းရုံပဲ မဟုတ်ပါလား ဘုရား"

မိလိန္ဒမင်းက ဤကဲ့သို့ အလေးအနက်မေးမြန်း လျှောက် ထားလေသောအခါ အရှင်နာဂသိန်မထေရ်မြတ်သည် ဓူတင် အကျင့်၏ဂုဏ်ကျေးဇူးကို ဤသို့လျှင် စေ့ငုံ့လင်စွာ ပြန်လည် ဖြေကြားတော်မူပေ၏။

အရှင်နာဂသိန်။ ။"မင်းမြတ်....ဧကတင်၏ဂုဏ်ကျေးဇူးသည် ဤသို့ရှိပေတယ်။

၁။ အသက်မွေးမှုစင်ကြယ်ခြင်း။
၂။ ချမ်းသာသော အကျိုးရှိခြင်း။
၃။ အပြစ်ဒေါသ လွတ်ကင်းခြင်း။
၄။ သူတစ်ပါးကို မဆင်းရဲစေခြင်း။
၅။ ဘေးရန် ကင်းလွတ်ရခြင်း။
၆။ မနှိပ်စက် မညှဉ်းပန်းရခြင်း။
၇။ ကုသိုလ် တိုးပွားခြင်း။
၈။ မဆုတ်ယုတ်နိုင်ခြင်း။
၉။ မာယာမရှိခြင်း။
၁၀။ ကိုယ်ကိုစောင့်ရှောက်ခြင်း။
၁၁။ လောင့်တဒေါပ်သာကိုပေးနိုင်ခြင်း။
၁၂။ သတ္တဝါအားလုံးကို ဆုံးမနိုင်မှု စောင့်စည်းမှု။
၁၃။ တူသော စီးပွားရှိခြင်း။
၁၄။ သူတော်ကောင်းအား လျှောက်ကန်ခြင်း။
၁၅။ သူတစ်ပါးကို မမှီရခြင်း။
၁၆။ လာဘ်ဘီဋ္ဌမက်မောမှုမှ ကင်းလွတ်ခြင်း။
၁၇။ ရာဂ ကုန်ခန်းလွယ်ခြင်း။
၁၈။ ဒေါသ ကုန်ခန်းလွယ်ခြင်း။
၁၉။ မောဟ ကုန်ခန်းလွယ်ခြင်း။
၂၀။ မာနကို ပစ်ပယ်နိုင်ခြင်း။
၂၁။ ပကောင်းသောအကြံကို ပယ်ဖြတ်နိုင်ခြင်း။
၂၂။ ယုံမှားမှုကို လွတ်မြောက်ရခြင်း။

၂၃။ ပျင်းရိမှုကို ဖျက်ဆီးနိုင်ခြင်း။
၂၄။ မမေ့ဒလျော့မှုကို ပယ်နိုင်ခြင်း။
၂၅။ အရာရာတွင် သည်းခံနိုင်ခြင်း။
၂၆။ အတုမရှိခြင်း။
၂၇။ ယှဉ်ပြိုင်ဘက်ကင်းခြင်း။
၂၈။ အလုံးစုံသော ဆင်းရဲကုန်ရာ နိဗ္ဗာန်သို့ပေါက်ရောက်ခြင်း

ဟူ၍ ဂုဏ်ကျေးဇူး နှစ်ဆယ့်ရှစ်ပါးရှိတယ်။ အဲဒါကြောင့် ရှုတင်အကျင့်ကို အလုံးစုံသော မြတ်စွာဘုရားတို့၏ အလေးအမြတ် ထားကြပါတယ်။ လိုလား တောင့်တအပ်ပါတယ် မင်းမြတ်''

ရှုဘင်ကို ကျင့်ဆောင်ရာသော ဂုဏ်ဆယ့်ရှစ်ပါး

၁။ အကျင့် စင်ကြယ်ခြင်း။
၂။ ကျင့်ဝတ်နှင့် ပြည့်စုံခြင်း။
၃။ ကာယဂံ ဝစီဂံစေတသိကံရောက်အပ်သည်နှင့်တူခြင်း။
၄။ မိတိုအလေ့အကျင့် စင်ကြယ်ခြင်း။
၅။ လုံ့လကို ကောင်းစွာချီးမြှောက်ခြင်း။
၆။ ဘေးဥပါဒ်ငြိမ်းခြင်း။
၇။ အတွေ့စဲကင်းခြင်း။
၈။ ရန်ပြိုးမထားခြင်း။
၉။ မေတ္တာကို ဖွံ့ဖြိုးခြင်း။
၁၀။ အာဃာတရကို ဝိုင်းခြားနိုင်ခြင်း။

၆၆၂ ဗုဒ္ဓပါဒကေဝေးကေရြှေတစ်ဒေသခံ

၁၁။ သတ္တပါဒအသားတို့ ပေးလေးပြုခြင်း။
၁၂။ တောင်ဘုန်းသတိုင်း အကျည်းသိခြင်း။
၁၃။ နီးကြား မှတို့ အသားပျက်နိုင်ခြင်း။
၁၄။ ဗဟုလမ်းစရာနေရာပေါ်ကျောင်းပရိုခြင်း။
၁၅။ ချမ်းကာလုစဉ်ရတ်မှာ ဝန်နိုင်ခြင်း။
၁၆။ မကောင်းမှုကို ဖယ်ဆုတ်ခြင်း။
၁၇။ ဆိတ်ငြိမ်ရာ၌ ဓမ္မ.ပေါ်ခြင်း။
၁၈။ အမြဲမပြတ် မဓမ္မပေါ်ခြင်း။

"မင်းမြတ် ဓမ္ဓတပ်ပေါ်ကျင့်ကို မကောင်းစွဲကျင့်သုံးမှိုဝဲသော ရဟန်းတို့သည် ဗဒေါ်ပါ ပြုကြပေတတ် သောမယ်ရှစ်ပါးနှင့် ကောစွာ ပြည့်စုံပေးကယ် မင်းမြတ်"

ဗုဒ္ဓဘုရားကျင့်ကိုတပ်သူ ဘယ်ဦး

၁။ ကိုကြည်မှု သဒ္ဓါရှိသူ။
၂။ မဇကာင်းမှုရှက်တတ်သူ။
၃။ သမာဓိရှိသူ။
၄။ အုံ့ဖွယ်ကိုမပြုတတ်သူ။
၅။ ဗဟုသုတကို ထုံထေလေ့ရှိသူ။
၆။ မလျှစ်လေ့သူ။
၇။ ဝီရိယဗဟုသုတကို ထိုးဖောက်သူ။
၈။ ပြဿနာဆောင်တည်မှုရှိသူ။
၉။ မကဲ့ရဲတတ်သူ။
၁၀။ ဝေဗျာဝုပ်ကို နေမလေ့ရှိသူ။

"မင်းမြတ်.... အယက်ပါ ပုဂ္ဂိုလ် ဆယ်ဦးသည် ဓူတင် အကျင့်ကို ကျင့်ထိုက်သူများ ဖြစ်ပါတယ်။

"မင်းမြတ် ... အိမ်မှာနေပြီးတော့ ကာမဂုဏ် ခံစားနေတဲ့ လူတွေ့ နိဗ္ဗာန်ကိုမျက်မှောက်ပြုတယ်ဆိုတာကတော့ အချောင်ရတဲ့သဘောမျိုးမဟုတ်ဘူး၊ အဲဒီလူတွေ့အားလုံး ဟိုရှေးရှေး ဘဝတွေက ဒီလိုအပင်ပန်းခံပြီး ဓူတင်အကျင့်တွေ့ကျင့်ခဲ့ဖူးကြပါတယ်၊ နိဗ္ဗာန်ရောက်ကြောင်းတရားကောင်းများ ပွားများ အားထုတ်ခဲ့ဖူးကြပါတယ်။အဲဒီလူတွေ့ဟာ ရှေးဘဝကအလေ့အကျင့်ကြောင့် ယခုဘဝမှာ အနည်းငယ်သုတ်သင်ရုံကြိုးစား၊ အားထုတ်ရုံ၊တရားမေ့ကိုကြားနာရုံမျှနဲ့ ယခုဘဝမှာ လူအဖြစ်နှင့် နိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်းဖြစ်ပါတယ်။

"သဘောပေါက်အောင်ဥပမာကလေးနဲ့ ရှင်းပြပါဦးမယ် မင်းမြတ်"

"အလွန်ကောင်းတဲ့တတ်တဲ့လေးဆရာများသည် တပည့်တွေ့ကို လေးအာဟတ်သင်တဲ့အခါ လေးတင်၊ ဓလေးခု၊ လေးပစ်၊ ကိုယ်အနေအထား၊လက်အနေအထား၊ ပစ်မှတ်ကိုချိန်ရွယ်ပြီး တစ်ချက်တည်းနဲ့ယိုအောင်ပစ်ခတ်ပုံ စသည်တို့ကို အသေးစိတ်ရှေ့လာသင်ကြားစေပါတယ်၊ အထပ်ထပ် အခါခါ လေ့လာသင်ကြားပြီး စိတ်တိုင်းကျဖြစ်မှ၊ အားရကျေနပ်မှ မင်းထံပို့၍ လေးအာဟတ်ကို ပြုစေပါတယ်၊ မင်း နှစ်သက်လို့ ဆုလာဘ်များစွာ ရရှိခံစားကြရပါတယ်။

"ဤနည်းအတူပဲ မင်းမြတ်၊ လူတွေ့ အိမ်မှာနေရင်း ကာမဂုဏ် ခံစားပြီး နိဗ္ဗာန်ကို မျက်မှောက်ပြုကြတယ်၊ အဲဒီလူတွေ့ဟာ ဟိုရှေးရှေးဘဝတွေက ဓူတင်အကျင့်ကို ကျင့်ခဲ့ကြဖူးပါ

တယ်၊ နီဗွာန်ရောက်ကြောင်း တရုတ်ကို ပြားများအားတက်ခဲ့ဖူးကြပါတယ်၊ ဒါကြောင့်သာ ယခုဘာမှာ အနည်းငယ်ကြိုးစားရုံ၊ သုတ်သင်ပြင်ဆင်ရုံနဲ့ လူ့ဘဝနှင့် နီဗွာန်ကို မျက်မှောက်ပြုနိုင်ခြင်း ဖြစ်ပါတယ်။

"နံဝက်ထပ်ဥပမာတစ်ခုက အနာဂတ်ပညာရပ်ကို သင်သူသည် ဆရာဖြစ်သူကို ဥစ္စာဖြင့်လည်းကောင်း၊ ဝတ်ကြီးဝတ်ငယ်ဖြင့်လည်းကောင်း ကျေနပ်နှစ်သက်အောင် ဆောင်ရွက်ကြရပါတယ်၊ ပြီးတော့ အနာဂတ်ခွဲစိတ်ခြင်း၊ လိုးဖြတ်ခြင်း၊ ထိုးဖောက်ခြင်း စသည်တို့ကို အသေးစိတ် စာတွေ့ လက်တွေ့ကျွမ်းကျင် တတ်မြောက်အောင် ဆရာ့ထံမှာ သင်ကြားရပါတယ်၊ ပညာတုံမှ အနာဂတ်တဲ့လုပ်ငန်းကို လုပ်ဆောင်ရပါတယ်။

"မင်းမြတ်...ကျွန်တော်အနေနဲ့ အိမ်နေ၍ ကာမဂုဏ်ခံစားပြီး နီဗွာန်ကိုမျက်မှောက်ပြုတဲ့ လူတွေဟာလဲ ဟိုရှေးရှေးဘဝတွေက ဓူတင်ဆယ်သုံးပါးကို ကျင့်ကြံအားထုတ်ခဲ့ဖူးကြပါတယ်၊ အဲဒီလူတွေဟာ ရှေးဘဝက အလေ့အကျင့်ကိုလည်းကောင်း၊ အကျင့်ပဋိပတ်ကို လည်းကောင်း အနည်းငယ် ပြင်ဆင် သုတ်သင်ရုံနဲ့ နီဗွာန်ကို မျက်မှောက်ပြုနိုင်ကြပါတယ်။

"တိုတိုကျဉ်းကျဉ်းနဲ့ လိုရင်းကို ပြောရမယ်ဆိုရင် ဓူတင်အကျင့်ကို မကျင့်ဖူးတဲ့ သူများဟာ သစ္စာလေးပါး ထိုးထွင်းသိဖို့၊ နီဗွာန်ကိုမျက်မှောက်ပြုဖို့ဆိုတာ ဖြစ်ကိုမဖြစ်နိုင်ပေဘူး၊ ဒါကြောင့် နီဗွာန်ကိုလိုချင်တဲ့လူတိုင်း ဓူတင်အကျင့်ကို ကျင့်ကြရမယ်၊ မကျင့်ဘဲနဲ့မဖြစ်နိုင်ဘူး၊ ဒါကြောင့်လဲ ရဟန်းပေါ့ အရှင်ဘုန်းမြတ်များဟာ အရည်ကင်ပေါရဝပ်ပြီး ဓူတင်

ဆောက်တည်ခြင်းဖြစ်တယ် မင်းမြတ်.. ၊ အကျိုးမရှိတဲ့အလုပ် မဟုတ်ဘူး၊ အလွန်အကျိုးရှိသောကျင့်စဉ် ဖြစ်ပါတယ်။

"မင်းမြတ်.... အခွင့်သင့်ဟုန်း ဆက်ပြီး ပြောရဦးမယ်၊ မင်းမြတ် ခူတစ်အကျင့်သည် နိုဗ္ဗာန်ကိုလိုချင်တဲ့လူတိုင်း မကျင့်မဖြစ်၊ တစ်နေ့နေ့ တစ်ချိန်ချိန် ဘဝတစ်ခုခုမှာ ကျင့်ကိုကျင့်မှ ကျင့်ကို ကျင့်ကြရတယ်။ အလွန် ကျေးဇူးမျှားတယ်။ပင်ပန်း ဆင်းရဲမှု၊ ပူပန်မှု အားလုံးကို ဖျောက်ဖျက်နိုင်တယ်။ မမေ့လျော့ခြင်းနှင့် ကြောက်မက်ဖွယ်ဘေးမျှားကို ပယ်ဖျက် နိုင်တယ်။ ဘဝရေသောက်မြစ်ကို ဖြတ်ဖောက် ပစ်နိုင်တယ်။ ညှောင့်တံသင်းကို နှုတ်ပယ်နိုင်တယ်။ အညစ်အကြေးနှင့် ပူဆွေး စိုးရိမ်ခြင်းကို ပယ်ဖျက်နိုင်တယ်။ ဆင်းရဲဒဏ်ကို တွန်းလှန် ဖြိုဖျက်နိုင်တယ်။

"ရာဂ-ဒေါသ-မောဟ-မာနမျှားကို ဖယ်ရှား ပစ်နိုင်တယ်။ အကုသိုလ် အားလုံးကို ပယ်ရှင်းနိုင်တယ်။ အခြံ အရံ အကျေ်အစောကို ဆောင်ရွက်နိုင်တယ်။ အစီးအပွားကို ဆောင်ရွက်နိုင်တယ်။ ချမ်းသာကို ဆောင်ရွက်နိုင်တယ်။ချမ်း ချမ်း သာသာ နေထိုင်ရတယ်။ နှစ်သက်မှုကို ပေးစွမ်း နိုင်တယ်။ ယောဂကုန်အောင် ပြီးလုပ်နိုင်တယ်။ ဘာအပြစ်မှုမရှိ ဘူး။ အလိုရှိတိုင်း ချမ်းသာစေနိုင်တဲ့အကျိုး ရှိတယ်။

"မင်းမြတ်.... ဝူတင်၏ အကျိုးကျေးဇူးကို ပြောရမယ်ဆိုရင် ပြောလို့ကုန်နိုင်မယ် မဟုတ်ပါဘူး။ ရေတွက်ရင် မောရုံပဲရှိပါလိမ့်မယ်။ အတိုချုံးရင်တော့ အကောင်းဆုံးအမြတ်ဆုံး အကျိုးအကြီးဆုံးလို့သာ နှလုံးသွင်းပါတော့ မင်းကြီး။

"ဥပမာအားဖြင့် ဥနိအား အကူယ် အားကို ပိုပဲ့တယ်၊

၃ ၆ ၆ ၁ ၁ ၁

"ဒါ့ကြောင့်လဲ မြတ်စွာဘုရား တိုယ်ကော်တိုင်က အဂုတ္တရ နိကာယ်မှာ ဘွဲ့တံဆိပ် ခတ်နှိပ်ထောက်မှုခဲ့ပါတယ်။

ရဟန်းတို့ ဤသာရိပုတ္တရာသည် မြတ်စွာဘုရား လည်စေအပ်သော အတုမရှိသော ဓမ္မစက်ကို ကောင်းစွာ ကောင်းစွာသာလျှင် အတူလိုက်၍ လည်စေနိုင်ပေတယ်။ ဤကဲ့သို့ သာရိပုတ္တရာလို တရား၏ဓမ္မစက်ကို လည်စေနိုင်သော ပုဂ္ဂိုလ်တစ်ဦး တစ်ယောက်မျှ ငါဘုရား မြင်တော်မမူ။ ရဟန်းတို့၊ သာရိပုတ္တရာ တစ်ဦးတည်းသာ ငါဘုရား လည်စေအပ်သော တရား၏ဓမ္မစက်ကို ကောင်းစွာ အတူလိုက်၍ လည်စေနိုင်၏'ဟု မိန့်တော်မူခဲ့ပါတယ်"

မိလိန္ဒမင်း ။ ။"အရှင်ဘုရား.... ကောင်းလှပါသည်၊ ပြည့်စုံလုံလောက်ပါသည်ဘုရား။ အင်္ဂါကိုးဟန်နှင့် ပြည့်စုံသော မြတ်စွာဘုရား စကားကော်မျှားသည် လည်းကောင်း၊ လောကတွင်ရှုရေးအိုင်ရာ ပြုလုပ်ဖွယ်မျှားသည် လည်းကောင်း၊ လောကဓိဋ္ဌာသော မွန်မြတ် ပြုန့်ပြောသော ချမ်းသာသုခ အပေါင်းတို့သည် လည်းကောင်း၊ ကိုအလုံးစုံတို့သည် ဆယ်ဘုံးအင်သော ဓာတ်ကကျင့်မြတ်ဌာ ဖောလုံးစုပေါင်း ဆိုက်ရောက်လာပေသည့် အရှင်ဘုရား"

ဗုဒ္ဓဝါဒါ။ မေးဖြေလွှာကို၊ ဝေတာနာပြည်လျှမ်း လွန်ကြီးပမ်းသည့် ဆုံးဖန်းယခု တိုင်ခဲ့ပြီ။ ။

ဖေ်းစန္ဒ

၂၀-၃-၇၄

ဒေါ်အေးတင်နှင့်သားများ၊ စုကြာအေးစာပေမှုရုံနှင့်သော
စာအုပ်များစာရင်း၊ ၂၁၅၅၊ ဝုဂ-လမ်း၊ ရန်ကုန်မြို့။
(သရာကြီး ပိုမိုးနင်း ရေးသော စာအုပ်များ)

စဉ်		ခွင့်ပြုချက်အမှတ်
၁။	သားဂုဏ်ရည်	၁၆၅၀
၂။	အောင်စိတ်	၁၀၇
၃။	နီတိကြီးပွား၊ရေးလမ်းညွှန်	၁၆၉၁
၄။	ထွက်သက်ဝင်သက်/လျှင်စဉ်	၂၀၃
၅။	ချောဘာရေး	၁၂၂
၆။	လူဖြစ်နည်း၊နှင့် ဟက်လမ်း	၁၀၄၇
၇။	အာပျိုလမ်းညွှန်	၁၇၀၄
၈။	လူပျိုလမ်းညွှန်	၁၇၉၁
၉။	အမျက်လမ်းညွှန်	၆၇၄၄
၁၀။	ကြီးပွား၊အောင်မြင်ခြင်း	၁၅၀၅
၁၁။	ဘဝတိုက်ပွဲ	၁၅၀၇
၁၂။	စိတ်တန်ခိုးကျမ်း	၀၀၁၅
၁၃။	ဟန်ကျပန်ကျ	၁၅၅၀
၁၄။	လူမှုရေးရာ	၁၃၁၃
၁၅။	ဣစ္ဆာသယစိတ်ပညာ	၁၅၄၀
၁၆။	ကိုယ်ထူးကိုယ်ချွန်	၁၄၇၆
၁၇။	သမီးဂုဏ်ရည်	၉၇၄
၁၀။	စကား၊ပြောနည်း	၀၆၁
၁၉။	ချစ်မှုရေးရာ	၁၀၂၅
၂၀။	တာကယ်လူချွန်	၁၉၇၂

ဗုဒ္ဓ

ကမ္ဘာ့ဘုရားရှစ်ဆူ

ရေးသူ

ဗုဒ္ဓသည်မှန်သောစကားကိုဆိုဏ်ဟစ်နေ့တွင်ဂဝေါဘုံမှာ
ရှိကြကုန်သောသတ္တဝါအပေါင်းတို့သည်အနုတ္တာကို
ဆိုက်ရောက်ကြကုန်၏။မှတ်ချက်သင့်သေရမည် အချိန်ပိုင်း
သာလိုတော့သည်။ယနေ့ကပင်ကောင်းသော
အလုပ်နှင့်ဘာဝနာများပြုကျင့်ကြလော့